# မဇ္ဈိမဒေသသာသနာပြု အတွေ့အကြုံများ

ဟရိဗလ ကုသိနာရုံ



# မဇ္ဈိမဒေသသာသနာပြု အတွေ့အကြုံများ

## ဟာရိဗလ၊ ကုသိနာရုံ

ဟာရိဗလ၊ ကူသိနာရုံ

# မဇ္ဈိမဒေသ
# သာသနာပြု
# အတွေ့အကြုံများ

၁၃၇၂ ဒုတိယအကြိမ် ၂၀၁၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

ပုံနှိပ်မှတ်တမ်း

------

ပထမအကြိမ် ၁၉၉၃-ခုနှစ်၊ ဇူလိုင်လ

ဒုတိယအကြိမ်

အုပ်ရေ (၁၀၀၀)

၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။

ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

စီရံ ဇီဝ မဟာဝီရ၊ စီရံ တိဋ္ဌ မဟာမုနိ။

# မဇ္ဈိမဒေသသာသနာပြု အတွေ့အကြုံများ

## မာတိကာ

-----

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အသည်းနှလုံးထဲမှ ကျေးဇူးဥပကာ | ၁၃ |
| အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်- | |
| အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ | ၃၅ |
| ကုသိနာရုံဗုဒ္ဓဘာသာ သာသနာပြုပွဲကြီး | ၄၅ |
| ရိုးမပေါ်မှ ဖြတ်ကျော်ခဲ့ပြီ | ၆၅ |
| - စစ်တွေမှ စာ ၁-စောင် | ၆၅ |
| - ခရီးထွက်ရန် ပြင်ဆင်မှုများ | ၆၆ |
| ကလကတ္တား သို့မဟုတ် ဘုံခန်းနှင့် ငရဲခန်း | ၇၁ |
| - ကလကတ္တား မြန်မာကျောင်း | ၇၁ |
| - အတီတေ ဗာရာဏသိယံ | ၇၄ |
| - ကုသိနာရုံ | ၇၅ |

**အကြောင်းအရာ** **စာမျက်နှာ**

**ဆရာတော်ဦးစန္ဒိမဏိ၏ ခြေတော်ရင်းသို့** ၇၇
- ဥတ္တရပဒေသပြည်နယ် ၇၇
- ကုသိနာရုံမှာ ဖူးမြင်စရာများ ၇၉
- ဆရာတော် ဦးစန္ဒိမဏိ၏ ဘဝခရီး ၈၂
- စစ်တွေမှ သာပန်းဦး ၈၃
- နေနှင့်လ သာမဏေ ၂-ပါး ၈၄
- မင်းတုန်းမင်းကြီးဇရပ်၌ နေကြစဉ် ၈၆
- စစ်တွေသို့ ပြန်ခဲ့ရခြင်း ၈၇
**ကိုရင်စန္ဒနှင့် ပွဲစားကြီး ဦးချိုဇားရှိ** ၉၁
- မန္တလေးဂျာနယ်မှ သတင်း ၁-ပုဒ် ၉၁
- ဆရာတော် မဟာဝီရထံသို့ ၉၃
- ကျောင်းဆောက်ရန် ငွေ-၁,၀၀၀ ၉၄
- မော်လမြိုင်နှင့် မန္တလေးသို့ ၉၇
- ပန်းဝါမြို့ ရဟန်းခံရှင်ပြုပွဲကြီး ၁၀၁
- အရှင်စန္ဒိမဏိနှင့် ကုသိနာရုံ ၁၀၃
**ကုသိနာရုံမြန်မာကျောင်း** ၁၀၅
- ကုသိနာရုံကျောင်းနေရာ ၁၀၅
- ပညာသင်ကြားရေး အစ ၁၀၆
- ဗိဇာသက်တမ်းတိုးရေး ၁၀၈
- စာမေးပွဲများတွင် ပထမရခဲ့ခြင်း ၁၁၀
- ကျောင်းဝင်းကို တံတိုင်းခတ်ရေး ၁၁၁
- ကျောင်းပိုင်ဝတ္တကမြေများ ၁၁၂
**ကုသိနာရုံနှင့် ဦးစန္ဒိမဏိ** ၁၁၅
- ဆရာတော်ဦးစန္ဒိမဏိ၏ ဆောင်ရွက်ချက်များ ၁၁၇
- သီဟိုဠ်သား တစ်ဦး၏ တိုက်တွန်းချက် ၁၁၈

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| - ဒေဝရီယာခရိုင်ဝန်၏ ကူညီမှု | ၁၂၀ |
| - ရွာသားများက ကန့်ကွက်ကြခြင်း | ၁၂၁ |
| **ဝတ္တကမြေများနှင့် ကုသိနာရုံဘိက္ခုသံဃာ့အဖွဲ့** | ၁၂၃ |
| - စန္ဒြမဏိဗာဗာ | ၁၂၆ |
| - အုတ်တံတိုင်း အကောင်အထည်ပေါ်လာပြီ | ၁၂၇ |
| - ဝတ္တကမြေမှ ရရှိသောအကျိုး | ၁၂၈ |
| **ဆရာတော် ဦးစန္ဒြမဏိ ပျံလွန်တော်မူခြင်း** | ၁၃၃ |
| - ထူးဆန်းသော နိမိတ်များ | ၁၃၆ |
| - နိုင်ငံတကာမှ သဝဏ်လွှာများ | ၁၄၁ |
| **ဆရာတော် ဦးစန္ဒြမဏိ၏ သာသနာပြုလုပ်ငန်းများ** | ၁၄၃ |
| - ကျောင်းကန်ဇရပ်များ ဆောက်လုပ်ခြင်း | ၁၄၄ |
| - ရေတွင်းပြဿနာ | ၁၄၆ |
| - အခမဲ့စာသင်ကျောင်း | ၁၄၈ |
| - အထက်တန်းကျောင်းနှင့် ဒီဂရီကောလိပ် | ၁၄၉ |
| - ကျန်းမာရေးအတွက် ဆေးပေးခန်း | ၁၅၁ |
| - ပထမဦးဆုံး ဗုဒ္ဓဇယန္တီပွဲတော် | ၁၅၂ |
| **ဆရာတော် ဦးစန္ဒြမဏိ၏ ရည်ရွယ်ချက် ၂-ခု** | ၁၅၇ |
| - ဘုရားကျောင်းတော် ထိန်းသိမ်းစောင့်ရှောက်ရေး | ၁၅၇ |
| - ပထမဦးဆုံး အိန္ဒိယသားရဟန်း | ၁၅၉ |
| - ညီ,အစ်ကို ရဟန်း ၂-ပါး | ၁၆၁ |
| - အမ်အောသွဲ့ရ ရှင်ဓမ္မရက္ခိတ | ၁၆၂ |
| - မိဂဒါဝုန် ဦးကိတ္တိမ | ၁၆၄ |
| - ဦးဝိစာရနှင့်အတူ | ၁၆၇ |
| - ဆောက်လုပ်ခဲ့သော ကျောင်းများ | ၁၆၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမ** | ၁၇၀ |
| - ရာမာယဏကျမ်းကြီးကို မြန်မာပြန်ခြင်း | ၁၇၀ |
| - ပညာရှိ သတိဖြစ်ခဲ့ | ၁၇၁ |
| - ဦးကိတ္တိမ ပျံလွန်တော်မူခြင်း | ၁၇၃ |
| - ကုသိနာရုံဆရာတော်နှင့် ဒေါက်တာအမ္ဗေဒကာရ် | ၁၇၅ |
| **နာဂပူရ်မြို့မှ ပင့်ဖိတ်စာ** | ၁၇၉ |
| - မီးရထားဝန်ထမ်းများက ဝတ်ပြုခြင်း | ၁၈၀ |
| - သောင်းသောင်းဖြဖြ ကြိုဆိုကြ | ၁၈၁ |
| - ဝိကာလဘောဇန ပြဿနာ | ၁၈၂ |
| - ဒိက္ခာဘူမိကွင်းပြင်ကြီး | ၁၈၃ |
| - ကရဝိက်ဖောင်ဖြင့် လှည့်လည်ပွဲ၊ | ၁၈၄ |
| - လူထု ၁၀-သိန်းကျော် အစည်းအဝေးကြီး | ၁၈၅ |
| - သမိုင်းဝင် ဗုဒ္ဓဘာသာကူးပြောင်းပွဲကြီး | ၁၈၇ |
| - သမိုင်းဝင် ဘာသာရေးလှုပ်ရှားမှု | ၁၈၈ |
| **တတိယ ဝိဇယဒသမီ** | ၁၉၃ |
| - အယုဒ္ဓယမှ ဘုရားကျောင်း | ၁၉၇ |
| **အာဂရာမြို့မှ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ** | ၂၀၁ |
| - ကမ္ဘာကျော် တာ့ဂ်ျမဟာ | ၂၀၄ |
| - လူ ၅-သိန်းတက်ရောက်မည့် အစည်းအဝေးကြီး | ၂၀၅ |
| - တတိယဝိဇယဒသမီ အောင်မြင်ပြီ | ၂၁၀ |
| **ကန်ပူရ်မြို့၊ ရဟန်းခံပွဲ** | ၂၁၁ |
| - ဂင်္ဂါမြစ်ရေသိမ်တွင် | ၂၁၁ |
| **ဝိပဿနာသမားနှင့် ဓမ္မကထိက** | ၂၁၉ |
| - အရေအတွက်နှင့် အရည်အချင်း | ၂၂၁ |
| **ဒေါက်တာအမ္ဗေဒကာရ် ရာပြည့်နှစ်** | ၂၂၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| - ဗုဒ္ဓဇယန္တိပွဲတော် | ၂၃၀ |
| - ဝိပဿနာတရားစခန်း | ၂၃၁ |
| - ဒေါက်တာအမ္ဗေဒကာရ် ရာပြည့်နှစ် | ၂၃၂ |
| - ရာဂျဆတန်ပြည်နယ် ခရီးအစ | ၂၃၃ |
| - ဝိဂျယနဂရ်သို့ ရောက်ပါပြီ | ၂၃၆ |
| **ရဟန်းကို မမြင်ဖူးသော သဲကန္တာရဒေသများမှ လူများ** | ၂၃၇ |
| - မိန်းမများ၏ ပညာရေး | ၂၃၉ |
| **ဂေါရခ်ပူရ်မြို့ ဗုဒ္ဓဘာသာ အစည်းအဝေးကြီး** | ၂၄၇ |
| **ဘန်ကောက်မှ ဗုဒ္ဓရုပ်ပွါးတော်များ ပင့်ဆောင်ခြင်း** | ၂၅၉ |
| **ထေရဝါဒဗုဒ္ဓဘာသာနှင့် နီပေါနိုင်ငံ** | ၂၆၁ |
| - ပထမဦးဆုံး နီပေါသီလရှင် | ၂၇၃ |
| - ဓမ္မောဒယသဘာ | ၂၇၃ |
| **နီပေါမြေသို့ နောက်ဆုံး ၁-ခေါက်** | ၂၇၅ |
| - အိန္ဒိယမှ အထွက် နီပေါသို့ အဝင် | ၂၇၈ |
| - ဟိမဝန္တာပေါ်သို့ အတက် | ၂၈၀ |
| - ကျားသစ်တို့ ပျော်စံရာ တောဝနာ | ၂၈၁ |
| - ကတ္ထမန္ဒုသို့ ဦးတည်ကာ | ၂၈၃ |
| - ကုသိုလ်ဘာဂ ရကြပါစေ အမျှဝေ | ၂၈၈ |
| **ဘာသာသွေးနှင့် သာသနာပြုရေး** | ၂၉၁ |
| - အရှင်ဇနကာဘိဝံသ၏ မိန့်ကြားချက် | ၂၉၁ |
| **ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရ၏သာသနာပြုလုပ်ငန်းများ** | ၃၀၅ |
| **ကုသိနာရုံလမ်းညွှန်** | ၃၁၅ |
| **ဆယ်စုနှစ် ၄-ပြန်အလွန် မွေးရပ်ဌာန်သို့ ပြန်အရောက်** | ၃၁၇ |
| **သာသနာရေးသတင်းနှင့် ဓာတ်ပုံ** | ၃၂၆ |
| **မြတ်ပန်းဝေမဂ္ဂဇင်း၏ ချီးကျူးဂုဏ်ပြုလွှာ** | ၃၂၉ |


------ × ------

**သီဟိုဠ်ကျွန်းသား၊ အရှင်သိရိဓမ္မက ပါဠိဂါထာရေး၍**
**လယ်တီအရှင်ပဏ္ဍိတ**-က နိဿယရေးသော
**မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိဒီပနီနိဿယ**
(ပထမအကြိမ် ၁၂၆၉-ရိုက်) ဒုတိယအကြိမ် ၁၃၃၇-ဝါဆိုလ၊
ဟံသာဝတီရိုက် စာမျက်နှာ ၂၂၄-၂၂၅-မှ

မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးသည်–

"သက္ကရာဇ် ၁၂၆၅-ခု၊ ပြာသိုလဆုတ်၊ ၂-ရက်နေ့တွင် မန္တလေးမြို့၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ ရေဝိုင်းတိုက်မှ ထွက်တော်မူ၍ များလှစွာသော နောက်ပါ သံဃာရဟန်းတပည့်၊ ဥပါသကာတပည့်အပေါင်းတို့ဖြင့် ခြံရံလျက် ထွက်ကြွတော်မူသည်။

ကုန္တြိယတိုင်း၊ ကလကတ္တားမြို့ကြီးအတွင်း ချန်ပါတိုလာလမ်း၌ နေထိုင်လျက်ရှိသော ပန်းဝါမြို့သား၊ သူဌေးပွဲစားကြီး ချစ်စရှည် ဆိုသောသူသည်–

(၁) မဟာထေရ်မြတ်၏ ရန်နံ့တော်ကြောင့် ဖူးမြင်လိုသော ဆန္ဒ၊
(၂) ထိုမဟာထေရ်မြတ်၏ တရားတော်မြတ်ကို ကြားနာလိုသော ဆန္ဒ၊
(၃) မိမိသည် စတုပစ္စယဒါယကာပြုလုပ်၍ ဥပသမ္ပဒကံကို ရွက်ဆောင်လိုသော ဆန္ဒ၊
(၄) မဟာထေရ်မြတ်ကိုလည်း မြတ်စွာဘုရား၏ သစ္စာ ၄-ပါးကို သိမြင်တော်မူရာ အပရာဇိတ ဘူမိပုက္ခလ ဇမ္ဗူဒီပချက်ဗွေ မဇ္ဈိမဏ္ဍိုင် ကြာ ၅-ခိုင်၏ တူပြိုင်စဦး ပွင့်ဖူးရာမှန် မြေနက်သန်သို့ လျင်မြန်ဆောင်ပို့လိုသော ဆန္ဒဖြင့်-

ကလကတ္တားမြို့မှ လူလွှတ်၍ ခွင့်တောင်းလျှောက်ထားခြင်းကို အရင်းပြုပြီးကာ ကြွရောက်တော်မူသတည်း။

ရန်ကုန်မြို့မှ ထွက်ကြွတော်မူပြီးလျှင် ပန်းဝါမြို့သို့ ဝင်ရောက်တော်မူပြီး၍ သက္ကတဘာသာတို့၌ လွန်စွာတတ်ကျွမ်းပေသော စစ်တွေမြို့ဇာတိ၊ **သိရီစန္ဒြမဏိ**-မည်သော သာမဏေကို ဥပသမ္ပဒကံဖြင့် ရဟန်းပဥ္စင်း၏ဘောင်သို့ တင်ဆောင်ချီးမြှင့်တော်မူ၏။ ထိုပန်းဝါမြို့မှ တဖန် ကလကတ္တားမြို့သို့ ထွက်ကြွတော်မူ၏။"

# အသည်းနှလုံးထဲမှ ကျေးဇူးဥပကာ

စာရေးသူသည် ၁၉၆၃-ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ၊ ကုသိနာရုံ မြန်မာကျောင်း၌ နေထိုင်ခဲ့ရာ ၁၉၉၀-ပြည့်နှစ်တွင် ပထမအကြိမ်နှင့် ၁၉၉၃-ခုနှစ်တွင် ဒုတိယအကြိမ်အားဖြင့် ၂-ကြိမ်မျှသာ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြန်လာခြင်းမှာ နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ခံယူရန် ဖြစ်ပါသည်။

ပထမအကြိမ် မြန်မာနိုင်ငံသို့ ရောက်နေခဲ့စဉ်က အချိန်ရသမျှ မိမိရေးသားထားသည့် သာသနာပြုအတွေ့အကြုံ ဆောင်းပါး ၁၀-ပုဒ်ခန့်ကို ဓမ္မာစရိယ ဦးမောင်မောင်လေးအား ပေးအပ်ခဲ့ပါသည်။ ဦးမောင်မောင်လေးက ထိုဆောင်းပါးများကို လိုအပ်သလို တည်းဖြတ်၍ မြတ်ပန်းဝေ မဂ္ဂဇင်း၌ လစဉ် ထည့်ပေးခဲ့သည်။ ကုသိနာရုံမှ နေ၍ မိမိ နောက်ထပ် ရေးသားပေးပို့လိုက်သော ဆောင်းပါးများကိုလည်း မဂ္ဂဇင်း၌ ဆက်လက် ထည့်ပေးခဲ့ပါသည်။ ၂-နှစ်ကျော်ကာလအတွင်း ဆောင်းပါးပေါင်း ၂၉-ပုဒ်မျှ ရှိသွားခဲ့ပါသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံသို့ မိမိ ပြန်ရောက်သောအခါ အဆိုပါ သာသနာပြုအတွေ့အကြုံ ဆောင်းပါးများ ပျောက်ကွယ်မသွားစေရန် အတွက် စုပေါင်း၍ လုံးချင်းစာအုပ် ၁-အုပ် ထုတ်ဝေသင့်ကြောင်း မိတ်ဆွေ သင်္ဂဟအချို့က အကြံပြုကြသည်။ တပည့် ဒကာ, ဒကာမအချို့ကလည်း လျှောက်ထားတောင်းဆိုကြသည်။ သို့အားဖြင့် အိန္ဒိယသို့ မပြန်မီ အချိန်လု လျက် ဤစာအုပ် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လိုက်ရခြင်း ဖြစ်ပါ သည်။

ဤစာအုပ် ဖြစ်မြောက်လာစေရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်တို့အား စာရေးသူအနေဖြင့် အသည်း နှလုံးထဲမှ ဖြစ်ပေါ်လာသော စေတနာဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါ သည်။

ရှေးဦးစွာ စာရေးသူ အထူးကျေးဇူးတင်အပ်သော ပုဂ္ဂိုလ်များမှာ စာအုပ်ဖြစ်မြောက်စေရန် စေတနာသက်သက်ဖြင့် တက်ကြွစွာ ကူညီခဲ့ သော **အရှင်သဒ္ဓိယ** (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ)၊ မိမိ၏ ဆောင်းပါးများကို မြတ်ပန်းဝေမဂ္ဂဇင်း၌ စီစဉ်ထည့်သွင်း ဖော်ပြပေးခဲ့သော အယ်ဒီတာချုပ် **ဦးမောင်မောင်လေး**နှင့် အယ်ဒီတာ အဖွဲ့ဝင်များ၊ စာအုပ် ထုတ်ဝေနိုင်ရန် လိုအပ်ချက်ဟူသမျှကို ဖြည့်ဆည်းပေးခဲ့သော မိမိ၏ ဒုတိယအကြိမ်မြောက် သိက္ခာထပ် ရဟန်းအမ၊ ဒါယိကာမကြီး **ရွှေရတု ဒေါ်သန်းတင်**နှင့် ရွှေမို့ ပရိဘောဂ၊ **ဦးရွှေမို့, ဒေါ်တင်တင်** မိသားစုတို့ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များနည်းတူ စာမူကို ကွန်ပျူတာစက်ဖြင့် အမြန်စီနိုင်ရန် ကူညီခဲ့သော ဒကာမကြီး **ဒေါ်ထွန်းမေ**နှင့် ရွှေငါးပုံ **မသန်းဌေး** မိသားစု၊ ကျော်-ကွန်ပျူတာလုပ်ငန်းနှင့် တာဝန်ခံ ဒကာမလေး **မခင်သီတာဦး**၊ ကူညီ သူ **ကိုစောသိန်း**၊ အော့ဖ်ဆက်ဖြင့် ရိုက်နှိပ်ပေးသူ **ဦးစိုးဝင်း** (ခွန်အား ပုံနှိပ် တိုက်)၊ စာအုပ်မျက်နှာဖုံး ရေးဆွဲပေးသူ **ပန်းချီဆရာ တင်လှဝင်းထင်**- အစရှိသော ပုဂ္ဂိုလ်တို့အားလည်း ထပ်တူထပ်မျှ ကျေးဇူးတင်ရှိပါသည်။

အဖုံးပန်းချီကားချပ်ဆွဲခ စရိတ် ၃၅၀၀ိ-ကို **ဒွိပိဋကဓရဆရာတော် ဦးသဇ္ဇနက** လှူဒါန်းခဲ့ပါသည်။ ဟောင်ကောင် **နုစ်ကုမ္ပဏီ ဦးစံထွန်းလှ မိသားစုက** ဆက်လက်ထွက်ပေါ်ရန် အထွေထွေလုပ်အားဖြင့် ကူညီခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့အားလည်း ကျေးဇူးတင်ပါသည်။


ဤစာအုပ်ကို ရေးသားထုတ်ဝေခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိကဲ့သို့ သည်းခံမှု, စွန့်စားမှု, ဒုက္ခပေါင်းစုံ ခံနိုင်မှု ရရှိကာ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်,လူများအနေဖြင့် နိုင်ငံခြား သာသနာပြုပုဂ္ဂိုလ်တို့၏ အခက်အခဲများကို နားလည်သဘောပေါက်နိုင်ကြစေရန် ဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုပြီးနောက် ထက်သန်ပြင်းပြ ကြံ့ခိုင်သော ဇွဲသတ္တိ ဝီရိယတို့ဖြင့် နိုင်ငံခြားသို့ ထွက်၍ သာသနာပြုလိုသော မြန်မာရဟန်းတော်များ ဆထက်ထမ်းပိုး တိုးပွါးပေါ်ထွန်းလာလိမ့်မည်-ဟူ၍လည်း စာရေးသူ ယုံကြည်မျှော်လင့်ပါသည်။ သာသနာပြုပုဂ္ဂိုလ် များများပေါ်ထွန်းနိုင်မှသာ မေတ္တာလက်နက်ဖြင့် အမိမြန်မာပြည်သည် ကမ္ဘာပေါ်တွင် 'ဆံရာတစ်ဆူ ဂူတစ်လုံး' ဖြစ်ပေါ်နိုင်ပါလိမ့်မည်။

ယင်းသို့ ယုံကြည်မျှော်လင့်သည့်အတိုင်းသာ ဖြစ်ပေါ်လာသည် ဆိုပါက စာရေးသူအဖို့ ပင်ပန်းရကျိုးနပ်ပြီ-ဟု ခံယူပါသည်။


ကမ္ဘာသူ,ကမ္ဘာသားအားလုံး ဆင်းရဲဒုက္ခအပေါင်းမှ
လွတ်မြောက်နိုင်ကြပါစေ။

ဟရိဗလ၊ ကုသိနာရုံ

၁၅၊ ၅၊ ၉၃



အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်၏ သက်တော် ၇၅-နှစ် ပတ္တမြားရတု အကြိုမင်္ဂလာအဖြစ်, ရန်ကုန်မြို့၊ ကမ္ဘာအေး ပရိဝုဏ်အတွင်း သိမ်တော်ကြီးနှင့် ကန်တော်အလွန် နိုင်ငံခြား ဗုဒ္ဓဘာသာများအတွက် သီးသန့်ထားသည့် ဧည့်ဆောင်များနေရာတွင် ဤဆရာတော် ကုသိုလ်ပြုသော ဧည့်ကျောင်းဆောင်သစ်ကို ရေစက်သွန်းချ လှူဒါန်းပွဲသဘင်၌ ဝေလှူဒါန်းနိုင်ရန် ဤဒုတိယအကြိမ်ကို ရိုက်နှိပ်ပါသည်။ (၁-၆-၂၀၁၀)



အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရ
ပရဒေသိယ သံဃအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ အိန္ဒိယပြည်လုံးဆိုင်ရာ သံဃနာယကအဖွဲ့
ဥက္ကဋ္ဌ၊ M.A.(သမိုင်း) M.A.(ပါဠိ)
L.L.B., ပါဠိ သာဟိတျရတနာဘွဲ့၊ တိပဋကဒီပလိုမာနှင့်
B.A.M.S. (ခေါ်) တိုင်းရင်းဆရာဝန်ဘွဲ့ရ၊
(ကလောင်အမည် ဟရိဗလ၊ ကုသိနာရုံ)




၁၉၉၂-ခု၊ ဒီဇင်ဘာလတွင် ထိုင်းမှ လှူသော ရုပ်ပွါးတော်များလက်ခံစဉ်



အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းတွင် ဦးစံထွန်းလှ (ကလကတ္တား လေယာဉ် မန်နေဂျာ)က ကထိန်ခင်းရာ၌ ကြည်ညိုဖွယ်ရာ စီတန်းလှည့်စဉ်၊ ကုသိနာရုံ ဆရာတော်၊ ဒုလ္လဘာရဟန်း (ယခု ဦးခင်မောင်အေး၊ ညွှန်မှူး ကုန်သွယ်ရေး ဝန်ကြီးဌာန၊) ဦးစံထွန်းလှ (ခု ဟောင်ကောင်နုစံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)၊ ဒေါ်မြနွယ်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီတို့ ဦးဆောင်သော ဒကာ,ဒကာမများ



ဒုလ္လဘရဟန်းဘဝ ရယူပြီးသော ဆိန်းဟ်ဆာဟဗ်
ဒေါက်တာသီရိရာဇဘိတေရ် သိရိဒယာနာထ်နိဂန်း




ဒေါ်သန်းတင်တို့ သိမ်ဆင်းလောင်းလှူနေကြစဉ်

လူတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။




သာသနာပြုခရီးအတွက် ကြွရောက်လာကြသော ဒေါ်သန်းတင်၊
ဦးသိန်းအောင်၊ ဆရာတော် ဦးဝဏ္ဏသီရိ၊ ဗိုလ်မှူးစောလျှံထူး



ကုသိနာရုံသာသနာပြုပွဲတော်တွင် တက်ရောက်၍ ကူညီသာသနာပြုကြ
သော အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းလွင်နှင့်
ဇနီးဒေါ်သန်းသန်းနွဲ့

# မဇ္ဈိမဒေသ သာသနာပြု အတွေ့အကြုံများ



၁၄-၂-၉၃ ရှင်လောင်းများ ကန်တော့နေကြစဉ်




၁၄-၂-၉၃ သီလရှင် ၂-ဦးအား ရွှေရတုဒေါ်သန်းတင်က
ဆွမ်းလောင်းလှူနေစဉ်



၇-၃-၉၃ ဆရာတော် ဦးဉာဏိဿရ၏ အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော်ကို လှိုက်ဂူတော်တွင် ခံယူနေစဉ်



၇-၃-၉၃ ကမ္ဘာအေးလှိုဏ်ဂူတော်တွင် ဘွဲ့ခံယူခါနီး



၇-၃-၉၃ ကမ္ဘာအေးကုန်းမြေတွင် ဘွဲ့ယူအပြီး

ဆွမ်းဆန်စိမ်း လောင်းလှူရာတွင်



မိဂဒါဝုန်တွင် (ယာမှဝဲ) ဦးဓမ္မာစာရ၊ ဆရာတော် ဦးဝဏ္ဏသီရိ၊
ဦးသိန်းအောင်၊ ဒေါ်သန်းတင်




သာသနာပြု ကြွရောက်လာသော ဦးသိန်းအောင်၊ ဒေါ်သန်းတင်၊
ဗိုလ်မှူးစောလှျံထူး၊ ဆရာတော် ဦးဝဏ္ဏသီရိ



၁၄-၂-၉၃ တရားနာနေကြသော အိန္ဒိယသား ဒုလ္လဘရဟန်းတော်များ



၁၄-၂-၉၃ ဆွမ်းခံရန် ကြွအလာ



သိမ်အဆင်း ဆွမ်းလောင်းကြစဉ်၊ ဦးညို၊ ဆရာတော် ဦးဝဏ္ဏသီရိ၊
ဦးသောဘဏ၊ ဒေါ်ငွေကြွယ်




၁၄-၂-၉၃ သာသနာပြုပွဲ ကာလအတွင်း ဆွမ်းကွမ်းအတွက် ရွှေရတု
ဒေါ်သန်းတင် ဦးဆောင်၍ အလုပ်သမားများ ချက်ပြုတ်နေကြစဉ်



ကုသိနာရုံသာသနာပြုပွဲတော်တွင် ဆွမ်းခံရန် ကြွရောက်လာကြသော
သံဃာတော်များ



ကုသိနာရုံကလေးများ ကျန်းမာရေးလေ့ကျင့်ခန်းတွင် အရှင်နာယက
ကြည့်ကြပ်နေစဉ်




၁၄-၂-၉၃ ကုသိနာရုံသာသနာပြုပွဲ အခမ်းအနားတွင် ဆရာတော်
ဦးဝဏ္ဏသီရိ ဦးဆောင်၍ ကျင်းပနေစဉ်



၁၅-၂-၉၃ ဆရာတော် ဦးဝဏ္ဏသီရိက ချီးမြှင့်သောဆုကို
သီရိသီလပြကာဆ်က ခံယူနေပုံ



ဆရာတော် ဦးဝဏ္ဏသီရိက ဗုဒ္ဓပို့စ်တ် ဒီဂရီကောလိပ်ကျောင်းဝင်းရှိ
ဘုရားကျောင်းဆောင်ကို အုဌ်မြစ်ချပေးနေစဉ် ဒေါ်သန်းတင်၊ ဦးညို၊
ကုသိနာရုံဆရာတော်၊ ဆရာတော် ဦးဝဏ္ဏသီရိ



၁၅-၂-၉၃ ဆရာတော် ဦးဝဏ္ဏသီရိက ဝေယျာဝစ္စဆောင်ရွက်သော
ပုဂ္ဂိုလ်များအား ဆု ချီးမြှင့်နေပုံ




၁၅-၂-၉၃ အုပ်မြစ်ချကာနီး အန္တရာယ်ကင်း ရွတ်ဖတ်နေပုံ



၁၅-၂-၉၃ ဝန်ကြီးနှင့် အမှတ်တရ ဓာတ်ပုံ



သိမ်ဆင်းလောင်းလှူနေပုံ



ကုသိနာရုံသာသနာပြုပွဲတွင် အိန္ဒိယနိုင်ငံ ဒုဝန်ကြီး မိန့်ခွန်းပြောကြားနေပုံ



၁၅-၂-၉၃ ဗုဒ္ဓပို့စ်တ် ဒီဂရီကောလိပ်ကျောင်းဝင်းရှိ ဘုရားကျောင်းဆောင်
အုတ်မြစ်ချပွဲသို့ ကြွရောက်လာသော ဆရာတော်ဦးဝဏ္ဏသီရိနှင့် အဖွဲ့အား
ကျောင်းအုပ်ကြီးနှင့် တပည့်များ ကြိုဆိုနေကြစဉ်

# မဇ္ဈိမဒေသ သာသနာပြု
# အတွေ့အကြုံများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်
## အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဉာဏိဿရ

### မွေးရပ်ဇာတိ

ဆရာတော် အလောင်းလျာကို စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဇင်ရိုင်းကျွန်း၊ ဇီးပင်ကြီးရွာနေ **ဦးမောင်ကျော်သူ**, **ဒေါ်ဝင်းမြဦး**တို့မှ မြန်မာသက္ကရာဇ် ၁၂၉၈-ခု၊ တန်ဆောင်မုန်းလဆုတ်၊ ၁၃-ရက် (၁၃-၁၁-၃၆)၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် **မောင်အောင်ဇံဝေ** ဖြစ်သည်။

မောင်အောင်ဇံဝေသည် အသက် ၁၄-နှစ်အရွယ်တွင် ဇီးပင်ကြီး ကျောင်းဆရာတော် **ဦးစန္ဒောဘာသ**ကို ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရှင်-သာမဏေ ပြုခဲ့သည်။ **ရှင်ဉာဏိဿရ**-ဟူသော ဘွဲ့အမည်ကို ခံယူခဲ့သည်။

သာမဏေ ရှင်ဉာဏိဿရသည် ၁၃၁၈-ခု၊ ကဆုန်လပြည့်ကျော်၊ ၁၀-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၈-နာရီ၊ ၁၅-မိနစ်အချိန်တွင် ရန်ကုန်မြို့၊ ၄၂-လမ်းရှိ ဦးချိန်တင်၊ ဒေါ်ငွေကျင်နှင့်သားများ ကုမ္ပဏီပိုင်ရှင် **ဦးချိန်တင်** ခေါ် **ဦးဘဆိုင်နှင့် ဒေါ်ငွေကျင် မိသားစု**တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းပြား မြို့နယ်၊ ဇီးပင်ကြီးရွာကျောင်း ဆရာတော် **ဘဒ္ဒန္တစန္ဒောဘာသ**ကို ဥပဇ္ဈာယ် ပြု၍ ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ **မင်္ဂလာရာမကျောင်းတိုက်၊ ခဏ္ဍသိမ်**၌ သိမ်ဝင်သံဃာ ၂၅-ပါးတို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ သည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝဖြင့် မင်းပြားမြို့ နယ်၊ ဇီးပင်ကြီးရွာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် လက်ရှိဆရာ တော် **ဘဒ္ဒန္တသုဇာတ**တို့ထံတွင် အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။

ရှင်သာမဏေဘဝ၊ ရဟန်းဘဝဖြင့် စစ်တွေမြို့၊ စစ်ကဲတော်မင်းကြီး ကျောင်း ဆရာတော် **ဘဒ္ဒန္တနာဂဝံသ**နှင့် ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ **မင်္ဂလာ-ရာမကျောင်းတိုက် ဆရာတော်များ**ထံတွင် ပထမပြန်ဆိုင်ရာ ပိဋကတ် အခြေခံကျမ်းစာများကို လေ့လာဆည်းပူးခဲ့သည်။ မန္တလေးမြို့၊ **မစိုးရိမ် ဆရာတော်နှင့် အခြားဆရာတော်များ**ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ-စသော အထက်တန်း ကျမ်းစာများကို သင်ယူမှတ်သားခဲ့သည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ပေတောကုန်းကျောင်းဆရာတော် ဦးနန္ဒ၏ အလွတ်ပညာသင်ကျောင်း၌ အင်္ဂလိပ်စာနှင့် လောကီအတန်းစာ ပညာရပ်များကို အခြေခံရအောင် စတင် သင်ယူခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ရောက်သောအခါ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ လမ်းညွှန်မှုဖြင့် ဟိန္ဒီဘာသာ၊ သက္ကတဘာသာနှင့် အင်္ဂလိပ်စာ၊ တိဘက်ဘာသာ-အစရှိ သော အထက်တန်း ခေတ်ပညာရပ်များကို ဘွဲ့လွန်အဆင့်အထိ ဆက်လက် လေ့လာခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

သာမဏေဘဝ, ရဟန်းဘဝဖြင့် ရန်ကုန်မြို့၊ မင်္ဂလာရာမကျောင်းတိုက်၌ နေလျက် ဝိနယာနုဂ္ဂဟစာမေးပွဲ မူလတန်းနှင့် ငယ်,လတ်,ကြီးတန်းတို့ကိုလည်းကောင်း အစိုးရ ပထမပြန်စာမေးပွဲ ငယ်,လတ်,ကြီးတန်းများကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။

အရှင်ဉာဏိဿရသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး နောက်တွင် ဟိန္ဒီ, သက္ကတနှင့် အထက်တန်းပညာရပ်များကို ဆက်လက်လေ့လာခဲ့ရာ-

- ဂေါရခ်ပူရ်တက္ကသိုလ်မှ ၁၉၇၃-ခုနှစ်တွင် **ဘီအေဘွဲ့,**
- ဂေါရခ်ပူရ်တက္ကသိုလ်မှ ၁၉၇၅-ခုနှစ်တွင် M.A. (သမိုင်း)ဘွဲ့,
- ၁၉၇၈-ခုနှစ်တွင် M.A. (ပါဠိ)ဘွဲ့,
- ပြယာဂ်တက္ကသိုလ်၌ ပါဠိဆာဟိတျရတနာဘွဲ့နှင့်
- တိဘက်ဘာသာ ဒီပလိုမာလက်မှတ်,
- ဂေါရခ်ပူရ်တက္ကသိုလ်၌ ဥပဒေပညာ L.L.B.ဘွဲ့-

ရရှိသည်အထိ သင်ယူခဲ့သည်။

ထို့မှုမက အရှင်ဉာဏိဿရသည် အာယုဗ္ဗေဒခေါ် အိန္ဒိယတိုင်းရင်းဆေးပညာကိုလည်း ပေါက်ရောက်အောင် လေ့လာ၍ ယူပီပြည်နယ်အစိုးရက ကျင်းပသည့် တိုင်းရင်းဆေးပညာ စာမေးပွဲကို ဖြေဆိုခဲ့ရာ–

- B.A.M.S. ခေါ် တိုင်းရင်းဆရာဝန်ဘွဲ့ကို ရရှိခဲ့လေသည်။

## ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်

အရှင်ဉာဏိဿရသည် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိနှင့် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမတို့၏ ဖိတ်ခေါ်ချက်အရ ၁၉၆၃-ခုနှစ်၊ ဩဂုတ်လတွင် ကုသိနာရုံသို့ ရောက်ရှိခဲ့သည်။ ၁၉၆၉-ခုနှစ်တွင်

မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမနှင့် တွဲ၍ ကုသိနာရုံကျောင်းကို **ဒွိသန္တက** အဖြစ် လွှဲအပ်ခြင်း ခံခဲ့ရသည်။ ဆရာတော်ကြီး၏ လက်ထောက်အဖြစ်ဖြင့် ကျောင်းအုပ်ချုပ်ရေး တာဝန်များကို ဆောင်ရွက်ခဲ့ရသည်။ ၁၉၇၂-ခုနှစ်၊ ဆရာတော် ဦးစန္ဒိမဏိ ပျံလွန်တော်မူသည့်အချိန်မှ စ၍ ကုသိနာရုံ ကျောင်း အုပ်ချုပ်ရေးကို အပြည့်အဝ တာဝန်ယူခဲ့ရသည်။

ထို့ပြင် ဗာရာဏသီ၊ မိဂဒါဝုန်ဆရာတော်၊ ဦးကိတ္တိမ-ကလည်း ကိုယ်တိုင် သက်တော်ထင်ရှားရှိစဉ် ၁၉၈၇-ခုနှစ်ကပင် မိမိပိုင် **ဆီဂရာ ဆာဦးသွင်ကျောင်း**နှင့် **မိဂဒါဝုန်ကျောင်း**ကို စာချုပ်စာတမ်းဖြင့် ဆရာတော် ဦးဉာဏိဿရအား လွှဲအပ်သွားခဲ့လေသည်။

## ကုသိနာရုံတာဝန်

ရှေးဟောင်း သုတေသနနှင့် ပတ်သတ်သော နေရာများတွင် ဗုဒ္ဓဂယာ, ရာဇဂြိုဟ်, နာလန္ဒာ, မိဂဒါဝုန်, သာဝတ္ထိနှင့် သက်ဆိုင်ဌာနများကို ရှေးဟောင်းဌာနတို့က အုပ်ချုပ်ကြပါသည်။ သို့သော် ကုသိနာရုံတွင် ဆရာတော် ဦးဉာဏိဿရသည် ဆရာတော် ဦးစန္ဒိမဏိ ရှိစဉ်ကကဲ့သို့ပင် ကုသိနာရုံရှိ ရှေးဟောင်းဌာနကို ယခုထိ တရားအမျိုးမျိုး ရင်ဆိုင်ရင်းမှ အောင်မြင်မှု အပြည့်အဝ ရရှိကာ ကုသိနာရုံ မဟာပရိနိဗ္ဗာနဌာနတစ်ခုလုံးကို သတ္တိရှိရှိနှင့် ထိန်းသိမ်းစောင့်ရှောက်လျက် တိုင်းတပါးတွင် သူများတကာ မလုပ်နိုင်သောအလုပ်ကို လုပ်ဆောင်လျက် သာသနာတော်အတွက် အသက်ပေး ဆောင်ရွက်လျက် ရှိပါသည်။

ဆရာတော်၏ ဆောင်ရွက်ချက်အရ ကုလားများနှင့် အိန္ဒိယနိုင်ငံတော် အစိုးရကပါ သဘောတူ အားပေးခဲ့ရပါသည်။ ဆက်လက်၍ သာသနာ့အဆောက်အအုံများ တည်ဆောက်ခြင်း, သာသနာပြုပွဲများ ကျင်းပခြင်းနှင့် ပညာရေးကိစ္စများကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

## ပညာရေးအတွက် ဆောင်ရွက်ချက်များ

ဆရာတော် အရှင်ဉာဏိဿရသည် ၁၉၇၂-ခုနှစ်မှ စ၍-

- ဆရာတော်ဦးစန္ဒိမဏိ အလွတ်ပညာသင်ကျောင်း
- မဟာဝီရ အလယ်တန်းကျောင်း
- ရာခေါကြိဆနာ အလယ်တန်းကျောင်း
- ရာဟုလာ ကလေးများကျောင်း
- ယသောဓရာ မိန်းကလေးကျောင်း
- မာလတီးပန်ဒေး မိန်းကလေး အထက်တန်းကျောင်း
- ဗုဒ္ဓဥပစာကောလိပ်
- ဗုဒ္ဓဒီဂရီကောလိပ်တို့၌

ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် မဟာရဋ္ဌပြည်နယ်မှ-

- ဗုဒ္ဓဘူမိသိက္ခာ ပရိဆဒ်အဖွဲ့,
- မဇ္ဈပြဒေသပြည်နယ်မှ ဒေါက်တာအမ္ဗေဒကာရ်သိက္ခာ ပရိဆဒ်အဖွဲ့,
- ဗီဟာပြည်နယ်မှ ဘဂဝန် ဗုဒ္ဓသိက္ခာ ပရိဆဒ်အဖွဲ့-

တို့၌လည်း ဗုဒ္ဓဘာသာ ပညာရေးရာကိစ္စများကို ကူညီအားပေးခဲ့လေသည်။

## အသင်းအဖွဲ့ တာဝန်များ

ဆရာတော် အရှင်ဉာဏိဿရသည်-

- ၁၉၆၈-ခုနှစ်တွင် ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့တွင် အတွင်းရေးမှူးအဖြစ်,
- ၁၉၇၅-ခုနှစ်တွင် အိန္ဒိယရှိ မြန်မာကျောင်းထိုင် ဆရာတော်များအဖွဲ့တွင် ဒုတိယအတွင်းရေးမှူး,
- ဘာရတိယဘိက္ခုသံဃာ့အဖွဲ့တွင် ဒုတိယအတွင်းရေးမှူး,

- အာရှတိုက် ဗုဒ္ဓဘာသာအသင်းတွင် ဒုတိယအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဆရာတော်သည်–

- အိန္ဒိယပြည်၊ မြန်မာသံဃနာယကအဖွဲ့တွင် အတွင်းရေးမှူး,
- ယူပီပြည်နယ်၊ အိန္ဒိယသံဃနာယကအဖွဲ့နှင့်
- အိန္ဒိယပြည်လုံးဆိုင်ရာ သံဃနာယကအဖွဲ့တို့၌ ဥက္ကဋ္ဌ,
- ယခုလက်ရှိ ပရဒေသိယသံဃနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

## တက်ရောက်ခဲ့သည့် နိုင်ငံတကာ အစည်းအဝေးများ

ဆရာတော်၏ တက်ကြွစွာ သာသနာပြုနိုင်ခဲ့သည့် စွမ်းရည်ကြောင့်–

နိုင်ငံတကာမှ ပင့်ဖိတ်ချက်အရ ဆရာတော်သည်–

- ၁၉၈၁-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၌ ကျင်းပသော အာရှ-တိုက် ဗုဒ္ဓဘာသာ ကွန်ဖရင့်
- ၁၉၈၆-ခုနှစ်တွင် နီပေါနိုင်ငံ၊ ကတ္ထမန္ဒုမြို့၌ ကျင်းပသော ကမ္ဘာ့ ဗုဒ္ဓဘာသာ ကွန်ဖရင့်
- ၁၉၈၆-ခုနှစ်တွင် လာအိုနိုင်ငံ၊ ဗီယန်တိန်မြို့၌ ကျင်းပသော အာရှတိုက် ဗုဒ္ဓဘာသာ ကွန်ဖရင့်
- ၁၉၈၇-ခုနှစ်၊ တောင်ကိုးရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်

များသို့ တက်ရောက်၍ ဗုဒ္ဓဘာသာဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးတင်ပြ ဟောပြောခဲ့ပါသည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သော နိုင်ငံပေါင်းစုံသို့ ဘာသာရေးခရီး ထွက်ခဲ့ရပါသည်။

## ဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများ

ဆရာတော် အရှင်ဉာဏိဿရသည် ၁၉၆၅-ခုနှစ်မှ စ၍ အိန္ဒိယနိုင်ငံ ယူပီပြည်နယ်, ဗီဟာပြည်နယ်, မဟာရဋ္ဌပြည်နယ်, ဂုဂျရတ်ပြည်နယ်, ရာဂျဆထန်(တန်)ပြည်နယ်, ဒေလီပြည်နယ်, ဟရိယာနာပြည်နယ်, အာသံ, အရုဏာစလပြည်နယ်တို့မှ တစ်ဦးချင်းအားဖြင့်လည်းကောင်း အစုလိုက်အဖွဲ့လိုက်အားဖြင့်လည်းကောင်း ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူလိုကြသည့် ထောင်ပေါင်းများစွာသော တိုင်းရင်းသား ဘာသာခြားတို့အား ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးခဲ့သည်။ ယင်းတို့ထဲမှ ရှင်ပြုလိုသူတို့အား ရှင်ပြုပေးပြီး ရဟန်းဘောင် တက်လိုသူတို့အားလည်း ရဟန်းခံပေးခဲ့သည်။ အိန္ဒိယတစ်ပြည်လုံးတွင် ဆရာတော်၏ တပည့်ရဟန်းသာမဏေပေါင်း ၄၀၀-ကျော်မျှ ရှိလေသည်။ ၁၉၇၂-ခု၊ နာဂပူရ် ဗုဒ္ဓဘာသာဝင်ပွဲနှင့် ၁၉၈၉-ခုနှစ်၊ အာဂရာ ဗုဒ္ဓဘာသာဝင်ပွဲသည် အလွန်ကြီးကျယ်သော ဗုဒ္ဓဘာသာဝင်ပွဲများ ဖြစ်ကြပါသည်။

ဆရာတော် ဦးဉာဏိဿရသည် ၁၉၇၂-ခုနှစ်မှ ယနေ့အထိ ဟိန္ဒူဘာသာဝင် ဆာဒူး လူစုလူဝေးကို ဗုဒ္ဓဘာသာ ရှင်သာမဏေ ပြုပေးပြီး ဝိနည်းသင်ကြားပေးကာ ဗုဒ္ဓဘာသာရဟန်းအဖြစ် အကြိမ်ပေါင်း မြောက်မြားစွာ ပြောင်းလဲပေးနိုင်ခဲ့ပါသည်။ ၁၉၈၃-ခုနှစ်၊ ဧပြီလ၊ ၁၄-ရက်နေ့၊ *(နယူးဒေလီအနီး)* အာဂရာတွင် ကျင်းပသော ဗုဒ္ဓသာသနာပြုပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး **ဦးကိုလေး, စစ်သံမှူး ဗိုလ်မှူးကြီး မျိုးခင်, WHOဒါရိုက်တာ ဒေါက်တာဦးကိုကို, ဒေါက်တာ ဒေါ်ရင်ရင်မြ**, အာရှတိုက်လုံးဆိုင်ရာ ဓာကြည့်တိုက် ဒါရိုက်တာ **မစ္စတာဟယ်လင်ပိုးနှင့် ဇနီး-ဒေါ်မြသန္တာ,** မိခင် ဒေါ်မြစိန် (M.A.)တို့လည်း တက်ရောက်ခဲ့ကြပါသည်။

ထို့ပြင် ဆရာတော်သည် အိန္ဒိယနိုင်ငံ တဝှမ်းလုံးတွင် အခြေအနေပေးသော မြို့,ရွာဒေသတို့၌ ဘုရားကျောင်းများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ရန် ကူညီအားပေးခဲ့သည်။ မိမိကိုယ်တိုင်က အလှူငွေများ

ထည့်ဝင်လှူဒါန်းခြင်းဖြင့် အခြားအလှူရှင်များ ပါဝင်လာအောင် စံနမူနာ ပြခဲ့သည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဗုဒ္ဓရုပ်ပွါးတော်များကို အလှူခံ ပင့်ဆောင်ပြီး လိုအပ်သော နေရာတို့၌ ကိုးကွယ်ပူဇော်ရန် ပို့ဆောင်ပေးခဲ့ သည်။


ဆရာတော်၏ သာသနာပြုလုပ်ငန်းများအနက် ယခု ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ကုသိနာရုံ၌ ကျင်းပခဲ့သည့် ဗုဒ္ဓဘာသာ သာသနာ ပြုပွဲကြီးကား ဆရာတော်၏ ကြံ့ခိုင်ထက်မြက်လှသော သတ္တိ,ဗျတ္တိ စွမ်းရည် များကို အထူးပင် ပေါ်လွင်ထင်ရှားစေခဲ့ပေသည်။ လူမျိုးခြား, ဘာသာခြား တို့ လွှမ်းမိုးသော တိုင်းတပါး၌ ကြီးမားသော အနှောင့်အယှက် အခက်အခဲ များကို တွန်းလှန်ကျော်လွှားပြီး ဤမျှ ကျယ်ပြန့်သော သာသနာပြုပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ အံ့ချီးစရာ ကောင်းလှပေသည်။ ထို ပွဲတော် ကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် "မဇ္ဈိမဒေသ တစ်ကျော့ပြန်" အစီအစဉ်တွင် စာဖတ်သူများ တွေ့မြင်ခဲ့ပြီး ဖြစ်ပေလိမ့် မည်-ဟု ယုံကြည်ပါသည်။

## စာပေရေးသားပြုစုခြင်း

ဆရာတော်သည် ဟိန္ဒီဘာသာ, နေပါလီဘာသာ, အင်္ဂလိပ် ဘာသာတို့ဖြင့် ဗုဒ္ဓဘာသာ ပညာပေးစာအုပ်ငယ်များ ရေးသားပြုစုခဲ့သည်။ ဆရာတော် ရေးသားပြုစုသည့် ဓမ္မပဒစာအုပ်ငယ်ကို ယူပီပြည်နယ်နှင့် အခြားပြည်နယ်တို့၌ ၉-တန်း, ၁၀-တန်းမှ တက္ကသိုလ်,ကောလိပ်အဆင့် အထိ ပါဠိဘာသာအတွက် ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်ထားပါသည်။

ဆရာတော်သည် "မာ မာ ဟရိဗလ"ဟူသော ကလောင်အမည် ဖြင့် အချို့မဂ္ဂဇင်းငယ်များ၌ ကလေးစာပေများ ရေးသားခဲ့သည်။ ဗုဒ္ဓဒေ့ရှ် မဂ္ဂဇင်း, ဗုဒ္ဓဘူမိမဂ္ဂဇင်း, ဒေါက်တာအမ္ဗေဒကာရ် မဂ္ဂဇင်းများ ထုတ်ဝေရာ တွင်လည်း အုပ်ချုပ်မှု အယ်ဒီတာအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဆရာ

တော်သည် ၂၅-နှစ်ကျော် ကာလအတွင်း မိမိ၏အိန္ဒိယသာသနာပြု အတွေ့အကြုံများကို မြန်မာပြည်မှ ရဟန်း,ရှင်,လူများ သိရှိစေချင်၍ ရန်ကုန်မှ ထုတ်ဝေသည့် **မြတ်ပန်းဝေမဂ္ဂဇင်း**၌ ဟရိဗလ-ဟူသော ကလောင်အမည်ဖြင့် ၂-နှစ်တိုင်တိုင် လစဉ် ရေးသားတင်ပြခဲ့ပါသည်။



ကုသိနာရုံ သာသနာပြုပွဲ၌ ဗာရာဏသီသက္ကတ-တက္ကသိုလ်စာရင်းအင်း
ငွေထိန်းနာရာယန်းဆင်း၊ ဦးညို(ရွှေမြင်တင်)၊ ပြည်ထဲရေးဝန်ကြီး
ရာဟ်လာလ်ရာဟီ၊ ဒေါက်တာမွှေဒကာရ် ရုပ်ထု၊ ဒုဝန်ကြီး၏
လုံခြုံရေးအရာရှိ၊ (၁)နှင့် အရာရှိ (၂)တို့ကို တွေ့ရစဉ်။

## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ

ဆရာတော်သည် ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ကြီးတွင် ဥယျာဉ်ကြီး ပိုမိုစည်ကား စိုပြည်လာစေရန်အတွက် ၁၀၀' × ၁၅၀'-ပေ ကျယ်ဝန်းသော **ရေကန်ကြီးတစ်ခု** ဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက် ရှိသည်။ ကျောင်းတိုက်တွင် ခရီးသည် တည်းခိုဆောင်များလည်း ဆောက်လုပ်နေပါသည်။

ထို့ပြင် ကုသိနာရုံကျောင်းပိုင် ဧက ၄၀-ခန့် ကျယ်သော မြေကွက်များပေါ်၌ **ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ် ၁-ခု** တည်ထောင်ရန်နှင့် ဗုဒ္ဓ-မြတ်စွာ၏ သံဝေဇနိယ ၄-ဌာန အဆောက်အအုံ ပုံစံတူများ, ပုံတော်များနှင့် မြန်မာ့အနုပညာလက်ရာများ ပါဝင်သော **စေတီတော်ကြီး ၁-ဆူ** တည်ထားရန်လည်း ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်

နိုင်ငံခြား တိုင်းတပါး၌ နှစ်ပေါင်းများစွာ နေထိုင်လျက် ဗုဒ္ဓ-မြတ်စွာ သာသနာတော်ကြီး တိုးတက်ပြန့်ပွါးစေရန်အတွက် စိတ်ဓာတ်ထက်သန်တက်ကြွစွာ ဆောင်ရွက်နေတော်မူသော ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအဖွဲ့က ၁၃၅၄ (၁၉၉၃)-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခဲ့လေသည်။

**ဓမ္မာစရိယ ဦးမောင်မောင်လေး**


**အယ်ဒီတာချုပ်**

**မြတ်ပန်းဝေမဂ္ဂဇင်း**

# ကုသိနာရုံ ဗုဒ္ဓဘာသာ သာသနာပြုပွဲကြီး

မြတ်စွာဘုရား ပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၌ ရှေးဟောင်း ဗုဒ္ဓသာသနိက အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားရေး-ဟူသော ရည်ရွယ်ချက်များဖြင့် အမြော်အမြင် ကြီးမားသော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ၂၀-ရာစု စောစောပိုင်းမှ စ၍ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ တည်ထောင်ဆောက်လုပ်ခဲ့ကြသည်။

ကုသိနာရုံ, မိဂဒါဝုန်, သာဝတ္ထိ, ရာဇဂြိုဟ်, ဗာရာဏသီ, ဗုဒ္ဓဂယာ-စသော ဌာနအသီးသီးရှိ မြန်မာဘုန်းတော်ကြီးကျောင်းများအနက် ကုသိနာရုံကျောင်းမှာ အစောဆုံးဖြစ်၏။ ကလကတ္တားမြို့မှ ရခိုင်ပွဲစားကြီး ဦးချိုဇားရှိနှင့် ကိုရင် ရှင်စန္ဒတို့၏ အကူအညီဖြင့် ၁၈၉၁-ခုနှစ်တွင် အိန္ဒိယသား ရဟန်းတော် **မဟာဝီရ** တည်ထောင်ခဲ့သော ကုသိနာရုံကျောင်းကား ယခုအခါ နှစ်ပေါင်း ၉၀-ပင် ကျော်ခဲ့လေပြီ။



နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဦးဝဏ္ဏသီရိ
ကုသိနာရုံသာသနာပြုပွဲ၌ တရားဟောနေစဉ်

ဆရာတော် မဟာဝီရနှင့်အတူ ကုသိနာရုံကျောင်းကို တည် ဆောက်ရာတွင် ပါဝင်ခဲ့သော ကိုရင် ရှင်စန္ဒသည် နောင်အခါတွင် ဆရာ တော် ဦးစန္ဒြမဏိ-ဟူသော အမည်ဖြင့် ကုသိနာရုံကျောင်းကို လက်ခံထိန်းသိမ်းခဲ့ပြီး အိန္ဒိယ နိုင်ငံ တစ်နိုင်ငံလုံးတွင် အလွန်ထင်ရှား ကျော်ကြားသော သာသနာပြု ပုဂ္ဂိုလ်ကြီး ၁-ပါး ဖြစ်လာခဲ့သည်။ ဦးစန္ဒြမဏိသည် ဒေသခံ တိုင်းရင်းသား များစွာတို့အား ပညာသင်ပေးခြင်း၊ သက္ကတဘာသာဖြင့် ဗျာကရုဏ်း, ဗေဒင်, ဆေးပညာ သင်ပေးခြင်း၊ ရှင်ပြုပေးခြင်း၊ ရဟန်းခံပေးခြင်း၊ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ သွတ်သွင်းပေးခြင်း၊ အာယုဗ္ဗေဒ ဆေးအမျိုးမျိုး ဖော်စပ်၍ မကျန်းမာသူတို့အား အခမဲ့ဆေးလည်း ပေးခြင်း- စသည့် သာသနာပြု လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။

သာသနာတော် ၂၅၀၀-ပြည့်နှစ်ဖြစ်သည့် ၁၉၅၆-ခုနှစ်က ဒေါက်တာအမ္ဗေဒကာရ် အမှူးရှိသော အိန္ဒိယတိုင်းရင်းသား ၆-သိန်းကျော် တို့သည် ဆရာတော် ဦးစန္ဒြမဏိထံ၌ပင် ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူခဲ့ ကြလေသည်။

၁၉၇၂-ခုနှစ်တွင် ဆရာတော် ဦးစန္ဒြမဏိ ပျံလွန်တော်မူသော အခါ ကုသိနာရုံကျောင်း ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာသနာပြုရေး လုပ်ငန်းများကို တပည့်ဖြစ်သူ ဆရာတော် အရှင်ဉာဏိဿရက ဆက်လက် တာဝန်ယူခဲ့ရ၏။ ဗုဒ္ဓဘာသာအပေါ် စိတ်ပါဝင်စားမှုရှိသော အိန္ဒိယတိုင်း ရင်းသားတို့သည် ဆရာတော် အရှင်ဉာဏိဿရကိုလည်း ဆရာတော်ကြီး ဦးစန္ဒြမဏိနှင့် မခြား အပြည့်အဝ ယုံကြည်ကိုးစားခဲ့ကြသည်။ သို့ဖြစ်သည် နှင့်အညီ အနယ်နယ်အရပ်ရပ်တွင် တိုင်းရင်းသားများ ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူပွဲများ ကျင်းပသည့်အခါတိုင်း ဆရာတော် အရှင်ဉာဏိဿရကို သာ ဦးထိပ်တင်၍ ကျင်းပခဲ့ကြလေသည်။

၁၉၉၁-ခုနှစ်ကား ဒေါက်တာအမ္ဗေဒကာရ် ရာပြည့်နှစ် ဖြစ်၏။ ထိုနှစ်တွင် ဥတ္တရပြဒေသ, မဟာရဋ္ဌ, မဓျပဒေသ-ဟရိယာနာ ဂုဂျရာတ်ပြည်နယ်, ရာဂျဆတန်-စသော ပြည်နယ်အသီးသီးမှ ထောင်ပေါင်းများစွာသော အိန္ဒိယတိုင်းရင်းသားတို့သည် ခေါင်းဆောင်ကြီး ဒေါက်တာအမ္ဗေဒကာရ်ကို အထိမ်းအမှတ်ပြုကြကုန်လျက် အစုလိုက်အပြုံလိုက် ဗုဒ္ဓဘာသာခံယူပွဲများကို ကြီးကျယ်စွာ ကျင်းပခဲ့ကြသည်။ ထိုပွဲများသို့လည်း ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရကို တလေးတစား ပင့်ဖိတ်၍ အကြီးအမှူးအဖြစ် တင်မြှောက်ခဲ့ကြသည်။



၁၄-၂-၉၃ ဆရာတော် ဦးဝဏ္ဏသိရိ တရားဟောနေစဉ်

သို့အားဖြင့် ကုသိနာရုံဆရာတော်သည် ၁၉၉၁-ခုနှစ် တနှစ်ပတ်လုံး အာဂရာ, ကန်ပူ, အေလာဟာဗဒ်, ဝိဇယနဂရ- အစရှိသော မြို့နယ်အသီးသီးတို့၌ ကျင်းပသော ဗုဒ္ဓဘာသာ ခံယူပွဲများသို့ တစ်ပွဲပြီး တစ်ပွဲ တက်ရောက်နေခဲ့ရသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူများအား ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းပေးပြီးလျှင် ရှင်ပြုလို, ရဟန်းခံလိုသော ဒေသခံ တိုင်းရင်းသားတို့အား ရှင်ပြုပေးခြင်း, ရဟန်းခံပေးခြင်း လုပ်ငန်းများကို ဆက်တိုက်လိုပင် ဆောင်ရွက်နေခဲ့ရလေသည်။ ၁၉၉၁-မှ ၁၉၉၂-ထဲသို့ ကူးပြောင်းလာသည့်တိုင်အောင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသော အိန္ဒိယတိုင်းရင်းသားများမှာ ဝင်လာမစဲ တသဲသဲ ရှိခဲ့လေသည်။

၁၉၉၃-ခုနှစ်တွင်မူ ကုသိနာရုံ၏အလှည့်သို့ ရောက်လာသည်။ ကုသိနာရုံတွင် ဆရာတော်ကြီး ဦးစန္ဒိမဏိလက်ထက်မှ စ၍ နှစ်စဉ် ဗုဒ္ဓဇယန္တီပွဲတော်နှင့် အခါအားလျော်စွာ အခြားဗုဒ္ဓဘာသာပွဲတော်များ ကျင်းပခဲ့သည်။ သို့ရာတွင် ကြီးကျယ်သော ဗုဒ္ဓဘာသာ ခံယူပွဲများကား တစ်ကြိမ်တစ်ခါမျှ ကျင်းပခဲ့ဖူးခြင်း မရှိသေးချေ။ အကြောင်းကား ဇာတ်နိမ့်, ဇာတ်မြင့်များကြောင့် ဖြစ်ပါသည်။ ဇာတ်နိမ့်များကို ကျောင်းသို့ ဝင်,ထွက်လာခဲ့ပါမူ ဇာတ်မြင့်များ ဝင်,ထွက်ခြင်း ပြုကြမည် မဟုတ်ပါ။ ယခုနှစ်တွင်မူ ဒေသခံ တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်တို့၏ လိုလားတောင့်တချက်အရ ကုသိနာရုံ၌ ထူးခြားသော ဗုဒ္ဓဘာသာပွဲတော်ကြီးကို ကျင်းပခဲ့သည်။ ဆရာတော် အရှင်ဉာဏိဿရသည် ထိုပွဲတော်ကြီး ဖြစ်မြောက်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ၆-လခန့် အချိန်ယူ၍ ပြုလုပ်ခဲ့ရလေသည်။


ကုသိနာရုံ ဗုဒ္ဓဘာသာပွဲတော်ကြီးကို ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၂-ရက်နေ့မှ ၁၅-ရက်နေ့အထိ ၄-ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပွဲတော်ကျင်းပရာ ဌာနကား ရှေးခေတ် မလ္လာမင်းတို့၏ "ဥပဝတ္တန"ခေါ် အင်ကြင်းဥယျာဉ်အလယ်ရှိ မြန်မာဗုဒ္ဓဘာသာကျောင်း

(Burmese Buddhist Temple)တွင် ဖြစ်၏။ ဤပွဲတော်ကို အိန္ဒိယနိုင်ငံ အတွင်းရှိ ယူပီပြည်နယ်, ဗီဟာပြည်နယ်, မဈျပဒေသပြည်နယ်, ရာဂျ-ဆထန်(တန်)ပြည်နယ်တို့မှ ထောင်ပေါင်းများစွာသော လူများနှင့် နယူး-ဒေလီမြို့တော်မှ အိန္ဒိယနိုင်ငံ၊ ပြည်ထဲရေးဌာန၊ ဒုတိယဝန်ကြီးတို့လည်း တက်ရောက်ကြမည် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ **နိုင်ငံတော် သံဃ-မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိ** (အဂ္ဂမဟာပဏ္ဍိတ)အားလည်း အထူးတလည် ပင့်ဖိတ်ထားလေသည်။

ပွဲတော်ရက်များအတွင်း ထောင်ပေါင်းများစွာသော ရဟန်း,ရှင်,လူ ပရိသတ်တို့အတွက် တည်းခိုနေထိုင်ရေး, ကျွေးမွေးဧည့်ခံရေး တာဝန်များကား အလွန်ပင် ကြီးမားလှ၏။ သို့သော် ယင်းတာဝန်များကို ကုသိနာရုံ ဆရာတော်နှင့် တပည့် တကာတို့က ချောမောပြေလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ ထို့ပြင် ဗုဒ္ဓဘာသာအပေါ် မနာလိုမရှုစိမ့် ရှိနေကြသည့် အယူသည်း ဒေသခံ တိုင်းရင်းသားအချို့၏ ဗုဒ္ဓဘာသာပွဲတော်ကြီး ပျက်ပြားအောင် လှုံ့ဆော်ဖျက်ဆီးမှုများကိုလည်း အောင်မြင်စွာ တွန်းလှန်ကျော်လွှားနိုင်ခဲ့ကြလေသည်။

## ၁၂-၂-၉၃၊ သောကြာနေ့

ဗုဒ္ဓဘာသာပွဲတော်၏ ပထမနေ့ဖြစ်သော ၁၉၉၃-ခု၊ ဖေဖော်ဝါရီလ၊ ၁၂-ရက်၊ သောကြာနေ့၊ ညနေ ၂-နာရီ အချိန်တွင် ပြည်နယ်အသီးသီးမှ ရောက်လာကြသည့် တိုင်းရင်းသား လူကြီး,လူငယ် ၁၂၈-ဦးတို့က ရှင်သာမဏေအဖြစ်၊ မိန်းကလေး ၂-ယောက်တို့က သီလရှင်အဖြစ် ခံယူခဲ့ကြသည်။ ရှင်သာမဏေအဖြစ် ခံယူသူများထဲတွင် ဂါဂျီးပူရ်မြို့မှ **စက်ရှင်တရားသူကြီး သီရိဗိန္ဒြာပရာဆာဒ်**, အေလာဟာဗဒ်မြို့မှ **ဟိုက်ကုတ်ရှေ့နေ သီရိဂုရုပြဆာဒ်မဒန်း**, ဂေါရခ်ပူရ်တက္ကသိုလ် ဥပဒေဌာနမှ **ပါမောက္ခ**



**ရဟန်းနှင့် ကလေးများ စီတန်း၍ ထွက်လာစဉ်**

**သီရိရာမနရေ့ဆ်ချောင်ဒရီ**, ဝိကာဆ်ဒ်ခန္ဒ တရားသူကြီး, ရှေ့နေ, အင်ဂျင်နီယာ, ကျောင်းဆရာနှင့် ကျောင်းသားများ ပါဝင်ပါသည်။

ထိုနေ့ ကျင်းပသော သာသနာပြုပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးဆောင် ဆရာတော်ဘဒ္ဒန္တဝဏ္ဏသီရိက အမျိုးသား ၁၂၈-ဦးတို့အား သရဏဂုံ ၃-ပါးနှင့် ၁၀-ပါးသီလ ဆောက်တည်ပေးပြီး ရှင်သာမဏေ ပြုပေးသည်။ အမျိုးသမီး ၂-ဦးအားလည်း သီလရှင် ပြုပေးပါသည်။ ထို့အပြင် အဆိုပါ ရှင်သာမဏေလောင်း, သီလရှင်လောင်း

တို့နှင့်အတူ လိုက်ပါလာကြသည့် ယင်းတို့၏ ဆွေမျိုးဉာတိနှင့် မိတ်ဆွေ သင်္ဂဟပေါင်း ၅,၀၀၀-ကျော်တို့အားလည်း သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ဆောက်တည်စေပြီး ဗုဒ္ဓဘာသာဝင်အဖြစ်သို့ သွတ်သွင်းပေးတော်မူခဲ့ လေသည်။ ထိုနေ့-ညတွင် ပွဲတော်လာ ပရိသတ်တို့အား အိန္ဒိယအစိုးရ သေရည်သေရက်သောက်မှု တားဆီးရေးဌာနမှ ပညာပေး ရုပ်ရှင်ကားများ ပြသပါသည်။

## ၁၃-၂-၉၃၊ စနေနေ့

၁၉၉၃-ခု၊ ဖေဖော်ဝါရီလ၊ ၁၃-ရက်၊ စနေနေ့၊ နံနက် ၆-နာရီ အချိန်တွင် ယမန်နေ့က သက်န်းဝတ်ခဲ့ကြသော ရှင်သာမဏေ ၁၀၀-ကျော် နှင့် ပြည်နယ်အသီးသီးမှ ကြွရောက်လာကြသော ရဟန်း, သာမဏေ ၂၀၀-ကျော်တို့ စုပေါင်းလျက် မဟာပရိနိဗ္ဗာနရုပ်ပွါးတော်ကြီးရှေ့၌ ဘုရား ဝတ်ပြုကြသည်။ ထို့နောက် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**အစရှိသော သရဏဂုံ ပါဠိကို ညီညွတ်စွာ ရွတ်ဆိုကြကုန်လျက် မဟာပရိနိဗ္ဗာနရုပ်ပွါးတော်အနီး မြန်မာကျောင်းတိုက်အတွင်း မင်္ဂလာမဏ္ဍပ်ကြီးတွင် ညနေဘက် တရားပွဲ ကျင်းပရာ **S.N. ဆုဘာရာဝ်**-ဆိုသူက တရားဟောပြီး ဆရာတော်များက လူပေါင်း ၅,၀၀၀-ကျော်တို့အား သရဏဂုံ ၃-ပါး ဆောက်တည်စေပြီးမှ ဗုဒ္ဓဘာသာ သွင်းပေးခဲ့ကြပါသည်။


နံနက် ၇-နာရီကျော် အချိန်တွင် မြေသပိတ်များဖြင့် ဆွမ်းခံ၍ အရုဏ်ဆွမ်း စားကြသည်။ အရုဏ်ဆွမ်း စားပြီးသောအခါ ကုသိနာရုံ ဆရာတော် အရှင်ဉာဏိဿရက ရှင်သာမဏေသစ်များအား ရှင်သာမဏေ တို့ လိုက်နာစောင့်ထိန်းရမည့် ရှင်ကျင့်ဝတ်များကိုလည်းကောင်း ဝိပဿနာ ရှုမှတ်နည်းကိုလည်းကောင်း သင်ကြားညွှန်ပြပေးပါသည်။ ထို့ပြင် နောက်ထပ် သက်န်းဝတ်လိုသည့် အမျိုးသား ၃၀-ကျော်တို့အားလည်း ရှင်သာမဏေ ပြုပေးပါသည်။

ယမန်နေ့က သက်န်းဝတ်ခဲ့သော ရှင်သာမဏေ ၁၂၈-ပါးနှင့် ဆိုသော် ရှင်သာမဏေပေါင်း ၁၆၃-ကျော် ဖြစ်သွားပါသည်။ နောက်ထပ်လည်း ရှင်သာမဏေဝတ်လိုသူများ ရှိနေပါသေးသည်။ သို့သော် သက်န်း, သပိတ်, ပရိက္ခရာ မပြည့်စုံသောကြောင့် ထိုလူများကို ချန်ထားခဲ့ရပါသည်။



**သိမ်တက်၍ ရဟန်းဖြစ် ခံယူဆောက်တည်အပြီး သိမ်ဆင်းလောင်းလှူနေကြစဉ်**

နေ့ခင်း ၂-နာရီအချိန်တွင် ဗုဒ္ဓဘာသာခံယူပွဲနှင့် တရားပွဲ ကျင်းပပါသည်။ ထိုပွဲသို့ ပရိသတ် ၂၀,၀၀၀-ကျော် တက်ရောက်၍ အထူးဧည့်သည်တော် ၁-ဦးလည်း ပါဝင်ပါသည်။ အထူးဧည့်သည်တော်မှာ **အက်စ်-အင်န်ဆူဘာရာအို**-ဆိုသူ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မှာ ကွယ်လွန်သူ အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီးမဟတ္တမဂန္ဓီ၏ တပည့်ဖြစ်ပြီး လူမျိုးအချင်းချင်း,



**ဆရာတော်ကြီးများ သိမ်ဆင်းလောင်းခံယူနေပုံ**

ဘာသာအချင်းချင်း ခွဲခြားမှု မပြုဘဲ သွေးစည်းညီညွတ်ရေးကို လှုံ့ဆော်ဟောပြောနေသူ ဖြစ်ပါသည်။ သူသည် တခါက ဓားပြအဖွဲ့တစ်ဖွဲ့အား အလင်းသို့ ဝင်ရောက်လာအောင် စည်းရုံးပြီး ယင်းတို့၏ သား,မယားများအားလည်း ကောင်းမွန်စွာ နေထိုင်၍ အသက်မွေးဝမ်းကျောင်း အလုပ်များ လုပ်ကိုင်နိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။

ထိုနေ့ အခမ်းအနားတွင် ဂေါရခ်ပူရ်တက္ကသိုလ်မှ ပါမောက္ခ သီရိရာမ်နရေဆ်ချောင်ဒရီ-က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဗေဒပြကာဆ်ပန္ဒေ-က မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့က ဗုဒ္ဓဘာသာဆိုင်ရာ အကြောင်းအရာများကို တလှည့်စီ ဟောပြောကြသည်။ နောက်ဆုံးတွင် အခမ်းအနားသို့ တက်

ရောက်လာသော ပရိသတ် ၂၀,၀၀၀-ကျော်တို့က မြန်မာနိုင်ငံမှ ကြွရောက်လာသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိထံ၌ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ခံယူ ဆောက်တည်ကြပြီး ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူလိုက်ကြပါသည်။

ဘာသာရေး အခမ်းအနားအပြီးတွင် ကမ္ဘာကျော် မျက်လှည့်ဆရာ **မဒန်းကုန္ဒု**-က ပရိသတ်များအား မျက်လှည့်ဖြင့် ဖြေဖျော်သည်။ ယူပီပြည်နယ်အစိုးရ၊ ပြန်ကြားရေးဌာနနှင့် ဗဟိုအစိုးရ ရုပ်ရှင်ဌာနမှလည်း ရုပ်ရှင်ကားများ ပြသခဲ့ပါသည်။

ထိုနေ့ ညနေပိုင်းတွင် ရှင်သာမဏေ ၁၀-ပါးတို့အား ရဟန်းခံပေးခဲ့ပါသည်။

## ၁၄-၂-၉၃၊ တနင်္ဂနွေနေ့

၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄-ရက်၊ တနင်္ဂနွေနေ့တွင်လည်း နံနက် ၆-နာရီမှ စ၍ မဟာပရိနိဗ္ဗာနရုပ်ပွါးတော်ကြီး ရှေ့၌ ဘုရားရှိခိုးပြီး ကုသိနာရုံမြို့ကို ၁-ပတ် ပတ်ပါသည်။ ၇-နာရီအချိန်တွင် သပိတ်ဖြင့် ဆွမ်းခံ၍ အရဏ်ဆွမ်း စားကြသည်။ ထို့နောက် ရှင်သာမဏေများအား ရှင်ကျင့်ဝတ်နှင့်အညီ နေပုံ,ထိုင်ပုံများကို သင်ကြားဆုံးမသည်။ ၁၀-နာရီခွဲတွင် ရဟန်း,သာမဏေတို့အား နေ့ဆွမ်းကပ်ပါသည်။

၁၄-ရက်နေ့ နေ့ခင်းပိုင်းတွင် ဦးစန္ဒိမဏိရုပ်တုနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပပါသည်။ ထိုပွဲသို့ တက်ရောက်ရန် အိန္ဒိယပြည် ဗဟိုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် ၂-နာရီအချိန်တွင် ဆိုက်ရောက်လာပါသည်။ ဝန်ကြီးအား ဆရာတော် ဦးစန္ဒိမဏိ မူလတန်းကျောင်းမှ ကျောင်းသား, ကျောင်းသူကလေးများက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံပါဠိများ ရွတ်ဆိုကာ ပန်းများဖြင့် ကြဲဖြန့်၍

လည်းကောင်း ကျောင်းဆရာ, ဆရာမများက ပန်းကုံးစွပ်၍လည်းကောင်း ကြိုဆိုကြပါသည်။ ဝန်ကြီးက **ကျောင်းဆောင်သစ်နှင့် ရုပ်တုကို ဖဲကြိုး** ဖြတ်၍ ဖွင့်လှစ်ပေးပြီး **ရွှေမြင်တင် ဦးညို**-က ထုတိမင်္ဂလာ ရတုပိုဒ်စုံကို ရွတ်ဆို ဂုဏ်ပြုပါသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်၊ **ဖားအံမြို့မှ ဦးဘိုးရင်၊ ဒေါ်ခင်သန့်၊** သမီး-**ဒေါ်စောတင်၊** သား-**ဦးတင်အောင်** နှင့် သားငယ်-**မောင်ဝင်းမြင့်**တို့က ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်ပါသည်။ ကျောင်းဆောင်သစ် ဖွင့်လှစ်ပြီးသည်နှင့် တပြိုင်နက် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ရူပီးငွေ ၂၀၀-စီပါသော လေဗူဖောင်းအလုံး ၂၀၀-ကို ကောင်းကင်သို့ ပစ်လွှတ်ခဲ့ကြလေသည်။

ထို့နောက် သံဃာတော်များ, ဝန်ကြီးနှင့် လူပရိသတ်များသည် ကျောင်းဆောင်ရှေ့ရှိ မဏ္ဍပ်ထဲ၌ နေရာယူကြပြီး ဆီမီးတိုင်များ ညှိထွန်းကာ အခမ်းအနားကို စတင်ပါသည်။ ရှေးဦးစွာ ပြည်နယ်ပေါင်းစုံမှ ရောက်ရှိလာကြသည့် ဗုဒ္ဓဘာသာဝင် လူထုပရိသတ်ကြီးက ဝန်ကြီးအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြသည်။ ကျောင်းသူလေး ၃-ဦးကလည်း ဓမ္မတေးလင်္ကာများနှင့် ဘာသာအချင်းချင်း စည်းလုံးညီညွတ်ရေး ကဗျာများကို ရွတ်ဆိုကြပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော လူထုပရိသတ် ၅-သောင်းကျော်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိထံ၌ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလကို ခံယူဆောက်တည်ကြပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြပါသည်။


ယင်းနောက်တွင် ကုသိနာရုံဆရာတော် ဦးဉာဏိဿရက နှုတ်ခွန်းဆက်စကား မြွက်ကြားသည်။ အရှင်ဓမ္မပီယ-ဟူသော ဘွဲ့အမည်ဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိနေသည့် ဟိုက်ကုတ်ရှေ့နေ ဂုရုပြဆာဒ်မဒန်းက

လည်း ကုသိနာရုံ ဗုဒ္ဓဘာသာ သာသနာပြုပွဲကြီး ဖြစ်မြောက်လာရပုံ အကြောင်းစုံကို ရှင်းလင်းတင်ပြပါသည်။

ယင်းနောက်တွင် ပြည်ထဲရေးဌာန၊ ဒုတိယဝန်ကြီးက မိန့်ခွန်း စကား မြွက်ကြားပြီး တရားသူကြီး ဗိန္ဒြပရာဆာဒ်က နိဂုံးချုပ် ကျေးဇူးတင် စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

အခမ်းအနားအပြီးတွင် ကမ္ဘာကျော် မျက်လှည့်ဆရာ မဒန်းကုန္ဒု က ပရိသတ်များအား မျက်လှည့်ဖြင့် ဖြေဖျော်ပါသည်။ ညပိုင်းတွင်လည်း ပြည်နယ်နှင့် ဗဟိုအစိုးရ ရုပ်ရှင်ဌာနတို့မှ ရုပ်ရှင်ကားများ ပြသပါသည်။

ဖေဖော်ဝါရီလ၊ ၁၂-ရက်နေ့နှင့် ၁၃-ရက်နေ့တို့၌ သင်္ကန်းဝတ်ခဲ့ ကြသော ရှင်သာမဏေ ၁၆၀-ကျော်တို့ထဲမှ ရဟန်းခံလိုသူ ၂၅-ဦး ရှိခဲ့ သည်။ ယင်းတို့အနက် ရှင်သာမဏေ ၁၀-ပါးကို ၁၃-ရက်နေ့က ရဟန်းခံ ပေးခဲ့သည်။ ၁၄-ရက်နေ့ ညနေတွင် ကျန်-ရှင်သာမဏေ ၁၅-ပါးကို ရဟန်း



ဘုရားဝတ်ပြု ပူဇော်နေကြစဉ်

ခံပေးခဲ့ပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံ၊ ပြည်နယ်အရပ်ရပ်မှ ကြွရောက်လာကြသော ဆရာတော်များ၏တပည့် ရှင်သာမဏေများကိုလည်း ရဟန်းခံပေးခဲ့ကြပါသည်။ ထိုရှင်သာမဏေ ၂၅-ပါးကို ရဟန်းခံပေးရာတွင် အချိန်ကြန့်ကြာမှုလည်း မရှိ၊ ဝိနည်းဥပဒေနှင့်လည်း အညီ ၃-ပါး ၁-တွဲစီ ကမ္မဝါ ဖတ်၍ ကံပြုပေးပါသည်။ ဆရာတော် အရှင်ဉာဏိဿရက ရဟန်းလောင်းဆုံးမ၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိ-က ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်ပါသည်။ ကရင်ပြည်နယ်၊ ရဲကျောင်းဆရာတော်, တောင်ကလေးဆရာတော် အရှင်ပညာသာမိ (တောမှီရဟန်း) နှင့် ကုသိနာရုံ အရှင်နာယက- စသော မြန်မာဆရာတော်များက ကမ္မဝါ ရွတ်ဖတ်ကြပါသည်။

ထိုနေ့ ရဟန်းခံပွဲ ပြီးဆုံးသောအခါ ယမန်နေ့က သိမ်ဝင်ခဲ့သော ရဟန်းသစ် ၁၀-ပါးနှင့်အတူ ရဟန်းသစ် ၂၅-ပါးတို့အား ထိုအခမ်းအနားသို့ တက်ရောက်သော အိန္ဒိယ,မြန်မာ ပရိသတ်များက ဆပ်ပြာ, သွားတိုက်ဆေး, နဝကမ္မဝတ္ထုငွေ- စသော လှူဖွယ်ဝတ္ထုများဖြင့် ရွှင်လန်းဝမ်းမြောက်စွာ သိမ်ထွက်ဒါန လောင်းလှူကြပါသည်။

## ၁၅-၂-၉၃၊ တနင်္လာနေ့

၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅-ရက်နေ့တွင်လည်း ယမန်နေ့များနည်းတူ နံနက် ၆-နာရီမှစ၍ ရှင်သာမဏေနှင့် ရဟန်းသစ်များ စုဝေးကာ ဘုရားရှိခိုးခြင်း၊ ကုသိနာရုံမြို့တစ်ပတ် လှည့်လည်ခြင်းများ ပြုလုပ်ပြီး ၇-နာရီအချိန်တွင် အရုဏ်ဆွမ်း ကပ်ပါသည်။ အရုဏ်ဆွမ်း စားပြီးသောအခါ ရှင်သာမဏေနှင့် ရဟန်းသစ်များအား တရားပြပါသည်။

၁၁-နာရီအချိန်တွင် နေ့ဆွမ်းကပ်ပြီးနောက် နေ့လယ်ဖက်၌ ကုသိနာရုံကျောင်းအနီးရှိ ဗုဒ္ဓဒိဂရီ အထက်တန်းကောလိပ်ကျောင်းရှေ့တွင် ဗုဒ္ဓရုပ်ပွါးတော်ကြီး ၁-ဆူ ထားရှိမည့် ကျောင်းဆောင်သစ်အတွက် အုတ်မြစ်ချပွဲ ကျင်းပပါသည်။

ထိုအခမ်းအနားသို့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိ အမှူးရှိသော မြန်မာ,အိန္ဒိယ ရဟန်းတော်များ အိန္ဒိယ တိုင်းရင်းသား သာမဏေများနှင့် လူထုပရိသတ်များ တန်းစီ၍ သွားကြရာ ကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ, ဆရာမများ၊ ကျောင်းသူ, ကျောင်းသားများက ကျောင်းရှေ့မှ နေ၍ ဝမ်းမြောက်ရွှင်လန်းစွာ ပန်းကုံးများ စွပ်၍ ကြိုဆိုကြပါသည်။ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က ဖော်ပြပါ ကောလိပ်ကျောင်းရှေ့တွင် ဆောက်လုပ်မည့် ဘုရားကျောင်းဆောင်



ကုသိနာရုံသာသနာပြုပွဲတွင်
တိဗက်လားမားဘုန်းကြီးများ ပူဇော်နေပုံ

နေရာ၌ စာတမ်းရေးထိုးထားသော ကျောက်ပြားကို အင်္ဂတေဖြင့် အုတ်မြစ်ချပေးပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ, ဆရာမနှင့် ကျောင်းသူ, ကျောင်းသား ၈,၀၀၀-ကျော်တို့က တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံ၌ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလကို ခံယူဆောက်တည်ကြပါသည်။

အထက်ပါ ဗုဒ္ဓဒီဂရီကောလိပ်ကျောင်းရှေ့၌ ထားရှိပူဇော်ရန် အတွက် ဉာဏ်တော် ၃-တောင်ခန့်ရှိသော ဗုဒ္ဓရုပ်ပွါးတော်ကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က မြန်မာပြည်မှ ကုသိနာရုံသို့ အရောက်ပေးပို့လှူဒါန်းမည် ဖြစ်ပါသည်။

တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အမှူးရှိသော ရဟန်း,ရှင်, လူ ပရိသတ်တို့သည် ဗုဒ္ဓဒီဂရီကောလိပ်မှတဆင့် ဆရာတော် ဦးစန္ဒိမဏိတည်ထောင်ခဲ့သည့် ဥပစာကောလိပ်ကျောင်းသို့ ဆက်လက် ကြွသွားကြပါသည်။ ထိုကျောင်းမှ ကျောင်းအုပ်ကြီးနှင့်တကွ ဆရာ, ဆရာမ၊ ကျောင်းသူ, ကျောင်းသားများက လှိုက်လှဲစွာ ကြိုဆိုကြပါသည်။ ရှေးဦးစွာ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား လျှောက်ထားပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က ဩဝါဒကထာ ပြန်လည် မြွက်ကြားပါသည်။ ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရက ဘာသာပြန်၍ ဟောပြောခဲ့ပါသည်။


ထို့နောက် အစီအစဉ်အရ ထိုဥပစာကောလိပ်တွင် ဆောက်လုပ်မည့် ကျောင်းဆောင်သစ်အတွက် စာတမ်းရေးထိုးထားသော ကျောက်ပြားကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အုတ်မြစ်ချပေးပါသည်။ ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာ၌ အုတ်မြစ်ချပြီးသောအခါ ဆရာ, ဆရာမများနှင့် ကျောင်းသူ, ကျောင်းသား ၄,၀၀၀-ကျော်တို့က ဆရာတော်ကြီးထံ၌ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ခံယူဆောက်တည်ကြပါသည်။

တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှင့် ရဟန်း,ရှင်,လူ ပရိသတ်တို့သည် ဥပစာကောလိပ်မှတဆင့် ကုသိနာရုံနှင့် ၃-ကီလိုမီတာ ခန့် ဝေးသော **ဆီဆဝရွာ**သို့ ဆက်လက်ကြွသွားကြပါသည်။ ဆီဆဝရွာ အနီး ဧက ၄၀-ခန့်ရှိသော ကုသိနာရုံကျောင်းပိုင် မြေကွက်များပေါ်၌ ဆရာတော်မဟာဝီရ အထိမ်းအမှတ် ထေရဝါဒ ဗုဒ္ဓဘာသာကောလိပ် ၁-ခု တည်ထောင်ဖွင့်ရန် အရှင်ဉာဏိဿရက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ထိုကောလိပ် ဆောက်လုပ်မည့်နေရာ၌လည်း တွဲဖက်အကျိုးတော် ဆောင် ဆရာတော်က အုတ်မြစ်ချပေးတော်မူခဲ့ပါသည်။

ဆီဆဝရွာမှ အပြန်ခရီးတွင် လမ်းခရီးရှိ အလယ်တန်းကျောင်းမှ ဆရာ, ဆရာမများက ဆရာတော်နှင့်အဖွဲ့အား ပင့်ဖိတ်၍ ပူဇော်ကန်တော့ ကြသည်။ ဆရာတော်က ဆရာ, ဆရာမများနှင့် ကျောင်းသူ, ကျောင်းသား ၁၅၀-တို့အား သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလများဖြင့် ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဆရာတော်နှင့် ပရိသတ်များသည် ကားကြီး, ကားငယ် တို့ဖြင့် ကာဆိယမြို့ကလေးသို့ ရောက်လာကြသည်။ သရဏဂုံ ၃-ပါး ပါဠိနှင့် ဓမ္မလင်္ကာများကို ရွတ်ဆိုလျက် ကာဆိယမြို့ကလေးမှ ကုသိနာရုံသို့ လှည့်လည်ခဲ့ကြရာ ညနေ ၆-နာရီအချိန်တွင် ကုသိနာရုံသို့ ပြန်လည် ဆိုက်ရောက်ကြပြီး ၄-ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော ကုသိနာရုံ ဗုဒ္ဓဘာသာ သာသနာပြုပွဲကြီး ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက် ခဲ့လေသည်။

အချုပ်အားဖြင့် ဆိုသော် ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်နေရာ၌ ကျင်းပခဲ့သော ဤဗုဒ္ဓဘာသာ သာသနာပြုပွဲကြီး သို့ အိန္ဒိယတိုင်းရင်းသား စုစုပေါင်း ၁-သိန်းခန့် တက်ရောက်၍ ဗုဒ္ဓ- ဘာသာဝင်များအဖြစ် ခံယူခဲ့ကြသည်။ အိန္ဒိယအမျိုးသား ၁၆၀-ကျော် ရှင်သာမဏေ ဝတ်ခဲ့ကြပြီး ယင်းတို့အထဲမှ ရှင်သာမဏေ ၂၅-ပါး ပဉ္စင်း



ကုသိနာရုံသာသနာပြုပွဲတွင် ကိုရီးယားဘုန်းကြီးက အိန္ဒိယပြည်ထဲရေး ဒုဝန်ကြီးအား စာအုပ်လက်ဆောင် ပေးနေပုံ

ဘောင်သို့ တက်ခဲ့ကြသည်။ အမျိုးသမီးငယ် ၂-ဦးလည်း သီလရှင် ဝတ်ခဲ့ကြလေသည်။

ပွဲတော်ရက်များအတွင်း ဦးစန္ဒြမဏိ ရုပ်တုတော် တည်ရှိရာ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ခဲ့ပြီး အခြား ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦး ၃-ခုတို့ အတွက်လည်း အုတ်မြစ်ချနိုင်ခဲ့ပေသည်။ ပွဲတော်သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိ အမှူးရှိသော မြန်မာရဟန်းတော် ၂၅-ပါး, အိန္ဒိယရဟန်းတော် ၄၀၀-ကျော်နှင့် အိန္ဒိယနိုင်ငံ၊ ဗဟိုအစိုးရ ပြည်ထဲရေးဌာန၊ ဒုတိယဝန်ကြီးတို့ တက်ရောက်ခဲ့ခြင်းကြောင့်လည်း ပွဲတော်၏ ဆောင်ရွက်မှုများ ပိုမိုအောင်မြင်ခဲ့သည်-ဟု ဆိုရမည် ဖြစ်ပါသတည်း။

ဤပွဲတော်ရက်များအတွင်း ပြည်တွင်း,ပြည်ပ အမြို့မြို့အနယ်နယ်တို့မှ ကြွရောက်လာကြသည့် အိန္ဒိယ,မြန်မာ ရဟန်းသံဃာတော် ၄၀၀-ကျော်တို့အား ဥပါသကာပီပီ လေးမြတ်စွာ လုပ်ကျွေးပြုစုခဲ့သည့် မြန်မာနိုင်ငံမှ ဒကာကြီး **ရွှေမြင့်တင် ဦးညိုနှင့်** ထောင်ပေါင်းများစွာသော ရဟန်း, ရှင်,လူ ပရိသတ်တို့အား ကျွေးမွေးဧည့်ခံနိုင်ရန်အတွက် တိုင်းရင်းသူ, တိုင်းရင်းသား အလုပ်သမားတို့အား ကွပ်ကဲကြီးကြပ်လျက် ချက်ပြုတ်ကျွေးမွေးရေး ကိစ္စများကို မလစ်လပ်စေဘဲ နေ့ရော, ညပါ ၄-ရက်တိုင်တိုင် မနားမနေ ပြည့်စုံအောင် စီမံဆောင်ရွက်ပေးခဲ့သော **ရွှေရတု ဒေါ်သန်းတင်** တို့အားလည်း အထူးတလည် ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

**ဓမ္မာစရိယ ဦးမောင်မောင်လေး**

**အယ်ဒီတာချုပ်**

**မြတ်ပန်းဝေမဂ္ဂဇင်း**



နိုင်ငံတော် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဦးဝဏ္ဏသီရိနှင့် ဆရာတော်များအား ဗုဒ္ဓအင်တာကောလိပ်မှ
ဆရာများက ကြိုဆိုနေကြပုံ

# ရိုးမပေါ် ဖြတ်ကျော်ခဲ့ပြီ

## စစ်တွေမှ စာတစ်စောင်

၁၉၆၃-ခုနှစ်၊ ဩဂုတ်လ၊ ၁-ရက်နေ့၊ နံနက် ၁၀-နာရီလောက်တွင် မိမိသည် မင်္ဂလာဒုံလေဆိပ်၊ ပြည်ပဧည့်ခန်းဆောင်ထဲသို့ ရောက်ရှိလာပါသည်။ မိမိအား လိုက်ပို့ကြသော ဆရာသမား၊ မိဘ၊ ဆွေမျိုးများနှင့် ခွဲခဲ့ရပြီဖြစ်၍ စိတ်အားငယ်သလို ခံစားနေရပါသည်။ တစ်ကိုယ်တည်းဖြစ်၍ တွေးမိတွေးရာ တွေးနေစဉ် ကလကတ္တားသို့သွားမည့် ခရီးသည်များ လေယာဉ်ပေါ်သို့ တက်ကြရန် အသံချဲ့စက်မှ နှိုးဆော်လိုက်သည့် အသံကို ကြားရပါသည်။ ထိုအခါ လက်ဆွဲအိတ်ကို ဆွဲ၍ အခြားခရီးသည်များနှင့် ရောကာ လေယာဉ်ရှိရာဆီသို့ ထွက်ခဲ့ရပါသည်။ လေယာဉ်ပေါ်သို့ မတက်မီ လေယာဉ်လက်မှတ်ပြ၍ ထိုင်ခုံနံပါတ် ယူရပါသည်။ မိမိသည် လေယာဉ်ပေါ်သို့ ရောက်သောအခါ အချိန်မှာ ၁၀-နာရီ၊ ၁၅-မိနစ်ခန့် ဖြစ်၏။

လေယာဉ်ထိုင်ခုံပေါ်တွင် ထိုင်မိသောအခါ ဤလေယာဉ်ပေါ်သို့ မိမိရောက်လာခဲ့ပုံကို ပြန်ပြောင်းစဉ်းစားမိသည်။ လွန်ခဲ့သော ၃-လကျော် အချိန်လောက်က ဖြစ်သည်။ စစ်တွေမြို့၊ **စစ်ကဲတော်မင်းကျောင်း ဆရာတော်**ထံမှ စာ ၁-စောင် ရောက်လာသည်။ "ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ မကျန်းမမာ ဖြစ်နေ၍ ဆရာတော်ကြီးအား လုပ်ကျွေးပြုစုရန်နှင့် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံသို့ သွားရမည်"ဖြစ်ကြောင်း စာတွင် ပါရှိလာပါသည်။

ကမ္ဘာ့သာသနာပြု ဆရာတော်ကြီးကို လုပ်ကျွေးပြုစုရမည် ဆို၍ မိမိ ဝမ်းသာမိသည်။ **ဘုရားပွင့်တော်မူခဲ့ရာ အိန္ဒိယပြည်၌ သာသနာတော် ပြန်လည်ထွန်းကားရေးအတွက် မိမိစွမ်းနိုင်သလောက် ဆောင်ရွက်လိုသော ဆန္ဒများလည်း တဖွားဖွား ပေါ်လာသည်။** ထို့ပြင် "ဘုရားပွင့်တော်မူခဲ့ရာ **ဗုဒ္ဓဂယာ**, တရားဦး ဟောတော်မူခဲ့ရာ **မိဂဒါဝုန်**, ပရိနိဗ္ဗာန်ပြုတော်မူခဲ့ရာ **ကုသိနာရုံ**-စသော ဌာနများသို့ ရောက်ရတော့မည်"ဟူသော မျှော်လင့်ချက်ကြောင့်လည်း စိတ်ဓာတ် အထူးထက်သန်လာခဲ့လေသည်။

## ခရီးထွက်ရန် ပြင်ဆင်မှုများ

သို့အားဖြင့် စစ်တွေဆရာတော်ထံမှ စာကို ရရှိသည့်နေ့မှ စ၍ နိုင်ငံကူးလက်မှတ် လျှောက်ထားရေးကိစ္စကို ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ ဆရာတော် **ဦးမဟိန္ဒ**၏ လမ်းညွှန်မှုဖြင့် ၂၉-လမ်း၊ "**ကံလှိုင်ဘုရားသား**"နှင့် ဆက်သွယ်လျက် ပတ်စ်ပို့လျှောက်လွှာများကို ဖြည့်စွက်ရေးသွင်းပြီး သက်ဆိုင်ရာဌာနသို့ တင်ထားခဲ့လေသည်။

အချိန်မှာ ၁-လကျော် ၂-လမျှ ကုန်သွားသည်။ မကြာခဏ သွားရောက်စုံစမ်းသော်လည်း သတင်းထူး မရခဲ့။ တစ်နေ့တွင်မူ ၄၂-လမ်း၊



**ကုသိနာရုံဆရာတော် က သရဏဂုံတည်ရန်**

**ရွတ်ဆိုပို့ချပေးနေပုံ**

ဦးဖိုးအောင်အိမ်၌ ဆွမ်းခံရင်း အိန္ဒိယသို့ သွားရန် ပတ်စ်ပို့လျှောက်ထားကြောင်း တကာ **ဦးဖိုးအောင်**နှင့် စကားစပ်မိသည်။ ဦးဖိုးအောင်က သက်ဆိုင်ရာဌာနမှ အရာရှိ ၁-ယောက်နှင့် ဆက်သွယ်ပေးသည်။ ထိုအရာရှိ၏ ချိန်းဆိုချက်အရ နောက်တစ်နေ့တွင် လိုအပ်သော စာရွက်စာတမ်းများ ယူဆောင်ပြီး ရုံးသို့ သွားခဲ့ရာ ၁၉၆၃-ခုနှစ်၊ မေလ ၂-ရက်နေ့တွင် နိုင်ငံကူးလက်မှတ်ကို အလွယ်တကူ ရရှိခဲ့သည်။ သို့ဖြစ်၍ ဝါမဆိုမီ ကုသိနာရုံသို့ ရောက်နိုင်လိမ့်မည်-ဟုလည်း မျှော်လင့်ခဲ့လေသည်။

နိုင်ငံကူးလက်မှတ် ရရှိပြီးနောက် ဗီဇာနှင့် နိုင်ငံခြားသုံးငွေ ရရှိရေးကိစ္စများကို ဆက်လက်ဆောင်ရွက်သည်။ မေလ ၃-ရက်နေ့တွင် ဆရာတော် ဦးမဟိန္ဒနှင့်အတူ **ဦးမောင်မောင်တင်**ထံ သွား၍ နိုင်ငံခြားသုံးငွေလဲလှယ်ခွင့် ရရှိရန် လျှောက်လွှာတင်ခဲ့သည်။ တစ်နေ့ပြီးတစ်နေ့ စောင့်မျှော်နေခဲ့သော်လည်း အိန္ဒိယ၌ နေထိုင်ခွင့် ဗီဇာရပြီးနောက် အတော်ကြာသည့်တိုင်အောင် ငွေကိစ္စက အမိန့်ကျ မလာ။ ထို့ကြောင့် ဒုတိယအကြိမ်ဗီဇာထပ်ယူရပြန်သည်။ ထို့နောက် ဦးမောင်မောင်တင်၏ အကူအညီဖြင့် ပြည်ထောင်စုဘဏ်သို့ ကိုယ်တိုင်လိုက်သွားရာ သာသနာပြု ခရီးအတွက် ၃၀၀-ကျပ်တန် ချက်လက်မှတ် ၁-စောင်နှင့် အိန္ဒိယ ရူပီးငွေ ၅၀-ရရှိခဲ့လေသည်။

နိုင်ငံကူးလက်မှတ်လည်း ရပြီ၊ ဗီဇာလည်း ရပြီ၊ နိုင်ငံခြားငွေလည်း ရပြီ၊ ဘာလိုသေးလဲ။ အထုပ်အပိုး ပြင်ဆင်ရန်သာ ရှိတော့သည်။ အထုပ်အပိုး ပြင်ဆင်ရာတွင် မိမိနှင့်အတူ ယူဆောင်သွားရမည့် ပစ္စည်းများကို စဉ်းစားရသည်။ ထိုပစ္စည်းများတွင် ဆေးဝါးပစ္စည်းများကို ပထမဦးစားထား၍ စဉ်းစားရသည်။ သူတပါးနိုင်ငံတွင် နှစ်ရှည်လများ နေမည်ဆိုလျှင် ကျန်းမာရေးမှာ အရေးကြီးဆုံးဖြစ်သည်။ "သက်တော် ၉၀-ကျော်ဆရာတော်ကြီးကို လုပ်ကျွေးပြုစုရန် လာပါသည်" ဆိုသူက ဟိုရောက်မှမကျန်းမမာဖြစ်နေလျှင် ဒုက္ခ။ ပြီးတော့ ဆရာတော်ကြီးအတွက်လည်းသင့်လျော်လျောက်ပတ်သော ဆေးဝါးခာတ်စာများပါ သင့်သလောက်ပါသွားလျှင် ကောင်းမည်။

ဤကိစ္စအားလုံးကို မိမိတစ်ဦးတည်း လုပ်ဆောင်နိုင်မည် မဟုတ်။ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်မှ ပြည့်ပြည့်စုံစုံ ဖြစ်နိုင်မည်။ ထို့ကြောင့် ၂၄-လမ်းမှ ဦးချိန်တင်၊ ဒေါ်ငွေကျင်တို့ကို တာဝန်ပေးရသည်။ လိုအပ်သမျှပစ္စည်းများကို သူတို့ကပင် စုံစုံစေ့စေ့ဖြစ်အောင် ဝယ်ခြမ်းစုဆောင်းပေး

ကြသည်။ ပစ္စည်းများ ဝယ်ယူရာတွင် နိုင်ငံခြားသို့ ယူဆောင်ခွင့်ရှိသော ပစ္စည်းများဖြစ်ရန်နှင့် ယူဆောင်ခွင့် ရှိသည်ထက်လည်း မပိုစေရန်အတွက် အကောက်ခွန်ဌာနမှ ကျွမ်းကျင်သူတို့နှင့်လည်း ညှိနှိုင်းတိုင်ပင်ရပါသည်။ သေချာသောအခါကျမှ သေတ္တာကြီး တစ်လုံးထဲတွင် အစီအစဉ်တကျ ထည့်၍ ပိတ်ရပါသည်။ ထွက်ခွါမည့်နေ့တွင် ထိုသေတ္တာကြီးကို ဒေါ်ငွေကျင်နှင့်သားများ ကုမ္ပဏီကပင် မော်တော်ကားဖြင့် လေဆိပ်သို့ ပို့ဆောင်ပေးခဲ့ပါသည်။

## လေယာဉ်ပေါ်မှ နေ့လယ်စာ

ဤသို့ဖြင့် တွေးမိတွေးရာ တွေးနေခဲ့ရာ လေယာဉ်ကြီး ဘယ်အချိန်က ထွက်ခွါလာပြီး ဘယ်နေရာသို့ ရောက်နေကြောင်းကိုပင် သတိမထားမိချေ။ မိမိရှေ့ရှိ စားပွဲငယ်လေးအပေါ်သို့ လေယာဉ်မယ်လေးက နေ့လယ်စာ ဇုန်းလာချပေးမှ အတွေးအလျှဉ် ပြတ်သွားပါသည်။ နံနက် ၄-နာရီကပင် အိပ်ရာမှ ထခဲ့သော်လည်း ယခုအထိ ဘာမျှ မည်မည်ရရ မစားခဲ့ရသေး။ လုပ်စရာရှိသည်များကို တစ်ခုပြီးတစ်ခု လုပ်၍ ဒကာ, ဒကာမများ, မိတ်ဆွေများအားလည်း အဆက်မပြတ် နှုတ်ဆက်နေရသောကြောင့် ဆာရမှန်း မသိခဲ့။ ယခု နေ့လယ်စာ ဇုန်းလေးကို တွေ့ရမှ မွန်းတည့်ချိန်ပင် နီးကပ်နေပြီဖြစ်ကြောင်း သတိထားမိသည်။ ထို့ကြောင့် သူတို့ပေးသော နေ့လယ်စာကို ခပ်သုတ်သုတ်စားပြီး တစ်နေ့တာအတွက် ကျေနပ်လိုက်ရလေသည်။

မိမိ နေ့လယ်စာ စားပြီးသောအချိန်တွင် လေယာဉ်ကြီးမှာ ရခိုင်ရိုးမကို ကျော်ဖြတ်နေလေပြီ။ မွေးရပ်မြေဖြစ်သော ရခိုင်ပြည်မှ ရန်ကုန်ဘက်သို့ မိမိ ထွက်ခွါလာခဲ့သည်မှာ ၁၃-နှစ်မျှ ကြာမြင့်လေပြီ။ လေယာဉ်ပြတင်းပေါက်မှနေ၍ အောက်သို့ လှမ်းကြည့်မိသည်။ ဘယ်မှာလဲ မင်းပြား? ဘယ်မှာလဲ ကျိန်းတောင်? ဘယ်မှာလဲ ဇီးပင်ကြီးရွာကလေး? ဘာမျှ မတွေ့ရ၊ ပြာလွင်သော ပင်လယ်ပြာကြီးကိုသာ မြင်တွေ့နေရလေသည်။

## ကလကတ္တားလေဆိပ်မှ ယောင်လည်လည်

သို့အားဖြင့် မကြာမီ ကလကတ္တားလေဆိပ်သို့ လေယာဉ် ဆင်းသက်တော့မည်ဖြစ်၍ ခါးပတ် စည်းထားကြရန်, ဆေးလိပ်မသောက်ကြရန် သတိပေးသော လေယာဉ်မယ်၏အသံကို ကြားရသည်။ လေယာဉ်သည် ချောမောစွာဖြင့်ပင် ကလကတ္တားလေဆိပ်သို့ ဆင်းသက်ခဲ့လေသည်။ လေယာဉ် စက်ရပ်လိုက်သည်နှင့် တပြိုင်နက် ခရီးသည်များ အားလုံး လက်ဆွဲအိတ် ကိုယ်စီဆွဲကာ လေယာဉ်ပေါ်မှ ဆင်းလာခဲ့ကြသည်။ မိမိတို့ ပစ္စည်းများကို ရွေးချယ်ထုတ်ယူရမည့်နေရာသို့ ရောက်လာခဲ့ကြသည်။

**တိုင်းတပါး မြေပေါ်သို့ ခြေချနိုင်ခဲ့လေပြီ။ သို့သော် မိမိမှာမူ ဘာသာခြားစကား မတတ်သဖြင့် ဘာလုပ်ရမှန်း မသိ၊ ခပ်အအ ဖြစ်နေသည်။** ထိုင်ခုံ တစ်လုံးပေါ်တွင် ထိုင်လျက် မိမိအား လာရောက်ကြိုဆိုမည့်သူကိုသာ စောင့်မျှော်နေရသည်။ တကယ်တော့ မိမိသည် ရန်ကုန်မှာနေစဉ်က ပုဇွန်တောင်၊ ဦးနန္ဒကျောင်းသို့ တက်၍ အင်္ဂလိပ်စာ သင်ယူခဲ့သည်။ ၂-နှစ်မျှသော အချိန်အတွင်း ၇-တန်းအဆင့်လောက်အထိ တတ်မြောက်ခဲ့သည်။ သို့သော် ဆရာတော်ကြီး မသိအောင် တိတ်တဆိတ် သင်ကြားခဲ့ရသဖြင့် တတ်သင့်သလောက် မတတ်ခဲ့။ စာကို အတော်အသင့် ရေးတတ်သော်လည်း စကားပြောတွင်မူ အလွန်ညံ့ဖျင်းခဲ့သည်။ ထို့ပြင် အိန္ဒိယသို့ သွားရတော့မည်ဆိုသည့် အချိန်မှစ၍ ကုလားစကားကိုလည်း အချိန်ရသမျှ သင်ယူကျက်မှတ်ခဲ့သည်။ ယခုမူ မိမိသင်ယူခဲ့သော အင်္ဂလိပ်စကား, ကုလားစကားများ ဘယ်ရောက်ကုန်ကြမှန်း မသိ။ စာတွေ့နှင့် လက်တွေ့ ကွာခြားပုံကို ကိုယ်တိုင်ခံစားနေရပါတော့သည်။

**ဟရိဗလ၊ ကုသိနာရုံ**

# ကလကတ္တား သို့မဟုတ် ဘုံခန်းနှင့် ငရဲခန်း

## ကလကတ္တား မြန်မာကျောင်း

"ဦးပဥ္စင်း----ဦးပဥ္စင်း"ဟု ခေါ်သံကို ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ ပုဏ္ဏားကျွန်းမှ ရန်ကုန်တက္ကသိုလ် ကျောင်းသား **မောင်ကျော်သာ**နှင့် ခပ်ဆင်ဆင်တူသော လူရွယ် ၁-ယောက်ကို တွေ့ရသည်။ ထိုလူသည် မကြာမီ မိမိအနားသို့ ရောက်လာပြီး မောင်ကျော်သာ၏ အစ်ကို **ဒေါက်တာဦးကျော်ခိုင်**ဖြစ်ကြောင်း, မောင်ကျော်သာက စာရေးထားသဖြင့် မိမိကို လာရောက်ကြိုဆိုခြင်းဖြစ်ကြောင်း ပြောပြသည်။ ထို့နောက် ဒေါက်တာဦးကျော်ခိုင်၏ ဦးဆောင်မှုဖြင့် ပစ္စည်းများ ထုတ်ယူ၍ စစ်ဆေးမှုခံယူပြီး လေဆိပ်အပြင်ဘက်သို့ ထွက်လာကြသည်။ လေဆိပ်အပြင်ဘက်တွင် အဆင်သင့် တွေ့ရှိရသော တက္ကစီကို ငှားပြီး ကလကတ္တားမြို့လယ်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်လာကြပါသည်။

ကလကတ္တား မြန်မာဘုန်းတော်ကြီးကျောင်းမှာ တကယ်တော့ ကျောင်းနှင့် မတူလှပါ။ ပတ်ပတ်လည်တွင် အိမ်များ ဝန်းရံလျက်ရှိသော

အိမ်ကြီး ၁-လုံးသာ ဖြစ်ပါသည်။ ဒေါက်တာ ဦးကျော်ခိုင်၏ ပြောပြချက်အရ ထိုအိမ်ကြီးမှာ ယခင်က ပန်းဝါမြို့သား ပွဲစားကြီး ဦးချိုးဇားရှိမှာ စောစောပိုင်းက အတော်ချမ်းသာခဲ့သော်လည်း နောက်ပိုင်းတွင် မွဲသွားခဲ့ကြောင်း၊ စေတနာရှင် လူကြီးတစ်စုက သူ့အိမ်ကြီးကို ဝယ်ယူ၍ ဘုရားဖူးများ တည်းခိုရာဇရပ်နှင့် ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းထားခဲ့ကြခြင်း ဖြစ်ကြောင်းများကို သိရှိရပါသည်။

## ဘုံခန်းနှင့် ငရဲခန်း

မြန်မာဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ၁-ပါးနှင့် လက်ထောက်ဦးပဥ္စင်း ၁-ပါး ရှိပါသည်။ ခေတ္တ တည်းခိုနေသော အာဂန္တုရဟန်းသာမဏေ ၃-၄-ပါးကိုလည်း တွေ့ရပါသည်။ မြို့လယ်တွင် ဖြစ်သော်လည်း ပျင်းစရာ ကောင်းလှပါသည်။ တစ်နေ့လုံး နေ၍ ကျောင်းသို့ လူ ၃-၄-ယောက် လာချင်မှ လာပါသည်။ မိမိအနေဖြင့် ကျောင်းပြင်သို့ ထွက်၍လည်း မလည်ဝံ့ပါ။ လမ်းမကြီးပေါ်၌ အဆက်မပြတ် သွားလာနေကြသည့် ကြီးမားလှသော လူအုပ်ကြီးများကို ကြည့်ကာ ကြောက်ရွံ့နေမိပါသည်။

သို့သော် ကလကတ္တားသို့ ရောက်ပြီး ဒုတိယမြောက်နေ့ဖြစ်သော ဩဂုတ်လ ၂-ရက်နေ့တွင် လက်ထောက်ဦးပဥ္စင်းက မိမိအား မြို့ထဲသို့ လိုက်၍ ပြပါသည်။ ၁-ပါးလျှင် လန်ချား ၁-စီးစီဖြင့် ကျောင်း၏အနီးပတ်ဝန်းကျင်ရှိ ဈေးများကို လှည့်လည်ကြည့်ရှုကြပါသည်။ လမ်းကြီး, လမ်းငယ်တို့တွင် ကုမ္ပဏီကြီးများ၊ စတိုးဆိုင်ကြီးများ၊ ဈေးကြီး, ဈေးငယ်များဖြင့် ပြည့်နေသည်ကို တွေ့ရပါသည်။ သို့ရာတွင် ကလကတ္တားမြို့ကြီးမှာ "ဘုံခန်းနှင့် ငရဲခန်း"ကို ယှဉ်၍ ပြထားသကဲ့သို့ ဖြစ်နေပါသည်။ ကြီးကျယ်ခမ်းနားသော တိုက်တာကြီးများကို တွေ့ရသလို လမ်းဘေး ပလက်ဖောင်းကိုသာ



ကုသိနာရုံသာသနာပြုပွဲတွင် ဦးညို (ရွှေမြင်တင်)
ဒေါ်သန်းတင်(ရွှေရတု)တို့က အိန္ဒိယပြည်ထဲရေးဝန်ကြီးအား
ဘုရားလက်ဆောင် ပေးနေပုံ

အိမ်ဂေဟာလုပ်၍ နေ့ရော,ညပါ နေကြရ, အိပ်ကြရသော ဆင်းရဲသား မြောက်များစွာကိုလည်း စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါသည်။

ကလကတ္တား၌ ၃-ရက်နေပြီးနောက် ဗာရာဏသီသို့ သွားရာ ဟောင်ရာဘူတာကြီးမှ မီးရထား စီးရပါသည်။ အိပ်စင်ပါသော ဒုတိယတန်း လက်မှတ် ၁-စောင် ၃၃-ရူပီး ပေးရပါသည်။ ည ၈-နာရီတွင် ထွက်ပြီး နောက်နေ့ နံနက် ၁၁-နာရီခန့်တွင် ဗာရာဏသီသို့ ရောက်မည်-ဟု သိရပါသည်။ ဒေါက်တာ ဦးကျော်ခိုင်က ဘူတာသို့ လိုက်ပို့ပါသည်။ “တစ်ဦးတည်းဖြစ်၍ မီးရထားပေါ်တွင် အထူးသတိထားသွားရန် လိုကြောင်း”သူက သတိပေး လိုက်ပါသည်။

မီးရထားသည် နံနက်စောစောတွင် ဂယာဘူတာ၌ ရပ်နားပါသည်။ ဗုဒ္ဓဂယာမှာ ဂယာနှင့် နီးနီးကလေးဖြစ်ကြောင်း သိရသဖြင့် မှန်းမျှော်၍ ကြည့်မိပါသည်။ ယခု ဆင်း၍ မဖူးမြင်နိုင်သေးသော်လည်း မကြာမီ ဖူးမြင်ခွင့် ရလိမ့်မည်-ဟု ယုံကြည်ကာ ဝမ်းသာမိပါသည်။ မကြာမီ ရထား ဆက်၍ ထွက်ပါသည်။

ဂယာဘူတာမှ ဈေးသည်များ ရထားပေါ်သို့ တက်လိုက်လာပြီး စားစရာ, သောက်စရာများကို ဟစ်အော်ရောင်းချကြပါသည်။ 'အမရုဒ်-အမရုဒ်'-ဟု အော်လာသော ကုလား ၁-ယောက်သည် မိမိအနီးသို့ ရောက်လာပါသည်။ သူ့လက်ဆွဲခြင်းထဲ၌ အလုံးကြီး၍ အနံ့လည်း မွှေးလှသော မာလကာသီးများကို တွေ့ရသဖြင့် စားချင်စိတ် ပေါ်လာသည်။ ယနေ့နံနက် ဘာမျှ မစားရသေးသဖြင့် ဗိုက်ကလည်း အတော်ကလေး ဆာနေသည်။ စောစောပိုင်းက လက်ဖက်ရည်ရောင်းသူ လာသော်လည်း မြေခွက်နှင့် ထည့်၍ ရောင်းခြင်းဖြစ်၍ မသောက်ဖြစ်ခဲ့ပါ။

သို့ဖြစ်၍ မိမိတတ်သမျှ မှတ်သမျှသော ဟိန္ဒီစကားဖြင့် ထိုကုလားလေးကို "ယေး ကိတနာ ဟိုက်" (တစ်လုံး ဘယ်လောက်လဲ)ဟု မေးလိုက်သည်။ သို့သော် ကုလားလေးက နားမလည်သဖြင့် အတော် 'ဂွ'ကျသွားသည်။ အနားမှ ဘင်္ဂါလီ ၁-ဦးက ဝင်ပြောမှ နားလည်သွားပြီး မာလကာသီး ၁-ကီလိုကို ပြား ၅၀-ဖြင့် ဝယ်လိုက်ရလေသည်။

## အတီတေ ဗာရာဏသိယံ

ဗိုက်ဆာဆာနှင့် မာလကာသီးများကို တစ်လုံးပြီးတစ်လုံး စားနေစဉ် ကုလား ၁-ယောက် လာ၍ "နေ့လယ်စာ စားမလား"ဟု မေးပါသည်။ "စားမည်"ဟု ပြောသောအခါ ထိုကုလားက ခုံနံပါတ် မှတ်ယူသွားသည်။ ၁၁-နာရီခန့်တွင် မီးရထားသည် 'မော်ဂိုလ်ဆရာယ်'ဘူတာ၌ ရပ်နားပြန်ပါသည်။ ထိုစဉ်တွင် ထမင်း, ပဲဟင်း, အသားနှင့် ချပါတီခေါ် ရိုတီ ၃-၄-ချပ် ထည့်ထားသော ပန်းကန်ပြား ၁-ချပ်ဖြင့် နေ့လယ်စာ ရောက်လာ

သည်။ တစ်မနက်လုံး မာလကာသီးမှတပါး အခြားဘာမျှ မစားရသေး သော်လည်း သန့်ရှင်းမှု မရှိလှသဖြင့် ထိုထမင်းကို မိမိ မျိုမကျခဲ့ပါ။ ပန်းကန်တစ်ဝက်ပင် မကုန်ဘဲ ၃-ရူပီးခွဲ ပေးလိုက်ရပါသည်။ 'မော်ဂိုလ်-ဆရာယ်'ဘူတာမှ ရထားဆက်ထွက်ခဲ့ရာ ၁၂-နာရီထိုးခါနီးတွင် ဗာရာ-ဏသီဘူတာကြီးသို့ ဆိုက်ရောက်ပါတော့သည်။ **"အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော"**စသည်ဖြင့် ပါဠိစာပေ၌ မကြာခဏ ဖတ်ခဲ့ရသော ဗာရာဏသီ ဖြစ်၏။ **"ပြည်မသိ ဗာရာ၊ မင်းမသိ ဗြဟ္မဒတ်"**ဟူ၍ အဆိုရှိခဲ့သော ဗာရာဏသီ၊ ဤဗာရာဏသီသို့ ကိုယ်တိုင် ကိုယ်ကျ ရောက်ခဲ့ရပြီ ဖြစ်ပါသည်။

## ဗာရာဏသီ လူဆိုးလား

မီးရထား ရပ်လိုက်သည်နှင့်တပြိုင်နက် ကျယ်ဝန်းလှသော ဘူတာရုံကြီးထဲမှ များပြားလှသော လူအုပ်ကြီးကို တွေ့လိုက်ရသဖြင့် ဒူးတုန်ချင်သလို ဖြစ်လာသည်။ "ကုလားတွေကို တစ်ယောက်မှ မယုံနဲ့၊ ဆရာတော်နဲ့ တွေ့မှ လိုက်သွားပါ"ဟူ၍ ဒေါက်တာဦးကျော်ခိုင် မှာလိုက်သော စကားကိုလည်း သတိရလာပါသည်။ ထို့ကြောင့် အထုပ်အပိုးများကို ရထားပေါ်မှ သယ်ချပြီး ဘူတာစင်္ကြံတစ်နေရာ၌ မဝံ့မရဲဖြင့် ရပ်နေသည်။ ကုလား ၁-ယောက် လက်ကို လာ၍ ဆွဲရာ တွက်လိုက်ပြီး ဖယ်လိုက်ရသည်။ နောက်မှ **ဆရာတော် ဦးတိက္ခိန္ဒြိယ**ကို တွေ့ရရာ "ဟဲ့ကောင်၊ ဒါ-ငါ့တပည့်ကွ။ သူ့ကို ပစ္စည်းပေးလိုက်"ဟု ပြောမှ စိတ်ချစွာနှင့် ပေးလိုက်ရပါသည်။

## ကုသိနာရုံ

ထို့နောက် ဆရာတော် ဦးတိက္ခိန္ဒြိယနှင့်အတူ ဘူတာရုံအပြင်သို့ ထွက်ခဲ့ပြီး လန်ချား တစ်စီးစီဖြင့် **ဆာဦးသွင်၏ ဓမ္မာရုံကျောင်း**သို့ ရောက်လာခဲ့ကြပါသည်။ ကျောင်း၌ **ဆရာတော် ဦးကိတ္တိမ**အား ဖူးတွေ့ရပါသည်။ ဆရာတော်က အလ္လာပသလ္လာပစကား ပြောကြားပြီး ကုသိနာရုံသို့ ဆက်

သွားရန် အစီအစဉ်ကို မိန့်ကြားပါသည်။ ယနေ့ ဝါခေါင်လပြည့်နေ့ ဖြစ်ပေရာ ဝါခေါင်လဆုတ် ၁-ရက် နက်ဖြန် ဒုတိယဝါဆိုရတော့မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓစာပေ၌ အလွန်ထင်ရှားခဲ့သော ဗာရာဏသီမြို့ကြီးကို ကြည့်ရှုလေ့လာရန် အချိန်မရတော့ဘဲ ဝါဆိုမီရန်အတွက် ထိုနေ့ည ၈-နာရီမှာပင် ဗာရာဏသီမှ မီးရထားဖြင့် ခရီးဆက်ခဲ့ရပြန်ပါသည်။ မီးရထားခမှာ ၃-ရူပီးခန့်သာဖြစ်ပြီး နောက်နေ့နံနက် ၇-နာရီခန့်တွင် ကုသိနာရုံသို့ ရောက်ပါသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်း၌ ၁-ပါးတည်း သီတင်းသုံးလျက် နှစ်ပေါင်း ၇၀-ကျော်မျှ သာသနာပြုနေတော်မူသော ဦးစန္ဒြမဏိ ဆရာတော်ကြီးကို ဝမ်းမြောက်ကြည်နူးစွာ ဖူးမြင်ရပါသည်။ ဆရာတော်ကြီးမှာ သက်တော် ၉၀-ကျော်မျှ ရှိပြီဖြစ်သော်လည်း ကျန်းမာရေးအခြေအနေမှာ အလွန်ကြီး မဆိုးလှသေးကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အမိနိုင်ငံမှ ဝေးလံလှသော တိုင်းတပါး၌ လူမျိုးခြား, ဘာသာခြားတို့အလယ်တွင် မိမိမှတပါး မြန်မာလူမျိုး ရဟန်းသာမဏေ ၁-ပါးမျှ မရှိ၊ မြန်မာကျောင်းသား-ဟူ၍လည်း ၁-ယောက်မျှ မရှိဘဲ အထီးတည်း နေတော်မူသော ဆရာတော်ကြီး၏ စွန့်စားမှုမှာ ချီးကျူးအံ့ဩ၍ မကုန်နိုင်အောင် ရှိပါသည်။

ဟရိဗလ၊ ကုသိနာရုံ

# ဆရာတော်ဦးစန္ဒိမဏိ၏ ခြေတော်ရင်းသို့

## ဥတ္တရပဒေသပြည်နယ်

၁၃၂၅-ခု၊ ဝါခေါင်လဆုတ်၊ ၁-ရက်။

၁၉၆၃-ခု၊ ဩဂုတ်လ၊ ၅-ရက်နေ့တွင် စာရေးသူသည် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်း၌ ၁-ပါးတည်း သီတင်းသုံးနေတော်မူသော ဆရာတော် ဦးစန္ဒိမဏိ၏ ခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့ပါသည်။ ယူပီပြည်နယ်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှ လူဦးရေ သန်းပေါင်း ၅၀-ကျော်မျှရှိသော ပြည်နယ် ၁-ခုဖြစ်ပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်က ထိုပြည်နယ်ကို United Province စုစည်းထားသော ပြည်နယ်-ဟု ခေါ်ခဲ့ပါသည်။ အတိုကောက်အားဖြင့် U.P. ဟု ခေါ်ခဲ့ပါသည်။ လွတ်လပ်ရေး ရသောအခါတွင်မူ U.P. ဟူသော အတိုကောက်ကိုပင် ယူလျက် Uttara Pradesh ဥတ္တရပဒေသ မြောက်ပိုင်းပြည်နယ်-ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန်တွင် ရှင်အာနန္ဒာအား “မိမိမရှိတော့သည့် နောက်ပိုင်း၌ အမျိုးကောင်း သားသမီးများ သွားရောက်ဖူးမြင်၍ ကုသိုလ်တရား ပွါးများနိုင်သည့် **‘သံဝေဇနီယဌာန’** ခေါ် အရပ် ၄-ပါးရှိကြောင်း” မိန့်ကြားတော်မူခဲ့ပါသည်။ ထိုအရပ် ၄-ပါးကား–

(၁) **ဘုရားလောင်း ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် အရပ်,**

(၂) **ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင် အရပ်,**

(၃) **ဓမ္မစကြာတရား ဟောကြားတော်မူရာ ဗာရာဏသီပြည်၊ မိဂဒါဝုန်တောအရပ်နှင့်**

(၄) **ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အရပ်တို့** ဖြစ်ပါသည်။

ဤသံဝေဇနီယဌာန ၄-ပါးတို့တွင် ဘုရားလောင်း ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်အရပ်သည် ယခုအခါ နီပေါနိုင်ငံအတွင်း၌ တည်ရှိပါသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိမဏ္ဍိုင်အရပ်ကား ဗီဟာပြည်နယ်၊ ဂယာမြို့အနီး၌ တည်ရှိပါသည်။ ဓမ္မစကြာတရား ဟောကြားတော်မူရာ မိဂဒါဝုန်တောအရပ်နှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အရပ်တို့ကား ယူပီခေါ် ဥတ္တရပဒေသပြည်နယ်အတွင်း၌ တည်ရှိပါသည်။

ဗုဒ္ဓမြတ်စွာလက်ထက်၌ ထင်ရှားခဲ့သည့် ‘သောဠသမဟာဇနပဒ’ ခေါ် တိုင်းကြီး ၁၆-တိုင်းတို့တွင် ကာသိတိုင်း, *(ကောသလတိုင်း)*, ဝဇ္ဇီတိုင်း, မလ္လတိုင်း, ပဉ္စာလတိုင်း, သူရသေနတိုင်း-ဟူသော တိုင်း ၆-တိုင်းသည် ဥတ္တရပဒေသပြည်နယ် အတွင်း၌ပင် တည်ရှိပါသည်။ ထို့ပြင် ဥတ္တရပဒေသပြည်နယ်သည် မြောက်ဘက်၌ ကပိလဝတ်ပြည်၊ လုမ္ဗိနီဥယျာဉ်တို့ တည်ရှိရာ နီပေါနယ်နှင့် ဆက်စပ်နေပြီး အရှေ့ဘက်၌လည်း ဗုဒ္ဓဂယာ, ရာဇဂြိုဟ်တို့ တည်ရှိရာ ဗီဟာပြည်နယ်နှင့် ဆက်စပ်နေပါသည်။ ဥတ္တရပဒေသ

ပြည်နယ်သည် စတုရန်းကီလိုမီတာပေါင်း ၂-သိန်း ၉-သောင်းကျော် ကျယ်ဝန်းပြီး ပြည်နယ်မြို့တော်မှာ **လက္ခနောင်း** ဖြစ်ပါသည်။

အဓိကအားဖြင့်မူ မြတ်စွာဘုရား ၂၅-ဝါပတ်လုံး သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်, မကြာခဏ လှည့်လည်ကြွသွားတော်မူရာ ကောသမ္ဗီ, သာကေတနှင့် တာဝတိံသာနတ်ပြည်မှ သက်ဆင်းကြွမြန်းတော်မူရာ သင်္ကဿနဂိုရ်ပြည်- စသော မြို့များနှင့် နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်တို့သည် ဥတ္တရပဒေသပြည်နယ် အတွင်း၌ တည်ရှိပါသည်။

## ကုသိနာရုံမှာ ဖူးမြင်စရာများ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ကုသိနာရုံအရပ်ကို အိန္ဒိယအစိုးရ ကျောက်စာဌာနက **၁၈၇၆**-ခုနှစ်တွင် ဂေါရခ်ပူရ်ခရိုင်၊ ကာသိယရွာအနီး၌ စတင် တူးဖော်ခဲ့သော်လည်း ကြားတွင် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသဖြင့် ၂၆-နှစ်တိုင်တိုင် ကြာမြင့်နေခဲ့ပြီး **၁၉၀၂**-ခုနှစ်တွင်မှ လုပ်ငန်းပြီးဆုံးခဲ့ပါသည်။

အဆိုပါဌာန၌ တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းအဆောက်အအုံနှင့် ပစ္စည်းများမှာ–

(၁) **မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူဟန် ထုလုပ်ထားသည့် မြေသား ရုပ်ပွါးတော်ကြီး (ကျောက်ရုပ်ဆင်းတုတော် မဟုတ်),**

(၂) **မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာအရပ်၌ တည်ထားသော မဟာ-ပရိနိဗ္ဗာနစေတီတော်ကြီးနှင့်**

(၃) **မြတ်စွာဘုရား အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာအရပ်၌ တည်ရှိသော မကုဋဗန္ဓနစေတီတော်,**

(၄) **တခြား တစ်ဌာနဖြစ်သော ဓာတ်တော်ဝေငှရာ ဌာန**-

စသည်တို့ ဖြစ်ပါသည်။

အထက်ပါအဆောက်အအုံ ၃-ခုတို့တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပုံ **ကျောင်းတော်မှ ရုပ်တုတော်ကြီးသည် အလျားပေ ၂၁'-ရှိ၏။ ကိုင်းစက်တော်မူရာ ပလ္လင်တော်ကား အလျား ၂၃'-ပေ, ၉"-လက်မ၊ အနံ ၅'-ပေ, ၆"-လက်မ၊ အမြင့် ၂'-ပေ, ၁"-လက်မ ရှိ၏။** ရုပ်ပွါးတော်နှင့် ပလ္လင်တော် ၂-ခုလုံးကို မြေသားပလာစတာဖြင့် ထုလုပ်ထား၏။ ခိုင်ခံ့ရန် အနားပတ်လည်တွင် ကျောက်သားဘောင်ခတ်၍ ထိန်းထား၏။ ပလ္လင်တော်၌ အရှင်အာနန္ဒာ, အရှင်သုဘဒ္ဒနှင့် ဇီဝက ဆေးဆရာကြီးပုံ- စသည်တို့၏ ရုပ်တုများကိုလည်း ထွင်းထုထားလေသည်။ ထိုရုပ်ထုငယ်များမှာ ကျောက်ရုပ်ဖြစ်၏။

ပရိနိဗ္ဗာနရုပ်ပွါးတော်ကြီး ကိန်းဝပ်တော်မူရာ ကျောင်းဆောင်ကား ရုပ်ပွါးတော်ကြီးနှင့် စာလျှင် သေးငယ်လှပေ၏။ ထို့ကြောင့် အပြင်မှကြည့်လျှင် အထင်ကြီးဖွယ် မရှိသော်လည်း အတွင်းသို့ ဝင်လိုက်သောအခါတွင် ပရိနိဗ္ဗာန်စံခါနီး မြတ်စွာဘုရား၏ပုံတော်ကို အသက်ဝင်အောင် ထွင်းထုထားသော ရုပ်ပွါးတော်ကြီးကို ဖူးမြင်ရသဖြင့် ဗုဒ္ဓဘာသာဝင်များစွာတို့ မျက်ရည်တောက်တောက် ကျကြရလေသည်။ ဤရုပ်ပွါးတော်ကြီးကို–

- **ခြေတော်ရင်းမှ ဖူးမျှော်ရလျှင် ဝေဒနာ ခံစားနေရပုံ,**
- **အလယ်တည့်တည့်မှ ဖူးမျှော်ရလျှင် ပရိနိဗ္ဗာန် စံဝင်တော်မူနေပုံနှင့်**
- **မဏိတော်ဘက်မှ ဖူးတွေ့ရလျှင် ပြုံးရွှင်တော်မူနေပုံ**

ကို ထူးထူးခြားခြား ဖူးတွေ့ရပါ၍ ကမ္ဘာအရပ်ရပ်မှ ဘာသာပေါင်းစုံ လာရောက်၍ ဖူးမျှော်ကြပါသည်။

ပလ္လင်တော်၌ ရေးထိုးထားသော ကမ္ပည်းစာအရ ဤကျောင်းဆောင်နှင့် ရုပ်ပွါးတော်ကြီး၏ အလှူရှင်ဒါယကာမှာ **ဟရိဗလဆွာမိ** ဆိုသူဖြစ်ပြီး မြေသားရုပ် ထုလုပ်သူမှာ **မထုရာမြို့မှ ဒိန္န**-ဆိုသူ ဖြစ်ကြောင်း သိရပေသည်။ ထို့ပြင် ရေးထိုးထားသော အက္ခရာများနှင့် စာသားများအရ ဤရုပ်ပွါးတော်ကို **အေဒီ ၅-ရာစု**လောက်က ထုလုပ်ထားခဲ့သည်-ဟု မှန်းဆကြပါသည်။

ကုသိနာရုံ၌ **ဒုတိယအရေးအကြီးဆုံး** အဆောက်အအုံမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာအရပ်၌ တည်ထားသော **မဟာပရိနိဗ္ဗာန စေတီတော်ကြီး** ဖြစ်ပါသည်။ ဤစေတီတော်ကြီးသည် ပရိနိဗ္ဗာနရုပ်ပွါး တော် ကိန်းဝပ်ရာ ကျောင်းဆောင်၏နောက်ဘက် ကိုက်အနည်းငယ်အကွာ ၌ပင် တည်ရှိပါသည်။ ဤစေတီတော်ကို မည်သူက စတင်တည်ထားခဲ့ ကြောင်း မသိရှိရပါ။ အေဒီ ၅-ရာစုအတွင်း၌ ဟရိဗလဆွာမိက ပြုပြင်ခဲ့ ကြောင်းကိုသာ သိရပါသည်။ ဟရိဗလဆွာမိမှာ ကျောင်းဆောင်နှင့် ရုပ်ပွါး တော်ကို လှူဒါန်းခဲ့သူပင် ဖြစ်ပေသည်။ ဤစေတီတော်ကြီးကို မြန်မာနိုင်ငံ၊ ဟင်္သာတမြို့မှ **ဦးဘိုးကျူးက ငွေ ၁၈,၀၀၀**-အကုန်အကျခံလျက် **၁၉၂၇- ခုနှစ်**တွင် ပြုပြင်ခဲ့သည်။ ထို့နောက် **ငွေ ၁၁,၀၀၀**-အကုန်အကျခံလျက် ရွှေချပြန်ရာ **၁၉၂၈-ခုနှစ်**တွင် အပြီးသတ်ခဲ့လေသည်။

ရှေးဟောင်းသုတေသနနှင့် ပတ်သတ်သော နေရာဌာနများကို ရှေးဟောင်းသုတေသန ဥပဒေအရ လုံးဝပြုပြင်ပြောင်းလဲမှု မရှိစေရပါ။ သို့သော် ကုသိနာရုံတွင် ဆရာတော် ဦးစန္ဒြမဏိသည် ရှေးဟောင်း သုတေသနဌာန တစ်ခုလုံးကို မိမိပိုင်ဆိုင်သော နေရာကဲ့သို့ စေတီတော် ကြီးကို ပြုပြင်ခြင်း, ပရိနိဗ္ဗာနဘုရားဆောင်ကို ပြုပြင်ခြင်းနှင့် ရေကြည် တော် သောက်သုံးရာဌာနရှိ လဲလျောင်းနေသော ရုပ်ပွါးတော်ကို မတ်ရပ် ထောင်ကာ ဘုရားကျောင်းဆောင်တစ်ခု ပြုလုပ်ပေးခဲ့ပါသည်။

ကုသိနာရုံ၌ **တတိယအရေးကြီးသော ဌာန**မှာ မြတ်စွာဘုရား၏ အလောင်းတော်ကို **မီးသင်္ဂြိုဟ်ရာအရပ်**၌ ဖြစ်ပါသည်။ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို မြို့တောင်ဘက်ရှိ အင်ကြင်းဥယျာဉ် မှ မြို့အရှေ့ဘက်ရှိ **မကုဋဗန္ဓန ရေချိုးဆိပ်**အနီးသို့ ပင့်ဆောင်လာပြီး ထိုအရပ်၌ မီးသင်္ဂြိုဟ်ခဲ့ကြပါသည်။ ယခုအခါ **ရာမဘာထူပ**-ဟု ခေါ်သော ထိုအရပ်၌ စေတီနှင့် ကျောင်းတော်ရာဟောင်းများကို မို့မောက်သော ကုန်းပြင်အဖြစ်ဖြင့်သာ မြင်တွေ့ရပါသည်။ သို့ရာတွင် တရုတ်ဘုန်းကြီး

၁-ပါးကား ထိုစေတီတော် အပေါ်ရှိ ညောင်ပင်ကြီးတစ်ပင်၏ အကိုင်းများ ပေါ်၌ ကျောင်းငယ်ကလေး ၁-ဆောင် ဆောက်လုပ်နေထိုင်ပြီး စေတီ တော်အား အမြဲမပြတ် ဝတ်ပြုပူဇော်လျက်ရှိကြောင်း သိရှိခဲ့ရပါသည်။

စာရေးသူသည် ၁၉၆၃-ခု၊ ဩဂုတ်လ၊ ၅-ရက်နေ့တွင် ကုသိနာရုံ သို့ ရောက်ပြီးနောက် ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ မိဂဒါဝုန် လက်ရှိဆရာတော် ဘုန်းကြီး ဦးတိက္ခိန္ဒြိယနှင့်အတူ အထက်ပါ ရုပ်ပွါးတော် နှင့် စေတီတော်များကို သွားရောက်ဖူးမြင်ရသည်။ ပရိနိဗ္ဗာနစေတီနှင့် ရုပ်ပွါးတော်တို့မှာ ဆရာတော်ကြီး၏ ကျောင်းတောင်ဘက် မလှမ်းမကမ်း မှာပင် တည်ရှိပါသည်။ မကုဋဗန္ဓနစေတီကား ထိုမှ ၁-မိုင်ကျော်လောက် ဝေးသော **ဟိရညဝတီ မြစ်ကမ်း**အနားတွင် တည်ရှိပါသည်။ ဆရာတော် ဦးတိက္ခိန္ဒြိယသည် ကုသိနာရုံ၌ ၃-ရက်ခန့်နေပြီး မိဂဒါဝုန်သို့ ပြန်ကြွသွားပါ သည်။

## ဆရာတော် ဦးစန္ဒြမဏိ၏ ဘဝခရီး

ဆရာတော် ဦးတိက္ခိန္ဒြိယ ပြန်ကြွသွားသောအခါ မိမိတို့မှာ ဆရာ တော်ကြီးမှတပါး အခြားသိကျွမ်းသူ မရှိတော့ဘဲ အထီးတည်း ဖြစ်နေပါ သည်။ ဆရာတော်ကြီးမှာ ယခုအခါ သက်တော် ၉၀-နီးပါး ရှိနေပြီ ဖြစ်ပါ သည်။

ကုလား ဦးပဥ္စင်း ၁-ပါးမှ လွဲ၍ အခြား မြန်မာရဟန်း,သာမဏေ, ကျောင်းသား မရှိ၊ ထမင်းချက် ကုလားအဖိုးကြီး ၁-ယောက်နှင့် နီပေါ သီလရှင်ကြီး ၄-ပါးတို့က ဆရာတော်ကြီးအား အထိုက်အလျောက် ဝတ်ကြီး, ဝတ်ငယ်များ ပြုစုကြသည်။ အခြား ကုလားလေး ၂-ယောက်, ၃-ယောက် တို့ကလည်း ကျောင်းနှင့်ပတ်သတ်သော ကိစ္စကြီး,ငယ်တို့ကို လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်ပေးကြသည်။

ဤသို့ဖြင့်ပင် ဆရာတော်ကြီးသည် အစားဆင်းရဲမှု၊ အနေဆင်းရဲမှုတို့ကို ဂရုမမူဘဲ ဤဒေသ၌ နှစ်ပေါင်းများစွာ နေတော်မူခဲ့ကြောင်း သိရှိရလေသည်။ ယခုအခါတွင် မိမိတို့သည် ဆရာတော်ကြီးအား လုပ်ကျွေးပြုစုရန်နှင့် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ဆက်ခံထိန်းသိမ်းသွားနိုင်ရန်အတွက် ဆရာတော်ကြီး၏ ခြေရင်းသို့ ရောက်ခဲ့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးထံ ညစဉ် ဆည်းကပ်ဝတ်ပြု၍ ဆုံးမဩဝါဒများကို နာခံမှတ်သားရပါသည်။ ဆရာတော်ကြီးကလည်း မိမိ၏ ဘဝဖြစ်စဉ်နှင့် ကုသိနာရုံကျောင်း ဖြစ်ပေါ်လာပုံ သမိုင်းစဉ်တို့ကို ပြန်ပြောင်းမိန့်ကြားတော်မူပါသည်။

## စစ်တွေမှ သာပန်းဦး

**ဆရာတော်ကြီးကား ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြို့ဟောင်းမြို့နယ်၊ ရှင်ကျော်တိုက်၊ ရမ်းချောင်းပေါက်ပင်ကွင်းရွာ ဇာတိဖြစ်၏။ ပေါက်ပင်ကွင်းရွာနေ ဦးကျော်အောင်နှင့် ဒေါ်ဝင်းယေတို့မှ ၁၂၃၇-ခု၊ ကဆုန်လပြည့်ကျော်၊ ၆-ရက် (၁၈၇၅-ခု၊ မေလ၊ ၂၅-ရက်) အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ သာပန်းဦး ဖြစ်၏။**

သာပန်းဦးသည် အသက် ၁၂-နှစ်အရွယ်တွင် စစ်တွေမြို့၊ စန္ဒိမာ-ရာမကျောင်း ဆရာတော် ဦးစန္ဒိမာထံ၌ သာမဏေဝတ်၍ ပညာသင်ယူခဲ့သည်။ သာမဏေဘွဲ့ကား **ရှင်စန္ဒ** ဖြစ်၏။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားရေးအတွက် မဟာဗောဓိအသင်းကို တည်ထောင်ခဲ့ကြသော **သီဟိုဠ်သား ဓမ္မပါလနှင့် အမေရိကန်နိုင်ငံသား ဗိုလ်မှူးကြီး အော်လ်ကော့က်**တို့ စစ်တွေမြို့သို့ ရောက်လာကြသည်။ ထိုပုဂ္ဂိုလ် ၂-ဦးသည် မြန်မာနိုင်ငံ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် စစ်တွေ- စသော မြို့ကြီးများ၌ မဟာဗောဓိအသင်းများ တည်ထောင်ရန် ရောက်လာကြခြင်း ဖြစ်ပေသည်။

စစ်တွေမြို့ မဟာဗောဓိအသင်း ဖွဲ့စည်းရန် ကျင်းပသော မြို့လုံးကျွတ် အစည်းအဝေးတွင် အိန္ဒိယ၌ သာသနာပြုနိုင်ရေးအတွက် ပညာသင်ကြားပေးရန် သတ္တိ,ဗျတ္တိနှင့် ပြည့်စုံသော သာမဏေများ, ရဟန်းငယ်များ အလိုရှိကြောင်း တင်ပြသည်။ ထိုအခါ အစည်းအဝေးရှိ သံဃာတော်များနှင့် မြို့သူ,မြို့သားတို့က ဒေါ်သည်တော်များ အလိုရှိသည့် သာမဏေကို စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များ၌ စုံစမ်းရှာဖွေပေးပါမည်-ဟု ကတိပြုကြသည်။

## နေနှင့်လ သာမဏေ ၂-ပါး

တစ်နေ့တွင် သာသနာပြုလောင်းလျာ သာမဏေ ရှာဖွေနေသော လူကြီးအချို့သည် ဒေါ်သည်တော် ၂-ဦးနှင့်အတူ စန္ဒိမာရာမကျောင်းတိုက်သို့ ရောက်လာကြသည်။ ထိုအချိန်တွင် ဆရာတော်သည် ရှင်စန္ဒနှင့် ရှင်သူရိယ၊ သာမဏေ ၂-ပါးအား ဋီကာကျော်ကျမ်းကို ပို့ချနေသည်။ လူကြီးများက သာမဏေ ရှင်စန္ဒကို ရည်ညွှန်းလျက် မိမိတို့ လာရောက်ခြင်းအကြောင်းကို ဆရာတော်အား လျှောက်ကြားကြသည်။ ထိုအခါ ဆရာတော်က သာမဏေ ရှင်စန္ဒအနေဖြင့် လူကြီးများ၏ လိုလားချက်ကို လက်ခံမည်ဆိုလျှင် မိမိက ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုပါကြောင်း မိန့်ကြားသည်။

သို့ဖြစ်၍ လူကြီးများက ရှင်စန္ဒအား "အိန္ဒိယ၌ ပညာသင်ကြား၍ သာသနာပြုရန် လိုက်ပါနိုင်ပါမည်လား"ဟု မေးမြန်းကြသည်။ ထိုအခါ ရှင်စန္ဒက ချက်ချင်းအဖြေမပေးဘဲ လေးလေးနက်နက် စဉ်းစားသည်။ "မိမိ တစ်ပါးတည်း လိုက်ခြင်းထက် အဖော်ပါလျှင် ပို၍ ကောင်းမည်"ဟု တွေးမိသည်။ ထို့ကြောင့် စာသင်ဖက် ရှင်သူရိယနှင့် တိုင်ပင်ရာ ရှင်သူရိယက လိုက်ရန် သဘောတူသည်။ သို့အားဖြင့် ဆရာတော် ဦးစန္ဒိမာသည် မိမိတပည့် သာမဏေ ၂-ပါးကို လိုအပ်သလို စီမံ၍ ပင့်ခေါ်သွားကြရန် ဓမ္မပါလနှင့် ဗိုလ်မှူးကြီး အော်လ်ကော့က်တို့အား ခွင့်ပေးလိုက်လေသည်။

အနာဂါရိက ဓမ္မပါလနှင့် ဗိုလ်မှူးကြီး အော်လ်ကော့က်တို့က လည်း "သာမဏေ ရှင်စန္ဒ ၁-ပါးကိုသာ တောင်းဆိုသော တပည့်တော်တို့ မှာ သာမဏေ ရှင်သူရိယကိုပါ ရသဖြင့် အထူးဝမ်းမြောက်မိကြပါသည်။ ဘွဲ့အမည်အားဖြင့် စန္ဒနှင့် သူရိယ နေနှင့်လ-ဟူ၍ အဓိပ္ပါယ်ရသဖြင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာရောင် အမှန်ပင် ထွန်းပြောင်လာတော့မည်-ဟု မျှော်လင့်ပါသည်" စသည်ဖြင့် ဆရာတော်အား လျှောက်ကြားကြသည်။

ထို့နောက် ဧည့်သည်တော် ၂-ဦးသည် ဝါတွင်းအချိန်ကာလ ဖြစ် နေသဖြင့် သာမဏေ ၂-ပါးကို မိမိတို့နှင့်အတူ ပင့်ဆောင်မသွားသေးဘဲ ဝါကျွတ်မှသာ ပင့်ဆောင်ရန် စစ်တွေ မဟာဗောဓိအသင်းနှင့် ညှိနှိုင်းပြီး ကလကတ္တားသို့ ပြန်သွားကြသည်။ ထိုပုဂ္ဂိုလ် ၂-ဦးသည် ကလကတ္တား, နယူးဒေလီ, ဘုံဘေ, မဒရပ်- စသော အိန္ဒိယမြို့ကြီးများနှင့် သီဟိုဠ်ကျွန်း တို့၌ အယူဝါဒ တူညီသူများကို စုစည်းလျက် မဟာဗောဓိ အသင်းခွဲများကို ဖွဲ့စည်းကြသည်။ ကလကတ္တားမြို့၌မူ ရခိုင်အမျိုးသား ပွဲစားကြီးများ စုပေါင်း၍ မဟာဗောဓိအသင်း ၁-သင်းကို သီးခြားဖွဲ့စည်းကြလေသည်။

၁၂၅၂-ခု၊ တန်ဆောင်မုန်းလသို့ ရောက်သောအခါ စစ်တွေမြို့မှ စစ်ကဲကြီး **ဦးသတိုးဝေ** ခေါင်းဆောင်သော ဘုရားဖူးအဖွဲ့ ၁-ဖွဲ့နှင့် အခွန်ဝန် ခေါင်းဆောင်သော ဘုရားဖူးအဖွဲ့ ၁-ဖွဲ့တို့ အိန္ဒိယပြည်သို့ သွားကြသည်။ ၁-ဖွဲ့လျှင် လူ ၃၀-စီ ပါဝင်သော ထိုဘုရားဖူးအဖွဲ့ ၂-ဖွဲ့နှင့်အတူ ရှင်စန္ဒနှင့် ရှင်သူရိယ၊ သာမဏေ ၂-ပါးကိုလည်း ပင့်ခေါ်ခဲ့ကြသည်။

သာမဏေ ၂-ပါးနှင့်အတူ ကပ္ပိယကျောင်းသား **သတိုးဦး**လည်း အဖော်အဖြစ် ပါရှိသည်။ အိန္ဒိယ၌ ပညာသင်၍ သာသနာပြုရန် သွားကြ မည့် သာမဏေငယ် ၂-ပါးကို စစ်တွေ မြို့သူ,မြို့သားတို့က ပင်လယ်ကူး သင်္ဘောဆိပ်သို့ လိုက်၍ သောင်းသောင်းဖြဖြ ပို့ဆောင်နှုတ်ဆက်ကြ လေသည်။

## မင်းတုန်းမင်းကြီးဇရပ်၌ နေကြစဉ်

ဘုရားဖူးအဖွဲ့ ၂-ဖွဲ့ ကလကတ္တားတို့ ရောက်သောအခါ အနာဂါရိက ဓမ္မပါလ-က သာမဏေ ၂-ပါးကို ဆီးကြိုသည်။ ဓမ္မပါလသည် သာမဏေ ၂-ပါးအား ပွဲစားကြီး ဦးချိုးဇားရှိတိုက်၌ ၁-ညမျှ အပန်းဖြေစေပြီး နောက်တစ်နေ့နံနက်တွင် ဗုဒ္ဓဂယာသို့ ပင့်ခေါ်သွားသည်။ ဗုဒ္ဓဂယာ မဟာဗောဓိပင်အနီး၌ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် အုတ်ဇရပ်ကြီး ၁-ဆောင်ရှိသည်။ ထိုဇရပ်ကြီးတွင် **အရှင်စန္ဒဇောတိ** အမည်ရှိသော သီဟိုဠ်သား ရဟန်းတော် ၁-ပါး သီတင်းသုံးနေသည်။ ဓမ္မပါလသည် ကပ္ပိယကျောင်းသား သတိုးဦးနှင့်တကွ သာမဏေ ၂-ပါးကို ထိုအရှင်ထံ၌ ပညာသင်ရန် အပ်နှံထားခဲ့ပြီး ကလကတ္တားသို့ ပြန်သွားလေသည်။

ရှင်စန္ဒနှင့် ရှင်သူရိယတို့သည် သီဟိုဠ်ဘုန်းကြီး အရှင်စန္ဒဇောတိထံ၌ ပညာသင်ရင်း ဘုရားပွင့်တော်မူခဲ့ရာ မဟာဗောဓိပင်ရင်းနှင့် မဟာဗောဓိစေတီတော်တို့၌လည်း အမှိုက်သရိုက် ရှင်းလင်းသုတ်သင်ခြင်း အမှုများကို နေ့စဉ်မပြတ် ပြုလုပ်ကြသည်။ ကုလားများသည် သူတို့ထုံးစံအတိုင်း သေလွန်သူတို့အတွက် **'ပတကဘတ်'**ခေါ် စားဖွယ်,သောက်ဖွယ်များကို မြေခွက်,ဖက်ခွက်တို့ဖြင့် ဗောဓိပင်ရင်း၌ တင်မြှောက်လေ့ ရှိကြသည်။ ထိုသို့ တင်မြှောက်မှုကြောင့် ဗောဓိပင်ရင်း၌ မြေခွက်,ဖက်ခွက်များဖြင့် ပြန့်ကြဲရှုပ်ထွေး၍ ညစ်ပတ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြရသည်။ ရှင်စန္ဒ, ရှင်သူရိယနှင့် သတိုးဦးတို့သည် နေ့စဉ် နံနက်လင်းသည်နှင့်တပြိုင်နက် ဗောဓိပင်ရင်းသို့ သွား၍ ထိုသို့ ရှုပ်ပွေနေသော အမှိုက်သရိုက်နှင့် အညစ်အကြေးများကို ဖယ်ရှားရှင်းလင်းပစ်ကြသည်။ တခါတရံတွင်မူ ဗောဓိပင်ရင်း၌ မသင့်လျော်သော အမှုများကို မပြုလုပ်ရန် တားမြစ်ရာမှ ကုလားများနှင့် ပဋိပက္ခဖြစ်ကြရလေသည်။




**သိမ်ဆင်းလောင်းလှူရန်အတွက်**
**ပရိသတ်များ စောင့်ဆိုင်းနေကြစဉ်**

## စစ်တွေသို့ ပြန်ခဲ့ရခြင်း

တစ်နေ့တွင် သာမဏေ ၂-ပါးနှင့် ကျောင်းသား သတိုးဦးတို့သည် ဆရာတော်ထံ၌ ခွင့်ပန်၍ မိုးကုတ်မြို့မှ ဧည့်သည် ၂-ယောက်နှင့်အတူ ဘုရားဖူးရန် ထွက်လာကြသည်။ ထိုအချိန်တွင် **ဟိန္ဒူဘုန်းကြီး** မဟန့်၏



ကုသိနာရုံသာသနာပြုပွဲတော်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပနေစဉ်



ရှင်လောင်းများအား မြန်မာပြည်မှ ပေးလှူသော သင်္ကန်းများကို
ဒေါ်သန်းတင်(ရွှေရတု)က ကပ်လှူနေစဉ် ၁၃-၂-၉၃

တပည့် ၁-အုပ် ဝါးရင်းတုတ် ကိုယ်စီဖြင့် ဇရပ်ထဲသို့ ဝင်လာကြပြီး တွေ့သမျှ ပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးကြသည်။ **ဦးသုမင်္ဂလ** အမည်ရှိသော သီဟိုဠ်သား အာဂန္တု ရဟန်းတော် ၁-ပါးမှာ ကိုယ်နှင့် ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာ ရသဖြင့် ဂယာဆေးရုံသို့ တင်လိုက်ရလေသည်။ နောက်တစ်နေ့တွင်မူ ရဲအဖွဲ့ဝင်များ ရောက်လာပြီး "ဇရပ်ပေါ်သို့ မည်သူမျှ မတက်ရ"ဟု တားမြစ်လိုက်လေသသည်။

အထက်ပါ အဖြစ်အပျက်ကို ကလကတ္တား မဟာဗောဓိအသင်းသို့ ကြေးနန်းရိုက် အကြောင်းကြားလိုက်သဖြင့် ဗိုလ်မှူးကြီး အော်လ်ကော့က်နှင့် ဓမ္မပါလတို့ နောက်တစ်နေ့တွင် ဗုဒ္ဓဂယာသို့ ရောက်လာကြသည်။ ထိုပုဂ္ဂိုလ် ၂-ဦးသည် အခြေအနေကို လေ့လာပြီး အရှင်စန္ဒဇောတိ, သာမဏေ ၂-ပါးနှင့် ကျောင်းသား ၁-ယောက်အပြင် အာဂန္တုရဟန်းတော် ဦးသုမင်္ဂလ၏ တပည့်ငယ် ၁-ယောက်ကိုပါ ဂယာမြို့တွင် တိုက် ၁-လုံး ငှား၍ နေရာချထားပေးကြသည်။ ဦးသုမင်္ဂလမှာမူ ၄-လကြာမှ ဆေးရုံမှ ဆင်းရလေသည်။ ဤအဖြစ်အပျက်ကို **၁၈၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၆-ရက် နေ့ထုတ် အိန္ဒိယ အိတ်ကဲစ်ပရက်စ်သတင်းစာ**၌ ဖော်ပြခဲ့သော်လည်း မဟန့်၏ အရှိန်အဝါကြောင့် တရားခံကို မဖော်ထုတ်နိုင်ဘဲ အမှုမှာ အလိုလိုပပျောက် သွားလေသည်။

ရှင်စန္ဒနှင့် ရှင်သူရိယတို့သည် ဂယာမြို့၌ ဓမ္မပါလတို့ ငှားရမ်းပေးသောတိုက်၌ နေကြရာ နေရေး,စားရေး အဆင်မပြေလှသဖြင့် တဖြည်းဖြည်း စိတ်ဓာတ်ကျလာကြသည်။ ဗုဒ္ဓဂယာဇရပ်သို့လည်း ပြန်နေရဖို့ မျှော်လင့်ချက်မရှိ ဖြစ်နေသည်။ ထို့ကြောင့် ကလကတ္တားသို့ ပြန်လာ၍ အနာဂါရိက ဓမ္မပါလအား အသိပေးပြီး နောက်နှစ် ဝါမဆိုမီ စစ်တွေသို့ ပြန်ခဲ့ကြသည်။ စစ်တွေသို့ ရောက်သောအခါ စန္ဒိမာရာမကျောင်း၌ပင် ဝါဆို၍ ပညာဆက်သင်နေကြလေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

## ကိုရင်စန္ဒနှင့် ပွဲစားကြီး ဦးချိုးဇားရှိ

### မန္တလေးဂျာနယ်မှ သတင်းတစ်ပုဒ်

တစ်နေ့တွင် မန္တလေးမြို့မှ ထုတ်ဝေသော သတင်းဂျာနယ် ၁-စောင်၌ **"အိန္ဒိယနိုင်ငံတော်၌ သာသနာတော် ထွန်းပြောင်တော့မည်"**ဟူသော ခေါင်းစည်းဖြင့် ဘာသာရေးသတင်း ၁-ပုဒ် ပါလာသည်။ ထိုသတင်းတွင် "ရခိုင်ပြည်၊ စစ်တွေမြို့၊ စန္ဒိမာရာမကျောင်းတိုက်မှ ရှင်စန္ဒနှင့် ရှင်သူရိယ (လနှင့်နေ) သာမဏေ ၂-ပါးတို့သည် မဟာဗောဓိအသင်း အကျိုးဆောင် မစ္စတာဓမ္မပါလ၏ တာဝန်ယူ ပင့်ဖိတ်ချက်အရ ယခုအခါ အိန္ဒိယနိုင်ငံတွင် ပညာသင်ယူနေကြကြောင်း၊ ထိုသာမဏေ ၂-ပါး ပညာတတ်မြောက်၍ အချိန်အရွယ် ရောက်လာသောအခါ အိန္ဒိယနိုင်ငံတော်၌ နေ,လ ၂-ပါး ပေါ်ထွက်လာဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်ရောင် ထွန်းပြောင်တော့မည် ဖြစ်ကြောင်း၊ သို့အတွက် မဟာဗောဓိအသင်းကို တိုင်းသူပြည်သားအပေါင်း တို့က အားပေးကူညီသင့်ကြောင်း" တိုက်တွန်းရေးသားထားလေသည်။

ထိုသတင်းကို ဖတ်ရသောအခါ ရှင်စန္ဒမှာ သူ့ကိုယ်သူ အလွန်ရှက်လာသည်။ "တိုင်းသိ,ပြည်သိဖြစ်နေပါလျက် ငါကတော့ အဆင်းရဲ မခံနိုင်လို့ ပြန်ပြေးလာတယ်"ဟု တွေးမိပြီး ယူကြုံးမရ ဖြစ်လာသည်။ ထို့နောက် သူ့စိတ်ကိုသူ ပြန်အားတင်းပြီး "အိန္ဒိယကို ငါပြန်သွားမယ်"ဟု သန္နိဋ္ဌာန် ချလိုက်လေသည်။

သို့အားဖြင့် ရှင်စန္ဒမှာ အိန္ဒိယသို့ ပြန်သွားလိုသော စိတ်များ တစ်နေ့တခြား တိုးပွါးလာသည်။ သို့သော် စရိတ်ငွေ မရှိသဖြင့် အကျပ်တွေ့နေသည်။ တစ်နေ့တွင်မူ အရဲစွန့်၍ အိန္ဒိယသို့ ပြန်သွားလိုကြောင်း ဆရာတော် ဦးစန္ဒိမာအား လျှောက်ထားသည်။ ထိုအခါ ဆရာတော်က "မဟာဗောဓိအသင်းကြီးက တရိုတသေ တာဝန်ယူ ပင့်ခေါ်ထားပါလျက် ဆင်းရဲတယ်ဆိုပြီး မင်းပြန်လာတယ်။ ခု ဘယ်သူမှ တာဝန်ယူမယ့်သူ မရှိတဲ့အခါကျတော့ ပြန်သွားချင်တယ်၊ အေး-သွားချင်သွား။ မောင်ရင့်သဘောပဲ၊ ငါနဲ့ မဆိုင်ဘူး"ဟု ကရုဏာဒေါသောဖြင့် မိန့်ကြားလေသည်။

ဆရာတော် ဦးစန္ဒိမာသည် တပည့်ရှင်စန္ဒအား ကရုဏာဒေါသောဖြင့် ခပ်မာမာ မိန့်ကြားလိုက်မိသော်လည်း တပည့်၏ဆန္ဒကိုမူ ဖြည့်ဆည်းပေးလိုက်သည်။ ထို့ကြောင့် ရှင်စန္ဒ၏ ပညာသင်ကြားရေးအတွက် စရိတ်စက ထောက်ပံ့နိုင်မည့်သူကို ရှာကြံစဉ်းစားနေသည်။ တစ်နေ့တွင် မိမိထံရောက်လာသော ကျောင်းဒကာ ၅-ဦးတို့အား ထိုအကြောင်းကို ထုတ်ဖော်မိန့်ကြားရာ ကျောင်းဒကာများက ကိုရင်စန္ဒအတွက် စရိတ်ထောက်ပံ့ရန် တာဝန်ယူကြသည်။ သို့အားဖြင့် ရှင်စန္ဒသည် ကျောင်းသား ၁-ဦးနှင့်အတူ ဒုတိယအကြိမ် အိန္ဒိယသို့ ထွက်ခဲ့သည်။ ယခု ၁-ကြိမ်တွင်မူ ယခင်ပထမ အခေါက်ကကဲ့သို့ အဖော် ရှင်သူရိယ မပါတော့ချေ။ သောင်းသောင်းဖြဖြ လိုက်ပါပို့ဆောင်မည့်သူများလည်း မရှိတော့ချေ။

ကလကတ္တားသို့ ရောက်သောအခါ ရှင်စန္ဒကို ပွဲစားကြီး ဦးချိုးဇားရှိက ကြိုဆို၍ ရခိုင်ပွဲစားကြီးများ၏ မဟာဗောဓိအသင်းတိုက်၌ နေရာချထားပေးသည်။ ရှင်စန္ဒ ပြန်လာကြောင်း သတင်းကြားလျှင် အနာဂါရိက

မမွှပါလသည်လည်း ချက်ချင်းရောက်လာပြီး သူ့အသင်းတိုက်သို့ လိုက်ပါ နေထိုင်ရန် အကြိမ်ကြိမ် ဖိတ်ခေါ်သည်။ သို့သော် ရှင်စန္ဒသည် ထိုဖိတ်ခေါ် ချက်ကို လက်မခံတော့ဘဲ ရခိုင်ပွဲစားကြီးများ၏ အသင်းတိုက်၌ သီတင်းသုံး နေသည်။ အိန္ဒိယသား ဘုန်းတော်ကြီး **ဦးဇိနာနန္ဒ**ထံ၌ပင် ပညာသင်ယူနေ သည်။ ဆွမ်းကိုမူ ရခိုင်ပွဲစားကြီး ၁၂-ယောက်တို့ အိမ်များ၌ ဆွမ်းခံရန် ဦးချိုးဇားရှိက စီစဉ်ပေးသည်။

သို့အားဖြင့် အတော်အသင့် အဆင်ပြေနေသော်လည်း မကြာမီ မမျှော်လင့်သော ပြဿနာ ၁-ရပ် ပေါ်လာသည်။ ပြဿနာက ရခိုင်ပွဲစား ကြီးများ၏ မဟာဗောဓိအသင်းမှာ ဝါမဆိုမီ ပျက်စီးသွားသဖြင့် နေရာမရှိ ဖြစ်သွားခြင်းပင် ဖြစ်လေသည်။

## ဆရာတော်မဟာဝီရထံသို့

ထိုအခါ ဆရာတော် ဦးဇိနာနန္ဒက ရှင်စန္ဒနှင့် သတိုးဦးတို့အား ကလကတ္တားမြို့၊ ဝါပုလမ်း၊ မရမာကြီးကျောင်းတိုက် **ဆရာတော် မဟာဝီရ** ထံ အပ်နှံသည်။ ဆရာတော်မဟာဝီရက ရှင်စန္ဒ၏ ပညာရေး ဖြောင့်ဖြူး စေလိုသဖြင့် ကျောင်းဆရာကြီး **ဂေါဗိန္ဒဆာဆတြို**ထံ ပို့ပေးသည်။ ထိုဆရာ ကြီးက ၄-လမျှ သင်ကြားပေးပြီး ကျောင်းဆရာကြီး **ဇီဝါနန္ဒဘီအေ**ထံ တဖန် လွှဲပြောင်းသည်။

ထို့နောက် ဆရာတော် မဟာဝီရ-ကပင် ရှင်စန္ဒနှင့် သတိုးဦးတို့ ကို ဂါဇီပူရ်ခရိုင်၊ မဟာဂါမရွာကြီး၌ အိမ်ငယ် ၁-လုံးပေးပြီး ကျောင်းဆရာ ကြီး **ဂျာနကီရာမ်ပဏ္ဍိတ**ထံ၌ ပါဠိ, ဟိန္ဒီ, သက္ကတ၊ ၃-ဘာသာကို အလှည့် ကျ သင်ကြားပေးရန် စီစဉ်ပြန်သည်။ သို့ဖြစ်၍ သူတို့ ၂-ဦးသည် ထိုရွာကြီး တွင် သတ်သတ်လွတ်စားလျက် ပညာသင်ကြားနေရလေသည်။

ဆရာတော် မဟာဝီရသည် လူဦးရေ ထူထပ်သော ကလကတ္တား မြို့ကြီး၌ နေရသည်ကို ငြီးငွေ့သဖြင့် ကုသိနာရုံဌာနတွင် နေထိုင်ရန် သွား ရောက်စုံစမ်းသည်။ "ကျောင်းနေရာရမည်ဆိုလျှင် တပည့်တော်က ဒကာ

ခံ၍ ကျောင်းဆောက်လှူဒါန်းပါမည်”ဟု ပွဲစားကြီး ဦးချီးဇားရှိက မှာကြား လိုက်သည်။ ဆရာတော်သည် ယခုကျောင်းတိုက် တည်ရှိသော မြေ ၅-ဧကကို **ဟိန္ဒူပုဏ္ဏား ၁-ယောက်ထံမှ ၁-ဧကလျှင် ၃၅-ရူပီးနှုန်းဖြင့်** ဝယ်ယူရန် စေ့စပ်ပြောဆိုပြီး ကလကတ္တားသို့ ပြန်လာသည်။ ထိုမြေကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၁-ပါးအား ရောင်းချခြင်း မပြုရန် ဒေသခံကုလားများက အပြင်းအထန် ကန့်ကွက်ကြသော်လည်း မအောင်မြင်ချေ။

ပွဲစားကြီး ဦးချီးဇားရှိသည် မြေဝယ်၍ ကျောင်းဆောက်ရန် **ဝတ္ထုငွေ ၁,၀၀၀**-ကို **ဆရာတော်မဟာဝီရ**အား စေတနာထက်သန်စွာ လှူဒါန်း လိုက်သည်။ ဆရာတော်သည် ပွဲစားကြီး လှူဒါန်းလိုက်သော ငွေဒင်္ဂါး ၁,၀၀၀-ကို ယူဆောင်၍ ကလကတ္တားမှ မီးရထားဖြင့် ပြန်လာရာ ညနေ ၅-နာရီအချိန်တွင် **ဒေဝရီယားဘူတာ**သို့ ဆိုက်ရောက်သည်။ ရထားမှ ဆင်းသောအခါ ကူလီခပေးရန် ရှိသဖြင့် ငွေဒင်္ဂါး ၁,၀၀၀-ထုပ်ကို ရုံပိုင် လက်သို့ အပ်၍ ထုတ်ပေးစေသည်။ ဤတွင် ငွေ ၁,၀၀၀-ပါလာကြောင်း ရုံပိုင်နှင့် တကွ လူအများ သိသွားသဖြင့် စိုးရိမ်သော လူအချို့က ညတွင်းချင်း ခရီးမဆက်ဘဲ ဘူတာရုံ၌ ညအိပ်နေရန် အကြံပေးကြသည်။ သို့သော် ဆရာတော်က ထိုအကြံပေးချက်ကို ဂရုမစိုက်ဘဲ လှည်း ၁-စီးငှားကာ ည ၇-နာရီလောက်တွင် ခရီးဆက်သည်။ ဒေဝရီယာမှ ကုသိနာရုံသို့ ၂၁-မိုင် ၃၄-K.M-မျှ ဝေးလေသည်။

## ကျောင်းဆောက်ရန် ငွေ-၁,၀၀၀

စိုးရိမ်သူများ သတိပေးသည့်အတိုင်း ညသန်းခေါင်လောက်အချိန် လမ်းခုလတ်တွင် ဆရာတော်ထံမှ ငွေ ၁,၀၀၀-ထုပ် ဓားပြများလက်သို့ ပါသွားသည်။ ဆရာတော်သည် စိတ်ပျက်စွာနှင့် ဆက်လက်သွားပြီး **ကုသိ-နာရုံတွင် ဟိန္ဒူရသေ့ ၁-ယောက်ထံ**၌ တည်းခိုနေသည်။ ဓားပြတိုက်မှုကို

ရဲအဖွဲ့က ကြားသိသဖြင့် ဆရာတော်ထံ လာရောက်၍ မေးမြန်းစုံစမ်းသည်။ လောလောဆယ်တွင် ထိုအမှုနှင့် ပတ်သက်၍ ဘာမျှ မထူးခြားသော်လည်း နောက် ၃-နှစ်ခန့်အကြာတွင်မူ ရဲအဖွဲ့က ဓားပြများကို ဖမ်းမိသွားသည်။ ရုံပိုင်ကြီးကိုယ်တိုင် ပါဝင်သော တရားခံ ၆-ယောက်မှာ ထောင်ဒဏ် ၃-နှစ်စီ ကျသွားလေသည်။

ထိုအတွင်း ရှင်စန္ဒနှင့် သတိုးဦးတို့ စာသင်နေသော ရွာကြီး၌ ဝမ်းရောဂါ အကြီးအကျယ်ဖြစ်၍ လူပေါင်း ၅၀၀-ကျော်မျှ သေဆုံးကြလေသည်။ ရွာပျက်လုနီးပါး ဖြစ်လာ၍ စားရေး, သောက်ရေးလည်း ခက်ခဲလာသောကြောင့် ရှင်စန္ဒသည် ကျောင်းသား သတိုးဦးကို စစ်တွေသို့ ပြန်လွှတ်လိုက်ပြီး သူ ၁-ပါးတည်းသာ စွန့်စား၍ နေရစ်လေသည်။ ထိုသို့နေစဉ်ကလကတ္တား ပွဲစားကြီး ဦးချိုဇားရှိထံမှ စာ ၁-စောင် ရောက်လာသည်။ စာတွင် "ဆရာတော်မဟာဝီရအား ကုသိနာရုံ၌ ကျောင်းဆောက်ရန် ငွေ ၁,၀၀၀-လှူဒါန်းလိုက်ကြောင်း, ဆရာတော်ထံ ရှင်စန္ဒ လိုက်သွားပြီး ကူညီလျှင် ကောင်းမည်ဖြစ်ကြောင်း"ဖော်ပြထားလေသည်။

အထက်ပါ စာကို ရရှိသောနေ့မှစ၍ ရှင်စန္ဒသည် ကုသိနာရုံသို့ သွားရန် အဖော်ရှာလေသည်။ ကံအားလျော်စွာ စာသင်ဖက် ပန်ဂျပ်နယ်သား ရသေ့ ၁-ယောက်ကို ရရှိသည်။ ခရီးစရိတ်ကား ၅-မူးသာ ရှိလေသည်။ သို့သော် အဖော်ရသေ့နှင့် ၂-ဦးသဘောတူ ဆရာကြီးထံ၌ ခွင့်ပန်၍ ခြေလျင်ထွက်လာကြသည်။ ၃-ရက်မြောက်နေ့တွင်မှ မီးရထား စီးရပြီး နောက်နေ့နံနက်တွင် ဒေဝရိယာဘူတာသို့ ရောက်ကြလေသည်။

၎င်းတွင်မှ ရှင်စန္ဒသည် ဒေဝရိယာ ရုံပိုင်ထံမှ သတင်းဆိုးကြီးကို ကြားသိရလေသည်။ "လွန်ခဲ့သော ၁၀-ရက်ခန့်က ကုသိနာရုံသို့ သွားရာလမ်းတွင် ဆရာတော်မဟာဝီရထံမှ ငွေ ၁,၀၀၀-ကို ဓားပြတိုက်သွားကြောင်း၊ ဆရာတော်မှာ ယခုအခါ ဂေါရခ်ပူရ်မြို့၌ ရှိနေသည်"ဟု ကြားရကြောင်းဖြင့် ဒေဝရိယာရုံပိုင်က ရှင်စန္ဒအား ပြောပြလေသည်။

ဂေါရခ်ပူရ်ကား ဒေဝရိယာမှ ၅၁-K.M၊ ၃၅-မိုင်မျှ ဝေးသည်။ ရှင်စန္ဒနှင့် သူ့အဖော် ရသေ့တို့သည် ရှိမဲ့စုမဲ့ ခရီးစရိတ်ဖြင့် ဂေါရခ်ပူရ်သို့ လိုက်သွားကြရာ နောက်နေ့နံနက် ၁၀-နာရီခန့်တွင် ရောက်သွားကြသည်။ သို့သော် လိုက်၍ မေးမြန်းစုံစမ်းသောအခါ ဆရာတော်မဟာဝီရမှာ ကုသိ-နာရုံတွင် ရောက်နေကြောင်း သိရလေသည်။ ထို့ကြောင့် ဂေါရခ်ပူရ်မှ ၃၅-မိုင်ခရီးကို ခြေလျင် လျှောက်ခဲ့ကြရာ ကုသိနာရုံ ဟိန္ဒူရသေ့ ၁-ပါး၏ တဲကုတ်ထဲ၌ ဆရာတော်မဟာဝီရကို ညှိုးငယ်စွာ တွေ့ရှိရလေသည်။



ကုသိနာရုံသာသနာပြုပွဲတွင် ဦးညို၊ ဒေါ်သန်းတင်၊
ကုသိနာရုံဆရာတော်၊ ဟိုက်ကုတ်ရှေ့နေ ဂုရုပြသဒ် မဒန်၊
ဗဟိုတရားသူကြီး အိန္ဒြာပြသဒ်၊ ပြည်ထဲရေး ဒုဝန်ကြီး
ရာမ်လာလ်ရာဟီတို့ကို တွေ့မြင်ရစဉ် ၁၄-၂-၉၃

ထိုအခါ ရှင်စန္ဒသည် ဆရာတော်၏ အဖြစ်အပျက်ကို ကလကတ္တား ပွဲစားကြီးထံ ကြေးနန်းရိုက် အကြောင်းကြားလိုက်သည်။ ဆရာ, တပည့် ၂-ဦးလုံးမှာ ကြေးနန်းရိုက်ခပေးရန်ပင် ပိုက်ဆံမရှိတော့သဖြင့် အိမ်ရှင် ရသေ့ထံမှ ချေးငှား၍ ပေးရမည်။ သို့သော် မကြာမီ ဦးချိုးဇားရှိထံမှ နောက်ထပ်ငွေ ၁,၀၀၀-ရောက်လာသည်။ "ကျောင်းဖြစ်မြောက်အောင်သာ စီမံပါ။ လိုသမျှငွေကို တပည့်တော် လှူဒါန်းပါမည်"ဟူ၍လည်း အမှာစကား ပါရှိလာသည်။

ဤသို့အားဖြင့် ဆရာတော်မဟာဝီရသည် ၁၈၉၈-ခုနှစ်အတွင်း၌ ကုသိနာရုံ ကျောင်းမြေနေရာကို အပြီးအပိုင် ဝယ်ယူ၍ သစ်, အုတ်, သဲ-စသော ပစ္စည်းများ စုဆောင်းပြီး တိုက်ကျောင်း ၁-ဆောင်ကို စတင်ဆောက်လုပ်သည်။ ထိုသို့ ဆောက်လုပ်ရာတွင် ရှင်စန္ဒကလည်း လိုအပ်သလို ကူညီဆောင်ရွက်ပေးရလေသည်။


ရှင်စန္ဒသည် ကျောင်းဆောက်လုပ်မှုတွင် ၃-လမျှ ကူညီဆောင်ရွက်ပေးပြီးနောက် ပညာဆက်သင်ရန် **မဟာဂါမရွာကြီးသို့** ပြန်ခဲ့သည်။ ယင်းသို့ ပညာသင်နေစဉ် မကြာမီ ကျောင်းဆရာကြီးမှာ ဝမ်းရောဂါဖြင့် ကွယ်လွန်သွားသဖြင့် ရှင်စန္ဒ အခက်ကြုံရပြန်သည်။ ကလကတ္တားမှ ပွဲစားကြီး ဦးချိုးဇားရှိသည် ထိုအကြောင်းကို သိလျှင် ရှင်စန္ဒကို ကလကတ္တားသို့ ခေါ်လိုက်ပြီး ရန်ကုန်မှ ညီဖြစ်သူ **ပွဲစား ဦးဒိုးအောင်**၊ မော်လမြိုင်မှ **မြို့ဝန် ဦးကျော်ခိုင်**တို့နှင့် ဆက်သွယ်၍ ရှင်စန္ဒကို မော်လမြိုင်သို့ ပို့လိုက်သည်။

## မော်လမြိုင်နှင့် မန္တလေးသို့

မြို့ဝန် ဦးကျော်ခိုင်သည် ရန်ကုန်မှ ပွဲစား ဦးဒိုးအောင်နှင့်အတူ ရောက်လာသော ရှင်စန္ဒကို **ကတိုးကော့နှပ်ကျောင်း ဆရာတော် ဦးသာဂရ**ထံ ပို့ပေးသည်။ ထိုစဉ်က ဦးသာဂရ၏ကျောင်းတိုက်တွင် သံဃာ ၄၀-မျှရှိရာ **ဂျာမန်ရဟန်း ၁-ပါး**နှင့် **ဂျပန်ရဟန်း ၁-ပါး**တို့လည်း ရောက်နေကြသည်။



ပြည်ထဲရေးဒုဝန်ကြီးအား လက်ဆောင် မပေးမီ ဘုရားဆင်းတုတော်အား
ဖူးမျှော်နေစဉ် ၁၄-၂-၉၃



ကုသိနာရုံ သာသနာပြုပွဲတွင် ပြည်ထဲရေးဒုဝန်ကြီး၊ ဗဟိုအစိုးရ (ဒေဝရီးယားဆိုင်ရာ) ပါလီမန်အမတ်
မိုဟန်ဆင်တို့အား ဩွေခံစဉ် ၁၄-၂-၉၃

ရှင်စန္ဒသည် ဆရာတော် ဦးသာဂရကျောင်း၌ ဝါဆိုလျက် ပရိယတ္တိ စာပေကို ဆက်လက်သင်ယူသည်။ ဝါကျွတ်သောအခါတွင်မူ မန္တလေးမြို့သို့ တက်သွားပြီး မြတောင်ကျောင်းတိုက်, အနောက်ခင်မကန်ကျောင်းတိုက်, ပတ္တမြားကျောင်းတိုက်နှင့် ဝိသုဒ္ဓါရုံကျောင်းတိုက်တို့၌ ပိဋကတ်ကျမ်းဂန်များကို သင်ကြားလေ့လာလေသည်။

ရှင်စန္ဒသည် ပတ္တမြားကျောင်းတိုက်၌နေစဉ် မော်လမြိုင်မှ မိမိနှင့်အတူ လိုက်ပါလာသော **မောင်ဖိုးယဉ်**အားလည်းကောင်း အဂ္ဂမဟာပဏ္ဍိတ **တောင်ပေါက်ဆရာတော်လောင်း ရှင်စက္ကပါလ**အားလည်းကောင်း သက္ကတဘာသာကို သင်ကြားပေးလေသည်။

မန္တလေးမြို့၌ ရှင်စန္ဒ ပညာသင်ကြားနေစဉ် ကလကတ္တားမှ ပွဲစားကြီး ဦးချိုးဖားရှိနှင့် ဇနီး-**ဒေါ်မြချမ်းဦး**တို့သည် မိမိတို့ သားရတနာ **ကျော်ဇံလှ**ကို ရှင်ပြုရန် ကြံစည်ကြသည်။ ရှင်ပြုပွဲနှင့်အတူ အသက် ၂၀-ကျော်နေပြီဖြစ်သော သာမဏေ ရှင်စန္ဒကိုလည်း ရဟန်းခံပေးသင့်ကြောင်း စဉ်းစားမိကြသည်။ ထို့နောက် ပွဲစားကြီးသည် ၁၂၆၅-ခုနှစ်၊ တပို့တွဲလတွင် မိမိဇာတိဖြစ်သော ပန်းဝါမြို့၌ ရှင်ပြုပွဲနှင့် ရဟန်းခံပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်သတ်မှတ်ပြီး စစ်တွေမြို့၊ ဆရာတော် ဦးစန္ဒိမာထံသို့ စာဖြင့် လျှောက်ကြားပင့်ဖိတ်လိုက်သည်။ ရန်ကုန်မြို့နေ ညီ-ဦးဒိုးအောင်ထံသို့လည်း ရှင်ပြုရဟန်းခံပွဲကို တပို့တွဲလတွင် ပန်းဝါမြို့၌ ကျင်းပမည်ဖြစ်၍ ပဉ္စင်းလောင်း ရှင်စန္ဒနှင့်အတူ မြန်မာနိုင်ငံမှ ထင်ရှားသော ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်များကို ပင့်၍ ပြာသိုလမကုန်မီ ပန်းဝါသို့ အရောက်လာခဲ့ရန် သေချာစွာ စာရေးမှာကြားလေသည်။

# ပန်းဝါမြို့ ရဟန်းခံရှင်ပြုပွဲကြီး

ဦးဒိုးအောင်သည် အထက်ပါစာကို ရသောအခါ မန္တလေးသို့ တက်သွားပြီး ပဉ္စင်းလောင်း ရှင်စန္ဒနှင့် တိုင်ပင်၍ ပင့်သင့်,ပင့်ထိုက်သော ဆရာတော်များကို ပင့်ဖိတ်သည်။ သို့အားဖြင့် မန္တလေးမြို့၊ **မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး,** ဝိသုဒ္ဓါရုံမှ **ဒီပဲယင်းဆရာတော်,** သုံးဆယ်မြို့၊ **မောင်းထောင် ဆရာတော်,** ကျိုက်လတ်မြို့၊ **ပစ္ဆိမာရုံဆရာတော်,** ရန်ကုန်မြို့၊ နိုင်ငံကျော် ဓမ္မကထိက **မြေနီကုန်းဆရာတော် ဦးနန္ဒိယ**- စသော သံဃာတော်ပေါင်း- ၄၀၊ ဖျာပုံမြို့၊ ဓမ္မကထိကအကျော် စိန်စနစ်ဆရာကြီး၊ မတ္တရာဝန်ကြီး ကတော် ကြီးမှူးသော သီလရှင် ၁၄-ပါးအားဖြင့် အားလုံးပေါင်း ၅၅-ဦး သောပုဂ္ဂိုလ်တို့သည် ပန်းဝါမြို့သို့ သွားရန် ပြာသိုလတွင်း၌ ရန်ကုန်သို့ ရောက်လာကြလေသည်။

ဦးဒိုးအောင်သည် ဆရာတော်ကြီးများ ပါဝင်သော ၅၅-ဦး အဖွဲ့ အတွက် ပင်လယ်ကူးသင်္ဘောတွင် ပထမတန်းမှ ရအောင် ဆောင်ရွက်ပြီး ရန်ကုန်မှ ခရီးထွက်သည်။

**စစ်တကောင်းမြို့**မှ တဖန် လှေကြီးများဖြင့် ခရီးဆက်ကြပြန်ရာ **ဖလောင်းချိတ်မြို့**သို့ ဆိုက်ရောက်ကြသည်။ ယင်းဖလောင်းချိတ်မြို့၌လည်း ပွဲစားကြီးတစ်ဦး၏သား ရှင်ပြုပွဲ၌ တရားဟောရန်အတွက် ကျောက်ဖြူမြို့မှ ဓမ္မကထိကအကျော် **ယပ်လှဲကျောင်းဆရာတော်** ရောက်ရှိနေလေသည်။

ဖလောင်းချိတ်မြို့မှ ခရီးဆက်ကြသောအခါ ပန်းဝါမြို့သို့ တပို့တွဲ လဆန်း၊ ၁-ရက်နေ့တွင် ချောမောစွာ ဆိုက်ရောက်ကြလေသည်။ ပန်းဝါမြို့ သို့ ရောက်သောအခါ ပွဲစားကြီး ဦးချိုးဇားရှိနှင့်တကွ ဗုဒ္ဓဘာသာဝင်များဖြစ် သော **'ဗရွေးဝါး'**ခေါ် မရမာကြီး အမျိုးသားတို့က ခမ်းနားသိုက်မြိုက်စွာ ကြိုဆို ကြသည်။ စစ်တွေမှ **ဆရာတော်ဦးစန္ဒိမာ**သည်လည်း ထိုနေ့မှပင် ပန်းဝါ သို့ ရောက်လာလေသည်။ ပွဲစားကြီး ဦးချိုးဇားရှိသည် ရှင်ပြုရဟန်းခံပွဲ

အတွက် မဏ္ဍပ်ကြီးများကို ခမ်းနားစွာ ဆောက်လုပ်ထားသည်။ ဆရာတော်များ သီတင်းသုံးရန်အတွက် ယာယီကျောင်းဆောင်များကိုလည်း စနစ်တကျ စီစဉ်ဆောက်လုပ်ထားလေသည်။

ဆရာတော်ကြီးများသည် ယာယီတည်းကျောင်းများ၌ သီတင်းသုံးနေတော်မူကြစဉ် အချည်းနှီး အချိန်ကို မကုန်လွန်စေကြဘဲ တရားဟောခြင်း၊ စာပေပို့ချသင်ကြားခြင်း-စသော သာသနာ့ကိစ္စများကို အချိန်ပြည့်ဆောင်ရွက်နေတော်မူကြသည်။ အလှူမဏ္ဍပ်၌လည်း **တပို့တွဲလဆန်း၊ ၁-ရက်**နေ့မှစ၍ တရားပွဲများကို ညစဉ်ကျင်းပသည်။ မြန်မာနိုင်ငံမှ ဓမ္မကထိကအကျော် ဆရာတော်များ-ဟူသော ဂုဏ်သတင်းကြောင့် တရားနာ ပရိသတ်များမှာလည်း ညစဉ် စည်ကားလျက် ရှိလေသည်။

အလှူ့ဒါယကာ ဦးချိုဇားရှီနှင့် ညီ-ဦးဒိုးအောင်တို့သည် ဆရာတော်ကြီးများအား ဆွမ်း,ကွမ်း, အဖျော်, ဆေးဝါး-စသော ပစ္စည်းများဖြင့် လိုလေသေးမရှိအောင် လုပ်ကျွေးပြုစုကြသည်။ ရပ်ဝေး,ရပ်နီးမှ ဧည့်သည်များနှင့် တရားနာပရိသတ်တို့အားလည်း နေ့,ညမရွေး ကျွေးမွေးဧည့်ခံကြသည်။

သာမဏေ ရှင်စန္ဒအား မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်သော ဥပသမ္ပဒမင်္ဂလာပွဲကို ၁၂၆၅-ခု၊ တပို့တွဲလဆန်း၊ ၉-ရက်၊ တနင်္လာနေ့တွင် 'ဥဒကုက္ခေပ'ရေသိမ်၌ ကျင်းပသည်။ သာမဏေရှင်စန္ဒသည် စစ်တွေဆရာတော် **ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ဝိသုဒ္ဓါရုံဆရာတော်- စသော သံဃာတော် ၄၀-ကျော်တို့၏ ဝိုင်းဝန်းချီးမြှောက်မှုဖြင့် ထိုနေ့နံနက် ၈-နာရီ**အချိန်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်လေ၏။ ဆရာတော်ကြီးများက ရဟန်းသစ်အား စန္ဒ-ဟူသော သာမဏေဘွဲ့တွင် မဏိ-ဟူသော ဝိသေသပုဒ် ၁-ခုတိုး၍ **အရှင်စန္ဒြမဏိ**-ဟု ဘွဲ့အမည်ပေးလိုက်ကြလေသည်။

ရဟန်းသစ် အရှင်စန္ဒိမဏိအား သိမ်မှ အထွက်တွင် ရဟန်း ဒါယကာ, ဒါယိကာမများဖြစ်သော ပွဲစားကြီး ဦးချိုးဇားရှိ, ဇနီး-ဒေါ်မြချမ်းဦး တို့နှင့်တကွ ရပ်ဝေး,ရပ်နီးမှ စေတနာရှင်တို့က သက်န်း-စသော ပစ္စည်း ပရိက္ခရာမျိုးစုံတို့ကို သဒ္ဓါထက်သန်စွာ လောင်းလှူကြသည်။ ဦးစန္ဒိမဏိ သည် လှည်း ၃-စီးတိုက်စာမျှရှိသော ထိုပစ္စည်းများကို တွယ်တာမက်မော ခြင်းမရှိဘဲ ကြွရောက်လာသော သံဃာတော်တို့အား ရက်ရောစွာ ခွဲဝေ လှူဒါန်းလိုက်လေသည်။

ဦးချိုးဇားရှိနှင့် ဇနီး-ဒေါ်မြချမ်းဦးတို့သည် **၁၂၆၅-ခု၊ တပို့တွဲ လပြည့်နေ့တွင် သားရတနာ ကျော်ဇံလှအား ရှင်ပြုမင်္ဂလာပွဲ**ကို ဆက်လက် ကျင်းပကြသည်။ ထိုရဟန်းခံပွဲ, ရှင်ပြုပွဲကြီးတွင် တပို့တွဲလဆန်း ၁-ရက် နေ့မှစ၍ ၁-လလုံးလုံး ကြွလာသမျှသော ရဟန်း,ရှင်,လူတို့အား "မီးမသေ, ရေမခန်း" ထမင်းရည်ချောင်းစီးမျှ လှူဒါန်းကျွေးမွေးကြသည်။ ညစဉ် ညတိုင်းလည်း တရားသဘင်ကို ဆင်ယင်ကျင်းပကြလေသည်။

## အရှင်စန္ဒိမဏိနှင့် ကုသိနာရုံ

ရဟန်းခံရှင်ပြုပွဲကြီး ပြီးမြောက်အောင်မြင်သောအခါ မြန်မာ နိုင်ငံမှ ဆရာတော်ကြီးများနှင့် ဧည့်သည်များ သက်ဆိုင်ရာဌာနများသို့ အသီးအသီး ကြွသွားကြသည်။ ရဟန်းသစ် အရှင်စန္ဒိမဏိသည်လည်း ဉပဇ္ဈာယ်ဆရာတော် ဦးစန္ဒိမာနှင့်အတူ စစ်တွေမြို့သို့ လိုက်ပါလာသည်။ စစ်တွေသို့ ရောက်သောအခါ မိမိကို မဇ္ဈိမဒေသသို့ ညီညာဖြဖြ ဝိုင်းဝန်းပို့ ဆောင်ပေးခဲ့ကြသော မြို့သူ,မြို့သားတို့အား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ၂-လကျော် ၃-လမျှ တရားဓမ္မများ ဟောကြားနေသည်။

ထို့နောက် ဝါဆိုရန် အချိန်နီးလာသောအခါ အိန္ဒိယနိုင်ငံသို့ ပြန်သွားပြီး ကုသိနာရုံဆရာတော် မဟာဝီရ၏ကျောင်း၌ ဝါဆိုသည်။ အရှင်စန္ဒြမဏိသည် မိမိနှင့်အတူ စစ်တွေမှ လိုက်ပါလာသော ဦးပဉ္စင်း ၃-ပါးအား ပါဠိစာပေနှင့် သက္ကတဘာသာများကို သင်ကြားပေးသည်။ ဒေသခံကပ္ပိယကျောင်းသား ၅-ယောက်အားလည်း စာသင်ပေးသည်။ ထို့ပြင် ဆောက်လုပ်ဆဲ တိုက်ကျောင်းကြီး ပြီးမြောက်စေရန်လည်း ဆရာတော် မဟာဝီရနှင့်အတူ ကူညီဆောင်ရွက်ခဲ့လေသည်။

ဤသို့ဖြင့် အရှင်စန္ဒြမဏိသည် ၁၂၆၅-ခုနှစ်၊ ရဟန်းခံပြီးစ အချိန်မှစ၍ ဆရာတော် မဟာဝီရနှင့်အတူ ကုသိနာရုံကျောင်း၌ နေထိုင်လျက် ကျောင်းတိုက်တိုးတက်ရေး, ပညာသင်ကြားရေး, သာသနာတော် ထွန်းကားရေး- စသော ကိစ္စများကို အစဉ်မပြတ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နေခဲ့ရာမှ မဟာဝီရဆရာတော်ကြီးမှာ ၁၂၉၀-ပြည့်နှစ်(၁၉၁၈)၊ **သက်တော် ၈၄-နှစ်**သို့ အရောက်တွင် **ပျံလွန်**တော်မူသွားလေသည်။ ထိုအခါ အရှင်စန္ဒြမဏိသည် ကလကတ္တားမှ ကျောင်းဒါယကာ ဦးချိုဇာရှိ လှူဒါန်းသော ဝတ္ထုငွေ ၁,၀၀၀-ဖြင့် ဆရာတော်ကြီး၏ ဈာပနကို သိုက်မြိုက်စွာ ကျင်းပပြီး ကုသိနာရုံကျောင်းအား ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ကိုလည်း ဆက်ခံရယူခဲ့ရလေသည်။

ဤမျှအထိကား စာရေးသူ ကုသိနာရုံသို့ ရောက်ပြီး ရက်သတ္တ ၁-ပတ်ခန့်အတွင်း၌ ဆရာတော်ကြီးကိုယ်တိုင် ပြန်ပြောင်းမိန့်ကြားခဲ့သော ဘဝခရီးအတွေ့အကြုံများ ဖြစ်ပါသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# ကုသိနာရုံ မြန်မာကျောင်း

## ကုသိနာရုံကျောင်းနေရာ

စာရေးသူသည် ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ၊ ၅-ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဌာနတွင် သီတင်းသုံးနေသော ဆရာတော် ဦးစန္ဒြမဏိ၏ ခြေတော်ရင်းသို့ **ရှင်နာယက**နှင့်အတူ ဆိုက်ရောက်ခဲ့သည်။ ရောက်ပြီးနောက် ၁-ပတ်မျှ အချိန်ကာလအတွင်း၌ ဆရာတော်ကြီးက မိမိဘဝဖြစ်စဉ်နှင့်တကွ လွန်ခဲ့သော နှစ်ပေါင်း ၅၀-ကျော်မှစ၍ ကုသိနာရုံသို့ ရောက်ခဲ့ရပုံ အကြောင်းစုံတို့ကို ပြန်ပြောင်းမိန့်ကြားတော်မူခဲ့သည်။ ဆရာတော်ကြီးအနေဖြင့် ထိုသို့ မိန့်ကြားခြင်းမှာ မိမိ၏သာသနာပြု တာဝန်ကို လက်လွှဲပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံမှ ခေါ်ယူလိုက်သော စာရေးသူအား သိသင့်သိထိုက်သော အကြောင်းအရာများကို စေ့စေ့စပ်စပ် အသိပေးထားခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ သာသနာပြုရေး အလုပ်သည် မည်မျှခက်ခဲကြောင်း ကြိုတင် သိထားစေလိုသော ရည်ရွယ်ချက်လည်း ပါမည် ဖြစ်ပါသည်။

ဆရာတော်ကြီး သီတင်းသုံးရာ ကုသိနာရုံ မြန်မာကျောင်းနေရာမှာ အလွန် အကွက်အကွင်း ကောင်းသောနေရာ ဖြစ်ပါသည်။ ကျောင်းတည်ထောင်စ လွန်ခဲ့သော နှစ်ပေါင်း ၆၀-လောက်က ၁-ဧကလျှင် ၃၅-မျှသာ ပေးခဲ့ရသော်လည်း ယခုအခါ သိန်းပေါင်းများစွာ တန်၍ နေပေပြီ။ ကျောင်း၏ အနောက်ဘက် မျက်နှာစာတွင် ကားလမ်းမကြီးရှိပြီး ကျောင်း၏ အရှေ့ဘက်တွင် လယ်ကွင်းများ ရှိသည်။ ကျောင်း၏ ရှေ့မှရော၊ နောက်မှပါ အကာအကွယ် မရှိသဖြင့် မြင်ကွင်း အလွန်ကောင်းပြီး ဝင်ထွက်သွားလာရန်လည်း အထူးအဆင်ပြေလျက် ရှိပေသည်။ ကျောင်း၏ တောင်ဘက်တွင်မူ မဟာပရိနိဗ္ဗာနစေတီ, လျောင်းတော်မူ ရုပ်ပွါးတော်ကြီးနှင့် ရှေးဟောင်း ကျောင်းတော်ရာများ ရှိလေသည်။

ကုသိနာရုံ မြန်မာကျောင်းတွင် ရှေးဟောင်းဇရပ်ကြီး ၁-ဆောင်, ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဘူးသီးတောင် မောင်တောမှ စစ်ပြေးဒုက္ခသည်များ ဆောက်လုပ်လှူဒါန်းခဲ့သော ဇရပ် ၁-ဆောင်နှင့် ရန်ကုန်မြို့၊ ကန်တော်ကြီးပတ်လမ်းမှ **ဒေါ်လှရွှေ** လှူဒါန်းခဲ့သော သိမ်ကျောင်း ၁-ဆောင် ရှိသည်။ ကျောင်းအဝင်ဝတွင်လည်း **ဘီရလာသူဌေး** ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်း ၁-ကျောင်း ရှိသည်။ ကျောင်းဝင်းဧရိယာ ကား ၈-ဧကမျှ ရှိလေသည်။

## ပညာသင်ကြားရေးအစ

ဆရာတော်ကြီးသည် မိမိရောက်လာပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ပညာသင်ကြားရေးကို စတင် စီစဉ်ပေးတော်မူသည်။ "ပညာသင်ကြားရာတွင် ဘွဲ့ဒီဂရီရရှိရန် လိုလားသလား၊ သို့မဟုတ် ပညာမြန်မြန်တတ်ဖို့ကိုပဲ လိုလားသလား"ဟု မိမိကို မေးသည်။ မိမိက ပညာမြန်မြန်တတ်ဖို့ကိုသာ အဓိကထားပါကြောင်း ဖြေကြားသည်။ ထိုအခါ ဆရာတော်

ကြီးသည် ကုလားဆရာ ၁-ယောက်ထံ ဟိန္ဒီဘာသာကို ကကြီး, ခကွေးမှ စ၍ သင်ကြားပေးစေသည်။ နေ့လယ်ပိုင်းတွင် ကျောင်းရှိ ကုလားဘုန်းကြီး ထံ၌ ဟိန္ဒီစကားပြော လေ့ကျင့်ရသည်။ ညဘက်တွင်မူ ဆရာတော်ကြီး ကိုယ်တိုင် 'ဆံဆကရစ်'-ခေါ် သက္ကတဘာသာကို သင်ကြားပေးလေသည်။ နေ့စဉ် အစားအသောက်ကို ကျောင်းတွင်ရှိသော နီပေါသီလရှင်ကြီး ၂-ပါးက စီမံချက်ပြုတ်ပေးလေသည်။



ကုသိနာရုံသာသနာပြုပွဲတော်ကို ပြည်ထဲရေးဒုဝန်ကြီးက ဆီမီးပူဇော်၍ ဖွင့်လှစ်နေစဉ်

## ဗီဇာသက်တမ်းတိုးရေး

သို့အားဖြင့် ၁-လခွဲကျော်မျှ ကြာသောအခါ သီတင်းကျွတ်လသို့ ရောက်လာသည်။ ထိုအချိန်တွင် မိမိ၏ အိန္ဒိယ၌ နေထိုင်ခွင့် ဗီဇာမှာ သက်တမ်းကုန်လုနီးဖြစ်၍ ဗီဇာထပ်လျှောက်ရန် လိုလာသည်။ သို့ဖြစ်၍ 'ဒူရ်ဂါပူဇာပွဲတော်' ကျောင်းပိတ်ရက်အတွင်း ဗီဇာလျှောက်ရန်အတွက် ကုလားဘုန်းကြီးနှင့်အတူ ခရိုင်မြို့၊ ဒေဝရိယာသို့ လိုက်သွားရသည်။

သက်ဆိုင်ရာ ရုံးသို့ ရောက်သောအခါ မိမိမှာ ဟိန္ဒီစကား မပြော တတ်သေးသဖြင့် ကုလားဘုန်းကြီးက ရှေ့ဆောင်၍ လျှောက်လွှာစာရွက် ပါ အကြောင်းအရာတို့ကို ဖြည့်သွင်းရေးသားခြင်း၊ အရာရှိနှင့် ပြောဆို ဆွေးနွေးခြင်းများကို ပြုလုပ်သည်။ သို့သော် အဆင်မပြေ။ ကုလားဘုန်းကြီး ၏ ဘာသာပြန်ပြောချက်အရ "ဒေလီသို့ ဖြစ်စေ၊ ကလကတ္တားသို့ ဖြစ်စေ သွား၍ ဗီဇာ ယူရမည်"ဟု ဆိုကြောင်း သိရသည်။ မိမိသည် ကုလားဘုန်း ကြီးနှင့် အရာရှိတို့ ပြောကြဆိုကြသည်ကို လုံးစေ့ပါဌ်စေ့ နားမလည်သော် လည်း အမူအရာများကို ကြည့်ရသည်မှာ မရိုးသား-ဟု သံသယ ဖြစ်မိ သည်။ "သူတို့ ၂-ဦးပေါင်း၍ မိမိအား လွယ်လွယ်ကူကူဖြင့် ဗီဇာ မရအောင် လုပ်နေကြသလော"ဟု တွေးမိသည်။ ထို့ကြောင့် ဗာရာဏသီမှ မိဂဒါဝုန် ဆရာတော် ဦးကိတ္တိမထံ သွား၍ အကူအညီတောင်းရန် စိတ်ကူးပေါ်လာ သည်။

ဗာရာဏသီသို့ ရောက်၍ ဆရာတော် ဦးကိတ္တိမအား အကျိုး အကြောင်းကို လျှောက်ကြားသောအခါ ဆရာတော် အလွန်စိတ်ဆိုးသည်။ သူကိုယ်တိုင် ဒေဝရိယာသို့ လိုက်လာသည်။ စုံထောက်ရုံးခန်းသို့ ရောက် သောအခါ ရုံးတံခါးကို ဖွင့်မပေးဘဲ ပိတ်ထားသည်။ ဆရာတော်က ခိုင်းသဖြင့် မိမိက ရုံးတံခါးကို အတင်းထုရိုက်သည်။ ထိုအခါကျမှ ရုံးတံခါး ပွင့်လာသည်။ ရဟန်း ၁-ပါး လာနေသည်ကို တွေ့လျက်နှင့် တံခါး မဖွင့် ပေးခြင်းအတွက် ဆရာတော်က ကန့်ကွက်သည်။ ရုံးအရာရှိက ပထမတွင်

ခပ်ကြမ်းကြမ်းပင် ပြန်ပြောသည်။ "အထက်အရာရှိကို တိုင်မည်"ဟု ဆိုမှ ငြိမ်ကျသွားလေသည်။ ထို့နောက် ဆရာတော်၏ ရှင်းလင်းပြောကြားချက်ဖြင့် အိန္ဒိယ၌ နောက်ထပ် ၁-နှစ် နေထိုင်ခွင့် ဗီဇာကို ရရှိခဲ့လေသည်။

ကုသိနာရုံဒေသ၏ တော်သလင်း, သီတင်းကျွတ် ရာသီဥတုမှာ ပူပြင်းလှသည်။ မိုးကလည်း အလွန်ပါးသည်။ ရာသီဥတု ကြမ်းတမ်းလှ၍ အနေအထိုင် ဆင်းရဲသလို အစားအသောက်ကလည်း အဆင်မပြေ။ ဟင်းတိုင်းတွင် နနွင်းများစွာ ထည့်ထားသဖြင့် ချွေးထွက်တိုင်း တစ်ကိုယ်လုံးတွင် နနွင်းနံ့ လှိုင်နေသည်။ အဝတ်အစားနှင့် အိပ်ရာ, နေရာများပါ နနွင်းနံ့ နံကုန်ကြလေသည်။ မြန်မာနိုင်ငံသို့ ပြန်ပြေးချင်စိတ်များ ခဏခဏ ပေါ်လာသည်။



ကုသိနာရုံတွင် ဗုဒ္ဓရေကန် တူးနေကြပုံ

## မြန်မာနိုင်ငံသို့ ပြန်ပြေးလာလို

အိန္ဒိယ၌ ၁-နှစ်တာနေခွင့် ဗီဇာရရှိပြီးနောက်တွင်မှ ပညာသင်ကြားရေးကို စိတ်အေးလက်အေး အာရုံစိုက်လာနိုင်သည်။ ဆရာတော်ကြီးက သူဖွင့်ထားသော မူလတန်းကျောင်းသို့ တက်ပြီး ဟိန္ဒီဘာသာကို ပထမတန်းမှ စ၍ သင်ကြားစေသည်။ **အသက် ၂၇-နှစ်ရှိပြီဖြစ်သော မိမိသည်** သင်ပုန်းကြီးစာအုပ်နှင့် ကျောက်သင်ပုန်း ၁-ချပ်ကို ကိုင်လျက် ၅-နှစ်၊ ၆-နှစ်အရွယ် ကုလားကျောင်းသားလေးများနှင့်အတူ ဟိန္ဒီဘာသာကို သင်ကြားရသည်။ ကလေးများက ထိပ်ပုတ်ခေါင်းခေါက်လုပ်လျှင်လည်း သည်းခံရသည်။

သို့သော် ညပိုင်း ဘုရားဝတ်တက်ပြီးနောက် ဆရာတော်ကြီးအား ဝတ်ပြုသောအချိန်တွင် စိတ်သက်သာရာ ရခဲ့သည်။ ဆရာတော်ကြီးက မိမိ အိန္ဒိယသို့ ရောက်စက အခက်အခဲ၊ ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံခံစားခဲ့ရပုံများကို ပြန်ပြောင်းမိန့်ကြားပြီး ဇွဲရှိရှိနှင့် သည်းခံစိတ်ထားရန် ညစဉ် ဆုံးမတော်မူသည်။ နာယကဂုဏ် ၆-ပါးတွင် သည်းခံခြင်း "ခမာ" ဂုဏ်သည် ပထမဦးဆုံးဖြစ်ကြောင်း၊ သည်းခံနိုင်မှု မရှိလျှင် မိမိအရိုက်အရာကို ဆက်ခံပြီး သာသနာပြုရန် မဖြစ်နိုင်ကြောင်း၊ ဟိန္ဒီစကား သင်ကြားရာတွင် တောလက်ကျေးရွာသုံး စကားကို ပြောတတ်ရန် အထူးလိုအပ်ကြောင်း ထပ်တလဲလဲ မိန့်ကြားတော်မူသည်။

## စာမေးပွဲများတွင် ပထမရခဲ့ခြင်း

သို့အားဖြင့် မူလတန်းကျောင်း၌ ကုလားကျောင်းသားလေးများနှင့် အတူတက်၍ ဟိန္ဒီဖတ်စာများကို သင်ကြားခဲ့ရာ ဩဂုတ်လမှ ဧပြီလအထိ ၉-လခန့်အတွင်း၌ **ပဥ္စမတန်း**ဖတ်စာကို ကောင်းကောင်း ဖတ်နိုင်သည့်အခြေအနေသို့ ရောက်လာသည်။ ထို့ကြောင့် နောက်နှစ် ဇူလိုင်လ ကျောင်းဖွင့်ချိန်တွင် **ဆဋ္ဌမတန်း**သို့ တက်၍ ဟိန္ဒီဖတ်စာများကို သင်ကြား

ခဲ့ရ သည်။ **သတ္တမတန်း**သို့ ရောက်သောအခါ ကျောင်းသားမှတ်ပုံတင် စာရင်း၌ တိတိကျကျ မှတ်တမ်းတင်ရမည်ဖြစ်၍ မိမိနာမည်ကို **"ဉာဏိဿရ"** ဟု ပြောပြခဲ့သည်။ သို့သော် ဆရာက ထိုနာမည်ကို သက္ကတ အသံထွက်ဖြင့် **"ဂျာနေဆွရ်"**ဟု ရေးသားလိုက်ရာ ထိုအချိန်မှစ၍ ယနေ့အထိ မိမိမှာ အိန္ဒိယ၌ "ဂျာနေဆွရ်" ဟူသော တရားဝင်အမည်သစ်ကို ရရှိခဲ့လေသည်။

စာသင်ကျောင်း၌ ၁-နှစ်ကျော်ကာလအတွင်း ပထမတန်းမှ သတ္တမတန်းအထိ ၁-တန်းပြီး ၁-တန်း တက်၍ သင်ခဲ့ရသော်လည်း အတန်းစာများကို ကောင်းစွာ လိုက်နိုင်ခဲ့သည်။ ဤသို့ လိုက်နိုင်ခြင်းမှာ အသက်အရွယ် ရင့်ကျက်မှုအပြင် မခံချင်စိတ်ဖြင့် မနားမနေ ကြိုးစားမှု ကြောင့်လည်း ဖြစ်သည်။ ထို့ပြင် ပါဠိအခြေခံရှိပြီးသော မိမိအဖို့ ဟိန္ဒီနှင့် သက္ကတဘာသာတို့ကို လေ့လာရာတွင် များစွာ အထောက်အကူ ရခဲ့ ကြောင်းလည်း တွေ့ရှိရလေသည်။ သို့အားဖြင့် နှစ်ကုန်၍ အတန်းစာမေးပွဲ များကို ဖြေဆိုသောအခါ သတ္တမတန်းစာမေးပွဲ၌ တစ်ကျောင်းလုံးတွင် ပထမ ရခဲ့သည်။ ထို့အတူ နောက်နှစ်များတွင်လည်း အဋ္ဌမ, နဝမ, ဒသမ တန်းတို့၌ ပထမ ဝင်စွဲခဲ့လေသည်။

## ကျောင်းဝင်းကို တံတိုင်းခတ်ရေး


စာရေးသူသည် ကုသိနာရုံဆရာတော်ကြီး၏ ကူညီစောင့်ရှောက် မှုဖြင့် ပညာသင်ကြားရေးဘက်တွင် တစ်နှစ်ထက် တစ်နှစ် တိုးတက်အောင် မြင်လျက် အရှိန်အဟုန် ရလာသည်နှင့်အမျှ အခြားတစ်ဖက်တွင်လည်း ကျောင်းတိုက်၏ တိုးတက်ကြီးပွါးရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိ ကြောင်း စဉ်းစားမိလာသည်။ ဆောင်ရွက်လိုသော ဆန္ဒများလည်း တစ်နေ့ ထက်တစ်နေ့ ပို၍ ပြင်းပြလာသည်။ ကျောင်းတိုက်တွင် ပထမဦးစွာ ဆောင် ရွက်ရန် လိုအပ်နေသည်မှာ လေးဖက်လေးတန်မှ ဝင်းတံတိုင်း ခတ်ရန် ဖြစ်ကြောင်း စာရေးသူ ဦးစွာ သတိပြုမိသည်။ ဆရာတော် ဦးစန္ဒြမဏိ

သည် ဘာသာခြား, လူမျိုးခြား ဒေသခံ တိုင်းရင်းသားတို့၏ကြား၌ ဤဗုဒ္ဓ ဘာသာ မြန်မာဘုန်းကြီးကျောင်းကို နှစ်ပေါင်း ၅၀-ကျော်မျှ ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ထိုမျှ ကြာမြင့်စွာ တည်တံ့အောင် စောင့်ရှောက်ရ သည်မှာ လွယ်ကူသည် မဟုတ်။ နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီး မှုများနှင့် တွေ့ကြုံခဲ့ရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသွားလျှင် ကျောင်းကို အပိုင်စီးရန် ကြံနေသူများ ရှိသည်။ ထို့ကြောင့် "ဆရာတော် ကြီး သက်တော်ထင်ရှား ရှိနေစဉ်မှာပင် ခိုင်ခိုင်မာမာ ဖြစ်စေရန်အတွက် ကျောင်းဝင်းအုတ်တံတိုင်းကို အမြန်ဆုံး ခတ်မည်"ဟု စာရေးသူ ဆုံးဖြတ် လိုက်သည်။

ကျောင်းဝင်းကို အုတ်တံတိုင်းခတ်ဖို့တော့ ဆုံးဖြတ်လိုက်ပါပြီ။ သို့သော် ငွေကြေးပစ္စည်းက ဘယ်မှာလဲ။ ငွေကြေးပစ္စည်း ရနိုင်မည့် နည်း လမ်းများကို ဆက်လက်စဉ်းစားရပြန်ပါသည်။ မြန်မာပြည်မှာ ဆိုလျှင်တော့ ဘုန်းကြီးကျောင်း အုတ်တံတိုင်း ခတ်ဖို့အတွက် ဦးဖြူ-၁,၀၀၀၊ ဦးနီက ၂,၀၀၀- စသည်ဖြင့် စေတနာထက်သန်စွာ လှူဒါန်းမည့် ဒကာ, ဒကာမတွေ တန်းစီ၍ နေပါလိမ့်မည်။ အိန္ဒိယမှာတော့ ယင်းသို့ မျှော်လင့်စရာ လုံးဝ မရှိပါ။ စလေဦးပုည ရေးခဲ့သလို ဆံဖြူတစ်ခွက်မျှ ထွက်လာမည် မဟုတ်ပါ။

## ကျောင်းပိုင်ဝတ္တကမြေများ

ငွေကြေးပစ္စည်း ရရှိရေးအတွက် ပထမဦးဆုံး တွေ့ရှိရသော လမ်း စမှာ ကျောင်းပိုင်ဝတ္တက လယ်မြေများ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ကျောင်းတိုက် အရှည်တည်တံ့ရေး၊ ကျောင်းနေ သံဃာများ ဆွမ်း,ကွမ်း, ပစ္စည်း ပြည့်စုံရေးနှင့် မဟာပရိနိဗ္ဗာနစေတီတော်ကြီးနှင့် ပတ်သတ်၍ လိုအပ်သော ဝေယျာဝစ္စအမှုများ ပြုလုပ်နိုင်ရေးအတွက် ကျောင်းပိုင် လယ်ယာမြေများကို ဖန်တီးထားပါသည်။ ကျောင်း၏ အရှေ့တောင်ဘက်၌



ဘုရားတည်မည့် နေရာကို အုတ်မြစ်ချစဉ်က
ပြည်နယ်ဝန်ကြီးချုပ် ဒေါ်မာရာဝတီ နှင့် ဒေါ်သန်းတင်တို့ အပြန်အလှန်
လက်ဆောင်ပေးနေပုံ

လယ်မြေ ၁၀-ဧက၊ အနောက်ဘက်၌ ၁၀-ဧကအပြင် ကုသိနာရုံနှင့် မိုင် ၄၀-မျှ ဝေးသော မဟီမြစ်ကမ်း၌ ၁၄-ဧကနှင့် ကုသိနာရုံမှ ၃-မိုင်ခွဲမျှ ဝေးသော ဆီဆဝရွာအနီး၌ ဧက ၄၀-အားဖြင့် ကျောင်းပိုင်ဝတ္တက လယ်ယာမြေ စုစုပေါင်း ဧက ၇၄-ကျော်မျှ ရှိပါသည်။ ထိုလယ်ယာမြေများကို အနီးအနားရှိ ကျေးရွာတို့မှ ရွာသားတို့အား အငှားချထားသည်။ ရွာသားတို့က စပါး, ဂျုံ, ကြံ, ပဲ, မုန်ညင်း, အာလူး-စသော သီးနှံပင်များကို ရာသီအလိုက် စိုက်ပျိုးကြပြီး ကျောင်းတိုက်ရပုံငွေကိုလည်း အချိုးကျ ပေးသွင်းခဲ့ကြသည်။ ဤနည်းအားဖြင့် ဝတ္တက လယ်ယာမြေများသည် ဆရာတော် ဦးစန္ဒိမဏိ၏ သာသနာပြုလုပ်ငန်း၌ တစ်ဖက်တစ်လမ်းမှ ထိုက်သင့်သလောက် အထောက်အကူပြုခဲ့ကြောင်း သိရှိရပေသည်။

ဤသို့ မိမိ၏လုပ်ငန်းများ၌ အထောက်အကူ ရစေရန်အတွက် ဝတ္တကမြေများ ရရှိရေးကို ဆရာတော်သည် မည်သို့မည်ပုံ စတင်ဖန်တီးခဲ့ရကြောင်းကို ဆရာတော်က စာရေးသူအား နောက်ကြောင်းပြန်၍ ရှည်လျားစွာ မိန့်ကြားတော်မူပါသည်။

ဟရိဗလ၊ ကုသိနာရုံ

# ကုသိနာရုံနှင့် ဦးစန္ဒမဏိ

## ကုသိနာရုံကို တူးဖော်ခြင်း

ကုသိနာရုံသည် ဗုဒ္ဓလက်ထက်၌ မလ္လာမင်းမျိုးများ အုပ်ချုပ်သည့် လူနေအိမ်ခြေ စည်ကားသော မြို့တစ်မြို့ ဖြစ်ခဲ့၏။ ဗုဒ္ဓသည် မြို့တောင်ဖက်ရှိ **'ဥပဝတ္တန'**-မည်သော အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူခဲ့၏။ ထို့ကြောင့် ယင်းဌာနကို ဗုဒ္ဓမြတ်စွာအပေါ်၌ သက်ဝင်ယုံကြည်သူရှိသော ရဟန်း,ရှင်,လူတို့က အထွတ်အမြတ်ဌာန ၁-ခုအဖြစ်ဖြင့် အသိအမှတ်ပြုခဲ့ကြ၏။ ဘာသာရေး အထိမ်းအမှတ်ဖြစ်သော စေတီ,ပုထိုးများကိုလည်း တည်ဆောက်ခဲ့ကြ၏။

**ဘီစီ ၃-ရာစုခေတ်က ဗုဒ္ဓသာသနာကို လွန်စွာ မြတ်နိုးသော သီရိ-ဓမ္မာသောကမင်းကြီးသည် ဥပဂုတ္တမထေရ် အရှင်မြတ်နှင့်အတူ ကုသိနာရုံဒေသသို့ လာရောက်ဖူးမြော်ခဲ့သည်။** မင်းကြီးသည် ကုသိနာရုံ၌ စေတီပုထိုးများ တည်ဆောက်ခဲ့သည့်အပြင် **ကျောက်စာတိုင်ကြီး** ၂-တိုင်ကိုလည်း စိုက်ထူခဲ့သည်-ဟု အဆိုရှိလေသည်။

သို့ရာတွင် ယခုခေတ်တွင်မူ အသောကမင်းကြီး၏ ကောင်းမှုတော်များကို အစအနမျှပင် မတွေ့မြင်ကြရတော့ပေ။ ယင်းသို့ မတွေ့မြင်ရခြင်းမှာ ပျက်စီးသွား၍သော်လည်းကောင်း သို့မဟုတ် မြေအောက်တွင် နစ်မြုပ်နေ၍သော်လည်းကောင်း ဖြစ်ပေလိမ့်မည်။ **အေဒီ ၇-ရာစုအတွင်းက** အိန္ဒိယသို့ ရောက်ခဲ့သော **တရုတ်ခရီးသည် ဖါှင်ကျန်**၏ မှတ်တမ်း၌ "မြို့၏ အရှေ့တောင်ထောင့်၌ အသောကမင်းကြီး တည်ခဲ့သည့် ပုထိုး ၁-ဆူရှိသည်။ ပျက်စီးယိုယွင်းနေပြီ ဖြစ်သော်လည်း ပေ ၂၀၀-လောက် အမြင့်ရှိနေတုန်းပင် ဖြစ်သည်"ဟူ၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

မည်သို့ပင်ဖြစ်စေ၊ တချိန်က လူနေမြို့ရွာအဖြစ်ဖြင့် စည်ကားခဲ့သော ကုသိနာရုံဒေသမှာ အချိန်ကာလ ရွေ့လျားလာသည်နှင့်အမျှ တဖြည်းဖြည်း တိမ်ကောဆုတ်ယုတ်လာခဲ့သည်။ လူသူကင်းဆိတ်သော တောကြီးမျက်မည်းအဖြစ်သို့ ရောက်လာခဲ့သည်။ စောစောပိုင်းက ပုဂ္ဂိုလ်များ တည်ဆောက်ခဲ့သည့် စေတီ,ပုထိုး, ကျောင်း, ကန် အဆောက်အအုံများလည်း မြေအောက်၌ နစ်မြုပ်ပျောက်ကွယ်နေခဲ့လေသည်။

သို့အားဖြင့် ရာစုနှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီးနောက် ၁၉-ရာစုနှစ်များအတွင်းသို့ ရောက်လာသောအခါတွင်မူ အိန္ဒိယအစိုးရ ရှေးဟောင်း ကျောက်စာဌာနသည် ရှေးဟောင်း သမိုင်းဝင်ဌာနများကို ခေတ်ပေါ် နည်းပညာများဖြင့် စနစ်တကျ စီမံကိန်းချ၍ တူးဖော်လေ့လာခဲ့သည်။ ထိုသို့ တူးဖော်လေ့လာရာတွင် ဗုဒ္ဓဂယာ, မိဂဒါဝုန်, လုမ္ဗိနီ-စသော တခြားဗုဒ္ဓဝင်ဆိုင်ရာ ဌာနများနှင့်အတူ ကုသိနာရုံသည်လည်း ၁-ခုအပါအဝင် ဖြစ်လာခဲ့လေသည်။

ကုသိနာရုံဒေသကို အိန္ဒိယအစိုးရ ကျောက်စာဌာနမှ **ကျောက်စာဝန် ဆာအလက်ဇန္ဒာကနိမ်ဂန်**၏ ညွှန်ကြားချက်ဖြင့် **မစ္စတာအေစီကာလိုင်း** ဆိုသူက ကြီးကြပ်၍ **၁၈၇၆-ခုနှစ်**တွင် စတင်တူးဖော်ခဲ့သည်။ ကြားတွင်

ပြတ်တောင်းပြတ်တောင်း ဖြစ်နေသဖြင့် ၁၉၀၂-ခုနှစ်သို့ ရောက်မှ အဆုံးသတ်နိုင်ခဲ့လေသည်။

## ဆရာတော် ဦးစန္ဒိမဏိ၏ ဆောင်ရွက်ချက်များ

ဆရာတော် ဦးစန္ဒိမဏိ ကုသိနာရုံတွင် စတင်ရောက်လာသောအချိန်ကား ကုသိနာရုံ၌ တူးဖော်မှုများ ဆောင်ရွက်နေဆဲအချိန် ဖြစ်သည်။ ဆရာတော်သည် မိမိရောက်လာသည့်အချိန်မှ စ၍ ပရိနိဗ္ဗာနစေတီနှင့် အနီးပတ်ဝန်းကျင်မှ တောချုံ့သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ခြင်း၊ စေတီတော်နှင့် တန်ဆောင်းများ ပြင်ဆင်မွမ်းမံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းများကို စိတ်အားထက်သန်စွာ ပြုလုပ်တော်မူခဲ့သည်။ စင်စစ် ကုသိနာရုံကို ဗုဒ္ဓပရိနိဗ္ဗာန်စံရာ ဌာနအဖြစ် ကမ္ဘာက စိတ်ဝင်စားလာအောင် ဆောင်ရွက်ခဲ့သူမှာ ဆရာတော် ဦးစန္ဒိမဏိပင် ဖြစ်ပေသည်။

ဆရာတော်သည် ကုသိနာရုံ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးအတွက်သာ ကြိုးပမ်းဆောင်ရွက်သည် မဟုတ်။ ဒေသခံ တိုင်းရင်းသားတို့၏ အကျိုးကိုလည်း သည်ပိုးဆောင်ရွက်ခဲ့သည်။ ထိုဒေသရှိ ဒေသခံတောသူတောင်သားတို့မှာ အများအားဖြင့် ဆင်းရဲနွမ်းပါးကြသည့်၊ မိမိတို့သားသမီးများကို ကောင်းစွာ ပညာသင်ကြား မပေးနိုင်ကြ။ သို့ဖြစ်၍ ဆရာတော်သည် ကုသိနာရုံ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာတို့မှ ကလေးသူငယ်များ ပညာသင်ကြားနိုင်ကြစေရန် **၁၉၁၉-ခုနှစ်မှ စ၍ စန္ဒိမဏိ အခမဲ့ စာသင်ကျောင်း**ကို ဖွင့်လှစ်ပေးခဲ့သည်။

စောစောပိုင်းကမူ ဘာသာရေး အစွဲအလမ်းကြီးသော ဒေသခံလူများသည် ကုသိနာရုံကျောင်း ရေတွင်းမှ ရေကို သောက်မိလျှင်ပင် ကြီးလေးသော မကောင်းမှု ၁-ခုကို ကျူးလွန်မိသကဲ့သို့ ထင်ခဲ့ကြ၏။ ထို့ကြောင့် စန္ဒိမဏိစာသင်ကျောင်း ဖွင့်လိုက်သောအခါ၌လည်း အချို့မိဘများသည် မိမိတို့ သားသမီးများကို ထိုကျောင်း၌ စာသင်ကြားစေရန် တွန့်

ဆုတ်နေခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ထိုသူတို့သည် ဆရာတော်၏ မေတ္တာ, စေတနာကို တဖြည်းဖြည်း ယုံကြည်သက်ဝင်လာပြီး တဖြည်းဖြည်း ကြည်ညိုလေးစားလာကြကာ သားသမီးများကို ဆရာတော်၏ ကျောင်းသို့ ယုံကြည်စွာ အပ်နှံလာကြသည်။ အနီးအနားရှိ အခကြေးငွေ ယူ၍ စာသင်ကြားပေးသော အပြိုင်စာသင်ကျောင်းများ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကြလေသည်။

ဆရာတော်သည် နောက်ပိုင်းတွင် စန္ဒြမဏိကျောင်းမှ အခြေခံပညာသင်ယူခဲ့ပြီးသော ကျောင်းသားများ ဆင်လက်ပညာသင်ကြားနိုင်ကြစေရန် **မဟာဝိဟာရ အလယ်တန်းကျောင်းနှင့် ဗုဒ္ဓကောလိပ်** ၁-ခုကိုလည်း ဖွင့်လှစ်ပေးခဲ့လေသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အိန္ဒိယကျောက်စာဌာနက ရှေးဟောင်းအဆောက်အအုံများကို တူးဖော်၍ ဆရာတော်ဦးစန္ဒြမဏိ-ကလည်း စေတီပုထိုးများ သပ္ပါယ်တင့်တယ်စေရန် တဖက်တလမ်း ပါဝင်ဆောင်ရွက်မှုကြောင့် ကုသိနာရုံဒေသသည် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်တို့ စိတ်ကို ဆွဲဆောင်နိုင်သောဒေသ ဖြစ်လာခဲ့သည်။ သီဟိုဠ်, မြန်မာ, ယိုးဒယား- စသော ထေရဝါဒနိုင်ငံများနှင့်တကွ ဂျပန်, တရုတ်, ကိုးရီးယား-စသော မဟာယာန ဗုဒ္ဓဘာသာဝင် နိုင်ငံတို့မှလည်း ဘုရားဖူးများ မကြာခဏ ဆုံဆည်းမိကြသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် ဆရာတော်၏ ကျောင်း၌ စာပေပရိယတ္တိ သင်ကြားခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းများ ပြုလုပ်ကြသည်။ ပုဏ္ဏားများကိုလည်း **မဟာပရိနိဗ္ဗာန ပါဌဆာလာ** နာမည်ဖြင့် သက္ကတဘာသာ ပို့ချပေးခဲ့ပါသည်။ ယခုအထိ ရှိသည်။

## သီဟိုဠ်သား တစ်ဦး၏ တိုက်တွန်းချက်

တစ်နေ့တွင် သီဟိုဠ်ကျွန်းမှ **နုယောဒါ**-အမည်ရှိသော လူပုဂ္ဂိုလ် ၁-ယောက်သည် ဆရာတော်၏ ကျောင်းသို့ ရောက်လာပြီး ဥပုသ်ရက်

ရှည် စောင့်နေသည်။ သူသည် ရက်အတော်ကြာကြာ နေလာသောအခါ ခြိုးခြံဆင်းရဲစွာဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသော ဆရာတော်အပေါ် တိုး၍တိုး၍ ကြည်ညိုလာသည်။ ထို့ကြောင့် ကုသိနာရုံ အနီးအနားတဝိုက်ရှိ ကျေးရွာများမှ ဆရာတော်အပေါ် ကြည်ညိုနေသော ရွာသားများထံ ချဉ်းကပ်၍ ကျောင်းတိုက်ပိုင် လယ်ယာမြေများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ကြရန် တိုက်တွန်းသည်။ ဆရာတော်အားလည်း ထိုကိစ္စ အောင်မြင်ရေးအတွက် ဒကာများ သဒ္ဓါတရားပေါက်အောင် ဟောပြောပေးရန် လျှောက်ကြားသည်။

ဒေသခံ ရွာသားတို့သည် ဆရာတော် ဦးစန္ဒြမဏိမှာ တိုင်းတပါးသား ဖြစ်ငြားသော်လည်း သီလ, သမာဓိနှင့် ပြည့်စုံရုံသာမက စာသင်ကျောင်း ဖွင့်လှစ်ပေးခြင်း- စသည်အားဖြင့် မိမိတို့အားလည်း ကူညီစောင့်ရှောက်နေသူ ဖြစ်ကြောင်း တွေ့ကြရသဖြင့် နုယောဒါ တိုက်တွန်းသောကိစ္စ၌ စိတ်ပါလက်ပါ ဖြစ်လာကြသည်။ သို့အားဖြင့် မကြာမီတွင် ကုသိနာရုံမှ မိုင် ၃၈-ခန့်အကွာ **ဗဆဟီး**-မည်သော ရွာမှ ရွာသားများတို့က **မြေရိုင်း ၁၄-ဧက**ကို ခုတ်ထွင်ရှင်းလင်းပေးကြသည်။ ထိုမြေကို ဆရာတော် ဦးစန္ဒြမဏိ အမည်ဖြင့် စာချုပ်စာတမ်း လုပ်ပေးကြသည်။ ထိုမြေ၌ သီးနှံများ စိုက်ပျိုး၍ ထွက်ရှိသော သီးနှံများမှ အချိုးကျကို ကျောင်းဘဏ္ဍာတော်အဖြစ် ပေးသွင်းကြသည်။

ထို့ပြင် ကျောင်းတိုက် အရှေ့ဘက်၌ မြေ ၁၀-ဧက၊ အနောက်ဘက်၌ ၁၀-ဧကအားဖြင့် မြေရိုင်းဧက ၂၀-ကို အဖိုးငွေ ၂၅၀-ဖြင့် ဝယ်ယူရရှိပြန်သည်။ ထိုမြေကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးရန် **ဆီဆဝရွာ**မှာ ရွာသား ၁-ယောက်အား တရားဥပဒေနှင့်အညီ လွှဲအပ်ထားသည်။ ထိုမြေမှလည်း နှစ်စဉ် ထိုက်သင့်သော ကျောင်းဘဏ္ဍာများ ရရှိခဲ့လေသည်။

## ဒေဝရီယာခရိုင်ဝန်၏ ကူညီမှု

သို့အားဖြင့် ကုသိနာရုံ မြန်မာကျောင်းမှ ကျောင်းဝတ္တက လယ်ယာမြေ ၃၄-ဧက ရှိလာခဲ့သဖြင့် ကျောင်းနေ ရဟန်းသံဃာတို့၏ ဆွမ်းရေး, ကွမ်းရေးမှ စ၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရေးတွင် ထာဝစဉ်မှီခိုအားထားစရာ ရှိလာခဲ့သည်။ ထို့နောက် ဝတ္တကမြေများ တိုးပွါးရန်အကြောင်း ၁-ရပ်လည်း ပေါ်လာပြန်ပါသည်။

ဒုတိယကမ္ဘာစစ် ပြီးစအချိန် တစ်နေ့တွင် ဒေဝရီယာမြို့မှ အင်္ဂလိပ်လူမျိုး ခရိုင်ဝန်သည် ကုသိနာရုံမှ ရှေးဟောင်းစေတီ,ပုထိုးများကို လာရောက်ဖူးမြင်ရင်း ဆရာတော် ဦးစန္ဒြမဏိထံ ဝင်လာသည်။ သူသည် ဆရာတော်အား ဖူးမြင်ပြီး "တိုင်းကြီး,ပြည်ကြီး အနှံ့အပြားသို့ သူရောက်ခဲ့ဖူးကြောင်း၊ ရုပ်လုံး,ရုပ်ကြွ အမျိုးမျိုးကိုလည်း ကြည့်ရှုလေ့လာခဲ့ဖူးကြောင်း၊ သို့သော် ဤကုသိနာရုံရှိ မဟာပရိနိဗ္ဗာနရုပ်ပွါးတော်လောက် မိမိစိတ်နှလုံးကို ဆွဲဆောင်နိုင်သော ရုပ်တုတော်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးကြောင်း၊ ဤရုပ်ပွါးတော်သည် ကမ္ဘာပေါ်၌ အထူးခြားဆုံး, နဂိုမူဟန်အပါဆုံး, အသပ္ပါယ်ဆုံး ရုပ်ပွါးတော်ဖြစ်ကြောင်း ချီးကျူးလျှောက်ကြားသည်။

ထို့နောက် ခရိုင်ဝန်က "နိုင်ငံခြားသားဖြစ်တဲ့ အရှင်ဘုရားမှာ ဤဒေသ၌ အားကိုးစရာ ဘာရှိပါသလဲ။ အရှည်သဖြင့် နေနိုင်လောက်အောင် လယ်ယာမြေများ မည်မျှရှိပါသလဲ"ဟု ဆရာတော်အား မေးလျှောက်သည်။ ဆရာတော်က ကျောင်းတိုက်ပိုင် ဝတ္တကမြေ ဧက ၃၀-ကျော်မျှ ရှိကြောင်း ဖြေကြားသည်။

ထိုအခါ ခရိုင်ဝန်က "ဤမျှနှင့် လုံလောက်မည် မဟုတ်ပါ။ တပည့်တော် ရှိနေတုန်းမှာ ဧက ၄၀-လောက် ဖြစ်လာအောင် သင့်တော်သော မြေကို ရှာကြံပြီး လျှောက်လွှာတင်လိုက်ပါ။ ဖြစ်နိုင်သော နည်းလမ်းဖြင့် တပည့်တော် ကူညီပါမည်။ ယခုအခါ အိန္ဒိယအစိုးရက လယ်ယာမြေများကို ပြည်သူပိုင် သိမ်းရန် ဥပဒေရေးဆွဲနေပြီဖြစ်၍ အမြန်ဆောင်ရွက်ပါ"ဟု လျှောက်ထားသွားလေသည်။

## ရွာသားများက ကန့်ကွက်ကြခြင်း

ဆရာတော် ဦးစန္ဒိမဏိသည် ဒေဝရိယာ ခရိုင်ဝန်၏ အကြံပေးချက်ဖြင့် ကုသိနာရုံနှင့် ၃-မိုင်ခွဲမျှ ဝေးသည့် ဆီဆဝရွာအနီးရှိ ယင်းတိုက်တော,ကျူတောဖြစ်နေသော မြေရိုင်းဧကေ ၄၀-ကို မြေတိုင်းစာရေးများအား တိုင်းတာ၍ မြေပုံဆွဲစေပြီး ဦးစန္ဒိမဏိအမည်ဖြင့် ဒေဝရိယာ ခရိုင်ဝန်ရုံးသို့ လျှောက်လွှာ တင်လိုက်သည်။ ထိုအခါ ဆီဆဝရွာ အပါအဝင် အနီးပတ်ဝန်းကျင်ရှိ ရွာ ၅-ရွာမှ ရွာသားများ စုပေါင်း၍ ခရိုင်ဝန်ထံသို့ အပြင်းအထန် ကန့်ကွက်စာ တင်ကြသည်။ ထိုရွာသားတို့၏ အကြောင်းပြချက်များမှာ–

(၁) ဦးစန္ဒိမဏိသည် နိုင်ငံခြားသားဖြစ်၍ သူ့အား မြေယာ အပိုင် မပေးထိုက်။

(၂) ယခု မြေကွက်မှာ မြေရိုင်း မဟုတ်၊ ရွာ ၅-ရွာ၏ စားကျက်မြေ ဖြစ်သည်။

(၃) ယင်းမြေကွက်ထဲ၌ တိုင်းရင်းသားလူမျိုးများ ကိုးကွယ်သည့် မဟာသီဝဘုရား ရှိနေသည်။

(၄) ယင်းမြေကွက်ကို လယ်ယာမြေအဖြစ် ချပေးလိုလျှင် တိုင်းရင်းသားများအားသာ ပေးသင့်သည်-ဟူ၍ ဖြစ်လေသည်။

ထိုရွာသားတို့သည် ခရိုင်ဝန်ရုံးသို့ ကန့်ကွက်စာ တင်ရုံသာမက ဆရာတော်ဘက်သို့ လိုက်ပါသော ဆီဆဝရွာသား ၅-အိမ်ထောင်ကိုလည်း အပေါင်းအသင်း မလုပ်ဘဲ ကြဉ်ထားကြသည်။ ကန့်ကွက်စာအရ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပြီး ဆရာတော် လျှောက်ထားသော မြေကွက်မှာ အမှန်တကယ် မြေရိုင်းများဖြစ်ကြောင်း၊ မဟာသီဝ-ဆိုသည်မှာလည်း ဆရာတော် လျှောက်လွှာတင်ပြီးမှ ညအချိန်တွင် ဝင်၍ အရေးပေါ် ဆောက်လုပ်လိုက်သော ဂူသာ ဖြစ်ကြောင်း အထက်သို့ အစီရင်ခံသည်။

သို့သော် သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်က "ဦးစန္ဒိမဏိအား မြေဧက ၄၀-မပေးထိုက်။ ၁၀-ဧကသာ ပေးစေ"ဟု အမိန့်ချလိုက်သည်။

ထိုအမိန့်ကို ဆရာတော်က မကျေနပ်သဖြင့် ရွှေ့နေ ၁-ယောက် ငှားပြီး အယူခံဝင်သည်။ ထိုအခါ ခရိုင်ဝန်က ဥပဒေအရ လူတစ်ဦးတည်းအား မြေဧက ၄၀-ပေးခွင့် မရှိသောကြောင့် အဖွဲ့ ၁-ခု ဖွဲ့စည်းပြီး ထိုအဖွဲ့ အမည်ဖြင့် မေတ္တာရပ်ခံစာ တင်ရန် အကြံပေးသည်။ သို့ဖြစ်၍ ဆရာတော်သည် ကုသိနာရုံနှင့် ဗာရာဏသီမှ ရဟန်းတော်များကို ပင့်ဖိတ်၍ **'ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့'**ကို ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့တွင် **ဆရာတော်က ဥက္ကဋ္ဌ၊ အရှင်မဟာဝီရကို္ကတ-က အကျိုးတော်ဆောင်**အဖြစ် ဆောင်ရွက်၍ **ဗာရာဏသီမှ ဦးကိတ္တိမ၊ ဦးပညာဝံသ၊ ဦးအစ္စုတာနန္ဒတို့က အမှုဆောင်များ**အဖြစ် ပါဝင်ကြလေသည်။

## ခရိုင်ဝန်၏ ဆုံးဖြတ်ချက်

ထို့နောက် ဒေဝရိယာ ခရိုင်ဝန်သည် ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးစန္ဒိမဏိနှင့် ကန့်ကွက်သော ရွာ ၅-ရွာမှ ခေါင်းဆောင်များကို မိမိရုံးခန်းသို့ ဖိတ်ခေါ်၍ ညှိနှိုင်းဖြန်ဖြေသည်။ ဦးစန္ဒိမဏိမှာ "နိုင်ငံခြားသား ဖြစ်သော်လည်း ဒေသခံ လူများနှင့် အေးအတူ ပူအမျှ ကြာမြင့်စွာ နေထိုင်လာသူဖြစ်၍ သူ့အား မြေဧက ၄၀-ပေးခြင်းကို မကန့်ကွက်သင့်ကြောင်း" ရွာသားများကို နားချသည်။ သို့သော် ရွာသားတို့က လက်မခံဘဲ ဆက်လက်၍ ကန့်ကွက်နေကြသည်။

ခရိုင်ဝန်သည် ရွာသားများအား အမျိုးမျိုး နားချဖြန်ဖြေပေးသော်လည်း မရသည့်အဆုံးတွင် ဥပဒေနှင့်အညီ မိမိလုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာကို အသုံးပြုလျက် "**ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့အား မြေရိုင်းဧက ၄၀-ကို ပေးစေ**"ဟု အမိန့်ချလိုက်လေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

## ဝတ္တကမြေများနှင့် ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့

### တရားလွှတ်တော်ချုပ်အထိ တက်ကြခြင်း


ဒေဝရိယာခရိုင်ရုံးမှ “မြေရိုင်းဧက ၄၀-ကို ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့အား ပေးစေ”အမိန့်ချမှတ်လိုက်သော်လည်း ထိုကိစ္စမှာ ဤမျှနှင့်ပြီးပြတ်သွားခြင်း မရှိ။ ရွာသားတို့က **အေလာဟာဘာဒ်ရှိ ပြည်နယ်တရားရုံး**သို့ အယူခံ တက်ကြသည်။ သို့သော် ဆရာတော်ဦးစန္ဒြမဏိကား ခရိုင်ဝန်ရုံး၌ အဆုံးအဖြတ် ရရှိသည့်နေ့မှ စ၍ မြေကွက်ကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်စေသည်။ ရွာသားတို့က “အယူခံတက်နေဆဲအချိန်တွင် ထိုသို့ လုပ်ပိုင်ခွင့် မရှိ”ဟု ဆို၍ ဒုတ်, ဓား, လက်နက်များဆွဲကိုင်ကာ ဝင်ရောက်တားဆီးကြသည်။ အဓိကရုဏ်း မဖြစ်စေရန် သက်ဆိုင်ရာမှ တပ်သား ၅၀-ပါဝင်သော ရဲတပ်ဖွဲ့ ၁-ဖွဲ့ စေလွှတ်၍ ထိန်းသိမ်းရလေသည်။

ရွာသားတို့က ပြည်နယ်တရားရုံး၌လည်း အရှုံးနှင့် ရင်ဆိုင်ကြရသည်။ အေလာဟာဘာဒ်တရားရုံးမှ ရွာသားတို့၏ အယူခံလွှာကို ပယ်ချပြီး တရားစရိတ် ကျခံရန်ပါ အမိန့်ချလိုက်သည်။ ထိုအခါ ရွာသားတို့က **နယူးဒေလီရှိ နိုင်ငံတော် တရားလွှတ်တော်ချုပ်**သို့ တက်ကြပြန်လေသည်။

ထိုအချိန်အတွင်း မြန်မာနိုင်ငံမှ တရားဝန်ကြီး **ဦးသိမ်းမောင်**သည် အိန္ဒိယ၌ ဘုရားဖူးလှည့်လည်ရင်း ကုသိနာရုံသို့ ရောက်လာသည်။ ဆရာတော် ဦးစန္ဒြမဏိနှင့် အလ္လာပသလ္လာပ စကားပြောကြရင်း လယ်ယာမြေများကိစ္စကို စကားစပ်မိကြသည်။ ထိုအခါ ဦးသိမ်းမောင်က **"ယင်းကိစ္စနှင့် ပတ်သတ်သော အမှုတွဲကို မိတ္တူကူးပြီး တပည့်တော်ထံ ပို့ပါ။ တပည့်တော် တတ်စွမ်းသမျှ ကူညီပါမည်"**ဟု လျှောက်ကြားသွားသည်။ ဆရာတော်ကလည်း အမှုတွဲကို လျင်မြန်စွာ မိတ္တူကူးပြီး ရန်ကုန်မြို့၊ မြန်မာနိုင်ငံ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်ထံ ပို့လိုက်လေသည်။

နယူးဒေလီတရားရုံးတော်သို့ တဖက်မှ အယူခံ တက်နေဆဲ အချိန်တွင်လည်း ဆရာတော်သည် မြေကွက် ရှင်းလင်းထုတ်ဖော်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေသည်။ ရွာသားများက တားဆီးကန့်ကွက်ကြသော်လည်း ရဲတပ်ဖွဲ့က ကူညီစောင့်ရှောက်ပေးသောကြောင့် လုပ်ငန်းမှာ အရှိန်အဟုန်မပျက် တိုးတက်အောင်မြင်နေသည်။ ခုတ်လှဲပစ်သော ယင်းတိုက်သားများကို ထင်းအဖြစ် ရောင်းချရာမှ ငွေ ၅,၀၀၀-မျှ ရရှိရာ ထိုငွေအားဖြင့် တောအတိပြီးသော မြေရိုင်းကွက်ကြီးမှာ စိုက်ပျိုးနိုင်သော လယ်ယာမြေအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤသို့ ၁-နှစ်ခန့် ကြာသောအခါ တရားလွှတ်တော်ချုပ်မှလည်း အမိန့်ကျလာသည်။ ရွာသားများဘက်မှ တရားစရိတ်နှင့်တကွ အယူခံရှုံးနိမ့်သွားသဖြင့် ထိုမြေကိစ္စ လုံးဝပြီးပြတ်သွားလေသည်။



ဆရာတော် ဦးဝဏ္ဏသီရိက ဗုဒ္ဓပို့စ်တ် ဒီဂရီကောလိပ်ကျောင်းဝင်းရှိ
ဘုရားကျောင်းကို အုတ်မြစ်ချနေစဉ်

ရွာသားတို့သည် တရားဥပဒေကြောင်း-အရ ရှုံးနိမ့်ခဲ့ကြသော်လည်း အခြားနည်းမျိုးစုံဖြင့် ဆရာတော်အား အနှောင့်အယှက် ဆက်ပေးနေကြသည်။ ဆရာတော်ဘက်သို့ လိုက်ပါသော **ရွာသား ၅-အိမ်ထောင်ကို** မိမိတို့ရွာ၌ မနေနိုင်အောင် နှောင့်ယှက်ကြသည်။ ထိုအကြားမှပင် ဆရာတော်ဘက်သို့ လိုက်ပါသူများမှာ ပထမ ၅-အိမ်ထောင်အပြင် နောက်ထပ် ၅-အိမ်ထောင် တိုးလာပြီး ၁၀-အိမ်ထောင် ဖြစ်လာသည်။ ဆရာတော်၏ ကျောင်းကိုလည်း ရဲအဖွဲ့က နေ့ညမပြတ် စောင့်ကြပ်၍ ကာကွယ်ပေးနေကြသည်။

## စန္ဒြမဏိဗာဗာ

တရားရုံးအဆင့်ဆင့်သို့ တက်၍ ကာလကြာမြင့်စွာ ရင်ဆိုင်ဖြေရှင်းခဲ့ရသော မြေရိုင်းဧက-၄၀ လယ်ယာမြေအဖြစ်သို့ ရောက်လာသောအခါ **ထိုမြေမှ ထွက်သော အကျိုးခံစားခွင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်များကို ကုသိနာရုံ ဗုဒ္ဓဘာသာကျောင်း၌ သီတင်းသုံးနေသော ရဟန်းသံဃာများနှင့်သာ သက်ဆိုင်စေရမည်**-ဟူ၍ ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့က စာချုပ်စာတမ်း ပြုလုပ်ထားကြသည်။ ယခင်က ဦးစန္ဒြမဏိ အမည်ဖြင့်ရှိခဲ့သည့် လယ်ယာမြေ ၃၄-ဧကနှင့်ဆိုလျှင် ယခုအခါ ကျောင်းတိုက်အတွက် ဝတ္တက လယ်ယာမြေ ၇၄-ဧကမျှ ရှိလာသည်။ ထိုမြေများကို ငှားရမ်းစိုက်ပျိုးစေရာမှ နှစ်စဉ် ကျောင်းတိုက်အတွက် သီးစားခ ဆွမ်းဆန်မောင်း ၂၀-ကျော်မျှ ရရှိလာခဲ့လေသည်။

**မှတ်ချက်။** ။၁-မောင်းလျှင် ၃၂-ပြည်ရှိ၍ မောင်း ၂၀-မှာ တင်း ၄၀-သာ ရှိပါသည်။

ဆရာတော် ဦးစန္ဒြမဏိသည် ကျောင်းတိုက်ဆိုင်ရာ မြေများအနက်မှ ၅-ဧကခန့် ဥယျာဉ်အဖြစ် ဖန်တီးပြီး သရက်, ပိန္နဲ-စသော သီးစားပင်များ စိုက်ပျိုးစေသည်။ အခြား မြေကွက်များတွင်မူ စပါးနှင့် ကြံ, ပဲအမျိုးမျိုး, မုန်ညင်း, ခရမ်း, ငရုတ်-စသော သီးနှံအမျိုးမျိုးကို ရာသီအလိုက် စိုက်ပျိုးကြသည်။ ထိုလယ်ယာမြေများကို ထိန်းသိမ်းစောင့်ရှောက် ကြီးကြပ်စီမံရန် ဒေသခံတိုင်းရင်းသား ဒါယကာ ၅-ယောက်တို့အား ကိုယ်စားလှယ် လွှဲအပ်ထားသည်။ အနီးအနားတဝိုက်ရှိ ရွာတို့မှ ရွာသားများစွာတို့သည် ကျောင်းပိုင် လယ်ယာမြေများကို မိမိတို့ လိုသလောက် ငှားရမ်းလုပ်ကိုင်နိုင်ကြသည်။ ထိုလယ်ယာမြေတို့မှ ထွက်သော ဆန်စပါး, သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကိုလည်း သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ကြသည်။ ယခင်က ဆရာတော်အား အတိုက်အခံ လုပ်ခဲ့သူ

များတွင် ခေါင်းဆောင်အချို့မှအပ ကျန်လူများမှာ ဆရာတော်အပေါ် ကြည်ကြည်သာသာ ဖြစ်လာကြသည်။ ဆရာတော်နှင့် တွေ့သည့်အခါတိုင်း "**စန္ဒြမဏိ = စန္ဒြမဏိဗာဗာ**"ဟု ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကာ ဦးခိုက် ရှိခိုးကြလေသည်။

## အုတ်တံတိုင်း အကောင်အထည်ပေါ်လာပြီ

အထက်တွင် တင်ပြခဲ့သည့်အတိုင်း စာရေးသူသည် ကျောင်းတိုက် လုံခြုံရေးအတွက် အုတ်တံတိုင်းခတ်ရန် ကြံသောအခါ ကျောင်းပိုင်ဝတ္တက မြေများမှ ရရှိသော အကျိုးအမြတ်ကို မြင်မိပါသည်။ သို့ရာတွင် ထိုအရပ်မှ ကုလားလယ်သမားများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အလွန်ညံ့ဖျင်းကြ ကြောင်း, စပါးကိုပင် မြန်မာလယ်သမားများလောက် စနစ်တကျ မစိုက်ပျိုး တတ်ကြကြောင်း, ထို့ကြောင့် ကျောင်းအတွက် ရရှိသော သီးစားခမှာလည်း ရသင့်သလောက် မရဘဲ အလွန် နည်းပါးနေကြောင်း တွေ့ရှိရလေသည်။

သို့ဖြစ်၍ ကျောင်းနားရှိ လယ်ကွက်မှ လယ်ယာလုပ်သားတို့အား စပါးစိုက်ပျိုးချိန်တွင် နွားချေးနှင့် ဓာတ်မြေသြဇာများ လုံလောက်စွာ သုံး၍ စနစ်တကျ စိုက်ပျိုးရန် နည်းလမ်း ညွှန်ပြပေးခဲ့သည်။ ထိုနှစ်တွင် စပါး အထွက် သိသိသာသာ တိုးလာပြီး ကျောင်းအတွက်လည်း အကျိုးအမြတ် များစွာပိုလာသည်။

ထို့နောက် စပါးရိတ်သိမ်းပြီးချိန်တွင် ထိုမြေကွက်၌ ဓာတ်မြေသြ- ဇာ ကျွေး၍ အာလူးစိုက်ခဲ့သည်။ အာလူးများလည်း အောင်မြင်၍ အလွန် အထွက်ကောင်းခဲ့သည်။ အာလူးများ ပေါ်သောအခါ ကျောင်းအတွက် ရရှိသော အာလူးများကို ချက်ချင်းရောင်းမပစ်ဘဲ လှောင်ထားစေခဲ့သည်။ လ-အနည်းငယ်ကြာမှ အာလူးများကို ထုတ်ရောင်းသောအခါ **ဈေးကောင်း ရ၍ ငွေ ၄,၀၀၀-ကျော်မျှ** ထွက်လာလေသည်။

ထိုအခါ စာရေးသူသည် ဆရာတော်ကြီးအား ပန်ကြားလျှောက်ထားပြီး အုတ်တံတိုင်းလုပ်ငန်းကို စတင်ပါသည်။ ပထမဦးစွာ အုတ်, သဲ, ဘိလပ်မြေတို့ကို ဝယ်ယူစုဆောင်းရာ **အုတ်-၁,၀၀၀ ကျောင်းအရောက် ၃၅-ရူပီး, ဘိလပ်မြေ ၁-အိတ် ၇-ရူပီးသာ** ကျပါသည်။ အလုပ်သမားခမှာလည်း သက်သာလှပါသည်။ အလုပ်ကြမ်းသမား ၁-နေ့လျှင် ၁-ကျပ် ၅၀-ပြား၊ ပန်းရန်ဆရာ ၄-ကျပ်သာ ပေးရပါသည်။

ကျောင်းဝင်းကို လေးဖက်လေးတန်မှ တံတိုင်းခတ်ကြသောအခါ အုတ်နှင့် ဘိလပ်မြေ အတော်များများ ပိုနေပါသည်။ ထို့ကြောင့် ဆရာတော်အား လျှောက်ကြားပြီး ၁၀-ပေနှင့် ၁၂-ပေ အုတ်တိုက်ငယ် ၅-လုံး ဆောက်လုပ်ခဲ့ပါသည်။

## ဝတ္တကမြေမှ ရရှိသော အကျိုး

တံတိုင်းနှင့် အုတ်တိုက်ကလေးများ ဆောက်လုပ်ပြီးစီးခဲ့သောအခါ ကျောင်းတိုက်မှာ သာသာယာယာ ဖြစ်လာသည်။ ဘုရားဖူးဧည့်သည်များ လာသောအခါ၌လည်း တည်းခိုရန် ပို၍ အဆင်ပြေလာပါသည်။ ကျောင်းပိုင်လယ်ယာတို့မှ စပါးနှင့် အာလူးများ အထွက်ကောင်းလာသဖြင့် ကျောင်းနေ ရဟန်းသံဃာတို့အတွက် ဆွမ်းရေး,ကွမ်းရေး အခြေအနေမှာလည်း အတော်ပင် တိုးတက်လာပါသည်။

ယခင်က ဆရာတော်ကြီးအား သီလရှင်တို့က သီးခြားချက်၍ ဆွမ်းကပ်ခဲ့ကြသည်။ ကုလားဘုန်းကြီးကလည်း သူ ၁-ပါးတည်း သီးခြားစားသည်။ ယခုမူ ကျောင်းပိုင်လယ်ယာမြေမှ ရရှိသော ဆန်စပါး, အာလူး, ဟင်းသီးဟင်းရွက်တို့ဖြင့် စုပေါင်းချက်ပြုတ်ပြီး အားလုံး တပေါင်းတည်း စားကြပါသည်။ ထို့ပြင် နေ့စဉ် ညရောနံနက်ပါ စုပေါင်း၍ ဘုရားဝတ်တက်ခြင်း, မေတ္တာပို့ခြင်း, ကမ္မဋ္ဌာန်း ထိုင်ခြင်းများ ပြုလုပ်လာသဖြင့် ကျောင်းတိုက်မှာ ပို၍ ကျောင်းနှင့် တူလာခဲ့လေသည်။

ဤတွင် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းကြီးကျောင်း ၁-ကျောင်း အရှည် တည်တံ့ရေးအတွက် ဝတ္တကလယ်ယာမြေများသည် မည်မျှအရေးပါကြောင်း မြန်မာစာဖတ်ပရိသတ်များ အထူး သဘောပေါက်စေချင်ပါသည်။ အိန္ဒိယ၌နေသော ရဟန်းတော်များမှာ ဆွမ်းခံ၍လည်း မရ၊ ဆွမ်းဝတ်ပို့သူလည်း မရှိ၊ ဆန်အိတ်တွေ, ဆီပုံးတွေ လှူဒါန်းသည့် အလှူပွဲများလည်း မရှိချေ။ စောစောပိုင်းတွင် မြန်မာနိုင်ငံမှ ဘုရားဖူးလာသော ဒကာ, ဒကာမများက တတ်စွမ်းသမျှ လှူဒါန်းသွားကြသည်များ ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ နှစ်ပေါင်း ၂၀-ကျော်မျှ ဘုရားဖူးများ အဆက်ပြတ်သွားခဲ့၏။ မြန်မာနိုင်ငံမှ ဘုရားဖူးများ အဆက်မပြတ် လာရောက်နေသည့်တိုင်အောင် ငွေကြေးကန့်သတ်ချက် ရှိနေသဖြင့် ယင်းတို့၏ အလှူငွေသက်သက်ဖြင့် ရပ်တည်နိုင်ခြင်း မရှိချေ။

ယခု စာရေးသူတို့၏ ကုသိနာရုံကျောင်းမှာမူ အမြော်အမြင် ကြီးစွာဖြင့် ဆရာတော်ကြီး ကြိုးပမ်းဖန်တီးခဲ့သော ကျောင်းပိုင်လယ်ယာမြေများကြောင့်လည်းကောင်း အခါအားလျော်စွာ လာရောက်တည်းခိုကြသော ပြည်တွင်း,ပြည်ပ ဘုရားဖူးဧည့်သည်များက စေတနာအလျောက် လှူဒါန်းသွားသည့် အလှူငွေများဖြင့်လည်းကောင်း ယနေ့အထိ ဆွမ်း,ကွမ်းမှ စ၍ အဖက်ဖက်မှ ပြည့်စုံလျက် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါသည်။ သာသနာပြုလုပ်ငန်းများကိုလည်း ထိုက်ထိုက်တန်တန် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် စာသင်ကျောင်းမှ ပညာထူးချွန်သော ကျောင်းသားတို့အား ဆုချီးမြှင့်သည့် အစီအစဉ်ကိုပါ တီထွင်ပြုလုပ်နိုင်ခဲ့သဖြင့် ကလေးများနှင့် ရင်းနှီးမှု, ဒေသခံလူများ၏ ကူညီမှုတို့ကို များစွာ ရရှိခဲ့လေသည်။

စာရေးသူမှာ တဖက်တွင် ကျောင်းတိုက် တိုးတက်စည်ပင်ရေး လုပ်ငန်းများကို လုပ်ဆောင်နေရသလို အခြားတဖက်တွင် ပညာသင်ကြားရေးကိုလည်း အစဉ်မပြတ် ကြိုးစားနေရပါသည်။ အထူးအားဖြင့် ဟိန္ဒီ

ဘာသာကို စာရော စကားပြောပါ တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ကြောင်း ဆရာတော်ကြီးက အမြဲသတိပေး တိုက်တွန်းနေခဲ့ပါသည်။ ဆရာတော်ကြီးကား တိုင်းရင်းသား ဘာသာစကားကို တတ်ကျွမ်းမှ သာသနာပြုလုပ်ငန်း အောင်မြင်နိုင်ကြောင်းကို မိမိကိုယ်တွေ့ဖြင့် ကောင်းစွာ သိရှိတော်မူခဲ့လေသည်။

ဟိန္ဒီဘာသာကို အတော်ကလေး တတ်ကျွမ်းသည့် အခြေအနေသို့ ရောက်သောအခါ ဆရာတော်ကြီးက မိမိအား လက်တွေ့စမ်းသပ်ချက် ၁-ရပ်ကို ပြုလုပ်တော်မူလေသည်။ စမ်းသပ်ပုံကား တစ်နေ့တွင် ဂေါရခ်ပူရ်ခရိုင်မှ ကုလားခေါင်းဆောင် ၃-ယောက်က ဆရာတော်ကြီးကို လာပင့်ကြသည်။ ဆရာတော်ကြီးက သူကိုယ်တိုင် မလိုက်ဘဲ မိမိအား သူ့ကိုယ်စား ထည့်လိုက်သည်။ မိမိလည်း ဘာမသိ, ညာမသိဖြင့် ကုလား ၃-ယောက်နှင့် အတူ လိုက်သွားသည်။ ဂေါရခ်ပူရ်သို့ ရောက်သောအခါ ဂေါရခ်ပူရ်-တက္ကသိုလ်ဝင်း အတွင်းရှိ **မင်္ဂလဟရိဒယ-ဆိုသူ တိဘက်ဘာသာသင်ဆရာအိမ်တွင်** ညအိပ်တည်းခိုရသည်။

ထိုအချိန်က အိန္ဒိယနှင့် ပါကစ္စတန် စစ်ဖြစ်နေကြသည်။ ယူပီ ပြည်နယ်၊ အာဂရာ၌ အကြီးဆုံး လေတပ်စခန်းရှိပြီး ဂေါရခ်ပူရ်၌ ဒုတိယ အကြီးဆုံး လေတပ်စခန်း ရှိသည်။ ထို့ကြောင့် ညဘက်တွင် စစ်ဖက်ဆိုင်ရာတို့၏ အမိန့်ဖြင့် ဂေါရခ်ပူရ်တစ်မြို့လုံး မီးမှိတ်ထားကြရသည်။ မိမိတို့အဖွဲ့လည်း မှောင်နှင့် မည်းမည်းဖြင့် ဂေါရခ်ပူရ်၌ ၁-ညတာ ကုန်လွန်ခဲ့ရလေသည်။

နံနက် လင်းသောအခါ စောစောထ၍ လက်ဖက်ရည်သောက်ပြီး စထွက်ကြရပါသည်။ အိမ်ရှင် မင်္ဂလဟရိဒယကား မိမိကို မြင်လျှင်မြင်ချင်း အတော်ခင်မင်သွားပုံ ရပါသည်။ သူ့အိမ်မှ မထွက်မီ မိမိအား "ညီလေး၊ ကုလားတွေကို သတိထားပါ။ လိမ်တတ်တယ်။ အစားအသောက်ကိုလည်း ဂရုစိုက်ပါ"ဟု သတိပေးလိုက်သည်။ သူကား အိန္ဒိယ တိုင်းရင်းသား မဟုတ်၊ မွန်ဂိုလီးယားနိုင်ငံသား လားမား ၁-ဦးဖြစ်ပြီး

လားမား ဘုန်းကြီးဘဝမှ လူထွက်၍ အိန္ဒိယ၌ အခြေစိုက်နေထိုင်သူ ဖြစ်လေသည်။

ဂေါရခ်ပူရ်မှ ထွက်လာပြီး ၎င်းမှ ကီလိုမီတာ ၂၀-ခန့် ဝေးသည့် ဆဟာဂျန်နဝါမြို့ကလေးသို့ ရောက်ပါသည်။ ထိုမြို့တွင် ဆွမ်းစားပြီး ၃-မိုင် ခန့်ဝေးသည့် ရွာကလေး ၁-ရွာသို့ ဆက်သွားရပါသည်။ ထိုရွာကလေးတွင် ရွာသူ,ရွာသား ၃၅၀-ခန့်တို့အား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးရန် မိမိလိုက်လာရခြင်းဖြစ်ကြောင်း ယခုမှပင် မိမိသိရှိခဲ့ရလေသည်။

ရွာအဝင်ဝတွင် ရွာသူ,ရွာသားများက ကြိုဆိုနေကြသည်။ ထို့နောက် ရွာလယ်မဏ္ဍပ်သို့ ပင့်ခေါ်သွားကြသည်။ မဏ္ဍပ်တွင် ယောကျာ်း ၁၀၀-ခန့်နှင့် မိန်းမ ၅၀-ခန့်တို့ စုဝေးနေကြသည်။ ထိုလူများအား မိမိက ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးရမည် ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးခြင်းကို မည်ကဲ့သို့ ပြုလုပ်ရမည်-ဟု မိမိ မသိခဲ့။ အတွေ့အကြုံလည်း တစ်ကြိမ်တစ်ခါမျှ မရှိခဲ့သေး။ ထို့ကြောင့် ရုတ်တရက် ပေါ်လာသောအတွေးဖြင့် ထိုလူများအား ပထမဦးစွာ သရဏဂုံနှင့် ၅-ပါးသီလ ပေးပြီး မေတ္တာသုတ်ကို ရွတ်လိုက်ပါသည်။ ထို့နောက် ဟိန္ဒီဘာသာဖြင့် တတ်သမျှ, မှတ်သမျှ တရားဟောပါသည်။

"တကာတို့၊ ဦးပဉ္စင်း အိန္ဒိယကို ရောက်တာ ၁-နှစ်ကျော်ဘဲ ရှိပါသေးတယ်။ ဟိန္ဒီစကားကို မိခင်စကားလို မပြောတတ်သေးပါဘူး။ ဦးပဉ္စင်း ပြောတဲ့စကားကို ဒကာတို့ နားလည်ချင်မှ နားလည်ပါလိမ့်မယ်။ နားမလည်ရင် ပြန်မေးကြပါ၊ အားမနာကြပါနဲ့။ ဆရာနဲ့ ဒကာဆိုတာ အားနာနေဖို့ မလိုဘူး။ ဒီနေ့ ဒကာတို့ ဗုဒ္ဓဘာသာထဲကို ဝင်လာကြပြီ။ သရဏဂုံ ၃-ပါးနဲ့ ၅-ပါးသီလကို ယူပြီးကြပြီ။ ၅-ပါးဆိုတာ ၅-ခု၊ သီလဆိုတာ လူတွေ အမြဲစောင့်ထိန်းလိုက်နာရမယ့် ကျင့်ဝတ်ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ရင် ဒီကျင့်ဝတ် ၅-ပါးကို အမြဲစောင့်ထိန်းဖို့ လိုတယ်။"

ဟိန္ဒီဘာသာဖြင့် မိမိ ပထမဦးဆုံး ဟောသောတရားကို ကုလားတွေ ဘယ်မျှ နားလည်ကြသည်ကိုတော့ မသိ။ ၁-နာရီမျှ ကြာသွားသဖြင့် ဟောသူမိမိမှာမူ ချွေးဒီးဒီးကျ၍ အတော်ပင် မောသွားခဲ့ပါသည်။ ကျောင်းသို့ ပြန်ရောက်၍ ဆရာတော်ကြီးအား အကြောင်းစုံကို လျှောက်ကြားသော အခါ ဆရာတော်ကြီးက ကျေနပ်အားရစွာဖြင့် "ဒီလိုပဲ စ-ဟောရတာ ပေါ့"ဟု မိန့်ကြားတော်မူလေသည်။

ဟရိဗလ၊ ကုသိနာရုံ

## ဆရာတော် ဦးစန္ဒိမဏိ ပျံလွန်တော်မူခြင်း

### ပညာရေးနှင့် ပူးတွဲတာဝန်

စာရေးသူသည် ကုသိနာရုံဆရာတော်ကြီး လမ်းညွှန်ပေးတော်မူသည့်အတိုင်း သာသနာပြုလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ပညာသင်ကြားရေးကို မျက်ခြည်ပြတ်မခံဘဲ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပညာသင်ကြားရေးရာတွင် မိမိအနေဖြင့် ဘာသန္တရနှင့် ခေတ်ပညာရပ်များကို အလျင်အမြန် တတ်မြောက်ပေါက်ရောက်ရေးကိုသာ အဓိကထားခဲ့သည်။ သို့ရာတွင် အိန္ဒိယ၌ တရားဝင်ဘွဲ့ဒီဂရီ မရရှိပါက မိမိလုပ်ငန်းတွင်ကျယ်ရန် အခက်အခဲ ရှိသည်။ လူအများ၏ ယုံကြည်လေးစားမှုကို ရရှိရန် မလွယ်။ သို့ကြောင့် မိမိသည်လည်း မူလတန်းမှ စ၍ တရားဝင်*(အ)* တန်းကျောင်း ပညာရေးလမ်းကြောင်းထဲသို့ပင် ဝင်၍ လိုက်ခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ မိမိ၏ပညာရေးခရီးကား အဆင်ပြေသည်-ဟု ဆိုရပါမည်။ မူလတန်းမှ စ၍ ဝင်ခဲ့ရသော်လည်း အချို့သော အတန်းများကို ခုန်ကျော်ပျံလွှား၍ တက်ခဲ့ရသဖြင့် ၁၉၆၈-ခုနှစ်တွင် ဒသမတန်းကို ချောမောစွာ အောင်မြင်ခဲ့ပါသည်။ ထို့နောက် ဥပစာတန်းကိုလည်း ၁၉၇၀-ပြည့်နှစ်တွင် ဆက်လက်အောင်မြင်ခဲ့ပြန်ရာ တက္ကသိုလ်ဘွဲ့ ၁-ခု ရရှိရန် အတော်ကလေး အလှမ်းနီးလာခဲ့ပါသည်။

သို့သော် ထိုအချိန်တွင် နှောင့်နှေးစရာ အကြောင်းများ ပေါ်လာသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မိမိသည် တစ်ဖက်တွင် ပညာရေးအတွက် ကြိုးပမ်းနေရသလို အခြားတစ်ဖက်တွင်လည်း သက်တော် ၉၀-ကျော် ဆရာတော်ကြီးအား လုပ်ကျွေးပြုစုရေးနှင့် ကျောင်းတိုက်ထိန်းသိမ်းစောင့်ရှောက်ရေးကိုလည်း တာဝန်ယူနေရပါသည်။

ဆရာတော်ကြီးသည် မိမိ၏လုပ်ဆောင်ချက်များကို နှစ်သက်ကျေနပ်တော်မူသဖြင့် ၁၉၆၇-ခုနှစ်တွင် ကျောင်းတိုက်နှင့် သက်ဆိုင်သော သော့များကို မိမိအား လွှဲအပ်ပေးခဲ့သည်။ ၁၉၆၈-ခုနှစ်တွင် "ကုသိနာရုံ ဘိက္ခုသံဃ"အဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ပေးခဲ့သည်။ ထို့နောက် ၁၉၆၉-ခုနှစ်သို့ ရောက်သောအခါတွင်မူ ဆိုင်ရာ ဝတ္တကလယ်ယာမြေများနှင့်တကွ ကုသိနာရုံကျောင်းတိုက်၏ ပိုင်ဆိုင်မှုအရပ်ရပ်ကို မိဂဒါဝုန် ဆရာတော် **ဦးကိတ္တိမ**နှင့် မိမိတို့အား ဒွိသန္တက ပြုလုပ်၍ အပြီးအပိုင် လွှဲအပ်ခဲ့လေသည်။

ဆရာတော်ကြီးသည် ကျောင်းတိုက်လွှဲအပ်ရေးကိစ္စ ဆောင်ရွက်ရာတွင် ဆိုင်ရာတရားဥပဒေများနှင့်အညီ ဖြစ်စေရန် အထူးသတိထား၍ စဉ်းစားဆောင်ရွက်တော်မူခဲ့၏။ ဆရာတော်ကြီးသည် ပိုက်ဆံအကုန် သက်သာသောနည်း **ဝဆီယတ်တ်နာမာ**ခေါ်သော **ကုလားဥပဒေနည်း**အရ ဒွိသန္တက လွှဲပေးခဲ့ပါသည်။

ထိုအချိန်တွင် ဆရာတော်ကြီး၏ တပည့်တိုင်းရင်းသား ရဟန်းသံဃာအချို့လည်း ရှိနေရာ ယင်းတို့ ကျေနပ်လက်ခံစေရန်လည်း ဆွေးနွေး

ညှိနှိုင်းခြင်း ပြုခဲ့ရ၏။ ပထမ အစ္စုတာနန္ဒဆရာတော်အား ပုဏ္ဏားများက မြှောက်ပေးကာ ဝဆီယတ်တ်နာမာကို ဖျက်ရန် ကြံကြပါသေးသည်။ ချက်ချင်းပင် ဆရာတော်ကြီးက ခေါ်ယူပြီး ဖြေရှင်းပေးခဲ့ပါသည်။

တိုင်းရင်းသား တပည့်အချို့ကား ဆရာတော်ကြီး၏ ဆောင်ရွက်ချက်ကို မတတ်သာ၍ လက်ခံလိုက်ကြရသော်လည်း ကျေနပ်ခြင်း မရှိခဲ့ကြချေ။ ထိုမကျေနပ်မှုများသည် ဆရာတော်ကြီး ပျံလွန်တော်မူသွားသောအခါ ဘွားဘွားကြီး ပေါ်ထွက်လာခဲ့လေသည်။

## ဆရာတော်ကြီး သူငယ်ပြန်လာခြင်း

ဆရာတော်ကြီးမှာ ၁၉၇၂-ခုနှစ်တွင် သက်တော် ၉၇-နှစ်အတွင်းသို့ ရောက်လာသည်။ ထိုအချိန်တွင် ပထမဦးဆုံး ဖြစ်ပေါ်လာသည့် ဖောက်ပြန်မှုကား မကြာခဏ သတိမေ့၍ **သူငယ်ပြန်လာခြင်း** ဖြစ်၏။ တစ်ခါတစ်ခါ ဆွမ်းစားပြီး ကျိန်းစက်ရာမှ ထ၍ ဆွမ်းတောင်းသည်။

တစ်ခါတစ်ခါ ဆွမ်းစားရင်း အိပ်ပျော်သွားတတ်သည်။ ထို့ပြင် "ငါ့ကို ကုသိနာရုံသို့ ပို့ပေးပါ၊ ကုသိနာရုံသို့ ပို့ပေးပါ"ဟူ၍လည်း မကြာခဏ ပြောတတ်လေသည်။

၁၉၇၂-ခု၊ ဧပြီလ ကုန်ခါနီးတွင် ဗာရာဏသီဆရာတော် ဦးကိတ္တိမနှင့် ဦးဓမ္မရက္ခိတတို့သည် ဆရာတော်ကြီးကို စမ်းသပ်ကုသရန် ဒေဝရီယားမှ ခရိုင်ဆရာဝန်ကြီးကို ပင့်ခေါ်လာကြသည်။ ဆရာဝန်ကြီးသည် လူနာကို သေချာစွာ စမ်းသပ်စစ်ဆေးပြီး အားဆေး ၁-လုံးကို ထိုးပေးသည်။ နောက်ထပ်လည်း ၂-ရက်ခြား ၁-ကြိမ် ထိုးပေးရန်အတွက် လိုအပ်သော ဆေးများကို ပေးထားခဲ့ပြီး ပြန်သွားလေသည်။

ဆရာဝန်ကြီး ပေးခဲ့သောဆေးကား ဆေး ၁-လုံးတည်းမှ ၄-ကြိမ်ခွဲ၍ ထိုးရသော ဆေးဖြစ်ပါသည်။ သို့ဖြစ်၍ ပထမတစ်ကြိမ် ထိုးပြီး၍ ကျန်သောဆေးကို ရေခဲသေတ္တာထဲ၌ ထည့်ထားရပါသည်။ ဆရာဝန်ကြီး

မှာထားခဲ့သည့်အတိုင်း ဧပြီလ ၃-ရက်နေ့တွင် ဒုတိယအကြိမ် ထိုးပါသည်။ နံနက်စောစောပိုင်းတွင် ဆေးထိုးခဲ့ရာ ၁၀-နာရီလောက်တွင် ဆရာတော်ကြီးစ၍ ဖျားပါတော့သည်။

ထိုအဖျားသည် တက်လိုက်,ကျလိုက်ဖြစ်နေပြီး တခါတရံ ၁၀၅-၁၀၆-ဒီဂရီသို့ပင် ရောက်သွားပါသည်။ ကုသိနာရုံဆေးရုံမှ ဆရာဝန်နှင့် **အာယုဗ္ဗေဒတိုင်းရင်းဆေးဆရာ**တို့ကို ပင့်ခေါ်ပြသသော်လည်း အကြောင်းမထူးခဲ့ချေ။ သို့အားဖြင့် ဆရာတော်ကြီးသည် 'သတိမရ တချက်, ရ-တချက်' ဖြင့် ပြင်းပြသောအဖျားဝေဒနာသို့ နေ့ရောညပါ မသက်မသာ ခံစားနေရရှာလေသည်။

## ထူးဆန်းသော နိမိတ်များ

စာရေးသူက ဆရာတော်ကြီးကို စိတ်မချနိုင်သဖြင့် နေ့ရောညပါ အိပ်စက်ခြင်း လုံးဝမပြုဘဲ အချိန်ပြည့် အနီးကပ် ပြုစုနေခဲ့သည်။ ဗာရာဏသီ ဆရာတော် ဦးကိတ္တိမနှင့် အခြားသက်ဆိုင်ရာ ဆရာတော်များထံသို့လည်း လူလွှတ်၍ တစ်မျိုး၊ စာရေး၍ တစ်နည်းဖြင့် အကြောင်းကြားခဲ့သည်။ မေလ ၇-ရက်နေ့တွင်မူ **ကိုရင်နာယက**နှင့် ကျောင်းသားများက "ဦးပဥ္စင်း၊ မအိပ်တာ ၄-၅-ရက် ရှိနေပြီ။ နေမကောင်း ဖြစ်သွားလိမ့်မယ်။ နည်းနည်းအိပ်ပါဦး၊ ဆရာတော်ကြီးကို တပည့်တော်တို့ စောင့်ပါမယ်"ဟု ပြော၍ အတင်းအိပ်ခိုင်းကြသည်။ သူတို့ ပြောလွန်းအားကြီးသဖြင့် မိမိသည် ဆရာတော်ကြီး၏ အခန်းအပြင်ဘက်ရှိ ဝါးကုတင်လေးပေါ်သို့ သွား၍ မှိန်းနေသည်။

အိပ်၍ကား မပျော်၊ ထိုစဉ်တွင် ကောင်းကင်မှ မီးရှူးမီးပန်းများကဲ့သို့ ဥက္ကာပျံများ ကျလာသည်ကို မြင်ရသောကြောင့် အိပ်နေရာမှ ချက်ချင်းထပြီး ဆရာတော်ကြီးထံပါးသို့ အပြေးအလွှား ရောက်သွားမိပါတော့သည်။

ဥက္ကာပျံများကို တွေ့မြင်ရခြင်းကား ထူးဆန်းသော အတိတ်နိမိတ်တစ်ခုဖြစ်ကြောင်း မိမိစိတ်၌ စွဲထင်သွား၏။

ထို့နေ့ညဉ့်ပိုင်း၌လည်း အလားတူ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာပြန်သည်။ ကျောင်းရှေ့ ၁-ဖာလုံခွဲမျှကွာသော နေရာ၌ ညောင်ပင်ကြီး ၁-ပင်ရှိသည်။ ထိုညောင်ပင်ကြီးသည် ညနေပိုင်းမှ စ၍ ၂-နာရီခန့်ကြာအောင် အသံမြည်နေပြီး ည ၈-နာရီခန့်တွင် မိုးမရွာ၊ လေမတိုက်ဘဲ ဝုန်းကနဲ လဲကျသွားပါသည်။ မလဲမီ တကျွတ်ကျွတ် မြည်နေသောအသံနှင့် ဝုန်းကနဲ လဲကျသွားသော အသံတို့ကို ကျောင်းမှပင် ကောင်းစွာ ကြားရပေရာ "ဤသည်မှာလည်း ထူးဆန်းသော အတိတ်နိမိတ်တစ်ခုပေပဲလား"ဟု တွေးမိပါတော့သည်။

ရက်သတ္တပတ် ၁-ပတ်မျှ 'သတိမရ တချက်, ရ-တချက်'ဖြင့် အပြင်းဖျားနေသော ကျေးဇူးရှင် ကုသိနာရုံဆရာတော်ကြီးကား (၈-၅-၇၂)နေ့ နံနက် ၉-နာရီ, ၄၅-မိနစ်အချိန်တွင် အသက်ရှူ လုံးဝရပ်၍ ဝိညာဏ်ချုပ်သွားတော်မူလေသည်။

**"ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီတဲ့"**ဟူသော သတင်းသည်လည်း အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာများသို့ တောမီးလောင်သကဲ့သို့ ချက်ချင်းပျံ့နှံ့သွားသည်။ မိနစ်ပိုင်း, နာရီပိုင်းအတွင်းမှာပင် လူကြီး,လူငယ်၊ မိန်းမ, ယောကျ်ား လူတန်းစားစုံ ပါဝင်သော ရပ်သူရွာသားများသည် ကျောင်းထဲသို့ အလျှိုအလျှို ရောက်လာကြသည်။ ကျောင်းထဲတွင် ဆရာတော်ကြီး ပျံလွန်တော်မမူမီ အချိန်ကပင် ဖူးမြင်ရန် ရောက်ရှိနေသူများဖြင့် ပြည့်ကြပ်နေပေရာ နောက်ထပ် ရာပေါင်းများစွာသော လူများ ရောက်လာသော အခါ ထိန်းမနိုင်သိမ်းမရသော လူအုပ်ကြီး ဖြစ်သွားလေသည်။

မည်သို့ပင် ဖြစ်စေ၊ မိမိတို့ကား လူအုပ်ကြီးကို တတ်နိုင်သမျှ ထိန်းသိမ်းပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို လူအများ ဖူးမြင်နိုင်အောင် ပြင်ဆင်ရန် အလျင်အမြန် ဆောင်ရွက်ကြရပါသည်။ ပထမဦးစွာ အလောင်းကို ရေသပ္ပါယ်သည်။ ထို့နောက် ကိုယ်တွင် ဝတ်ရုံခဲ့သော သင်္ကန်းဟောင်းများအစား သင်္ကန်းသစ်များဖြင့် လဲလှယ်ဝတ်ဆင်သည်။

အလောင်းတော်ထားရာ ကုတင်ကိုလည်း တင့်တင့်တယ်တယ်ဖြစ်အောင် မွမ်းမံပြင်ဆင်ပြီး ထိုကုတင်ကို လူအများ ဖူးမြင်နိုင်ကြစေရန် ကျောင်းအပြင်ဖက်သို့ ရွှေ့ပြောင်းကြရပါသည်။ လာရောက်ဖူးမြင်သော လူထုသည် သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြကုန်လျက် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဝမ်းနည်းကြေကွဲစွာ ဖူးမြင်ကြသည်။ မိမိတို့ ယူဆောင်လာသည့် ပန်းကုံး,ပန်းခိုင်များဖြင့်လည်း လှိုက်လှဲကြည်ညိုစွာ ပူဇော်ကန်တော့ကြလေသည်။

## အခါမဲ့ လေမုန်တိုင်း

ကျောင်းရှေ့တွင် လူထုပရိသတ်ကြီး နားနေနိုင်စေရန်အတွက် **ရွက်ဖျင်တဲကြီး** ၁-လုံးကို စာသင်ကျောင်းမှ ကျောင်းဆရာများနှင့် အလောသုံးဆယ် ထိုးကြရပါသည်။ သို့ရာတွင် နံနက် ၁၁-နာရီ အချိန်ခန့်တွင် မမျှော်လင့်ဘဲ လေမုန်တိုင်း ၁-ခု ကျရောက်လာသဖြင့် ရွက်ဖျင်တဲသည် ထိုးနေဆဲ တန်းလန်းမှာပင် ပြိုကျသွားခဲ့ပါသည်။ ကုသိနာရုံ၌ နွေရာသီ တန်ခူးလ, ကဆုန်လတို့၌ မကြာခဏ လေမုန်တိုင်း ကျရောက်တတ်ပါသည်။ သို့ရာတွင် အခြားနေ့များ၌ နေပူရှိန်ပြင်းသော နေ့ခင်း ၂-နာရီ, ၃-နာရီအချိန်တို့၌သာ ကျရောက်မြဲ ဖြစ်၏။ ယနေ့ကား နံနက် ၁၀-နာရီလောက်မှာ လေမုန်တိုင်းကျလာသဖြင့် "ဤသည်မှာလည်း ဆရာတော်ကြီးနှင့် ပတ်သက်သော ထူးခြားမှုတစ်ခု"ဟု မှတ်ထင်မိပါတော့သည်။

## ကျောင်းများလည်း ပိတ်ခဲ့ကြ

အိန္ဒိယနိုင်ငံ၌ လူသေလျှင် အလောင်းကို အိမ်ပြင်သို့ ချက်ချင်းထုတ်ထားကြရသည်။ အချို့ကမူ မသေမီကပင် အိမ်ပြင်သို့ ထုတ်၍ မြေကြီးပေါ်၌ ကောက်ရိုးခင်း၍ ထားတတ်ကြပါသည်။ သေပြီးနောက် ရက်ကူးအောင် မထားဘဲ နေ့ချင်း သင်္ဂြိုဟ်ကြရပါသည်။ ကုသိနာရုံဆရာတော်၏

အလောင်းကိုမူ ရပ်ဝေး,ရပ်နီးမှ တပည့်များအားလုံး စုံစုံညီညီ လာရောက်နိုင်ကြစေရန်အတွက် ၃-ရက် ထားခဲ့ကြသည်။

ကုသိနာရုံ၏ မေလနေပူရှိန်မှာ အလွန်ပြင်းထန်လှသောကြောင့် ထို ၃-ရက်အတွင်း၌ ဆရာတော်ကြီး၏ ရုပ်ကလာပ်အခြေအနေ မပျက်ယွင်းစေရန် ရေခဲတုံးများဖြင့် ပုံပိုးထိန်းသိမ်းခဲ့ကြရသည်။ သို့ကြောင့်လည်း အလောင်းတော်မှာ အခြေအနေ ပျက်ယွင်းခြင်းမရှိဘဲ အသက်ရှင်စဉ်က ကျိန်းစက်နေသကဲ့သို့ ကြည်ညိုဖွယ်ရာ ဖူးမျှော်ကြရပါသည်။ အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာတို့မှ အလောင်းတော်ကို လာရောက်ဖူးမြင်သူတို့မှာလည်း နေ့စဉ် ထောင်နှင့်ချီ၍ ရှိခဲ့လေသည်။ အထူးအားဖြင့် ဆရာတော်ကြီးပျံလွန်တော်မူသည့် မေလ ၈-ရက်နေ့တွင် ဂေါရခ်ပူရ်တိုင်း၏ အာဏာပိုင်များက ဆရာတော်ကြီးအတွက် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် မိမိတို့တိုင်းအတွင်းရှိ မူလတန်းမှ တက္ကသိုလ်ကောလိပ်အထိ ကျောင်းများကို ပိတ်ပေးခဲ့ကြသည်။

ဂေါရခ်ပူရ်တက္ကသိုလ်မှာမူ ကျင်းပနေဆဲ စာမေးပွဲများကိုပင် ရက်ရွှေ့ပေးခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီး၏ အလောင်းကို လာရောက်ဖူးမြင်သော ကျောင်းသူ,ကျောင်းသားများမှာ ထိန်းမနိုင်သိမ်းမရအောင်များပြားခဲ့လေသည်။ လူသေလျှင် သေပြီ၊ ဘာမျှလုပ်စရာ မလိုတော့ဘူး-ဟူသော စိတ်ဓာတ်ဖြင့် တချို့မှာ ဘာမျှမလုပ်တတ်ကြပါ။ စာရေးသူကား သက်တော်ထင်ရှား ရှိခဲ့စဉ်ကလို လုံးဝမပျက်မကွက် ဆည်းကပ်ခဲ့ရာ ဆရာတော်ကြီးအား သက်တော်ထင်ရှား ရှိခဲ့စဉ်ကလို တခြားသူများကလည်း ပူဇော်ပသ ဆည်းကပ်ခဲ့ကြပါသည်။ ထို့အတူ မိဂဒါဝုန်ဆရာတော်ဦးကိတ္တိမနှင့် ယခုလက်ရှိ ဆရာတော် ဦးတိက္ခိန္ဒြိယတို့အားလည်း ပြုစုခဲ့ပါသည်။ ကုသိနာရုံဆရာတော်ကြီး ပျံလွန်တော်မူခဲ့စဉ်က သံဃာ ၁၆-ပါး, ပုဏ္ဏား ၁၀၈-ယောက်, လူ ၅၀၀-ကျော်တို့အား ကျွေးမွေးလှူဒါန်းခဲ့သည်။ မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမအတွက် သံဃာတော် ၈၀-ပါး,

လူပေါင်း ၅၀၀-ကျော်နှင့် ဆရာတော် ဦးတိက္ခိန္ဒြိယအတွက် သံဃာ ၆-ပါး နှင့် လူပေါင်း ၁,၀၀၀-ကျော်တို့အား ကျွေးမွေးခဲ့သည်။

## မီးသင်္ဂြိုဟ်ပွဲ ကြေကွဲစရာ

ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်မည့်နေ့တွင်မူ ပရိသတ် အစည်ကားဆုံး ဖြစ်၏။ ရပ်ဝေးမှ ရဟန်းတပည့်, လူတပည့်များနှင့်တကွ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၅-ရွာတို့မှ ရပ်သူရွာသားများ သောင်းသောင်းဖြဖြ လာရောက်ကြသည်။ ထို့ပြင် ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ် မည့်နေရာသို့ မပင့်ဆောင်မီ ရပ်သူ,ရွာသားများ၏ တောင်းဆိုချက်အရ အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာများသို့ လှည့်လည်အပူဇော်ခံရသည်။ ရပ်သူ, ရွာသားများသည် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ပန်းကုံး,ပန်းခိုင်များ ဖြင့် ပစ်ကြဲပူဇော်ပြီး နောက်ဆုံးကန်တော့ခြင်းဖြင့် လိုက်လံ့စွာ ရှိခိုးကန်တော့ ကြသည်။ နောက်ဆုံးတွင်မူ ဈာပနကော်မတီသည် တောင်းဆိုသည့်နေရာ တိုင်းသို့ လှည့်လည်ခြင်း မပြုနိုင်တော့ချေ။ ထို့ကြောင့် သက်ဆိုင်ရာ ရပ်သူ ရွာသားများကို ကျေနပ်အောင် တောင်းပန်၍ ဗုဒ္ဓမြတ်စွာ၏ ရေကြည်တော် သောက်သုံးရာ **မာထကုဝရ်ကျောင်းကြီး**အား ဦးတိုက်ကန်တော့ပြီး ဆရာတော် ကြီး၏ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခြင်း ပြုလိုက်ကြရလေသည်။

ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ ရုပ်ကလာပ်ကို အနီးပတ် ဝန်းကျင်ရှိ ရပ်ရွာများသို့ လှည့်လည်အပူဇော်ခံစဉ် စာရေးသူ၏ စိတ်အစဉ် ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓမြတ်စွာ၏ အလောင်းတော် ကို ကုသိနာရုံမြို့တောင်ဘက်ရှိ **ဥပဝတ္တနအင်ကြင်းဥယျာဉ်**မှ မြို့အရှေ့ဘက် ရှိ မကုဋဗန္ဓနစေတီသို့ ပင့်ဆောင်ခဲ့စဉ်က လမ်းတလျှောက်မှ မြို့သူ, မြို့သားများ သောင်းသောင်းဖြဖြ ပူဇော်ကန်တော့ခဲ့ကြပုံကို မြင်ယောင်လာ မိပါသည်။

တကယ်တော့ **မဟာပရိနိဗ္ဗာနစေတီတော်ကြီး**အနီး၌ပင် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခြင်းကလည်း သာသနာ့သမိုင်းတွင် အဓွန့်ရှည်စွာ ဥဒါန်းတွင်ရစ်စေမည် ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မေလ ၁၁-ရက်နေ့တွင် မီးသင်္ဂြိုဟ်ပြီးနောက် မေလ ၂၀-ရက်နေ့တွင် ဆရာတော်ကြီးကို ရည်စူးလျက် သံဃာတော် ၂၆-ပါးတို့အား ပရိက္ခရာ ၈-ပါးနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်း၍ ဆွမ်းကပ်ပွဲ ကျင်းပခဲ့ကြပါသည်။ ထိုနေ့တွင် အနီးအဝေးမှ ရောက်လာသော လူထုပရိသတ် ၅,၀၀၀-ကျော်တို့အားလည်း ပူရီနှင့် သီးစုံဟင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပါသည်။ လူထုပရိသတ်အား ဧည့်ခံကျွေးမွေးရာတွင် ကျောင်းပိုင် ဝတ္တကမြေမှ စိုက်ပျိုးထွက်ရှိသည့် အာလူး, ဂျုံ, ဆီ, ဆန်များ အသင့်ရှိနေသောကြောင့် ထောပတ်နှင့် ဟင်းသီးဟင်းရွက်များကိုသာ ဝယ်ယူသုံးစွဲခဲ့ရပါသည်။

## နိုင်ငံတကာမှ သဝဏ်လွှာများ

ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိကား အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာနယ်ပယ်၌သာမက ကမ္ဘာ့ဗုဒ္ဓဘာသာလောကကြီး တစ်ခုလုံး၌ ထင်ရှားသော သာသနာပြုပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်ပေသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသွားကြောင်း သတင်းကို ကြားသိကြရသည့်အခါ နိုင်ငံတကာမှ ဗုဒ္ဓဘာသာဝင်များ တုန်လှုပ်ချောက်ချားသွားကြပါသည်။

နိုင်ငံအကြီးအကဲများ, ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များနှင့် လူပုဂ္ဂိုလ်, ရဟန်းပုဂ္ဂိုလ်များစွာတို့က ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။ ကြေးနန်းဖြင့်လည်းကောင်း စာဖြင့်လည်းကောင်း ပေးပို့ခဲ့ကြသည်။ ဝမ်းနည်းကြောင်း သဝဏ်လွှာပေါင်းမှာ ၁,၂၇၈-စောင်ရှိပြီး နိုင်ငံပေါင်း ၃၂-နိုင်ငံတို့မှ ပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်ခဲ့လေသည်။

အမှန်အားဖြင့် ဆရာတော် ဦးစန္ဒြမဏိသည် ကုသိနာရုံ၌ ဗုဒ္ဓ-ဘာသာ ပြန်လည်ထွန်းကားရေးကိုသာ ကြိုးပမ်းဆောင်ရွက်ခဲ့သည် မဟုတ်။ ရပ်ကျိုး, ရွာကျိုး, နယ်ပယ်၏ အကျိုးကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့၏။

အနီးအနား ပတ်ဝန်းကျင် ကျေးရွာတို့မှ ဆင်းရဲသော ရွာသူ,ရွာသားများ၏ ပညာသင်ကြားနိုင်ကြစေရန် **စန္ဒြမဏိ အခမဲ့စာသင်ကျောင်း, မဟာဝီရအလယ်တန်းကျောင်းနှင့် ဗုဒ္ဓကောလိပ်**တို့ကို ဖွင့်လှစ်ပေးခဲ့၏။ ကုသိနာရုံအနီးအနား ၁၀-မိုင် ပတ်လည်တွင် အာယုဗ္ဗေဒဆေးပညာ သင်ပေးခြင်း၊ သက္ကတဘာသာ သင်ပေးခြင်း၊ အာယုဗ္ဗေဒဆေးဖြင့် မမာကျန်းသူများကို အခမဲ့ကုသပေးခြင်း-စသော ဂုဏ်များသည် ဆရာတော်ကြီး ဦးစန္ဒြမဏိ၏ ကောင်းကျိုးမင်္ဂလာများ ဖြစ်ပါသည်။ ထို့ကြောင့် ကုသိနာရုံတစ်ဝိုက်မှ လူထုသည် ဆရာတော်ကြီးကို အလွန်ရိုသေ လေးစားခဲ့ကြသည်။ **"စန္ဒြမဏိဗာဗာ"**ဟူ၍ အမြတ်တနိုး ခေါ်ခဲ့ကြသည်။ တကယ်တော့ ဆရာတော်ကြီး ပျံလွန်တော်မူသွားခြင်းမှာ ဗုဒ္ဓဘာသာလောကအတွက်သာမက ကုသိနာရုံနယ်တဝိုက်မှ ဒေသခံ အိန္ဒိယတိုင်းရင်းသားတို့အတွက်လည်း ကြီးမားသော ဆုံးရှုံးမှုကြီး ၁-ရပ် ဖြစ်ခဲ့လေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# ဆရာတော်ဦးစန္ဒြမဏိ၏ သာသနာပြုလုပ်ငန်းများ

## ကုသိနာရုံကို တောရှင်းခဲ့သူ

အိန္ဒိယနိုင်ငံ၊ ဥတ္တရပဒေသ ပြည်နယ်အတွင်းရှိ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ကုသိနာရုံဒေသမှ သာသနာပြုဆရာတော် ဦးစန္ဒြမဏိ ပျံလွန်တော်မူခဲ့ခြင်းကြောင့် နိုင်ငံတကာ ဗုဒ္ဓဘာသာလောကနှင့် ဒေသခံ တိုင်းရင်းသားများပါ ဝမ်းနည်းကြေကွဲရကြောင်း အထက်တွင် ဖော်ပြခဲ့ပါသည်။ ဆရာတော်ကြီးသည် အိန္ဒိယ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားအောင် ရှေ့ဆောင်ရှေ့ရွက် ပြုသူများအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ ထို့ပြင် ဆရာတော်ကြီးသည် သက်တော် ၁၅-နှစ်အရွယ် သာမဏေငယ် ဘဝကပင် အိန္ဒိယသို့ စွန့်စွန့်စားစား သွားရောက်ပညာသင်ယူခဲ့ပြီး သက်တော် ၂၀-ကျော် ရဟန်းဖြစ်ပြီး နောက်ပိုင်းတွင်မူ ကုသိနာရုံဒေသ၌သာ လုံးလုံးလျားလျား အခြေစိုက် နေထိုင်ခဲ့လေသည်။ အတိအကျဆိုပါမူ ၁၉၇၂-ခုနှစ်၊ မေလအထိ ၉၇-နှစ်ကာလအတွင်း ၁၉၂၂-ခုနှစ်တွင် ၁-ကြိမ် နှင့် ဆဋ္ဌသံဂါယနာကိစ္စအတွက် ၁၉၅၆-ခုနှစ်တွင် ၁-ကြိမ်သာ မိခင်မြန်မာ

နိုင်ငံသို့ ပြန်ရောက်ခဲ့လေသည်။ မိဘဆွေမျိုးနှင့် ရပ်ရွာဒေသ သံယောဇဉ်ကို ဤမျှအထိ ဖြတ်တောက်နိုင်သော ပုဂ္ဂိုလ်ကား ဘယ်ခေတ်မှာမဆို ရှားပါးလှမည်သာ ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံ၌ ကာလကြာမြင့်စွာ ပျောက်ကွယ်တိမ်မြုပ်နေသော ဗုဒ္ဓဘာသာကို ပြန်လည်ဖော်ထုတ်ရေးတွင် ရှေ့ဆောင်ရှေ့ရွက်ပြုသူများ အနက် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)မှ **အနာဂါရိကဓမ္မပါလသည်** ရှေ့တန်းမှ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သကဲ့သို့ မြန်မာနိုင်ငံမှ ဦးစန္ဒြမဏိသည်လည်း ဦးဆောင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပေသည်။ အနာဂါရိကဓမ္မပါလသည် ဗုဒ္ဓ မြတ်စွာ ပွင့်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိနှင့် ဓမ္မစကြာတရားဦး ဟော ကြားရာ မိဂဒါဝုန်ဌာနတို့ကို ယနေ့အခြေအနေသို့ရောက်အောင် ရှင်းလင်း ဖော်ထုတ်ပေးခဲ့သည်။ ထို့အတူ ဆရာတော်ဦးစန္ဒြမဏိသည်လည်း ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံဒေသကို ကမ္ဘာက သိအောင် ဆောင်ရွက် ပေးခဲ့လေသည်။ ကုသိနာရုံဒေသသို့ ဆရာတော် ပထမဦးဆုံးရောက်ခဲ့စဉ် ၁၉၀၀-ပြည့်နှစ် ပတ်ဝန်းကျင်ကမူ ထိုဒေသမှာ တောကြီးမျက်မည်း အတိ သာ ရှိနေခဲ့၏။ ဆရာတော်၏ တီထွင်ကြိုးပမ်းမှုကြောင့်သာလျှင် ယနေ့ အခြေအနေကဲ့သို့ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ စိတ်ကို ဆွဲဆောင်နိုင်သော ဌာနကြီး တစ်ခုအဖြစ်သို့ ရောက်ရှိလာရခြင်း ဖြစ်ပေသည်။ တကယ်တော့ ဆရာတော်ကြီးသည် ကုသိနာရုံဒေသကို တောရှင်းခဲ့သော မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး တစ်ပါးပင် ဖြစ်ပေသည်။

## ကျောင်း,ကန်,ဇရပ်များ ဆောက်လုပ်ခြင်း

ဆရာတော်ကြီးသည် ကုသိနာရုံဒေသ၌ နှစ်ပေါင်း ၇၀-နီးပါးမျှ အခြေချနေထိုင်လျက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မဇ္ဈိမဒေသအတွင်းရှိ ဗုဒ္ဓနှင့်ဆိုင်ရာ ဌာနအသီးသီး၌ မြန်မာကျောင်း,ကန်,

ဇရပ်များ ဆောက်လုပ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းသည် အဓိကလုပ်ငန်း တစ်ခု ဖြစ်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဆရာတော် ဦးစန္ဒ- မဏိသည် ၁၈၉၈-ခုနှစ် ရှင်သာမဏေဘဝကပင် ကုသိနာရုံ၌ ကျောင်းဆောက် လုပ်ရာတွင် **ဆရာတော် ဦးမဟာဝီရနှင့်**အတူ ပါဝင်ကူညီခဲ့သည်။

ထို့နောက် ဆရာတော်သည် ၁၉၁၀-ခုနှစ်တွင် မိဂဒါဝုန်(ဆာရ်နတ်) ၌ မြန်မာကျောင်း ၁-ကျောင်း ဖြစ်ပေါ်လာစေပြီး–

- သာဝတ္ထိ၌ **ဦးမဟိန္ဒကျောင်းနှင့် ဒေါ်ဒွေးဇရပ်**၊
- ဗလရမ်ပူရ်၌ **မြန်မာကျောင်း**၊ - ရာဇဂြိုဟ်၌ **မြန်မာကျောင်း**၊
- ဗာရာဏသီ၌ **မြန်မာကျောင်းတော်များ** –

ဆောက်လုပ်ရာတွင် မြေနေရာရရှိရေးကို အထူးကြိုးပမ်း အားထုတ်တော် မူခဲ့ပေသည်။

ထို့ပြင် ကုသိနာရုံ၌လည်း **မဟာပရိနိဗ္ဗာနစေတီတော်**ကြီး မွမ်းမံ ပြုပြင်ခြင်း၊ မာတာကုဝရ်ဘုရားကျောင်း, ကုသိနာရုံသိမ်တော်များ ဆောက် လုပ်နိုင်ခဲ့ခြင်းတို့သည် ဆရာတော်၏ ကြိုးပမ်းမှုများပင် ဖြစ်ပါသည်။ ဆရာ တော်၏ ကုသိနာရုံ မြန်မာကျောင်း၌ ဒုတိယကမ္ဘာစစ်အတွင်းက ရခိုင်ပြည် နယ်မှ စစ်ပြေးဒုက္ခသည်များကလည်း ၁၉၄၅-ခုနှစ်တွင် ဓမ္မာရုံကြီး ၁- ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ဆရာတော်သည် ကုသိနာရုံ၌ တရုတ်ဗုဒ္ဓဘာသာ ကျောင်းတစ် ဆောင်နှင့် ဟိန္ဒူဘာသာဝင်တို့အတွက် **သူဌေးကြီး ဗိရလာ**-က လှူဒါန်းသည့် ဟိန္ဒူဇရပ်ကြီး တစ်ဆောင်ဖြစ်မြောက်ရေးတွင်လည်း များစွာပါဝင်ကူညီခဲ့ ပေသည်။ ထို့ပြင် နီပေါနိုင်ငံအတွင်းရှိ ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗနီအရပ် နှင့် ကပိလဝတ်မြို့ဟောင်းနေရာတို့၌ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းများ ဖြစ်ပေါ်လာခြင်း **ကတ္တမန္ဒူမြို့**တော်၌ အာနန္ဒကုဋိကျောင်း ဆောက် လုပ်နိုင်ခြင်းတို့မှာလည်း ဆရာတော်၏ ကူညီပံ့ပိုးမှုများနှင့် မကင်းခဲ့ကြောင်း လေ့လာသိရှိရလေသည်။

## ရေတွင်း ပြဿနာ

ဆရာတော် ဦးစန္ဒြမဏိသည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်ကြည်ညိုမှု, ယုံကြည်လေးစားမှု ရရှိရေးသည် လိုအပ်ချက် တစ်ရပ်ဖြစ်ကြောင်း စောစီးစွာ သဘောပေါက်တော်မူခဲ့၏။ ထိုဒေသဝန်းကျင်ရှိ ရပ်သူရွာသားတို့မှာ အများအားဖြင့် ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသည်။ ကျန်းမာရေး, ပညာရေး-စသည်အားဖြင့် ချို့တဲ့သူများ ဖြစ်ကြသည်။ ထို့ကြောင့် ဆရာတော် မဟာဝီရနှင့် ဦးစန္ဒြမဏိတို့သည် မိမိတို့ကျောင်း၌ သောက်ရေ,သုံးရေ ပြည့်စုံစေရန်အတွက် **ရေတွင်း** ၁-တွင်းကို တူးဖော်ကြရာတွင် ရေရှား၍ ဒုက္ခရောက်နေကြရသော အနီးအနားရှိ ကျေးရွာတို့မှ ရွာသူရွာသားတို့အားလည်း ထိုရေတွင်းကို သုံးစွဲခွင့် ပြုခဲ့ကြလေသည်။

သို့ရာတွင် "အကျိုးလို၍ ညောင်ရေလောင်း၊ ပတ်ထမ်းနှင့်တွေ့" ဆိုသလို ထိုကိစ္စကို အကြောင်းပြု၍ ဆရာတော် ၂-ပါးမှာ ပထမဦးဆုံး ပြဿနာနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဆရာတော် မဟာဝီရနှင့် ဦးစန္ဒြမဏိတို့သည် ဇာတ်နိမ့်လူမျိုးများ ဖြစ်ကြသည်။ ထို့ကြောင့် "သူတို့ ရေတွင်းမှ ရေကို မသောက်သုံးကြရ"ဟူ၍ အယူသည်းသော ဟိန္ဒူဗြာဟ္မဏတို့က ကန့်ကွက်ခဲ့ကြသည်။ မိမိတို့လူမျိုးများ ထုံးစံအရ "ရေတွင်း ၁-တွင်းကို တူးဖော်ပြီးလျှင် ထိုရေတွင်းကို မင်္ဂလာဆောင်ရသည်။ ဓလေ့ထုံးစံနှင့်အညီ မင်္ဂလာဆောင်ပြီးမှသာလျှင် ထိုရေတွင်းမှ ရေကို သောက်သုံးကောင်းသည်" ဟု ထိုသူတို့က ဆူပူကန့်ကွက်ခဲ့ကြလေသည်။

ဆရာတော် ၂-ပါးကား ထိုသူတို့၏ ကွန့်ကွက်မှုကို လက်မခံခဲ့ကြ။ "ဗုဒ္ဓမြတ်စွာ၏ တပည့်သားဖြစ်သော မိမိတို့မှာ ဇာတ်နိမ့်,ဇာတ်မြင့်-ဟူ၍ မရှိပါ။ ဗုဒ္ဓတရားတော်အရ သက်မဲ့အရာဝတ္ထုဖြစ်သော ရေတွင်းကို မင်္ဂလာဆောင်ရန်လည်း မလိုပါ။ မိမိတို့ရေတွင်းကို သုံးလိုသူများ သုံးနိုင်ပါသည်။ မသုံးလိုသူများ မသုံးဘဲ နေနိုင်ပါသည်"ဟု ရှင်းလင်းပြောဆိုခဲ့ကြသည်။



ဗုဒ္ဓဘာသာ သွတ်သွင်းပွဲ အောင်မြင်မှု အထိမ်းအမှတ်ဖြင့်
စကြိန်လျှောက် ဖူးမြော်ခံနေစဉ်

ထိုအခါ ကုသိနာရုံရေတွင်းမှ ရေကို အချို့ရွာသားများက သောက်သုံးကြပြီး အချို့ပုဏ္ဏား လူမျိုးများကား မသောက်သုံးဘဲ နေကြလေသည်။ အချို့မှာမူ အယူသည်းသမားတို့၏ ရန်ကို ကြောက်ရွံ့သဖြင့် ရေရှားပါးမှုကို ကြိတ်မှိတ် ခံစားနေခဲ့ကြရလေသည်။

## အခမဲ့စာသင်ကျောင်း

ဒေသခံ အယူသည်းသမားများသည် ကုသိနာရုံကျောင်းမှ ရေတွင်းကိစ္စ၌ ကန့်ကွက်ခဲ့ကြသလို မူလတန်းကျောင်း ဖွင့်လှစ်ရာတွင်လည်း အကြီးအကျယ် အနှောင့်အယှက် ပြုခဲ့ကြသည်။ ဆရာတော် ဦးစန္ဒြမဏိသည် အနီးပတ်ဝန်းကျင်မှ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ ပညာသင်ကြားခွင့် ရရှိစေရန်အတွက် မိမိ၏ကျောင်းပရိဝုဏ်အတွင်း၌ ဝါးတိုင်စိုက်, သက်ကယ်မိုး အဆောက်အဦးလေး ၁-ခု ဆောက်လုပ်ပြီး ၁၉၁၉-ခုနှစ်တွင် **အခမဲ့မူလတန်းကျောင်း** ၁-ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ထိုအခါ အယူသည်းသမား အချို့၏ လှုံ့ဆော်မှုကြောင့် ပတ်ဝန်းကျင် ရွာများ၌ ဂယက်ရိုက်သွားသည်။ "ဒို့ကလေးတွေကို စန္ဒြမဏိကျောင်းမှာထားရင် ဗုဒ္ဓဘာသာ ဖြစ်သွားကြလိမ့်မယ်၊ ဒို့ဘာသာတရား ပျက်စီးသွားလိမ့်မယ်"ဟု ဆိုကာ မိမိတို့၏ သားသမီးများကို ဆရာတော်၏ ကျောင်း၌ မထားရန် စည်းဝေးဆုံးဖြတ်ကြလေသည်။

အမှန်အားဖြင့် ဆင်းရဲနွမ်းပါးသော မိဘများမှာ မိမိတို့ သားသမီးများကို ပညာသင်ပေးလိုကြသော်လည်း ကျောင်းစရိတ် မတတ်နိုင်ကြသဖြင့် ကျောင်းထားမပေးနိုင်ဘဲ ရှိခဲ့ကြသည်။ ထိုအချိန်က ထိုဒေသတွင် ရှိသော ကျောင်းမှာလည်း အခလွတ်သင်ကြားပေးသော ကျောင်း-ဟူ၍ မရှိခဲ့။ ကျောင်းလခနှင့် အခြားကျောင်းစရိတ်များ ကောက်ခံသင်ကြားပေးသော ကျောင်းများသာ ဖြစ်လေသည်။

သို့ဖြစ်ရာ ဆရာတော်ဦးစန္ဒြမဏိက အခလွတ်မူလတန်းကျောင်း ဖွင့်လှစ်လိုက်သောအခါ ထိုကျောင်း၌ ကျောင်းထားလိုသော မိဘများ

အတော်များများ ရှိခဲ့သည်။ သို့သော် အဖျက်သမားတို့၏ ဟန့်ထားမှုကြောင့် စောစောပိုင်းတွင် ထိုမိဘများမှာ မဝံ့မရဲ ဖြစ်နေကြသည်။ ထို့ကြောင့် ကျောင်းဖွင့်စဉ် ဆရာတော်၏ ကျောင်းမှာ ကျောင်းသား ၅-ယောက်သာ ရရှိခဲ့သည်။ သို့သော် ဆရာတော်ကား အားမလျှော့ချေ။ ထိုကျောင်းသား ၅-ယောက်ကိုပင် စေတနာဆရာ ၁-ဦးဖြင့် ဖိဖိစီးစီး သင်ကြားပေးစေခဲ့သည်။ အဖျက်သမားများသည် ထိုကျောင်းသားတို့၏ မိဘများကို တား၍ မရသဖြင့် ကျောင်းတက်,ကျောင်းဆင်းတွင် ကျောင်းသားလေးများကို လမ်းမှစောင့်၍ ဆဲဆိုခြိမ်းခြောက်ကြသည်။ သို့ရာတွင် ထိုသူတို့၏ နှောင့်ယှက်မှုမှာ မအောင်မြင်ချေ။ ပထမနှစ် မကုန်မီမှာပင် ကျောင်းသား ၄၀-ထိ ရှိလာခဲ့လေသည်။

## အထက်တန်းကျောင်းနှင့် ဒီဂရီကောလိပ်

ဝါးတိုင်,သက်ကယ်မိုးဖြင့် စတင်ခဲ့သော စန္ဒြမဏိမူလတန်းကျောင်းမှာ အလှူရှင်များပေါ်လာ၍ မကြာမီ **တိုက်ကျောင်းဆောင်** ဖြစ်လာသည်။ တိုက်ကျောင်းဆောင် ဖြစ်မြောက်စေရန် တရုတ်ပြည်မှ ဘုရားဖူးလာသော ပုဂ္ဂိုလ်တစ်ဦးက ငွေ-၅၀ဝိ၊ ဗိရလာသူဌေးက ငွေ-၅,၀၀ဝိ လှူဒါန်းခဲ့လေသည်။ ကျောင်း၏ အခြေအနေမှာလည်း တဖြည်းဖြည်း တိုးတတ်လာခဲ့ရာ နောက်ပိုင်းတွင် ဆရာ ၃-ယောက်နှင့် ကျောင်းသား ၃၅၀-မျှ ရှိလာခဲ့လေသည်။

ထို့နောက် ဆရာတော်သည် ကျောင်းကော်မတီနှင့် ညှိနှိုင်းတိုင်ပင်၍ မူလတန်းမှ အလယ်တန်းသို့လည်းကောင်း အလယ်တန်းမှ အထက်တန်းသို့လည်းကောင်း တိုးမြှင့်လာအောင် ဆောင်ရွက်ခဲ့သည်။ ကျောင်းသုံးပစ္စည်း ပရိဘောဂအစုံအလင်ဖြင့် အထက်တန်းကျောင်းဆောင်သစ်ကြီး ၁-ဆောင် ဆောက်လုပ်၍ အစိုးရထံ လွှဲအပ်ပေးခဲ့ရာ ထိုကျောင်းမှာ အစိုးရအထက်တန်းကျောင်း ၁-ကျောင်း ဖြစ်လာခဲ့လေသည်။

ဒေသခံတိုင်းရင်းသားတို့၏ ပညာရေးနှင့်ပတ်သက်၍ ဆရာတော် ဦးစန္ဒြမဏိ၏ အားထုတ်မှုကား ဤမျှသာ မကသေးပါ။ ဆရာတော်သည် ဂေါရခ်ပူရ်မြို့မှ ကြံစက်သူဌေးကြီး တစ်ဦးနှင့် မြို့သူ့မြို့သား အချို့၏ အကူအညီဖြင့် ကုသိနာရုံ၌ **ဒီဂရီကောလိပ် ၁-ခု** ပေါ်ထွန်းလာအောင်လည်း ဆောင်ရွက်ခဲ့ပေသည်။ ယခုအခါ ကျောင်းသား ၆,၀၀၀-ကျော်ဖြင့် "ကုသိနာရုံ ဗုဒ္ဓဒီဂရီကောလိပ်"ဟူ၍ အထင်အရှား တည်ရှိနေခြင်းမှာ ဆရာတော်၏ ကြိုးပမ်းအားထုတ်မှု တစ်ခုပင် ဖြစ်ပါသည်။

ဤသို့ဖြင့် ဆရာတော်သည် ဒေသခံတိုင်းရင်းသားတို့၏ ပညာရေးကို မူလတန်းမှ ကောလိပ်အဆင့်အထိ ဆောင်ရွက်ပေးခဲ့ရာ နောင်အခါတွင် ထိုကျောင်းမှထွက်သော တပည့်တပန်း များစွာတို့သည် အိန္ဒိယနိုင်ငံ ဒေသအနှံ့အပြား၌ တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်လာကြသည်။ ဗဟိုအာဏာပိုင် အဆင့်ရှိ ပုဂ္ဂိုလ်များထဲမှာပင် ဆရာတော်ဦးစန္ဒြမဏိကို ကြည်ညိုလေးစားသူများ ရှိလာခဲ့ပြီး ဆရာတော်နှင့် ပတ်သက်သော ကိစ္စတစ်စုံတစ်ခု သူတို့ထံ ရောက်လာလျှင် အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးခဲ့ကြသည်။ ပြည်နယ်ဒေသ အနှံ့အပြားမှ ဆရာတော်၏တပည့်တပန်းပေါင်း များစွာတို့သည် ဘုရားဖူးရန်နှင့် ဆရာတော်အား ပူဇော်ကန်တော့ရန်အတွက် ကုသိနာရုံသို့ မကြာခဏ လာရောက်ခဲ့ကြသည်။ ထို့ကြောင့် ဆရာတော်၏ ကျောင်း၌ ဧည့်ပရိသတ်-၁၀၀, ၁၅၀-မျှ နေ့စဉ်လို(လို) ရှိခဲ့လေသည်။

ဆရာတော်ကား ဟိန္ဒီနှင့် သက္ကတဘာသာတို့ကို တိုင်းရင်းသား ပညာတတ်လူတန်းစားများပင် လက်ဖျားခါလောက်အောင် ကျွမ်းကျင် တတ်မြောက်ခဲ့သည်။ အာယုဗ္ဗေဒပညာကိုလည်း နိုင်နိုင်နင်းနင်း တတ်မြောက်ပါသည်။

သက္ကတဘာသာဖြင့်ရှိသော **ဗျာကရဏသဒ္ဒါကျမ်းများ, အာယုဗ္ဗေဒဆေးကျမ်းများ, ဇောတိသဝေဒ-စသော** ဗေဒင်ကျမ်းများကို သာမဏေဘဝမှစ၍ တိုင်းရင်းသား ပဏ္ဍိတ်ကြီးများထံ၌ လက်ရင်းကျကျ သင်ယူခဲ့ရ

သည်။ ထို့ကြောင့် ကုသိနာရုံ၌ နေသောအခါ '**မဟာပရိနိဗ္ဗာန ဆံဆက-ရိတ်ပါဠိဆာလာ**'ဟူသောအမည်ဖြင့် သက္ကတဘာသာသင်တန်းကျောင်း တစ်ခု ဖွင့်လှစ်၍ တိုင်းရင်းသား ပြာဟ္မဏလူငယ်တို့အား သက္ကတဘာသာ ကျမ်းစာများ သင်ကြားပို့ချပေးခဲ့လေသည်။

## ကျန်းမာရေးအတွက် ဆေးပေးခန်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေသခံတိုင်းရင်းသားတို့၏ ပညာရေးအတွက် ဆရာတော်၏ ဆောင်ရွက်ချက်များကို လူအတော်များများပင် သိရှိခဲ့ကြလေသည်။ တကယ်တော့ ဆရာတော်သည် ဒေသခံတိုင်းရင်းသားတို့အား ပညာရေးဖြင့်သာမက ကျန်းမာရေးဖြင့်လည်း အထောက်အကူ ပြုခဲ့ပေသည်။ ဆရာတော် သာမဏေဘဝဖြင့် **ဂါဇီပူရ်ခရိုင်** ရွာကြီး ၁-ရွာ၌ ပညာသင်ကြားနေစဉ် ထိုရွာ၌ ကာလဝမ်းရောဂါဖြင့် ရွာသူ, ရွာသားများ အမြောက်အမြား သေဆုံးကြရသည်။ ထိုအခါ သာမဏေရှင်စန္ဒသည် သက္ကတဘာသာဖြင့်ရှိသော **အာယုဗ္ဗေဒဆေးကျမ်း**များကို လေ့လာ၍ ဆေးဖော်စပ်ပြီး လူနာများအား ဆေးပေးခဲ့သည်။ ကိုယ်တိုင်လည်း ကာကွယ်ဆေးများ ဖော်စပ်စားသုံးခဲ့သည်။ ထိုအချိန်မှ စ၍ပင် အာယုဗ္ဗေဒဆေးပညာကို စိတ်ဝင်စားလျက် အဆက်မပြတ် လေ့လာခဲ့လေသည်။

ဆရာတော်သည် ကုသိနာရုံ၌ နေသောအခါ မိမိတတ်မြောက်ထားသော ပညာဖြင့် ဆေးဝါးများကို ဖော်စပ်ပြီး မကျန်းမာသော ရွာသူ, ရွာသားများအား အခမဲ့ ဆေးပေးခဲ့သည်။ ဆရာတော်၏ဆေးကို စားသုံးသူအများအပြားလည်း ရောဂါပျောက်ကင်းခဲ့ကြသည်။ ထို့ကြောင့် ဆရာတော်ထံ လာရောက်ဆေးတောင်းသူများ နေ့စဉ်မပြတ် ရှိနေသဖြင့် ဆရာတော်သည် ပျံလွန်တော်မူခါနီးအချိန်အထိ ကျောင်း၌ ဆေးထောင်းသူ ၂-ဦး အမြဲတမ်းထားရှိပြီး ဆေးဝါးများကို နေ့စဉ် ပေးလှူနေခဲ့ရလေသည်။

နောက်ပိုင်းတွင် **နီပေါမှ သုဇာတာအမည်ရှိသော သီလရှင်သည် ကုသိနာရုံဘိက္ခုသံဃအမည်ဖြင့်** အခမဲ့ဆေးပေးခန်း ၁-ခု ဖွင့်လှစ်၍ ထိုဆေးခန်း၌ ဆရာတော်၏ဆေးများကို ထားရှိပေးခဲ့သည်။ ထို့နောက် ထိုဆေးပေးခန်းကို ကုသိနာရုံဘိက္ခုသံဃာ့အဖွဲ့က အစိုးရထံ လွှဲအပ်ပေးခဲ့သည်။ ယခုအခါ ထိုဆေးပေးခန်းမှာ ကုသိနာရုံကောလိပ်အနီးတွင် တည်ရှိနေပေသည်။

ဆရာတော်ဦးစန္ဒြမဏိသည် ၁၉၀၅-ခုနှစ်တွင် ကုသိနာရုံဒေသ၌ အခြေချနေထိုင်သည့်အချိန်မှ စ၍ ဒေသခံတိုင်းရင်းသားတို့၏ ပညာရေး, ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့ပြီး အခြားတစ်ဖက်တွင်လည်း မိမိ၏ အဓိကတာဝန်ဖြစ်သော သာသနာပြုလုပ်ငန်းကို လိမ္မာပါးနပ်စွာ ဆောင်ရွက်ခဲ့၏။ ဆရာတော်သည် ပထမဦးစွာ ဒေသခံတိုင်းရင်းသားများကို စည်းရုံးသည့်အနေဖြင့် ယင်းတို့၏ ရိုးရာဖြစ်သော ရာမပွဲတော်ကို ကုသိနာရုံ၌ ကျင်းပစေခဲ့သည်။ ထို့နောက် ယင်းပွဲတော်မှတဆင့် ဗုဒ္ဓ-ဇယန္တီပွဲတော်ဖြစ်လာအောင် ကြံဆောင်ခဲ့လေသည်။

## ပထမဦးဆုံး ဗုဒ္ဓဇယန္တီပွဲတော်

ကုသိနာရုံ၌ ၁၂၈၆-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဗုဒ္ဓဇယန္တီပွဲတော်ကို စတင် ကျင်းပခဲ့သည်။ ကုသိနာရုံ၌ ဆရာတော်သည် ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ ပွါးယူအပ်သော ဗောဓိညောင်ပင် ၁-ပင်ကို ခပ်စောစောကပင် စိုက်ပျိုးထားခဲ့သည်။ ထိုဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပွဲ ကျင်းပရန် အကြံကို ထိုဒေသတစ်ဝိုက်၌ ဩဇာအရှိန်အဝါရှိသော ဟိန္ဒူရသေ့ ၁-ပါးက စတင်အကြံပေးခဲ့ခြင်း ဖြစ်သည်။ ဆရာတော်က သူ့အကြံမှာ ကောင်းမွန်သော်လည်း ဟိန္ဒူဘာသာဝင် ပုဏ္ဏားတို့က နှောင့်ယှက်ဖွယ်ရှိကြောင်း မိန့်ကြားသည်။ ဟိန္ဒူရသေ့က "ထိုသူများ မနှောင့်ယှက်ကြစေရန် မိမိစည်းရုံးပါမည်"ဟု

တာဝန်ခံသည်။ ထိုဟိန္ဒူရသေ့မှာ နောင်တစ်ချိန်တွင် ဆရာတော်၏တပည့် "အဋ္ဌတဂ္ဂေ ပါဏုပေတံ ဥပါသကံ မံ ဓာရေဟိ။ (ယနေ့မှ စ၍ အသက်ထက် ဆုံး ရတနာ ၃-ပါးကို ဆည်းကပ်သူ ဥပါသကာ)"ဟု ဆိုလျက် တပည့်ဖြစ် ကာ နာမည်ကျော် စာရေးဆရာကြီး **ရာဟုလာသံကစ္စည်း** ဖြစ်လာခဲ့ပါသည်။

ထိုအခါ ဆရာတော်သည် မိမိ၏ တပည့်တပန်းများဖြစ်သော မြန်မာရဟန်းတော်, သီဟိုဠ်ရဟန်းတော်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပွဲတော် ကျင်းပရန် စီမံချက်များ ရေးဆွဲသတ်မှတ်လေသည်။ ယင်းတို့မှာ-

၁။ "ကုသိနာရုံ ကဆုန်ညောင်ရေသွန်းပွဲနှင့် ဗုဒ္ဓဇယန္တီပွဲတော်ကို ၁၂၈၆-ခု၊ ကဆုန်လပြည့်နေ့မှ နယုန်လပြည့်နေ့ထိ ၁-လတိတိ ကျင်းပမည်။

၂။ အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်များကို ပင့်ဖိတ် မည်။

၃။ သိမ်ကျောင်းအထက်ထပ်ရှိ ကြေးဆင်းတုရုပ်ပွါးတော်ကို ရောင်တော် ဖွင့်လျက် တင့်တယ်ခမ်းနားစွာ ဆင်ယင်မွမ်းမံထားသော ပန်းရထား ပေါ်သို့ ပင့်ဆောင်မည်။

၄။ ပန်းရထားကို ဆင် ၃-စီးနှင့် လူပရိသတ်များက ကုသိနာရုံ ကျောင်းမှ ၁-မိုင်ခန့်ဝေးသော ကာဆိယာမြို့၊ မူလတန်းကျောင်း ဝင်းအတွင်းသို့ ပင့်ဆောင်အပူဇော်ခံသည်။ ည ၈-နာရီ အချိန် တွင် ကုသိနာရုံသို့ ပြန်ပင့်သည်။ 'ကဆုန်လပြည့်နေ့တွင် မဟာ- ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်မည်'။ ထို့နောက် ၁-လတိုင်တိုင် ပွဲသဘင် ခံမည်"ဟု ဖြစ်သည်။

ဆရာတော်သည် ကုသိနာရုံ၌ ဗုဒ္ဓဇယန္တီပွဲတော် ကျင်းပရေး အစီ အစဉ်ကို အထက်ပါအတိုင်း ရေးဆွဲချမှတ်၍ အိန္ဒိယတစ်နိုင်ငံလုံးသို့ ပျံ့နှံ့ အောင် ကြေညာချက်များ ထုတ်ပြန်လိုက်သည်။ ပြည်နယ်အာဏာပိုင်များ

နှင့် မြို့နယ်အတွင်းမှ ထင်ရှားသော ပုဂ္ဂိုလ်များကိုလည်း ဖိတ်မန္တက ပြုလိုက်လေသည်။

ပွဲတော်ရက်နီးသောအခါ အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ ကုသိနာရုံသို့ ရောက်လာကြသည်။ ကျောင်းပတ်ဝန်းကျင်၌ ဆိုင်ကြီး, ဆိုင်ငယ်များ ပြည့်ကြပ်လာသည်။ လူထုပရိသတ်တို့မှာလည်း ကျောင်းတွင်း, ကျောင်းပြင်နှင့် အင်ကြင်းဥယျာဉ်အတွင်း၌ပါ တိုးမပေါက်အောင် စည်ကားလာလေသည်။

သို့အားဖြင့် အိန္ဒိယနိုင်ငံ၌ ယခင်က မကျင်းပဖူးသော ဗုဒ္ဓဘာသာ ပွဲတော်ကြီး ၁-ခုကို ထူးခြားသိုက်မြိုက်စွာ ကျင်းပရေးအစီအစဉ်မှာ အလွန် အားရစရာကောင်း၍ နေလေသည်။ ယခင်က ဆရာတော်အား အနှောင့် အယှက် ပေးခဲ့ကြသည့် အယူသည်းဟိန္ဒူပုဏ္ဏားတို့ကလည်း ယခုကိစ္စတွင်မူ တစ်စုံတစ်ရာ အနှောင့်အယှက်မပြုဘဲ အကူအညီများပင် ပေးနေကြလေသည်။ ဤသည်မှာ သူတို့ ရိုသေလေးစားသော ရသေ့ကြီး၏ ဩဇာအရှိန် အဝါကြောင့်ပင် ဖြစ်လေသည်။

## ပွဲမိန့်ပြဿနာ

ဤသို့ အလားအလာကောင်းနေချိန်မှာပင် မမျှော်လင့်သော ပြဿနာ ၁-ခုပေါ်လာသဖြင့် ဆရာတော်နှင့်တကွ ပွဲတော်ကျင်းပရန် ဆောင်ရွက်နေသူအားလုံး ခေါင်းကိုက်သွားကြရလေသည်။ ပြဿနာကား **ပွဲမိန့်ကိစ္စ** ဖြစ်၏။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ အချို့ဒေသများ၌ ဝမ်းရောဂါ ဖြစ်ပွါးလျက် ရှိသည်။ ထို့ကြောင့် ဒေဝရီယာခရိုင်မှ အုပ်ချုပ်ရေး အာဏာပိုင်တို့က ကုသိနာရုံ၌ ပွဲတော်ကျင်းပရေးကို ခွင့်ပြုချက်ပေးရန် ငြင်းဆန်နေကြလေသည်။

ထိုအချိန်တွင် ပွဲတော်ကျင်းပရန် အစီအစဉ်များ အားလုံးနီးပါး အဆင်သင့် ဖြစ်နေလေပြီ။ ပွဲခင်းတွင်လည်း ဆိုင်ကြီး, ဆိုင်ငယ်များ လူထုပရိသတ်များဖြင့် နေ့စဉ် စည်ကားလျက်ရှိလေပြီ။ ယင်းအခြေအနေတွင်

ပွဲတော်ကို ဖျက်သိမ်းလိုက်ရပါက ဈေးသည်များ အပါအဝင် များစွာသော လူတို့ ဆုံးရှုံးနစ်နာကြပေတော့မည်။ ဘာသာရေး လွတ်လပ်ခွင့်ကို ပိတ်ပင်သည့်အတွက် မကျေနပ်မှု, ကန့်ကွက်ဆူပူမှုများပင် ဖြစ်လာနိုင်ပေသည်။

ဆရာတော်ဦးစန္ဒိမဏိသည် အထက်ပါ အခြေအနေများနှင့်တကွ ဒေဝရိယာခရိုင်အတွင်း၌လည်း ဝမ်းရောဂါဖြစ်ပွါးမှု မရှိသေးခြင်းကို အကြောင်းပြလျက် ပွဲတော်ကျင်းပရေးကို ခွင့်ပြုချက်ပေးရန် ဆိုင်ရာ အာဏာပိုင်တို့ထံ ထပ်မံမေတ္တာရပ်ခံလေသည်။ နောက်ဆုံးတွင် ဆိုင်ရာ အာဏာပိုင်တို့သည် အခြေအနေအရပ်ရပ်ကို ချင့်ချိန်စဉ်းစားပြီး ကုသိနာရုံ ပွဲတော် ကျင်းပရေးကို ခွင့်ပြုချက် ထုတ်ပေးလိုက်ရလေသည်။

ပွဲမိန့်ရရှိသောအခါ ဆရာတော်နှင့်တကွ သက်ဆိုင်သူအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ စီစဉ်သတ်မှတ်ထားသည့်အတိုင်း ပွဲတော်ကြီးကို ကဆုန်လပြည့်နေ့မှ စ၍ နယုန်လပြည့်နေ့အထိ ၁-လတိတိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထိုပွဲတော်ရက်များ အတွင်း၌ ဗုဒ္ဓပူဇာပြုလုပ်ခြင်း, ဘုရားလှည့်ခြင်း, ဗုဒ္ဓဘာသာဝင်များ၏ ညီလာခံအစည်းအဝေးနှင့် ဟောပြောပွဲများ ကျင်းပခြင်း, ဗောဓိပင်အား ညောင်ရေသွန်းလောင်းခြင်းများ ပြုလုပ်ကြသည်။ မဟာပရိနိဗ္ဗာနသုတ်ကို အသံမစဲ ရွတ်ဖတ်ကြသည်။ ယခု မျက်မှောက်အခါတွင်မူ ဤပွဲတော်ကြီးမှာ ကဆုန်လပြည့်နေ့မှ စတင်၍ ဝါဆိုလပြည့်နေ့အထိ ၂-လတိုင်တိုင် ကာလအကြာ ကျင်းပလျက် ရှိနေဆဲဖြစ်သည်။ ပွဲတော် အလွန်စည်ကားလှသည်။

## မစဲနိုင်သော ပရိသတ်

ဖော်ပြပါ ဗုဒ္ဓဇယန္တီပွဲတော်သို့ ဒေသအသီးသီးမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ, ရဟန်းသံဃာတော်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။ ဖိတ်ကြားထားသည့် အစိုးရအရာရှိများနှင့် ဧည့်သည်တော်များ

လည်း တက်ရောက်ကြသည်။ ပွဲတော်လာ လူထုပရိသတ်တို့ကား သတ်မှတ်ထားသည့် ပွဲတော်ရက် ကုန်ဆုံးသည့်တိုင်အောင် မစဲနိုင်ဘဲ ရှိနေရာမှ ပွဲခင်းမှ ဈေးဆိုင်များကလည်း ရုပ်သိမ်းမသွားဘဲ ဆက်လက်ရောင်းချနေကြလေသည်။ နောက်ဆုံးတွင် ရဲအဖွဲ့က လာရောက်ဖျက်သိမ်းမှသာ ပွဲဈေးခင်း ပျက်သွားခဲ့လေသည်။

ဆရာတော် ဦးစန္ဒြမဏိ ကြီးမှူးလျက် ကုသိနာရုံ၌ ၁၂၈၆-ခု၊ ၁၉၂၄-ခုနှစ်တွင် စတင်ကျင်းပသော ပွဲတော်ကား အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံးနှင့် အစည်ကားဆုံး **ဗုဒ္ဓဘာသာပွဲတော်** ဖြစ်၏။ "ဗုဒ္ဓဇယန္တီ" ဟူသော အမည်မှာလည်း ထိုအချိန်မှ စ၍ ထင်ရှားလာခြင်း ဖြစ်၏။ **ဗုဒ္ဓဇယန္တီ**စကားသည် ဆရာတော် ဦးစန္ဒြမဏိနှင့် ရာဟုလာသံကစ္စည်းတို့က ပထမဆုံး တီထွင်ပေးလိုက်သောစကားလုံး ဖြစ်ပါသည်။

ကုသိနာရုံ ဗုဒ္ဓဇယန္တီပွဲတော်ကို ၁၂၈၆-ခုနှစ်မှ စ၍ ယနေ့အထိ ဆက်လက်ကျင်းပခဲ့ကြသည်။ ကုသိနာရုံကျောင်းမှ ဗုဒ္ဓရုပ်ပွါးတော်ကို ကာဆိယာအထိ ပင့်ဆောင်လှည့်လည်ခြင်းကိုမူ နှစ်အနည်းငယ်အထိသာ ဆက်လက် ပြုလုပ်ခဲ့ကြသည်။ ထိုနှစ်များအတွင်း၌ ဘုရားလှည့်ရာတွင် လိုက်ပါသော ပရိသတ်တို့အား ကာဆိယာမှ **မဟာဗီးရပြဆာဒ်**ဆိုသူက စေတနာထက်သန်စွာဖြင့် ဖျော်ရည်ဖြင့် တိုက်ကျွေးဧည့်ခံလေ့ ရှိသည်။ ပွဲတော်အတွက်လည်း အစစအရာရာ အကူအညီ ပေးခဲ့လေသည်။

မဟာဗီးရပြဆာဒ် ကွယ်လွန်သွားသောအခါတွင်မူ ကာဆိယာမှ မြို့သူ၊မြို့သားတို့သည် ထက်ထက်သန်သန် ဦးဆောင်ဦးရွက်ပြုသူ မရှိတော့သဖြင့် ဗုဒ္ဓဇယန္တီပွဲတော်၌ စိတ်ပါဝင်စားမှု လျော့နည်းလာကြသည်။ ထို့ကြောင့် ဗုဒ္ဓရုပ်ပွါးတော်ကို ကာဆိယာသို့ ပင့်ဆောင်ခြင်း မပြုတော့ဘဲ ကုသိနာရုံတစ်ဝိုက်၌သာ လှည့်လည်ခြင်း ပြုခဲ့ကြသည်။ အခြားသော ပူဇော်ပွဲ၊ ဟောပြောပွဲများကိုမူ ကုသိနာရုံကွင်းပြင်၌ နှစ်စဉ်နှစ်တိုင်း ၂-လ တိတိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြလေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# ဆရာတော် ဦးစန္ဒြမဏိ၏ ရည်ရွယ်ချက် ၂-ခု

## ဘုရားကျောင်းတော် ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဆရာတော်ဦးစန္ဒြမဏိအနေဖြင့် မိခင်မြန်မာနိုင်ငံနှင့်တကွ ရပ်ရွာဒေသ, မိဘဆွေမျိုး-စသော သံယောဇဉ်များကို ဖြတ်တောက်၍ ကုသိနာရုံဒေသ၌ အနှစ်ပေါင်း ၇၀-မျှ အခြေချ နေထိုင်ခဲ့ခြင်းမှာ ရည်ရွယ်ချက် ၂-ခုသာ ရှိပါသည်။

ယင်းတို့မှာ—

၁။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ကုသိနာရုံဒေသရှိ ရှေးဟောင်းစေတီ အဆောက်အဦးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့်

၂။ အိန္ဒိယ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ပေသည်။

ဖော်ပြပါရည်ရွယ်ချက် ၂-ခုအနက် ပထမရည်ရွယ်ချက် ဖြစ်သည့် ကုသိနာရုံ ရှေးဟောင်းစေတီ အဆောက်အဦးများအား ထိန်းသိမ်းစောင့်ရှောက်နိုင်

ရေးကို ဦးစန္ဒြမဏိသည် ဆရာတော် မဟာဝီရ ပျံလွန်တော်မမူမီ အချိန်ကပင် ဆောင်ရွက်ခဲ့၏။ ထိုအချိန်က ဆရာတော် မဟာဝီရ, ဦးစန္ဒြမဏိနှင့် ကလကတ္တားမြို့မှ ပွဲစားကြီး ဦးချိုးဇားရှိတို့သည် "ကုသိနာရုံဘုရားနှင့် ဉယျာဉ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ရလိုပါကြောင်း" လျှောက်လွှာတစ်စောင်ကို ယူပီပြည်နယ်၊ မြို့တော် လက္ခနောင်းမြို့မှ တဆင့် လန်ဒန်ဘုရင်မထံ တင်သွင်းခဲ့ကြသည်။ သို့ရာတွင် ထိုလျှောက်လွှာနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနမှ ပြန်ကြားရာတွင် "ရှေးဟောင်းသမိုင်းဝင် ဌာနများကို ဥပဒေအရ ကျောက်စာဌာနကသာ ထိန်းသိမ်းအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဘုရားကျောင်းတော်အား လှူဒါန်းပူဇော်သော ဝတ္ထုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လိုအပ်သလို စီမံဆောင်ရွက်မှုများကိုမူ ဆရာတော်များအနေဖြင့် သင့်လျော်သလို ပြုလုပ်နိုင်ကြောင်း" ဖော်ပြထားလေသည်။

ဆရာတော်ဦးစန္ဒြမဏိသည် အထက်ပါ ခွင့်ပြုချက်နှင့်အညီ မဟာပရိနိဗ္ဗာနကျောင်းတော်, စေတီတော်တို့နှင့် ပတ်သက်၍ မိမိဆောင်ရွက်ခွင့်ရှိသည့် ကိစ္စများကို အစဉ်မပြတ် ဆောင်ရွက်တော်မူခဲ့၏။ မလ္လာမင်းတို့၏ အင်ကြင်းဉယျာဉ်နေရာ၌ အင်ကြင်းပင်များ တိုးချဲ့စိုက်ပျိုးခြင်းကိုလည်း ဆရာတော် မဟာဝီရရှိစဉ်ကပင် စတင်ဆောင်ရွက်ခဲ့၏။ အထူးအားဖြင့် မဟာပရိနိဗ္ဗာနစေတီတော် အပြီးသတ်တူးဖော်ခြင်း ပြန်လည်မွမ်းမံတည်ဆောက်ခြင်း ကိစ္စများမှာ ဟင်္သာတမြို့မှ အလှူငွေ ၁၈,၀၀၀-လှူဒါန်းသော အရေးပိုင် **ဦးဖိုးကျူး**နှင့် ဆရာတော် ၂-ပါး၏ အားထုတ်မှုတို့ကြောင့်သာ ပြီးမြောက်အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။ ဦးဖိုးကျူးကား စေတီတော် တည်ဆောက်ပြီးနောက်၌လည်း ငွေ ၁၁,၀၀၀-ထပ်မံ အကုန်အကျခံလျက် စေတနာထက်သန်စွာဖြင့် စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့လေသည်။ ၎င်းပြင် ဦးဖိုးကျူး*(ဘိုးကြူး)*၏ နှမမိသားစုတို့က မြတ်စွာဘုရား ရှေကြည်တော်သောက်ရာ ဌာနတွင် ဘုရားကျောင်း ၁-ခု ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။ ရှေးဟောင်း သုတေသနဌာနများကို

ဤကဲ့သို့ ဘယ်နေရာ ဘယ်ဒေသမှာမှ အသစ်ပြုပြင်ခွင့် မရှိခဲ့ပါ။ ဆရာတော်ကြီးသာ ပြုပြင်နိုင်ခဲ့ပါသည်။

## ပထမဦးဆုံး အိန္ဒိယသားရဟန်း

ဆရာတော်ဦးစန္ဒြမဏိ၏ ရည်ရွယ်ချက် ၂-ခုအနက် အိန္ဒိယ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေး-ဟူသော ဒုတိယရည်ရွယ်ချက်ကား ပထမရည်ရွယ်ချက်ထက် ပို၍ ခက်ခဲလေသည်။ ဆရာတော် နေထိုင်ရာ ကုသိနာရုံ ပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားတို့အနေဖြင့် မိမိတို့၏ မိရိုးဖလာ ဟိန္ဒူဘာသာကို စွန့်ပယ်ပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာရန်မှာ အိပ်မက်ပင် မက်ကြမည် မဟုတ်ချေ။ အယူသည်းသော ဟိန္ဒူပုဏ္ဏားအချို့ကမူ မိမိတို့နယ်ထဲသို့ ကျူးကျော်ဝင်ရောက်လာသော ဗုဒ္ဓဘာသာရဟန်းတော်များကို အကြီးအကျယ် မုန်းတီးခဲ့ကြလေသည်။ ဟန့်တားနှောင့်ယှက်မှု အမျိုးမျိုးကိုလည်း ပြုလုပ်ခဲ့ကြလေသည်။

ထို့ကြောင့် ဆရာတော်သည် ဒေသခံတိုင်းရင်းသားများကို ဘာသာရေးဖြင့် စည်းရုံးနိုင်ရန် **"ပုဂ္ဂိုလ်ခင်မှ တရားမင်"**ဟူသော မူကို စတင်ကျင့်သုံးခဲ့ရသည်။ မိမိအပေါ် လူအများ ခင်မှု၊ ယုံကြည်ကိုးစားမှု ရှိလာကြစေရန် ပညာရေး, ကျန်းမာရေး-စသော လုပ်ငန်းများဖြင့် ဆွဲဆောင်ခဲ့ရလေသည်။

သို့အားဖြင့် အနီးပတ်ဝန်းကျင်မှ လူအများသည် ဆရာတော်ကို တဖြည်းဖြည်း ယုံကြည်ကိုးစားလာကြသည်။ တစ်နေ့တွင် **'သုခါရီချပရာ'** ဟု ခေါ်သော ရွာမှ ဆင်းရဲသော မိန်းမ ၁-ယောက်သည် မိမိ၏ ၉-နှစ်အရွယ်ရှိ သားငယ်လေး ၁-ယောက်ကို ကျောင်းအိပ်,ကျောင်းစားအဖြစ် ကျွေးမွေးစောင့်ရှောက်ရန် ဆရာတော်ထံ လာရောက်အပ်နှံသည်။ ဆရာတော်က ထိုသူငယ်ကို လက်ခံလိုက်ပြီး ဗုဒ္ဓဘာသာ စာပေများ သင်ကြားပေးသည်။ အတန်ကြာသောအခါ သူငယ်က ကိုရင်ဝတ်လိုကြောင်း လျှောက်

ကြားသည်။ ဆရာတော်က သူ့စိတ်ကို စမ်းလိုသဖြင့် "မင်းငယ်သေးတယ်၊ စာဆက်သင်ပါဦး"ဟု ပြောထားသည်။

သူငယ်သည် အသက် ၁၂-နှစ်မျှ ရှိသောအခါ ကိုရင်ဝတ်လိုသော ဆန္ဒပြင်းပြလာသဖြင့် ဆရာတော်ထံ ထပ်မံပူဆာပြန်သည်။ ဆရာတော်ကား သူ့ကို ကိုရင်ဝတ်ပေးလျှင် သူ၏ဆွေမျိုး အသိုင်းအဝိုင်းများနှင့် ပဋိပက္ခဖြစ်လာမည်ကို မြင်သည်။ ထို့ကြောင့် သူ့မိခင်အား ဖွင့်ပြောပြီး ဆွေမျိုးများနှင့် တိုင်ပင်ရန် တိုက်တွန်းသည်။

ထိုအခါ ဆွေမျိုးများကသာမက တစ်ရွာလုံးကပါ ကိုရင်မဝတ်ရန် သူငယ်ကို ကန့်ကွက်ကြသည်။ သူငယ်ကား မည်သူ့စကားကိုမျှ နားမထောင်ချေ။ "ကိုရင်ဝတ်မည်"ဟု ဇွတ်အတင်းပင် ပြောနေသည်။ ထို့ကြောင့် မိခင်ကလည်း လက်လျှော့လိုက်ပြီး ကိုရင်ဝတ်ပေးရန် သဘောတူလိုက်ရလေသည်။

ဆရာတော်သည် မိခင်၏သဘောတူချက်ဖြင့် ထိုသူငယ်ကို မဟာ-ပရိနိဗ္ဗာနရုပ်ပွါးတော်၏ ရှေ့၌ ဆံချ၍ သရဏဂုံပေးပြီး ရှင်သာမဏေ ဝတ်ပေးသည်။ သာမဏေ၏ဘွဲ့အမည်ကိုလည်း **ရှင်အစ္စုတာနန္ဒ**-ဟု ခေါ်တွင်စေသည်။ ထိုသူငယ်ရှင်ပြုရာတွင် မိခင်ဖြစ်သူကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ရောက်လာသော ဧည့်ပရိသတ်အား စားဖွယ်,သောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးလေသည်။

သို့တိုင်အောင် ရွာထဲမှ အယူသည်းသမား အချို့ကမူ ဆူဆူပူပူ လုပ်ကြသေးတယ်။ "ဦးစန္ဒြမဏိသည် မသိနားမလည်သော ကလေးငယ်ကို ဖြားယောင်းသွေးဆောင်၍ ဗုဒ္ဓဘာသာသို့ သွတ်သွင်းသည်။ ဘာသာဖျက်မှုဖြင့် တရားစွဲမည်"ဟု စည်းဝေးဆုံးဖြတ်ကြသည်။ မိခင်ဖြစ်သူကိုယ်တိုင်က ထိုစွပ်စွဲချက် မမှန်ကြောင်း ဖြေရှင်းပြောကြားမှ ထိုသူတို့ ငြိမ်သွားကြလေသည်။ သို့သော် သူ၏*(အ)*မေအား ၇-ရက် တစ်ပတ်လျှင် ၃ိ-မျှ ပေးရသည်။ ၃ိ-မှာ ထိုအချိန်က ၁-လ စားလောက်ပါသည်။

ဆရာတော်သည် ကိုရင်ရှင်အစ္စုတာနန္ဒကို ပညာသင်ကြားရန် ရဟန်းတော် ၁-ပါးနှင့်အတူ သီဟိုဠ်သို့ ထည့်လိုက်သည်။ ကိုရင်သည် သီဟိုဠ်၌ ၆-နှစ်မျှ ပိဋကတ်စာပေသင်ကြားခြင်း, ဗုဒ္ဓဘာသာဆိုင်ရာ ဗဟု-သုတများ လေ့လာခြင်းတို့ကို ပြုလုပ်ပြီး ကုသိနာရုံသို့ ပြန်လာသည်။

ထိုအခါ ဆရာတော်သည် ရှင်အစ္စုတာနန္ဒကို မော်လမြိုင်မြို့၊ **တောင်ပေါက်ဆရာတော် ဦးစက္ကပါလ**ထံ၌ ဆက်လက်ပညာသင်ရန် စေလွှတ်လိုက်ပြန်သည်။ ရှင်အစ္စုတာနန္ဒသည် အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် ဦးစက္ကပါလထံ၌ ပညာသင်ကြားနေရင်းပင် အသက် ၂၀-ပြည့်၍ ဦးပဉ္စင်းအဖြစ်သို့ ရောက်သည်။ ဦးအစ္စုတာနန္ဒသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါကျမှ မော်လမြိုင်မှ ကုသိနာရုံသို့ ပြန်လာပြီး ဆရာတော် ဦးစန္ဒြမဏိထံပါး၌ အမြဲမပြတ် ဆည်းကပ်နေလေသည်။

## ညီ,အစ်ကို ရဟန်း ၂-ပါး

ဆရာတော် ဦးစန္ဒြမဏိအနေဖြင့် မိရိုးဖလာ အယူဝါဒစွဲ ပြင်းထန်သော ဒေသခံတိုင်းရင်းသားများထဲမှ တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာရဟန်းတစ်ပါးဖြစ်လာအောင် ဆောင်ရွက်နိုင်ခြင်းမှာ အိန္ဒိယ၌ ဗုဒ္ဓဘာသာပြန်လည်ထွန်းကားရေးအတွက် ခြေ ၁-လှမ်း လှမ်းနိုင်ခြင်းပင် ဖြစ်ပါသည်။ ဆရာတော်သည် နောက်ပိုင်းတွင်လည်း အလားတူ ခြေလှမ်းများကို တစ်လှမ်းပြီး တစ်လှမ်း ဆက်၍ လှမ်းနိုင်ခဲ့လေသည်။

ကုသိနာရုံနှင့် ၅-မိုင်မျှဝေးသည့် '**ဘာဘူရွာ**'မှ လက်သမားလုပ်သော ညီ,အစ်ကို ၂-ယောက်သည် သွားရင်း,လာရင်း ခရီးကြုံသည့်အခါ ကုသိနာရုံကျောင်း၌ ဝင်ရောက်နားခိုလေ့ ရှိကြသည်။ ယင်းသို့ နားခိုရင်း ဆရာတော်နှင့် ခင်မင်ရင်းနှီးလာကြသည်။ ဆရာတော်သည် ထိုသူ ၂-ဦး

အား အခါအခွင့်သင့်တိုင်း ဗုဒ္ဓဘာသာဆိုင်ရာ တရားစကားများကို တစ်လုံးစ၊ နှစ်လုံးစ ဟောကြားခဲ့သည်။ ဆရာတော်ကား ခန့်ညားသော ဥပဓိရုပ်ရည်နှင့် တည်ကြည်သိမ်မွေ့သော ဣန္ဒြေသိက္ခာ ရှိ၏။ ဟိန္ဒူဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့ဖြစ်ရာ လက်သမား ညီ,အစ်ကို ၂-ယောက်သည် မကြာမီ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်၍ ဆရာတော်၏တပည့်များ ဖြစ်လာကြလေသည်။

ထို့နောက် ညီ,အစ်ကို ၂-ယောက်လုံးကပင် သူတို့ကို ကိုရင်ဝတ်ပေးရန် တောင်းခံလာကြသည်။ ဆရာတော်သည် ၂-ယောက်လုံးကို ကိုရင်ဝတ်ပေးပြီး 'အစ်ကိုအား **ရှင်ဇိနာနန္ဒ**၊ ညီအား **ရှင်ပညာဝံသ**'-ဟု အသီးသီး ဘွဲ့အမည်များ မှည့်ပေးလေသည်။ ထိုညီ,အစ်ကို ၂-ယောက်အား ရှင်ပြုပေးရာတွင်လည်း ဟိန္ဒူပုဏ္ဏားအချို့က ဆူပူကန့်ကွက် ခဲ့ကြလေ၏။ သို့ရာတွင် ယင်းသို့ ကန့်ကွက်မှုမှာ ထိရောက်ခြင်း မရှိလှဘဲ အလိုအလျောက်ပင် ငြိမ်သွားခဲ့လေသည်။

ဆရာတော်သည် ကိုရင် ၂-ပါးကို ကုသိနာရုံ၌ ကြာကြာမထားဘဲ ပညာသင်ကြားရန် မြန်မာနိုင်ငံသို့ ပို့ပေးလိုက်သည်။ ကိုရင်ဇိနာနန္ဒသည် ပဲခူးခရိုင်၊ ပဲနွယ်ကုန်းမြို့၊ ဆရာတော် **ဦးစန္ဒောဘာသ**ထံ၌လည်းကောင်း ရှင်ပညာဝံသသည် မော်လမြိုင်မြို့၊ တောင်ပေါက်ဆရာတော် **ဦးစက္ကပါလ** ထံ၌လည်းကောင်း အသီးအသီး ပရိယတ္တိစာပေကို ဆည်းပူးကြရလေသည်။ ထို့နောက် ကိုရင် ၂-ပါးလုံးပင် ရဟန်းအဖြစ်သို့ ရောက်သွားကြလေသည်။

## အမ်အေဘွဲ့ရ ရှင်ဓမ္မရက္ခိတ

ဒေသခံတိုင်းရင်းသားများထဲမှ ဆရာတော်ဦးစန္ဒြမဏိထံ၌ ရဟန်းအဖြစ် ခံယူသူများတွင် **အရှင်ဓမ္မရက္ခိတ**ကား အထင်ရှားဆုံး ဖြစ်နေလေသည်။ တစ်နေ့တွင် ကုသိနာရုံ စန္ဒြမဏိ မူလတန်းကျောင်းမှ အောင်မြင်

သွားသော ကျောင်းသားဟောင်း ၁-ယောက်သည် သူလက်ထပ်ယူလိုက်သော မယားနှင့် မပေါင်းလိုသဖြင့် ဆရာတော်ကျောင်းသို့ ပြေးလာသည်။ ဆွေမျိုးများနှင့် ရွာသူရွာသားများက ကျောင်းသို့ လိုက်လာပြီး "ထိုသူကို ပြန်ပေးရမည်"ဟု တောင်းဆိုကြသည်။ ဆရာတော်က "မိမိခေါ်ထားခြင်း မဟုတ်၍ မိမိနှင့် မဆိုင်ကြောင်း, ခေါ်ရလျှင် ၎င်းတို့ဘာသာ ခေါ်ကြရန်သာဖြစ်ကြောင်း" ပြောဆိုသည်။ သို့ရာတွင် အမျိုးမျိုး ချော့မော့၍ ခေါ်ကြသော်လည်း ခေါ်မရသောကြောင့် မကျေမနပ်ဖြင့်ပင် ထိုသူများ ပြန်သွားကြရသည်။ ထို့နောက် ရွာသူ,ရွာသားတို့သည် အစည်းအဝေးတစ်ခု ပြုလုပ်၍ "ဦးစန္ဒိမဏိကို ဒီမှာထားလို့ မဖြစ်ဘူး၊ ကျုပ်တို့ လူမျိုး, ဆွေမျိုးတွေ အားလုံး ဗုဒ္ဓဘာသာ ဖြစ်ကုန်ကြလိမ့်မယ်"စသည်ဖြင့် ဆူပူတောင်းဆိုမှုများ ပြုလုပ်ကြသည်။ သို့ရာတွင် ယင်းတို့၏ တောင်းဆိုမှုမှာလည်း မထိရောက်လှဘဲ အလိုအလျောက်ပင် ပျောက်ပျက်သွားလေသည်။

ဆရာတော်သည် ထိုလူငယ်အား သူ၏တောင်းဆိုချက်အရ ကိုရင်ဝတ်ပေးသည်။ ကိုရင်ဘွဲ့ကား **ရှင်ဓမ္မရက္ခိတ** ဖြစ်လေသည်။ ရှင်ဓမ္မရက္ခိတမှာ ဉာဏ်ကောင်းပြီး အထူးသွက်လက် ချက်ချာသူတစ်ဦး ဖြစ်သည်။ ဆရာတော်က ရှင်ဓမ္မရက္ခိတကို မိဘဆွေမျိုးများ၏ နှောင့်ယှက်မှုမှ ကင်းလွတ်ပြီး ပညာကို ပေါက်မြောက်အောင် သင်ကြားနိုင်စေရန် သီဟိုဠ်သို့ ပို့လိုက်သည်။

ရှင်ဓမ္မရက္ခိတသည် သီဟိုဠ်၌ ကြာမြင့်စွာ နေထိုင်လျက် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့ကို ကြိုးစားသင်ယူသည်။ သီဟိုဠ်တွင် ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ပိဋကတ် ၃-ပုံ စာမေးပွဲကြီးကို ဖြေဆိုအောင်မြင်၍ **"တိပိဋကာစရိယ"**ဟူသော ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ကုသိနာရုံသို့ ပြန်လာပြီး စစ်တွေမြို့မှ ရဲအရာရှိ **ဦးသာကျော်**နှင့် ဇနီး **မိဦးခင်မြ**တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကုသိနာရုံဗုဒ္ဓသိမ်၌ ရဟန်းအဖြစ် ခံယူသည်။ ဥပဇ္ဈာယ်ဆရာကား ဆရာတော်ဦးစန္ဒိမဏိပင် ဖြစ်လေသည်။

အရှင်ဓမ္မရက္ခိတသည် အလယ်တန်းအထိ အခြေခံရရှိပြီးသူ ဖြစ်၍ ရဟန်းဘဝဖြင့် ခေတ်ပညာကို ဆက်လက်သင်ကြားရာ မဟာဝိဇ္ဇာ (M.A.) ဘွဲ့ကို ရရှိခဲ့သည်။ ထိုအရှင်သည် **ဝိသုဒ္ဓိမဂ်ကျမ်း**ကို ပါဠိဘာသာမှ ဟိန္ဒူဘာသာသို့ ပြန်ဆိုသဖြင့် အိန္ဒိယအစိုးရ၏ အလှူငွေ ၅၀၀-ကို ခံယူရရှိခဲ့သည်။ ထိုအရှင်သည် ဝိသုဒ္ဓိမဂ်အပြင် အခြားဗုဒ္ဓစာပေများစွာတို့ကိုလည်း ဟိန္ဒူဘာသာသို့ ပြန်ဆိုခဲ့လေသည်။

အရှင်ဓမ္မရက္ခိတသည် မိဂဒါဝုန် မဟာဗောဓိကောလိပ်၏ **ပါဠိပါမောက္ခ**အဖြစ်ဖြင့်လည်းကောင်း **ကောလိပ်ကျောင်းအုပ်ကြီး** အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မဟာဗောဓိအသင်းမှ ထုတ်ဝေသည့် **ဓမ္မဒူတမဂ္ဂဇင်း**၌လည်း **အယ်ဒီတာ**အဖြစ် ဆောင်ရွက်ခဲ့သည်။

ဤအရှင်ဓမ္မရက္ခိတကား ဆရာတော်ဦးစန္ဒြမဏိ၏ ပြုစုပျိုးထောင်မှုဖြင့် ထွန်းထွန်းပေါက်ပေါက် ဖြစ်လာသော အိန္ဒိယနိုင်ငံသား ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး ဖြစ်လေသည်။ ထို့အတူ ဘင်္ဂလားပြည်နယ်မှ **ဗုဒ္ဓရက္ခိတ** ခေါ်သော ရဟန်း ၁-ပါးနှင့် **သံဃရက္ခိတ**ခေါ်သော ရဟန်း ၁-ပါးလည်း ရှိပါသေးသည်။

## မိဂဒါဝုန် ဦးကိတ္တိမ

ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ တပည့်ရဟန်းတော်များထဲမှ အရှင်ဓမ္မရက္ခိတသည် ထွန်းပေါက်အောင်မြင်သော အိန္ဒိယနိုင်ငံသား ဖြစ်သကဲ့သို့ မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမသည်လည်း အရေးပါသော မြန်မာနိုင်ငံသား ရဟန်းတော် ၁-ပါး ဖြစ်၏။ ဦးကိတ္တိမသည် စစ်တွေခရိုင်၊ မြို့ဟောင်းမြို့နယ်၊ **ရမ်းချောင်ကျေးရွာ**၌ ၁၂၆၅-ခု၊ တော်သလင်းလဆန်း၊ ၃-ရက်၊ (၂၄-၈-၁၉၀၃) တနင်္လာနေ့တွင် အဖ **ဦးကြာထွန်း**၊ အမိ **ဒေါ်နှင်းညို** တို့မှ မွေးဖွားခဲ့လေသည်။ မိခင်ဒေါ်နှင်းညိုမှာ ကုသိနာရုံဆရာတော်ကြီး၏ နှမရင်းဖြစ်ရာ ဦးကိတ္တိမသည် ဆရာတော်ကြီး၏ တူတော်အရင်း ဖြစ်လေသည်။

ဦးကိတ္တိမလျှောင်းလျှာသည် ငယ်စဉ်က ခေတ်ပညာ ၆-တန်း အထိ အောင်မြင်ခဲ့သည်။ ထို့နောက် ကိုရင်ဝတ်၍ လောကုတ္တရာစာပေများကို ဆည်းပူးနေစဉ် မိဘ ၂-ပါး ကွယ်လွန်သွားသဖြင့် အိန္ဒိယနိုင်ငံ ကုသိနာရုံ၌ သီတင်းသုံးနေသော ဦးရီးတော် ဦးစန္ဒြမဏိထံသို့ သွားရောက်ခဲ့သည်။ သူသည် ဆရာတော်ကြီး၏ ထောက်ပံ့ကူညီမှုဖြင့် ဟိန္ဒူဘာသာ, သက္ကတဘာသာနှင့် ခေတ်ပညာရပ်များကို သင်ကြားဆည်းပူးခဲ့သည်။ သက်တော် ၂၀-ပြည့်သောအခါ ဆရာတော်ကြီး၏ အမိန့်ဖြင့် စစ်တွေမြို့သို့ ပြန်လာပြီး စစ်တွေမြို့၊ တရားသီး စုရပ်၊ **စန္ဒိမာရာမကျောင်းတိုက်၌** ဆရာတော် **ဦးစန္ဒိမာ**ကို ဥပဇ္ဈာယ်ဆရာပြု၍ ၁၂၈၆-ခုနှစ်၊ ကဆုန်လဆုတ်၊ ၁၅-ရက်၊ တနင်္ဂနွေနေ့တွင် ရဟန်းဘဝကို ခံယူခဲ့သည်။ ဦးကိတ္တိမ၏ ပစ္စည်း ၄-ပါး ဒါယကာများမှာ စစ်တွေမြို့၊ ကုန်သည်ကြီး **ဦးကျော်ဇံ**နှင့် **ဇနီးဒေါ်လှဦး**တို့ ဖြစ်လေသည်။

ဦးကိတ္တိမသည် စစ်တွေ၌ ရဟန်းခံပြီး ထိုနှစ် ဝါဆိုမီ ကုသိနာရုံသို့ ပြန်လာသည်။ ထိုအချိန်က ဗလာရာမ်ပူကျောင်း၌ **ဦးဝရသမ္ဘောဓိ** အမည်ရှိသော မြန်မာဘုန်းကြီး ၁-ပါး သီတင်းသုံးနေသည်။ သို့သော် ထိုဘုန်းကြီးသည် မိမိတပည့်အချင်းချင်း မသင့်မတင့်ဖြစ်၍ ရိုက်နှက်မှုဖြစ်ပွါးသောကြောင့် စိတ်ပျက်ပြီး ကုသိနာရုံသို့ ရောက်လာသည်။ ထို့ကြောင့် ဆရာတော် ဦးစန္ဒြမဏိက ဗလရာမ်ပူရှိကျောင်းကို စောင့်ရှောက်ရန် ဦးကိတ္တိမကို စေလွှတ်ထားခဲ့ရသည်။ နောက်ပိုင်းတွင် ဦးဝရသမ္ဘောဓိ မြန်မာပြည်သို့ ပြန်ကြွသွားပြီး **ဦးအာစရ**မည်သော ပုဂ္ဂိုလ်သည် ဗလရာမ်ပူသို့ ရောက်လာသည်။ ထိုအခါကျမှ ဦးကိတ္တိမသည် ကုသိနာရုံသို့ ပြန်ခဲ့ရ၏။

ဆရာတော် ဦးစန္ဒြမဏိသည် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဌာနတွင် ဆရာတော်မဟာဝီရ စတင်တည်ထောင်ခဲ့သော ကျောင်း၌ ဒုတိယမြောက်ဆရာတော်အဖြစ် ဆက်ခံသာသနာပြုနေခဲ့သည်။ နောက်ပိုင်းတွင် ဆရာတော်သည် ဓမ္မစကြာတရား ဟောကြားတော်မူခဲ့ရာ ဗာရာဏသီမြို့

အနီး၊ မိဂဒါဝုန်ဌာန၌လည်း ကျောင်းခွဲ ၁-ကျောင်းကို တည်ထောင်ခဲ့သည်။ ဆရာတော်ကြီးသည် မိဂဒါဝုန်ကျောင်းသို့ ခေတ္တခဏမျှသာ မိမိကြွရောက်သီတင်းသုံးပြီး နောက်ပိုင်းတွင် ရခိုင်ပြည်မှလာသော ဦးပဥ္စင်း ၃, ၄-ပါးကို အစောင့်ထားခဲ့သည်။ နောက်ဆုံးတွင် စောင့်ရှောက်မည့် ဦးပဥ္စင်းတစ်ပါးမျှ မရှိတော့သဖြင့် တူတော် ဦးကိတ္တိမကို တာဝန်ပေးလိုက်ရလေသည်။

ဦးကိတ္တိမသည် မိဂဒါဝုန်ကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ရင်းပင် မိမိပညာရေးကို ဆက်လက်အားထုတ်ရသည်။ သူသည် ပညာရေးတွင် ကုသိနာရုံဆရာတော်ကြီး၏ အာဘော်အတိုင်း ဒီဂရီရရှိရေးလမ်းသို့ မလိုက်တော့ဘဲ တက်မြောက်ရေးကိုသာ ရှေးရှုသည်။ ကုသိနာရုံတွင် နေ့စဉ်က ဂေါရခ်ပူရ်မြို့၊ **ဒယာနန္ဒကောလိပ်**တွင် ဟိန္ဒီ, သက္ကတနှင့် အင်္ဂလိပ်စာတို့ကို ဥပစာတန်း, ပထမနှစ်အထိ တက်ရောက်သင်ယူခဲ့သည်။ ထိုမှ နောက်တွင် ယင်းဘာသာရပ်များကို သင်ရိုးအတိုင်း တက်မြောက်အောင်သာ သင်ယူခဲ့ပြီး မည်သည့်စာမေးပွဲကိုမျှ ဖြေဆိုခြင်း မပြုခဲ့ချေ။

ဦးကိတ္တိမသည် ပညာရေးတွင် ဘာသာရပ်စုံကို စိတ်ဝင်စားသောပုဂ္ဂိုလ် ဖြစ်သည်။ ရှေးဟောင်းစာပေ, ရှေးဟောင်းရာဇဝင်တို့ကိုလည်း လေ့လာသည်။ ရှေးဟောင်းကျောက်စာနှင့် ဗုဒ္ဓဘာသာသမိုင်းတို့ကိုလည်း ဆည်းပူးသည်။ ဥပဒေပညာ, နိုင်ငံရေးနှင့် လူမှုရေးသိပ္ပံ-စသော ပညာရပ်တို့တွင်လည်း နှံ့နှံ့စပ်စပ် ရှိခဲ့သည်။ အဆုံးဆိုသော် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးပညာရပ်၌ပင် ကျွမ်းကျွမ်းကျင်ကျင် ရှိခဲ့လေသည်။ ဓာတ်ပုံပညာ, နာရီပြင်ပညာ, ရေဒီယိုပြင်ပညာနှင့် အခြားပညာရပ်များကိုပါ တတ်မြောက်ခဲ့သည်။

ဦးကိတ္တိမသည် မြန်မာစာပေ၌လည်း အထူးနှံ့စပ် ကျွမ်းကျင်မှု ရရှိခဲ့ပေသည်။ ကလကတ္တားတက္ကသိုလ်, ဒေလီတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာသင်တန်းကျောင်းမှ ကျင်းပသော စာမေးပွဲများအတွက် မြန်မာစာ

သင်ကြားပေးခြင်းများကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရသည်။ ဤစာရေးသူ ကိုယ်တိုင်ပင် ၁၉၈၀-မှ ၁၉၈၇-ခုနှစ်အထိ အထက်ပါ စာမေးပွဲများအတွက် မေးခွန်းများ ရေးသားရာတွင် ဆရာတော်နှင့်အတူ ပါဝင်ကူညီခဲ့ရလေသည်။ ပုစ္ဆာရေးရခြင်း, မေးခွန်းလွှာထုတ်ရခြင်း, မေးခွန်းစစ်ဆေးရခြင်းများကို ဆရာတော်အမိန့်အရ ပြုလုပ်စစ်ဆေးခဲ့ရပါသေးသည်။

## ဦးဝိစာရနှင့်အတူ

ဦးကိတ္တိမသည် ကုသိနာရုံ၌နေစဉ် မြန်မာနိုင်ငံ၌ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ရေးကို စောစီးစွာ လှုံ့ဆော်ပေးခဲ့သော ဆရာတော် **ဦးဥတ္တမ၏တပည့် ဦးဝိစာရ**နှင့်အတူ ပညာသင်ခဲ့ရသည်။ ဆရာတော်ဦးဝိစာရနှင့် ရွယ်တူဖြစ်၍ ဆရာတော်ဦးဝိစာရအား နိုင်ငံရေးစိတ်ဓာတ်ပေါ်ပေါက်လာအောင် လှုံ့ဆော်ပေးသူမှာ ဆရာတော်ဦးဥတ္တမ မဟုတ်။ ဆရာတော် ဦးကိတ္တိမပင် ဖြစ်ပါသည်။ ကိုယ်တိုင်ကလည်း ပါဝင်ခဲ့သည်။ သို့သော် ဦးရိုးတော် ဦးစန္ဒြမဏိကို ငဲ့၍သာ နိုင်ငံရေး နယ်ပယ်သို့ မရောက်ခဲ့ပါ။ ထိုအချိန်မှ စ၍ နိုင်ငံရေး၌ စိတ်ဝင်စားကာ မျိုးချစ်စိတ်ဓာတ်ကိန်းအောင်းခဲ့သည်။

၁၉၃၉-၄၁-ခုနှစ်များအတွင်း မြန်မာနိုင်ငံ၌ လူမျိုးရေး အဓိကရုဏ်းဖြစ်ပွါး၍ အိန္ဒိယလူမျိုးအချို့ မြန်မာနိုင်ငံမှ ထွက်ပြေးလာကြသည်။ သူတို့နှင့်အတူ မြန်မာအမျိုးသမီး သူတို့ဇနီးအချို့လည်း ပါလာကြသည်။ ထိုမြန်မာအမျိုးသမီးများမှာ အိန္ဒိယသို့ ရောက်သောအခါ သူတို့ယောကျ်ားများက ပစ်ထားကြသဖြင့် ဒုက္ခရောက်ကြရသည်။ ဦးကိတ္တိမသည် **ကယ်ဆယ်ရေးအဖွဲ့** ၁-ခုဖွဲ့၍ ထိုမြန်မာအမျိုးသမီးများအား ကူညီထောက်ပံ့ခဲ့သည်။ ဦးကိတ္တိမ၏ မေတ္တာရပ်ခံချက်အရ အိန္ဒိယပြည်လုံးဆိုင်ရာ ဟိန္ဒူကယ်ဆယ်ရေးအဖွဲ့ကြီးကလည်း မြန်မာအမျိုးသမီး တစ်ဦးလျှင် ငွေ ၅၀-စီ ထောက်ပံ့

ခဲ့လေသည်။ ဆရာတော်ဦးကိတ္တိမသည် မြန်မာ,ဟိန္ဒူ ညီညွတ်ရေးနှင့် ပတ်သက်၍ မြန်မာပြည်၌ ဟိန္ဒူဘာသာဝင်များကို ကူညီထောက်ပံ့ပေးစေခဲ့သည်။ ထို့အတူ အိန္ဒိယ၌ ဒုက္ခရောက်နေခဲ့သော မြန်မာအမျိုးသမီးများကို ဟိန္ဒူဘာသာဝင်များ အကူအညီဖြင့် ထောက်ပံ့စေခဲ့ပါသည်။

## ဆောက်လုပ်ခဲ့သော ကျောင်းများ

ဦးကိတ္တိမသည် ဆောက်လုပ်ရေးပညာ၌ ကျွမ်းကျင်မှု ရှိသည့်အားလျော်စွာ ကုသိနာရုံနှင့် ဗာရာဏသီတို့၌ ဘာသာရေးအဆောက်အဦးများ ဆောက်လုပ်ရာတွင် သူ၏စီမံကွပ်ကဲမှုများစွာ ပါရှိခဲ့သည်။

(၁) စစ်တွေမြို့မှ ရဟန်းဒကာ **ဦးကျော်ဇံ**နှင့် ဇနီး **ဒေါ်လှဦး**တို့၏ အလှူငွေဖြင့် မိဂဒါဝုန်၌ **ဓမ္မစက္ကဝိဟာရ** ၂-ထပ်ကျောင်းတိုက် ဆောက်လုပ်ခြင်း၊

(၂) ရန်ကုန်မြို့၊ ကရစ်လမ်းနေ၊ **ဦးရွှေဝင်း**၊ **ဒေါ်သောင်းမေ**တို့၏ အလှူငွေဖြင့် ၂-ထပ် **ပိဋကတ်တိုက်** ဆောက်လုပ်ခြင်း၊

(၃) ရန်ကုန်မြို့၊ မောင်တော်လေး*(လမ်း)*မှ **ဒေါ်ဖြူ၊ ဒေါ်ဝွန်း**တို့၏ အလှူငွေဖြင့် မိဂဒါဝုန်၌ **သိမ်ကျောင်း** ဆောက်လုပ်ခြင်း၊

(၄) အိန္ဒိယသူဌေးကြီး **ဂျေ၊ ကေ၊** ဗိရလာ၏ အလှူငွေဖြင့် ကုသိနာရုံ စန္ဒြမဏိစာသင်ကျောင်း၌ **ကျောင်းဆောင်သစ်ကြီး** ၁-ဆောင် ဆောက်လုပ်ခြင်း၊

(၅) ဗာရာဏသီ၌ သူဌေးကြီး ဗိရလာ လှူဒါန်းသော မြေ၌ ဗင်္ဂလား **အဝကျွန်းမှ ဒကာ,ဒကာမများ** လှူဒါန်းသော အလှူငွေဖြင့် ၁၉၄၈-ခုနှစ်တွင် **ဓမ္မသာလာတိုက်ကျောင်း** ဆောက်လုပ်ခြင်း၊

(၆) ကုသိနာရုံ၌ **ဒေါ်လှရွှေ**တို့ မိသားစုမှ လှူဒါန်းသော အလှူငွေဖြင့် **သိမ်တော်ကြီး** ဆောက်လုပ်ခြင်း၊

(၇) ဗာရာဏသီ၌ ရန်ကုန်မှ သူဌေးကြီး **ဆာဦးသွင်နှင့် ဒေါ်ဒေါ်သိန်း** တို့ လှူဒါန်းသော အလှူငွေဖြင့် ၁၉၅၈-ခုနှစ်တွင် (၁၂၀,၀၀၀) တန် **ဗုဒ္ဓဇယန္တီစေတီမှာရုံကြီး** ဆောက်လုပ်ခြင်း -

စသော လုပ်ငန်းများမှာ ဦးကိတ္တိမ၏ ကြီးကြပ်စီမံမှုဖြင့် အကောင်အထည် ပေါ်လာသော လုပ်ငန်းများ ဖြစ်ပါသည်။

ဦးကိတ္တိမသည် ကုသိနာရုံဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်သော ဘာရတိယဘိက္ခုသံဃာ့အဖွဲ့နှင့် ကုသိနာရုံဘိက္ခုသံဃာ့အဖွဲ့တို့မှ အရေးပါသော နေရာမှ ပါဝင်ခဲ့သည်။ ဘာရတိယဘိက္ခုသံဃာ့အဖွဲ့နှင့် ကုသိနာရုံဘိက္ခုသံဃာ့၏ ဖွဲ့စည်းပုံဥပဒေကို ရေးဆွဲသူမှာ ဆရာတော် ဦးကိတ္တိမပင် ဖြစ်ပါသည်။

- ဘာရတိယဘိက္ခုသံဃာ့အဖွဲ့တွင် အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။
- ကုသိနာရုံဘိက္ခုသံဃာ့အဖွဲ့တွင်လည်း ဆရာတော်ကြီး ပျံလွန်တော်မူပြီး နောက်တွင် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။
- ထို့ပြင် မိဂဒါဝုန် မဟာဗောဓိအသင်း၌လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့လေသည်။
- မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာဝင်များ အသင်းတွင် နာယက အဖြစ် ဆောင်ရွက်ခဲ့လေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမ

## ရာမာယဏကျမ်းကြီးကို မြန်မာပြန်ခြင်း

ဦးကိတ္တိမသည် ပါဠိ, သက္ကတ, ဟိန္ဒီ, အူရဒူ-စသော ဘာသန္တရ စာပေများကို ထူးချွန်စွာ တတ်မြောက်သောပုဂ္ဂိုလ် ဖြစ်သည်။ မြန်မာနိုင်ငံမှ ရဟန်းတော်များ ပါဠိစာပေကိုသာ သင်ကြားရပြီး ဘာသန္တရ သင်ကြားခွင့် မရဘဲ ရှိနေကြသည်ကို အားမလိုအားမရ လွန်စွာဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာရဟန်းတော်များ အိန္ဒိယသို့လာ၍ ဘာသန္တရ သင်ကြားနိုင်ရေးအတွက် **သူဌေးကြီးဗိရလာ**၏ ကူညီထောက်ပံ့မှု ရရှိစေရန် အထူးဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်သည့်အတိုင်းလည်း ထိုခေတ်က ရဟန်းတော်အချို့သည် သူဌေးကြီး၏ အထောက်အပံ့ဖြင့် အိန္ဒိယသို့ လာရောက်ပညာသင်နိုင်ခဲ့ကြသည်။

ဦးကိတ္တိမသည် မြန်မာနိုင်ငံမှာ ရဟန်း,ရှင်,လူများ အိန္ဒိယစာပေနှင့် ယဉ်ကျေးမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ကြစေရန် ရည်ရွယ်လျက် ဟိန္ဒီဘာသာ ကျမ်းစာအချို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ယင်းတို့အနက် **ဂါထာပေါင်း ၂၄,၀၀၀-ပါရှိသော ရာမယဏ မြန်မာပြန် ကျမ်းကြီး**မှာ အကြီးအကျယ်ဆုံး ဖြစ်သည်။ ဦးကိတ္တိမသည် ထိုကျမ်းကြီးကို ၁၉၆၁-ခုနှစ်မှ စ၍ ၃-နှစ်တိုင်တိုင် မနေမနား ပြန်ဆိုခဲ့ရသည်။ စာမျက်နှာ ၁,၀၀၀-ခန့်ရှိသော ထိုကျမ်းကြီးကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသား ဗဟိုအဖွဲ့ချုပ်က ၁၉၇၂-ခုနှစ်တွင် အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့လေသည်။ **ဆတျတ္ထပကာသ**ဆိုသော ကျမ်းစာကိုလည်း မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။

ဦးကိတ္တိမသည် ဟိန္ဒီကျမ်းစာအချို့ကို မြန်မာဘာသာသို့ ပြန်ဆိုသကဲ့သို့–

၁။ မိလိန္ဒပဥှာ

၂။ မဟာပရိနိဗ္ဗာနသုတ်

၃။ မဟာသတိပဋ္ဌာနသုတ်

၄။ သိင်္ဂါလောဝါဒသုတ် –

အစရှိသော ဗုဒ္ဓကျမ်းစာအချို့ကိုလည်း ဟိန္ဒီဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပေသည်။ ဆရာတော် ဦးကိတ္တိမသည် ပျံလွန်တော်မူခါနီး အချိန်ထိ စာရွက်နှင့် ကလောင်ကို လက်မှ မချဘဲ စာပေအမျိုးမျိုးကို ရေးသားပြုစုခဲ့လေသည်။

## ပညာရှိ သတိဖြစ်ခဲ

ကုသိနာရုံဆရာတော်ကြီးသည် ဦးကိတ္တိမအား ၁၉၂၈-ခုနှစ်တွင် မိဂဒါဝုန်ကျောင်းကို လွှဲအပ်ခဲ့ပြီး ကုသိနာရုံကျောင်းကိုလည်း ၁၉၆၉-ခုနှစ်တွင် ဦးဥာဏိသရနှင့် တွဲဖက်၍ ဒွိသန္တကအဖြစ် အပ်နှံခဲ့သည်။ ၁၉၇၂-ခုနှစ်တွင် ဆရာတော်ကြီး ပျံလွန်တော်မူသွားသောအခါ ကျောင်းနှင့် ဝတ္တကမြေများအပေါ် မိမိချယ်လှယ်ခွင့် မရတော့သဖြင့် တိုင်းရင်းသားတပည့်အချို့က တရားစွဲခဲ့ကြသည်။ သို့သော် ဦးဥာဏိသရက ပြေလည်

အောင် ဖြေရှင်းနိုင်သဖြင့် ထိုသူများ ရှုံးနိမ့်သွားကြသည်။ အခက်ခဲပေါင်း မြောက်များစွာ တွေ့ကြုံခဲ့ရပါသည်။

ကုသိနာရုံအမှု ရှုံးနိမ့်သွားသူတို့သည် ဤမျှနှင့် မကျေနပ်ကြသေးဘဲ ဗာရာဏသီ မိဂဒါဝုန်ကျောင်းဘက်သို့ ဦးလှည့်လာကြပြန်သည်။ မိဂဒါဝုန်လည်း ဝတ္တကမြေများ ရှိခဲ့ရာ ထိုမြေများမှာ ဥပဒေနှင့် မညီသဖြင့် အစိုးရက သိမ်းယူသင့်ကြောင်း ထိုသူတို့က လှုံ့ဆော်တိုင်တန်းကြသည်။ သို့ရာတွင် ဦးကိတ္တိမသည် ကုသိနာရုံ ဦးဉာဏိဿရ၏အကူအညီဖြင့် ဝတ္တကမြေများမှ အချို့ကို ရောင်းချပြီး အချို့ကိုလည်း ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ရာ ထိုသူများ အကြံမအောင် ဖြစ်သွားကြရလေသည်။

ထိုအခါ ထိုသူတို့သည် အာဏာရ နိုင်ငံရေးသမားများနှင့် ပူပေါင်းလျက် တစ်မျိုးကြံကြပြန်သည်။ တစ်ညတွင် ရဲဌာနက မေးမြန်းရန်ရှိသည်-ဟု ဆို၍ ဦးကိတ္တိမကို ခေါ်သွားပြီး ရဲဌာနသို့ ရောက်သောအခါ **စီ-အိုင်-အာရ်ခေါ် နိုင်ငံရေးပုဒ်မဖြင့်** ဖမ်းချုပ်လိုက်လေသည်။ ကုသိနာရုံမှ ဦးဉာဏိဿရသည် ထိုသတင်းကို ရလျှင်ရချင်း ဗာရာဏသီသို့ လိုက်လာပြီး လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ယူဆောင်၍ **နယူး-ဒေလီ**သို့ သွားလေသည်။

ထိုအချိန်က နယူးဒေလီ ဗဟိုအစိုးရအဖွဲ့တွင် ကုသိနာရုံဆရာတော်ကြီး၏တပည့် **ဗုဒ္ဓပိယမောရယ**ဆိုသူမှာ စက်မှုလက်မှု ဒုတိယဝန်ကြီး ၁-ဦး ဖြစ်နေသည်။ ဗုဒ္ဓဘာသာ၌ ရိုသေလေးစားမှုရှိသော ထိုဝန်ကြီးသည် ဦးဉာဏိဿရအား ချက်ချင်း လက်ခံတွေ့ဆုံသည်။ ဦးဉာဏိဿရ-က "မိဂဒါဝုန်ကျောင်းမှ ဆရာတော်ကြီး၏တူ-တပည့် ဦးကိတ္တိမအား ရဲက နိုင်ငံရေးပုဒ်မဖြင့် ဖမ်းဆီးထားပါကြောင်း, အမှန်အားဖြင့် ဦးကိတ္တိမမှာ နိုင်ငံရေး လုံးဝ မလုပ်ပါဘဲလျက် မလိုသူတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံရေးပုဒ်မဖြင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း"ကို ဟိန္ဒီဘာသာဖြင့် အသေးစိတ်ရှင်းပြသည်။

ထိုအခါ ဝန်ကြီးသည် ချက်ချင်းပင် ဗာရာဏသီ တိုင်းမင်းကြီးနှင့် ရဲမင်းကြီးတို့ထံ တယ်လီဖုန်းဆက်ပြီး ဦးကိတ္တိမကို လွှတ်ရန် အမိန့်ပေးလေသည်။ သို့ဖြင့် ဦးကိတ္တိမသည် အချုပ်မှ လွတ်ခဲ့လေသည်။ ဆရာတော် ဦးကိတ္တိမကား ဟိန္ဒီ, သက္ကတ-စသော ဘာသန္တရစာပေများနှင့်တကွ ဥပဒေပညာ၊ နိုင်ငံရေးသိပ္ပံ, လူမှုရေးသိပ္ပံ-စသော ခေတ်ပညာရပ်များ၌ပါ ကျွမ်းကျင်နှံ့စပ်သော ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော်ငြားလည်း **'ပညာရှိ သတိဖြစ်ခဲ'** ဆိုသည့်အတိုင်း မသမာသူတို့၏ လုပ်ကြံမှုဖြင့် အငိုက်မိခံလိုက်ရသဖြင့် များစွာ စိတ်ထိခိုက်သွားခဲ့ရလေသည်။

အထက်ပါကိစ္စ ဖြစ်ပျက်ပြီးနောက်တွင်မူ ကုသိနာရုံဆရာတော် ဦးဉာဏိဿရနှင့် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမတို့သည် ဦးစန္ဒြမဏိ ဆရာတော်ကြီး၏ အမွေအနှစ်များကို ဆက်ခံထိန်းသိမ်းရာတွင် အတားအဆီး အနှောင့်အယှက်များမှ ကင်းဝေးစေရန် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူလိုက်ကြရလေသည်။

## ဦးကိတ္တိမ ပျံလွန်တော်မူခြင်း

ဆရာတော်ဦးကိတ္တိမသည် ၁၅-နှစ်သားအရွယ် သာမဏေဘဝမှ စ၍ ကုသိနာရုံမှ ဦးရီးတော် ဦးစန္ဒြမဏိထံ ခိုဝင်ဆည်းကပ်ခဲ့သည်။ ဦးရီးတော်၏ ကူညီထောက်ပံ့မှုဖြင့် အိန္ဒိယ၌ ပညာသင်ယူခဲ့သည်။ ထို့နောက် ဦးရီးတော်၏ တာဝန်ပေးချက်ဖြင့်ပင် မိဂဒါဝုန်ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်လျက် အိန္ဒိယ၌ ဗုဒ္ဓသာသနာ ထွန်းကားရေးကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်နိုင်တော်မူခဲ့ပေသည်။

၁၉၈၇-ခုနှစ်၊ သက်တော် ၈၆-နှစ်ကျော်အရွယ်သို့ ရောက်သောအခါ အဆုတ်ထဲသို့ ရေဝင်သောရောဂါ ဖြစ်ပေါ်လာ၍ ဆရာတော်အား ဗာရာဏသီ၊ ဟိန္ဒူတက္ကသိုလ်ဆေးရုံသို့ တင်ခဲ့ရပါသည်။ ဆေးရုံတက်နေစဉ် ဆရာတော်အား မိဂဒါဝုန်ကျောင်း, ဆီဂရာဆာဦးသွင်ကျောင်းနှင့် ကုသိနာ

ရုံကျောင်းတို့မှ တပည့်များက အလှည့်ကျ ပြုစုခဲ့ကြရသည်။ သို့သော် ရောဂါမှာ သက်သာမလာဘဲ ၁၉၈၇-ခု၊ ဧပြီလ၊ ၂၃-ရက်နေ့တွင် ဆရာတော် ပျံလွန်တော်မူသွားလေသည်။ ဆရာတော်၏ဈာပနကို ပင့်သံဃာ ၈၀-ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

ဆရာတော်သည် ပျံလွန်တော်မမူမီတွင် မိမိပိုင်ကျောင်းနှင့် အခြားပစ္စည်းများကို တစ်ဦးတစ်ယောက်အား ပုဂ္ဂလိကအနေဖြင့် ပေးအပ်ခြင်းမပြုဘဲ သေတမ်းစာရေးရာတွင် "ငါမရှိသည့် နောက်ပိုင်းတွင် ငါပိုင်ဆိုင်သော ပြောင်းရွှေ့ရ,မရ ၂-ခုလုံးသော ပစ္စည်းများကို ဦးဉာဏိဿရ ပိုင်စေ။ ဦးဉာဏိဿရက ၁-နှစ်အတွင်း ဦးကိတ္တိမ အထိမ်းအမှတ် အလှူဂေါပကအဖွဲ့ (U Kittima memorial Cheritable trust)-ဟူသောအမည်ဖြင့် ထိန်းသိမ်းစောင့်ရှောက် သုံးစွဲသွားရန်" မှာကြားစီစဉ်ခဲ့လေသည်။

မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမသည် ဦးစန္ဒိမဏိ ဆရာတော်ကြီးနည်းတူ အိန္ဒိယ၌ နှစ်ပေါင်း ၆၀-မျှ အခြေချနေထိုင်လျက် သာသနာပြုခဲ့သော မြန်မာဘုန်းတော်ကြီး ၁-ပါး ဖြစ်ပေသည်။ ဤစာရေးသူနှင့် ဆရာတူတပည့်ဖြစ်ရုံသာမက ညီနှင့်အစ်ကို၊ သားနှင့် အဖအရင်းကဲ့သို့ အစစအရာရာ ကူညီစောင့်ရှောက်ခဲ့သော ကျေးဇူးရှင်လည်း ဖြစ်ပါသည်။ ထို့အပြင် မိမိနှင့် အသက်အားဖြင့် ၃၀-မျှ ကွာခြားသော်လည်း အရေးအကြောင်း ကြုံလာသည့်အခါ မိတ်ရင်းဆွေရင်းကဲ့သို့ နီးနီးကပ်ကပ် ပူးတွဲဆောင်ရွက်ခဲ့ရသော ပုဂ္ဂိုလ် ၁-ပါး ဖြစ်ပေရာ မိမိအနေဖြင့် ဤဆရာတော်၏ ကျေးဇူးဂုဏ်များကို ယနေ့တိုင်အောင် မမေ့နိုင်ဘဲ ရှိရပါသည်။

## အဝေးမှ တွေးဆခဲ့ရပုံ

စာရေးသူ ရန်ကုန်မြို့၌နေစဉ် ၁၉၅၆-ခုနှစ်က မြန်မာသတင်းစာများတွင် စိတ်ဝင်စားဖွယ်ကောင်းလှသော ဘာသာရေးသတင်း ၁-ပုဒ်

ဖတ်ခဲ့ရပါသည်။ "အိန္ဒိယနိုင်ငံတွင် ဗဟိုအစိုးရ တရားရေးဌာန၊ ဝန်ကြီး ဒေါက်တာအမ္ဗေဒကာရ်ခေါင်းဆောင်သော လူထု ၆-သိန်းကျော်တို့သည် ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိထံ၌ ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်ကြောင်း" ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသောသတင်း ဖြစ်ပါသည်။

ထိုသတင်းကို ဖတ်ရသောအခါ စာရေးသူ အတော်အံ့ဩခဲ့မိသည်။ "လူပေါင်း ၆-သိန်းကျော်တဲ့၊ များလှချည့်လား၊ ဤမျှ များပြားသော လူတွေ ဘာ့ကြောင့် ဗုဒ္ဓဘာသာအဖြစ် ခံယူကြသလဲ၊ ဘယ်လို ခံယူကြသလဲ"-စသည်ဖြင့် တွေးတောကာ မယုံသလို ဖြစ်ခဲ့မိပါသည်။

သို့ဖြစ်ရာ မိမိကိုယ်တိုင် အိန္ဒိယသို့ ရောက်၍ ဆရာတော်ကြီးထံ၌ နေထိုင်ရသောအခါ ထိုအကြောင်းကို လေ့လာစူးစမ်းခဲ့ပါသည်။ ဆရာတော်ကြီးအား လျှောက်ထားမေးမြန်းပြီး ဆရာတော်ကြီး မိန့်ကြားသမျှကို မှတ်သားခဲ့ရပါသည်။

## ကုသိနာရုံဆရာတော်နှင့် ဒေါက်တာအမ္ဗေဒကာရ်

ဗုဒ္ဓဘာသာ စတင်ထွန်းကားရာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာသည် နှစ်ပေါင်း-၁၅၀၀၊ ၂၀၀၀-နီးပါးမျှ တည်ရှိခဲ့ပြီး အေဒီ ၁၄-ရာစု နောက်ပိုင်းတွင် လုံးဝပျောက်ကွယ်သွားခဲ့ပါသည်။ ၂၀-ရာစုနှစ်များ အတွင်းတွင်မှ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယ၌ တစတစ ပြန်၍ ပေါ်လာသည်။ အိန္ဒိယတိုင်းရင်းသား ဟိန္ဒူဘာသာဝင်များ အတွင်း၌ ဇာတ်နိမ့်, ဇာတ်မြင့် ခွဲခြားမှု ပြင်းထန်လှပေရာ ထိုခွဲခြားမှုကို မကျေနပ်သူများက ဗုဒ္ဓဘာသာသို့ စတင်ကူးပြောင်းခဲ့ကြခြင်း ဖြစ်လေသည်။ အထူးအားဖြင့် အနောက်ဗင်္ဂလားနှင့် မဟာရဋ္ဌပြည်နယ်မှ ကူးပြောင်းလာသူများ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဒေါက်တာအမွေဒကာရ်သည် ဇာတ်နိမ့်လူတန်းစားမှ မွေးဖွားလာသည့် **မဇျပဒေသပြည်နယ်**သား ၁-ဦး ဖြစ်သည်။ သူသည် ဉာဏ်ထက်မြက်၍ ပညာထူးချွန်သူဖြစ်ပေရာ ငယ်ရွယ်စဉ်မှ စ၍ ဇာတ်ခွဲခြားမှုကို မကျေမနပ် ဖြစ်ခဲ့သည်။ ထို့ကြောင့် ဘာသာတရားအမျိုးမျိုး လေ့လာခဲ့ပြီး ဗုဒ္ဓဘာသာ၌ စိတ်ဝင်စားလာခဲ့သည်။ သူသည် ၁၉၅၆-ခုနှစ်က ရန်ကုန်မြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံသို့ တက်ရောက်ရင်း ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိနှင့် စတင်တွေ့ဆုံခဲ့သည်။

ထို့နောက် သူသည် ကုသိနာရုံသို့ သွားရောက်၍ ဆရာတော်ကြီးထံ၌ တရားဓမ္မများကို နာကြားဆွေးနွေးခဲ့သည်။ ဆရာတော်ကြီး၏ ဟောကြားချက်များကိုလည်း အထူး ကျေနပ်နှစ်သိမ့်ခဲ့သည်။ ထို့ကြောင့် မိမိလက်လှမ်းမှီသော နယ်များသို့ လှည့်လည်လျက် ဗုဒ္ဓဘာသာတရားကို ဟောပြောရာ သူ့ဟောပြောချက်များကို နှစ်သက်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလိုသူပေါင်း သိန်းနှင့်ချီ၍ ရှိလာလေသည်။

ထိုအခါ **ဒေါက်တာအမွေဒကာရ်**သည် ဆရာတော်ဦးစန္ဒြမဏိကို အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ **နာဂပူရ်မြို့**သို့ ပင့်ဖိတ်၍ ဇာတ်နိမ့်တိုင်းရင်းသား ၆-သိန်းခန့်နှင့်အတူ **၁၉၅၆-ခုနှစ်၊ အောက်တိုဘာလ၊ ၁၄-ရက်နေ့**တွင် ဆရာတော်ကြီး၏ ရှေ့မှောက်၌ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ခံယူဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်လေသည်။

ထိုစဉ်က ဒေါက်တာအမွေဒကာရ်မှာ အိန္ဒိယဗဟိုအစိုးရအဖွဲ့၏ တရားရေးဌာန ဝန်ကြီးဖြစ်သည့်ပြင် အိန္ဒိယသမ္မတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်လည်း ဗိသုကာကြီးအဖြစ် ပါဝင်ခဲ့သူဖြစ်ပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီး ဦးဆောင်သော **နာဂပူရ်မြို့ ဗုဒ္ဓဘာသာ ကူးပြောင်းပွဲကြီး**ကား အိန္ဒိယခေတ်သစ်သမိုင်းတွင် လူဦးရေအများဆုံးနှင့် ပထမဦးဆုံး **ဘာသာကူးပြောင်းပွဲကြီး** ဖြစ်ခဲ့လေသည်။

ထို့နောက် ဆရာတော်ကြီးသည် နာဂပူရ်မြို့မှ ဘုံဘေမြို့သို့ ဆက်လက်ကြွရောက်၍ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၏ ပူဇော်မှုကို ခံယူသည်။ ဗုဒ္ဓဘာသာတရားများကို ဟောကြားခဲ့သည်။

ဒေါက်တာအမွေဒကာရ် အမျိုးရှိသော အိန္ဒိယဗုဒ္ဓဘာသာဝင်တို့သည် နောက် ၁-နှစ်တွင်လည်း ဆရာတော်ကြီးကို ပင့်ဖိတ်၍ နာဂပူရ်မြို့၌ ဗုဒ္ဓဘာသာ အစည်းအဝေးကြီး ၁-ခုကို ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးမှ **'ဘာရတီယဗုဒ္ဓမဟာသဘာ'**မည်သော အဖွဲ့ကြီး ၁-ဖွဲ့ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

၁၉၅၇-ခုနှစ်တွင် ဘာရတီယဗုဒ္ဓဘာသာအဖွဲ့ကြီး၏ စီစဉ်မှုဖြင့် သက်ဿပြည်နယ်၊ **ဦဂျာလီ**မည်သော**အရပ်**၌ ဗုဒ္ဓဘာသာ ကူးပြောင်းပွဲကြီး ၁-ခု ကျင်းပခဲ့ပြန်ပါသည်။ ထိုပွဲကြီး၌ လူပေါင်း ၅,၀၀၀-ကျော်နှင့် ဥတ္တရ-ပဒေသပြည်နယ် မြို့တော်၊ လက္ခနောင်းမြို့မှ လူပေါင်း ၅-သောင်းကျော်တို့ကလည်း အလားတူ ဗုဒ္ဓဘာသာခံယူပွဲများကို အသီးသီး ကျင်းပခဲ့ကြလေသည်။

၁၉၇၁-ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၆၆၅-သန်းရှိသော အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်ဦးရေ ၃၈-သိန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် ၀. ၇၀-ရာနှုန်းခန့် ရှိသည်-ဟု ဆိုပါသည်။

ဤမျှ လူဦးရေများပြားသော အိန္ဒိယနိုင်ငံကြီး၌ ဗုဒ္ဓဘာသာဝင်ဦးရေမှာ လွန်စွာပင် နည်းပါးနေသေးသည်ဖြစ်၍ "တဖြည်းဖြည်း ဗုဒ္ဓဘာသာဝင်ဦးရေ တိုးပွါးလာစေရန် မိမိစွမ်းနိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်"*(ဟု)* စာရေးသူ ရည်ရွယ်ဆုံးဖြတ်ချက် ပြုခဲ့သည်။

သို့ရာတွင် ဆရာတော်ကြီး ပျံလွန်တော်မူပြီးစ အချိန်တွင်မူ မိမိ၏ ဆုံးဖြတ်ချက်မှာ ယိမ်းယိုင်သွေဖည် သွားရလေတော့မည်လော-ဟု သံသယဖြစ်မိပါသည်။ အကြောင်းမှာ တိုင်းရင်းသားတပည့်အချို့၏ နှောင့်ယှက်တိုက်ခိုက်မှုများကို အပြင်းအထန် ခံစားရသောကြောင့် ဖြစ်ပါသည်။

သို့သော်လည်း နောက်ဆုံးတွင်မူ အမှန်တရားကို ဖုံးကွယ်ချေဖျက် မရနိုင်သည့်အတိုင်း မိမိအပေါ် လုပ်ကြံစွပ်စွဲဆိုထားသော အမှု ၈-မှုလုံး၌ တရားလိုများဘက်မှ တစ်ခုပြီးတစ်ခု ရှုံးနိမ့်သွားခဲ့ကြလေသည်။

ဟရိဗလ၊ ကုသိနာရုံ

## နာဂပူရ်မြို့မှ ပင့်ဖိတ်စာ

၁၉၇၂-ခုနှစ်၊ အောက်တိုဘာ လဆန်းပိုင်းအချိန် ဖြစ်ပါသည်။ ကုသိနာရုံဆရာတော်ကြီး ပျံလွန်တော်မူသွားသည်မှာ ၅-လမျှသာ ရှိပါသေးသည်။ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့၏ နှောင့်ယှက်မှုကြောင့် ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းနေသော ထိုအချိန်တွင် နာဂပူရ်မြို့မှ ဖိတ်စာ ၁-စောင် ရောက်လာပါသည်။ နာဂပူရ်မြို့မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀-ကျော်က ဒေါက်တာအမ္ဗေဒကာရ် အမှူးရှိသော လူ ၆-သိန်းကျော်တို့က ကုသိနာရုံဆရာတော်ကြီးထံ၌ ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့သောနေရာ ဖြစ်ပါသည်။ ထိုအချိန်မှ စ၍ နာဂပူရ်မြို့၌ နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓဘာသာ လူထုစည်းဝေးပွဲကြီးများ ကျင်းပခဲ့ပါသည်။ ယခု ရောက်လာသော ဖိတ်စာမှာလည်း ဗုဒ္ဓဘာသာအစည်းအဝေးကြီးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ပေရာ မိမိသည် ထိုအစည်းအဝေးကြီးသို့ တက်ရောက်ရန် မဆိုင်းမတွပင် ဆုံးဖြတ်လိုက်ပါ

နာဂပူရ်မြို့မှာ အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ မြို့ကြီး ၁-မြို့ ဖြစ်သော်လည်း ကုသိနာရုံမှ တိုက်ရိုက်ရထား မရှိပါ။ ထို့ကြောင့် မိမိသည် ဗာရာဏသီသို့ သွား၍ မီးရထား စီးရပါသည်။ ဗာရာဏသီမှ ထွက်လာသော မီးရထားသည် ၄-နာရီမျှ ကြာသောအခါ ဥတ္တရပဒေသပြည်နယ်၏ မြို့ကြီး ၁-မြို့ဖြစ်သော **အေလာဟာဘာဒ်မြို့**သို့ ဆိုက်ရောက်ပါသည်။ အေလာဟာဘာဒ်မှာ ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ဆုံရာ အရပ်အနီးတွင်ရှိပြီး ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထား၍ ရေချိုးရာ **ပြယာဂဆိပ်ကမ်း**သည်လည်း ဤမြို့အနီး၌ပင် တည်ရှိပါသည်။ ထို့ပြင် ဗုဒ္ဓခေတ်က နာမည်ကျော် **ဥတေနမင်းကြီး** စိုးစံရာ ကောသမ္ဗီမြို့ဟောင်းနေရာကိုလည်း အေလာဟာဘာဒ်မှ ၃၈-မိုင်အကွာ ယမုနာမြစ်ကမ်းတစ်နေရာ၌ တူးဖော်တွေ့ရှိခဲ့ပါသည်။ ယခုအခါ၌လည်း ထိုအရပ်ကို **ကောဆမ်** (Kosan)-ဟု ခေါ်ကြပါသည်။

## မီးရထားဝန်ထမ်းများက ဝတ်ပြုကြခြင်း

စာရေးသူ စီနင်းလာသော မီးရထားသည် အေလာဟာဗဒ်ကို လွန်သောအခါ မဇ္ဈပဒေသပြည်နယ်ထဲသို့ ဝင်လာပြီး နာမည်ကျော် **ဣတာဆီ** (Itasi)ဘူတာသို့ ဆိုက်ရောက်လာပါသည်။ ထိုအခါ မီးရထားဝန်ထမ်းများက မိမိထံ လာရောက်၍ မေးမြန်းစုံစမ်းကြပြီး စားဖွယ်, သောက်ဖွယ်များ ဆက်ကပ်ကြပါသည်။ ရှေ့ခရီးတလျှောက်တွင်လည်း မီးရထားဝန်ထမ်းများ တစ်ယောက်ပြီးတစ်ယောက် မိမိထံ လာရောက်၍ စကားပြောခြင်း, လိုအပ်ချက်ကို မေးမြန်းခြင်းများ ပြုနေကြပါသည်။ ဘူတာကြီးများသို့ ဆိုက်ရောက်သည့်အခါတိုင်းလည်း မိမိအား ကြိုဆိုနှုတ်ဆက်သူ, အချိန်အားလျော်စွာ အဖျော်ယမကာနှင့် စားဖွယ်, သောက်ဖွယ် ကပ်သူများကို တွေ့နေရပါသည်။ **ဝရ်ဓာ** (Wardha)ဘူတာသို့ ရောက်သောအခါတွင် ကြိုဆိုသူများသည် ပန်းကုံးကြီးများကိုပင် ယူဆောင်လာကြသဖြင့် မိမိသည် ရထားပေါ်မှ ဆင်း၍ ထိုသူတို့၏ ပူဇော်ကန်တော့ခြင်းကို ခံယူရပါသည်။

ဘူတာရုံပိုင်ကြီးကား မိမိအား ဦးစန္ဒိမဏိ ဆရာတော်ကြီး၏ တပည့်အဖြစ် ဖြင့် အလွန်ကြည်ညိုလှ၍ ခြေ ၂-ဖက်ကို ဦးခိုက်လျက် အကြိမ်ကြိမ် ကန်တော့ရှာပါသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများသည် ကလကတ္တာဆီဘူတာသို့ မိမိ ဆိုက် ရောက်သည့်အချိန်မှ စ၍ ရှေ့ဘူတာများသို့ တယ်လီဖုန်းဆက်၍ အဆင့် ဆင့် အကြောင်းကြားထားခဲ့ကြပါသည်။ သို့ကြောင့်ပင် ဘူတာတိုင်း၌ ကြို ဆိုသူများကို တွေ့ရခြင်း ဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း ဝရ်ဓာဘူတာမှ နေ၍ နာဂပူရ်သို့ တယ်လီဖုန်းဖြင့် စကားပြောခဲ့ရပါသည်။ နာဂပူရ်မှ ဒေါက်တာ**အာနန္ဒကောသလ္လ**နှင့် အမြဲဆက်သွယ်၍ ဖုန်းနှင့် ပြောရပါသည်။

## သောင်းသောင်းဖြဖြ ကြိုဆိုကြ

မိမိစီးနင်းလာသော မီးရထားကြီးသည် ထိုနေ့ ၁-နာရီအချိန် တွင် **နာဂပူရ်ဘူတာ**သို့ ချောမောစွာ ဆိုက်ရောက်ပါသည်။ အာနန္ဒ- ကောသလ္လကျောင်းတိုက်မှ **ဘိက္ခုသီရိနိဝါသ**၊ ဒိက္ခာဘူမိကျောင်းတိုက်မှ **ဒေါက်တာမေဓင်္ကရ** အမှူးရှိသော ရဟန်းတော်များနှင့် ဒကာ,ဒကာမများ က ဘူတာရုံမှ သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။ အချို့သူများသည် ပန်းကုံး,ပန်းစည်းများ ကိုင်ဆောင်လျက် ကြွေးကြော်သံများကိုလည်း ဟစ် အော်ကြရာ ဘူတာရုံ ၁-ခုလုံး ဆူညံသွားပါတော့သည်။

မိမိသည် ကားကြီး, ကားငယ်, ဆိုင်ကယ်, လန်ချား-စသော ယာဉ် မျိုးစုံပါဝင်သည့် ယာဉ်တန်းကြီးဖြင့် ကြိုဆိုသူများ ပင့်ဆောင်ရာသို့ လိုက်ပါ ခဲ့ရာ တည်းခိုရာကျောင်းသို့ ညနေ ၃-နာရီခန့်တွင် ဆိုက်ရောက်ပါသည်။ ကျောင်းသို့ရောက်လျှင် ဆရာတော်ကြီးအား ကန်တော့ပြီး အနားယူရပါ သည်။ ထို့နောက် ည ၇-နာရီတွင် လူ ၅၀၀-ခန့် တက်ရောက်သော တရားပွဲ ၁-ခု၌ ဝိပဿနာတရား ဟောကြားရပါသည်။ ကျောင်းရောက်

သော အချိန်မှစ၍ မလွတ်လပ်တော့ပါ။ စာရေးသူအား တခြားပုဂ္ဂိုလ်များနှင့် လုံးဝတွေ့ဆုံခြင်း မပြုရတော့ပါ။ စာရေးသူကို ဒိက္ချာဘူမိကျောင်း အထပ်ခိုး ၁-နေရာတွင် နေရာပေး၍ ထိုနေရာ၌ပင် သီတင်းသုံးရပါသည်။

## ဝိကာလဘောဇနပြဿနာ

တရားပွဲပြီးသောအခါ သစ်သီးစုံနှင့် ကော်ဖီပွဲများ ရောက်လာပါသည်။ စာရေးသူက မိမိတို့ ထေရဝါဒမြန်မာရဟန်းတော်များမှာ ဝိကာလ-ဘောဇနသိက္ခာပုဒ် ရှိနေသောကြောင့် နေ့လွဲညစာ စားသုံးခြင်း မပြုရပါကြောင်း ပြောဆို၍ ငြင်းပယ်ပါသည်။ မဟာယာနဘုန်းကြီးများကား ဝိကာလဘောဇန-ဟူသည် မွန်းတည့် ၁၂-နာရီနောက်ပိုင်းတွင် စားခြင်းကို ဆိုလိုသည် မဟုတ်။ အချိန်မှန် မဟုတ်သော စားခြင်းကိုသာ ဆိုလိုကြောင်း၊ ဆာလောင်နေသည့်အခါတွင်မူ စားသုံးနိုင်ကြောင်း ပြောကြပါသည်။ မည်သို့ပင်ဖြစ်စေ မိမိကား သစ်သီးဖျော်ရည်ကိုသာ သောက်သုံးခဲ့ပါသည်။

ဤတွင် စကားစပ်သဖြင့် စာရေးသူ၏ အတွေ့အကြုံအချို့ကို ကြားညှပ်တင်ပြလိုပါသည်။ မိမိတို့ မြန်မာနိုင်ငံမှ ရဟန်းတော်အချို့သည် သာသနာပြုရန်-ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားသို့ ရောက်လာကြသည်။ နိုင်ငံခြားတွင် မိမိတို့ မြန်မာနိုင်ငံနှင့် မတူသော ပတ်ဝန်းကျင်၌ နေကြရသောအခါ ဝိနည်းသိက္ခာပုဒ်နှင့် မညီသော အပြုအမူများကို ပေါ့ပေါ့ဆဆ သဘောထား၍ လုပ်မိတတ်ကြသည်။ အချို့ကလည်း "ဒီမှာ မြန်မာဘုန်းကြီး ၁-ပါးတည်းရှိတာဘဲ၊ ဘယ်သူမှ မသိပါဘူး"ဟု သဘောထား၍ မလုပ်သင့်သည်ကို လုပ်တတ်ကြသည်။

စင်စစ် ထိုသို့ ပြုလုပ်ခြင်းများသည် မြန်မာရဟန်းတော်များ၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေပါသည်။ "ငါ ၁-ပါးတည်းဘဲ၊ ဘယ်သူမှ

မသိပါဘူး”ဟု သဘောထားခြင်းမှာလည်း အလွန်လွဲမှားပါသည်။ “**နတ္ထိ လောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော**”ဟူ၍ ဟောကြားတော်မူသည့်အတိုင်း မကောင်းမှု-ဟူသည် ဆိတ်ကွယ်ရာ မရှိပါ။ ဗုဒ္ဓဘာသာကို စိတ်ဝင်စား၍ သီရိလင်္ကာ, မြန်မာ, ထိုင်း-စသော နိုင်ငံများသို့ လာရောက်လေ့လာသော အနောက်တိုင်းသားများစွာတို့သည် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာကို ပို၍ ကြည်ညိုနှစ်သက်ကြပါသည်။ ထိုသို့ နှစ်သက်ခြင်းမှာလည်း မြန်မာရဟန်းတော်များ၏ အကျင့်သီလပြည့်စုံပုံကို တွေ့မြင်ကြရသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံခြားသို့ ရောက်နေသော မြန်မာရဟန်းတော်အချို့၏ မဖွယ်မရာပြုမူမှုများကို ထိုပုဂ္ဂိုလ်များ တွေ့မြင်သွားသောအခါတွင်မူ မြန်မာရဟန်းအားလုံး အရှက်ကွဲရပါတော့သည်။ ဤကား စာရေးသူအပါအဝင် ပြည်ပရောက် မြန်မာရဟန်းတော်အားလုံး သတိမူမိကြစေရန် ကြားညှပ်တင်ပြခြင်း ဖြစ်ပါသည်။

## ဒိက္ချာဘူမိကွင်းပြင်ကြီး

မူရင်းအကြောင်းကို ပြန်ကောက်သော် စာရေးသူသည် နာဂပူရ်မြို့သို့ ရောက်ပြီး နောက်နေ့နံနက် စောစောတွင် ဦးပဥ္စင်းတစ်ပါးနှင့်အတူ ၁၉၅၆-ခုနှစ်က ဒေါက်တာအမွေဒကာရ် အမှူးရှိသော လူ ၆-သိန်းကျော်အား ဆရာတော်ဦးစန္ဒမဏိက ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးသော အခမ်းအနားကျင်းပရာ **ဒိက္ချာဘူမိကွင်းပြင်ကြီး**ကို သွားရောက်ကြည့်ရှုပါသည်။ ထိုကွင်းပြင်ကြီးမှာ ၁၀-ဧကခန့် ကျယ်ဝန်းပြီး ဘေးပတ်ပတ်လည်တွင် ဆိုင်ခန်းများဖြင့် ပြည့်နေသည်ကို တွေ့ရပါသည်။ အလယ်တွင် ဒေါက်တာအမွေဒကာရ်၏ ကျောက်ရုပ် ၁-ခု ရှိပါသည်။ ထိုကျောက်ရုပ်၏ရှေ့တွင် ကျယ်ဝန်းသော ရုံကြီး ၁-ရုံ ဆောက်လုပ်ထားပါသည်။ ကွင်းပြင်ကြီး၏ နောက်ဖက်တွင်လည်း **ဒေါက်တာအမွေဒကာရ်ကောလိပ်**-ဟူသော အမည်ဖြင့် ကောလိပ်ကျောင်း ၁-ကျောင်း ဆောက်လုပ်ထားသည်ကို တွေ့မြင်ရပါ

သည်။ ကွင်းပြင်ကြီးတွင် လူများ ဟိုတစ်စု သည်တစ်စု စတင်စုဝေးနေကြပြီ ဖြစ်ပါသည်။

## ကရဝိက်ဖောင်ဖြင့် လှည့်လည်ပွဲ

အစည်းအဝေးကျင်းပမည့် ကွင်းပြင်ကြီးကို စာရေးသူ လျှောက်ကြည့်နေစဉ်မှာပင် ဆရာတော်ကြီးက အခေါ်လွှတ်လိုက်သဖြင့် ကျောင်းသို့ပြန်လာရပါသည်။ ကျောင်းသို့ရောက်သောအခါ ဆရာတော်နှင့်အတူ လိုက်ပါ၍ နံနက်စာ သုံးဆောင်ရပါသည်။ ထို့နောက် ယင်းမှတစ်ဖန် ၁၀-မိုင်ခန့်ဝေးသော နာဂပူရ်မြို့စွန်ရပ်ကွက် ၁-ခုသို့ ဆက်သွားရပါသည်။ ထိုရပ်ကွက်တွင် ဒါယကာများက ကပ်လှူသည့် အဖျော်ယမကာကိုသာ သောက်ပြီး သူတို့စီစဉ်ထားသည့် ကရဝိက်ဖောင်ကြီးပေါ်သို့ တက်ရပါသည်။ လောရီကားကြီး ၁-စီးကို ပြုပြင်ထားသော ကရဝိက်ဖောင်ကြီး၏ အလယ်တည့်တည့်တွင် အထူးစီစဉ်ထားသည့် ကုလားထိုင် ၁-လုံး ရှိပါသည်။ မိမိမှာ ထိုကုလားထိုင်ပေါ်၌ တစ်ပါးတည်း ထိုင်နေပါသည်။ ကုသိနာရုံမှ ယူလာသည့် ဦးစန္ဒိမဏိဆရာတော်ကြီး၏ အရိုးဓာတ်တော်ကို မိမိရှေ့ရှိ စားပွဲငယ်၌ တင်ထားပါသည်။

ကရဝိက်ဖောင်ကြီးသည် ထိုရပ်ကွက်မှ မကြာမီ စတင်ထွက်ခွါလာပါသည်။ ဆရာတော် ဒေါက်တာအာနန္ဒကောသလ္လ စီးသောကား, အစိုးရအရာရှိများ စီးသောကားတို့က စီတန်း၍ လိုက်ပါကြပါသည်။ ယာဉ်ရထားမစီးဘဲ ခြေလျင်လျှောက်၍ လိုက်သူတွေလည်း မနည်းလှပါ။

ကရဝိက်ဖောင်ကြီး အခြားရပ်ကွက် ၁-ခုသို့ ရောက်သောအခါ ထိုရပ်ကွက်မှ လူများက လှည့်လည်လာသော ရဟန်း,ရှင်,လူတို့အား စားဖွယ်,သောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ ထို့နောက် ယင်းရပ်ကွက်မှ လူများကလည်း ယာဉ်ရထားများဖြင့်လည်းကောင်း ခြေလျင်လျှောက်၍လည်းကောင်း လိုက်ပါလာကြပြီး ကရဝိက်ဖောင်ကြီး ခရီးဆက်ရပြန်ပါသည်။ သို့အားဖြင့် ရပ်ကွက် ၁-ခုသို့ ရောက်တိုင်း ယာဉ်ရထားများ

နှင့် လူထုပရိသတ်များ တိုး၍,တိုး၍လာခဲ့ရာ နေ့ ၁၂-နာရီခန့်အချိန်တွင် နာဂပူရ်မြို့လယ်သို့ ရောက်သောအခါ ယာဉ်ရထားပေါင်း ၁,၀၀၀-ကျော် နှင့် လူထုပရိသတ် ၅-သိန်းခန့် ရှိလာပါသည်။ လမ်းမကြီး တစ်ခုလုံး ပြည့်ကြပ်၍ သွားသူသာရှိပြီး ပြန်သူမရှိ ဖြစ်နေပါသည်။

## လူထု ၁၀-သိန်းကျော် အစည်းအဝေးကြီး

စာရေးသူအတွက် နေ့ဆွမ်းကို ကရဝိက်ဖောင်ကြီးပေါ်၌ပင် ၁၁-နာရီ အချိန်တွင် လာရောက်ဆက်ကပ်ကြပါသည်။

အစည်းအဝေးကျင်းပမည့် ဒိက္ခာဘူမိကွင်းပြင်သို့ ညနေ နေစောင်း ချိန်ကျမှ ဆိုက်ရောက်သွားပါသည်။ ကွင်းပြင်ကြီး တစ်ခုလုံးမှာ သိန်းပေါင်း များစွာသော လူထုပရိသတ်ကြီးဖြင့် ပြည့်လျှံ၍ နေပေရာ စာရေးသူမှာ ကရဝိတ်ဖောင်မှ အခမ်းအနား စင်မြင့်ပေါ်သို့ ရောက်အောင် ခက်ခက်ခဲခဲ တိုးဝှေ့လိုက်ပါသွားခဲ့ရပါသည်။

အစည်းအဝေးကို ညနေ ၄-နာရီတွင် စတင်ကျင်းပပါသည်။ ဆရာတော် ဒေါက်တာအာနန္ဒကောသလ္လ၏ တိုက်တွန်းချက်အရ မိမိက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရပါသည်။ အစည်းအဝေးကို ၅-ပါးသီလ ခံယူခြင်းဖြင့် စတင်ပါသည်။ ထို့နောက် မိမိက သဘာပတိ မိန့်ခွန်းပြောကြားပြီး ဆရာတော် ဒေါက်တာအာနန္ဒကောသလ္လနှင့် လူ ပုဂ္ဂိုလ်များကလည်း ဗုဒ္ဓဘာသာအကြောင်းအရာများကို အသီးသီး ဟော ပြောကြပါသည်။ ထိုဟောပြောချက်များတွင် ကျေးဇူးရှင် ကုသိနာရုံ ဆရာ တော်ကြီး ဦးစန္ဒြမဏိ ပျံလွန်တော်မူသွားသည့်အတွက် အိန္ဒိယဗုဒ္ဓဘာသာဝင် အားလုံး ဝမ်းနည်းကြေကွဲခဲ့ရပုံနှင့် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများ ကိုလည်း ချီးကျူးထုတ်ဖော်သွားကြပါသည်။

## ရောင်ဝါနေသို့ ထွန်းစေဖို့

နာဂပူရ်မြို့၊ ဗုဒ္ဓဘာသာအစည်းအဝေးကြီးသို့ တက်ရောက်သော လူထုပရိသတ်ကြီးမှာ ၁၀-သိန်းကျော်မျှ ရှိလိမ့်မည်-ဟု ခန့်မှန်းရပါသည်။ စာရေးသူအနေဖြင့်လည်း ဤမျှ ပရိသတ်များပြားသော အစည်းအဝေးမျိုးကို ယခင်က တစ်ကြိမ်တစ်ခါမျှ မတက်ရောက်ခဲ့ဖူးပါ။ ၁၉၆၄-ခုနှစ်က **ဣန္ဒရာဂန္ဓီဂျီ ကုသိနာရုံ**သို့ လာရောက်တရားဟောခဲ့ရာ ပရိသတ် ၃-သိန်းကျော်, ၄-သိန်းမျှ ရှိသည်ကို တွေ့ခဲ့ရပါသည်။ ယခု ပရိသတ်မှာမူ ထိုစဉ်ကထက် ၄-၅-ဆမျှ ရှိလိမ့်မည်- ထင်ပါသည်။

တက်ရောက်သော လူထုပရိသတ်ကြီး အဆမတန် များပြားစေကာမူ အစည်းအဝေးမှာ အေးချမ်းငြိမ်သက်စွာ ပြီးဆုံးခဲ့ပါသည်။ ဆူပူနှောင့်ယှက်မှု၊ ရုတ်ရုတ်သည်းသည်း ဖြစ်မှုများ မရှိခဲ့ပါ။ ဗုဒ္ဓဓမ္မကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြ၍ပင် ထိုကဲ့သို့ အေးချမ်းငြိမ်သက်ကြခြင်း ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ စာရေးသူအနေဖြင့် ဤမျှ ကြီးကျယ်ခမ်းနားသော ဗုဒ္ဓဘာသာ လူထုအစည်းအဝေးကြီးသို့ တက်ရောက်ဟောပြောခွင့်ရခြင်းမှာ ဦးစန္ဒြမဏိဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကြောင့်ပင် ဖြစ်သည်။ ဆရာတော်ကြီး မျှော်မှန်းခဲ့သည် "**ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေဖို့**"အတွက်လည်း ၁-ခန်း ၁-ကဏ္ဍမှ ပါဝင်ဆောင်ရွက်လိုက်ရခြင်း ဖြစ်ပေသည်-ဟူ၍ ဝမ်းမြောက်ကြည်နူးရပါတော့သည်။ အမိမြန်မာပြည်မှ တက်ရောက်သည့်အတွက် ဂုဏ်လည်း ယူပါသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# သမိုင်းဝင် ဗုဒ္ဓဘာသာ ကူးပြောင်းပွဲကြီး

## သမိုင်းဝင်မြို့

အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌပြည်နယ်တွင်းရှိ နာဂပူရ်မြို့သည် ခရိုင်ဝန်ရုံးစိုက်ရာ မြို့တစ်မြို့ ဖြစ်၏။ အစိုးရအဆောက်အဦးများ, တက္ကသိုလ်, ကောလိပ်နှင့် စက်မှုသိပ္ပံကျောင်းများ, မီးရထားဘူတာရုံ, ဆေးရုံနှင့် သာသနာပြု ဘုရားရှိခိုးကျောင်းများ-စသည်တို့ဖြင့် စည်ကားလှပါသည်။ နာဂပူရ်သည် ရှေးပဒေသရာဇ်ဘုရင်များ အုပ်စိုးသော ခေတ်ကမူ ပြည်နယ်မြို့တော်ဖြစ်ခဲ့၍ မဟာရာဇာဘုရင်တို့၏ နန်းတော်ခံတပ်နေရာနှင့် ရှေးဟောင်းပြတိုက် ၁-ခုလည်း ယခုတိုင် တည်ရှိနေပါသည်။

ဘုံဘေနှင့် ကလကတ္တားသွား ဗဟိုမီးရထားလိုင်းကြီး ၁-ခုပေါ်၌ တည်ရှိသော နာဂပူရ်မြို့သည် ဘုံဘေမှ ၅၂၀-မိုင်၊ ကလကတ္တားမှ ၇၀၃-မိုင်ဝေးပြီး လူဦးရေ ၁၀-သိန်းခန့် ရှိပါသည်။ နာဂပူရ်ခရိုင်တွင် လိမ္မော်သီး ကောင်းကောင်းထွက်၍ နိုင်ငံခြားသို့ပင် အမြောက်အမြား တင်ပို့ရောင်းချရပါသည်။

ခေတ်အဆက်ဆက်တွင် သမိုင်းဝင်ဖြစ်ခဲ့သော အဆိုပါ နာဂပူရ်မြို့၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀-ကျော်အချိန်က အိန္ဒိယတစ်နိုင်ငံလုံးကို လှုပ်ရှားသွားစေသော ဖြစ်ရပ် ၁-ခု ဖြစ်ပေါ်ခဲ့၏။ ထိုဖြစ်ရပ်မှာ ဘာသာရေး လှုပ်ရှားမှု ၁-ခု ဖြစ်ပေရာ အိန္ဒိယနိုင်ငံတွင်းမှ ဘာသာရေး ခေါင်းဆောင်များသာမက အခြားနိုင်ငံပေါင်းများစွာတို့မှ ဘာသာရေး ခေါင်းဆောင်များပါ တအံ့တသြ ဖြစ်ခဲ့ကြရလေသည်။

## သမိုင်းဝင်ဘာသာရေး လှုပ်ရှားမှု

အိန္ဒိယနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရာ၌ ပါဝင်ခဲ့သည့် အိန္ဒိယဗဟိုအစိုးရ တရားရေးဌာန၊ ဝန်ကြီး ဒေါက်တာအမ္ဗေဒကာရ်သည် လွန်ခဲ့သည့် ၁၉၅၆-ခု၊ အောက်တိုဘာ ၁၄-ရက်နေ့တွင် ဇာတ်နိမ့်တိုင်းရင်းသားပြည်သူ ၆-သိန်းကျော်နှင့်အတူ ဤနာဂပူရ်မြို့၌ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပွဲ အခမ်းအနားကြီးကို သိမ့်သိမ့်တုန်မျှ ကျင်းပခဲ့သည်။ ၁၉၅၆-ခု၊ အောက်တိုဘာလ၊ ၁၄-ရက်နေ့သည် မြန်မာလို ၁၃၁၈-ခု၊ သီတင်းကျွတ်လဆန်း၊ ၁၀-ရက်နေ့ ဖြစ်၏။ ဒေါက်တာအမ္ဗေဒကာရ်သည် အသောကမင်းကြီး၏ အောင်မြင်ခြင်း အထိမ်းအမှတ်ဖြစ်သည့် **ဝိဇယဒသမီပွဲတော်**နေ့တွင် ဗုဒ္ဓဘာသာကူးပြောင်းပွဲကြီးကို ကျင်းပခဲ့ခြင်း ဖြစ်၏။ ဟိန္ဒူဘာသာဝင်တို့ အနေဖြင့်မူ ရာမဘုရင်က ဒသဂီရိအား အောင်မြင်ခဲ့သော အထိမ်းအမှတ်အဖြစ်ဖြင့် ဝိဇယဒသမီပွဲတော်ကို ကျင်းပခဲ့ကြသည်-ဟု ဆိုပါသည်။

## ကမ္ဘာကို သိစေခဲ့

ဒေါက်တာအမ္ဗေဒကာရ်၏ ဗုဒ္ဓဘာသာကူးပြောင်းပွဲကြီးသည် နာဂပူရ်မြို့အား အိန္ဒိယတစ်နိုင်ငံလုံးနှင့်တကွ ကမ္ဘာကပါ သိအောင် ပြုလုပ်ပေးလိုက်သော လှုပ်ရှားမှုကြီး ဖြစ်၏။ ထိုသမိုင်းဝင်ဘာသာရေး လှုပ်ရှား

မှုကြီးကို အိန္ဒိယဘာသာဝင်အပေါင်းက အမြဲတမ်း အမှတ်တရ ရှိနေခဲ့ကြသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း နာဂပူရ်မြို့၌ ဗုဒ္ဓဘာသာ လူထုအစည်းအဝေးကြီးများကို ကျင်းပခဲ့ကြသည်။ **ဒေါက်တာအမ္ဗေဒကာရ်အား ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးခဲ့သော ပုဂ္ဂိုလ်မှာ ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိ ဖြစ်ပေသည်။** ထို့ကြောင့်ပင် ၁၉၇၂-ခုနှစ်တွင် ကျင်းပသော အစည်းအဝေးကြီးသို့ ဆရာတော်ကြီး၏ကိုယ်စား ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဤစာရေးသူအား တကူးတက ပင့်ဖိတ်ခဲ့ကြခြင်း ဖြစ်လေသည်။

## အစည်းအဝေးသဘာပတိ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နာဂပူရ်မြို့၊ ဒိက္ခါဘူမိကွင်းပြင်၌ ကျင်းပသော ဗုဒ္ဓဘာသာ လူထုအစည်းအဝေးကြီးသို့ လူ ၁၀-သိန်းခန့် တက်ရောက်ခဲ့ကြပါသည်။ ထိုအစည်းအဝေးကြီးတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ တောင်းပန်ချက်အရ စာရေးသူက သဘာပတိအဖြစ် ဆောင်ရွက်၍ ရှေးဦးစွာ သဘာပတိမိန့်ခွန်း မြွက်ကြားရပါသည်။ ထို့နောက် အဖွဲ့အစည်း အသီးသီးနှင့် မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များက ဗုဒ္ဓဘာသာအကြောင်းအရာကို တလှည့်စီ ဟောပြောကြပြီး စာရေးသူက နိဂုံးချုပ်အနေဖြင့် နောက်ဆုံးဟောပြောရပါသည်။

အိန္ဒိယနိုင်ငံတွင် ဘာသာရေးဟောပြောရာ၌ အထူးသတိထားရပါသည်။ အိန္ဒိယပြည်သူများထဲတွင် ဟိန္ဒူဘာသာဝင်တို့မှာ လူဦးရေ အများဆုံးဖြစ်ပြီး မူဆလင်ဘာသာဝင်တို့က ဒုတိယအများဆုံး ဖြစ်ပါသည်။ ဆစ်ခ်ဘာသာဝင်၊ ဂျိန်းဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်-စသည့် အခြားဘာသာဝင်တို့ကလည်း အနည်းနှင့်အများ ရှိနေကြပါသည်။ မိမိဘာသာအကြောင်းကို ဟောပြောရင်း ဘာသာတပါးကို ထိခိုက်သည့် စကားလုံးတစ်လုံးမျှ ပါရှိသွားလျှင်ပင် ပြန်၍ နုတ်ရန် မလွယ်ပါ။ ချက်ချင်းသတင်း

ပျံ့နှံ့သွားပြီး ဘာသာရေး ဆူပူမှုများ ဖြစ်ပေါ်လာတတ်ပါသည်။ တခါတရံ အခြေအမြစ်မရှိသော ကောလဟာလ သတင်းများကြောင့်ပင် ဘာသာရေး အဓိကရုဏ်းကြီးများ ထိန်းမနိုင်သိမ်းမရအောင် ဖြစ်ပေါ်လာတတ်သည်ကို တွေ့မြင်ကြရပါသည်။

ဤမျှ လူထုပရိသတ် များပြားသော အစည်းအဝေးကြီး ၁-ခု၌ တစ်ကြိမ်တစ်ခါမျှ တရားဟောပြောရဖူးခြင်း မရှိသဖြင့် အစပထမတွင် စာရေးသူ အတော်ပင် ရွံ့နေခဲ့ပါသည်။ ထို့ကြောင့် ဘုရားရှိခိုးဂါထာ ၁-ပုဒ်ကို ရွတ်ဆို၍ မြတ်စွာဘုရားအား ရှိခိုးပူဇော်ပြီး လေခံ ခပ်ဖြည်းဖြည်းဖြင့် နိဒါန်းပျိုးရပါသည်။ "ဒေါက်တာအမွေဒကာရ် အမျှုးရှိသော လူ ၆-သိန်းကျော် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည့် **၁၆-နှစ်မြောက်** အထိမ်းအမှတ် အနေဖြင့် ကျင်းပသော ဤအစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရသဖြင့် မိမိအထူးပင် ကြည်နူးဝမ်းမြောက်ရပါကြောင်း၊ သိန်းပေါင်းများစွာသော ဤပရိသတ်ကြီးထဲ၌ ပီအိတ်ချ်ဒီဘွဲ့ရ ပညာရှင်ကြီးများ, ကျမ်းစာအုပ်များစွာ ရေးသားပြုစုခဲ့ကြသည့် သုခမိန်ကြီးများ အများအပြားပင် ပါရှိမည်ဖြစ်ပါကြောင်း၊ သို့ပါလျက် အညတရပုဂ္ဂိုလ် ၁-ဦးမျှသာ ဖြစ်သည့် မိမိအား အစည်းအဝေးကြီး သဘာပတိအဖြစ် တင်မြှောက်ကြခြင်းမှာ ကျေးဇူးရှင် ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိအား ရည်မှန်း၍ ဂုဏ်ပြုကြခြင်းဖြစ်သည်"ဟု မိမိယူဆပါကြောင်း-စသည်ဖြင့် ဆက်လက်ဟောပြောရာ တဖြည်းဖြည်း အရှိန်ရလာသည်နှင့်အမျှ စောစောက ဖြစ်ပေါ်ခဲ့သော ကြောက်ရွံ့မှုလည်း ပြေပျောက်သွားပါသည်။

## ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရ

ထို့နောက် ကုသိနာရုံဆရာတော်ကြီး၏ ခြေတော်ရင်းသို့ မိမိစတင်ရောက်ရှိခဲ့ပုံကို ပြန်လည်ဟောပြောပါသည်။

"လွန်ခဲ့သော ၁၀-နှစ်ခန့်က မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ စာသင်နေသော မိမိထံသို့ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိထံမှ စာ ၁-စောင် ရောက်လာခဲ့ကြောင်း၊ ထိုစာတွင် သူ့ကို လုပ်ကျွေးပြုစုရန်အတွက် ကုသိနာရုံသို့ အမြန်ဆုံးလာရောက်ရန် ဆရာတော်ကြီးက မိမိအား မှာထားကြောင်း၊ ထိုစာကို ဖတ်ရှုရသောအခါ မိမိမှာ ဝမ်းနည်းခြင်း ဖြစ်မိသလို ဝမ်းသာခြင်းလည်း ဖြစ်မိကြောင်း၊

**ဝမ်းနည်းမိခြင်းအကြောင်းမှာ** ဗုဒ္ဓမြတ်စွာ ပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသကြီး၏ နှစ်ပေါင်းများစွာ သာသနာပြုတော်မူသည့် ဆရာတော်ကြီးအား ကောင်းမွန်စွာ လုပ်ကျွေးပြုစုမည့် တပည့်ရဟန်း ၁-ပါးမျှ မရှိ-ဟု သိရခြင်းကြောင့် ဖြစ်ကြောင်း၊

**ဝမ်းသာမိခြင်းမှာမူ** မိမိအနေဖြင့် မမျှော်လင့်ဘဲ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသသို့ သွားရောက်ခွင့်ရတော့မည်။ ဆရာတော်ကြီးအား လုပ်ကျွေးပြုစုခွင့်၊ ဆရာတော်ကြီး၏ နည်းနာနိဿယ, သင်ကြားဆုံးမမှုတို့ကို ခံယူရတော့မည်-ဟူ၍ တွေးမိသောကြောင့်ဖြစ်ကြောင်း၊ သို့အားဖြင့် မိမိသည် ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ၊ ၁-ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ရောက်လာပြီး ဆရာတော်ကြီးအား လုပ်ကျွေးပြုစုနေခဲ့ကြောင်း"များကို အသေးစိတ် ဟောပြောမိသည်။

ထို့နောက်တွင် မိမိအနေဖြင့် ၁၀-နှစ်တာမျှ ဆရာတော်ကြီးအား အနီးကပ် လုပ်ကျွေးပြုစုခွင့်, နည်းနာခံယူခွင့် ရရှိခဲ့ပြီး ၁၉၇၂-ခုနှစ်၊ မေလအတွင်း၌ အဖျားရောဂါ စွဲကပ်လာသော ဆရာတော်ကြီးအား ထိပ်တန်းဆရာဝန်ကြီးများအနေဖြင့် အစွမ်းကုန် ပြုစုကုသသော်လည်း ဘုရား, ရဟန္တာတို့ပင် မရှောင်လွှဲနိုင်သည့် မရဏမင်း၏ နိုင်ငံသို့ ဆရာတော်ကြီး လိုက်ပါသွားခဲ့ရပုံတို့ကို 'အနိစ္စာဝတ သင်္ခါရာ'-စသော တရားဒေသနာဖြင့် ချုပ်၍ ဟောပြောခဲ့ပါသည်။

## ကျေးဇူးရှင်ကြီးများအား သတိရ

ထိုအချိန်က ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်မှာ ၅-လ ကျော်မျှသာ ရှိသေးပေရာ လူထုပရိသတ်ကြီးသည် မိမိ၏ ဟောပြောချက်များကို ခံစားမှုအပြည့်ဖြင့် ငြိမ်သက်စွာ နာယူနေကြပါသည်။ ယင်းနောက် "ယခုအချိန်တွင် ဆရာတော်ကြီး မရှိတော့ပြီဖြစ်၍ ဆရာတော်ကြီးအား ကြည်ညိုလေးစားသူများအနေဖြင့် ဆရာတော်ကြီး၏ ဆုံးမဩဝါဒများကို ဆက်လက် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဆရာတော်ကြီးကို အမှန်တကယ် ကြည်ညိုလေးစားရာ ရောက်မည်ဖြစ်ကြောင်း၊ ကွယ်လွန်သူ ခေါင်းဆောင်ကြီး ဒေါက်တာအမ္ဗေဒကာရ်သည် လွန်ခဲ့သော ၁၆-နှစ်က ဤဒိက္ချာဘူမိကွင်းပြင်ကြီး၌ လူပေါင်း ၆-သိန်းကျော်နှင့်အတူ ကုသိနာရုံ ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလျက် မိမိလူမျိုးတို့၏ ဘဝကို မြှင့်တင်ပေးရန် ပြောင်ပြောင်မြောက်မြောက် အားထုတ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ခေါင်းဆောင်ကြီး ဒေါက်တာအမ္ဗေဒကာရ်၏ ကျေးဇူးကိုလည်း အထူးသတိရနေကြရမည်ဖြစ်ကြောင်း" တိုက်တွန်းနှိုးဆော်လျက် မိမိ၏ ဟောပြောချက်ကို နိဂုံးချုပ်လိုက်ပါသည်။

နာဂပူရ်မြို့၊ ဗုဒ္ဓဘာသာဝင်တို့၏ ၁၆-နှစ်မြောက် လူထုအစည်းအဝေးကြီးကား ည ၁၂-နာရီကျော်မှာပင် ပြီးဆုံးသွားပါတော့သည်။

**ဟရိဗလ၊ ကုသိနာရုံ**

# တတိယ ဝိဇယဒသမီ

## ပထမဝိဇယဒသမီ

မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၊ ဂင်္ဂါမြစ်ကမ်းရှိ ပါဋလိပုတ်ပြည်၌ ထီးနန်းစိုက်သော အသောကမင်းကြီး (၂၇၃-၂၃၁-ဘီစီ)သည် မိမိ၏ မောရိယ အင်ပါယာကြီးကို တိုးချဲ့ရန်အတွက် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်၊ ဗင်္ဂလား ပင်လယ်ကမ်းခြေ **မဟာနဒီမြစ်**နှင့် **ဂေါဓာဝရီမြစ်**တို့၏ကြား၌ တည်ရှိသော ကလိင်္ဂ(ဩရိဿ)ပြည်နယ်ကို စစ်အင်အားကြီးစွာဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်သိမ်းပိုက်ရာတွင် ကလိင်္ဂနိုင်ငံဘက်မှ စစ်သည်ရဲမက်ပေါင်း ၁-သိန်းကျော် ကျဆုံးပြီး ၁-သိန်း, ၅-သောင်းကျော်မျှ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံခဲ့ကြရသည်။ ထို့ပြင် စစ်ဘေးစစ်ဒဏ်ကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း, ရောဂါအမျိုးမျိုး ကူးစက်ဖြစ်ပွါးခြင်းတို့ဖြင့် သေကြေပျက်စီးကြရသော တိုင်းသူပြည်သား အပေါင်းမှာလည်း မရေမတွက်နိုင်အောင် များပြားခဲ့လေသည်။

ဘုရင်အသောကသည် ထိုကလိင်္ဂစစ်ပွဲ၌ တိုင်းသူပြည်သား အမြောက်အမြား သေကြေပျက်စီးကြ၊ ဆင်းရဲဒုက္ခရောက်ကြရသည်ကို တွေ့မြင်ကြားသိရသောအခါ ယူကြုံးမရ နောင်တကြီးစွာ ဖြစ်ခဲ့သည်။ သတိ သံဝေဂ ရခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသို့ ခိုဝင်ဆည်းကပ်လျက် မြတ်ဗုဒ္ဓ ၏ တရားတော်များကို ဆည်းပူးလေ့လာ လိုက်နာကျင့်သုံးခဲ့လေသည်။

ဘုရင်အသောကသည် မြတ်ဗုဒ္ဓ၏ တရားတော်များကို ကြားနာသိရှိရသောအခါ **"လောက၌ လက်နက်အင်အားဖြင့် အောင်နိုင်ခြင်းသည် စစ်မှန်သော အောင်နိုင်ခြင်း မဟုတ်၊ တရားဓမ္မဖြင့် အောင်နိုင်ခြင်းသည် သာလျှင် စစ်မှန်သော အောင်နိုင်ခြင်း ဖြစ်ပေ၏"**ဟူ၍ နှလုံးပိုက်မိလေသည်။

ဘုရင်အသောက ဗုဒ္ဓဘာသာသို့ သက်ဝင်ခိုလှုံမိသောနေ့ကား ဟိန္ဒူတို့၏ ဝါကျွတ်လဆန်း၊ ၁၀-ရက်နေ့ ဖြစ်၏။ ထို့ကြောင့် ယင်းဝါကျွတ်လ၊ ၁၀-ရက်နေ့ကို **"ဝိဇယဒသမီ - အောင်မြင်သော ၁၀-ရက်နေ့"**ဟူ၍ သတ်မှတ်ခဲ့ကြလေသည်။ ဤကား လွန်ခဲ့သောနှစ်ပေါင်း ၂,၀၀၀-ကျော်က **ပထမဝိဇယဒသမီ** ဖြစ်ပေသည်။

## ဒုတိယဝိဇယဒသမီ

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ၂၅၀၀-ပြည့်မြောက်သည့် ၁၉၅၆-ခုနှစ်က ထေရဝါဒ ၅-နိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်များ ပါဝင်တက်ရောက်ကြသော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ တက်ရောက်ခဲ့ကြသော ကမ္ဘာ့ခေါင်းဆောင်များတွင် အိန္ဒိယနိုင်ငံမှ တရားရေးဝန်ကြီး ဒေါက်တာအမွေဒကာရ်လည်း ၁-ဦးအပါအဝင် ဖြစ်၏။ ဒေါက်တာအမွေဒကာရ်သည် နှစ်ပေါင်း အတော်ကြာကပင် ဗုဒ္ဓဘာသာ

ကို စိတ်ဝင်စားစွာ လေ့လာနေခဲ့သူ ဖြစ်၏။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ တက်ရောက်ခဲ့ပြီး ၅-လခန့်အကြာ ၁၉၅၆-ခုနှစ်၊ အောက်တိုဘာလ၊ ၁၄-ရက်နေ့တွင်မူ သူသည် ဇာတ်နိမ့်အိန္ဒိယလူမျိုး ၆-သိန်းကျော်နှင့်အတူ အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ နာဂပူရ်မြို့၌ ကြီးကျယ်သော အခမ်းအနားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းခဲ့လေသည်။ ဒေါက်တာအမွေဒကာရ်နှင့် အိန္ဒိယလူမျိုး ၆-သိန်းကျော်တို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသောနေ့မှာလည်း ဟိန္ဒူဘာသာဝင်တို့၏ ဝိကျွတ်လဆန်း၊ ၁၀-ရက်နေ့ ဖြစ်သည်။ ယင်းနေ့ကို "ဒုတိယဝိဇယဒသမီ-ဒုတိယမြောက် အောင်မြင်သော ၁၀-ရက်နေ့"ဟူ၍ အိန္ဒိယဗုဒ္ဓဘာသာဝင်တို့က အသိအမှတ်ပြုထားကြလေသည်။ အချိန်ကား လွန်ခဲ့သော ၃၅-နှစ်က ဖြစ်ပေ၏။

## တတိယဝိဇယဒသမီ

ဒေါက်တာအမွေဒကာရ်မှာ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲရာတွင် ပါဝင်သော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ သူသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတော်အလံ, လွှတ်တော်အစည်းအဝေးခန်းမ, ငွေဒင်္ဂါးနှင့် ငွေစက္ကူ-စသည်တို့၌ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အမှတ်တံဆိပ်များကို ထည့်သွင်းရန် အထူးဆောင်ရွက်ခဲ့၏။ ထို့ပြင် သူသည် အစဉ်အလာအားဖြင့် လူမှုရေးအရ လူရာမသွင်းဘဲ ပစ်ပယ်နှိမ့်ချခြင်း ခံနေကြရသည့် သန်းပေါင်းများစွာသော ဇာတ်နိမ့်အိန္ဒိယလူမျိုးတို့၏ ညီတူညီမျှ လူ့အခွင့်အရေးများ ရရှိရေးအတွက် နှစ်ပေါင်းများစွာ ဦးစီးဦးဆောင် ပြုလုပ်လာခဲ့သော ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ သူ့အနေဖြင့် ဗုဒ္ဓဘာသာကို ရွေးချယ်ခဲ့ခြင်းမှာလည်း ဗုဒ္ဓဘာသာ၌ **ဇာတ်နိမ့်,ဇာတ်မြင့်-ဟူ၍ လူတန်းစား ခွဲခြားမှု** မရှိခြင်းကို အထူးနှစ်သက်သောကြောင့် ဖြစ်ပေသည်။

ဒေါက်တာအမွေဒကာရ်သည် ၁၉၅၆-ခုနှစ်၊ အောက်တိုဘာလ၊ ၁၄-ရက်နေ့တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြီး ထိုနှစ် ဒီဇင်ဘာလ၊ ၆-ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်က သူ့အသက်မှာ ၆၆-နှစ်မျှသာ ရှိသေးရာ အကယ်၍ သူအသက်ရှည်ရှည် နေရမည်ဆိုပါက အိန္ဒိယတစ်နိုင်ငံလုံး၌ ဗုဒ္ဓဘာသာ ထွန်းကားအောင် လုပ်မည်-ဟု ကြုံးဝါးခဲ့လေသည်။

မိမိတို့၏ ခေါင်းဆောင်ကြီး အချိန်စောစီးစွာ ကွယ်လွန်သွားခဲ့သော်လည်း အိန္ဒိယဇာတ်နိမ့်လူမျိုးများ အတွင်း၌ ဗုဒ္ဓဘာသာဝင်ဦးရေကား တစ်နေ့တစ်ခြား တိုးပွါးလျက် ရှိလေသည်။ တခါတရံ ရာနှင့်ထောင်ချီ၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပွဲများ ပြုလုပ်ကြသည်ကိုလည်း စာရေးသူကိုယ်တိုင် တွေ့မြင်ခဲ့ရပေသည်။ လောလောလတ်လတ်အနေဖြင့်မူ ၁၉၉၀-ပြည့်နှစ်၊ စက်တင်ဘာလအတွင်းက ဥတ္တရပဒေသပြည်နယ် အနောက်မြောက်ပိုင်းရှိ **အာဂရာမြို့**၌ ကျင်းပသော ဗုဒ္ဓဘာသာကူးပြောင်း ပွဲကြီးသို့ စာရေးသူ တက်ရောက်၍ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပေးခဲ့ရ၏။ ထိုအစည်းအဝေးကြီး၌ လူ ၅-သိန်းခန့် တက်ရောက်၍ ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူခဲ့ကြပေရာ ဒေါက်တာအမွေဒကာရ် ကိုယ်တိုင်ဦးဆောင်သည့် ၁၉၅၆-ခုနှစ်က ဗုဒ္ဓဘာသာ ခံယူပွဲတမျှ ကြီးကျယ်ခမ်းနားခဲ့လေသည်။ ထို့ကြောင့် ယင်းပွဲကို **တတိယဝိဇယဒသမီ**- ဟု ခေါ်ဆိုခဲ့ကြ၏။

၁၉၉၀-ပြည့်နှစ်ကား စာရေးသူနေထိုင်ရာ ဥတ္တရပဒေသပြည်နယ်အတွင်းရှိ အယုဒ္ဓယမြို့၌ ဖြစ်ပွါးခဲ့သော **ဟိန္ဒူ၊ မွတ်ဆလင် အဓိကရုဏ်းကြီး**ကြောင့် အစိုးရအဖွဲ့နှင့်တကွ အိန္ဒိယတစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားခဲ့ရသောနှစ် ဖြစ်၏။ ထိုကိစ္စမှာ အယုဒ္ဓယမြို့ရှိ ရှေးဟောင်းဘုရားကျောင်း ၁-ခုနှင့် ပတ်သက်၍ အငြင်းပွါးနေကြခြင်း ဖြစ်သည်။ ယင်းဘုရားကျောင်းကို ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ သွားရောက်၍ ကြည့်ရှုလေ့လာရန်လည်း ပြည်နယ်အစိုးရက စီစဉ်ခဲ့သည်။

## အယုဒ္ဓယမှ ဘုရားကျောင်း

ထိုအချိန်က မိမိကျောင်းတွင် ဝိပဿနာတရားစခန်း ၁-ခုဖွင့်နေပြီး တရားစခန်း သိမ်းသည်နှင့် တပြိုင်နက်တည်း ဗာရာဏသီသို့ သွားရန်ကိစ္စ ပေါ်လာပါသည်။ ဗာရာဏသီ မြန်မာဘုန်းကြီးကျောင်း၌ ပြဿနာ ၁-ခု ဖြစ်ပေါ်နေသောကြောင့် ဖြစ်သည်။ ထိုပြဿနာကို ဆွေးနွေးညှိနှိုင်းနေစဉ်မှာပင် ပြည်နယ်အစိုးရဝန်ကြီးချုပ်ထံမှ လက္ခနောင်းမြို့သို့ အမြန်ဆုံး ကြွရောက်ပါရန် စာရေးသူအား ပင့်ဖိတ်ခဲ့လေသည်။ သို့အားဖြင့် စာရေးသူသည် ဗာရာဏသီ၌ နောက်ဆုံး ညှိနှိုင်းအစည်းအဝေး ပြီးစီးသည့် ည ၁၂-နာရီအချိန်တွင် မီးရထားဖြင့် ကုသိနာရုံသို့ အလောသုံးဆယ် ပြန်ခဲ့ရသည်။ ကုသိနာရုံကျောင်း၌ မှာစရာရှိသည်များကို မှာကြားစီစဉ်ပြီး ထိုနေ့ ညနေမှာပင် လက္ခနောင်းသို့သွားရန် ဂေါ်ရခ်ပူရ်မြို့သို့ ထွက်ခဲ့ရပြန်ပါသည်။ ပုံမှန်အားဖြင့် ကုသိနာရုံမှ ဂေါရခ်ပူရ်သို့ ဘတ်စ်ကားများ အဆက်မပြတ် ရှိမြဲဖြစ်သော်လည်း ထိုနေ့ကမူ ပြည်နယ်အတွင်း နေရာအနှံ့ ဖြစ်ပွါးနေသော ဘာသာရေးဆူပူမှုများကြောင့် ဘတ်စ်ကား ၂-စီးသာ ရှိပါသည်။ ထို့ကြောင့် စာရေးသူလည်း ကျပ်ကျပ်သပ်သပ်ဖြင့်ပင် စီးနှင်းလိုက်ပါခဲ့ရ၏။

ဂေါရခ်ပူရ်သို့ ည ၁၀-နာရီတွင် ရောက်ပြီး လက္ခနောင်းသို့ သွားမည့် ကားကို ပြောင်းစီးရပါသည်။ ထိုကားတွင် ဗုဒ္ဓဒီဂရီကောလိပ်မှ ဆရာ ၁-ယောက်၊ ပြည်နယ်အမတ် ၁-ယောက်နှင့် သူ့တပည့် ၂-ယောက်တို့လည်း ပါလာကြပါသည်။ ဆူပူမှုများ ဖြစ်ပွါးနေချိန်တွင် ညခရီးသွားရခြင်းဖြစ်၍ ခရီးသည်များသည် ခရီးစဉ်တစ်လျှောက်လုံးတွင် အိပ်မပျော်နိုင်ကြ။ တထိတ်ထိတ် တလန့်လန့်ဖြင့် လိုက်ပါလာကြရပါသည်။ ကားမောင်းသူမှာလည်း လမ်းခရီးအခြေအနေကို အကဲခတ်လေ့လာလျက် သတိကြီးစွာဖြင့် မောင်းနှင်နေသည်ကို တွေ့ရပါသည်။

သို့သော် ကံအားလျော်စွာ လမ်းတစ်လျှောက်လုံး အနှောက်အယှက် တစ်စုံတစ်ရာ မတွေ့ရပါ။ နံနက် ၅-နာရီအချိန်တွင် လက္ခနောင်းသို့ ချောမောစွာ ဆိုက်ရောက်ခဲ့ပါသည်။

စာရေးသူသည် မီးရထား(*ကား*)မှဆင်းပြီး မဟာဗောဓိအသင်းသို့ ရှေးဦးစွာ သွားသည်။ မဟာဗောဓိအသင်းတိုက်၌ ဆရာတော်အား ဖူးမြော် ကန်တော့၍ ရေချိုး, နံနက်စာ လက်ဖက်ရည်သောက်ပြီး အစိုးရဧည့် ဂေဟာသို့ ဆက်လက်သွားပါသည်။ အစိုးရဧည့်ဂေဟာ၌ ဒေါက်တာအမွေ-ဒကာရ်၏ဇနီး ဆဗိတာရ် အမွေဒကာရ် ရောက်ရှိနေပြီး ၎င်းကပင် မိမိအား ကြိုဆို၍ နေရာချထားပေးပါသည်။

မကြာမီပင် အစည်းအဝေး ၁-ခု ကျင်းပရာ ယင်းအစည်းအဝေး၌ ဆဗိတာရ်အမွေဒကာရ်, လက္ခနောင်းမြို့တော်ဝန်, လက္ခနောင်း မဟာဗောဓိ အသင်းမှ ဆရာတော်ဦးပညာနန္ဒ, ပြည်နယ်အစိုးရအရာရှိ ၁-ဦးနှင့် စာရေးသူ အပါအဝင် ၅-ဦးသာ တက်ရောက်ပါသည်။

နေ့လယ်စာ စားရန် ၁၁-နာရီတွင် အစည်းအဝေးကို ခေတ္တရပ် နားပြီး နေ့ခင်း ၁-နာရီထိ ဆက်လက်ကျင်းပပါသည်။ အစည်းအဝေး ပြီးဆုံးသောအခါ ပြည်နယ်ဝန်ကြီးချုပ်၏ ဆန္ဒအရ ဗုဒ္ဓဘာသာကိုယ်စား လှယ်အဖွဲ့ဝင်များသည် ဘာသာရေး အငြင်းပွါးမှု ဖြစ်ပွါးနေသော အယုဒ္ဓယ သို့ သွားရောက်၍ ကြည့်ရှုလေ့လာရန် ပြင်ဆင်ကြရပါသည်။ အယုဒ္ဓယ မြို့မှာ လက္ခနောင်းမှ ကီလိုမီတာ ၁၀၀-ခန့် ဝေးသည်ဖြစ်၍ မိမိတို့အဖွဲ့ သည် ပြည်နယ်အစိုးရက စီစဉ်ပေးသော ကား ၃-စီးဖြင့် ညနေ ၃-နာရီ ခွဲအချိန်တွင် အယုဒ္ဓယသို့ ဆိုက်ရောက်သွားပါသည်။

မိမိတို့ အဖွဲ့အား မြို့တော်တရားသူကြီးက ကြိုဆို၍ **ရာမဘုရား** မွေးဖွားခဲ့သည်ဆိုသော နေရာကို လှည့်လည်ပြသပါသည်။ ထိုနေရာ တစ်ဝိုက်ကို သံဆူးကြိုး ၃-ထပ်ကာရံ၍ လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များကို လည်း နေရာမလပ် ချထားသည်ကို တွေ့မြင်ရပါသည်။ လုံခြုံရေး ဂိတ် ၃-ခုကို ကျော်လွန်ပြီး အတွင်းဘက်သို့ ရောက်သောအခါ ဘုရားကျောင်း

ပုံဆန်ဆန် ရှေးအဆောက်အအုံ ၂-ခု, အုတ်တိုက် ၁-လုံးနှင့် ရုပ်တုအချို့ကို တွေ့မြင်ရပါသည်။

မိမိတို့အဖွဲ့သည် အထက်ပါ အဆောက်အအုံများနှင့် အခြားတူးဖော်ထားသည့် ရှေးဟောင်းနေရာများကို ၁-နာရီခန့် လှည့်လည်ကြည့်ရှုကြသည်။ ထိုနေ့ ညနေမှာပင် လက္ခနောင်းသို့ ပြန်လာခဲ့ကြပါသည်။ **အယုဒ္ဓယ**မှာ ဟိန္ဒူဘာသာဝင်တို့က မိမိတို့၏ **ရာမဘုရား မွေးဖွားခဲ့ရာနေရာ**အဖြစ် အထွဋ်အမြတ်ထားသော နေရာဖြစ်ပါသည်။

ထိုနေရာ၌ ရှေးဟောင်းဘုရားကျောင်း ၁-ခုလည်း ရှိနေခဲ့ပါသည်။ သို့ရာတွင် မူဆလင်ဘာသာဝင်တို့၏ ဗလီ-ဟု ယူဆရသည့် အဆောက်အအုံ တစ်ခုလည်း ရှိနေသဖြင့် ထိုနေရာနှင့် ပတ်သတ်၍ ပဋိပက္ခ ဖြစ်ပွါးလာရခြင်း ဖြစ်ပါသည်။ ပြည်နယ်အစိုးရသည် အဆိုပါ ပဋိပက္ခ ငြိမ်းအေးသွားစေရန် နည်းအမျိုးမျိုးဖြင့် အစွမ်းကုန် ကြိုးစားခဲ့သည်။ ဗုဒ္ဓဘာသာဝင် ကိုယ်စားလှယ်အဖွဲ့ကို အယုဒ္ဓယသို့ စေလွှတ်၍ ကြည့်ရှုလေ့လာရန် စီစဉ်ပေးခြင်းမှာလည်း ယင်းပဋိပက္ခ ပြေငြိမ်းရေးအတွက် အကြံပြုချက် တစ်စုံတစ်ရာ ရလိုရငြား-ဟူသော မျှော်လင့်ချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## ဗုဒ္ဓစာပေလာ သာကေတ

ဗုဒ္ဓစာပေဆိုင်ရာ ကျမ်းဂန်တို့၏ အဆိုအရမူ အယုဒ္ဓယသည် ဗုဒ္ဓလက်ထက်တော်၌ ကောသလတိုင်း၏ ဒုတိယမြို့တော် **သာကေတ**မြို့ပင် ဖြစ်ပါသည်။ သာကေတမြို့သို့ ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများ မကြာခဏ ကြွရောက်သီတင်းသုံးခဲ့ကြကြောင်း၊ ပုဗ္ဗာရုံကျောင်းအမကြီး **ဝိသာခါ**သည် သာဝတ္ထိမှ သူဌေးသား **ပုဏ္ဏဝဍ္ဎန**နှင့် လက်မထပ်မီ အချိန်က သာကေတမြို့၌ နေထိုင်ခဲ့ကြောင်း၊ သာကေတ၌ ဗုဒ္ဓမြတ်စွာအား ကိုးကွယ်ဆည်းကပ်သူ လူပုဂ္ဂိုလ်အမြောက်အမြား ရှိခဲ့ပြီး ဗုဒ္ဓမြတ်စွာကလည်း သုတ္တန်ဒေသနာ

အချို့နှင့် ငါးရာငါးဆယ်ဇာတ်တော်အချို့ကို သာကေတမြို့၌ သီတင်းသုံး နေစဉ် ဟောကြားတော်မူခဲ့ကြောင်း ပါဠိစာပေကျမ်းဂန်တို့၌ ဖော်ပြထား ပါသည်။ ထို့ပြင် တရုတ်ခရီးသည် **ရဟန်းတော် ဟွန်ဆန်**၏ မှတ်တမ်း၌လည်း သူရောက်ခဲ့စဉ်က အယုဒ္ဓယသည် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက် ၂၀-နှင့် ရဟန်းသံဃာ ၃,၀၀၀-မျှ ရှိသည်ကို တွေ့ခဲ့ရကြောင်း ဖော်ပြထား ပါသည်။

သို့ရာတွင် ယခု ဖြစ်ပေါ်နေသော ပြဿနာမှာ မိမိဗုဒ္ဓဘာသာနှင့် မည်သို့မျှ ပတ်သတ်ခြင်းမရှိ။ ပြည်နယ်ဝန်ကြီးချုပ်၏ ဆန္ဒအရ ကြားလူ အနေဖြင့် ကြည့်ရှုလေ့လာရန်အတွက်သာ မိမိတို့အဖွဲ့ အယုဒ္ဓယသို့ သွား ရောက် လေ့လာခဲ့ကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကိုယ်စား လှယ် အဖွဲ့ဝင်များသည် လက္ခနောင်းသို့ ပြန်ရောက်သောအခါ ညတွင်း ချင်းပင် ညှိနှိုင်းတိုင်ပင်ကြပြီး မိမိတို့ လေ့လာတွေ့ရှိခဲ့ရသည့် အခြေအနေကို အစီရင်ခံစာ ၁-စောင် ရေးသားပြုစု၍ ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြရန် ဆုံးဖြတ်လိုက်ကြသည်။ အစီရင်ခံစာ ရေးသားရန် တာဝန်ကိုမူ ဆဗိတာရ်-အမ္ဗေဒကာရ်အား လွှဲအပ်လိုက်ကြပါသည်။

အထက်ပါကိစ္စအားလုံး ဆောင်ရွက်ပြီးစီး၍ မိမိတည်းခိုရာ အခန်း သို့ စာရေးသူ ပြန်ရောက်လာသောအချိန်တွင် ၁၁-နာရီကျော် နေလေပြီး တစ်နေလုံး ပင်ပန်းလာခဲ့ပြီး နောက်နေ့တွင်လည်း ခပ်စောစော ခရီးဆက် ရန် ရှိနေသောကြောင့် စာရေးသူမှာ တည်းခိုခန်းသို့ရောက်လျှင် ရောက် ချင်း အိပ်ရာပေါ်သို့ ပစ်လှဲလိုက်ရပါတော့သည်။

ဟရိဗလ၊ ကုသိနာရုံ

# အာဂရာမြို့မှ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ

## လက္ခနောင်းမှ အာဂရာသို့

၁၉၉၀-ပြည့်နှစ်၊ စက်တင်ဘာလ ၂၇-ရက်၊ ဥတ္တရပဒေသပြည်နယ်၊ လက္ခနောင်းမြို့တော် အစိုးရဧည့်ဂေဟာ၌ တစ်ညအိပ် တည်းခိုနေခဲ့ရသည်။ ထိုနေ့က နံနက်ပိုင်းမှ စ၍ ည ၁၁-နာရီထိ တစ်နေလုံး အလုပ်များနေခဲ့သဖြင့် အိပ်ရာထဲသို့ ရောက်လျှင်ရောက်ချင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ နံနက် ၄-နာရီထိုးမှပင် နိုးပါတော့သည်။ အိပ်ရာမှ နိုးသည်နှင့် တပြိုင်နက် မျက်နှာသစ်, ရေချိုးပြီး ပစ္စည်းပစ္စယများကို သိမ်းဆည်းပြင်ဆင်ရပါသည်။ အကြောင်းမှာ အာဂရာသို့ ခရီးဆက်ရန် ရှိနေသောကြောင့် ဖြစ်ပါသည်။

အာဂရာသို့ ခရီးဆက်ရမည့်ကိစ္စမှာ စက်တင်ဘာလ ၂၉-ရက်နေ့တွင် ထိုမြို့၌ ကျင်းပမည့် ဗုဒ္ဓဘာသာ အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် ဖြစ်ပါသည်။ လူ ၅-သိန်းကျော် တက်ရောက်၍ ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူမည့် ဘာသာရေး အခမ်းအနားကြီး ၁-ခုကို အာဂရာမြို့၌ ကျင်းပလိမ့်မည်-ဟူသော သတင်းကို လွန်ခဲ့သော ၃-၄-လကပင် စာရေးသူ ကြားသိခဲ့

ရပါသည်။ ဥတ္တရပဒေသပြည်နယ်ဝန်ကြီးဟောင်း ၁-ဦးဖြစ်သူ **သိရိဂုလာဗ်-ဆေဟရာ**ဆိုသူက ထိုကိစ္စကို ဦးဆောင်စည်းရုံးခဲ့ခြင်းဖြစ်ပြီး တစ်ပြည်လုံးကလည်း စိတ်ဝင်စားနေကြပါသည်။ စာရေးသူထံသို့လည်း အိန္ဒိယပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ **သိရိဂျဂန္နာထ်အာဒိတျ** ထံမှ ဖိတ်စာ ၁-စောင် ဗာရာဏသီသို့ မသွားမီကပင် ရောက်လာခဲ့ပါသည်။

သို့ရာတွင် အဆိုပါဖိတ်စာ ရောက်လာပြီး ၃-၄-ရက်အတွင်းမှာပင် "အာဂရာအစည်းအဝေးမှာ နိုင်ငံရေးသမားများက စည်းရုံးလှုံ့ဆော်ခြင်းဖြစ်၍ မတက်ရောက်သင့်ကြောင်း" ကန့်ကွက်သော စာများလည်း ရဟန်း ၃-၄-ပါးထံမှ ရောက်လာပြန်ပါသည်။ ထို့ကြောင့် "အာဂရာအစည်းအဝေးသို့ မိမိမတက်ရောက်နိုင်ကြောင်း" သိရိဂျဂန္နာထ်ထံ စာပြန်လိုက်ပါသည်။ သို့သော် ဂုလာဗ်ဆေဟရာကိုယ်တိုင် အထူးပင့်ဖိတ်လိုက်သော ဖိတ်စာ ၂-စောင် ထပ်မံရောက်ရှိလာပြန်သဖြင့် အာဂရာအစည်းအဝေးသို့ မိမိ တက်ရောက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့်ပင် ယခု လက္ခနောင်းမှ အာဂရာသို့ ခရီးဆက်ရန် ပြင်ဆင်ရခြင်း ဖြစ်ပါသည်။

စက်တင်ဘာလ ၂၈-ရက်နေ့၊ နံနက် ၅-နာရီခွဲတွင် နံနက်စာ လက်ဖက်ရည်သောက်ပြီး အစိုးရဧည့်ဂေဟာမှ ဘတ်စ်ကားဂိတ်သို့ ထွက်ခဲ့ပါသည်။ ကားဂိတ်သို့ ရောက်သောအခါ အာဂရာသို့ တိုက်ရိုက်သွားသော ကား မရှိသဖြင့် ဒေလီသို့ သွားသော ကားကို ကန်ပူရ် (ကန္ဒပူရ)အထိ လက်မှတ်ယူ၍ လိုက်ခဲ့ရပါသည်။ ထိုခရီးသည်လည်း လမ်းတစ်လျှောက်၌ ဘာသာရေး ဆူပူအုံကြွသူများ၏ အန္တရာယ် ရှိနေသဖြင့် အသည်းတထိတ်ထိတ်ဖြင့် လိုက်ခဲ့ရပါသည်။ လက္ခနောင်းမှ နံနက် ၉-နာရီတွင် ထွက်ခဲ့သော မိမိတို့ ဘတ်စ်ကားသည် ၄၉-မိုင်ဝေးသော ကန်ပူရ်သို့ နေ့လည် ၁-နာရီခန့်တွင် ဆိုက်ရောက်လာပါသည်။

## စည်ကားသော ကန်ပူရ်မြို့

ဂင်္ဂါမြစ်၏ လက်ယာဘက်ကမ်း၌ တည်ရှိသော ရှေးက **အာငွစိ** ခေါ်သည့် **ကန်ပူရ်**မှာ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ပြီး ယခုလည်း လူဦးရေ ၉-သိန်းကျော်, ၁၀-သိန်းမျှရှိသော မြို့ကြီး ၁-မြို့ ဖြစ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကား၍ ကားလမ်း, မီးရထားလမ်းနှင့် လေယာဉ်ကွင်း ပါရှိသောကြောင့်လည်း အထူးစည်ကားလှပါသည်။ ထိုအချိန်က ပြည်နယ်အတွင်း၌ ဆူပူလှုပ်ရှားမှုများ ရှိနေလင့်ကစား **ဒဆဟရာပွဲတော်ရက်**ဖြစ်၍ ကားဆိပ်၌လည်းကောင်း မီးရထားဘူတာရုံ၌လည်းကောင်း ခရီးသွားများ အလွန်စည်ကားနေသည်ကို တွေ့ရပါသည်။ သို့သော် စာရေးသူမှာ ကံအားလျော်စွာ အာဂရာသို့ သွားမည့် ဘတ်စ်ကားကို ပြောင်း၍စီးရာ၌ နေရာ ၁-ခု အဆင်ပြေစွာ ရရှိခဲ့ပါသည်။

နေ့ခင်း ၂-နာရီအချိန်တွင် ကန်ပူရ်မှ ထွက်ခဲ့သော မိမိတို့ ဘတ်စ်ကားသည် လမ်းတစ်လျှောက်တွင် ခရီးသည်များ ဆင်းလိုက်, တက်လိုက်ဖြင့် မောင်းနှင်လာခဲ့ရာ ညနေ ၄-နာရီအချိန်တွင် ဧတာမြို့သို့ ရောက်လာပါသည်။ ယာဉ်မောင်းသူမှာ ခရီးသည်များကို ဂရုမစိုက်ဘဲ ကားရပ်နားပြီး ထွက်လိုသည့်အချိန်တွင် ထွက်သွားတတ်သောကြောင့် စာရေးသူမှာ ရေဆာသည်ကိုပင် ဆင်း၍ မသောက်ဝံ့ခဲ့ချေ။ ဧတာ၌ ရပ်နားသောအခါတွင်မူ ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းပြီး ဆိုင် ၁-ဆိုင်မှ ရေ ၄-၅-ခွက် တောင်းယူ သောက်လိုက်ရပါသည်။

ဧတာမှ ထွက်သောအခါ ဘတ်စ်ကားပေါ်၌ ခရီးသည်များ နည်းပါး သွားပါသည်။ ထို့ကြောင့် စာရေးသူသည် လွတ်နေသော ၃-ယောက်စာ ထိုင်ခုံပေါ်တွင် တစ်ယောက်တည်း မှေး၍ လိုက်ပါခဲ့ရာ ည ၁၀-နာရီ အချိန်တွင် အာဂရာသို့ ဆိုက်ရောက်ပါသည်။ မှောင်နေ၍ ကားဂိတ်မှ ဘယ်သို့ သွားရမည်မသိ ဖြစ်နေစဉ် ကလေး ၁-ယောက် လမ်းညွှန်ချက်အရ

မိမိသွားလိုသော **ကျက္ကိပါတ ဗုဒ္ဓဝိဟာရသို့** ချောမောစွာ ရောက်သွားပါသည်။

ကျက္ကိပါတ ဗုဒ္ဓဝိဟာရမှာ တောင်ကုန်းလေး ၁-ခုပေါ်၌ သပ်ရပ်စွာ ဆောက်လုပ်ထားသည့် ၁-ထပ်တိုက် အဆောက်အအုံ ဖြစ်ပါသည်။ ဤကျောင်း၌ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိသည် လူပေါင်း ၂-သောင်းကျော်ကို ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့ဖူးကြောင်း သိရပါသည်။ မီးရောင်စုံထွန်းညှိထားသည့် ကျောင်းဆီသို့ လှေကားမှ တက်လာခဲ့ရာ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ (ဘာရတိယဗုဒ္ဓမဟာသဘာ)၏ ဥတ္တရပဒေသပြည်နယ် ဥက္ကဋ္ဌ၊ **ဂျဂန္နာထ်အာဒိတျ**နှင့် တွေ့ပါသည်။ သူက **"သြကာသဝန္ဒာမိ ဘန္တေ"**ဟူ၍ ဆိုကာ လက်အုပ်ချီ နှုတ်ဆက်ပြီး ကျောင်းခန်းထဲသို့ ခေါ်ဆောင်သွားပါသည်။ စာရေးသူလာမည် မဟုတ်-ဟု ထင်နေရာမှ ယခုလို မမျှော်လင့်ဘဲ ရောက်လာသောကြောင့် ဝမ်းသာကြောင်းလည်း သူက ပြောပါသည်။ ထို့နောက်တွင်မူ ည ၁၁-နာရီကျော်အချိန်သို့ ရောက်နေပြီဖြစ်၍ စာရေးသူမှာ ချွေးတစိုစို ဖြစ်နေသော မိမိကိုယ်ကို ဆေးကြောသန့်စင်ခြင်းပင် မပြုနိုင်တော့ဘဲ အိပ်ရာထဲသို့ ဝင်လိုက်ရပါတော့သည်။

## ကမ္ဘာကျော် တာ့ဂျ်မဟာ

**အာဂရာမြို့**ကား ဥတ္တရပဒေသပြည်နယ် အနောက်ပိုင်း ယမုနာမြစ်ကမ်းတွင် တည်ရှိပြီး ပြည်နယ်အတွင်း တတိယအကြီးဆုံး ခရိုင်မြို့ဖြစ်ပါသည်။ ဒေလီမြို့တော်နှင့် ၁၂၅-မိုင်သာ ဝေး၍ ကားလမ်းရော ရထားလမ်းပါ ကောင်းမွန်ပါသည်။ ထို့ပြင် ကလကတ္တားမှ ဖြစ်စေ၊ ဒေလီမှဖြစ်စေ လေယာဉ်ဖြင့်လည်း အာဂရာသို့ သွားနိုင်ပါသည်။ အာဂရာသည် **မဂိုဘုရင်**များ ထီးနန်းစိုက်ခဲ့ရာ ရှေးဟောင်းမြို့တော် ဖြစ်ပါသည်။ မဂိုဘုရင် **ရှာဂျဟန်** (၁၆၃၂-၁၆၅၈)၏ **မိဖုရားကြီး မု(မ်) တာ့ဂျ်**အား မြှုပ်နှံသင်္ဂြိုဟ်

ခဲ့ရာ တာ့ဂ်မဟာသချိုင်းဂူမှာ ယနေ့တိုင် တည်ရှိနေသည့် ကမ္ဘာကျော် အဆောက်အအုံကြီး ဖြစ်ပါသည်။

အာဂရာသည် ထိုတာ့ဂ် မဟာအဆောက်အအုံကြီး ရှိခြင်းကြောင့် ပင် အိန္ဒိယနိုင်ငံ၌ နိုင်ငံခြားခရီးသည်များ အများဆုံး စိတ်ဝင်စားရာ ဌာန ၁-ခု ဖြစ်လျက် ရှိပါသည်။

## လူ ၅-သိန်းတက်ရောက်မည့် အစည်းအဝေးကြီး

စာရေးသူသည် စက်တင်ဘာလ ၂၈-ရက်နေ့ ညတွင် အာဂရာသို့ ဆိုက်ရောက်ခဲ့သည်။ ဗုဒ္ဓဘာသာဝင် လူထုအစည်းအဝေးကြီးကို ၂၉-ရက်နေ့ နေ့ခင်းပိုင်းတွင် ကျင်းပမည်ဖြစ်၍ လက္ခနောင်းဆရာတော် **အရှင်ပညာနန္ဒ**နှင့် ဗုဒ္ဓဂယာမှ ဆရာတော် **အရှင်ရဋ္ဌပါလ**တို့လည်း ထိုနေ့ နံနက်၌ အာဂရာသို့ ရောက်လာကြသည်။ အာဂရာမြို့ ဗုဒ္ဓဘာသာအစည်းအဝေးကြီးသို့ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသ အသီးသီးမှ လူ ၅-သိန်းခန့် တက်ရောက်၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြမည်-ဟူသော သတင်းမှာ တပြည်လုံးသို့ ပျံ့နှံ့နေခဲ့သည်။

သတင်းစာများကလည်း စိတ်ဝင်တစား ရေးသားဖော်ပြနေခဲ့ကြသည်။ ထို့ပြင် ယင်းအစည်းအဝေးကြီး၌ မည်သည့်ပုဂ္ဂိုလ်ကို အကြီးအကဲ သဘာပတိအဖြစ် တင်မြှောက်မည်-ဟူသော ကိစ္စနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များအတွင်း၌ ဆွေးနွေးညှိနှိုင်းမှုများ အပူတပြင်း ပြုလုပ်နေကြကြောင်း၊ နောက်ဆုံးတွင် လွန်ခဲ့သည့် ၃၅-နှစ်ကျော်က **နာဂပူရ် အစည်းအဝေးကြီး**တွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြမဏိ၏တပည့်ဖြစ်သူ **ဦးဉာဏိဿရ** (စာရေးသူ) အား သဘာပတိအဖြစ် တင်မြှောက်ရန် သဘောတူလိုက်ကြကြောင်း ကြားသိခဲ့ရလေသည်။

## ဆွမ်းစားပင့်သော တရားသူကြီး

စက်တင်ဘာလ ၂၉-ရက်နေ့ နံနက်တွင် အာဂရာမြို့၊ ခရိုင်တရားသူကြီး **ဟရိဆိန်ဟ**-က စာရေးသူအား သူ့အိမ်သို့ ဆွမ်းစားကြွရန် လူလွှတ်၍ ပင့်ဖိတ်သည်။ သို့ဖြစ်၍ နံနက် ၉-နာရီအချိန်တွင် သူ့အိမ်သို့ ရောက်သွားသည်။ ဟရိဆိန်ဟနှင့် သူ့ဇနီး **ဟိရာဒေဝီ**တို့က လှိုက်လှဲစွာ ကြိုဆိုကြသည်။ ဟရိဆိန်ဟမှာ လွန်ခဲ့သော ၁၀-နှစ်ခန့်က ကာဆိယဉ် တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ထိုအချိန်ကပင် စာရေးသူနှင့် ရင်းနှီးခင်မင်၍ ဗုဒ္ဓဘာသာသို့ သက်ဝင်ခဲ့ကြခြင်း ဖြစ်သည်။ စာရေးသူအနေဖြင့် ထိုစဉ်က သူတို့၏ အခက်အခဲများကို ဂရုစိုက် ကူညီဆောင်ရွက်ခဲ့သဖြင့် ဆွေမျိုးရင်းချာလို ခင်မင်နေကြခြင်း ဖြစ်သည်။ သူတို့သည် အစည်းအဝေးတက်ရန် အာဂရာသို့ စာရေးသူ ရောက်လာလိမ့်မည်-ဟု သတင်းကြားထားသဖြင့် လွန်ခဲ့သော ၂-ရက်, ၃-ရက်မှ စ၍ ဗုဒ္ဓဝိဟာရသို့ အကြိမ်ကြိမ် လာရောက် စုံစမ်းခဲ့ကြသည်-ဟု ဆိုပါသည်။

## အိမ်သစ်တွင် ပရိတ်ရွတ်ပေးရခြင်း

ဟရိဆိန်ဟတို့ ဇနီးမောင်နှံမှာ ၂-ဦးလုံး အာဂရာဇာတိများ ဖြစ်ကြ၍ ပင်စင်ယူပြီးနောက်တွင်လည်း အာဂရာ၌ပင် အခြေချနေထိုင်သွားရန် ရည်ရွယ်ထားကြသည်။ ထို့ကြောင့် အာဂရာနှင့် တောလမ်းမကြီးဘေးတွင် မြေကွက်ဝယ်၍ တိုက် ၁-လုံး ဆောက်နေကြောင်း သိရသည်။ ယခု ထိုတိုက်အိမ်သစ်၌ ပရိတ်နာလိုသည်-ဟု ဆိုသဖြင့် သူတို့မိသားစုနှင့်အတူ တိုက်အိမ်သစ်သို့ လိုက်ပါသွားရပါသည်။ မြို့ထဲမှ သူတို့တိုက်သို့ ကားဖြင့် နာရီဝက်ခန့် သွားရပါသည်။ သူတို့ ဆောက်လုပ်နေသော တိုက်မှာ ခန့်ညားသော ၂-ထပ်တိုက် ဖြစ်၍ ကာလတန်ဖိုး သိန်း ၂၀-ခန့်ရှိလိမ့်မည်-ဟု ဆိုပါသည်။

ထိုတိုက်သို့ ရောက်သောအခါ ပရိတ်နာရန် နေရာကို ချက်ချင်း ပြင်ဆင်ကြသည်။ စာရေးသူသည် အချိန်မရှိလှတော့သဖြင့် ခပ်သုတ်သုတ် ပင် ၅-ပါးသီလပေးပြီး မင်္ဂလသုတ်, မေတ္တသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကို ရွတ်ဆိုပေးလိုက်ပါသည်။

## အစည်းအဝေးကြီး ကျင်းပမည့်နေရာ

ပရိတ်နာပြီးသောအခါ ဟရိဆိန်ဟက စာရေးသူအား ယနေ့ ညနေ အစည်းအဝေးကြီး ကျင်းပမည်နေရာသို့ ပို့ဆောင်ပြသပါသည်။ အစည်းအဝေးကြီး ကျင်းပမည့်နေရာတွင် ကျယ်ဝန်းသော မဏ္ဍပ်ကြီး ဆောက်လုပ်ထားပါသည်။ မဏ္ဍပ်ကြီးထဲတွင် လက်ယာဘက်၌ စင်မြင့် ၁-ခု၊ လက်ဝဲဘက်၌ စင်မြင့် ၁-ခု ထိုးထားပါသည်။ လက်ယာဘက် စင်မြင့် မှာ လူပုဂ္ဂိုလ် ခေါင်းဆောင်များထိုင်ရန် ဖြစ်ပြီး၊ လက်ဝဲဘက် စင်မြင့်မှာ ရဟန်းသံဃာများထိုင်ရန် ဖြစ်ပါသည်။ ထိုစင်မြင့်များ၏ ရှေ့တွင် ဗုဒ္ဓ မြတ်စွာ၏ ရုပ်ပုံတော် ၁-ဆူနှင့် ဒေါက်တာအမ္ဗေဒကာရ်၏ ရုပ်ပုံကြီး ၁-ခုလည်း အသီးအသီး ခန့်ညားစွာ ချိတ်ဆွဲထားသည်ကို တွေ့ရှိရပါသည်။

ဟရိဆိန်ဟသည် စာရေးသူအား အစည်းအဝေး ကျင်းပမည့်နေ ရာကို ပြသပြီး မြို့ထဲမှ သူ့အိမ်သို့ ပြန်ပင့်သွားပါသည်။ ထိုအိမ်သို့ ရောက် သောအခါ ၁၁-နာရီ ထိုးနေပြီးဖြစ်၍ **သူ့ညီ အသောက၏ဇနီး** အဆင်သင့် ချက်ပြုတ်ထားသော ဆွမ်းဘောဇဉ်များကို ဆက်ကပ်ပါသည်။ စာရေးသူ သည် သူတို့ ဆက်ကပ်သောဆွမ်းကို စား၍ပရိတ်တရား ချီးမြှင့်ပြီး ကျောင်း သို့ ပြန်လာခဲ့ပါသည်။

## ဘုရားချစ်သော ရာဟုလာ

ကျောင်းသို့ ပြန်ရောက်သောအခါ မိမိနှင့်တွေ့ဆုံရန် စောင့်နေ သော လူအတော်များများကို တွေ့ရပါသည်။ ထိုလူများထဲတွင် **ရာဂျဆတန်**

ပြည်နယ်မှ ဟိန္ဒူရသေ့ (ဆာဒူး) ၁-ဦးလည်း ပါဝင်ပါသည်။ သူသည် ရှင်ပြုလိုကြောင်း မိမိထံ မကြာခဏ စာရေးတောင်းဆိုနေသူ ဖြစ်ပြီး၊ ယခုလည်း ဗုဒ္ဓဘာသာအကြောင်းကို တစ်ခုပြီးတစ်ခု မေးမြန်းနေပါသည်။ သူမေးသမျှကို ဖြေကြားနေရသဖြင့် စာရေးသူမှာ အခြားဧည့်သည်များနှင့် ကောင်းစွာ စကားပြောခွင့် မရအောင် ဖြစ်နေပါသည်။ ထို့နောက် ဒေလီမှ **ရာမ်နိဟောရာ** ဆိုသူက သူ့အား ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးပြီး နာမည်ကိုလည်း ပြောင်းပေးရန် တောင်းဆိုပြန်ပါသည်။ စာရေးသူက သူ့နာမည်ကို **ဗုဒ္ဓပိယ ရာဟုလာ (ဘီပီရာဟုလာ)**-ဟု ပြောင်းပေးလိုက်ရာ သူအလွန် သဘောကျသွားပါသည်။ ဗုဒ္ဓပိယ ရာဟုလာ-ဟူသည် ဘုရားချစ်သော ရာဟုလာ-ဟု အဓိပ္ပါယ်ရပါသည်။

## ဓမ္မတေးသံ တညံညံ

ဤသို့ဖြင့် ဧည့်သည်များနှင့် တွေ့ဆုံနေရင်း အချိန်တဖြည်းဖြည်း ကုန်လွန်သွာခဲ့ပြီး ညနေ ၃-နာရီအချိန်သို့ ရောက်လာပါသည်။ ထိုအခါ တရားသူကြီး **ဟရိဆန်ဟ**သည် စာရေးသူအား ပင့်ဆောင်ရန် ဖိယက်ကားကလေးဖြင့် ရောက်လာပါသည်။ ထိုကားတွင် ရှေ့၌ သာသနာ့အလံ တပ်ဆင်ထားပြီး နောက်မှ ဒေါက်တာအမ္ဗေဒကာရ်၏ သားသမီးများ စီးသောကား ၁-စီး လိုက်ပါလာပါသည်။ အစည်းအဝေး ကျင်းပမည့် ကောထိမိနာ-ဘဇာကွင်းပြင်မှာ မိမိတည်းခိုသော ကျောင်းနှင့် ၆-မိုင်မျှ ဝေးပါသည်။ လမ်းတစ်လျှောက်တွင် ကားကြီး,ကားငယ်များဖြင့်လည်းကောင်း မြင်းလှည်း, နွားလှည်းတို့ဖြင့်လည်းကောင်း ခြေလျှင်လျှောက်၍လည်းကောင်း ထိုကွင်းပြင်သို့ သွားနေကြသူများကို အဆက်မပြတ် တွေ့မြင်ရပါသည်။ အမျိုးသမီးများကား အဝတ်ဖြူများကိုသာ ဝတ်ဆင်ထားကြပါသည်။

စာရေးသူသည် ကွင်းပြင်သို့ ရောက်သောအခါ ကားပေါ်မှ ဆင်းပြီး ပရိသတ်ကြားထဲမှ စင်မြင့်ဆီသို့ လျှောက်သွားရပါသည်။ အလျား ၂-မိုင်, အနံ ၁-မိုင်ခန့်ရှိသော ကွင်းပြင်ကြီးထဲ၌ လူထုပရိသတ်များဖြင့် ပြည့်ကျပ်နေပါသည်။ မဏ္ဍပ်ကြီး၏ လေးဖက်လေးတန်၌ တပ်ဆင်ထားသည့် အလုံး ၂၀-မျှသော အသံချဲ့စက်တို့မှာလည်း ဓမ္မတေးသံများနှင့် ဟောသံ,ပြောသံများ ဆူညံစွာ ထွက်ပေါ်လျက် ရှိပါသည်။

## အစည်းအဝေးကြီး စပါပြီ

အစည်းအဝေးကို ညနေ ၅-နာရီခွဲတိတိတွင် စတင်ဖွင့်လှစ်ကြောင်း ကြေညာပါသည်။ ထိုအစည်းအဝေးကြီး၌ သဘာပတိအဖြစ် ကုသိနာရုံ ဆရာတော် ဦးဉာဏိဿရအား တင်မြှောက်ရန် ဥတ္တရပဒေသပြည်နယ်၊ ဘာရတိယ ဗုဒ္ဓမဟာသဘာဥက္ကဋ္ဌ၊ ဂျပန္နာထ်အာဒိတျက အဆိုတင်သွင်းရာ ရဟန်း,ရှင်,လူအားလုံးက သဘောတူထောက်ခံကြသည်။ ထို့နောက် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူ သိရိမတီအမိတာအမ္ဗေဒကာရ်က ဗုဒ္ဓဘာသာဝင်များ လိုက်နာရမည့် စည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောပြပါသည်။

သည်နောက်တွင် လူဦးရေ ၃-သိန်းမှ ၅-သိန်းခန့်အထိ ရှိသော ပရိသတ်ကြီးသည် သဘာပတိဆရာတော်၏ ရှေ့မှောက်၌ ရှိခိုးဦးချ၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူရန် တလှုပ်လှုပ်တရွရွ ဖြစ်လာသည်။ ရှေ့သို့ တိုးသူက တိုးလာကြသည်။ ထိုအချိန်တွင် အခမ်းအနားမှူးက ငြိမ်ငြိမ်သက်သက်နေကြရန် နှိုးဆော်ပြီး–

'သင်တို့အားလုံး ဗုဒ္ဓဘာသာသို့ ဝင်ကြမလား'-

ဟု ပရိသတ်ကြီးကို မေးလိုက်သည်။ ပရိသတ်အားလုံးက 'ဝင်ကြပါမည်'-ဟု တစ်ခဲနက် ဖြေဆိုကြသည်။ တဖန်–

'သူများ ဆွဲဆောင်လို့ မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် ဗုဒ္ဓဘာသာသို့ ဝင်မည့်သူများ လက်ညှိုးထောင်ကြပါ'

ဟု အခမ်းအနားမှူးက ပြောလိုက်ရာ တစ်ယောက်မကျန် လက်ညှိုးထောင်ကြသည်။ အခမ်းအနားမှူးက ဒုတိယအကြိမ်, တတိယအကြိမ် ထပ်၍ ပြောသောအခါများ၌လည်း အားလုံးက တစ်ညီတည်း လက်ညှိုးထောင်ကြသည်။ ထောင်ပေါင်းများစွာသော ပရိသတ်ကြီး၏ မှိုပွင့်ကလေးများ ပွင့်နေသကဲ့သို့ တစ်ညီတည်း ထောင်ထားသော လက်ချောင်းကလေးများကို တွေ့မြင်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။

## တတိယဝိဇယဒသမီ အောင်မြင်ပြီ

ထို့နောက် ဘာရတိယမဟာသဘာဥက္ကဋ္ဌက–

**'ဩကာသ ဒွါရတ္တယေန ကတံ သဗ္ဗံ အပရာဓံ ခမထ မေ ဘန္တေ'**

ဟု ၃-ကြိမ် ဆိုသည်။ သဘာပတိဆရာတော်က 'အဘိဝါဒနသီလိဿ' ဂါထာဖြင့် ဆုပေးသည်။ တဖန် မဟာသဘာဥက္ကဋ္ဌက 'အဟံ ဘန္တေ'စသော ပါဠိဖြင့် သရဏဂုံနှင့် ၅-ပါးသီလတို့ကို တောင်းခံသည်။ ဆရာတော်က 'နမော တဿ'ဘုရားရှိခိုးနှင့်တကွ သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ပါဠိတို့ကို ချပေးရာ ပရိသတ်ကြီးက တခဲနက် လိုက်ဆိုကြသည်။ ထို့နောက်တွင် ပရိသတ်ကြီး၏ ကောင်းချီးဩဘာ သာဓုခေါ်သံများ ပတ်ဝန်းကျင်တစ်ခုလုံးသို့ စိမ့်ထွက်သွားလေတော့သည်။

အိန္ဒိယတိုင်းရင်းသား လူမျိုးပေါင်းစုံ ၅-သိန်းခန့်တို့ ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့ကြသည့် **"တတိယ ဝိဇယဒသမီ"**ခေါ် လူထုအစည်းအဝေးကြီးကား ၁၉၉၀-ပြည့်နှစ်၊ စက်တင်ဘာလ၊ ၂၉-ရက်နေ့၊ ညနေ ၇-နာရီ အချိန်တွင် အောင်မြင်စွာ ပြီးဆုံးသွားလေသည်။

ဟရိဗလ၊ ကုသိနာရုံ

# ကန်ပူရ်မြို့ ရဟန်းခံပွဲ

## ဂင်္ဂါမြစ်ရေသိမ်တွင်

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံသည် အိန္ဒိယနိုင်ငံကြီး၏ အနောက်မြောက်ပိုင်း ယူပီ ခေါ် ဥတ္တရပဒေသပြည်နယ် အတွင်း၌ တည်ရှိသည်။ ဥတ္တရပဒေသပြည်နယ်၏ မြို့တော်မှာ **လက္ခနောင်း** ဖြစ်သည်။ ဥတ္တရပဒေသပြည်နယ်တွင် မြို့တော်လက္ခနောင်းအပြင် အခြားထင်ရှားသော မြို့ကြီး ၅-မြို့ ရှိသည်။ ယင်းတို့မှာ ကန်ပူရ်, ဗာရာဏသီ, အာဂရာ, အေလာဟာဗဒ်နှင့် ဂေါရခ်ပူရ်တို့ ဖြစ်သည်။

၁၉၆၃-ခုနှစ်မှ စ၍ ကုသိနာရုံ၌ နေထိုင်ခဲ့သော စာရေးသူသည် အထက်ဖော်ပြပါ မြို့ကြီး ၆-မြို့အနက် ပထမဦးဆုံး အာဂရာမြို့၌ ကျင်းပသော ဗုဒ္ဓဘာသာ လူထုအစည်းအဝေးကြီးသို့ တက်ရောက်ခဲ့ရသည်။ ထို့နောက် လက္ခနောင်း, ကန်ပူရ်, ဗာရာဏသီ, အေလာဟာဗဒ်နှင့် ဂေါရခ်ပူရ်တို့၌ ကျင်းပသော ဗုဒ္ဓဘာသာ အစည်းအဝေးကြီးများသို့လည်း အသီးအသီး တက်ရောက်ခဲ့ရပါသည်။

တစ်ခါက ကန်ပူရ်မြို့၊ ဂင်္ဂါမြစ်ဆိပ်ကမ်း သဲသောင်ပြင်ပေါ်၌ ရဟန်းတော် ၂၅-ပါး ထိုင်နေကြသည်။ အိန္ဒိယသံဃနာယက ဆရာတော်ကြီး **ဦးအာနန္ဒမိတြ**-က အရပ် ၄-မျက်နှာသို့ သဲများ ပက်လျက် သိမ်နိမိတ် သတ်မှတ်နေပါသည်။ **ဥဒကုက္ခေပသိမ်ခေါ် ရေသိမ်ဖြင့်** ရဟန်းခံခြင်း ဥဒသမ္ပဒကံကို ဆောင်ရွက်ရန် စီမံနေခြင်း ဖြစ်ပါသည်။ ယခု မိမိတို့ ထိုင်နေသော သဲသောင်ပြင်မှာ မိုး ၄-လပတ်လုံး ရေလွှမ်းနေခဲ့ပြီး ဆောင်းရာသီ အလယ် သို့မဟုတ် နွေရာသီဦးတွင်မှ သောင်ထွန်းနေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဝိနည်းဥပဒေအရ ထိုကဲ့သို့သော နေရာမျိုး၌ ရေသိမ်အဖြစ်ဖြင့် သံဃကံများ ဆောင်ရွက်နိုင်ခွင့် ရှိပါသည်။ ထို့ကြောင့် ယင်းသောင်ပြင်၌ ရဟန်းခံရန် စီစဉ်ခြင်း ဖြစ်ပါသည်။

သံဃာတော် ၂၅-ပါးတွင် စာရေးသူမှာ မြန်မာရဟန်း ၁-ပါးဖြစ်သော်လည်း ရဟန်းခံခြင်း, သိမ်သမုတ်ခြင်း-စသော သံဃာ့ကံများကို လက်တွေ့ အနေဖြင့် တာဝန်ယူ၍ တစ်ကြိမ်တစ်ခါမျှ မဆောင်ရွက်ခဲ့ဖူးပေ။ စာသင်သားဘဝမှ နေ၍ ကုသိနာရုံသို့ ရောက်လာပြီး ကျောင်းတိုက်ထိန်းသိမ်းရေး တာဝန်ကို ယူခဲ့ရသောကြောင့် အဆိုပါသံဃကံများ ဆောင်ရွက်ပုံတို့ကို စာတွေ့အနေဖြင့်သာ လေ့လာမှတ်သားခဲ့ရဖူးပါသည်။

ထိုနေ့တွင်မူ လက်တွေ့ဆောင်ရွက်ရန် တာဝန်ကျလာပါသည်။ သံဃနာယက ဆရာတော်ကြီးက–

“ဒီနေ့ ကုသိနာရုံဆရာတော်က ရဟန်းလောင်း ဆုံးမပါ”ဟု မိန့်ကြားပါသည်။ သို့သော် ရဟန်းလောင်းမှာ တစ်ပါးတည်း မဟုတ်။ ၂-ပါး, ၃-ပါးလည်း မဟုတ်။ ၁၇-ပါးတိတိ ရှိပါသည်။ ထို ၁၇-ပါးလုံးကို ၁-ကြိမ်တည်းဖြင့် ရဟန်းခံ၍ မဖြစ်နိုင်ပါ။ ၃-ပါးစီ, ၅-ကြိမ်နှင့် ၂-ပါး,၁-ကြိမ် အားဖြင့် အားလုံးပေါင်း ၆-ကြိမ်ခွဲ၍ ကမ္မဝါ ဖတ်ရပါလိမ့်မည်။

ထို့ကြောင့် စာရေးသူသည် ဆရာတော်ကြီး၏ ဩဝါဒအရ ရဟန်းလောင်းများကို ၃-ပါး, ၁-တွဲစီ ခွဲထားပြီး ရဟန်းလောင်း ဆုံးမရာတွင်မူ ၁-ပါးစီ ဆုံးမရပါသည်။

စာရေးသူသည် တိုင်းတစ်ပါးသို့ ရောက်နေသော်လည်း မြန်မာလိုကမ္မဝါ ၁-စောင်ကို သွားလေရာသို့ ယူဆောင်လေ့ ရှိပါသည်။ သို့ဖြစ်၍ ထိုကမ္မဝါစာကို ကြည့်၍ ဆုံးမသောကြောင့် အခက်အခဲ မရှိလှပါ။ သို့ရာတွင် ရဟန်းလောင်းများအား ဖြေပုံ, ဖြေနည်းကို ကြိုတင်ပြောပြရန် အချိန်မရသဖြင့် သူတို့က စိတ်ထင်သလို ဖြေကြသောကြောင့် ရဟန်းခံပွဲမှာ အချိန်ကြာသင့်သည်ထက် ပို၍ ကြာမြင့်သွားခဲ့ပါသည်။

## မြန်မာပြည်မှ လှူလိုက်သော ပရိက္ခရာ ၅-စုံ

နံနက် ၇-နာရီခွဲမှ စတင်ခဲ့သော ရဟန်းခံပွဲသည် ၁၁-နာရီကျော်မှ ပြီးဆုံး၍ ဆရာတော်များနှင့်တကွ ရဟန်းသစ်များပါ ဆွမ်းစားကြရပါသည်။ စာရေးသူသည် ကုသိနာရုံမှ လာစဉ် မြန်မာပြည်မှ ဒကာ,ဒကာမများ လှူဒါန်းထားသော **ပရိက္ခရာ ၅-စုံ**ကို ယူဆောင်ခဲ့ပါသည်။ ရဟန်းလောင်း ၁၇-ပါးထဲမှ စိတ်ကြိုက် ၅-ပါးကို ရွေး၍ လှူဒါန်းရန် ဖြစ်ပါသည်။ မြန်မာပြည်မှ ဒကာ,ဒကာမများက လှူဒါန်းစေလိုသော ရဟန်းလောင်းများမှာ–

၁။ အသက်ငယ်ရွယ်ခြင်း၊

၂။ ပညာသင်နိုင်မည့်သူဖြစ်ခြင်း၊

၃။ ရဟန်းဘဝ၌ အမြဲတမ်းနေမည့်သူဖြစ်ခြင်း–

ဟူသော အင်္ဂါ ၃-ချက်နှင့် ပြည့်စုံသောရဟန်းလောင်းများ ဖြစ်ပါသည်။ ထိုအင်္ဂါ ၃-ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ, ရဟန်းများ ဖြစ်လာကြမည်ဆိုလျှင် သာသနာပြုရာ၌ အထောက်အကူ ရလာလိမ့်မည်။ ပညာတတ်၍ အဟောအပြောကောင်းသော ဓမ္မကထိကများ ဖြစ်လာပြီး မိမိတို့၏ဆွေမျိုး

မိတ်ဆွေ အသိုက်အဝန်းများကို ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် ဟောပြော စည်းရုံးနိုင်ကြလိမ့်မည်။ ဤကား ပရိက္ခရာ ၈-ပါး လှူဒါန်းလိုက်သော မြန်မာ ဒကာ,ဒကာမတို့၏ မျှော်လင့်ချက်များ ဖြစ်ပေသည်။

အထက်ပါ ဒကာ,ဒကာမတို့၏ ဆန္ဒနှင့်အညီ မိမိသည် ရဟန်း လောင်း ၅-ပါးကို ရွေးချယ်၍ ပရိက္ခရာ ၁-စုံစီ လှူဒါန်းလိုက်ပါသည်။ မိမိရွေးချယ်လိုက်သော ရဟန်းလောင်း ၅-ပါးမှာ–

၁။ လက္ခနောင်းမြို့အနီး ဟရဒိုအီနယ်မှ **ရှင်ဝိနယဓမ္မ**

၂။ အာဂရာမြို့မှ **ရှင်ပညာဒီပ**

၃။ ဂျန်ဆီမှ **ရှင်သုဂတာနန္ဒ**

၄။ ဂေါရခ်ပူရ်မြို့မှ **ရှင်ဓမ္မသာဂရနှင့်**

၅။ ဗဆတီးနယ်မှ **ရှင်ပညာနန္ဒ** တို့ ဖြစ်ပါသည်။

ဤရဟန်းခံပွဲကြီးတွင် အထက်ပါ ရဟန်းလောင်း ၅-ပါးနှင့်အတူ ဥတ္တရပဒေသပြည်နယ် အနောက်မြောက်ဘက်ပိုင်းဖြစ်သည့် အာဂရာမြို့ နယ်, ဥရာအိမြို့နယ်, ဂျန်ဆီမြို့နယ်, အေလာဟာဗဒ်မြို့နယ်-စသည်တို့ မှ ဗုဒ္ဓဘာသာကို အမှန်တကယ် သက်ဝင်ယုံကြည်နေကြသည့် '**ကဗိရ- ပန္တိက**' ဆာဒူးများ ပါဝင်ကြပါသည်။ ယင်းတို့အနက် အေလာဟာဗဒ်မြို့မှ ရဟန်းလောင်း ၁-ပါးမှာ အသက် ၆၀-ခန့် ရှိလေပြီ။ သူသည် ဒီဂရီ ကောလိပ်, ဥပဒေကောလိပ်နှင့် လူမှုဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းတည်ထောင် လျက် လူမှုရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့် ဆားဒူး ကြီး ၁-ဦး ဖြစ်ပေသည်။

## တရားဟောရာ ပြဿနာ

အိန္ဒိယတွင် လူမျိုးပေါင်းများစွာ, ဘာသာတရားပေါင်းများစွာ ရှိသည်ဖြစ်၍ ဗုဒ္ဓဘာသာတရား ဟောပြောရသည်မှာ အလွန်ခက်ခဲလှပါ သည်။ **ကန်ပူရ်ရဟန်းခံပွဲတွင် ပထမနေ့၌** သံဃနာယက ဆရာတော်ကြီး

**အရှင်အာနန္ဒမိတြ**-က တရားဟောပါသည်။ သူ့တရားကို နားထောင်သူများက သိပ်ပြီး သဘောကျကြဟန် မတူပါ။ ကိုယ့်ဘာသာကိုယ် အားတက်လာမိပါသည်။ စောစောပိုင်းကမူ မိမိသည် သူတို့လူမျိုးများ၏ အခြေအနေကို နားမလည်ခြင်းနှင့် ဘာသာစကား ခြားနားမှုတို့ကြောင့် တရားဟောရန် တွန့်ဆုတ်,တွန့်ဆုတ် ဖြစ်နေခဲ့ပါသည်။

ယခု ဆရာတော်ကြီးမှာ အိန္ဒိယသားဖြစ်၍ ဘာသာစကား အခက်အခဲ မရှိလှသော်လည်း ဗုဒ္ဓဘာသာအကြောင်းကို ပရိသတ် သဘောပေါက်အောင် ဟောပြောနိုင်ခြင်း မရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် မိမိသည် ဆရာတော်ကြီးကို နမူနာပြုပြီး တရားဟောရာတွင် ရဲရဲတင်းတင်းနှင့် ပြတ်ပြတ်သားသား ဟောပြောနိုင်အောင် လေ့ကျင့်ကြိုးစားရမည်ဖြစ်ကြောင်း သင်ခန်းစာယူလျက် သတ္တိကို မွေးနိုင်ခဲ့ပါသည်။ ထိုသို့အားဖြင့် ထိုနှစ်မှာပင် လူထု ၂-သောင်းကျော် တက်ရောက်သော တရားပွဲကြီး ၁-ခု၌ ရဲရဲဝံ့ဝံ့ ဟောပြောနိုင်ခဲ့ပါသည်။

အိန္ဒိယ၌ တရားဟောရာတွင် မကြာခဏ တွေ့ကြုံရသည့် ပြဿနာမှာ မေးခွန်းများ မေးတတ်ကြခြင်း ဖြစ်ပါသည်။ မေးခွန်းများ မေးကြရာ အချို့လူများသည် သူတို့မေးသော မေးခွန်းကို မဖြေနိုင်လျှင် သူတို့လောက်မတတ်-ဟု နှိမ့်ချချိုးနှိမ်၍ ပြောဆိုတတ်ကြလေသည်။

တစ်ချိန်က ဗုဒ္ဓဘာသာလောက၌ ထင်ရှားခဲ့သော **မိလိန္ဒမင်းကြီး**သည် မိမိမေးသည်ကို မဖြေနိုင်လျှင် ချိုးနှိမ်ပစ်လိုက်မည်-ဟူသော ရည်ရွယ်ချက်ဖြင့် **ရှင်နာဂသေန**အား ပြဿနာများကို မေးမြန်းခဲ့သည်။ သို့သော်လည်း ရှင်နာဂသေန၏ အဖြေများကို ကြားနာရသောအခါ အလွန်ကျေနပ်သဘောကျ၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့လေသည်။

## ဒေါသကြီးသော ဦးပဉ္စင်း

စာရေးသူ၏ သာသနာပြု ခရီးတစ်လျှောက်တွင် မိလိန္ဒမင်းကြီးကဲ့သို့ ပညာမာန်တက်သူ, ပညာစမ်းသူတို့နှင့်လည်း ရံဖန်ရံခါ ကြုံတွေ့

ခဲ့ရပါသည်။ ကန်ပူရ်တရားပွဲတွင် မိမိနှင့်အတူ ဦးပဉ္စင်းငယ် ၁-ပါး ပါလာခဲ့သည်။ ထိုဦးပဉ္စင်းမှာ နိုင်ငံရေးလိုလို, ဘာသာရေးလိုလိုဖြင့် ခေတ်လူတို့ကြိုက်သောတရားများကို ဟောတတ်ကြသောကြောင့် အတော်ကလေး နာမည်ကြီးနေသူ ဖြစ်ပါသည်။ သူ့ဇာတိမှာ **အလိဂါးခရိုင်** ဖြစ်ပါသည်။ အာဂရာတရားပွဲအပြီးတွင် အာဂရာနှင့် နီးကပ်နေပြီဖြစ်သော **ဟိန္ဒူဘုရားကရိသျှန** မွေးဖွားရာ မထုရာမြို့သို့ သွားစဉ်က မိမိနှင့် သိကျွမ်းခဲ့ခြင်း ဖြစ်သည်။

ထိုဦးပဉ္စင်း၏ ခေါင်း၌ အမာရွတ်တော်တော်များများ ရှိနေသည်ကို တွေ့ရသည်။ သူမခံချင်လျှင် ချက်ချင်းထ၍ ရိုက်နှက်ထိုးပုတ်တတ်သောကြောင့် ထိုဒဏ်ရာများ ရရှိခဲ့ခြင်း ဖြစ်သည်-ဟု သိရသည်။ သူ့ခေါင်းမှ ဆံပင်များမှာလည်း အမြဲတမ်းလို ရှည်နေတတ်သည်။ ၁၉၈၂-ခုနှစ်က ဒကာမကြီး တစ်ယောက်က-

'ဦးပဉ္စင်း ဘာလို့ ခေါင်းမရိတ်တာလဲ'

ဟု မေးရာ သူ့ခေါင်းမှာ ဒဏ်ရာတွေများနေလို့ ရိတ်နေကျလူ မဟုတ်ရင် ဓားထိတတ်သောကြောင့် မရိတ်ရခြင်းဖြစ်ကြောင်း ဖြေခဲ့ဖူးလေသည်။

ထိုဦးပဉ္စင်းကို စာရေးသူကပင် ရှင်ပြုပေးပြီး **အာဂရာရဟန်းခံ** ပွဲတွင် ရဟန်းခံပေးခဲ့သည်။ ကြီးလာလျှင် လူဆိုး, ဓားပြကြီး ဖြစ်လိမ့်မည်-ဟု ဗေဒင်ဟောကိန်းရှိသော အင်္ဂုလိမာလအလောင်း သူငယ်အား နှိမ့်ချသည့်အနေဖြင့် **အဟိံသက** (မညှင်းဆဲသူ)-ဟု နာမည်ပေးခဲ့သကဲ့သို့ မိမိကလည်း ဒေါသကြီးသော ထိုဦးပဉ္စင်းအား **ကရုဏာကရ** (သနားကြင်နာပြုတတ်သူ)-ဟူ၍ ဘွဲ့အမည် ပေးခဲ့သည်။ ထိုဦးပဉ္စင်းကဲ့သို့ပင် ဒေါသကြီးသော အခြားဦးပဉ္စင်း ၁-ပါးလည်း ရှိသေးသည်။ ရာယဘရေလီတွင် နေထိုင်သော ထိုဦးပဉ္စင်းကိုမူ **ကရုဏာသိပ္ပ** (သနားခြင်းအလေ့ရှိသူ)-ဟု ဘွဲ့အမည် ပေးခဲ့လေသည်။

## ဗုဒ္ဓဘာသာဝင် အစစ်-ဟု ဆိုသူ

တစ်ခါသော် ဒေါသကြီးလွန်း၍ တမင်သက်သက် ကရုဏာကရ ဘွဲ့အမည် ပေးထားသော ထိုဦးပဥ္စင်းနှင့်အတူ တရားဟောထွက်ခဲ့သည်။ မဟာရဋ္ဌပြည်နယ်မှ ရဟန်း ၁-ပါးနှင့် ဒကာ ၄-၅-ယောက် မိမိထံ ရောက်လာသည်။ ကျွန်ုပ်တို့များက မိမိအား အသီးအသီး ရှိခိုးကြသော်လည်း ခေါင်းဆောင်ဖြစ်သူကမူ ရှိမခိုး။ ပါးစပ်မှလည်း ဘာမျှမပြောဘဲ မိမိအား အကဲခတ်သလိုဖြင့် ကြည့်၍သာ နေသည်။ ကျွန်ုပ်တို့များ ရှိခိုးပြီးသောအခါ တွင်မူ ကုလားထိုင် ၁-လုံးကိုယူ၍ အနားမှာ လာထိုင်သည်။ ထို့နောက် သူက မိမိအား မေးခွန်းများ တစ်ခုပြီးတစ်ခု ဆက်တိုက်မေးလေသည်။

'ဆရာတော် ဘယ်က ကြွလာခဲ့ပါသလဲ'

'ကုသိနာရုံက လာခဲ့ပါတယ်'

'ဆရာတော်တို့ ကျောင်းမှာ သံဃာဘယ်နှစ်ပါး ရှိပါသလဲ'

'သံဃာ ၇-ပါး ရှိပါတယ်'

'ဆရာတော်တို့ ကျောင်းမှာ ဥပုသ်ပြုကြပါသလား'

'ဥပုသ် ပြုကြပါတယ်'

'ဆရာတော်တို့ ကျောင်းမှာ ပဝါရဏာ ပြုကြပါသလား'

'အချိန်အားလျော်စွာ ပဝါရဏာ ပြုကြပါတယ်။

သူ့မေးခွန်းများကို ဖြေပြီးသောအခါ စာရေးသူကလည်း သူ့ကို ပြန်၍ မေးခွန်းထုတ်လိုက်ပါသည်။

'ဒကာကြီး၊ ခင်ဗျားက မေးခွန်းတွေ အများကြီး မေးပြီးပြီ။ ဦးပဥ္စင်း ကလဲ မေးချင်တယ်။ မေးရမလား'

'မေးပါ, မေးပါ'

'ဒကာကြီး ဗုဒ္ဓဘာသာလား'

'တပည့်တော် ဗုဒ္ဓဘာသာအစစ်ပါ'

'ဒကာကြီး ၅-ပါးသီလကို သိသလား'

'သိပါတယ်'

'ဒကာကြီး ၈-ပါးသီလကို သိသလား'

သူ မဖြေ၊ နှုတ်ဆိတ်နေသည်။

'ဒကာကြီး၊ လူတွေ စောင့်ထိန်းရတဲ့ ၁၀-ပါးသီလကို သိသလား' ဤမေးခွန်းကိုလည်း သူမဖြေ၊ နှုတ်ဆိတ်နေသည်။

'ဒကာကြီး ဗုဒ္ဓဘာသာ အစစ်လို့ ပြောခဲ့တယ်၊

ဗုဒ္ဓဘာသာ အစစ်ဆိုရင် ရဟန်းတော်များနှင့် တွေ့တဲ့အခါ ဘယ်လို ဆက်ဆံရပါသလဲ၊'

ဤမေးခွန်းကိုလည်း သူမဖြေ၊ နှုတ်ဆိတ်နေသည်။

'ဒကာကြီးက ဦးပဉ္ဇင်းကို ဥပုသ်ပြုသလား၊ ပဝါရဏာ ပြုသလား လို့ မေးခဲ့တယ်၊ ဥပုသ်ဆိုတာ ဘာလဲ၊ ပဝါရဏာဆိုတာ ဘာလဲ၊ ဥပုသ်နဲ့ ပဝါရဏာ ဘယ်လို ခွဲခြားပါသလဲ။'

မိမိကိုယ်မိမိ ဗုဒ္ဓဘာသာအစစ်ပါလို့ ပြောခဲ့သော ထိုဒကာသည် စာရေးသူက ဆက်၍ ဆက်၍ မေးလိုက်သော မေးခွန်းများကို မဖြေနိုင်တော့သဖြင့် ပါးစပ်ပိတ်သွားလေတော့သည်။ ထိုအခါ စာရေးသူက ဥပုသ်ဆိုတာ ဘာကို ခေါ်သည်။ ပဝါရဏာဆိုတာ ဘာကို ခေါ်သည်။ ဘယ်နေ့မှာ ဥပုသ်ပြုရပြီး ဘယ်နေ့မှာ ပဝါရဏာပြုရသည်-စသော အကြောင်းကို သူ့အား အသေးစိတ် ရှင်းပြပါသည်။ နောက်နောင်တွင် သူတစ်ပါးအား နှိမ့်ချ ထိပါး၍ ပြောဆိုခြင်း မပြုရန်လည်း တိုက်တွန်းလိုက်ရပါသည်။

မိမိ၏ တိုက်တွန်းပြောဆိုမှုကြောင့် ထိုဒကာအတော်အသင့် ဆင်ခြင်သွားလိမ့်မည်-ဟု စာရေးသူ မျှော်လင့်ခဲ့သည်။ သို့သော်လည်း မျှော်လင့်ချက် မပြည့်ဝခဲ့ပါ။ သူ့ကိုယ်သူသာ ဗုဒ္ဓဘာသာအစစ်-ဟု ခံယူထားသော ထိုဒကာသည် နောက်တစ်နေ့တွင် ပို၍ ကြီးကျယ်သော ပြဿနာကို ဖန်တီးခဲ့ပြန်လေသည်။

ဟရိဗလ၊ ကုသိနာရုံ

# ဝိပဿနာသမားနှင့် ဓမ္မကထိက

ထိုနေ့ နံနက်တွင် ဆရာဝန် ၁-ယောက်က ဆွမ်းစားဖိတ်ထားသည်။ ၁၁-နာရီလည်း ထိုးလုနီးနေပြီ၊ သို့သော် ပင့်သူကား ပေါ်မလာ။ အချိန်မရှိတော့ပြီ ဖြစ်သောကြောင့် ထိုဆရာဝန်က မိမိအား ပင့်ဆောင်ပေးရန် တာဝန်ပေးထားသော ကထိက ၁-ယောက်အိမ်သို့ လန်ချားဖြင့် ထွက်ခဲ့သည်။ ထိုကထိကအိမ်ဝသို့ ရောက်သောအခါ ကထိက၏ဇနီး ဒကာမကြီးက လက်အုပ်ချီလျက် 'အရှင်ဘုရား၊ မြန်မြန်ကြွခဲ့ပါ။ အရှင်ဘုရား မြန်မြန်ကြွခဲ့ပါ'ဟု လှမ်းခေါ်နေသည်။

သို့ဖြင့် အိမ်ထဲသို့ ခပ်သုတ်သုတ်သွားရာ အိမ်ရှေ့ခန်း၌ လူ ၁၅-ယောက်ခန့်ကို တွေ့ရသည်။ သူတို့အားလုံးသည် အတွင်းခန်း ၁-ခုဆီသို့ စူးစူးစိုက်စိုက် ကြည့်ရှုနေကြသည်။ 'ဘာလဲ-ဘာလဲ-'ဟု မေး၍ အခန်းထဲသို့

စာရေးသူ ဝင်သွားရာ စာရေးသူ၏ တပည့်ဦးပဥ္စင်းအား ဘုရားရှေ့တွင် ကိုယ်မှ သက်န်းများကို ဘေးသို့ ပုံချထားပြီး တစ်ခုခုကို အဆိုခိုင်းနေကြောင်း တွေ့ရသည်။ ယမန်နေ့က ဒကာသည် စာရေးသူအား မေးခဲ့သည့် မေးခွန်းများကိုပင် ထိုဦးပဥ္စင်းအား မေးပြီး မဖြေနိုင်၍ တစ်ခုခုလုပ်နေခြင်း ဖြစ်ကြောင်း စာရေးသူ အတပ်တွေးလိုက်မိသည်။

ထို့ကြောင့် 'ဟေး-ကရုဏာကရ၊ ဘာလုပ်နေတာလဲ'-ဟု မေးလိုက်သည်။ ထိုအခါ ဦးပဥ္စင်း ကရုဏာကရသည် ပြုန်းခနဲ ထခုန်၍ ဒကာ ၁-ဦး၏ ကိုယ်လုံးကို မ-ချီ၍ ကိုင်ပေါက်တော့မလို လုပ်လေသည်။ ထိုအခါ စာရေးသူက 'ဟေး-ကရုဏာကရ၊ တော်လောက်ပြီ၊ တော်လောက်ပြီ၊ သတိထားပါ'-ဟု ပြော၍ တံခါးဖွင့်ပြီး သူတို့ ၂-ယောက်လုံးကို အပြင်သို့ ခေါ်ခဲ့ရသည်။ အခန်းပြင်သို့ ရောက်၍ မေးမြန်းသောအခါကမှ သူတို့ ၂-ဦး၏ ဖြစ်ပျက်ခဲ့ပုံ အကြောင်းစုံကို အစမှ အဆုံးထိ သိရပါတော့သည်။

ဒကာက ဦးပဥ္စင်းကို မေးသည်။

'ဦးပဥ္စင်း၊ ဝိပဿနာကို နားလည်ရဲ့လား'

'ဝိပဿနာကို ကျုပ်နားမလည်ဘူး၊ ကျုပ်က တရားဟော ဓမ္မကထိက တစ်ပါးဘဲ'

ထိုအခါ ဒကာက–

'ရဟန်းလုပ်နေပြီး ဝိပဿနာကိုမှ နားမလည်ရင် သက်န်းတွေ ချွတ်လိုက်ပါ၊ သက်န်း မဝတ်ပါနဲ့'–

ဟု ဆိုပြီး သက်န်းများကို အတင်းဆွဲချွတ်သည်။ ထို့နောက် ဒကာလည်း တစ်ဇွတ်ထိုး၊ ဦးပဥ္စင်းကလည်း တစ်ဇွတ်ထိုးသမားဖြစ်၍ သူတို့ ၂-ယောက်ထပြီး နပန်းလုံးကြသည်။ နောက်ဆုံးတွင် ၅-ကီလိုခန့်လေးသော သံတုံးကြီး ၁-တုံးကို ဦးပဥ္စင်းက ရရှိ၍ ထိုသံတုံးဖြင့် ဒကာကို ထုမည်လုပ်တော့မှ ကြားလူများက မနေသာတော့ဘဲ ဝင်၍ ဖြန်ဖြေကြရ

တော့သည်။ အဆိုးဆုံးအခြေအနေသို့ ရောက်မသွားသည်မှာ ကံကောင်းသည်-ဟူ၍ပင် ဆိုရပေတော့မည်။ ဒေါသကြီးတတ်သော ဦးပဉ္စင်းကား ကရုဏာကရ-ဟူသော ဘွဲ့အမည်ကို ခံယူထားသော်လည်း မိမိ၏ ဘွဲ့အမည်နှင့် လျော်ညီအောင် ကရုဏာတရား မထားတတ်သေးပါတကား။ -

'မောင်းထောင်ကလည်း မောင်းထောင်, တောင်ငူကလည်း တောင်ငူ' ဟူ၍ ဆိုရမလို ဖြစ်နေပေတော့သည်။

တကယ်တော့ မဟာရဋ္ဌပြည်နယ်မှ ဒကာမှာလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်။ ဗုဒ္ဓဘာသာဝင် အစစ်-ဟု ဆို၍ ကန်ပူရ်မှ လူအများက တကူးတက ဖိတ်ခေါ်ထားသော ပုဂ္ဂိုလ် ဖြစ်ပေသည်။ ထို့ကြောင့် ဦးပဉ္စင်း ကရုဏာကရနှင့် ပြဿနာဖြစ်ရာတွင် သူ့ကို မည်သူကမျှ အပြစ် မဆိုဝံ့ကြ။ အပြစ်မဆို ဝံ့ကြရုံသာမက သူ့ဘက်မှပင် ပါဝင်နေကြသည်။ သို့ဖြစ်၍ သူတို့ ၂-ဦးကို ဖြန်ဖြေပေးပြီးနောက် ဦးပဉ္စင်းကို ဘုရားရှေ့သို့ ခေါ်၍ မိမိအပြစ်ကို ဝန်ခံခိုင်းနေကြသည်။ ထိုအချိန်တွင် စာရေးသူ ရောက်ရှိသွားပြီး ၂-ဦးလုံးကို အခန်းပြင်သို့ ခေါ်လာရခြင်း ဖြစ်ပေသည်။

## အရေအတွက်နှင့် အရည်အချင်း

စာရေးသူသည် သူတို့ ၂-ဦးလုံးအား အိမ်ရှေ့ခန်း လူပရိသတ်များ ရှေ့၌ ထိုင်စေပြီး စိတ်ရှည်ရှည်ဖြင့် အကျိုးသင့်,အကြောင်းသင့် ဟောပြောဆုံးမရပါသည်။

'ဒကာကြီး၊ ကျုပ်တို့ မြတ်စွာဘုရားရဲ့ သာသနာတော်ဆိုတာ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာရယ်လို့ ၃-မျိုး ရှိတယ်။ ဒါကို ဒကာကြီး ကောင်းကောင်းနားလည်ဖို့ လိုတယ်။ ဘုရားရှင် လက်ထက်ကလဲ ပရိယတ္တိဆိုတဲ့ စာပေပညာကို မတတ်ဘဲ ရဟန္တာ ဖြစ်သွားတဲ့ ပုဂ္ဂိုလ်

ကြီးတွေ ရှိခဲ့တယ်။ ပဋိပတ္တိခေါ်တဲ့ ဝိပဿနာအကျင့်ကို အားမထုတ်နိုင်ပေမယ့် ဘုရားရှင်ဟောကြားတဲ့ ပိဋကတ် ၃-ပုံကို သင်ယူလေ့လာပြီး သာသနာပြုတဲ့ ရဟန်းတော်တွေ တရားဒေသနာ ဟောကြားဖြန့်ဖြူးပြီး သာသနာပြုတဲ့ ခမ္ဘကထိက ရဟန်းတော်တွေလဲ အမြောက်အမြား ရှိခဲ့ကြတယ်။ ဒီနေ့ ခင်ဗျားတို့ရဲ့ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် ရဟန်းတော်တွေ သိပ်မရှိသေးဘူး၊ အရေအတွက် သိပ်နည်းသေးတယ်။

ပြီးတော့ ရရှိနေတဲ့ ရဟန်းတော်တွေထဲမှာလည်း ပရိယတ္တိဘက်မှာရော, ပဋိပတ္တိဘက်မှာရော အရည်အချင်းနဲ့ ပြည့်စုံတဲ့ ရဟန်းတော်တွေက မများလှသေးဘူး။ အထူးသဖြင့် ဟိန္ဒူဘာသာဝင် ဆာဒူးဘဝမှ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလာတဲ့ ရဟန်းတွေဆိုရင် ဝိနည်းသိက္ခာပုဒ်တွေကို ဘယ်လို စောင့်ထိန်းရမယ်လို့ မသိကြသေးဘူး။ ခုမှ သင်ယူလေ့လာနေတုန်းဘဲ ရှိသေးတယ်။ တရားလဲ မဟောတတ်ကြသေးဘူး။'

'ဒါကြောင့် ဒီနေ့ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ အရေအတွက်အားဖြင့် တိုးပွါးလာဖို့ လိုအပ်နေသလို အရည်အချင်းအားဖြင့် ပြည့်ဝတဲ့ ရဟန်းတွေ ဖြစ်လာနိုင်ဖို့လဲ သိပ်ပြီး လိုအပ်နေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒကာကြီးတို့ ဗုဒ္ဓဘာသာဝင်များ အနေနဲ့လည်း တွေ့သမျှ ရဟန်းတော်တွေကို ငါမေးတာ ဖြေနိုင်ရမယ်။ ငါမေးတာ မဖြေနိုင်ရင် ဗုဒ္ဓဘာသာ ရဟန်းအစစ် မဟုတ်ဘူးလို့ မစွပ်စွဲသင့်ပေဘူး'

ဒကာကြီးမေးတဲ့ မေးခွန်းတိုင်းကို ဦးပဥ္စင်းလဲ သိချင်မှ သိမယ်။ ဖြေနိုင်မှ ဖြေနိုင်လိမ့်မယ်။ ထို့အတူပဲ ဦးပဥ္စင်းမေးတဲ့ မေးခွန်းတိုင်းကိုလဲ ဒကာကြီး သိချင်မှ သိမယ်။ ဖြေချင်မှ ဖြေနိုင်လိမ့်မယ်။

"ယခု ဒကာကြီးက ဦးပဥ္စင်းလေးကို သက်နှ်းဆွဲချွတ်တာဟာ ကြီးလေးတဲ့ အပြစ် ၁-ခု ဖြစ်ပါတယ်။ ဒါကြောင့် ဦးပဥ္စင်းလေးရဲ့ ခြေ ၂-ဖက်ကို ကိုင်ပြီး ကန်တော့လိုက်ပါ"။

ဤသို့ စာရေးသူက ချိုသာပြေပြစ်စွာဖြင့် ရှည်ရှည်လျားလျား ပြောဆိုရှင်းပြလိုက်သောအခါ ထိုဒကာမှာ အတော်အသင့် စိတ်ပြေ၍ ကျေနပ်သွားပုံ ရပါသည်။ ချက်ချင်းပင် ဦးပဥ္စင်းလေး၏ ခြေ ၂-ဖက်ကို ကိုင်၍ ကန်တော့လိုက်ပါ။

မှတ်ချက်။ ။အိန္ဒိယနိုင်ငံသားတို့သည် ရဟန်းတော်များ, လူကြီးသူမများကို ကန်တော့သည့်အခါ များသောအားဖြင့် ကန်တော့ခံ ပုဂ္ဂိုလ်၏ ခြေ ၂-ဖက်ကို ကိုင်၍ ကန်တော့လေ့ရှိကြောင်း တွေ့ရပါသည်။

ထို့နောက် စာရေးသူသည် ဦးပဥ္စင်း ကရုဏာကရကိုလည်း တစ်လှည့် ဆုံးမရ ပြန်ပါသည်။

'ကရုဏာကရ၊ မင်းဟာ ကိုယ့်ကိုကိုယ် ဓမ္မကထိကလို့ ထင်နေခဲ့တာ၊ ဒီနေ့တော့ မင်းဟာ စာတွေကို အရကျက်ဟောပြီး ကြွားဝါနေခဲ့တာပဲ။ တရားပွဲ ၁-ပွဲမှာ ၁,၀၀၀-ရသည်, ၂,၀၀၀-ရသည်ဆိုပြီး ဘဝင်မြင့်နေခဲ့တာပဲ၊ ကိုယ်သိရမယ့်, နားလည်ရမယ့်တရားတွေကို တကယ်မသိခဲ့ဘူး၊ တကယ်နားလည်အောင် မလုပ်ခဲ့ဘူး။ ဒါကြောင့်လဲ ဒီနေ့လို အဖြစ်မျိုးနဲ့ကြုံရတာ ပြီးတော့ ဓမ္မကထိကလုပ်နေပြီး ကိုယ့်ဒေါသကို မထိန်းနိုင်ရတာလဲ သိပ်ရှုပ်ဆိုးတယ်။ ဒီနေ့စပြီး ဒေါသကို နိုင်အောင် ထိန်းပါ။ ဘဝင်လည်း မမြင့်ပါနဲ့၊ ကိုယ်တတ်သိ နားလည်ရမယ့် တရားဓမ္မတွေကိုလည်း တကယ်တမ်း တကယ်တတ်သိ နားလည်အောင် ကြိုးစားပါ။'

ဗုဒ္ဓဘာသာဝင်အစစ်-ဟူသော ဒကာနှင့် ဒေါသကြီးတတ်သော ဓမ္မကထိကရဟန်းကလေး ကရုဏာကရတို့၏ ပဋိပက္ခ ဖြေရှင်းပေးနေရသောကြောင့် ထိုနေ့ နေ့ဆွမ်းကို ၁၂-နာရီ ထိုးခါနီးမှသာ စားရပါတော့သည်။ ထိုနေ့ ညနေ ၃-နာရီခန့်တွင် လူထု ၂-သောင်းကျော်မျှ တက်ရောက်၍ ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူသော အစည်းအဝေးကြီးကို ကျင်းပပါသည်။ ထိုအစည်းအဝေးကြီး၌ ပညာရှိ ၂-ဦးက တရားဟော

ပြောကြပါသည်။ ထိုပညာရှိ ၂-ဦးမှာ တစ်ခြားသူများတော့ မဟုတ်။ နံနက်ပိုင်းက နပန်းလုံးခဲ့ကြသည့် မဟာရဋ္ဌပြည်နယ်မှ ဒကာကြီးနှင့် ဦးပဉ္စင်းကရုဏာကရတို့ပင် ဖြစ်လေသည်။

## လူမျိုးကို ထိပါးသူ

ဤသို့လျှင် အိန္ဒိယသာသနာပြုခရီးတွင် တစ်ခါတစ်ရံ ရယ်စရာအဖြစ်များနှင့် ကြုံတွေ့ရသလို တစ်ခါတစ်ရံတော့လည်း အလွန်မခံချင်စရာကောင်းသော အဖြစ်များနှင့် တိုးခဲ့ရပါသည်။ တစ်ခါက စာရေးသူသည် မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမ နေမကောင်းသောကြောင့် ဗာရာဏသီသို့ သွား၍ အလုပ်အကျွေး ပြုစုခဲ့ရပါသည်။ ဗာရာဏသီမှ ပြန်မည့်နေ့တွင် ဟိန္ဒူဘာသာဝင်များ မင်္ဂလာဆောင်ကြသော အချိန်ရာသီဖြစ်၍ ဘူတာကြီး၌ မီးရထားစီးမည့် ခရီးသည်များ အထူးများပြားနေသည်ကို တွေ့ရပါသည်။ စာရေးသူ ရထားစောင့်နေစဉ်တွင် ခေါင်းဆောင်လုပ်သူ ၁-ဦးနှင့် လူ ၃၀-ခန့် မိမိအနားသို့ လာ၍ ထိုင်ကြပါသည်။ ထိုလူအုပ်ထဲမှ တစ်ဦးသော သူက မိမိအား–

'မြန်မာပြည်ကလား'–

ဟု မြန်မာလို မေးလာသဖြင့် မိမိက–

'ဟုတ်ပါတယ်၊ မြန်မာပြည်ကပါ'-

ဟု ဖြေလိုက်ပါတယ်။ ထိုအခါ သူက လူများဘက်သို့ လှည့်၍–

'မင်းတို့ သိကြရဲ့လား၊ မြန်မာတွေဟာ ငါးပုပ်တွေကို စားကြတယ်။ ငါးတွေကို ပုပ်အောင်လုပ်ပြီး စားကြတယ်။ ဈေးမှာလဲ ငါးပုပ်တွေ ရောင်းကြတယ်။ ပြီးတော့ မြန်မာမိန်းမတွေက တံမြက်စည်းလှည်းတဲ့ ကုလားတောင် မရှောင်ဘူး ယူကြတာဘဲ'-

စသည်ဖြင့် မခံချင်စရာ စကားတွေကို ရစရာမရှိအောင် ပြောနေပါတော့သည်။ စာရေးသူလည်း ကိုယ့်လူမျိုးကို အသားလွတ် သိက္ခာချပြောဆိုနေသော သူ့စကားများကို ကြိတ်မှိတ်၍ နားထောင်နေပြီး ၁၀-မိနစ်

ခန့်ကြာ၍ သူအပြောရပ်သွားသောအခါတွင်မှ သူ့ကို ချေပနိုင်ရန် စကား စရပါတော့သည်။

'ခင်ဗျားက ဗြာဟ္မဏလူမျိုးလား'

'ဟုတ်ပါတယ်'

'ခင်ဗျားက ကျုပ်တို့ မြန်မာတွေအကြောင်းကို ရစရာ မရှိအောင် ပြောသွားတယ်၊ ခင်ဗျား ရန်ကုန် ရောက်ဖူးသလား'

'ရောက်ဖူးပါတယ်'

'ရန်ကုန်မှာ တစ်နိုင်ငံလုံးက ကိုးကွယ်ဆည်းကပ်နေတဲ့ **ရွှေတိဂုံစေတီတော်ကြီး** ရှိတယ်။ လူမျိုးပေါင်းစုံ ဝင်ရောက် တရားအားထုတ်နေကြတဲ့ **မဟာစည်ကမ္မဋ္ဌာန်းရိပ်သာ** ရှိတယ်။ ရဟန်းသံဃာ ရာပေါင်းများစွာ စာပေသင်ကြားနေတဲ့ ကျောင်းတိုက်ကြီးတွေ ရှိတယ်။ အဲဒီနေရာတွေကိုရော ခင်ဗျား ရောက်ခဲ့ရဲ့လား။

'မရောက်ခဲ့ပါဘူး'

'မန္တလေးကို ရောက်ခဲ့သလား'

'ရောက်ခဲ့ပါတယ်'

'မန္တလေးမှာ **မဟာမြတ်မုနိ ရုပ်ပွါးတော်ကြီး** ရှိတယ်။ သကျသီဟ၊ အိမ်တော်ရာ ရွှေကြီးမြင့်-စတဲ့ အခြားတန်ခိုးကြီး စေတီပုထိုးတွေလဲ ရှိတယ်။ ရာပေါင်းများစွာသော ရဟန်းသံဃာတွေ စာသင်နေကြတဲ့ ကျောင်းတိုက်ကြီးတွေလဲ အများကြီး ရှိတယ်။ အဲဒီနေရာကိုရော ခင်ဗျား ရောက်ခဲ့ရဲ့လား။

မန္တလေးနားက စစ်ကိုင်းဘက်ကိုရော ရောက်ခဲ့ရဲ့လား။

ရောက်ခဲ့ပါတယ်။

'အဲဒီ စစ်ကိုင်းမြို့နယ်က စစ်ကိုင်းတောင်ရိုးနဲ့ မင်းကွန်းတောင် စတဲ့ နေရာတွေမှာ စေတီပုထိုးတွေ အများကြီး ရှိတယ်။ တရားဘာဝနာ ပွါးများ အားထုတ်နေတဲ့ ရဟန်း, သာမဏေ, သီလရှင်, သူတော်စင်, သူတော်မြတ်တွေလည်း အများကြီး ရှိတယ်။ မင်းကွန်းတောင်ရိုးက မင်းကွန်းပုထိုး

တော်ကြီးနှင့် မင်းကွန်းခေါင်းလောင်းကြီးဆိုတာလဲ ကမ္ဘာကျော်ပါဘဲ၊ နိုင်ငံတကာက မြန်မာပြည်ကို ရောက်လာတဲ့ ပညာရှင်တွေ, သုတေသီတွေကိုယ်တိုင် တကူးတက သွားရောက်လေ့လာကြည့်ရှုရတဲ့ နေရာတွေ ဖြစ်တယ်။ အဲဒီနေရာတွေကိုရော ခင်ဗျားရောက်ခဲ့ရဲ့လား။

'မရောက်ခဲ့ပါဘူး'

စာရေးသူသည် 'ဗြာဟ္မဏ(ပုဏ္ဏား)မျိုး ဖြစ်သည်'ဟု ဆိုသော ထိုလူအား မေးခွန်းများ တစ်ခုပြီးတစ်ခု ဆက်တိုက်မေးပြီးသောအခါ သူ့နောက်မှ ပါလာသော လူများဘက်သို့ လှည့်၍ အောက်ပါအတိုင်း ပြောဆိုလိုက်ပါသည်။

'ကဲ-မိတ်ဆွေတို့ ကြားရဲ့ မဟုတ်လား၊ ခင်ဗျားတို့က သူ့ကို ပညာရှိသုခမိန်ဆိုပြီး ခင်ဗျားတို့ရဲ့ မင်္ဂလာဆောင်ကိစ္စမှာ နည်းပေးလမ်းပြ လုပ်ဖို့ ခေါင်းဆောင် တင်လာကြတယ်။ သူကတော့ မြန်မာပြည်ကို ရောက်ဖူးတယ်ဆိုပြီး မြန်မာပြည်က ထူးခြားမြင့်မြတ်တဲ့ နေရာတွေ အလွန်တန်ဖိုးရှိတဲ့ နေရာတွေကို တစ်ခုမှ မရောက်ခဲ့ဘူး။ ဘယ်လိုနေရာတွေများရောက်ခဲ့သလဲတော့ မသိဘူး။ ဒီလိုလူမျိုးကို ဆက်ပြီးခေါင်းဆောင်တင်ထားရင် ခင်ဗျားတို့အားလုံး ၅-ပါးမှောက်ဖို့ဘဲ ရှိလိမ့်မည်။'


စာရေးသူ၏ စကားကို ကြားရသောအခါ ခေါင်းဆောင်လုပ်သူနှင့်တကွ အားလုံး မျက်စိ,မျက်နှာ ပျက်သွားကြသည်။ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ ဘယ်သူကမျှ ဘာမျှ မပြောနိုင်ဘဲ ရှိနေကြသည်။ ထိုစဉ်မှာပင် ရထားထွက်ချိန် ရောက်လာသဖြင့် စာရေးသူသည် ကုသိနာရုံသို့ ထွက်မည့်ရထားပေါ်သို့ တက်ခဲ့ရပါတော့သည်။

တကယ်တော့ အထက်ပါကိစ္စမှာ 'ဆွမ်းခံရင်း ငှက်သင့်' ဆိုသလို ခရီးသွားရင်း မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသော ပြဿနာ ဖြစ်ပါသည်။ မိမိအနေဖြင့်လည်း '**အမျိုးဘာသာ သာသနာ**'ကို ထိပါးလာမည်ဆိုလျှင် ဘယ်နေရာ၌ မဆို ခေါင်းငုံ့၍ မနေတတ်၊ စွမ်းနိုင်သမျှ တုန့်ပြန်ဖြေရှင်းမည်သာ ဖြစ်ပါသည်။ သို့ကြောင့်ပင် ဗာရာဏသီ ဘူတာရုံကြီး၌ တွေ့ကြုံ

ရမည့် ပြဿနာကိုလည်း အကြောင်းအားလျော်စွာ 'သွားရင်း ဟန်လွဲ' အနေဖြင့် ဖြေရှင်းခဲ့ရခြင်း ဖြစ်ပါသည်။ အခြေအနေ အားလျော်စွာ ထိုကဲ့သို့ ဖြေရှင်းနိုင်ခဲ့သည်မှာလည်း စာရေးသူအနေဖြင့် သူတို့နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်၍ သူတို့၏ ဓလေ့ထုံးစံများနှင့် သူတို့၏ဘာသာစကားများကို ထိုက်သင့်သလောက် တတ်မြောက်ကျွမ်းကျင်နေသောကြောင့်သာ ဖြစ်ပါသည်။

မည်သို့ပင် ဖြစ်စေ၊ တိုင်းတပါး၌ သာသနာပြုသော လုပ်ငန်း-ဟူသည် ပန်းခင်းသော လမ်းမကို လျှောက်လှမ်းရခြင်း မဟုတ်။ ဆူးငြောင့်ခလုတ် အလွန်တရာ ထူထပ်ရှုပ်ထွေးသည့် ခယောင်းတောကြီးထဲ၌ ဖြတ်သန်းနေရခြင်းသာ ဖြစ်ကြောင်းကို သာသနာပြု လောင်းလျာများနှင့် မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်,လူတိုင်း သဘောပေါက်ကြမည် ဟူသော မျှော်လင့်ချက်ဖြင့် အထက်ပါ အတွေ့အကြုံများကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ဟရိဗလ၊ ကုသိနာရုံ



အိန္ဒိယနိုင်ငံ ဟိုက်ကုတ်ရှေ့နေကြီး သီရိဂုရုပြဆာဒ်မဒန်းအား
ရဟန်းဘဝဖြင့် ဖူးရစဉ်

# ဒေါက်တာအမေ့ဒကာရဲ့ ရာပြည့်နှစ်

## မြန်မာနိုင်ငံမှ အပြန်

စာရေးသူသည် ၁၉၆၃-ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ၊ ဥတ္တရပဒေသ (ယူပီ)ပြည်နယ်အတွင်းရှိ ကုသိနာရုံဒေသ၌ နေထိုင်ခဲ့ရသည်။ နှစ်ပေါင်း ၂၈-နှစ် ကြာသည်အထိ အမိနိုင်ငံသို့ တစ်ခါတစ်ခေါက်မျှ မပြန်နိုင်ခဲ့။ ၁၉၉၀-ပြည့်နှစ်ကျမှသာ မြန်မာပြည်သို့ တစ်ကြိမ်တစ်ခေါက် ရောက်ခွင့် ကြုံခဲ့ရသည်။ ၁၉၉၀-ပြည့်နှစ်၊ မြန်မာနိုင်ငံ၌ ၇၅-ရက်တိတိ နေခဲ့ရသည်။ ထို ၇၅-ရက်အတွင်း မြန်မာဒကာ, ဒကာမများက စေတနာထက်သန်စွာဖြင့် လုပ်ကျွေးပြုစုလိုက်ကြသည်မှာ အားရဖွယ် ကောင်းလှပါသည်။ မြို့ကြီး, မြို့ငယ်များသို့ လှည့်လည်၍ ဘုရား, ကျောင်းကန်များကို ဖူးမြင်ရသည်မှာလည်း ကြည်နူးဖွယ် ကောင်းလှပါသည်။

အပြန်ခရီးတွင် အတော်များများက လေဆိပ်အထိ အမှတ်တရ

လိုက်ပို့ကြသည်။ လှူဖွယ်ပစ္စည်းများလည်း အသီးသီး လှူဒါန်းကြသည်။ စာရေးသူအဖို့တော့ ဗုဒ္ဓဂယာဘုရားအဖွဲ့၏ ပူဇော်ပွဲတွင် **ဒကာကြီး ဦးညို** တိုင်ပေးပြီး ကျန်လူများက လိုက်ဆိုခဲ့ကြသည့် **"ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့, လင်းစေသောဝ်"**ဟူ၍ ကြွေးကြော်သံမှာ လေယာဉ်ခရီး တလျှောက်လုံးပင် နားထဲ၌ ကြားယောင်နေပါသည်။ "သူတို့တတွေ မျှော်လင့်တောင့်တကြသည့်အတိုင်း အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာ နေလို လင်းအောင် ငါ-ဆက်လုပ်မည်။ အရင်ကထက် ၂-ဆ, ၃-ဆတိုး၍ အားထုတ်မည်"ဟူ၍လည်း ခိုင်မာသော ဆုံးဖြတ်ချက်ကို ချခဲ့မိပါသည်။

## ဗုဒ္ဓဇယန္တီပွဲတော်

ကုသိနာရုံသို့ ပြန်ရောက်သောအခါ အမိနိုင်ငံကို ပြန်လည်တသလွမ်းဆွတ်နေရန် အချိန်မရှိတော့ပါ၊ အလုပ်တွေက မိမိအား အဆင်သင့်တန်းစီ၍ စောင့်နေကြလေသည်။ ပထမဆုံး အလုပ်တွေက ဗုဒ္ဓဇယန္တီပွဲတော် ကျင်းပရေးကိစ္စပင် ဖြစ်ပါသည်။ ကုသိနာရုံ၌ ဗုဒ္ဓဇယန္တီပွဲတော်ကို ဆရာတော် ဦးစန္ဒြမဏိ သက်တော်ထင်ရှားရှိစဉ် ၁၉၂၄ (၁၂၈၆)-ခုနှစ်မှ စ၍ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ကဆုန်လပြည့်နေ့မှ စ၍ ဗောဓိပင် ညောင်ရေသွန်းလောင်းခြင်း, ဗုဒ္ဓပူဇာပြုလုပ်ခြင်း, ဗုဒ္ဓဘာသာအကြောင်း ဟောပြောဆွေးနွေးခြင်း-စသည်များကို ၁-လတိုင်တိုင် ပြုလုပ်မြဲ ဖြစ်ပါသည်။ ဥတ္တရပဒေသပြည်နယ်နှင့်တကွ အခြားအခြားသော ပြည်နယ်တို့မှလည်း တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ အများဆုံး လာရောက်ကြမြဲ, အချိန်အကြာဆုံးကျင်းပသော ဗုဒ္ဓဘာသာပွဲတော်ကြီးလည်း ဖြစ်ပေသည်။ ပွဲတော်ရက်များအတွင်း ကုသိနာရုံ ကွင်းပြင်၌ ဈေးတန်းများလည်း ပြည့်ကျပ်စည်ကားလျက် ရှိလေသည်။

## ဝိပဿနာတရားစခန်း

သို့ဖြစ်၍ စာရေးသူမှာ မြန်မာနိုင်ငံမှ ပြန်ရောက်သည်နှင့် ဗုဒ္ဓဇယန္တီပွဲတော် ကျင်းပရေးအတွက် ပြင်ဆင်ခြင်း, ပွဲတော်ရက်အတွင်း၌လည်း အရပ်ရပ်ကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်းတို့ဖြင့် ၁-လကျော်မျှ အချိန်ကုန်သွားခဲ့သည်။ ပွဲတော်ကိစ္စများ လုံးဝဥဿုံ ပြီးစီးသောအခါ ဝါဝင်ချိန် ရောက်လာပြီဖြစ်၍ ဝါဆိုရေးကိစ္စ စီစဉ်ပြန်သည်။ ကုသိနာရုံ မြန်မာကျောင်း၌ ယခုနှစ် ဝါတွင်းတွင် ဝိပဿနာတရားစခန်း ဖွင့်လှစ်ရန် အစီအစဉ်ရှိသည့်အတိုင်း ၁၀-ရက်တရားပတ် ၂-ကြိမ် ဖွင့်လှစ်ခဲ့သည်။ ပထမ တရားပတ်ကို ဩဂုတ်လ ၆-ရက်မှ ၁၇-ရက်ထိ, ဒုတိယ တရားပတ်ကို စက်တင်ဘာ ၆-ရက်မှ ၁၇-ရက်ထိ အသီးသီး အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

## ဘာသာရေးကိစ္စများ

ဝိပဿနာတရားစခန်း သိမ်းပြီးနောက် မကြာမီမှာပင် ယူပီ ပြည်နယ်တခွင်သို့ ခရီးထွက်ရန် ဘာသာရေးကိစ္စများ တစ်ခုပြီးတစ်ခု ပေါ်လာပါတော့သည်။ ရှေ့ပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း ထိုအချိန်က **ယူပီ ပြည်နယ်အတွင်းရှိ အယုဒ္ဓယမြို့၌ ရှေးဟောင်း ဘုရားကျောင်း ၁-ခုကို အကြောင်းပြု၍ ဟိန္ဒူဘာသာဝင်များနှင့် မူဆလင်ဘာသာဝင်များအကြား ကျယ်ပြန့်သော ပဋိပက္ခကြီး ၁-ခု ဖြစ်ပေါ်ခဲ့ပါသည်။** ထိုကိစ္စနှင့် ပတ်သက်၍ ပြည်နယ်အစိုးရက ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ၁-ဖွဲ့အား အယုဒ္ဓယသို့ သွားရောက်လေ့လာပြီး ထင်မြင်ယူဆချက်များ တင်ပြပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တွင် စာရေးသူလည်း အဖွဲ့ဝင် ၁-ဦးအဖြစ်ဖြင့် ပါဝင်လျက် အယုဒ္ဓယမြို့ရှိ ဘုရားကျောင်းကို သွားရောက်ကြည့်ရှု လေ့လာခဲ့ရပါသည်။

ဗုဒ္ဓဘာသာကိုယ်စား ဂျပန်အဖွဲ့သည် စက်တင်ဘာလ ၂၇-ရက် နေ့တွင် ပြည်နယ်မြို့တော် လက္ခနောင်း အစိုးရဧည့်ဂေဟာ၌ အစည်းအဝေး ကျင်းပ၍ မိမိတို့၏ လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာ ရေးသားပြီး ပြည်နယ်အစိုးရထံ တင်ရန် ဆုံးဖြတ်ခဲ့သည်။ စာရေးသူကား ယင်းကိစ္စ ပြီးစီးသည်နှင့် တပြိုင်နက် အာဂရာမြို့သို့ ခရီးဆက်၍ စက်တင်ဘာလ ၂၉-ရက်နေ့တွင် အာဂရာမြို့၌ ကျင်းပသော ဇာတ်နိမ့် တိုင်းရင်းသား ၅-သိန်းကျော်တို့၏ ဗုဒ္ဓဘာသာ ကူးပြောင်းပွဲသို့ တက်ရောက်ခဲ့ရသည်။ **အာဂရာမှတဆင့် သက်သ, ဖာရောဂျဗာဒ်, ဘဆတီဟာပူရ်- စသော မြို့များသို့** ခရီးဆက်၍ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိရှိသော လူများကိုလည်း ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့ရသည်။ ထို့ပြင် ကန်ပူရ်မြို့၌ ၁၈-၁၁-၉၀-နေ့တွင် ဒုတိယအကြိမ် ကျင်းပသည့် လူပေါင်း ၅-သောင်းကျော် တက်ရောက်သော ဗုဒ္ဓဘာသာ ကူးပြောင်းပွဲသို့လည်း စာရေးသူ အရောက် သွားခဲ့ရလေသည်။

## ဒေါက်တာအမ္ဗေဒကာရ် ရာပြည့်နှစ်

ယခုနှစ်မှာ ဒေါက်တာအမ္ဗေဒကာရ် ရာပြည့်နှစ်ဖြစ်၍ ယူပီပြည်နယ် မြို့တော်၊ လက္ခနောင်းနှင့် ဂေါရခ်ပူရ်, ဗာရာဏသီ, အေလာဟာဗဒ်-စသော မြို့ကြီးတို့၌လည်းကောင်း အခြားနေရာ များစွာတို့၌လည်းကောင်း ဗုဒ္ဓဘာသာ ကူးပြောင်းပွဲများ ပြုလုပ်ခဲ့ကြရာ စုစုပေါင်း ဗုဒ္ဓဘာသာဝင် ဦးရေ ၁၂-သိန်းမျှ တိုးပွါးလာခဲ့ပါသည်။ အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့သည် စာရေးသူအား ဒေါက်တာအမ္ဗေဒကာရ်နှင့် ဆရာတူ တပည့်အဖြစ်ဖြင့် ဆွေမျိုးစပ်ကာ နေရာတိုင်းသို့ပင် ဖိတ်ခဲ့ကြသည်။ ယူပီပြည်နယ်, မဇ္ဈိမပဒေသပြည်နယ်, မဟာရဋ္ဌပြည်နယ်, ဂူဂျရတ်ပြည်နယ်, ဟရိယာနာပြည်နယ်, ပန်ဂျပ်, ဒေလီ, အရုဏာစလ, တရိပူရ- စသော ဒေသများသို့ အနှံ့အပြား သွားရောက်ခဲ့ရသည်။ ထို့နောက် ရာဂျဆထန်(တန်)ပြည်နယ်၏ အလှည့်သို့ ရောက်လာခဲ့ပါသည်။

## ရာဂျဆတန်ပြည်နယ် ခရီးအစ

ရာဂျဆတန်ပြည်နယ်မှာ အိန္ဒိယနိုင်ငံ အနောက်ဖက်ပိုင်းတွင် တည်ရှိပြီး ဒုတိယအကြီးဆုံးပြည်နယ် ဖြစ်ပါသည်။ စတုရန်း ကီလိုမီတာ ၃-သိန်း, ၄-သောင်းကျော် ကျယ်ဝန်း၍ ၁၉၈၁-ခုနှစ်၊ သန်းခေါင်စာရင်း အရ လူဦးရေ ၃၄-သန်းကျော် ရှိပါသည်။ ပြည်နယ်၏ မြို့တော်မှာ ဂျေပူ ဖြစ်ပြီး လူဦးရေ သိန်းကျော်သည့် မြို့ကြီးပေါင်း ၉-မြို့ ရှိပါသည်။ သို့သော် အချို့ဒေသများမှာ သဲကန္တာရကြီးများ ဖြစ်သောကြောင့် လူဦးရေ အလွန် နည်းပါးကြောင်း သိရပါသည်။

ရာဂျဆထန်(တန်)ပြည်နယ်တွင် ဟိန္ဒီဘာသာစကားမှာ အများဆုံး ဖြစ်ပြီး ဟိန္ဒီဘာသာနှင့် နီးစပ်သည့် ရာဂျဆတန်ဘာသာကိုလည်း ပြောဆို သုံးစွဲ ကြပါသည်။ ဤပြည်နယ်အတွင်း၌ **လူဦးရေ ၃၄-သန်းကျော် ရှိသည့် အနက် ဇာတ်နိမ့် ၆-သန်းနီးပါးနှင့် တောင်ပေါ်သား ၄-သန်းကျော် ပါဝင် လျက်ရှိရာ ယင်း ၂-ရပ်ပေါင်း ၁၀-သန်းခန့်သော လူမျိုးများမှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာရန် အလားအလာရှိသူများ ဖြစ်ပေသည်။**

ရာဂျဆထန်(တန်)ပြည်နယ်သို့ စာရေးသူ စတင် ခရီးထွက်ရသည် မှာ ၁၉၉၁-ခု၊ မတ်လတွင်းက ဖြစ်ပါသည်။ ထိုအချိန်က စာရေးသူမှာ မတော်တဆ ထိခိုက်မှု ၁-ခုကြောင့် ခြေထောက်နှင့် လက်တို့၌ ဒဏ်ရာများ ရရှိနေပါသည်။ သို့ဖြစ်၍ ကုသိနာရုံမှ ဗာရာဏသီအထိ ကလေး ၁-ယောက် ခေါ်၍ လာခဲ့ရပါသည်။ ဗာရာဏသီမှ ကာသိဗိဿနာဝထ ရထားဖြင့် ခရီး ဆက်ခဲ့ရာ ဒေလီသို့ ၂၆-၃-၉၁-နေ့၊ နံနက် ၆-နာရီတွင် ဆိုက်ရောက်ပါ သည်။ **နယူးဒေလီတွင် မြန်မာသံရုံးမှ ဒကာ ဦးကျော်ဟိန်းနှင့်** ခဏဝင်တွေ့ပြီး ရာဂျဆထန်(တန်)သို့ နေ့ချင်း ခရီးဆက်နိုင်ရေးအတွက် ကားလက်မှတ် ရရှိရန် ဆောင်ရွက်ရပါသည်။

ည ၁၀-နာရီခွဲအချိန်တွင် ဒေလီမှ ကားစ-ထွက်ပါသည်။ ဒေါက်တာအမွေဒကာရ်ဘဝန်းမှ တပည့်ဖြစ်သူ ဂင်္ဂါဆာဂရ်-ဆိုသူက ပြည်နယ်ပေါင်းစုံ ကားဂိတ်သို့ လိုက်ပို့ပါသည်။ သွားရမည့်နေရာမှာ တဖက်မှ ဟရိယာနာပြည်နယ်, တဖက်မှ ပန်ဂျပ်ပြည်နယ်နှင့် ဆက်စပ်နေသည့် ရာဂျဆထန်(တန်)ပြည်နယ် မြောက်ဖက်စွန်းမှ ဂင်္ဂါနဂရခရိုင်အတွင်းရှိ **ဝိဂျယနဂရ်**သို့ ဖြစ်ပါသည်။ ဝိဂျယနဂရ်မှာ အေဒီ ၁၃၃၆-မှ ၁၅၆၅-အထိ အိန္ဒိယနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ကြသော ဝိဇယမင်းဆက်တို့ ထီးနန်းစိုက်ရာ ရှေးဟောင်းမြို့တော် ဖြစ်ပါသည်။

ဤခရီးကို ဒေလီမှ မီးရထားဖြင့် သွားလျှင်လည်း ဖြစ်ပါသည်။ မီးရထားဖြင့် သွားမည်ဆိုလျှင် ပန်ဂျပ်ပြည်နယ်ဘက် လှည့်၍ သွားရမည် ဖြစ်ပါသည်။ ထိုအချိန်က ယင်းခရီးလမ်းတလျှောက်မှာ ငြိမ်းချမ်းမှု မရှိခဲ့၊ လုယက်တိုက်ခိုက်မှု, ဗုံးဖောက်ခွဲမှု မကြာခဏ ဖြစ်ပေါ်နေသည်။ လွန်ခဲ့သည့် ၃-၄-ရက်ကပင် ဗုံးဖောက်ခွဲမှုကြောင့် ၁၃-ယောက် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ မီးရထားဖြင့် မသွားရန် လူတိုင်းက တားဆီးကြသောကြောင့် ကားဖြင့် သွားရန် စီစဉ်ခဲ့ရခြင်း ဖြစ်သည်။ ဒေလီမှ ဝိဂျယနဂရ်သို့ အစိုးရဘတ်စ်ကားမှာ ၁၀-ရူပီးဖြစ်ပြီး ပုဂ္ဂလိကကားများကတော့ ၁၃၀-ရူပီး ယူကြသည်-ဟု ဆိုပါသည်။

## ပင့်ဖိတ်ခဲ့သူ

စာရေးသူအား ဝိဂျယနဂရ်သို့ တကူးတက ပင့်ဖိတ်ခဲ့သူမှာ **ဘီရာမ်ကရိရှနာဝိဒျာရထိ**-ဆိုသူ ဖြစ်ပါသည်။ သူသည် ယခင်က **'ကဗီရ်ပန္တီ'** ရသေ့ ၁-ပါးဖြစ်ပြီး ဒေါက်တာအမွေဒကာရ်နှင့် တွေ့၍ ဗုဒ္ဓဘာသာကျမ်းစာများကို လေ့လာရာမှ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့သူ ဖြစ်ပါသည်။ သူသည် ဗဒေလီခရိုင်၊ ဗဟေရီမှ စာရေးသူ၏တပည့် သတင်းစာဆရာ မဟိန္ဒရပါလ်ထံမှ စာရေးသူ၏လိပ်စာကို ရရှိပြီး စာရေးသူနှင့် စာအဆက်အသွယ်ပြုလုပ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဆိုင်ရာ သူသိလိုသော အကြောင်း

အရာတို့ကို စာရေးသူထံသို့ စာဖြင့် ရေးသား၍ မကြာခဏ မေးမြန်းခဲ့ပါသည်။

ဤသို့လျှင် လူချင်းမတွေ့ရဖူးဘဲ စာဖြင့်သာ ဆက်သွယ်မိနေရာမှ ၂၉-၉-၉၀-နေ့တွင် ကျင်းပခဲ့သည့် အာဂရာမြို့၊ ဗုဒ္ဓဘာသာ လူထုအစည်းအဝေးကြီး၌တွင်မူ မမျှော်လင့်ဘဲ သူနှင့် တွေ့ဆုံခဲ့ရပါသည်။ သူသည် စာရေးသူအား တွေ့လျှင်တွေ့ချင်း ခြေထောက် ၂-ဖက်ကို ဆုပ်ကိုင်ပြီး သူ့ကျောင်းကို အုတ်မြစ်ချပေးရန်နှင့် ဒေါက်တာအမ္ဗေဒကာရ် နှစ် ၁၀၀-ပြည့်ပွဲသို့ တက်ရောက်ရန် စိတ်အားထက်သန်စွာ ဖိတ်ကြားပါသည်။ စာရေးသူကလည်း သူ၏စေတနာကို ထောက်ထားလျက် ဝန်ခံကတိ ပေးခဲ့ပါသည်။ မိမိ၏ ခြေနှင့်လက်တို့၌ ထိခိုက်မှုဒဏ်ရာများ တန်းလန်းနှင့်ပင် တစ်ခါမျှလည်း မရောက်ဖူး၊ လုံခြုံအေးချမ်းမှုလည်း မရှိလှသော ဤခရီးလမ်းသို့ စွန့်စား၍ ထွက်လာခဲ့ရခြင်းကား ယင်းကတိပေးခဲ့ချက်အရ ထွက်လာရခြင်း ဖြစ်ပေသည်။

## ကားပေါ်မှာ ရုတ်ရုတ်သဲသဲ

သွားရသည့်ခရီးမှာ ညခရီးဖြစ်သည့်ပြင် အေးချမ်းမှု မရှိသော ဒေသလည်း ဖြစ်သောကြောင့် အထူးသတိထား၍ လိုက်ပါသွားရပါသည်။ သို့တိုင်အောင် ညဥ့်နက်ပိုင်းသို့ ရောက်သောအခါ အိပ်ငိုက်စ ပြုလာပါသည်။ တစ်ကြိမ်တွင် အိပ်ငိုက်နေရာမှ ဆူဆူညံညံ အသံများကြား၍ လန့်၍ သွားပါသည်။ ဆူရတ်မြို့၊ ကားဂိတ်အရောက်တွင် တာဝန်ရှိသူတို့က ကားပေါ်သို့ တက်၍ လက်မှတ်စစ်ကြရာ လက်မှတ်မဲ့ စီးလာသော ခရီးသည် ၂-ဦးကို တွေ့ရသဖြင့် ဆွဲလားငင်လားလုပ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်နေခြင်း ဖြစ်ကြောင်း သိရပါသည်။ ထိုနေရာ၌ ၂-နာရီမျှ ခရီးနှောင့်နှေးနေခဲ့ပြီး ခရီးသည်များက ဝိုင်းဝန်းတောင်းပန်မှ ကားထွက်ခွင့် ရခဲ့ပါသည်။ စည်းကမ်းဥပဒေကို အတော်ပင် တိတိကျကျ ကြီးကြပ်သောဒေသ ဖြစ်ပုံရပါသည်။

## ဝိဂျယနဂရ်သို့ ရောက်ပါပြီ

ဆူရတ်မှ ထွက်ခဲ့ပြီး ဝိဂျယနဂရ်သို့ မရောက်မီ တစ်နေရာ၌ ခေတ္တ ကားရပ်နားပါသည်။ မိုးလင်းနေပြီဖြစ်၍ စာရေးသူသည် ကားပေါ်မှ ဆင်းပြီး မျက်နှာသစ်ပါသည်။ သို့သော် သောက်ရေခွက်ဖြင့် တဝက်မျှသာ ရေရရှိသဖြင့် ယင်းခွက် တဝက်စာမျှသော ရေဖြင့်ပင် သွားလည်း တိုက်၊ မျက်နှာလည်း သစ်ခဲ့ရပါသည်။ လက်ဖက်ရည်သောက်မည် ကြံသော်လည်း နောက်ကျိနေသော လက်ဖက်ရည်များကို တွေ့ရသောကြောင့် မသောက်ဖြစ်တော့ပါ။

ထိုမှ ကားဆက်ထွက်ခဲ့ရာ နံနက် ၈-နာရီခွဲလောက်တွင် ဝိဇယ-နဂရ်သို့ ရောက်ပါသည်။ ကားရပ်သည်နှင့် တပြိုင်နက် လူ ၁၅-ယောက်ခန့် မိမိထံ ပြေးလာကြပါသည်။ မိမိအား ပင့်ဖိတ်သူ ရာမ်ကရိရှနာလည်း နောက်မှာ ပါလာပါသည်။ သူတို့က မိမိအား ၁-ယောက်လျှင် ပန်း ၁-ဆုပ်စီဖြင့် ကန်တော့ကြပါသည်။ မိမိကလည်း သူတို့အား ၁-ယောက်စီပင် ဆု(အာရှီရဗာဒ်) ပေးရပါသည်။

ထို့နောက် စာရေးသူသည် သူတို့ ပင့်ခေါ်ရာသို့ လိုက်သွားပြီး ကား ၁-စီးဖြင့် ဟော်တယ် ၁-ခုသို့ ရောက်သွားပါသည်။ ဟော်တယ်တွင် လက်ဖက်ရည်နှင့် ပေါင်မုန့် ကပ်ပါသည်။ ထိုဟော်တယ်၌ပင် တည်းခိုရန်လည်း သူတို့က လျှောက်ကြသည်။ သို့သော် ဟော်တယ်၌ တည်းခိုလျှင် အပိုစရိတ် ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းသို့ ကုန်ကျမည့် ငွေကို ယခု ဆောက်မည့်ကျောင်း၌ သုံးစွဲသင့်ကြောင်း စာရေးသူက ပြောပြရာ သူတို့က သဘောတူကြသည်။

သို့ဖြစ်၍ ဝိဂျယနဂရ်မှ ၃-၄-ကီလိုမီတာမျှ ဝေးသော ဆီဂပူရိ ရပ်ကွက်သို့ ကားဖြင့် ခရီးဆက်ခဲ့ကြပြီး ထိုရပ်ကွက်၌ပင် မိမိ တည်းခိုရန် စီစဉ်ကြလေသည်။

ဟရိဗလ၊ ကုသိနာရုံ

# ရဟန်းကို မမြင်ဖူးသော သဲကန္တာရဒေသမှ လူများ

## ဒေသစလေ့

မိမိတည်းခိုသော အိမ်မှာ အတော်ကလေး ကျယ်ဝန်းပါသည်။ အိပ်ခန်း, ရေချိုးခန်း, မီးဖိုများ သပ်သပ်ရှိပါသည်။ ဘေးမှ အုတ်တံတိုင်း ခတ်ထားပြီး ဝင်းတံခါးလည်း ကျကျနန လုပ်ထားသောကြောင့် လုံခြုံသော နေရာ ဖြစ်ပါသည်။ ရောက်လျှင်ရောက်ချင်း လက်ဖက်ရည်နှင့် ဘီစကစ် မုန့်များ ကပ်ပြန်ပါသည်။ လက်ဖက်ရည်မှာ မသောက်နိုင်လောက်အောင် ချိုနေပါသည်။ အချို များလွန်းကြောင်း မိမိက ပြောပြရာ ဧည့်သည် အာဂန္တုလာလျှင် လက်ဖက်ရည်ကို အချိုများများဖြင့် ဖျော်၍ တိုက်လေ့ရှိကြောင်း သူတို့က ပြောကြပါသည်။

လက်ဖက်ရည် သောက်ပြီးသောအခါ ၁-နေ့နှင့် ၁-ညတိုင်တိုင် ကားစီးလာခဲ့ရသောကြောင့် အိမ်သာ သွားချင်နေသည်။ ဘီဟာရမ်ကရိရှနာ အား ပြောပြရာ သူက ရေခွက် ၁-လုံးပေးပြီး အိမ်မှ ၁-မိုင်သာသာ ဝေးသော လယ်ကွင်းထဲသို့ လိုက်ပို့ပါသည်။ သူတို့ဒေသ၏ ဓလေ့ထုံးစံအရ အိမ်ထဲ၌

အိမ်သာ မထားကြောင်း သိရပါသည်။ "ရောမရောက်လျှင် ရောမသားလို ကျင့်ရမည်"ဟု ဆိုပြီး လွယ်မထားနိုင်သော ဝမ်းကိစ္စ ဖြေရှင်းလိုက်ရပါသည်။

## ရဟန်းကို မမြင်ဖူးသူများ

မောမောပန်းပန်းဖြင့် လယ်ကွင်းထဲမှ ပြန်ရောက်လာသောအခါ ဗိုက်လည်း ချောင်သွားပြီ။ ၁၂-နာရီလည်း ထိုးကာနီးနေပြီဖြစ်၍ ရေချိုးပြီး နေ့ဆွမ်း စားပါသည်။ နေ့ဆွမ်းမှာ ချာပါတီ ၄-ချပ်, နို့ထမင်း ၁-ခွက်, ဖာလူဒါ ၁-ခွက်နှင့် ပဲဟင်း ၁-ခွက် ပါပါသည်။ ညတုန်းက တစ်ညလုံး မအိပ်ခဲ့ရသောကြောင့် ဆွမ်းစားပြီး ၁-နာရီမှ ၂-နာရီအထိ အိပ်ပျော်သွားပါသည်။ အိပ်ရာမှ နိုးသောအခါ သံပရာရည် ၁-ခွက် သောက်ရပါသည်။

ညနေပိုင်းတွင် ကျောင်းဆရာများ, စာရေးစာချီများနှင့် နယ်ပိုင်ဝန်ထောက် ၁-ယောက်တို့ လာရောက်တွေ့ဆုံကြပါသည်။ သူတို့အားလုံး ဗုဒ္ဓဘာသာရဟန်းကို တစ်ခါမျှ မမြင်ဖူးကြသေး-ဟု ဆိုကြပါသည်။ သူတို့နှင့် စကားလက်ဆုံကျနေရာ ည ၁၁-နာရီကျမှ ပြန်သွားကြပါသည်။ နေ့ခင်းပိုင်းတွင် ယင်ကောင်တွေ တဝုန်းဝုန်း ကျနေခဲ့သလို ညဘက်ရောက်သောအခါ၌လည်း ပန်ကာ ဖွင့်ထားသည့်တိုင်အောင် ခြင်တွေကို မနိုင်သဖြင့် တစ်ညလုံး ကောင်းစွာ မအိပ်ဘဲ နေခဲ့သည်။ နံနက် ၃-နာရီလောက်တွင် အိပ်ရာမှ ထ၍ လမ်းလျှောက်ပြီး ရေခွက် ၁-ခွက်ဖြင့် ၁-မိုင်သာသာရှိသော လယ်ကွင်းထဲသို့ သွားရပြန်ပါသည်။ ထိုမှ ပြန်လာသောအခါ ရေချိုးပြီး ၆-နာရီလောက်တွင် နံနက်စာ လက်ဖက်ရည် သောက်ရပါသည်။

## ပထမဆုံးပွဲ

သဲကန္တာရနှင့် ဆက်စပ်သော ဒေသဖြစ်၍ နံနက် နေထွက်လာသည်နှင့်တပြိုင်နက် သဲပြင်များက တဖြည်းဖြည်း ပူလာပါသည်။ ၈-နာရီခွဲ ၉-နာရီဆိုလျှင် အတော်ပူနေပြီ ဖြစ်ပါသည်။ သို့သော် ၉-နာရီလောက်မှပင် အစည်းအဝေးကို စ-ရပါသည်။ အစည်းအဝေးတွင် **'ပြဘူဒယာလ်'** အမည်ရှိ လူကြီး ၁-ယောက်ကို **သဘာပတိအဖြစ်** တင်မြှောက်ပါသည်။ ၁၀-နာရီခွဲတွင် အစည်းအဝေး ခေတ္တရပ်နားပြီး နေ့လယ်စာ စားကြရပါသည်။ ၁၂-နာရီတွင် အစည်းအဝေး ပြန်စပါသည်။ ဆူရတ်နဂရမှ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနတို့က လာ၍ အစည်းအဝေးကို ရုပ်မြင်သံကြား ရိုက်ခြင်း, အသံဖမ်းခြင်းများ ပြုကြပါသည်။ အစည်းအဝေး စ-စဉ်က လူ ၅၀၀-လောက်သာ ရှိခဲ့သော်လည်း ဗုဒ္ဓဘာသာသို့ သွင်းရမည့်အချိန်တွင် လူပေါင်း ၂,၀၀၀-ကျော်မျှ ရှိလာပါသည်။ ယင်းတို့ အထဲတွင် ယောကျ်ားများသာမက မိန်းမများလည်း ပါလာပါသည်။ သို့သော် မိန်းမများမှာ မျက်နှာတစ်ခုလုံးကို အဝတ်ဖြင့် ဖုံးထားကြပါသည်။

## မိန်းမများ၏ ပညာရေး

ဤအစည်းအဝေးမှာ ရာဂျဆထန်(တန်)ပြည်နယ်၌ ပထမဆုံးအကြိမ် ကျင်းပသော ဗုဒ္ဓဘာသာ ကူးပြောင်းပွဲ ဖြစ်သည်။ ရှေးဦးစွာ ဘုရားရှိခိုး, နတ်ပင့်, ပရိတ်ရွတ်ခြင်းများ ပြုလုပ်ပြီးမှ လူပေါင်း ၂,၀၀၀-ကျော်တို့ ဗုဒ္ဓဘာသာသို့ သွင်းပေးပါသည်။ ထို့နောက်မှ တရားစကားများ ဟော ပြောရပါသည်။ တရားစကားများ ဟောပြောရာတွင် **"ကာလံ ဒေသံ အဝတ္ထံ ခနံ"**ဟု ဆိုသည့်အတိုင်း ထိုဒေသ၏ အခြေအနေအရ ဗုဒ္ဓဘာသာ အကြောင်းကို အနည်းငယ်သာ ဟောပြောပြီး လူမှုရေးတရားများကို ခပ်များများ ဟောပြောခဲ့ပါသည်။

ရာဂျဆထန်(တန်)ပြည်နယ်မှာ အိန္ဒိယ တစ်နိုင်ငံလုံးတွင် ဒုတိယ အရေးကြီးဆုံးပြည်နယ် ဖြစ်သော်လည်း ပညာရေးဘက်တွင်မူ အတော် နောက်ကျနေပါသည်။ အထူးသဖြင့် မိန်းမပညာတတ် အလွန်နည်းပါး သည်။ မိန်းမများ ပညာမတတ်ကြခြင်းကြောင့်ပင် **လင့်သေလျှင် မယားကိုပါ ထည့်၍ မြှုပ်နှံသင်္ဂြိုဟ်သည့် (ဆတီးပြဆာ)ခေါ် ဓလေ့ထုံးစံ ၁-မျိုး ထွန်းကားခြင်း ဖြစ်ပါသည်**။ သို့ဖြစ်၍ မိန်းမများ ပညာတတ်မှ သား,သမီးများကို လိမ္မာ အောင် ဆုံးမနိုင်မည်။ ပညာ သင်ပေးနိုင်မည်။ မိသားစုကိစ္စမှ စ၍ ရပ်ရွာ မြို့နယ်ကိစ္စ, ပြည်နယ်နှင့် နိုင်ငံတော်ကိစ္စတို့ကို ဆောင်ရွက်နိုင်မည်။ သို့မှ လည်း တိုင်းပြည်ကြီး တိုးတက်ကြီးပွါးမည်-စသော အကြောင်းများကို လူမှု ရေးရှုထောင့်မှ နေ၍ ဟောပြောခဲ့ပါသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာ အကြောင်းကို အကျဉ်းချုပ် ဟောပြောပြီး ကုသိနာရုံဆရာတော်ကြီးနှင့် ဒေါက်တာအမ္ဗေဒကာရ်တို့ မြန်မာနိုင်ငံ၊ ဆဋ္ဌသံဂါယနာတင်ပွဲ၌ တွေ့ဆုံခဲ့ ကြပုံ, ထိုအချိန်မှ စ၍ ဗုဒ္ဓဘာသာအပေါ် ဒေါက်တာအမ္ဗေဒကာရ် စိတ် ဝင်စားလာခဲ့ပုံတို့ကို ဟောပြောပါသည်။ ဘာသာတရားတွေ များစွာရှိသည့် အနက်မှ ဗုဒ္ဓဘာသာကို ရွေးချယ်ခဲ့ခြင်းမှာ ဗုဒ္ဓဘာသာ၌ စစ်မှန်သော သီလ,သမာဓိ,ပညာများ ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ သူများပြောရုံနှင့် မယုံ ဘဲ ကိုယ်တိုင် စူးစမ်းလေ့လာ ကြည့်ရှုရမည်-ဟု ဗုဒ္ဓ-က ဟောကြားခဲ့ ကြောင်းများကို ကာလာမသုတ်နှင့်အညီ ဟောပြောပါသည်။ ယင်းဟော ပြောချက်များကို အသံလွှင့်ဌာနမှ ထိုနေ့ညမှာပင် အသံလွှင့်မည်ဖြစ်၍ အခြားဘာသာများကို မထိခိုက်စေရန်လည်း အထူး သတိထားခဲ့ရပါသည်။

## ဘာသာချင်း ညီညွတ်ရေး

သို့အားဖြင့် တရားပွဲမှာ ၂-နာရီခွဲချိန်တွင် ပြီးဆုံးသွားပါသည်။ ထိုအခါ ပရိတ်သတ်အား ချာပါတီ, အာလူးဟင်း, ပဲဟင်း, နို့ချဉ်-စသော စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ထို့နောက် ရေဒီယို

နှင့် ရုပ်မြင်သံကြားဌာနတို့မှ သတင်းထောက်များက မိမိအား အင်တာဗျူး လုပ်လိုကြောင်း တောင်းဆိုကြသဖြင့် ၄-နာရီမှ ၆-နာရီလောက်အထိ သူတို့၏ မေးမြန်းချက်များကို ပြောဆိုရပြန်ပါသည်။ သတင်းထောက်များက မိမိအား ငယ်စဉ်က ဘဝအခြေအနေနှင့် ကုသိနာရုံ ဆရာတော်ကြီးထံ ရောက်လာပုံကို စတင်မေးမြန်းကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ၌ မကြာမီက အယုဒ္ဓယမြို့မှာ ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ဘာသာရေး ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ လုပ်သင့်ကြောင်း မေးမြန်းကြပါသည်။

အိန္ဒိယနိုင်ငံ၌ ဘာသာရေးပြဿနာမှာ အလွန် ရှုပ်ထွေးသိမ်မွေ့ သောကိစ္စ ဖြစ်ပါသည်။ မိမိဘာသာ-ဘက်ကသာ ကြည့်ပြီး ခပ်ပေါ့ပေါ့ ပြော၍ မဖြစ်ပါ။ သတင်းထောက် ဆိုသူများကလည်း ဖြေသူ၏ အားနည်း ချက်ကို ထောက်၍ထောက်၍ မေးတတ်ကြပါသည်။ ထို့ကြောင့် စာရေးသူ မှာ သူတို့၏ မေးခွန်းများကို အထူးသတိထား၍ ဖြေကြားခဲ့ရပါသည်။ တိုင်းပြည်တိုင်း, လူမျိုးတိုင်းမှာ ကိုးကွယ်ရာ ဘာသာတရား ရှိရမည်ဖြစ် ကြောင်း, ဘာသာရေးသည် တိုင်းပြည်ကို တဖက်တလမ်းမှ အထောက် အကူ ပြုပေးနိုင်ကြောင်း, သို့မှသာ တိုင်းပြည် အေးချမ်းသာယာမည်ဖြစ် ကြောင်းများကို ဆီလျော်သလို ဆက်စပ်ဖြေကြားခဲ့ရပါသည်။ ယင်းမေးခွန်း ဖြေကြားချက်များကို ထိုနေ့ ည ၉-နာရီကျော်မှပင် ရေဒီယိုမှ ၂၃-မိနစ် အချိန်ပေး၍ အသံလွှင့်ပေးပါသည်။

## ရေဒီယိုမှ အသံလွှင့်

နောက်တစ်နေ့တွင် ဝိဂျယနဂရ်မြို့ထဲတွင် ဟောပြောပွဲ ၁-ခု ပြုလုပ်ပြီး **ရာမ်အ ုဂျခရန်း**-ဟု ခေါ်သော ရွာသို့ ရောက်သွားပြီး သူကြီး အိမ်၌ နေ့ဆွမ်း စားရပါသည်။ နေ့ဆွမ်းမှာ ထုံးစံအတိုင်း ချပါတီ,

အာလူးဟင်း, ဖာလူဒါ, နို့ချဉ်တို့ဖြစ်ပြီး သပျက်သီး, လိမ္မော်သီး, ဆီးသီးနှင့် ငှက်ပျောသီးများ ပိုလာသည်ကို တွေ့ရပါသည်။ နေ့ဆွမ်းစားပြီး သူကြီး အိမ်ရှေ့တွင် ထိုးထားသော မဏ္ဍပ်ကြီးထဲ၌ တရားပွဲ ကျင်းပပါသည်။ ၁၂-နာရီလောက်မှ စခဲ့သော တရားပွဲမှာ ၃-နာရီလောက်တွင် ပြီးဆုံးပါ သည်။ ဤတရားပွဲတွင်လည်း လူမှုရေးကိုပင် ဦးစားပေး၍ ဟောပြောခဲ့ပါ သည်။ အထူးအားဖြင့် မိန်းမများ ပညာသင်ကြားရေးကို အသားပေး၍ ဟောပြောပါသည်။ အိန္ဒိယ တစ်နိုင်ငံလုံးတွင် ဇာတ်နိမ့်နှင့် မိန်းမများ လူရာမဝင်ဖြစ်နေကြရာ ယင်းအခြေအနေ ပပျောက်သွားစေရန်အတွက် အစိုးရက အစွမ်းကုန် ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ယနေ့တရား ပွဲမှာ မိမိ၏ဟောပြောချက်များကိုလည်း အသံလွှင့်ဌာနက အပြည့်အစုံ အသံလွှင့်ပေးခဲ့ပါသည်။

တရားဟောပြောပြီးသောအခါ အစည်းအဝေးသို့ တက်ရောက် လာသည့် ရွာသား ၃,၀၀၀-ကျော်တို့အား ဗုဒ္ဓဘာသာသို့ သွင်းပေးရပါ သည်။ **"အဇ္ဇတဂ္ဂေ ပါဏုပေတံ ဥပါသကောတိ မံ ဓာရေဟိ"**ဟူ၍ လိုက်ဆို ကြစေပြီး သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလတို့ကို ချပေးပါသည်။ ထူးခြား သည်မှာ ဤနေ့ အစည်းအဝေးတွင် မိန်းမများ ပညာသင်ကြားရေးကို ဦးစားပေး၍ ဟောပြောပြီးခဲ့သော်လည်း မိန်းမပရိသတ် တစ်ဦးတစ် ယောက်မျှ မပါချေ။ ယမန်နေ့က ဝိဇယနဂရ်၌ တရားပွဲတွင်မူ မိန်းမ ၁၀၀-လောက် ပါရှိခဲ့လေသည်။ ယင်းအချက်ကို ကြည့်ခြင်းဖြင့် ဤဒေသ၌ မိန်းမများ မည်မျှ လူရာမဝင် ဖြစ်နေသည်ကို ကောင်းစွာ သိနိုင်ပေသည်။

## ရန်လိုသော ပုဏ္ဏားများ

**'ရမ်ဆရာဂျခရန်း'**ရွာ အစည်းအဝေး ပြီးဆုံးသောအခါ ဆုရတ- နဂရ်သို့ ကားဖြင့် ဆက်သွားရသည်။ **ဆူရတနဂရ်**၌ အသံလွှင့်ဌာနက

ဖိတ်ကြားထားသည့် ဆွေးနွေးပွဲသို့ တက်ရောက်ရသည်။ ထိုဆွေးနွေးပွဲ၌ ပုဏ္ဏား (ပြာဟ္မဏ) ၃-၄-ယောက် ပါဝင်ရာ သူတို့က ဦးဆောင်၍ ညှပ်ပူး ညှပ်ပိတ် မေးခွန်းများကို တစ်ခုပြီးတစ်ခု မေးကြသည်။ မိမိအား တိုင်းရင်းသား မဟုတ်သဖြင့် ဟိန္ဒူစကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လိမ့်မည် မဟုတ်-ဟု ထင်၍ ဟိန္ဒီလိုရော ဆံဆကရစ် (သက္ကတဘာသာ) လိုပါ ညှပ်၍ ကတ်ကတ်သတ်သတ် မေးခွန်းများကို မေးမြန်းကြသည်။

တကယ်တော့ ထိုပုဏ္ဏားများမှာ ယခင်က ဗုဒ္ဓဘာသာ မရှိသေးသော ဒေသသို့ ဗုဒ္ဓဘာသာ ဘုန်းကြီး ၁-ပါး ရောက်လာခြင်းကို အထူး မကျေမနပ် ဖြစ်နေသူများ ဖြစ်ကြသည်။ စာရေးသူက အိန္ဒိယ၌ နှစ်ပေါင်း ၃၀-နီးပါး နေထိုင်ခဲ့ပြီး အိန္ဒိယစကားကိုလည်း အောက်ခြေမှ စ၍ လေ့လာသင်ကြားခဲ့သောကြောင့် သူတို့မေးသမျှ မေးခွန်းများကို ဖြေဆိုနိုင်ခဲ့ပေသည်။ ရာဇဝင်ကြောင်းအားဖြင့်လည်းကောင်း, ဘာသာရေးအားဖြင့်လည်းကောင်း ရှင်းလင်းချေပပြီး သူတို့ တစ်ဦးစီအား တန်ပြန်မေးခွန်းများ ထုတ်သောအခါ သူတို့ မဖြေနိုင်ဘဲ ဖြစ်သွားကြသည်။

အမှန်အားဖြင့် **ပြာဟ္မဏပုဏ္ဏားများက ဗုဒ္ဓဘာသာကို ရန်လိုခြင်းမှာ ယခုခေတ်မှ ပေါ်လာသည် မဟုတ်၊ ဘုရားရှင် လက်ထက်ကပင် ရှိခဲ့သည်။** ဘုရားရှင်လက်ထက်က ပုဏ္ဏား ၁-ယောက် ယစ်ပူဇော်ရာ နေရာသို့ ဘုရားရှင် ရောက်သွားရာ ထိုပုဏ္ဏားက ဘုရားရှင်အား ရိုင်းစိုင်းစွာ ပုတ်ခတ်ဆဲရေးခဲ့သည်။ သူယုတ်မာ-ဟု စွပ်စွဲခဲ့သည်။ သို့သော်လည်း ဘုရားရှင်သည် ထိုပုဏ္ဏားအပေါ် အပြစ်မယူဘဲ အမျိုးဇာတ်အားဖြင့် သူယုတ်မာလည်း မဖြစ်နိုင်၊ သူတော်ကောင်းလည်း မဖြစ်နိုင်၊ အကျင့်စာရိတ္တအားဖြင့်သာ သူယုတ်မာနှင့် သူတော်ကောင်းကို ခွဲခြားအပ်ကြောင်း မိန့်ကြားပြီး ဝသလ **သုတ်**ကို ဟောကြားခဲ့ပေသည်။

## ဗုဒ္ဓဘာသာ စိတ်ထား

စာရေးသူသည် အထက်ပါ အကြောင်းကို ပြန်ပြောင်းဟောကြားပြီး ပုဏ္ဏားများအနေဖြင့် လူတွေအပေါ်မှာ ဆရာလုပ်လိုလျှင် တခြားပုဂ္ဂိုလ်, တခြားဘာသာတရားအပေါ်၌ မနာလိုဝန်တိုစိတ်' မထားသင့်ကြောင်း, မိမိတို့ ကိုယ်တိုင်က မတော်မတရားသော အလုပ်များမှ ရှောင်ရှားပြီး လူအပေါင်းအား ကောင်းရာကောင်းကြောင်းကို ညွှန်ပြသင့်ကြောင်း, ပညာမဲ့သူများအပေါ် အခွင့်ကောင်းယူ၍ ခေါင်းပုံဖြတ်စားသူများကို ဆရာ-ဟု မခေါ်နိုင်ကြောင်း, ဗုဒ္ဓဘာသာသည် ဘယ်သူ့ကိုမှ မနာလိုဝန်တိုစိတ် မထားကြောင်း, ဒေါက်တာအမ္ဗေဒကာရ် ဗုဒ္ဓဘာသာသို့ ဝင်ခဲ့သည်မှာ ဗုဒ္ဓဘာသာ၏ မြင့်မြတ်သော စိတ်ထားကို ယုံကြည်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း, ဤဒေသမှ လူများက မိုင်ပေါင်း ၁,၀၀၀-ကျော်ဝေးသော အရပ်မှ မိမိအား ဖိတ်ခေါ်ခဲ့ခြင်းမှာလည်း ဤအချက်ကို ယုံကြည်ခြင်း ကြောင့်ဖြစ်ကြောင်း- စသည်ဖြင့် စီကာပတ်ကုံး ဟောပြောခဲ့ပါသည်။

ပုဏ္ဏားတွေက ကျေနပ်ကောင်းမှ ကျေနပ်ကြပေမည်။ သို့သော်လည်း ၁-ခွန်းမှ ပြန်မပြောဘဲ နှုတ်ပိတ်သွားကြပါသည်။ ထို့နောက် ဆုရတ်နဂရ်မြို့စွန် တစ်နေရာမှ ပင့်ဖိတ်ထားသဖြင့် ထိုနေရာသို့ ဆက်သွားရပါသည်။ လမ်းတွင် ဝိဒျာရံက "ဘုန်းကြီးပြောမှ နှုတ်ပိတ်သွားတယ်" ဟု ထောက်ခံချီးကျူးပါသည်။

ဖိတ်ထားသော အိမ်သို့ ရောက်သောအခါ လူ ၃-၄-ရာလောက် စုဝေးနေကြပါသည်။ သို့သော် ည ၇-နာရီ ထိုးနေပြီဖြစ်၍ ဟောပြောချိန် များများ မရတော့ပါ။ "အချိန်ရသလောက်တော့ ဟောပါဦး"ဟု တောင်းပန်ကြသောကြောင့် ၁၅-မိနစ်မျှ ဟောပြောခဲ့ရပါသည်။ ဒေါက်တာအမ္ဗေ-ဒကာရ်၏ စာအုပ်များနှင့် အခြားဗုဒ္ဓဘာသာ စာအုပ်များကို ဖတ်ရှုကြရန် တိုက်တွန်းပြောကြားပြီး ၈-နာရီ နောက်ဆုံးကားအမီ နေရာမှ ထွက်ခွါခဲ့ရပါသည်။

## အလားအလာကောင်းသော ဒေသ

ဤနေရာမှ နေ၍ မြန်မာပြည်မှ သာသနာပြုလိုသော ပုဂ္ဂိုလ်တို့ကို စာရေးသူ မေတ္တာရပ်ခံလိုပါသည်။ သာသနာပြုရာတွင် သာသနာရှိပြီး သောနေရာ၌ ပြုခြင်းထက် မရှိသောနေရာ၌ ပြုခြင်းက ပို၍ မွန်မြတ်ပါ သည်။ ဤနေရာ, ဤဒေသမှ လူများမှာ ပန်ဂျပ်ပြည်နယ်နှင့် နီးသော ကြောင့် ဆစ်ခ်ဘာသာသို့ သက်ဝင်ရန်လည်း လွယ်ကူပါသည်။ ပါကစ္စတန် ပြည်နယ်နှင့် နီးစပ်သောကြောင့် အစ္စလာမ်ဘာသာဝင်များ ဖြစ်သွားဖို့ လည်း မခက်ပါ။ သို့တိုင်အောင် သူတို့ခေါင်းဆောင်ကြီး ဒေါက်တာအမ္ဗေ-ဒကာရ် သံယောဇဉ်ဖြင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားနေကြပါသည်။ ယင်း အခြေအနေတွင် ဗုဒ္ဓဘာသာ ရဟန်းတော်များ သွားရောက်နေထိုင်ပြီး တရားဟောပြောခြင်း, ဗုဒ္ဓဘာသာစာပေနှင့် ယဉ်ကျေးမှုများ သင်ကြားပို့ချ ပေးခြင်း ပြုနိုင်ကြမည်ဆိုလျှင် အလားအလာ များစွာ ကောင်းလာဖွယ် ရှိပါသည်။

စာရေးသူ ၁-ပါးတည်း အနေဖြင့်မူ ကုသိနာရုံမှ မိုင်ပေါင်း ၁,၀၀၀-ကျော်ဝေးပြီး သဲကန္တာရကြား၌ တည်ရှိသော ဤဒေသသို့ မကြာ ခဏ လာရောက်ရန် မလွယ်လှပါ။ သို့သော်လည်း ပြန်ကာနီးတွင် အနည်း ဆုံး ၁-နှစ် ၁-ခေါက်တော့ လာရောက်ပါရန် ဝိုင်းဝန်းတောင်းပန်ကြသော ကြောင့် လာနိုင်အောင် ကြိုးစားပါမည်-ဟု ကတိပေးခဲ့ရပါသည်။ အပြန် ခရီးတွင် ထိုသူတို့၏ တောင်းပန်စကားနှင့် မြန်မာနိုင်ငံမှ ဒကာကြီး ဦးညို တို့ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ **"ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေလို လင်း စေသောဝ်"**ဟူသော ကြွေးကြော်သံတို့ကို စာရေးသူ၏နားထဲ၌ ကြားယောင် လျက် ရှိနေပါတော့သတည်း။

ဟရိဗလ၊ ကုသိနာရုံ



၁၅-၂-၉၃ ရဟန်းသိက္ခာတင်အပြီး ရဟန်းသစ်များအား
သိမ်ဆင်းလောင်းလှူနေကြစဉ်

## ဂေါရခ်ပူရ်မြို့ ဗုဒ္ဓဘာသာ အစည်းအဝေးကြီး

တတိယမြောက် ဗုဒ္ဓဘာသာ ခံယူပွဲကို ၁၈-၁၁-၉၀-နေ့တွင် ကန်ပူရ်မြို့၌ ပြုလုပ်ရာ လူထု ၅-သောင်းခန့် တက်ရောက်ခဲ့လေသည်။

ထို့နောက် စာရေးသူသည် ထိုင်းနိုင်ငံမှ ဒကာ, ဒကာမများက ပင့်ဖိတ်ကြသဖြင့် (၁၅-၁၂-၉၀)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်ခဲ့ရသည်။ ဘန်ကောက်မှတဆင့် စင်္ကာပူနှင့် မလေးရှားသို့လည်း ခရီးဆက်ခဲ့ရပါသည်။

စာရေးသူသည် ၁၉၉၁-ခု၊ နှစ်ဆန်းပိုင်း၌ အိန္ဒိယသို့ ပြန်ရောက်ခဲ့ပြီး (၁၉-၁-၉၁) နေ့တွင် အေလာဟာဗဒ်မြို့၌ ကျင်းပသည့် စတုတ္ထမြောက် ဗုဒ္ဓဘာသာ ခံယူပွဲသို့ တက်ရောက်ခဲ့ရသည်။ ဗာရာဏသီမြို့၌ ကျင်းပသည့် ပဉ္စမမြောက် ဗုဒ္ဓဘာသာ ခံယူပွဲကိုမူ မိမိ ထိုင်းနိုင်ငံသို့ ရောက်နေစဉ် အချိန်အတွင်း ကျင်းပခဲ့သောကြောင့် မိမိ မတက်ရောက်နိုင်ခဲ့ချေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါက်တာ အမ္ဗေဒကာရ် နှစ် ၁၀၀-ပြည့် အထိမ်းအမှတ်အဖြစ် နေရာတကာတွင် ကျင်းပသည့် ဗုဒ္ဓဘာသာ ခံယူပွဲများသို့ စာရေးသူအား အထူးတလည် ဖိတ်ကြားခဲ့ခြင်းကို မြန်မာနိုင်ငံမှ ဒကာ, ဒကာမများ အံ့ဩမိကြလိမ့်မည် ထင်ပါသည်။ တစ်ချို့ ယုံပင် ယုံကြည်ကြလိမ့်မည် မထင်ပါ။

အမှန်တော့လည်း မိမိ၏အစွမ်းအစ သက်သက်ကြောင့် ဤမျှ အရေးပါရာ ရောက်နေခြင်း မဟုတ်၊ ကျေးဇူးရှင် ဦးစန္ဒိမဏိ ဆရာတော် ကြီး၏ အရှိန်အဝါကြောင့်လည်း နေရာတကာမှ မိမိအား ဤမျှ ဦးစားပေး ၍ ဖိတ်ကြားနေခြင်း ဖြစ်ပါသည်။ **သူတို့ ခေါင်းဆောင်ကြီး ဒေါက်တာ အမ္ဗေဒကာရ်မှာ ဆရာတော် ဦးစန္ဒိမဏိထံ၌ တပည့်ခံခဲ့သည်ဖြစ်ရာ ဦးစန္ဒိမဏိ၏ တပည့်ဖြစ်သော မိမိကိုလည်း ဒေါက်တာအမ္ဗေဒကာရ်နှင့် ညီအစ်ကိုရင်းကဲ့သို့ မှတ်ထင်နေကြသောကြောင့် ထိုကဲ့သို့ လိုလိုလားလား ဖိတ်ကြားခြင်း ဖြစ်ပါသည်။**

အေလာဟာဗဒ်ပွဲ ပြီးသောအခါ ဂေါရခ်ပူရ်အလှည့်သို့ ရောက် လာပါသည်။ ဂေါရခ်ပူရ်မှာ မိမိနေထိုင်ရာ ကုသိနာရုံနှင့် ၅၁-ကီလိုမီတာ မျှ ဝေးသော ခရိုင်မြို့ကြီး ဖြစ်ပါသည်။ ကုသိနာရုံမှ အငှားကားနှင့် သွား လျှင် ၁-နာရီခန့်, ရိုးရိုး ခရီးသည်တင်ကားနှင့် သွားလျှင် ၁-နာရီခွဲခန့်သာ သွားရပါသည်။ သို့ဖြစ်၍ စာရေးသူသည် ထိုနေ့တွင် ဆွမ်း စောစောစားပြီး ၁၀-နာရီကျော်လောက်တွင် ကုသိနာရုံမှ ထွက်ခဲ့ရာ ၁၁-နာရီမခွဲမီ ဂေါရခ်ပူရ်သို့ ရောက်သွားပါသည်။

ဂေါရခ်ပူရ်မှာ မိမိ၏နေရာဖြစ်၍ ပိုမို စည်ကားလိမ့်မည်-ဟု အများကပင် မျှော်လင့်ခဲ့ကြသည်။ အစည်းအဝေးကြီးကို ဦးဆောင်ကျင်းပ သူများမှာလည်း အမြတ်ခွန် အရာရှိများ၊ တက္ကသိုလ် ပါမောက္ခများနှင့် မီးရထားဌာန အရာရှိများ ဖြစ်ပါသည်။ အာဂရာမှ ဗုဒ္ဓဘာသာ ခေါင်း

ဆောင် **ဂူလာဗ်ဆေဟရာ**လည်း ရောက်လာပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာကို အမြဲတမ်း ရန်ပြုနေသည့် ဘာရတိယဂျနတာ ပါတီဝင် **ဆံယပြီယဂေါတမန်**လည်း ရောက်လာပါသည်။

စာရေးသူသည် ဂေါရခ်ပူရ် ဗုဒ္ဓဘာသာ အစည်းအဝေးကြီး အတွက် လိုအပ်သည့် အစီအစဉ်များကို ခပ်စောစောပိုင်းကပင် သက်ဆိုင်သူတို့အား အသေးစိတ် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း အစည်းအဝေး ကျင်းပမည့်နေ့ အချိန်နီးမှ ကပ်၍ လာခဲ့ခြင်း ဖြစ်ပါသည်။

အစည်းအဝေးပွဲကြီး ကျင်းပမည့် နေရာမှာ **တမ္ဗကူဟီး**ခေါ် ကွင်းပြင်ကြီး ဖြစ်ပါသည်။ ခရိုင်ဝန် အိမ်နှင့်လည်း နီးပါသည်။ ထို့ပြင် ဟိန္ဒူမဟာသဘာဥက္ကဋ္ဌ၏ ကျောင်းနှင့်လည်း နီးကပ်နေသဖြင့် ယင်းနေရာ၌ ဗုဒ္ဓဘာသာ ခံယူပွဲကြီး ကျင်းပမည်ဆိုလျှင် ထိုဟိန္ဒူဥက္ကဋ္ဌကြီးအား မရိုသေ မလေးစားရာ ရောက်လိမ့်မည်-ဟူ၍ပင် သတင်းစာများက ကြို တင်ဝေဖန်ခဲ့ကြလေသည်။ သို့သော် ဂေါရခ်ပူရ်မှ ဗုဒ္ဓဘာသာသို့ ဝင်သူများမှာ အခြားနေရာတို့မှ လူများနှင့် မတူဘဲ အလွန် ယဉ်ကျေးလိမ္မာကြသဖြင့် အားလုံးနီးပါး အဆင်ပြေခဲ့ပေသည်။

"အားလုံးနီးပါး"ဟု ဆိုရခြင်းမှာ အဆင်မပြေသော ပြဿနာ ၁-ခု ရှိခဲ့သောကြောင့် ဖြစ်ပါသည်။ အဆင်မပြေသော ကိစ္စမှာ အုပ်စု ၂-စု ကွဲသွားခြင်းပင် ဖြစ်၏။ ခေါင်းဆောင်လုပ်သူများက သဘောထား ချင်း မတူညီ၍ အုပ်စု ၂-စုကွဲသွားသောကြောင့် ဗုဒ္ဓဘာသာ ခံယူပွဲကို ၂-ကြိမ်ခွဲ၍ ကျင်းပသည်။ (၅-၂-၉၁)နေ့တွင် ၁-ပွဲနှင့် (၁၇-၂-၉၁) နေ့တွင် ၁-ပွဲဖြစ်၏။

ဂေါရခ်ပူရ်ပွဲတွင် လူထု ၃-သောင်းကျော် ၄-သောင်းလောက် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြလိမ့်မည်-ဟု စောစောပိုင်းက မျှော်လင့်ထား ခဲ့ကြသည်။ သို့သော် အုပ်စု ကွဲသွားသဖြင့် လူဦးရေလည်း လျော့နည်းသွား

ခဲ့သည်။ ၁-ပွဲလျှင် ၆-ထောင်စီလောက်သာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ကြလေသည်။

ပထမပွဲ ကျင်းပသည့်နေ့တွင် စာရေးသူလည်း အစည်းအဝေးမဏ္ဍပ်သို့ နေ့ခင်း ၁-နာရီအချိန်တွင် ရောက်သွားပါသည်။ မဏ္ဍပ်ကြီးထဲတွင် ကုလားထိုင်များ အစီအရီ ခင်းထားပါသည်။ ရပ်နီး,ရပ်ဝေးမှ ပရိသတ်များလည်း ယာဉ်, ရထားအမျိုးမျိုးဖြင့် ၁-သုတ်ပြီး ၁-သုတ် ဆိုက်ရောက်လာကြသည်။ ရဟန်းတော်များလည်း ၁၅၀၊ ၂၀၀-ခန့် ပါဝင်သည်။

အစည်းအဝေး သဘာပတိအဖြစ် ဂျပန်ဘုန်းတော်ကြီး ၁-ပါးကို တင်မြှောက်ကြသည်။ **စာရေးသူအား ဒိချာဂုရုခေါ် ဩဝါဒါစရိယအဖြစ်** တာဝန်ပေးကြသည်။ အစည်းအဝေး ဖွင့်လှစ်သောအခါ ကုလားထိုင်များပေါ်တွင် ထိုင်နေသူတို့က မြေကြီးပေါ်၌ ခင်းထားသော ကော်ဇောကြီးများပေါ်သို့ ဆင်း၍ ထိုင်ကြသည်။ ပရိသတ် ၆,၀၀၀-ခန့်တွင် မိန်းမ ၁,၀၀၀-ခန့် ပါဝင်သည်။ မိန်းမများက ညာဘက်, ယောကျ်ားများက ဘယ်ဘက်၌ ခွဲ၍ ထိုင်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ နီပေါလ်နိုင်ငံ နယ်စပ် **'ဆိုနောက်လီ'** မှ ကလေး ၂-ယောက်ကို ရှင်ပြုပေးရသည်။ ရှင်ပြုပေးရာတွင် သင်္ကန်းပေး, သင်္ကန်းတောင်းများကို ရှေးဦးစွာ ပါဠိဖြင့် ချပေးပြီး အိန္ဒိယဘာသာဖြင့်လည်း အဆိုခိုင်းသည်။ ထို့နောက် သင်္ကန်းစည်းပေးပြီး သရဏဂုံနှင့် ၁၀-ပါးသီလ ဆောက်တည်စေပါသည်။ ဤနေရာတွင် လွန်ခဲ့သော ၄-၅ နှစ်ခန့်ကလည်း လူငယ် ၂၄-ယောက်ကို ရှင်သာမဏေ ဝတ်ပေးခဲ့ဖူးပါသည်။ **မြန်မာနိုင်ငံ စီမံ/ဘဏ္ဍာမှ ဒကာမကြီး ဒေါ်မြင့်မြင့်ကြည်** ဦးဆောင်သောဘုရားဖူးအဖွဲ့အား ထိုရှင်ပြုပွဲကို စာရေးသူ လိုက်ပြခဲ့ဖူးပါသည်။ ထိုဒေါ်မြင့်မြင့်ကြည်တို့အဖွဲ့က ရှင်သာမဏေ ၂၄-ပါးအား ရဟန်းခံ သိမ်ထွက်လောင်းသကဲ့သို့ ခဲတံ, ဗလာစာအုပ်, ပရုတ်ဆီ- စသော ပစ္စည်းများကို လောင်းလှူခဲ့ပါသည်။

လူပေါင်း ၆,၀၀၀-ဗုဒ္ဓဘာသာအဖြစ် ခံယူကြရာတွင်မူ စောစော ပိုင်းကပင် သင်ကြားလေ့ကျင့်ပေးထားသည်ဖြစ်၍ ကန်တော့ပုံ, သီလ တောင်းပုံ, သရဏဂုံ ၃-ပါးနှင့် သီလ ဆောက်တည်ပုံတို့ကို ခေါင်းဆောင် လုပ်သူများနှင့်အတူ ပရိသတ်အားလုံး တညီတညွတ်တည်း ရွတ်ဆိုခံယူ ကြပါသည်။

ထိုအစည်းအဝေးတွင် ဒိချာဂုရုဖြစ်သူ မိမိက ၂-နာရီခန့် တရား ဟောပြောသည်။ ဘာရတီယဇနတာ ပါတီဝင် ဒေလီအမတ် **သံဃပြိယ- ဂေါတမန်**နှင့် အာဂရာမှ **ဝူလာဗ်ဆေဟ**ရာတို့ကလည်း နာရီဝက်ခန့် ဩဝါဒ စကား မြွက်ကြားသည်။ ဆောင်းရာသီဖြစ်သော်လည်း ဖေဖော်ဝါရီလ၏ နေပူရှိန်မှာ အတော်ပြင်းပါသည်။ ၆,၀၀၀-ကျော်မျှသော ပရိသတ်ကြီးသည် နေပူကျဲကျဲထဲတွင် ဇွဲကောင်းကောင်းဖြင့် ငြိမ်သက်စွာ နားထောင်ခဲ့ကြ သည်။

ညနေ ၆-နာရီအချိန်သို့ ရောက်မှ ဂေါရခ်ပူရ်မြို့ ဗုဒ္ဓဘာသာ ခံယူပွဲ လူထုအစည်းအဝေးကြီး အောင်မြင်စွာ ပြီးဆုံးသွားပါတော့သည်။

ဤသည်မှာ (၅-၂-၉၁)နေ့တွင် ကျင်းပသည့် ပထမ အစည်း အဝေးကြီး ဖြစ်ပါသည်။ (၁၇-၂-၉၁) နေ့၌ ကျင်းပသည့် ဒုတိယ အစည်း အဝေးကိုမူ စာရေးသူ မတက်ရောက်နိုင်တော့ပါ။ အကြောင်းမှာ (၁၅- ၂-၉၁) နေ့မှ (၂၄-၂-၉၁) နေ့အထိ ကုသိနာရုံ၌ **ဗုဒ္ဓဆရာဝရ်-ခေါ် ဗုဒ္ဓဘာသာ ရေကန်တူးပွဲကြီး** စီစဉ်ကျင်းပနေရသောကြောင့် ဖြစ်ပါသည်။ ထိုရေကန်တူးပွဲကြီးကို အိန္ဒိယနိုင်ငံ၊ ပြည်နယ် ၁၇-နယ်တို့မှ ဟိန္ဒူ, မွတ်ဆလင်, ခရစ်ယန်, ဆစ်ခ်- စသည့် ဘာသာပေါင်းစုံ လူငယ်များ ပါဝင်တက်ရောက်၍ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**ဟရိဗလ၊ ကုသိနာရုံ**



၁၅-၂-၉၃ ဗုဒ္ဓအင်တာကောလိပ်တွင် ဦးစန္ဒိမကို စာပြခန်းမအတွက်
ဆရာတော်ဦးဝဏ္ဏသီရိက အုဋ်မြစ်ချတော်မူစဉ်

# ဘန်ကောက်မှ ဗုဒ္ဓရုပ်ပွါးတော်များ ပင့်ဆောင်ခြင်း

## ရုပ်ပွါးတော် ၃-ဆူ

၁၉၉၁-ခုနှစ်၊ ဧပြီလအတွင်း၌ စာရေးသူသည် အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌပြည်နယ်၏မြို့တော် ဘုံဘေသို့ ရောက်ခဲ့ရပါသည်။ ဘုံဘေသည် အိန္ဒိယနိုင်ငံ၌ ဒုတိယအကြီးဆုံးမြို့ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးမြို့များတွင်လည်း ၁-မြို့အပါအဝင် ဖြစ်သည်။ မဟာရဋ္ဌပြည်နယ်သည် မရာဌီလူမျိုး အများဆုံး နေထိုင်ရာဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ လူမျိုးများစွာတို့အနက် အဆိုပါ မရာထီလူမျိုးတို့သည် ဗုဒ္ဓဘာသာသို့ အများဆုံး သက်ဝင်လာသူတို့ ဖြစ်ပါသည်။

ဘုံဘေသို့ စာရေးသူ သွားရောက်ရသည့်ကိစ္စမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ သင်္ဘောဖြင့် တင်ပို့လိုက်သည့် ဗုဒ္ဓ၏ရုပ်ပွါးတော်ကြီး ၃-ဆူကို ဘုံဘေဆိပ်ကမ်း၌ ရွေးယူပင့်ဆောင်ရန် ဖြစ်ပါသည်။ စာရေးသူသည် ၁၉၉၀-ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်းက ထိုင်းလင်း, စက်ာပူနှင့် မလေးရှား

နိုင်ငံများသို့ ခရီးတစ်ခေါက် ထွက်ခဲ့ရပါသည်။ ထိုခရီးမှ အပြန်တွင် ဘန်ကောက်မြို့မှ ဒကာ, ဒကာမတို့က ကျပ် ၅-သိန်းကျော်မျှ တန်ဖိုးရှိသည့် ဗုဒ္ဓရုပ်ပွားတော်ကြီး ၃-ဆူကို လှူဒါန်းလိုက်ကြပါသည်။ လှူဒါန်းသူတို့က စေတနာထက်သန်စွာ လှူဒါန်းလိုက်ကြသော်လည်း ထိုမျှ တန်ဖိုးကြီးမားသော ရုပ်ပွားတော်များကို ကုသိနာရုံသို့ ရောက်သည်အထိ ပင့်ဆောင်ရေးမှာ မလွယ်လှပါ။ အိန္ဒိယလို ဗုဒ္ဓဘာသာ မဟုတ်သော နိုင်ငံတွင်မူ ပို၍ခက်ခဲပါသည်။

## ကလကတ္တားသို့ ရှောင်ရှားလို

အမှန်အားဖြင့် ဘန်ကောက်မှ ရုပ်ပွားတော်များကို အိန္ဒိယနိုင်ငံသို့ သင်္ဘောဖြင့် တင်ပို့ရာတွင် အနီးဆုံးဆိပ်ကမ်းမှာ ကလကတ္တားဆိပ်ကမ်းဖြစ်ပါသည်။ သို့သော်လည်း ကလကတ္တားကို တမင်ရှောင်ရှားလိုသောကြောင့် ဘုံဘေဆိပ်ကမ်းသို့ တင်ပို့ပေးရန် စီစဉ်ခဲ့ရခြင်း ဖြစ်ပါသည်။ ကလကတ္တားကို ရှောင်ရှားလိုခြင်းမှာလည်း မိမိကိုယ်တိုင် အကြိမ်ပေါင်းများစွာ ခံစားခဲ့ရသည့် အတွေ့အကြုံများကြောင့်ပင် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၌ ဒေလီ, ကလကတ္တား, မဒရပ်, ဘုံဘေ-ဟူ၍ မြို့ကြီး ၄-မြို့ရှိရာတွင် ဒေလီနှင့် မဒရပ်မှ လူများနှင့် ဆက်ဆံရသည်မှာ အတော်အသင့် အဆင်ပြေမှု ရှိ၏။ ကလကတ္တားက လူများနှင့် ဆက်ဆံရသည်မှာမူ အတော်ပင် ဆိုးလှပေသည်။ လူကို လူလို မထင်၊ ငွေများများ မပေးနိုင်လျှင် ဘာမျှလုပ်၍ မရသော အခြေအနေများကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရပေသည်။ ထိုကြောင့်လည်း ရုပ်ပွားတော်များကို ဘုံဘေဆိပ်ကမ်းသို့ ပို့စေခဲ့ရခြင်း ဖြစ်လေသည်။

ဘန်ကောက်မှ ရုပ်ပွားတော်များ ဘုံဘေဆိပ်ကမ်းသို့ ရောက်နေသည်မှာ ရက်ပင် အတော်ညောင်းနေလေပြီ။ ၂၇-၂-၉၁-နေ့ကပင် ရောက်နေပြီဖြစ်ကြောင်း စာရခဲ့သည်။ သို့သော် စာရေးသူမှာ စောစောပိုင်းကပင် လက်ခံထားခဲ့သည့် ပင့်ဖိတ်မှုများ ရှိနေသဖြင့် ယူပီ, မဓျပဒေသ, ရာဂျဆ-

တန်ပြည်နယ်နှင့် ဒေလီမြို့များသို့ ခရီးထွက်နေခဲ့ရသည်။ ထို့ကြောင့်ပင် ဘုံဘေသို့ သွားရန် နှောင့်နှေးခဲ့ရခြင်း ဖြစ်လေသည်။

## ခေတ်သစ် ရဋ္ဌပါလ

စာရေးသူသည် ဧပြီလ၊ ၁၂-ရက်မှ ၁၄-ရက်နေ့အထိ ဒေလီမြို့တော်၌ ကျင်းပသော ဒေါက်တာအမွေဒကာရ် ရာပြည့်ပွဲသို့ တတ်ရောက်ရသည်။ ထိုမှတဖန် အေလာဟာဗဒ်, ဗုဒ္ဓဂယာနှင့် ရာဇဂြိုဟ်သို့ ခရီးဆက်ရသည်။ ထို့နောက် နီပေါနိုင်ငံမှ သကျ(သာကီဝင်)အမျိုးအနွယ် ဖြစ်သော လူငယ် ၁-ဦးအား ရှင်ပြုပေးရန်အတွက် ဗုဒ္ဓဂယာသို့ တစ်ခေါက် ပြန်ဝင်ရပြန်သည်။ **ပြဒီပ**-အမည်ရှိသော ထို**နီပေါလူငယ်**လေးမှာ ပညာထူးချွန်သူဖြစ်၍ မိဘများက ဆရာဝန်ဖြစ်စေချင်ကြသော်လည်း လူငယ်ကမူ ရှင်-သာမဏေဝတ်ပြီး ရဟန်းဘောင်သို့ တက်ရန် အပြင်းအထန် လိုလားနေသည်။ သူလုပ်ချင်တာ မလုပ်ရလျှင် ထမင်းမစား-ဟု ဆိုသဖြင့် မိဘများက မတတ်သာဘဲ ရှင်ပြုပေးရန် သဘောတူခဲ့ကြရသည်။ သို့သော် ရဟန်းဘောင် ဆက်မတက်ရန်ကား ပြောပြနေကြဆဲပင် ဖြစ်သည်။ ဤလူငယ်ကား ဘုရားလက်ထက်က ရဋ္ဌပါလ-သတို့သားလို စိတ်ဓာတ်ရှိသူဖြစ်၍ **ခေတ်သစ် ရဋ္ဌပါလ**-ဟု ခေါ်သင့်ပေသည်။

နီပေါလူငယ်ကို ၁၈-၄-၉၁-နေ့တွင် ရှင်ပြုပေးပြီး သူ့မိဘ ၂-ပါးနှင့်တကွ ကိုရင်ကို ခေါ်၍ ဗာရာဏသီသို့ ထွက်ခဲ့သည်။ ဗာရာဏသီမှ တဆင့် သူတို့သားအမိ, သားအဖ ၃-ဦးကို ကုသိနာရုံသို့ ပို့ပေးပြီး စာရေးသူက ဘုံဘေသွားရန် ဗာရာဏသီသို့ တကြော့ပြန်ခဲ့ရသည်။

## မီးရထားလက်မှတ် အခက်အခဲ

တပည့် ၁-ဦးနှင့်အတူ ဗာရာဏသီမှ ဘုံဘေသို့ မီးရထားလက်မှတ်ရရှိရေးကား အတော်ပင် ခက်ခဲပါသည်။ အိန္ဒိယနိုင်ငံ၌ ဘယ်နေရာမှ

မဆို ကြီးမားသော လူစုလူဝေးများကို တွေ့ရပါသည်။ သို့သော် ဗာရာဏသီ ဘူတာရုံကြီး၌ တွေ့ရသော လူစုလူဝေးမှာ ကြောက်စရာကောင်းလောက် အောင်ပင် ကြီးမားလှပါသည်။ ဗာရာဏသီ ဂင်္ဂါမြစ်ဆိပ်၌ ရေချိုးရန် တစ်ပြည်လုံးမှ လာကြသည်။ ထိုမှတဆင့် **တြိဗေဏီခေါ် ပယာဂဆိပ်ကမ်းသို့ သွားကြသည်။ တြိဗေဏီဟူသည် ဂင်္ဂါ, ယမုနာနှင့် သူရဿတီ၊ မြစ် ၃-စင်းဆုံရာ အရပ်ကို ခေါ်ခြင်းဖြစ်ပါသည်။ ထိုအရပ်မှာ ဗာရာဏသီ၏ အထက်ဘက် အေလာဟာဗဒ်မြို့အနီး၌ တည်ရှိသည်။ ထိုနေရာ၌ ရေချိုးလျှင် "ဆွဂ်ဂ"ခေါ် နတ်ပြည်သို့ ရောက်သည်-ဟု ဟိန္ဒူဘာသာဝင်တို့က ယုံကြည်ကြပါသည်။**

အသွား,အပြန် ခရီးသည်များဖြင့် ပြည့်ကျပ်တိုးဝှေ့နေသော ဗာရာဏသီ ဘူတာရုံကြီးတွင် မီးရထားလက်မှတ် မရနိုင်သဖြင့် ဆရာ, တပည့် ၂-ဦး တဝဲလည်လည် ဖြစ်နေသည်။ နောက်ဆုံးတွင် မတတ်သာ တော့သဖြင့် အေစီ ပထမတန်းလက်မှတ် ၂-စောင်ကိုသာ မျက်စိမှိတ်၍ ယူလိုက်ရပါတော့သည်။

## ဘုံဘေမြို့မှာ တည်းခိုစရာ

ဘုံဘေသို့ ၂၈-၄-၉၁-နေ့တွင် ရောက်သည်။ စာရေးသူက **ကျန်ဘုရ်ှ ဘုန်းကြီးကျောင်း**တွင် တည်းပြီး တပည့်ဖြစ်သူ ဘာဘလေ-က သူ့မိတ်ဆွေ တက္ကသိုလ်ကျောင်းသား ဆုကလာအခန်းတွင် တည်းပါသည်။ ရောက်စ-က ဘာဘလေ၏မိတ်ဆွေ **ဆရ်မာကိမ်**ဆိုသူက သူ့အိမ်မှာ လာ တည်းပါ-ဟု ဖိတ်ခေါ်ထားသဖြင့် သူ့အိမ်သို့ သွားခဲ့သည်။ တကယ် သွားကြည့်သောအခါ မီးဖိုခန်း, ရေချိုးခန်း, အိမ်သာခန်းများ အပါအဝင် ၁၀-ပေ × ၁၂-ပေမျှသာ အကျယ်အဝန်းရှိသော သူ့အိမ်တွင် မိသားစု ၄-စု, လူဦးရေ ၃၄-ယောက် ရှိနေကြောင်း တွေ့ရသည်။ ညအိပ်သည့်အခါ ကလေးများကို အိပ်စင် ၄-ဆင့်, ၅-ဆင့် လုပ်၍ သိပ်ကြရသည်-ဟု ဆိုပါ သည်။

စာရေးသူ တည်းခိုသော ဘုန်းကြီးကျောင်းကား မြို့ထဲတွင် ဖြစ်သော်လည်း ပတ်ဝန်းကျင်ရှိ သစ်ပင်,ပန်းပင်များဖြင့် သီးခြားရပ်ကွက်ကလေးလို ဖြစ်နေပါသည်။ သို့သော် နွေရာသီဖြစ်၍ အလွန်ပူအိုက်လှသောကြောင့် ကျောင်းခန်းထဲ၌ မအိပ်နိုင်၊ အပြင်ဘက် ခုတင်ပေါ်တွင် ခြင်ထောင် ထောင်၍ အိပ်ရပါသည်။ လေတိုက်၍ ခြင်ထောင် လပ်သွားလျှင်ကား ခြင်တွေတအုံကြီး ဝင်၍ ကိုက်ခြင်းကို ခံရပါသည်။

## ဆင်းတုတော်များ ထုတ်ယူရေး

ဘုံဘေသို့ ရောက်ပြီး နောက်တစ်နေ့တွင် ရှေးဦးစွာ သဘော်ကုမ္ပဏီနှင့် သွားရောက်ဆက်သွယ်ရပါသည်။ သဘော်ကုမ္ပဏီသို့ ရူပီးငွေ ၅၀၀-ပေးပြီး သက်ဆိုင်ရာ စာရွက်စာတမ်းများကို ထုတ်ယူရပါသည်။ ထို့နောက် ကျယ်ဝန်းရှုပ်ထွေးလှသော သဘော်ဆိပ်ထဲတွင် လှည့်လည်လျက် ရုပ်ပွါးဆင်းတုတော်များကို ရှာဖွေရပါသည်။ ဗောတံတား အတန်တန်ကို ဖြတ်ကျော်ပြီးနောက် ဆိပ်ကမ်းတစ်နေရာတွင် ဆင်းတုတော်များကို တွေ့ရှိရပါသည်။ ဆင်းတုတော်များကို တွေ့ရှိရသဖြင့် ဝမ်းသာရသော်လည်း ချက်ချင်းထုတ်ယူ၍ မရ။ သည်နေ့ ရနိုး, ဟိုနေ့ ရနိုးဖြင့် သဘော်ဆိပ်သို့ သွားနေရသည်။

ဘုံဘေတွင် နေရေး,ထိုင်ရေး ကျပ်တည်းသလို သွားရေး,လာရေးလည်း ကျပ်တည်းပါသည်။ တည်းခိုရာ ကျောင်းမှ သဘော်ဆိပ်သို့ တက္ကစီကားဖြင့် သွားလျှင် ရူပီး ၁၀၀-ခန့် ကုန်သည်။ နေ့စဉ် မတတ်နိုင်သောကြောင့် နောက်နေ့များတွင် မီးရထား စီးရသည်။ မီးရထားမှာလည်း အမြဲတမ်း လူပြည့်ကျပ်နေသည်။ ထိုင်စရာ နေရာရဖို့ ဝေးစွ၊ မတ်တတ်လိုက်ပါနိုင်ဖို့ပင် အတော်ကြီး တိုးဝှေ့တွယ်ကပ် လိုက်ရလေသည်။

ဆင်းတုတော်များ ထုတ်ယူနိုင်ရေးအတွက် ဆိပ်ကမ်းဌာနနှင့်လည်း ဆက်သွယ်ရသည်။ အကောက်ခွန်ဌာနနှင့်လည်း ဆက်သွယ်ရ

သည်။ ထိုဌာနတို့မှ လူများ၏ မတော်မတရားပြု၍ ငွေညှစ်မှု များစွာခံရသည်။ ကလကတ္တားမှာဆိုလျှင် သည်ထက်ပင် ပို၍ ဆိုးပေမည်။ ဘုံဘေ၌ တစ်ခုကောင်းသည်မှာ ဗုဒ္ဓဘာသာဝင်များ အသင့်အတင့်ရှိပြီး ထိုသူတို့နှင့် တွေ့လျှင် စွမ်းနိုင်သမျှ ကူညီတတ်ကြခြင်းပင် ဖြစ်၏။

ဘုံဘေတွင် တွေ့ရသော ဗုဒ္ဓဘာသာဝင်များသည် ပိုက်ဆံမတောင်းဘဲ သူတို့ဘာသာ စရိတ်ခံ၍ သွားလာဆောင်ရွက်ပေးကြသည်။ စာရေးသူနှင့် အတူသွားသည့်အခါ ခရီးစရိတ် ခံရုံသာမက စာရေးသူကိုပင် ဆွမ်းကျွေးကြ၊ အဖျော်ယမကာ တိုက်ကြသည်။ ကလကတ္တားတွင်မူ ဗုဒ္ဓဘာသာဝင် ဆိုသူကလည်း ပိုက်ဆံရမှသာ ကူညီဆောင်ရွက်ပေးကြလေသည်။

## နေရာတိုင်းမှာ တန်းစီရ

ကံအားလျော်စွာ ပထမနေ့မှစ၍ စာရေးသူ တွေ့ခဲ့ရသည့် အကောက်ခွန် အရာရှိကလေး ၁-ယောက်ကား များစွာ အကူအညီ ပေးခဲ့သည်။ သွားစရာ,လာစရာရှိလျှင် သူ့စရိတ်နှင့်သူ သွားသည်။ တွေ့ရမည့် အထက်အရာရှိများထံလည်း သူက ဦးဆောင်၍ ပို့ပေးသည်။ အကောက်ခွန်ဌာနနှင့် ဆိပ်ကမ်းနယ်မြေထဲသို့လည်း သူက ပို့ပေးသောကြောင့် လက်မှတ်မပါဘဲ ဝင်ခွင့်ရရှိသည်။ လုပ်ရင်း,ကိုင်ရင်း ဆွမ်းစားချိန် ရောက်လျှင် စားသောက်ဆိုင်သို့ ပင့်၍ ဆွမ်းကပ်သည်။

သို့သော် ဘုံဘေတွင် စားသောက်ဆိုင်များသို့ သွား၍ စားသောက်ရသည်မှာလည်း မလွယ်လှချေ။ နေ့လယ်စာ စားရန် ရုံးလွှတ်ချိန်တွင် ရုံးများ, အလုပ်တိုက်များမှ ဆင်းလာသူများ ပြုံကျလာသောကြောင့် လက်ဖက်ရည်ဆိုင်, ထမင်းဆိုင်တို့၌ တန်းစီကြရသည်။ ရုံးတက်ချိန်, ရုံးဆင်းချိန်တို့၌ ရထားစီးရန်, ဘတ်စ်ကားစီးရန် တန်းစီကြရသည်။ သုံးဘီးကားစီးလိုလျှင်လည်း တန်းစီကြရသည်။ နေရာတိုင်းမှာလို တန်းစီရသော ဘုံဘေစနစ်ကို ရောက်စကမူ စာရေးသူ ခပ်အမ်းအမ်း ဖြစ်နေမိခဲ့သည်။

နောက်ကျတော့လည်း **"ရောမရောက်ရင် ရောမလို ကျင့်ရမည်"**ဟူသော ဆိုရိုးစကားကို ဆင်ခြင်ကာ အလိုက်သင့် ဖြစ်သွားခဲ့ရပါတော့သည်။

ဆင်းတုတော်များ ထုတ်ယူရေးကိစ္စအား ၃-၄-ရက်နှင့် ပြီးလိမ့်မည်-ဟု ထင်ခဲ့သော်လည်း မပြီးချေ။ ရက်သတ္တပတ်ပင် ကျော်လာခဲ့ပြီ။ ရက်ညောင်းလာသည်နှင့်အမျှ စရိတ်ကလည်း ထောင်းလှသည်။ ယူလာခဲ့သည့် ရူပီးငွေ ၁-သောင်းမှာ ကုန်လုနီး ဖြစ်နေပြီ။ အကောက်ခွန်ရုံး အဆောက်အအုံကြီးတွင် အပေါ်ထပ် တက်သွားလိုက်, အောက်ပြန်ဆင်းလာလိုက်သဖြင့် ဖတ်ဖတ်မောခဲ့ရသည့်နေ့ပေါင်း မနည်းလှတော့ချေ။ အတက်ရော အဆင်းပါ လှေကားများရှိသော်လည်း ထုံးစံအတိုင်း တန်းစီစောင့်ရသေးသည်။

## အကောက်ခွန် ကင်းလွတ်

၈-၅-၉၁-နေ့တွင်ကား **လက်ထောက် အကောက်ခွန်မင်းကြီး** ဆိုသူနှင့် တွေ့ရသည်။ သူ့နာမည်မှာ **အနီလ်ကုမာရ်** ဖြစ်သည်။ တွေ့စတွင် လေသံမာမာပြတ်ပြတ်ဖြင့် ပြောဆိုသည့်အတွက် စိတ်ညစ်မိသည်။ သို့သော် တဖြည်းဖြည်း ရိုးသား၍ သဘောကောင်းသူ ဖြစ်ပုံရကြောင်း ပေါ်လာသဖြင့် မျှော်လင့်ချက် တိုးလာသည်။ သူက အမှုတွဲ စိစစ်ပြီး အထက်အရာရှိ ၁-ဦးထံ စေလွှတ်သည်။ အထက်အရာရှိကလည်း အနည်းငယ်သာ စိစစ်ပြီး အနီလ်ကုမာရ်ထံ ပြန်လွှတ်သည်။ ထိုအခါ အနီကုမာရ်က ရုပ်ပွါးဆင်းတုတော်ကြီးများမှာ လူအများ ဖူးမြင်ကြည်ညိုရန်အတွက် ကျောင်းတွင် ကိုးကွယ်ထားရှိမည် ဖြစ်သောကြောင့် အကောက်ခွန် ပေးဆောင်မှုမှ ကင်းလွတ်ခွင့်ပြုကြောင်း ပြောပြီး ထုတ်ယူခွင့် ပြုလိုက်ပါသည်။ အကောက်ခွန်တွေ ဘယ်လောက်များ ချလိုက်မလဲ-ဟူ၍ ရက်ပေါင်းများစွာ ရင်တမမ ဖြစ်ခဲ့ရသော စာရေးသူမှာ ထိုအခါကျမှာပင် ရင်အေးသွားရပါတော့သည်။

## မီးရထားတွဲပေါ်သို့ အရောက်

၉-၅-၉၁-နေ့တွင် ရုပ်ပွါးတော် ၃-ဆူကို ဆိပ်ကမ်းမှ ဘူတာကြီးသို့ သယ်ဆောင်ခဲ့သည်။ ၁၁-၅-၉၁-နေ့၊ ကုသိနာရုံ အမြန်ရထားတွင် အေစီ ပထမတန်းလက်မှတ် ရရှိသည်။ ရူပီး ၈၀၀-ပေးရသည်။ လူတွေ ပြည့်ကျပ်နေသော ဘူတာကြီး၌ ရုပ်ပွါးတော်များကို တွဲပေါ်သို့ ရောက်အောင် အတော်ခဲခဲယဉ်းယဉ်း တင်ကြရသည်။ **ရုပ်ပွါးတော် ၃-ဆူတွင် ၁-ဆူမှာ ဗုဒ္ဓရုပ်ပွါးတော်ကြီးဖြစ်ပြီး ၂-ဆူမှာ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ရုပ်တုတော်များ ဖြစ်ပါသည်။**

ဗုဒ္ဓရုပ်ပွါးတော်ကြီးမှာ ကြီးမာသည်နှင့်အမျှ ကြည်ညိုဖွယ်လည်း ကောင်းလှပါသည်။ ရထားထွက်ရန် အလံစိမ်း ပြသည့်တိုင်အောင် ရုပ်ပွါးတော်ကြီးကို ရထားတွဲပေါ်သို့ ရောက်အောင် မတင်နိုင်ဘဲ ဖြစ်နေသည်။ စာရေးသူလည်း ကြံရာမရဖြစ်ကာ ဘူတာစကြံပေါ် ဝိုင်းကြည့်နေကြသော ကူလီများကို လှမ်း၍ မေတ္တာရပ်ခံ အကူအညီတောင်းသည်။ ထိုအခါ ကူလီ ၄၀-ကျော် ဝိုင်း၍ တင်ပေးကြသဖြင့် ရုပ်ပွါးတော်ကြီးမှာ တွဲပေါ်သို့ ချောမောစွာ ရောက်ရှိသွားပါသည်။ မီးရထားကြီးကား မိနစ် ၃၀-ကျော် နောက်ကျပြီးမှ ဘူတာမှ ထွက်ရလေတော့သည်။

ရုပ်ပွါးတော်ကြီးကို တွဲပေါ်သို့ ရောက်အောင် အခမဲ့ ကူညီတင်ပေးခဲ့ကြသည့် ဘုံဘေဘူတာကြီးမှ ကူလီလုပ်သား ၄၀-ကျော်တို့အား အထူးကျေးဇူးတင်မိပါသည်။

ငွေ ၅-သိန်းကျော် အကုန်အကျခံပြီး ရုပ်ပွါးတော်ကြီး ၃-ဆူကို လှူဒါန်းတင်ပို့လိုက်ကြသည့် ဘန်ကောက်မြို့မှ ဒကာ, ဒကာမတို့အားလည်း ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ-ဟူ၍ မေတ္တာပို့သရင်း စာရေးသူသည် ၁၁-၅-၉၁-နေ့၊ နံနက် ၁၁-နာရီကျော်အချိန်တွင် မြို့ဘုံဘေမှာ ၁၂-ရက်ကြာခရီးကို အဆုံးသတ်ခဲ့ရလေသည်။

**ဟရိဗလ၊ ကုသိနာရုံ**

# ထေရဝါဒ ဗုဒ္ဓဘာသာနှင့် နီပေါနိုင်ငံ

## သကျတို့၏ ဇာတိမြေ

တချိန်က သကျကုလသာကီဝင် မင်းမျိုးတို့၏ ဇာတိမြေဖြစ်သည့် နီပေါနိုင်ငံ၌ ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာ အတော်အသင့် ပြန်လည် ထွန်းကားလာသည်ကို တွေ့မြင်ရပါသည်။ မြို့တော် ကတ္ထမန္ဒု၌ အာနန္ဒကုဋိ ဝိဟာရ, သကျသီဟဝိဟာရ, ဓမ္မကိတ္တိဝိဟာရ-စသော ထေရဝါဒကျောင်း တိုက်များ စည်ကားသိုက်မြိုက်စွာ တည်ရှိနေပါသည်။ ဒေါ်ဓမ္မဝတီ, ဒေါ်ဂုဏဝတီ- စသော သီလရှင်တို့၏ သာသနာပြုလုပ်ငန်းများနှင့် ဝိပဿနာ တရားဌာနများ၏ အခြေအနေများမှာလည်း ကျေနပ်ဖွယ် တိုးတက်လျက် ရှိကြောင်း သိရှိရပေသည်။

ဤသို့ နီပေါနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ ပြန်လည် ခေါင်းထောင်လာနိုင်ခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၇၀-ကျော်အချိန်မှ စ၍ အသိစိတ်ဓာတ် ထက်သန်ပြင်းပြလှသော ပုဂ္ဂိုလ်အချို့၏ စွန့်စားဆောင်ရွက်မှုကြောင့် ဖြစ်ပေသည်။ ထိုအချိန်ကမူ နီပေါနိုင်ငံ၏ ဘာသာရေး ထိန်းချုပ်မှုမှာ အလွန်ပင် ကျပ်တည်းခဲ့၏။ နိုင်ငံသား ၁-ဦးအား ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းပေးနိုင်ဖို့ မဆိုထားနှင့်၊ ဗုဒ္ဓဘာသာအကြောင်းကို လွတ်လပ်စွာ ဟောပြောခွင့်ပင် မရရှိခဲ့ကြချေ။

## ထေရဝါဒမျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်

စာရေးသူတို့၏ ကျေးဇူးရှင် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိကား နီပေါနိုင်ငံ၌ ထေရဝါဒမျိုးစေ့ ချပေးခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ယခုအခါ နီပေါသာသနာ၌ သိက္ခာဝါ အကြီးဆုံးဖြစ်သော ဆရာတော် ဦးပညာနန္ဒနှင့် ဦးသကျာနန္ဒတို့သည် ကုသိနာရုံဆရာတော်ကြီးကို အမှီပြု၍ ကြီးပွါးတိုးတက်လာသော ပုဂ္ဂိုလ်များ ဖြစ်၏။

ကျေးဇူးတော်ရှင် ကုသိနာရုံဆရာတော်ကြီးသည် မိမိ၏ နီပေါသာသနာပြု အတွေ့အကြုံများကို စာရေးသူအား တခါတရံ ထုတ်ဖော်မြွက်ကြားတော်မူခဲ့၏။ "၁၉၂၂-ခုနှစ်က နီပေါသို့ ပထမအခေါက် သွားရောက်ရာတွင် ဂေါရခ်ပူရ်မြို့မှ နောင်တန္ဝါအထိသာ ရထားစီးပြီး ထိုမှရှေ့တွင် ကျောင်းသား ၁-ယောက်နှင့်အတူ တောတောင် အထပ်ထပ်ကိုဖြတ်ကျော်လျက် ကုန်းကြောင်းခရီးဖြင့် ခက်ခဲပင်ပန်းစွာ စွန့်စားသွားခဲ့ရကြောင်း၊ ကတ္တမန္ဒုသို့ ရောက်သည့်အခါ၌လည်း လွတ်လပ်စွာ တရားဟောခွင့် မရှိသဖြင့် အချို့အိမ်များတွင် ပုန်း၍, ပုန်း၍သာ တရားဟောခဲ့ရကြောင်း၊ ကတ္တမန္ဒု၌ ၁၅-ရက်ခန့် နေပြီး ဒါဂျီလင်ဘက်မှ လည့်၍ကုသိနာရုံသို့ ပြန်ခဲ့ရကြောင်း" စသည်များကို ဆရာတော်ကြီးထံမှ စိတ်ဝင်စားဖွယ် ကြားနာခဲ့ရပါသည်။

# ဗာရာဏသီသွား မီးရထားပေါ်တွင်

တခါက အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဂေါရခ်ပူရ်မြို့မှ ဗာရာဏသီမြို့သို့ ထွက်မည့် မီးရထားကြီးပေါ်၌ ခရီးသည်များ ပြည့်ကျပ်လျက်ရှိသည်။ ရထားပေါ်သို့ ခပ်စောစောရောက်နေသူများမှာ အသီးသီး ထိုင်စရာနေရာ ရရှိကြသော်လည်း နောက်ကျသူများမှာမူ နေရာမရရှိကြတော့သဖြင့် လူသွားလမ်းများပေါ်မှာပင် တိုးတိုးဝှေ့ဝှေ့ဖြင့် မိုးတိုးမတ်တတ် ရပ်နေကြရသည်။ ဂေါရခ်ပူရ်မြို့မှ ဗာရာဏသီမြို့အထိ ခရီးမှာ မိုင် ၂၅၀-ကျော်မျှ ရှိမည်ဖြစ်ပေရာ လမ်းတလျှောက်လုံး မတ်တတ်ရပ်၍ လိုက်ရမည့်သူများအဖို့ သက်သာလှမည် မဟုတ်ချေ။

မတ်တတ်ခရီးသည်များတွင် အဝါရောင်အဝတ်ကို ဝတ်ဆင်ထား၍ အများနှင့်မတူ တမူထူးခြားသော ခရီးသည် ၁-ဦးကို တွေ့ရသည်။ ဦးခေါင်းမှ ဆံပင်ကို အရင်းအထိ ရိတ်ဖြတ်ထားပြီး ဦးထုပ် သို့မဟုတ် ခေါင်းစွပ် တစ်စုံတစ်ရာမျှလည်း ဆောင်းထားခြင်းမရှိသော ထိုခရီးသည်မှာ ပြည့်ကျပ်တိုးဝှေ့လျက်ရှိကြသော အခြားခရီးသည်တို့ ကြား၌ မလှုပ်သာ မရွေ့သာ ဖြစ်နေလေသည်။

"ဆာဒူးဗာဗာ- ဆာဒူးဗာဗာ၊ ဒီကို ကြွခဲ့ပါ၊ ဒီကို ကြွခဲ့ပါ"

ရထားတွဲလယ်ရှိ ခုံတန်းတစ်နေရာမှ နီပေါလူမျိုး-ဟု ထင်ရသော ခရီးသည် ၁-ဦးက ခပ်ကျယ်ကျယ်အသံဖြင့် လှမ်း၍ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ အဝါရောင်အဝတ်ကို ဝတ်ဆင်ထားသော ပုဂ္ဂိုလ်သည် မိမိအား ဖိတ်ခေါ်နေမှန်းသိလျှင် ပြည့်ကျပ်နေသော လူများကြားမှ တဖြည်းဖြည်း တိုးဝင်လာသည်။ ဖိတ်ခေါ်သူက မိမိထိုင်ခုံမှ ထပြီး ထိုပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်အား နေရာပေးလိုက်သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်မှာ ထိုရထားပေါ်တွင် ပါလာသော ခရီးသည်များအဖို့ ဘာမျှထူးခြားလှမည် မဟုတ်။ ဘာသာရေး ယဉ်ကျေးမှုကို လေးစားသော ခရီးသည် ၁-ယောက်က ဆာဒူးဘုန်းကြီး ၁-ပါးအား နေရာပေးခြင်း ဖြစ်သည်-ဟူ၍သာ ယူဆကြမည် ဖြစ်ပေသည်။

တကယ်တော့ အဝါရောင်အဝတ်ကို ဝတ်ဆင်သော ပုဂ္ဂိုလ်မှာ ဆာဒူးဘုန်းကြီး မဟုတ်၊ ကုသိနာရုံမှ ဗုဒ္ဓဘာသာ မြန်မာရဟန်းတော် ဦးစန္ဒြမဏိ ဖြစ်လေသည်။ ထိုမြန်မာရဟန်းတော်အား တလေးတစား ဖိတ်ခေါ်၍ နေရာပေးခဲ့သူမှာလည်း နီပေါနိုင်ငံ '**ဘုတဝလ်**'မြို့မှ **တုလာဓရ** ဆိုသူဖြစ်လေသည်။ စင်စစ် ဤ**တုလာဓရ**နှင့် ဦးစန္ဒြမဏိတို့ တွေ့ဆုံမှုမှာလည်း နောင်အခါ နီပေါနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားလာရေး၏ ရှေ့ပြေးမှတ်တိုင် ၁-ခု ဖြစ်ခဲ့ပေသည်။ သူ၏သမီး ၁-ယောက်မှာ နီပေါနိုင်ငံ၌ သီလရှင်ဝတ်ဖြင့် ယခုတိုင် ရှိနေပေသည်။

တုလာဓရနှင့် ဦးစန္ဒြမဏိတို့သည် အတူတကွ ရထားစီးရင်း တရင်းတနှီး စကားပြောဆိုကြသည်။ တုလာဓရက မိမိနိုင်ငံမှ ဘာသာရေး အကြောင်းကို ပြောဆိုသလို ဦးစန္ဒြမဏိကလည်း ထေရဝါဒ ဗုဒ္ဓဘာသာ အကြောင်းကို အခွင့်ရသလောက် ပြောဆိုသည်။ ဤသို့ဖြင့် ထိုပုဂ္ဂိုလ် ၂-ဦးသည် ဗာရာဏသီသို့ ရောက်လာကြသည်။ ထိုအခါ ဦးစန္ဒြမဏိသည် တုလာဓရအား မိဂဒါဝုန်မြန်မာကျောင်းသို့ ခေါ်သွားသည်။ မိဂဒါဝုန်ရှိ စေတီ,ပုထိုးများကိုလည်း လိုက်လံပြသသည်။

တုလာဓရသည် ထိုအချိန်မှ စ၍ ဦးစန္ဒြမဏိနှင့် ခင်မင်ရင်းနှီး သည်နှင့်အမျှ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ်လည်း အထူးစိတ်ဝင်စားလာ သည်။ ထို့ကြောင့် နီပေါမှ လူငယ်အချို့ကို ခေါ်လာပြီး ကုသိနာရုံ ဆရာ တော် ဦးစန္ဒြမဏိထံ၌ အပ်နှံခဲ့သည်။ ဦးစန္ဒြမဏိသည် ထိုသူများထဲမှ သင့်တော်သူအချို့ကို ကိုရင်ဝတ်, ရဟန်းခံပေးပြီး မြန်မာနိုင်ငံသို့ ပို့၍ ပညာ သင်စေခဲ့သည်။ နောက်ပိုင်းတွင် **မဟာပညာ**-ဟူသော အမည်ဖြင့် ထင်ရှား သော ရဟန်းတော်မှာ ဦးစန္ဒြမဏိ၏ အစီအစဉ်ဖြင့် စစ်တွေမှ တဆင့် မြန်မာနိုင်ငံသို့ လာ၍ ပညာသင်ယူခဲ့သောပုဂ္ဂိုလ် ဖြစ်၏။ မဟာပညာ သည် နောက်ပိုင်းတွင် လူထွက်လိုက်သော်လည်း ယောဂီဘဝဖြင့် အသက် ထက်ဆုံး နေသွားလေသည်။ ထိုမဟာပညာကား နီပေါလူမျိုးထဲမှ ထေရ- ဝါဒ ရဟန်းဘဝကို ပထမဦးဆုံး ခံယူသောပုဂ္ဂိုလ် ဖြစ်ပေသည်။

## ဆရာတော် ဦးပညာနန္ဒ

ယခုအခါ နီပေါနိုင်ငံ၊ ထေရဝါဒရဟန်းတော်များတွင် **သက်တော်အကြီးဆုံးပုဂ္ဂိုလ်မှာ ပါတန်မြို့နယ်၊ သကျသီဟကျောင်းတိုက်ဆရာတော် ဦးပညာ-နန္ဒ ဖြစ်ပါသည်။** ထိုဆရာတော်မှာ သက်တော် ၉၀-ကျော်ဖြစ်၍ ဝါတော် လည်း ၆၀-ကျော်မျှရှိပြီး နီပေါနိုင်ငံ၊ ထေရဝါဒ ဗုဒ္ဓသာသနာ၌ သံဃရာဇာ **ခေါ် သာသနာပိုင်အဖြစ် အသိအမှတ်ပြုခြင်း ခံရသောပုဂ္ဂိုလ်ဖြစ်ပါသည်။** ကုသိနာရုံဆရာတော်ကြီး ချပေးခဲ့သည့် ထေရဝါဒမျိုးစေ့ကို ရှင်သန်ကြီး ထွားအောင် ပြုစုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များတွင် ဆရာတော် ဦးပညာနန္ဒသည်လည်း ၁-ပါးအပါအဝင် ဖြစ်ပေသည်။

## နယ်နှင့် ခံကြရခြင်း

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွါးနေသည့်အချိန်တွင် နီပေါမိန်းကလေး ၁-ယောက် ဆရာတော် ဦးပညာနန္ဒထံ ရောက်လာပြီး သီလရှင် ဝတ်လိုကြောင်း လျှောက်ကြားသည်။ နီပေါနိုင်ငံ ဥပဒေအရ သီလရှင်ဝတ်လိုသူအား သူ၏မိဘဆွေမျိုးများက သဘောတူ,မတူ သေချာစွာ စစ်ဆေးရန်လိုအပ်သည်ဖြစ်၍ ဆရာတော်က ထိုမိန်းကလေးအား ကျောင်းတိုက်အတွင်းရှိ သီလရှင်ဇရပ်၌ ထား၍ စစ်ဆေးနေသည်။ ထိုချိန်တွင် သူ့မောင်နှင့် သူ့ခင်ပွန်းတို့က ကျောင်းသို့ လိုက်လာပြီး ချော့၍တမျိုး၊ ခြောက်၍တဖုံဖြင့် မိန်းကလေးကို ပြန်ခေါ်ကြသည်။ အရက်သမား လင်ယောက်ျား၏ ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်၍ အိမ်မှ ထွက်ပြေးလာသော မိန်းကလေးက ပြန်မလိုက်နိုင်ကြောင်း အကျောက်အကန် ငြင်းနေသဖြင့် သူ့မောင်နှင့် ခင်ပွန်းတို့ လက်လျှော့၍ ပြန်သွားကြရသည်။

သို့သော် သူတို့ ၂-ဦးသည် ရဲဌာနသို့ သွား၍ မဟုတ်မမှန်သော စွဲချက်ဖြင့် တိုင်ချက်ဖွင့်ကြသည်။ ထိုတိုင်ကြားချက်အရ ထေရဝါဒရဟန်းသာမဏေ, သီလရှင်များအားလုံး နီပေါနိုင်ငံမှ ၇-ရက်အတွင်း ထွက်ခွါသွား

ရမည်-ဟု အစိုးရ-က အမိန့်ထုတ်လိုက်လေသည်။ ဝါတွင်းကာလဖြစ်၍ ဝါကျွတ်သည်အထိ နေထိုင်ခွင့်ပြုရန် အသနားခံသော်လည်း မရချေ။ သီလရှင်များကိုသာ မိန်းမသားအဖြစ် ငဲ့ညှာခွင့်ပြုသဖြင့် ရဟန်း,သာမဏေ အားလုံး နီပေါမှ ထွက်ခဲ့ကြရလေသည်။

## ကုသိနာရုံ၌ ခိုလှုံခဲ့ကြရ

ဆရာတော် ဦးပညာနန္ဒနှင့် အဖွဲ့သည် ပထမဦးစွာ ကလကတ္တားသို့ ရောက်သွားကြသည်။ သို့သော် ကလကတ္တား မဟာဗောဓိအသင်းတိုက်၌ ၁၅-ရက်သာ နေခွင့်ရရှိကြသဖြင့် ကုသိနာရုံသို့ လာခဲ့ကြရပြန်သည်။ ကုသိနာရုံဆရာတော်ကြီးက "မင်းတို့ အားမငယ်ကြနဲ့။ ငါ-စားရတာကို ကျွေးမယ်၊ ငါစားနေရသမျှ မင်းတို့ မငတ်စေရဘူး"ဟု နှစ်သိမ့်စကား ပြောကြား သည်။ ၎င်းတို့ နေထိုင်ရန် တဲကလေးများ ထိုးပေးပြီး ဂရုတစိုက် ကျွေးမွေး စောင့်ရှောက်ထားလေသည်။

ကုသိနာရုံဆရာတော်ကြီး၏ တာဝန်ပေးချက်အရ မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမသည် နီပေါရဟန်း,သာမဏေများအား ကူညီစောင့်ရှောက်ရန် ကမ္ဘာ့ဘာသာရေးအဖွဲ့များ, သီဟိုဠ်နှင့် မြန်မာနိုင်ငံ ခေါင်းဆောင်များထံ မေတ္တာရပ်ခံသည်။ အထိုက်အလျောက် အကူအညီများလည်း ရရှိခဲ့သည်။ ဝါကျွတ်သောအခါတွင်မူ နီပေါတွင် ကျန်ရစ်နေသော သီလရှင်များလည်း ရောက်ရှိလာကြသဖြင့် ကုသိနာရုံ၌ နီပေါ ရဟန်း, သာမဏေ, သီလရှင် တော်တော်များများ စုမိနေကြလေသည်။

ကုသိနာရုံဆရာတော်ကြီးသည် ထိုနီပေါ ရဟန်း,သာမဏေ, သီလရှင်များထဲမှ အချို့ကို မြန်မာနိုင်ငံသို့လည်းကောင်း အချို့ကို သီဟိုဠ်သို့လည်းကောင်း ပို့ပေးသည်။ တဖက်မှလည်း နီပေါသို့ ပြန်ခွင့်ရရှိရန် ကြိုးစားသည်။ နောက်ဆုံးတွင်မူ အိန္ဒိယ နိုင်ငံရေးခေါင်းဆောင်များ၏ မေတ္တာရပ်ခံချက်အရ နီပေါ ရဟန်း, သာမဏေ, သီလရှင်များ အမိနိုင်ငံသို့ ပြန်ခွင့် ရရှိသွားကြလေသည်။

နီပေါနိုင်ငံ၌ အထက်ဖော်ပြပါ ဆရာတော် ဦးပညာနန္ဒအောက် **ဒုတိယမြောက် သက်တော်,ဝါတော် အကြီးဆုံးပုဂ္ဂိုလ်မှာ နီပေါ အနောက်ပိုင်း ပါလ်ပါတန်ဆန်းမြို့ အာနန္ဒဝိဟာရကျောင်း ဆရာတော် ဦးသက္ကျာနန္ဒ** ဖြစ်ပါသည်။ ထိုဆရာတော်မှာလည်း ယခုအခါ သက်တော် ၇၀-ခန့်ရှိပြီ ဖြစ်ပါသည်။ **တတိယမြောက် ဝါအကြီးဆုံးပုဂ္ဂိုလ်ကား မြန်မာစကားကို ကောင်းစွာ ပြောတတ်သည့် ဦးအနုရုဒ္ဓပင် ဖြစ်၏**။ ဤဆရာတော်မှာ လုမ္ဗိနီ၌ အနေများသဖြင့် မြန်မာဘုရားဖူးများ အသိများသော ဆရာတော်လည်း ဖြစ်ပေသည်။

## ဒေါက်တာဘွဲ့ ရရှိလာသော ဆရာတော်

နီပေါနိုင်ငံ၌ **စတုတ္ထမြောက် ဝါအကြီးဆုံး ဆရာတော်ကား ယခု နီပေါ ဗုဒ္ဓဓမ္မသာသနာပြုအဖွဲ့ သံဃနာယကဥက္ကဋ္ဌဖြစ်နေသော ဆရာတော် ဦးအမြိတာနန္ဒ ဖြစ်၏**။ ထိုဆရာတော်ကို တရားဟော ကောင်းလှသော သာသနာပြုပုဂ္ဂိုလ်ကြီး ၁-ပါးအဖြစ်ဖြင့် နိုင်ငံတကာက သိနေကြ၏။ ဆရာတော်သည် တရုတ်, ဂျပန်, ဆိုဗီယက်, မွန်ဂိုလီးယား, ထိုင်း, သီရိ-လင်္ကာ-စသော နိုင်ငံပေါင်းများစွာသို့ လှည့်လည်လျက် သာသနာတော် တိုးတက်ပြန့်ပွါးရေး လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့၏။

ဆရာတော် ဦးအမြိတာနန္ဒသည် တရုတ်ပြည်သို့ သွား၍ သာသနာပြု တရားဟောကြားစဉ် တရုတ်အစိုးရထံမှ အလှူငွေ ၈-သိန်း ရရှိခဲ့၏။ ထိုငွေဖြင့် 'အာနန္ဒကုဋီဝိဇ္ဇာပီဋ'မည်သော အထက်တန်းကျောင်း ၁-ကျောင်း ဖွင့်လှစ်ပြီး ထိုကျောင်း၌ ကျောင်းအိပ်, ကျောင်းစားအဖြစ် နေလိုသော ကျောင်းသူ,ကျောင်းသားများအတွက် မိန်းကလေးဆောင်နှင့် ယောက်ျားလေး ဆောင်များကို ဆောက်လုပ်ပေးခဲ့၏။

ဆရာတော် ဦးအမြိတာနန္ဒသည် ဗုဒ္ဓကျမ်းစာ များစွာကိုလည်း ရေးသားပြုစုခဲ့သဖြင့် **နာလန္ဒတက္ကသိုလ်မှ ဒေါက်တာဘွဲ့** ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

## မယားသေ၍ ငိုကြွေးသူ

**မဟာပညာသည် နီပေါနိုင်ငံသား ပထမဆုံး ထေရဝါဒရဟန်းတော် ဖြစ်သကဲ့သို့ အရှင်ဓမ္မာလောကသည် နီပေါနိုင်ငံ၌ ပထမဦးဆုံး သပိတ်ပိုက်၍ အိမ်စဉ်လှည့်ကာ ဆွမ်းခံခဲ့ရသော ရဟန်းတော် ဖြစ်၏။** ထိုအရှင်ဓမ္မာလောကသည်လည်း ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိကို အကြောင်းပြု၍ ထေရဝါဒသို့ ဝင်ရောက်လာသူ ဖြစ်၏။ ထိုအရှင်သည် များစွာသော နီပေါအမျိုးသား, အမျိုးသမီးတို့ကို ဦးစန္ဒြမဏိထံသို့ ပို့ဆောင်ပေးခဲ့ရုံသာမက **ဓမ္မောဒယ**သဘာမည်သော သာသနာပြုအဖွဲ့ကိုလည်း စတင် တည်ထောင်ခဲ့လေသည်။

တနေ့တွင် '**ဒသရထ**'မည်သော ဒကာ ၁-ယောက် ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိထံ ရောက်လာသည်။ သူသည် တိဗက်ပြည်၊ လာဆာမြို့တော်၌ နာမည်ကြီး ကုန်သည် ၁-ဦး ဖြစ်၏။ သို့သော် သူ့ဇနီး ဆုံးပါးသွားသဖြင့် သား ၂-ယောက်နှင့်အတူ ကတ္တမန္ဒူသို့ ပြန်လာခဲ့၏။ ကတ္တမန္ဒူမှ ဘူတဝလ်, ယင်းမှ တဖန် ကုသိနာရုံသို့ ရောက်လာပြီး ဆရာတော်၏ ရှေ့မှောက်၌ ကလေး ၁-ယောက်သဖွယ် ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

ကုသိနာရုံဆရာတော်က အကြီးအကျယ် စိတ်ထိခိုက်နေသော ဒသရထအား စိတ်ရှည်စွာဖြင့် တရားပြတော်မူသည်။ "ဒကာ ဒသရထ၊ သတိထားပါ၊ သင့်မှာ ဇနီးတစ်ယောက်သာ ဆုံးရှုံးပါသည်။ မြတ်စွာဘုရား လက်ထက်က ပဋာစာရာဆိုတဲ့ သူငယ်မမှာ လင်ယောကျ်ား မြွေကိုက်၍ ဆုံးခဲ့ရသည်။ သားကြီး ရေနစ်၍ ဆုံးခဲ့ရသည်။ သားငယ်လဲ စွန်ချီ၍ ဆုံးခဲ့ရသည်။ မိဘ ၂-ပါးနဲ့ မောင်ဖြစ်သူတို့လဲ လေကြီးမိုးကြီး ကျရာမှ အိမ်ပြို၍ သေဆုံးခဲ့ကြရသည်"

ဆရာတော်သည် ဒသရထအား ပဋာစာရာ ဇာတ်ထုပ်ကို အစမှ အဆုံးအထိ ဟောကြားသည်။ ထို့ပြင် သားသေ၍ အရူးတပိုင်း ဖြစ်သွား

သော ကိသာဂေါတမီဇာတ်လမ်းကိုလည်း ဆက်လက် ဟောကြားသည်။ ထိုအခါ ဒသရထသည် အတော်ကလေး စိတ်သက်သာရာ ရသွားခဲ့၏။

ထို့နောက် ကုသိနာရုံဆရာတော်က ဒသရထအား အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓမြတ်စွာနှင့် စပ်ဆိုင်ရာ ဌာနများကို လိုက်လံပြသသည်။ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ, ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်-စသော ဌာနများကို ဖူးမြင်ရသော ဒသရထသည် ဗုဒ္ဓနှင့် ပတ်သက်သော အကြောင်းများကို အထူးစိတ်ဝင်စားစွာဖြင့် ကုသိနာရုံ ဆရာတော်အား မေးလျှောက်သည်။ ဆရာတော်က သူမေးသော မေးခွန်းများကိုသာမက သီရိလင်္ကာ, မြန်မာ, ထိုင်း-စသော နိုင်ငံတို့၌ ယနေ့တိုင် ဗုဒ္ဓသာသနာ ထွန်းကားနေပုံတို့ကိုပါ စိတ်ရှည်လက်ရှည် ပြောပြသည်။

## မြန်မာနိုင်ငံသို့ ပို့ပေးခြင်း

ဒသရထအဖို့ ဆရာတော်၏ ပြောဆိုချက်များမှာ မယုံကြည်ဖွယ်ဖြစ်နေသည်။ မိမိတို့ နီပေါနိုင်ငံ၌ ဗုဒ္ဓဘာသာ ရဟန်းတော် တစ်ပါးတလေကိုပင် ဖူးတွေ့ရရန် မလွယ်သောအချိန်၌ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ 'နေလို လလို' ထွန်းကားနေသည် ဆိုခြင်းကို မျက်မြင်ဒိဋ္ဌ သွားရောက်ကြည့်ရှုရန် စိတ်ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် မိမိကို မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးရန် ဆရာတော်အား တောင်းပန်သည်။

သို့အားဖြင့် ကုသိနာရုံဆရာတော်သည် နောင် ၁-ပတ်ခန့် အကြာမှာပင် နီပေါဒကာ ဒသရထကို ခေါ်၍ ကလကတ္တားသို့ ထွက်ခဲ့သည်။ ကလကတ္တားမှ စစ်တကောင်း, ယင်းမှတဖန် စစ်တွေသို့ ရောက်လာလေသည်။ တကယ်တော့ ဒသရထမှာ မြန်မာပြည်သို့ ရောက်ချင်လှ၍ လိုက်လာခဲ့သော်လည်း ငွေကြေး များများမပါချေ။ သို့သော် ထိုအချိန်က ခရီးစရိတ်မှာ အလွန်ပင် သက်သာလှ၏။ ကုသိနာရုံမှ စစ်တွေအထိ ငွေ ၇-ကျပ်မျှသာ ကုန်ကျ၏။ စစ်တွေသို့ ရောက်သောအခါတွင်မူ လိုအပ်သမျှ

ကူညီထောက်ပံ့မည့် ဆရာတော်၏ ဒကာ, ဒကာမများ ရှိနေပြီဖြစ်၍ စိုးရိမ်ကြောင့်ကြရန် မရှိတော့ချေ။

ကုသိနာရုံမှ ကြွရောက်လာသော ဆရာတော် ဦးစန္ဒမဏိအား စစ်တွေမြို့သူ,မြို့သား များစွာတို့ လာရောက်ဖူးမြင်ကြသည်။ ဆရာတော်သည် ထိုသူတို့အား ထိုက်သင့်စွာ တရားဟောကြားပြီး ဒသရထအား စစ်တွေနှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား, တန်ဆောင်း, ကျောင်းကန် အဆောက်အအုံတို့ကို လှည့်လည်ပြသတော်မူသည်။ ဆရာတော်သည် နီပေါမှ မဟာပညာနှင့် သီလရှင် ၁-ပါးကိုလည်း ထိုအချိန် မတိုင်မီကပင် စစ်တွေမြို့သို့ ပို့ထားခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ ဒသရထသည် စစ်တွေမြို့၌ ပညာသင်ကြားနေသော မဟာပညာနှင့် နီပေါသီလရှင်တို့နှင့်လည်း တွေ့ဆုံခွင့် ရခဲ့လေ၏။

ကုသိနာရုံ ဆရာတော်သည် ဒကာ- ဒသရထအား စစ်တွေမှ ရန်ကုန်သို့ ခေါ်ဆောင်သွားသည်။ ရန်ကုန်၌ ရွှေတိဂုံ, ဗိုလ်တထောင်, ဆူးလေ-စသော စေတီတော်များနှင့်တကွ ရဟန်းသံဃာ ရာပေါင်းများစွာတို့ နေထိုင်သီတင်းသုံးရာ ကျောင်းတိုက်ကြီးများကို လှည့်လည်ပြသသည်။ ထို့ပြင် ဒသရထသည် ကုသိနာရုံဆရာတော်၏ အစီအစဉ်ဖြင့် ပဲခူး, သထုံ, မော်လမြိုင်-စသော မြို့များမှ ကျောင်းကန်,ဘုရားများကို ကျေနပ်လောက်အောင် ဖူးမြင်ခွင့် ရခဲ့၏။

## အဝတ်ဖြူမှ အဝတ်ဝါသို့

နောက်ဆုံးတွင် ဆရာ,ဒကာ ၂-ဦးသည် မန္တလေး, စစ်ကိုင်း-စသော အထက်အညာမြို့များသို့ ရောက်သွားကြ၏။ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြင်ကြရာမှ မန္တလေးတောင်ခြေရှိ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် မဟာ-လောကမာရဇိန်ဘုရားကြီးသို့ အရောက်တွင် တပည့်ဖြစ်သူ ဒသရထ-က သူ့ဆရာအား ဤသို့ လျှောက်ကြားလေသည်။

"ဆရာတော်ဘုရား၊ အရှင်ဘုရားနဲ့ တပည့်တော်တို့ အတူတကွ ခရီးသွားကြရာမှာ အရှင်ဘုရားက သင်္ကန်းဝါကို ဝတ်ပြီး တပည့်တော်က တော့ အဝတ်ဖြူနဲ့ လိုက်ရတာ မသင့်လျော်လှပါဘူး။ တပည့်တော်လဲ အရှင်ဘုရားလိုပဲ သင်္ကန်းဝတ်ပြီး လိုက်ပါရစေ။"

ဆရာတော်က ဒသရထ၏စကားကို များစွာ ကျေနပ်သွား၏။ ထို့ကြောင့် သူ့ကို မန္တလေးမြို့မှာပင် ရှင်သာမဏေ ဝတ်ပေးလိုက်၏။ သို့ အားဖြင့် နီပေါလူမျိုး ကုန်သည်ကြီး ဒသရထသည် ရှင်ဓမ္မာလောက-ဟူသော ဘွဲ့အမည်ဖြင့် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ တပည့် သာမဏေ ၁-ပါး ဖြစ်လာသည်။ ဆရာ,တပည့် ၂-ပါးသည် မြန်မာနိုင်ငံရှိ ကျောင်းကန်, ဘုရားများကို အားရကျေနပ်လောက်အောင် လှည့်လည် ဖူးမြင်ကြပြီး ရန်ကုန်မှတဆင့် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံသို့ ပြန်ခဲ့ကြလေသည်။

## တပည့်တော် ကျေနပ်ပါပြီ

ကုသိနာရုံသို့ ရောက်သောအခါ ရှင်ဓမ္မာလောက နီပေါသို့ ပြန်၍ ဝါဆိုရင်း သာသနာပြုလိုကြောင်း ဆရာတော်ထံ ခွင့်တောင်းသည်။

ဆရာတော်က အရာရာတွင် သတိထား၍ ဆောင်ရွက်ရန် မှာကြား လိုက်ပြီး ခွင့်ပြုလိုက်၏။ နောက် ၂-လခန့် ကြာသောအခါ ဆရာတော် ထံ စာ ၁-စောင် ရောက်လာသည်။

"သူ နီပေါနိုင်ငံသို့ ပြန်ရောက်သည့်နေ့မှာပင် ဘာသာခြားအဝတ် ကို ဝတ်ဆင်မှုဖြင့် အဖမ်းခံခဲ့ရကြောင်း, ရဲစခန်းတွင် ၆-ရက်ကြာ အချုပ်ခံ ခဲ့ရပြီး မှန်ကန်ဖြောင့်မတ်သော တရားသူကြီး၏အမိန့်ဖြင့် အချုပ်မှ လွတ်ခဲ့ ကြောင်း, အချုပ်မှ လွတ်သည်နှင့်တပြိုင်နက် သင်္ကန်းရုံ, သပိတ်ပိုက်လျက် ကတ္ထမန္ဒူမြို့တော်၌ ရပ်ကွက်အနှံ့ လှည့်၍ ဆွမ်းခံခဲ့ရာ ဘာမျှမရခဲ့ ကြောင်း" စသည်ဖြင့် ရှင်ဓမ္မာလောက၏စာ၌ ဖော်ပြထားသည်။

အဆုံးသတ်တွင်မူ "မည်သို့ပင်ဖြစ်စေ တပည့်တော် ကျေနပ်ပါပြီ။ နီပေါ၌ သာသနာပြုရန် ရဟန်း,သာမဏေများသာ လိုပါတော့သည်" ဟူ၍ ရှင်ဓမ္မာလောက ရေးသားထားလေသည်။

သီတင်းကျွတ်သောအခါတွင်မူ အရှင်ဓမ္မာလောက ကိုယ်တိုင် ကုသိနာရုံသို့ ပြန်ရောက်လာသည်။ နီပေါ၌ မိမိဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများကို ဆရာတော်အား လျှောက်ကြားသည်။ ထိုအချိန်တွင် ဗာရာဏသီ မိဂဒါဝုန်၌ ပထမဦးဆုံး သိမ်သမုတ်ပွဲကြီးကို ကျင်းပလေရာ ယင်းသိမ်သမုတ်ပွဲကြီးတွင် ဆရာတော် ဦးစန္ဒြမဏိသည် မိမိကိုယ်တိုင် ဥပဇ္ဈာယ်ဆရာပြုလုပ်လျက် ရှင်ဓမ္မာလောကအား မိဂဒါဝုန်၊ ဗုဒ္ဓသိမ်၌ ရဟန်းခံပေးလိုက်လေသည်။ ထိုနှစ်ကား ၁၉၃၄-ခုနှစ် ဖြစ်လေသည်။

## လူငယ်လူရွယ်များကို စည်းရုံးခြင်း

အရှင်ဓမ္မာလောကသည် ရဟန်းဖြစ်ပြီးနောက် နီပေါသို့ ပြန်ကြွကာ သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည်။ ထိုအချိန်က နီပေါနိုင်ငံသူ, နိုင်ငံသားများအား ထိုနိုင်ငံတွင်း၌ သင်္ကန်းဝတ်ပေးခြင်း, သီလရှင် ဝတ်ပေးခြင်းများ ပြုလုပ်ခွင့် မရှိ။ ထို့ကြောင့် အရှင်ဓမ္မာလောကသည် နီပေါနိုင်ငံတွင် ဗုဒ္ဓဘာသာအတွက် အလားအလာရှိမည့် လူငယ်, လူရွယ်များကို ရှာဖွေစုဆောင်းပြီး ကုသိနာရုံဆရာတော်ထံ ပို့ပေးသည်။ ကုသိနာရုံဆရာတော်သည် ထိုသို့ ရောက်လာသူများကို စစ်တွေသို့ ပို့၍ ပညာသင်ကြားစေသည်။ ထို့နောက် အမျိုးသားများကို ရဟန်းခံပေးသည်။ မိန်းကလေးများကို သီလရှင် ဝတ်ပေးသည်။

ကုသိနာရုံသို့ အရှင်ဓမ္မာလောက-က ပို့ဆောင်ပေးသဖြင့် ရဟန်းဖြစ်လာသော နီပေါအမျိုးသားများတွင် ယခုအခါ ထင်ရှားသော ဆရာတော်ကြီးများ ဖြစ်နေကြသည့် ဦးသကျာနန္ဒ, ဦးအမြိတာနန္ဒ-စသော ပုဂ္ဂိုလ်

များလည်း ပါဝင်သည်။ မိဂဒါဝုန်၌လည်းကောင်း လုမ္ဗိနီ၌လည်းကောင်း အခါအားလျော်စွာ သီတင်းသုံးပြီး မြန်မာစကားကို တတ်ကျွမ်းသော အရှင် အနုရုဒ္ဓါဆရာတော်ကြီးမှာ အရှင်ဓမ္မာလောက၏သား ဖြစ်ပါသည်။

## ပထမဆုံး နီပေါသီလရှင်

**နီပေါ အမျိုးသမီးများထဲမှ ပထမဆုံး သီလရှင် ဝတ်ခဲ့သူမှာ ဒေါ်ဓမ္မစာရီ ဖြစ်၏။ ဒေါ်ဓမ္မစာရီကို ၁၉၂၈-ခုနှစ်လောက်ကပင် ကုသိနာရုံဆရာတော်က သီလရှင်ဝတ်ပေးပြီး စစ်တွေသို့ ပို့၍ ပညာ သင်ယူစေခဲ့၏။ ထိုနောက် ဝိရတိ, သီလစာရီ, ဥပေက္ခာ, သုဇာတာ, စန္ဒသီလာ-စသော သီလရှင်များနှင့် ယခု ကမ္မဋ္ဌာနာစရိယ ဖြစ်နေ သော ဒေါ်ရတနာမဥ္စရီတို့သည်လည်း ကုသိနာရုံဆရာတော်ထံ၌ပင် သီလရှင်ဝတ်ခဲ့သူများ ဖြစ်ပေသည်။**

နီပေါနိုင်ငံ သာသနာပြုလုပ်ငန်း၌ စောစောပိုင်းမှ စ၍ သီလရှင် များ ပါဝင်ခဲ့ခြင်းကြောင့် များစွာအကျိုးရှိခဲ့၏။ ရဟန်းတော်တို့သည် အများ အားဖြင့် အမျိုးသားများကိုသာ သာသနာဘက်သို့ ပါအောင် စည်းရုံးနိုင်ခဲ့ ကြ၏။ သီလရှင်တို့ကား တစ်အိမ်တက် တစ်အိမ်ဆင်းဖြင့် မီးဖိုချောင်ထဲ အထိ ဝင်ရောက်ကာ အမျိုးသမီးထုအတွင်း ဗုဒ္ဓတရားတော်များ စိမ့်ဝင် ပျံ့နှံ့အောင် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့ကြ၏။

ယခု နောက်ပိုင်းခေတ်တွင်မူ မြန်မာနိုင်ငံသို့ စွန့်စွန့်စားစား လာ ရောက်ပညာသင်ကြားခဲ့သော **ဒေါ်ဓမ္မဝတီ**နှင့် မြန်မာနိုင်ငံသူ **ဒေါ်ဂုဏ-ဝတီ**တို့၏ သာသနာပြုလုပ်ငန်းမှာ ချီးကျူးလောက်အောင်ပင် အောင်မြင် လျက် ရှိပေသည်။

## ဓမ္မောဒယသဘာ

အထက်တွင် ဖော်ပြသော အရှင်ဓမ္မာလောကသည် ကုသိနာရုံ ဆရာတော်ကြီး၏ အားပေးချီးမြှောက်မှုဖြင့် နီပေါနိုင်ငံ၌ ရဟန်း,သာမဏေ

နှင့် သီလရှင်များ အတော်အသင့် ရှိလာသောအခါ ထိုပုဂ္ဂိုလ်များကို စုစည်းလျက် '**ဓမ္မောဒယသဘာ**'မည်သော သာသနာပြုအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ထိုအဖွဲ့တွင် ကုသိနာရုံဆရာတော်ကြီးကို နာယကအဖြစ် တင်မြှောက်ပြီး မိမိကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခဲ့၏။

ဗုဒ္ဓမြတ်စွာ ဖွားမြင်တော်မူရာဌာနဖြစ်သော လုမ္ဗိနီဥယျာဉ် ပြန်လည်စည်ပင်ရေးနှင့် ထိုနေရာသို့ ဗုဒ္ဓဘာသာဝင်များ သွားရောက်ဖူးမြင်ခွင့် ရရှိရေး- စသော ကိစ္စများကို အရှင်ဓမ္မာလောက ဦးဆောင်သော ဓမ္မောဒယသဘာအဖွဲ့က စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၏။ နောက်ပိုင်းတွင် ဓမ္မောဒယသဘာအဖွဲ့ကို ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် နီပေါဘုရင်က အလှူငွေ ၁-သိန်း လှူဒါန်းခဲ့သည်။

**နီပေါနိုင်ငံ၌ ပထမဆုံး ပေါ်ပေါက်ခဲ့သော ဗုဒ္ဓဘာသာကျောင်းမှာ ကတ္ထမန္ဒုမြို့တော်မှ အာနန္ဒကုဋိဝိဟာရ ဖြစ်၏။** ထိုကျောင်းကို အရှင်ဓမ္မာလောကအတွက် နီပေါဒကာများက ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်းဖြစ်၏။ အရှင်ဓမ္မာလောကနှင့် အရှင်အမြိတာနန္ဒတို့သည် နီပေါနိုင်ငံ၌ ထေရဝါဒကျောင်းများ ဆောက်လုပ်ရေးတွင် အတူတကွ ဦးစီးဦးဆောင်ပြုခဲ့ကြသည်။ အရှင်အမြိတာနန္ဒသည် တရုတ်ပြည်သို့ သွား၍ တရားဟောကြားခဲ့ရာ ကျောင်းအလှူငွေ ၈-သိန်းကျော် ရရှိခဲ့သည်။ သို့အားဖြင့် နောက်ပိုင်းတွင် ထေရဝါဒကျောင်းများ တစတစ တိုးပွါးလာခဲ့လေသည်။

နီပေါပြည် သာသနာပြုလုပ်ငန်းကို စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သော အရှင်ဓမ္မာလောကသည် ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိကို အလွန် ကြည်ညိုလေးစားခဲ့၏။ မည်မျှ အလုပ်များနေစေကာမူ ဆရာတော်ကြီးထံ အနည်းဆုံး ၁-နှစ် ၁-ခေါက်ရောက်လာပြီး ပူဇော်ကန်တော့ခြင်းပြုခဲ့လေသည်။

**ဟရိပလ၊ ကုသိနာရုံ**

## နီပေါမြို့သို့ နောက်ဆုံးတစ်ခေါက်

### ၂၀-၈-၉၀၊ ည ၈-နာရီ

တစ်နေ့လုံး ပင်ပန်းလာသဖြင့် အိပ်ရာပေါ်၌ စာရေးသူ လှဲနေသည်။ ထိုစဉ် ဘေးနားရှိ တယ်လီဖုန်းမှ တဂွမ်ဂွမ် မြည်လာသည်။ လေးလံစွာဖြင့် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ကုသိနာရုံပါလား၊ နံပါတ် ၇၁၃၅-ဟုတ်ပါရဲ့လား"

"ဟုတ်ပါတယ်။ ကုသိနာရုံ ၇၁၃၅-ကပါ"

"ဆရာတော် ဦးဉာဏိဿရ ရှိပါသလား?

"ရှိပါတယ်။ ယခု ဆရာတော် ဦးဉာဏိဿရ စကားပြောနေပါတယ်"

"ကတ္တမန္ဒုမှာ ဆရာတော်ကြီး ဒေါက်တာအမြိတာနန္ဒ ဒီနေ့ ပျံလွန်တော်မူသွားပါတယ်။ စျာပနအမှီ ဆရာတော်ကြွခဲ့ပါ။"

ဒေါက်တာ အမြိတာနန္ဒကား ကျေးဇူးရှင် ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိ၏ တပည့်ရင်း ဖြစ်သည်။ ငယ်ရွယ်စဉ်မှ စ၍ ကုသိနာရုံဆရာ

တော်ကြီး၏ ညွှန်ကြားသင်ပြမှုကို ခံယူခဲ့သော နီပေါတိုင်းရင်းသား ရဟန်းတော် ၁-ပါးဖြစ်သည်။ ဆရာတော်သည် ကတ္ထမန္ဒုမြို့တော်၊ အာနန္ဒကုဋီ-ဝိဟာရ၌ သီတင်းသုံးလျက် သာသနာပြုခဲ့ရာ များစွာ အောင်မြင်ခဲ့သည်။ နီပေါနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဓမ္မသာသနာပြုအဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ တရုတ်, ဂျပန်, ဆိုဗီယက်- စသော နိုင်ငံများသို့ သွား၍ တရားဟောကြားခြင်း, ဗုဒ္ဓကျမ်းစာများကို ရေးသားပြုစုခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံ၊ နာလန္ဒ-တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ချီးမြှင့်ခြင်း ခံခဲ့ရသောပုဂ္ဂိုလ် ဖြစ်ပေသည်။

ယခု ထိုဆရာတော်ကြီး ပျံလွန်တော်မူသွားလေပြီ။ သက်တော် ၇၃-နှစ်မျှ ရှိပြီ-ဟု ဆိုပါသည်။ နီပေါနိုင်ငံ၊ ဗုဒ္ဓဘာသာလောကအတွက် ကြီးမားသော ဆုံးရှုံးမှု, အစားထိုးရန် မလွယ်သော ဆုံးရှုံးမှု ၁-ရပ်ပင် ဖြစ်ချေသည်။ နီပေါနိုင်ငံ၊ ထေရဝါဒသာသနာကား ဆရာတော် ဦးစန္ဒြမဏိ လက်ထက်မှစ၍ ကုသိနာရုံနှင့် တရင်းတနှီး ဆက်စပ်နေခဲ့ပေသည်။ သို့ဖြစ်ပေရာ ဆရာတော် ဒေါက်တာအမြိတာနန္ဒ၏ ဈာပနသို့ မိမိ မလွဲမသွေ သွားရပေမည်။ အမြန်ဆုံးပင် သွားသင့်ပေသည်။

သို့ရာတွင် အထက်ပါ တယ်လီဖုန်းသတင်း ရချိန်တွင် မိမိမှာ နေမကောင်းသော်လည်း ထိုနေ့ နံနက် ၈-နာရီကပင် ဆာရဒါနဂရ်မြို့သို့ သွား၍ ဗုဒ္ဓဒီကရီကောလိပ် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ခဲ့ရသည်။ တစ်နေ့လုံး ဆွမ်းမစားခဲ့ရဘဲ အချိုမုန့်များသာ စားခဲ့ရသဖြင့် အတော်ကြီး ခေါင်းမူးနေသည်။ ထို့ကြောင့် ကတ္ထမန္ဒုသို့ သွားရေးကို ညတွင်းချင်း မစီစဉ်နိုင်သေးဘဲ နောက်နေ့ နံနက်ကျမှသာ စီစဉ်တော့မည်-ဟု ဆုံးဖြတ်လိုက်ရသည်။

## ၂၂-၈-၉၀

နံနက်စောစောကပင် အိပ်ရာမှ နိုးနေသော်လည်း ခေါင်းမူးက မပြေသေး။ အားမရှိသဖြင့် နုန်းချိချိလည်း ဖြစ်နေသည်။ ထို့ကြောင့် ခရီး

မထွက်နိုင်သေးဘဲရှိနေစဉ် ရဟန်းတော် ၃-ပါးနှင့် သီလရှင် ၅-ပါး ပါဝင်သော ထိုင်းနိုင်ငံမှ ဘုရားဖူးအဖွဲ့ ၁-ဖွဲ့ မိမိကျောင်းသို့ ရောက်လာသည်။ ထိုအဖွဲ့က ၂၄-ရက်နေ့တွင် လုမ္ဗိနီသို့ သွားလိုပါသဖြင့် လိုက်ပါကူညီရန် မိမိအား တောင်းဆိုသည်။ လုမ္ဗိနီကား နီပေါနိုင်ငံအတွင်းတွင် တည်ရှိ၍ ကတ္တမန္ဒူသို့လည်း ခရီးတဝက်မျှ ဖြစ်လေသည်။ ထို့ကြောင့် ထိုင်းဘုရားဖူးအဖွဲ့အား လုမ္ဗိနီသို့ လိုက်ပို့ပြီး ထိုမှတဖန် ကတ္တမန္ဒူသို့ ခရီးဆက်ရန် စီစဉ်ရတော့သည်။ ၁-ကြိမ်တည်းသော ခရီးဖြင့် ၂-ကိစ္စပြီးမည် ဖြစ်သော်လည်း ဆရာတော်၏ ဗျာပနမှိုရေးအတွက်မူ ၁-ရက်ပို၍ နောက်ကျသွားရပြန်ပါသည်။

## ၂၄-၈-၉၀

နံနက် ၄-နာရီအချိန်တွင် ကုသိနာရုံမှ ထွက်ပါသည်။ ကားစထွက်ပြီ ဆိုသည်နှင့်တပြိုင်နက် ကားပေါ်တွင်ပါသော အဖွဲ့ဝင်အားလုံး ဘုရားရှိခိုးဂါထာများကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။ မိမိတို့ကားမှာ အဝေးပြေးခရီးသွား လူစီးဘတ်စ်ကား ၁-စီးဖြစ်ပါသည်။ သို့သော် သီးသန့်ငှားထားခြင်းဖြစ်၍ ကားပေါ်တွင် လူမများလှပါ။ ယာဉ်မောင်း, စပယ်-ယာနှင့် အလုပ်သမား ၁-ဦးတို့နှင့်ပါမှ အားလုံးပေါင်း ၁၅-ဦးသာ ရှိပါသည်။ သို့ဖြစ်၍ ပေါ့ပေါ့ပါးပါးဖြင့်ပင် ဂေါရခ်ပူရ်ဖက်သို့ ခရီးနှင်ခဲ့ကြပါသည်။

ကုသိနာရုံမှ ဂေါရခ်ပူရ်သို့ သွားသောလမ်းကား နိုင်ငံတော်၏ အဓိကလမ်းမကြီးများအနက် အမှတ် ၂၈-လမ်းမကြီး ဖြစ်ပါသည်။ အနောက်ဖက်တွင် ပန်ဂျပ်ပြည်နယ်မှ ဒေလီမြို့တော်သို့ ဖြတ်လာခဲ့ပြီး အရှေ့မြောက်ဘက်တွင် အာသံပြည်နယ်နှင့် ဘူတန်နိုင်ငံအထိလည်းကောင်း အရှေ့တောင်ဘက်တွင် ဘင်္ဂလားပြည်နယ်မြို့တော်၊ ကာလကတ္တားအထိလည်းကောင်း ပေါက်ရောက်ပါသည်။ ခရီးသည်တင်ကားနှင့် ကုန်တင်

ကားကြီးမျိုးစုံတို့ ၂၄-နာရီပတ်လုံး နေ့ညမပြတ် ဥဒဟို သွားလာနေသော လမ်းမကြီး ဖြစ်ပါသည်။ သို့သော် ယခုမိုးရာသီတွင် တစ်နေရာမဟုတ် အခြားတစ်နေရာ၌ ပျက်စီးမှုများ ရှိနေ၍ ဆိုင်ရာဌာနမှ အလုပ်သမားများက ကြိုးကြိုးစားစား ပြုပြင်နေကြသည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် မကြာမီကပင် အိန္ဒိယနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးသည် ဗုဒ္ဓဘာသာ သမိုင်းဝင်ဌာနများနှင့် သက်ဆိုင်သော လမ်းများကို လှည့်လည်ကြည့်ရှုပြီး လမ်းကို ပြုပြင်ရေးအတွက် အကူအညီပေးမည်ဖြစ်ကြောင်း ကတိပေးသွားသဖြင့်လည်း ပို၍ ကြိုးစားနေကြခြင်း ဖြစ်ဟန်တူပါသည်။

မိမိတို့ကားသည် ကုသိနာရုံမှ မိုင် ၃၀-မျှဝေးသော ဂေါရခ်ပူရ်သို့ နံနက် မိုးမလင်းမီ ၅-နာရီကျော်တွင် ရောက်ပါသည်။ ဂေါရခ်ပူရ်တွင် ရပ်နားရန် အစီအစဉ် မရှိသော်လည်း မြို့အထွက်တွင် ကားဘီးပေါက်သွားသဖြင့် ရပ်နားလိုက်ကြပါသည်။ ကားသမားများ ကားဘီးလဲတပ်ရန် ပြင်ဆင်နေကြစဉ် စာရေးသူက ထိုင်းဧည့်သည်များအား အနီးတွင်ရှိသော **ဂေါရခ်နာထ်ဘုရားကျောင်း**ကို ဗဟုသုတအဖြစ် ကြည့်ရှုရန် လိုက်လံပြသပါသည်။ ထို့နောက် ထိုနေရာ၌ပင် နံနက်စာစားပြီး ခရီးဆက်ခဲ့ကြရာ နံနက် ၁၀-နာရီခန့်တွင် **ဆိုနောက်လီ**သို့ ရောက်ပါသည်။ ဆိုနောက်လီမှာ အိန္ဒိယနှင့် နီပေါနယ်စပ်ဖြစ်၍ နိုင်ငံကူးလက်မှတ်များကို စစ်ဆေးသော အိန္ဒိယလူဝင်မှုကြီးကြပ်ရေး ဌာနခွဲရုံး ရှိပါသည်။

## အိန္ဒိယမှအထွက် နီပေါသို့အဝင်

မိမိတို့ အဖွဲ့သည် ကားရပ်ပြီး ထိုင်းအဖွဲ့ဝင် ၈-ယောက်တို့၏ နိုင်ငံကူးလက်မှတ်များကို ရုံးသို့ သွား၍ ပြကြသည်။ သူတို့က ငွေ ၁,၀၀၀-ပေးရန် တောင်းရာ မိမိတို့အဖွဲ့က ဈေးဆစ်ကြသဖြင့် နောက်ဆုံးတွင် ၃၀၀-နှင့် ဈေးတည့်သွားပါသည်။ သို့ဖြစ်၍ အိန္ဒိယလူဝင်ကြီးကြပ်ရေးဌာန၏ ထောက်ခံချက်ကို ရယူပြီး ခရီးဆက်ခဲ့ကြရာ နီပေါနိုင်ငံ

တွင်းရှိ ဗေလဟီးယားသို့ ရောက်လာသည်။ ဗေလဟီးယားတွင် နီပေါအစိုးရ၏ လူဝင်မှုကြီးကြပ်ရေး ဌာနခွဲရုံး ရှိသဖြင့် မိမိတို့အဖွဲ့က နိုင်ငံကူးလက်မှတ်များ ထုတ်ပြပြီး စစ်ဆေးရေးပုံစံများကို ဖြည့်ကြရပြန်ပါသည်။

နိုင်ငံကူးလက်မှတ် စစ်ဆေးရေးပုံစံများနှင့်အတူ ထိုင်းအဖွဲ့ဝင် ၈-ဦးက ၁-ဦးလျှင် ၂၀-ဒေါ်လာစီ ပေးသွင်းကြရသည်။ သို့သော် ဤမျှနှင့် ကိစ္စ မပြီးသေးပါ။ အရုဏာကျလ်ပြည်နယ်မှ အဖော်ခေါ်လာသော အိန္ဒိယ ဦးပဉ္ဇင်း ၁-ပါးကိုလည်း ထိုင်းနိုင်ငံသား-ဟု ထင်၍ နိုင်ငံကူးလက်မှတ် ထုတ်ပြရန် နီပေါ လူဝင်မှုကြီးကြပ်ရေးက တောင်းဆိုနေပါသည်။ အမှန်တော့ ပိုက်ဆံလိုချင်၍ တမင် ထစ်ထားခြင်း ဖြစ်ပါသည်။ နောက်ဆုံးတွင် အိန္ဒိယဘက်မှ လိုက်လာသော ဦးပဉ္ဇင်း ၂-ပါးအတွက် ၁-ပါးလျှင် ၂၀-ဒေါ်လာစီ ပေးလိုက်မှ အဆင်ပြေသွားပါတော့သည်။

ဗေလဟီးယားမှ ထွက်လာခဲ့ပြီး **ဘိုက်ရဟာဝါ**သို့ ရောက်သောအခါ အချိန်မှာ ၁၁-နာရီခွဲနေလေပြီ။ သို့ကြောင့် ရာပတိဟိုတယ်သို့ ဆွမ်းစားရန် ဝင်သွားသောအခါ ဆွမ်းချက်ပြီး မရှိ၍ ချက်ရဦးမည်-ဆိုသောကြောင့် ဆွမ်း ၁-နပ်ကို လက်လွှတ်လိုက်ရပါသည်။ ထို့နောက် မိမိပစ္စည်းများကို ကားပေါ်မှ ချ၍ ဟိုတယ်တွင် နေရာယူလိုက်ပြီး ဘုရားဖူးအဖွဲ့ကား မူလကားဖြင့်ပင် လုမ္ဗိနီသို့ ခရီးဆက်သွားကြလေသည်။ ထိုအခါ မိမိလည်း ကတ္တမန္ဒူသို့ ခရီးဆက်ရန် ကားလက်မှတ် သွားယူပြီး ဟိုတယ်သို့ ပြန်လာ၍ အနားယူရပါသည်။ ခဏတဖြုတ်မျှသာ အနားယူပြီး ကျောင်းမှ ယူလာသော သက်န်း ၂၀-စုံကို သေချာစွာ ထုပ်ပိုး၍ ရိချား ၁-စီးဖြင့် ကားဆိပ်သို့ ထွက်ခဲ့ရပါသည်။

နီပေါနိုင်ငံ အနောက်ပိုင်း ခရီးသွားလာရေးလုပ်ငန်းမှ ပြေးဆွဲသော ဘတ်စ်ကားကြီးသည် ညနေ ၆-နာရီတိတိအချိန်တွင် ဘိုက်ရဟာဝါမှ ထွက်ပါသည်။ ဘတ်စ်ကားအမှတ် ၅၅၂-ဖြစ်ပြီး နေ့စွဲကို နီပေါလို (၈-၅-၄၇)ဟု ရေးထားပါသည်။ ၄၄-ယောက်စာ ထိုင်ခုံများတွင် ခရီးသည်

အပြည့်ရှိသည့်အနက် အိန္ဒိယလူမျိုး ၁၀-ဦး၊ တိဗက် ၅-ဦး၊ အခြားနိုင်ငံခြားသား ၃-ဦးဖြစ်ပြီး ကျန်ပရိသတ်များမှာ နီပေါလူမျိုးများ ဖြစ်ပါသည်။ ကားပေါ်တွင် နီပေါဘာသာဖြင့် စာတမ်း ၂-ခု ရေးထားသည်ကို တွေ့ရပါသည်။ **ပထမစာတမ်း**မှာ "ဘုန်းကျက်သရေနှင့် ပြည့်စုံသော **ပဆုပတိအရှင်**သည် ကျွန်ုပ်တို့ အားလုံးအား ခရီးစဉ် အောင်မြင်မှု ပေးတော်မူပါ" ဟူ၍ ဖြစ်၏။ **ဒုတိယစာတမ်း**မှာမူ "ကျွန်ုပ်တို့အားလုံးသည် ခဏတာမျှ မိသားစု ၁-ခုတည်းကဲ့သို့ ညီညွတ်ချစ်ခင်စွာ ခရီးသွားကြပါစို့"ဟူ၍ ဖြစ်လေသည်။

## ဟိမဝန္တာပေါ်သို့ အတက်

မိမိတို့ကားသည် ည ၇-နာရီအချိန်တွင် လုမ္ဗိနီတိုင်း၏ မြို့တော် ဘူတဝလ်သို့ ဆိုက်ရောက်ပါသည်။ နာရီဝက်သာသာ ရပ်နားပြီး ခရီးဆက်သောအခါ လူကြီးများရော လူငယ်များပါ ပါဝင်သော အုပ်စု ၁-စုက ကားပေါ်သို့ အတင်းတွယ်၍ တက်လာကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားပါသည်။ ထိုလူစုသည် ကားမှ ဒရိုင်ဘာနှင့် စပယ်ယာတို့က တောင်းပန်တားဆီးသည်ကို မနာယူဘဲ ရိုက်မောင်း,ပုတ်မောင်း လုပ်မည် ပြုလာကြသဖြင့် ခရီးသည်တို့က ကြားဝင်၍ ပြေလည်အောင် ဖြန်ဖြေပေးကြပါသည်။ နောက်ဆုံးတွင်မူ သူတို့အားလုံး လမ်းတွင် ဆင်း၍ ကျန်ရစ်ခဲ့ကြပါသည်။

ဘူတဝလ်မှ ထွက်လာပြီး ၁-နာရီလောက်မှစ၍ မိမိတို့ ကားသည် တောင်တန်းများပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့ပါသည်။ ပထမဦးဆုံး တောင်တန်းအဆုံးတွင် **နာရာယဏီမြစ်တံတား**ကို ဖြတ်ကျော်ခဲ့ပြီး နောက်ထပ် တောင်ကုန်း, တောင်ကမ်းပါးများကြားသို့ ရောက်လာပြန်ပါသည်။ ထိုအချိန်တွင် မိမိနှင့်တကွ ခရီးသည်အားလုံးလိုလို အိပ်ပျော်နေခဲ့ကြပါသည်။ မိမိ အိပ်ပျော်နေရာမှ နိုးလာ၍ အချိန်ကို ကြည့်လိုက်သောအခါ နံနက် ၂-နာရီကျော်ဖြစ်ပြီး ကားမှာလည်း ရပ်နေကြောင်း တွေ့ရပါသည်။

အကျိုး,အကြောင်းကို မေးမြန်းသောအခါ ကားစက်ရပ်သွား၍ ယာဉ်မောင်းနှင့် စပယ်ယာတို့ ကားပြင်သမား ၁-ဦးကို သွားခေါ်နေကြကြောင်း သိရပါသည်။ နံနက် ၇-နာရီကျမှ သူတို့ ၃-ဦး ပြန်ရောက်လာကြပါသည်။

မိမိမှာ နံနက် ၄-နာရီမှ စ၍ ၁-နေ့နှင့် ၁-ညလုံး ကားစီးလာရပြီး နေ့ဆွမ်းလည်း မစားခဲ့ရသဖြင့် ဗိုက်က တကြုတ်ကြုတ် မြည်နေပါသည်။ အနီးအနားတွင် လက်ဖက်ရည်ဆိုင် ရှာရာ လက်ဖက်ရည်ဆိုင် ၁-ဆိုင် တွေ့ပါသည်။ ကားပေါ်မှ တိဗက်အဘွားကြီး ၁-ဦးနှင့် ဥရောပတိုက်သား ၂-ဦးတို့ ဆိုင်ထဲတွင် ရောက်နေကြပါသည်။ သို့သော် နွားနို့ကုန်သွားပြီ-ဟု ဆိုသဖြင့် လက်ဖက်ရည် ၁-ခွက်မျှကိုပင် မသောက်ရဘဲ ဆိုင်ထဲမှ ထွက်လာခဲ့ရပါသည်။

## ကျားသစ်တို့ ပျော်စံရာ တောဝနာ

ကားကို ၁-နာရီခန့်ပြင်ပြီး အခြေအနေ ကောင်းလာ၍ ခရီးဆက်ကြရပြန်ပါသည်။ ရှေ့နား ရွာကလေး ၁-ရွာအနီးတွင် မိုင်တိုင် ၁-တိုင် တွေ့၍ ကြည့်လိုက်ရာ ကတ္တမန္ဒုသို့ ရောက်ရန် ခရီးတဝက်မျှ လိုသေးကြောင်း သိရပါသည်။ မိုင်တိုင်နားမှာပင် '**ကျီတာဗန်း**'ဟူသော ဆိုင်းဘုတ် ၁-ခုလည်း ရှိပါသည်။ **ကျီတာ-ကျားသစ်**၊ **ဗန်း-တော**၊ **ကျီတာဗန်း-ကျားသစ်ပေါ်သောတော**-ဟု အဓိပ္ပါယ်ရသည်။ ညတုန်းက မိမိတို့ ကားပျက်နေခဲ့သော နေရာမှာလည်း ကျားသစ်ပေါ်သော နေရာပင်ဖြစ်ကြောင်း သိရသဖြင့် ပြန်၍ ကျောချမ်းမိပါသည်။

ရှေ့တစ်နေရာတွင်မူ ကားလမ်းသည် တောင် ၂-လုံးကြားမှ စီးဆင်းသော မြစ်ကမ်း၏ဘေးမှ သွားနေပါသည်။ မိုးသည်းထန်သည့် အချိန်တွင် လမ်းဘေးမှ တောင်လုံးကြီးများ ပြိုကျလာတတ်ကြောင်း ကြားသိရဖူးပြီး ညကလည်း မိုးတော်တော် ရွာထားကြောင်း သိရသဖြင့် ခရီးသည်များ ရင်တထိတ်ထိတ် ဖြစ်နေကြပါသည်။ မိမိတို့ကား သွားနေ

စဉ် အပေါ်မှ တောင်လုံးကြီးသာ ပြိုကျလာမည်ဆိုပါက ကားတစ်စီးလုံးလည်း မြေဆိုင်,မြေခဲကြီးများနှင့်အတူ မြစ်ထဲသို့ ကျသွားမည်မှာ မလွဲချေ။

တွေးထင်မိကြသည့်အတိုင်းပင် အလှမ်းဝေးလှသော ရှေ့တစ်နေရာ၌ ညတုန်းက မိုးသည်းထန်နေစဉ် တောင်ပြိုကျသဖြင့် လမ်းပိတ်နေသည်ကို တွေ့ရသည်။ လမ်းပေါ်မှာ မြေစိုင်,မြေခဲများကို မြေတွန်းစက် ၃၀-ဖြင့် အလုပ်သမားများက ရှင်းပစ်နေကြသည်။ ကားတွေက တသီတတန်းကြီး တန်းစီ၍ စောင့်နေကြရသည်။ မိမိတို့ ကားရှေ့တွင် လော်ရီကားကြီး ၂-စီးသာရှိပြီး နောက်တွင်မူ ကားမျိုးစုံ ၁၀၀-ကျော်မျှ ရှိနေသည်။ လူအား, စက်အားဖြင့် ၃-၄-နာရီကြာမျှ မြေစိုင်,မြေခဲများကို ရှင်းလင်းလိုက်သောအခါ စောင့်ဆိုင်းနေကြသော ကားတန်းကြီး ပျော်ရွှင်စွာ ခရီးဆက်ကြလေသည်။ တောင်တစ်လုံးမှ တစ်လုံး၊ တစ်ကွေ့ပြီးမှ တစ်ကွေ့ ဖြတ်ကျော်သွားသော လမ်းဘေးတွင် လူနေအိမ်ခြေ နည်းပါးလှ၏။ တခါတရံမှသာ ၁-အိမ်စ, ၂-အိမ်စကို တွေ့မြင်ရ၏။

၂-နာရီမျှ ကြာသောအခါတွင်မူ လမ်းဘေးတွင် ဆိုင်ခန်းကလေးများ ခင်းထားသော ရွာ ၁-ရွာသို့ ရောက်လာသည်။ သို့သော် ဒရိုင်ဘာသည် ကားကို ရပ်မပေးဘဲ ခပ်ဖြည်းဖြည်း ဆက်မောင်းနေသည်။ ထိုစဉ်တွင် ဈေးဆိုင်မှ အဘွားကြီး ၁-ယောက်က “ဟဲ့ ကားသမား၊ လူတွေက ဗိုက်ဆာနေကြပြီ၊ ရပ်ပါတော့လား”ဟု လှမ်းအော်သည်။ ထိုအခါကျမှ ဒရိုင်ဘာလည်း ကားကို ထိုးရပ်လိုက်လေသည်။ ဈေးသည် အဘွားကြီးကား ထိုလမ်းခရီးကြောင်းကို ကောင်းကောင်းကြီး သိနေပုံရပေသည်။

ကားရပ်လိုက်သည်နှင့် တပြိုင်နက် ကားပေါ်မှ ခရီးသည်များ အပြေးအလွှား ဆင်းသွားကြသည်။ ဆိုင်အသီးသီးသို့ ဝင်ပြီး တစ်နေ့တာ ပတ်လုံး ဟာနေသော ဝမ်းဗိုက်ကို ဖြည့်ကြသည်။ မိမိလည်း ဆိုင် ၁-ဆိုင်သို့ဝင်၍ ဗန်တာဖျော်ရည်ကို ၂-ပုလင်းဆင့်ပြီး သောက်လိုက်မှ အတော်ကလေး နေသာထိုင်သာ ရှိသွားပါတော့သည်။

# ကတ္ထမန္ဒုသို့ ဦးတည်ကာ

ကတ္ထမန္ဒုမြို့တော်ကား ရှေ့တွင် ၂၆-ကီလိုမီတာမျှသာ လိုတော့သည်-ဟု ဆိုပါသည်။ ခရီး တဝက်ကျော်ကျော်မှာ အတက်ခရီး ဖြစ်ခဲ့ပြီး ယခု အဆင်းပိုင်းသို့ ရောက်လာပြီ ဖြစ်ပါသည်။ သို့တိုင်အောင် တောင်စွယ်, တောင်တန်းများက မဆုံးသေးပါ။ "ရေပတ်လည် ဝိုင်းရံလျက်ရှိသော နေရာကို ကျွန်း-ဟု ခေါ်သည်"ဟူ၍ ငယ်စဉ်က ဆိုခဲ့ရဖူးပါသည်။ ယခုမူ "တောင်ပတ်လည် ဝိုင်းရံလျက်ရှိသော နေရာကို **ကတ္ထမန္ဒု**-ဟု ခေါ်သည်" ဟူ၍ ပြောရတော့မည် ဖြစ်ပါသည်။

ရှေးအခါက တရုတ်ပြည်မှ **မဟာမဉ္စူသီရိ**မည်သော ရသေ့ ၁-ပါးသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်မှ ပျံသန်းလျက် ဟိမဝန္တာသို့ ကြွချီလာသည်။

တောင်ပတ်လည် ဝိုင်းရံလျက်ရှိသော အရပ်တစ်ခု၌ ရေအိုင်ကြီး ၁-အိုင်ကို သူတွေ့မြင်သည်။ ရှင်ရသေ့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်ရှုသောအခါ 'ထိုနေရာ၌ နောင်အခါတွင် မြို့ကြီး ၁-မြို့ ဖြစ်လာလိမ့်မည်'ဟု မြင်လေသည်။ ထို့ကြောင့် ရေအိုင်ထဲမှ နဂါးကြီး ၉-ကောင်ကို မန္တန်ဖြင့် မောင်းနှင်ထုတ်လိုက်ပြီး ရေများကိုလည်း ဖောက်ထုတ်ပစ်လိုက်သည်။ အိုင်ထဲ၌ ရေများ ခမ်းခြောက်သွားသောအခါ ရှင်ရသေ့သည် ထိုရေအိုင်နေရာ၌ သစ်သားမဏ္ဍပ်ကလေး ၁-ဆောင် ဆောက်လုပ်နေထိုင်သည်။ ထို့နောက် ရှင်ရသေ့ နေထိုင်သော သစ်သားမဏ္ဍပ် ပတ်ဝန်းကျင်၌ လူနေအိမ်ခြေများ တဖြည်းဖြည်း ပေါ်လာသော် ကြာမြင့်သောအခါ မြို့ကြီးတစ်မြို့ ဖြစ်လာလေသည်။

**ကဋ္ဌ (ကာလ်)=သစ်သား၊ မဏ္ဍပ=မဏ္ဍပ်၊ ယင်း ၂-ပုဒ်ကို ပေါင်းစပ်ထားသော 'ကတ္ထမဏ္ဍပ'မှ ကတ္ထမန္ဒု ဖြစ်လာသည်။** ဤကား နီပေါနိုင်ငံမြို့တော် ကတ္ထမန္ဒုနှင့် ပတ်သက်၍ နေပါလီလူမျိုးများ အစဉ်အဆက် မှတ်သားခဲ့ရသော **အတိတ်မှတ်တမ်း** ဖြစ်ပါသည်။ တကယ် အဖြစ်မှန်ပင်လော?

သို့တည်းမဟုတ် စိတ်ကူးယဉ်တတ်သူတို့က ဖန်တီးဖြည့်စွက်ထားသည့် ဒဏ္ဍာရီပေလော? မည်သူမျှ ခိုင်ခိုင်မာမာ ပြောနိုင်မည် မထင်၊ သို့သော် ကတ္တမန္ဒူမြို့တော်မှာ လေးဖက်လေးတန်မှ တောင်တန်းများ ပတ်ပတ်လည် ဝန်းရံလျက်ရှိသည်ကိုမူ မျက်မြင်ထင်ရှားပင် တွေ့မြင်ရပါသည်။

## ၂၅-၈-၉၀

စာရေးသူသည် ကတ္တမန္ဒူမြို့တော်သို့ ၂၅-၈-၉၀-ရက်နေ့၊ ညနေ ၄-နာရီခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။ ကုသိနာရုံမှ ၂၄-ရက်နေ့၊ နံနက် ၄-နာရီက စတင်ထွက်ခဲ့ခြင်းဖြစ်ရာ လမ်းတွင် ၃၆-နာရီမျှ အချိန်ကုန်ခဲ့ရပါသည်။ မိုးရာသီဖြစ်၍ လမ်းများ ပျက်စီးနေသောကြောင့် ထိုမျှ ကြန့်ကြာခြင်း ဖြစ်၏။ လမ်းပန်းသာယာသော ဆောင်းရာသီ, နွေရာသီများ တွင်မူ ကုသိနာရုံမှ ကတ္တမန္ဒူသို့ ကားလမ်းခရီးမှာ နာရီ ၂၀-ကျော်မျှသာ ကြာတတ်ပေသည်။

မိမိတို့ကားကြီး ကတ္တမန္ဒူ အဝေးပြေးကားဂိတ်သို့ ဆိုက်ရောက်သည်နှင့်တပြိုင်နက် စာရေးသူသည် ပါလာသောအထုပ်ကို ကိုယ်တိုင်ဆွဲယူပြီး တက္ကစီကားလေး ၁-စီးဖြင့် **အာနန္ဒကုဋီကျောင်း**သို့ သွားခဲ့ရလေသည်။ အာနန္ဒကုဋီကျောင်းမှာ တောင်ကုန်းလေး ၁-ခုပေါ်၌ တည်ရှိသဖြင့် တက္ကစီမှ ဆင်းပြီး အထုပ်ကို ကိုယ်တိုင်ဆွဲကာ တောင်ကုန်းပေါ်သို့ တက်လာရသည်။ ကျောင်းကြီးတစ်ခုလုံးမှာ လူမရှိသကဲ့သို့ လွန်စွာတိတ်ဆိတ်နေသည်။ သို့သော် ကျောင်းဝင်းထဲသို့ ရောက်သောအခါ အိန္ဒိယသားကိုရင် ၁-ပါးနှင့်တွေ့၍ သူကပင် ပစ္စည်းများကို လှမ်းယူပြီး သက်ဆိုင်ရာ ဆရာတော်များထံ ခေါ်သွားပါသည်။ ကျောင်းတိုက်၏ တောင်ကမ်းပါးတွင် ဆောက်လုပ်ထားသော ဓမ္မာရုံ ၁-ခု၌ ကြည်ညိုဖွယ်ကောင်းလှသော ရုပ်ပွားတော် ၁-ဆူကို ဖူးတွေ့ရပါသည်။ ထိုရုပ်ပွားတော်မှာ ကုသိနာရုံ

ဆရာတော်ကြီးမှ တဆင့် မြန်မာနိုင်ငံမှ ဒကာ, ဒကာမများက လှူဒါန်းခဲ့သော ရုပ်ပွါးတော်ပင် ဖြစ်လေသည်။

မိမိသည် ထိုရုပ်ပွါးတော်အား ဝင်ရောက် ရှိခိုးကန်တော့ပြီး ကိုရင်ခေါ်ဆောင်ရာသို့ ဆက်လိုက်သွားရာ **ဆရာတော် ဦးကုမာရကဿပကို** ပထမဦးစွာ ဖူးတွေ့ရပါသည်။ ထို့နောက် **ဆရာတော် ဦးမဟာနာမ၊ ဆရာတော် ဦးမေတ္တေယျနှင့် ကိုရင် ရှင်ကောဏ္ဍညတို့ကို**လည်း တွေ့ရပါသည်။ ထို့နောက် အိန္ဒိယမှ တကူးတက ယူဆောင်ခဲ့သော ပန်းကုံး ၂-ကုံးကို ယူ၍ **ဆရာတော် ဦးမေတ္တေယျနှင့်အတူ ဆရာတော် ဒေါက်တာအမြိတာနန္ဒ** သီတင်းသုံးရာ ကျောင်းခန်းသို့ ဝင်ခဲ့ပါသည်။ သို့သော် ဆရာတော်ကြီး၏ ရုပ်အလောင်းကို ယမန်နေ့ကပင် သဂြိုဟ်လိုက်ပြီဖြစ်၍ ဆရာတော်၏ ဓာတ်ပုံကိုသာ ဖူးတွေ့ရပါတော့သည်။ သို့ဖြစ်၍ ပန်းကုံး ၂-ကုံးကို ဓာတ်ပုံရှေ့တွင် ချထားပြီး ဆရာတော်ကြီးအား စိတ်ဖြင့် ရည်မှန်းလျက် လှိုက်လှဲကြည်ညိုစွာ ပူဇော်ကန်တော့လိုက်ရပါသည်။

ယင်းသို့ ပူဇော်ကန်တော့ပြီးနောက် ဦးမေတ္တေယျနှင့် အလ္လာပသလ္လာပစကား ပြောဆိုရင်း အခန်းကို ကြည့်ရှုလေ့လာမိပါသည်။ အခန်းတစ်နေရာတွင် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ ရောင်စုံဓာတ်ပုံကြီး ၁-ပုံကို တရိုတသေ ကိုးကွယ်ထားသည်ကိုလည်းကောင်း အခန်းတံခါး၏ အပေါ်တည့်တည့်တွင် နေပါလီဘာသာဖြင့် စာတမ်း ၁-ခု ရေးထိုးထားသည်ကိုလည်းကောင်း တွေ့မြင်ရပါသည်။ ထိုစာတမ်းကား-

**"မပျင်းပါနဲ့၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် နောက်မှ လုပ်မယ်ဆိုပြီး ဆွဲမထားပါနဲ့။ ၂-နှစ် အချိန်ကုန်သွားပြီ။ ဇွဲရှိရှိနဲ့ အလုပ်ရှိသမျှကို လုပ်ပါ"** ဟူ၍ အဓိပ္ပါယ်ရပေသည်။ ဆရာတော်ကြီးကား နောက်ဆုံးအချိန်ထိ လုံ့လ, ဝီရိယကို မလျှော့ဘဲ ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်သွားတော်မူခဲ့ပေသည်။ တာဝန် ကျေပွန်တော်မူပါပေစွ။

စာရေးသူသည် ဆရာတော်ကြီး၏အခန်းမှ ထွက်လာပြီးနောက် မိမိ တည်းခိုနေထိုင်ရမည့်တဲသို့ ရောက်လာပါသည်။ ညှော်ခန်း, ရေချိုးခန်း လည်းရှိပြီး ရေအေးနှင့် ရေနွေး ၂-မျိုးစလုံး ရပါသည်။ မိမိသည် နာရီပေါင်းများစွာ ပင်ပန်းနွမ်းနယ်လာသော ကိုယ်ခန္ဓာကို လန်းဆန်းလာစေရန် ရေနွေးဖြင့် ရေချိုးပြီး ကိုရင်ကောဏ္ဍည ကပ်သော ဗန်တာဖျော်ရည် ၁-ပုလင်း သောက်လိုက်ပါသည်။ ထိုအခါပင် တစ်ကိုယ်လုံး လန်းဆန်း၍ ခရီးပန်းမှုများ အတော်အသင့် ပြေပျောက်သွားပါတော့သည်။

ထို့နောက်တွင်မူ စာရေးသူသည် ကိုရင်ကောဏ္ဍညကို ခေါ်ပြီး **ဒကာမကြီး ဒေါ်သုသီလာနှင့် ဒကာရာဇတာအီ**တို့ထံ တယ်လီဖုန်း ဆက်ပါသည်။ ဒေါ်သုသီလာမှာ ဖျားနေကြောင်း သိရပြီး ရာဇတာအီကား သူ့ဇနီး ရေနုဘာဒေဝီနှင့်အတူ မကြာမီ ကျောင်းသို့ ရောက်လာပါသည်။ မိမိအတွက် အဖျော်ယမကာများလည်း ပါလာပါသည်။

ရာဇတာအီ ဇနီးမောင်နှံတို့နှင့် အလ္လာပသလ္လာပစကား ပြောနေစဉ် ရေနုဘာဒေဝီက "ဟာ ဆရာတော် ခြေထောက်တွေလဲ ရောင်လို့ပါလား"ဟု ပြောသဖြင့် ကိုယ့်ခြေထောက် ၂-ဖက်ကို ကိုယ်ပြန်ကြည့်မိရာ အမှန်တကယ်ပင် ရောင်ရမ်းခြင်း ဖြစ်ပါသည်။ သူတို့ ဇနီးမောင်နှံ ၂-ဦးက ဆားထည့်ထားသော ရေနွေးကို အဝတ်ဖြင့် ဆွတ်၍,ဆွတ်၍ ၁-နာရီနီးပါးကြာအောင် ပွတ်ပေးမှ ခြေထောက် ၂-ဖက် အရောင်လျော့သွားပါသည်။ သူတို့ ၂-ဦးလည်း ည ၈-နာရီခန့်တွင် ပြန်သွားကြပါသည်။

၈-နာရီခွဲလောက်တွင် ဒကာမကြီး ဒေါ်သုသီလာထံမှ တယ်လီဖုန်း လာပါသည်။ နက်ဖြန် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းပါ **သူ့တူမ သူရသတီ** နှင့် **သေကဗဟာဒူး**အတွက် ကပ်မည်ဖြစ်ကြောင်း လျှောက်ထားခြင်း ဖြစ်ပါသည်။ ထို့နောက်တွင်မူ လမ်းတွင် အအိပ်ပျက်ခဲ့သည်ဖြစ်၍ နှစ်နှစ်ခြိုက်ခြိုက်ပင် မိမိ အိပ်ပျော်သွားခဲ့ရာ နံနက် ၄-နာရီမှပင် နိုးပါတော့သည်။ နိုးနိုးချင်းလည်း မျက်နှာသစ်, ရေချိုး၍ ဘုရားရှိခိုး, မေတ္တာပို့ပြီး အသင့်စောင့်နေခဲ့ပါသည်။

နံနက် ၅-နာရီကျော်တွင် ဒေါ်သုသီလာနှင့် သူ့တူမ သူရဿတီတို့ ဇနီးမောင်နှံ ရောက်လာသည်။ သူရဿတီ၏ ခင်ပွန်းလေး ဗဟာဒူးကား ယခင်က ဘဏ္ဍာရေးဌာန အတွင်းဝန်ဖြစ်ခဲ့ပြီး ယခုမူ အတွင်းဝန်ချုပ် ဖြစ်နေသည်-ဟု သိရပေသည်။ မိမိသည် သူတို့ကားဖြင့် လိုက်သွားရာ **ဆံခမောလ် မဟာစည်ကမ္မဋ္ဌာန်းရိပ်သာခွဲ**သို့ ၇-နာရီခန့်တွင် ရောက်သွားသည်။ ယင်းဌာနတွင် မြန်မာနိုင်ငံမှ ကမ္မဋ္ဌာနာစရိယ **ဦးအာသဘာစာရ** နှင့် ဆရာမကြီး **ဒေါ်ဂုဏဝတီ**တို့ကို တွေ့ရသည်။ ဆရာမကြီးက ကော်ဖီနှင့် ပေါင်မုန့်များ ချက်ချင်းပင် ပြင်ဆင်ပြီး နံနက်အရုဏ်ဆွမ်းအဖြစ် ဆက်ကပ်သည်။ ကော်ဖီသောက်ပြီးသောအခါ ကမ္မဋ္ဌာန်းဌာနကို လှည့်လည်ကြည့်ရှုရသည်။ ဒကာ ဦးလောကဗဟာဒူးမှာမူ အလုပ်တာဝန်ရှိသဖြင့် ပြန်သွားသည်။ နေ့ဆွမ်းကိုလည်း ထိုကမ္မဋ္ဌာန်းဌာန၌ပင် သူရဿတီက စီစဉ်ဆက်ကပ်သည်။ သို့ဖြစ်၍ မိမိသည် နေ့ခင်း ၂-နာရီလောက်တွင် အာနန္ဒကုဋီသို့ ပြန်ရောက်ခဲ့လေသည်။

ကျောင်းသို့ ပြန်ရောက်သည်နှင့်တပြိုင်နက် အစည်းအဝေး ၁-ခုသို့ သွားရန် ပြင်ဆင်ရပါသည်။ တက္ကတပူရ်၌ ယနေ့ ညနေ ၄း၃၀-နာရီတွင် ကျင်းပမည့် အစည်းအဝေးသို့ မိမိအား ဖိတ်ကြားထားသဖြင့် အချိန်မီရောက်နိုင်ရန် ကိုရင် ၂-ပါးကို ခေါ်ပြီး တက္ကစီကားဖြင့် ထွက်လာခဲ့ရသည်။ အစည်းအဝေးတွင် မိမိကိုပင် သဘာပတိ တင်မြှောက်ကြသဖြင့် သဘာပတိ မိန့်ခွန်းပြောပြီး တရားလည်း ဟောရသည်။ မိမိမှာ အခြားသူများ နေပါလီဘာသာဖြင့် ပြောကြဆိုကြသည်ကို နားလည်သော်လည်း ကိုယ်တိုင်ကမူ နေပါလီဘာသာကို မပြောတတ်။ ထို့ကြောင့် ဟိန္ဒူဘာသာဖြင့်ပင် တရားဟောရသည်။ တရားဟောနေစဉ် မိုးရွာလာသဖြင့် တပိုင်းတစဖြင့် ဖြတ်လိုက်ရသည်။ ည ၈-နာရီခန့်တွင် တက္ကတပူရ်မှ ကတ္တမန္ဒူသို့ ဘတ်စ်ကားစီး၍ ပြန်လာရာ ၉-နာရီကျော်တွင် ကျောင်းသို့ ပြန်

ရောက်သည်။ အသွားတုန်းက တက္ကစီ ၁၂၅-ရူပီး ပေးရသော ခရီးအတွက် အပြန်တွင် ၁-ဦးလျှင် ဘတ်စ်ကားခ ၂-ရူပီးစီသာ ကုန်ကျခဲ့လေသည်။

ကျောင်းသို့ ရောက်လျှင်ရောက်ချင်း တယ်လီဖုန်းများ ဝင်လာသည်။ ဆွမ်းစား ပင့်ဖိတ်ကြခြင်းဖြစ်၍ နံနက်ဆွမ်းအတွက် ၁-ဦး၊ နေ့ဆွမ်းအတွက် ၁-ဦး လက်ခံလိုက်ရသည်။ နေ့ဆွမ်းကပ်သူမှာ ဒေါ်သုသီလာပင်ဖြစ်၏။ နောက်နေ့တွင် ဒေါ်သုသီလာအိမ်၌ နေ့ဆွမ်းစားပြီး မြန်မာသံရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒကာ ၁-ဦးထံ ဆက်သွားသည်။ မိမိအနေဖြင့် ပျံလွန်တော်မူသွားသော ဒေါက်တာအမြိတာနန္ဒ ဆရာတော်ကြီးကို အကြောင်းပြု၍ နီပေါနိုင်ငံရှိ ထေရဝါဒ သံဃာတော်များအား ဆွမ်း ၁-နပ်စာ ကပ်လိုကြောင်း ဆရာတော်ဦးမဟာနာမ်အား လျှောက်ကြားခဲ့သည်။ ဆရာတော်က ၂၈-ရက်နေ့တွင် ဆွမ်းကပ်ရန် သတ်မှတ်ပေးသဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို တယ်လီဖုန်းဖြင့် ဆက်သွယ်ပင့်ဖိတ်ပြီး ဖြစ်သည်။ ထို့ကြောင့် မြန်မာသံရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ မြန်မာ ဒကာ, ဒကာမတို့အား ဆွမ်းချက်ပြုတ်ဆက်ကပ်ရေးကိစ္စများကို ကူညီဆောင်ရွက်ရန် မေတ္တာရပ်ခံရပါသည်။

## ကုသိုလ်ဘာဂ၊ ရကြပါစေ, အမျှဝေ ၂၈-၈-၉၀

၂၈-ရက်နေ့တွင် သံဃာတော် ၃၁-ပါး ကြွလာပြီး သီလရှင်များ, ချက်ပြုတ်သော လူပုဂ္ဂိုလ်များနှင့်ဆိုလျှင် အားလုံးပေါင်း ၁၀၀-နီးပါး ဖြစ်သွားပါသည်။ ဆွမ်းကို မြန်မာဆန်ဆန် ချက်ပြုတ်ကပ်လှူပါသည်။ နီပေါတွင် အများအားဖြင့် သား,ငါး မစားကြ။ အထူးအားဖြင့် သံဃာတော်များအား သား,ငါးဟင်း ကပ်လေ့ မရှိကြပေ။ ယခု ဆွမ်းကျွေးပွဲတွင်မူ ဆိတ်သား, ကြက်သား, ငါးခြောက်နှင့် ခရမ်းချဉ်သီးထောင်း, ကြာဆန်ဟင်းခါးမှ စ၍ အသီးအရွက်များ စုံလင်စွာ ပါဝင်ပေသည်။ အချိုပွဲတွင်လည်း နွားနို့, ပန်းသီး, သစ်တော်သီး-စသော အသီးများနှင့် အချိုခဲများ ဆက်ကပ်ကြလေသည်။

ဆွမ်းကပ်ပြီးသောအခါ သံဃာ ၁-ပါးလျှင် သကာန်း ၁-စုံစီနှင့် နဝကမ္မဝတ္ထုငွေ ၃၀-ရူပီး ၅၀-ပြားစီ လှူဒါန်း၍ မြန်မာမိသားစု၏ အလှူဒါနအဖြစ်ဖြင့် မြန်မာသံအမတ်ကြီးက ရေစက်ချသည်။ ပုံ့လွှန်တော်မူသွားသော ဆရာတော်ကြီးအားလည်း အမျှဝေပါသည်။

မိမိသည် ကုသိနာရုံမှ ဩဂုတ်လ ၂၄-ရက်နေ့က ထွက်လာခဲ့သည်ဖြစ်ရာ ဝါတွင်းကာလဖြစ်၍ ၃၀-ရက်နေ့တွင် ကုသိနာရုံသို့ အရောက်ပြန်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဆွမ်းကျွေးကိစ္စ ပြီးစီးသည်နှင့် တပြိုင်နက် ဆေးလက်မှတ်ရရှိရန် စုံစမ်းရသည်။ လမ်းတွင် တောင်ပြို၍ ကားလမ်းပိတ်နေကြောင်း သိရပြီး ဆေးလက်မှတ်လည်း မရချေ။ ထိုအတွင်း ဆွမ်းစားပင့်သူများကလည်း တစ်ဦးပြီးတစ်ဦး ပေါ်လာကြသဖြင့် ၂၉-ရက်နေ့တွင် မြန်မာပြည်မှ ပြန်လာသော ဒကာမကြီး ၁-ဦးအိမ်၌ ဆွမ်းစားရသည်။ ၃၀-ရက်နေ့တွင်လည်း **အာဒိရတနသကျ**ဆိုသူ၏ အရုဏ်ဆွမ်းကို လက်ခံလိုက်ရသည်။

အာဒိရတနမှာ လွန်ခဲ့သော ၅-နှစ်ခန့်က အိမ်မှ စိတ်ဆိုး၍ ထွက်လာသဖြင့် မိမိက ဖြောင်းဖြဆုံးမပြီး ပြုစုစောင့်ရှောက်ထားခဲ့ရသူ ဖြစ်သည်။ ယခုလည်း သူသည် မိမိနှမများနှင့် မသင့်မြတ်၍ ယောက္ခမအိမ်သို့ လိုက်နေရသည်-ဟု ဆိုပါသည်။ ထို့ကြောင့် သူ့အိမ်တွင် ဆွမ်းစားသောအခါ မေတ္တသုတ်ကို ရွတ်ပြီး သီဟဗာဟုဇာတ်ဖြင့် မေတ္တာ၏ အကျိုးကျေးဇူးများကို ဟောကြားရပါသည်။

အရုဏ်ဆွမ်း စားပြီးနောက် ကားလက်မှတ်ယူရန် ကားဆိပ်သို့ သွားရပြန်ပါသည်။ သို့သော် ကားလမ်းမှာ ပိတ်နေဆဲပင်ဖြစ်၍ ၁-ပတ်လောက်အထိ ကားလက်မှတ်ရနိုင်မည် မဟုတ်ကြောင်း သိရသဖြင့် လေယာဉ်ဖြင့် ပြန်ရန် စီစဉ်ရပါတော့သည်။ ပထမဦးစွာ ကတ္တမန္ဒုမှ ဘိုက်ရ်ဟဝါလုမ္ဗိနီသို့ သွားသော နီပေါလေယာဉ်လက်မှတ် ရရှိရန် ကြိုးစားကြည့်သည်။ လုံးဝ မရချေ။ တဖန် ပတ္တနားသို့ သွားသော အိန္ဒိယလေယာဉ်လက်မှတ်မှာလည်း ထို့အတူပင် ဖြစ်နေသည်။ နောက်ဆုံးတွင်မူ ဗာရာဏသီသို့ သွားမည့် လေယာဉ်လက်မှတ် ၁-စောင်ကို ခက်ခက်ခဲခဲဖြင့် ရရှိခဲ့သည်။ လေယာဉ်ခကား ၇၉၇-ရူပီး ကျလေသည်။

လေယာဉ်လက်မှတ် ရလျှင်ရချင်း ဓမ္မကိတ္တိဝိဟာရသို့ လာခဲ့သည်။ **ဓမ္မကိတ္တိဝိဟာရမှ ဒေါ်ဓမ္မဝတီက နေ့ဆွမ်းစား** ပင့်ထားသောကြောင့်ဖြစ်သည်။ ၁၁-နာရီခန့်တွင် ဓမ္မကိတ္တိဝိဟာရသို့ ရောက်သွားရာ **ဆရာတော် ဦးအဿဃောသ**ပင် ဆွမ်းစားနေပြီဖြစ်ကြောင်း တွေ့ရသည်။ မိမိလည်း ဆွမ်းကို ခပ်သုတ်သုတ်ပင် စားပြီး ဒကာမကြီး ဒေါ်သုသီလာတို့အိမ်သို့ သွား၍ နှုတ်ဆက်သည်။ ထို့နောက် အာနန္ဒကုဋီသို့ ပြန်၍ ဆရာတော်ကြီးများအား ကန်တော့ပြီး ပစ္စည်းများ သိမ်းဆည်းရသည်။ ဆရာတော် ၃-ပါး၊ ကိုရင် ၂-ပါးနှင့် ကပ္ပိယ ၁-ဦးတို့အား မိမိစွမ်းနိုင်သည့် ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းချီးမြှင့်ခဲ့ပါသည်။

ထိုစဉ်မှာပင် သိဒ္ဓတ္ထပညာသင်ဌာနမှ ဒကာမကြီး ဒေါ်ကေသရီ ကားဖြင့် ရောက်လာပြီး သူ့အိမ်သို့ ပင့်ပါသည်။ သူ့အိမ်တွင် ပရိတ်နာ၍ ဖျော်ရည်ကပ်ပြီး ပါတန်မှ ဒကာ ဦးရာဇတာအီ အိမ်သို့ ပို့ပေးသည်။ ထိုနေ့ည ဦးရာဇတာအီအိမ်တွင် အိပ်ပြီး နံနက်ဆွမ်းရော၊ နေ့ဆွမ်းကိုပါ သူတို့မိသားစုက ဆက်ကပ်ကြသည်။ ဆွမ်းစားပြီး လေဆိပ်သို့ ထွက်ခဲ့ရာ သူတို့မိသားစုလည်း လိုက်ပို့ကြသည်။

## ၃၁-၈-၉၀

အိန္ဒိယလေယာဉ်သည် ကတ္တမန္ဒူလေဆိပ်သို့ ၁၁ း ၃၀-နာရီတွင် ဆိုက်ရောက်လာပြီး ၁၂း၃၀-နာရီတွင် ပြန်ထွက်လာသည်။ ဗာရာဏသီသို့ ၂ း ၃၀-နာရီတွင် ဆိုက်ရောက်ရာ စာရေးသူသည် လေဆိပ်မှ ဘူတာရုံသို့ တောက်လျှောက်သွားပြီး ဒေဝရိယာသို့ မီးရထား စီးခဲ့သည်။ ဒေဝရိယာဘူတာတွင် မီးရထားမှ ဆင်း၍ ကားဖြင့် ခရီးဆက်ခဲ့ရာ ည ၁၀-နာရီခန့်တွင် ကုသိနာရုံသို့ ပြန်ရောက်ခဲ့သည်။ ထိုနေ့ကား ၃၁-၈-၉၀-နေ့ပင်ဖြစ်ပါသည်။

**ဟရိဗလ၊ ကုသိနာရုံ၊**

**၁၉၉၂-ခု၊ ဇန်နဝါရီ၊ ဓမ္မတံခွန်မဂ္ဂဇင်း။**

# ဘာသာသွေးနှင့် သာသနာပြုရေး

## အရှင်ဇနကာဘိဝံသ၏ မိန့်ကြားချက်

အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ-က ဗုဒ္ဓဘာသာဝင်တိုင်း၌ ဘာသာသွေး အေးစက်စက် မရှိစေဘဲ သာသနာပြုလိုသောစိတ် ထက်သန်ဖို့ရန် ဘာသာသွေးကောင်းကြဖို့ အရေးကြီးလှကြောင်း သတိပေးတော်မူခဲ့သည်။ ဆရာတော်ကိုယ်တိုင်လည်း ဆရာကောင်း, သမားကောင်းများကို ဆည်းကပ်ခဲ့ရ၍ ဘာသာသွေးဓာတ်ခံကောင်းကောင်း ရရှိခဲ့သဖြင့် ပရိယတ္တိစာပေ သင်ယူခြင်း, ပို့ချခြင်း, ပရိယတ္တိဆိုင်ရာ ကျမ်းစာများ ရေးသားခြင်းတို့ဖြင့် နှစ်ပေါင်း ၆၀-ကျော်မျှ သာသနာပြုတော်မူခဲ့၏။

တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၌ ဘာသာသွေးဓာတ်ခံ မည်မျှကောင်းသည်, မကောင်းသည်ကို သာမန်အခြေအနေမှာထက် ခက်ခဲကြမ်းတမ်းသော အခြေအနေများတွင် ပို၍သိသာသည်။ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘာသာသွေး ဓာတ်ခံကောင်းဖို့ အထူးလိုအပ်

ပေသည်။ ဘာသာသွေးခုတ်ခံ မကောင်းသူများသည် လယ်တီဆရာတော်ဘုရားကြီး၏စကားနှင့် ပြောရသော် **"ခွေးဖြူ တောမတိုးဝံ့"**ဆိုသကဲ့သို့ အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အခါ နောက်ဆုတ်သွားတတ်ကြလေသည်။

ငယ်ရွယ်စဉ်မှစ၍ ဘာသာသွေးခုတ်ခံ ကောင်းစွာ ပါရှိခဲ့သဖြင့် ရေခြား,မြေခြား၊ လူမျိုးဘာသာနှင့် ယဉ်ကျေးမှု-စသည်အားဖြင့်လည်း အလွန် ကွဲပြားခြားနားသော တိုင်းတပါးအရပ်၌ မိမိဘဝကို လုံးဝမြှုပ်နှံ၍ နှစ်ပေါင်း ၇၀-ကျော်မျှ သာသနာပြုခဲ့သော ပုဂ္ဂိုလ်ထူး ၁-ပါး မြန်မာနိုင်ငံမှ ပေါ်ထွက်ခဲ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်မှာ အိန္ဒိယတိုင်းရင်းသားတို့က **"စန္ဒြမဏိဗာဗာ"**ဟူ၍ လေးစားမြတ်နိုးစွာ ခေါ်ဝေါ်ခြင်း ခံခဲ့ရသည့် ကုသိနာရုံ သာသနာပြုဆရာတော် ဦးစန္ဒြမဏိမထေရ်မြတ်ပင် ဖြစ်ပေသည်။

အားလုံးသိကြသည့်အတိုင်း ဗုဒ္ဓမြတ်စွာသည် မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၌ ပေါ်ထွန်းတော်မူခဲ့သော်လည်း ဗုဒ္ဓသာသနာသည်ကား ထိုနိုင်ငံ၌ ကြာရှည်လေးမြင့် မတည်ခဲ့ပါ။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၁,၀၀၀-ကျော်မျှသာ တည်ခဲ့ပါသည်။ သို့ရာတွင် ၁၉-ရာစု နောက်ပိုင်းနှင့် ၂၀-ရာစု အစပိုင်းသို့ ရောက်သောအခါတွင်မူ အိန္ဒိယ၌ ဗုဒ္ဓသာသနာရောင်ခြည် ပြန်လည်ယှက်သမ်းလာခဲ့ပြန်ပါသည်။ ရာစု နှစ်ပေါင်းများစွာ ဗုဒ္ဓဘာသာ တိမ်မြုပ်ပျောက်ကွယ်နေသော အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ပြန်လည် ထွန်းကားလာစေရန် ဗုဒ္ဓဘာသာနိုင်ငံအချို့မှ ပုဂ္ဂိုလ်များက ကြိုးပမ်းဆောင်ရွက်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)မှ **အနာဂါရိက ဓမ္မပါလ**သည် ရှေ့တန်းမှ ပုဂ္ဂိုလ် ၁-ဦး ဖြစ်သကဲ့သို့ မြန်မာနိုင်ငံမှ ဦးစန္ဒြမဏိသည်လည်း ဦးဆောင်ဦးရွက်ပြုသူ ၁-ဦး ဖြစ်လေသည်။

## စစ်တွေမှ သာပန်းဦး

ဆရာတော် ဦးစန္ဒြမဏိသည် ရခိုင်အမျိုးသား ဖြစ်၏။ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းရွာနေ **ဦးကျော်အောင်နှင့် မိဝင်းယေ**တို့မှ ၁၈၇၅-ခုနှစ်၊ ကဆုန်လဆုတ်၊ ၆-ရက်၊ (မေလ ၂၅-ရက်၊) အင်္ဂါနေ့တွင် သူ့ကို မွေးဖွားခဲ့သည်။ ငယ်နာမည်ကား **သာပန်းဦး** ဖြစ်လေသည်။

သာပန်းဦးသည် ဆယ်ကျော်သက်အရွယ်တွင် စစ်တွေမြို့၊ တရားစုရပ်၊ စန္ဒိမာရာမကျောင်းတိုက် ဆရာတော် ဦးစန္ဒိမာထံ၌ ကိုရင်ဝတ်၍ ပိဋကတ်အခြေခံ စာပေများကို သင်ကြားခဲ့သည်။ တစ်နေ့တွင် အိန္ဒိယနိုင်ငံ၌ မဟာဗောဓိအသင်းများ ဖွဲ့စည်းတည်ထောင်၍ သာသနာပြုရန် ကြိုးစားနေသည့် သီဟိုဠ်နိုင်ငံသား အနာဂါရိက ဓမ္မပါလဆိုသော ပုဂ္ဂိုလ်ကြီး စစ်တွေမြို့သို့ ရောက်လာသည်။ သူသည် မြန်မာနိုင်ငံမှာလည်း မဟာဗောဓိအသင်းများ ဖြစ်ပေါ်လာစေရန်နှင့် သာသနာပြု ရန်ပုံငွေ ရရှိရန် အတွက် မြန်မာနိုင်ငံသို့ ရောက်လာခြင်းဖြစ်သည်။

ဓမ္မပါလသည် ဆရာတော် ဦးစန္ဒိမာထံတွင် စာသင်နေသော ကိုရင် ရှင်စန္ဒကို သဘောကျသဖြင့် အိန္ဒိယသို့ လိုက်၍ ပညာသင်ရန် ဖိတ်ခေါ်သည်။ ကိုရင်စန္ဒသည် စာသင်ဖက်ဖြစ်သူ ကိုရင် သူရိယနှင့်အတူ အိန္ဒိယသို့ လိုက်သွားသည်။ ဓမ္မပါလသည် မြန်မာကိုရင် ၂-ပါးကို ဗုဒ္ဓဂယာ၊ မင်းတုန်းမင်းဇရပ်၌ သီတင်းသုံးနေသော သီဟိုဠ်ဘုန်းတော်ကြီး **ဦးစန္ဒဇောတိ**ထံ၌ ပညာသင်ရန် အပ်နှံခဲ့သည်။ သို့ရာတွင် မကြာလှပါချေ။ ဗုဒ္ဓဂယာနယ်မြေတဝိုက်ကို ကြီးစိုးနေသော ဟိန္ဒူဘုန်းကြီး မဟန့်၏ လူများက မင်းတုန်းမင်း၏ဇရပ်တွင် နေထိုင်သော ဗုဒ္ဓဘာသာသံဃာများကို ဝင်ရောက်ရိုက်နှက်သဖြင့် **ကိုရင်စန္ဒ**နှင့် **သူရိယ**တို့ စိတ်ပျက်စွာဖြင့် စစ်တွေသို့ ပြန်ခဲ့ရလေသည်။

## နေနှင့်လ သာမဏေ ၂-ပါး

ကိုရင်စန္ဒနှင့် သူရိယတို့၏ အိန္ဒိယသို့ ပညာသင်သွားရန်အတွက် စစ်တွေမြို့မှ ထွက်ခွါစဉ်က စစ်တွေမြို့သူ့မြို့သားများသည် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကိုရင် ၂-ပါးကို သင်္ဘောဆိပ်သို့ သောင်းသောင်းဖြဖြ လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသည်။ မန္တလေးမြို့မှ ထုတ်ဝေသော ဂျာနယ် ၁-စောင်ကလည်း စစ်တွေမှ **ရှင်စန္ဒနှင့် သူရိယ**မည်သော ကိုရင် ၂-ပါးသည် အိန္ဒိယနိုင်ငံ၌ သာသနာပြုရန်အတွက် ပညာသင်ယူနေကြပြီ ဖြစ်၍ မကြာမီကာလအတွင်း ဗုဒ္ဓသာသနာတော်ရောင်သည် အိန္ဒိယ၌ နေနှင့်လ ပမာ ထွန်းပြောင်လာတော့မည်ဖြစ်ကြောင်း ချီးကျူးရေးသားခဲ့လေသည်။

ထိုသို့ မန္တလေးဂျာနယ်က ချီးကျူးရေးသားချိန်တွင် ကိုရင် ၂-ပါး မှာ စစ်တွေသို့ ရောက်နေလေပြီ။ ကိုရင်စန္ဒသည် ထိုဂျာနယ်ကို ဖတ်ရ သဖြင့် အလွန်ရှက်သွားသည်။ "တိုင်းသိ ပြည်သိ ဖြစ်နေပါလျက် ငါကတော့ ဆင်းရဲဒုက္ခ မခံနိုင်လို့ ပြန်ပြေးလာတယ်"ဟု တွေးမိ၍ ယူကျုံးမရ ဖြစ်နေ သည်။ သို့ဖြင့် သူသည် စရိတ်ငွေ ၂၅-ကို ခက်ခက်ခဲခဲ ရှာဖွေပြီး ထိုနှစ် ဝါကျွတ်ချိန်တွင် အိန္ဒိယပြည်သို့ ပြန်လာသည်။ ဤသို့ ဒုတိယအကြိမ် အိန္ဒိယသို့ ပြန်လာသောအခါတွင်မူ ပထမအကြိမ်မှာကဲ့သို့ သောင်းသောင်း ဖြဖြ သင်္ဘောဆိပ်သို့ လိုက်ပို့မည့်သူများလည်း မရှိတော့။ ကိုရင် သူရိယ လည်း မပါတော့။ ကျောင်းသား **သတိုးဦး**ကိုသာလျှင် အဖော်ပြုလျက် စစ်တွေမြို့မှ ထွက်ခဲ့လေသည်။

## ပညာရေးအတွက် ကိုရင်စန္ဒ စွန့်စားခဲ့ရ

ကိုရင်စန္ဒသည် ကလကတ္တားမြို့သို့ ရောက်သောအခါ မဟာ-ဗောဓိအသင်းဥက္ကဋ္ဌ အနာဂါရိက ဓမ္မပါလထံ မသွားတော့ဘဲ ရခိုင်ပွဲစား ကြီး ဦးချီးဇားရှိ၏ အကူအညီဖြင့် အသင်းတိုက် ၁-ခုတွင် နေထိုင်လျက်

သက္ကတ, ဟိန္ဒီ, ဘင်္ဂါလီ- စသော ဘာသာစာပေများကို လေ့လာသည်။ နေ့စဉ် ရခိုင်ပွဲစားကြီးများ အိမ်သို့ လှည့်လည်ဆွမ်းခံ၍ စားသည်။ တစ်နေ့တွင် ကိုရင်စန္ဒသည် ဆွမ်းခံအိမ်၌ **မဟာဝီရ**မည်သော အိန္ဒိယတိုင်းရင်းသား ဘုန်းတော်ကြီး ၁-ပါးနှင့် တွေ့သည်။ ဘုန်းတော်ကြီး မဟာဝီရသည် ကိုရင်စန္ဒ၏ ပညာလိုလားပုံကို သဘောကျသဖြင့် ပို၍ ခရီးရောက်နိုင်သည့် ပညာသင်ကြားရေး အစီအစဉ် ၁-ခုကို ညွှန်ကြားစီစဉ်ပေးသည်။ ထိုအစီအစဉ်အရ ကိုရင်စန္ဒသည် ဂါဇီပူရ်ခရိုင်အတွင်းရှိ ရွာကြီး ၁-ရွာမှ ဗြာဟ္မဏအမျိုးဖြစ်သော ပဏ္ဍိတ်ကြီး ၁-ဦးထံ ပါဠိ, သက္ကတနှင့် ဟိန္ဒီ၊ ၃-ဘာသာကို သင်ကြားရသည်။ ထိုသို့ သင်ကြားနေစဉ် ကိုရင်စန္ဒနှင့် ကျောင်းသားသတိုးဦးတို့သည် ငှားရမ်းထားသော အိမ်ငယ်ကလေး ၁-လုံး၌ နေထိုင်၍ သက်သက်လွတ် အစားအစာများကိုသာ မိမိတို့ဘာသာ ချက်ပြုတ်စားသောက်ကြရသည်။

ဤသို့ ကိုရင်စန္ဒ ပညာသင်ကြားနေစဉ် ထိုရွာ၌ ဝမ်းရောဂါဖြစ်ပေါ်လာသဖြင့် လူအများ သေကြသည်။ ထို့ကြောင့် ကိုရင်စန္ဒသည် ကျောင်းသား သတိုးဦးကို စစ်တွေသို့ ပြန်လွှတ်လိုက်ပြီး မိမိတစ်ဦးတည်းသာလျှင် အစားဆင်းရဲခြင်း, အနေဆင်းရဲခြင်းများဖြင့် စွန့်စွန့်စားစား ပညာသင်ကြား၍ နေလေသည်။ ထိုစဉ်မှာပင် ဘုန်းတော်ကြီး မဟာဝီရသည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ကုသိနာရုံဒေသသို့ သွားရောက်၍ ကျောင်း ၁-ဆောင် ဆောက်လုပ်နေထိုင်ရန် အားထုတ်လေသည်။ ကျောင်းဆောက်ရန်အတွက် ပွဲစားကြီး ဦးချီးဇားရှိုက ဝတ္ထုငွေများ လှူဒါန်းထောက်ပံ့လေသည်။ ပွဲစားကြီး ဦးချီးဇားရှို၏ အကြောင်းကြားချက်အရ ကိုရင်စန္ဒသည် ကုသိနာရုံသို့ လိုက်သွားပြီး ဆရာတော် မဟာဝီရနှင့်အတူ ကျောင်းဆောက်လုပ်မှု လုပ်ငန်းများကို ၃-လမျှ ကူညီဆောင်ရွက်ပေးရလေသည်။

ကိုရင်စန္ဒသည် ကုသိနာရုံမှ ပြန်လာပြီး ယခင်ရွာကြီး၌ ဆက်လက် ပညာသင်ကြားနေစဉ် သူ့ဆရာကြီးမှာ ဝမ်းရောဂါဖြင့် ကွယ်လွန်သွားပြန်သည်။ ထို့ကြောင့် ကလကတ္တားသို့ ပြန်ရောက်လာသော ကိုရင်စန္ဒအား ပွဲစားကြီး ဦးချီးဇားရှိက မော်လမြိုင်သို့ ပို့ပေးလိုက်သည်။ ကိုရင်စန္ဒသည် မော်လမြိုင်၊ **ကတိုးကောနှပ်ကျောင်းဆရာတော် ဦးသာဂရထံ၌** ပိဋကတ်ကျမ်းဂန်များကို သင်ကြားဆည်းပူးရသည်။

ကိုရင်စန္ဒသည် ဆရာတော် ဦးသာဂရကျောင်း၌ ၁-ဝါဆိုပြီး ဝါကျွတ်သောအခါ မန္တလေးသို့ တက်သွားသည်။ မန္တလေးသို့ ရောက်သောအခါ မြတောင်ကျောင်းတိုက်၊ အနောက် ခင်မကန်ကျောင်းတိုက်၊ ပတ္တမြားကျောင်းတိုက်၊ ဝိသုဒ္ဓါရုံကျောင်းတိုက်တို့၌ ပိဋကတ်ကျမ်းဂန်များ သင်ကြားဆည်းပူးလေသည်။

## ရဟန်းဒကာ ဦးချီးဇားရှိ

မန္တလေး၌ ကိုရင်စန္ဒ ပညာဆည်းပူးနေစဉ် ကလကတ္တားမြို့မှ ပွဲစားကြီး ဦးချီးဇားရှိနှင့် ဇနီး-ဒေါ်မြချမ်းဦးတို့က မိမိတို့ ဇာတိဖြစ်သော စစ်တကောင်းနယ်၊ ပန်းဝါရာမူးမြို့၌ သား-ရှင်ပြုပွဲနှင့်အတူ ကိုရင်စန္ဒကို ရဟန်းခံပေးရန် စီစဉ်ကြသည်။ သို့အားဖြင့် ကိုရင်စန္ဒသည် မန္တလေးမြို့မှ ဝိသုဒ္ဓါရုံဆရာတော် အမှူးရှိသော သံဃာတော် ၄၀-တို့နှင့်အတူ ပန်းဝါမြို့သို့ လိုက်လာရသည်။ ဆရာတော်များမှာ ဗုဒ္ဓဂယာသို့ ဘုရားဖူးအသွားတွင် ဦးချီးဇားရှိ၏ ပင့်ဖိတ်ချက်အရ ရဟန်းခံပွဲသို့ ကြွရောက်တော်မူကြရခြင်း ဖြစ်လေသည်။

ဦးချီးဇားရှိသည် မန္တလေးမြို့မှ ဆရာတော်ကြီးများအား ပန်းဝါမြို့၌ ၁-လတိုင်တိုင် နေထိုင်သီတင်းသုံးစေပြီး တရားပွဲများ နေ့စဉ်ပြုလုပ်သည်။ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီး ဆောက်လုပ်၍ ရှင်ပြုပွဲနှင့် ရဟန်းခံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ကိုရင်စန္ဒသည် **၁၂၆၅-ခု**

**(၁၉၀၃)၊ တပို့တွဲလဆန်း၊ ၉-ရက်၊ တနင်္လာနေ့တွင် စစ်တွေဆရာတော် ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက်** မန္တလေးမြို့မှ ဝိသုဒ္ဓါရုံဆရာတော်-စသော သံဃာတော် ၄၀-ကျော်တို့၏ ဝိုင်းဝန်းချီးမြှောက်မှုဖြင့် ထိုနေ့နံနက် ၈-နာရီ အချိန်တွင် ဥဒကုက္ခေပရေသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

## အရှင်စန္ဒိမဏိနှင့် ကုသိနာရုံ

ကိုရင်စန္ဒ ရဟန်းအဖြစ်သို့ ရောက်လာသောအခါ ဆရာတော်ကြီးများက **'စန္ဒိမဏိ'**ဟု ဘွဲ့အမည်သစ် ပေးခဲ့ကြသည်။ အရှင်စန္ဒိမဏိသည် ရဟန်းခံပွဲ ပြီးသောအခါ ဆရာတော် ဦးစန္ဒိမာနှင့် စစ်တွေမြို့သို့ လိုက်သွားသည်။ စစ်တွေမြို့၌ ၁-လခန့်နေပြီး ကုသိနာရုံသို့ ပြန်လာသည်။ အရှင်စန္ဒိမဏိသည် ထိုအချိန်မှစ၍ ဆရာတော် ဦးမဟာဝီရနှင့်အတူ ကုသိနာရုံ၌သာလျှင် အခြေချလျက် ကျောင်းတိုက် တိုးတက်ရေး, မဟာပရိနိဗ္ဗာန ရုပ်ပွါးတော်ကြီးနှင့် မဟာပရိနိဗ္ဗာနစေတီတော်ကြီးအား ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ရေး, ကုသိနာရုံ အင်ကြင်းဥယျာဉ်ကြီး စိမ်းလန်းစိုပြေ သာယာစည်ပင်ရေး-စသော လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်တော်မူခဲ့သည်။ ထိုသို့ ဆောင်ရွက်နေရာမှ **မဟာဝီရ ဆရာတော်ကြီးမှာ ၁၂၉၀-ပြည့်နှစ် (၁၉၁၈)၊ သက်တော် ၈၄-နှစ်**သို့ အရောက်တွင် ပျံလွန်တော်မူသွားလေသည်။ ထိုအချိန်မှစ၍ အရှင်စန္ဒိမဏိသည် ကုသိနာရုံကျောင်းတိုက်၏တာဝန်ကို အပြည့်အဝ ယူခဲ့ရလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဒေသသည် ယခုအခါ အိန္ဒိယနိုင်ငံမြောက်ပိုင်း ယူပီခေါ် ဉတ္တရပဒေသပြည်နယ် ဒေဝရိယာ ခရိုင်အတွင်း၌ တည်ရှိ၏။ ထိုဒေသ၌ ရှေးခေတ် ဗုဒ္ဓဘာသာဝင်တို့က စေတီ,ပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထိုဒေသ၌ ဗုဒ္ဓဘာသာနှင့်အတူ စေတီ,ပုထိုးများလည်း နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။

၁၉-ရာစုသို့ ရောက်သောအခါ အိန္ဒိယအစိုးရက ရှေးဟောင်း သမိုင်းဝင်ဌာနများကို ခေတ်မီနည်းပညာများဖြင့် ရှာဖွေဖော်ထုတ်ခဲ့သည်။ ထိုသို့ ရှာဖွေဖော်ထုတ်ခဲ့သော ဌာနများတွင် ဗုဒ္ဓဂယာ, မိဂဒါဝုန်, လုမ္ဗိနီ စသည့် အခြားဗုဒ္ဓဝင်ဌာနများနှင့်အတူ ကုသိနာရုံသည်လည်း ၁-ခု အပါ အဝင် ဖြစ်ခဲ့လေသည်။

ကုသိနာရုံသို့ အရှင်စန္ဒိမဏိ ရောက်စအချိန်တွင် ရှာဖွေတူးဖော်မှု များ ဆောင်ရွက်နေဆဲ ဖြစ်လေသည်။ ကုသိနာရုံ၌ အဓိကအားဖြင့် ရှေးဟောင်းဘာသာရေး အဆောက်အအုံ ၃-ခု တူးဖော်တွေ့ရှိခဲ့၏။ ယင်းတို့ မှာ–

**(၁) မဟာပရိနိဗ္ဗာနရုပ်ပွါးတော်ကြီးနှင့်**
**မဟာပရိနိဗ္ဗာနစေတီတော်ကြီး**

**(၂) ရေကြည်တော် သောက်သုံးရာဌာနနှင့်**

**(၃) မြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ**
**မကုဋဗန္ဓနစေတီတော်**တို့ ဖြစ်လေသည်။

အရှင်စန္ဒိမဏိသည် အိန္ဒိယကျောက်စာဌာနက တူးဖော်လိုက် သည့် အထက်ပါ ရုပ်ပွါးတော်, စေတီတော်များကို ဗုဒ္ဓဘာသာဝင်များ ဖူးမြင်ကြည်ညိုဖွယ် ဖြစ်လာစေရန် ပြုပြင်မွမ်းမံမှုများကို အထူးအားစိုက်၍ ဆောင်ရွက်ခဲ့၏။ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ စေတနာရှင် တို့၏ အလှူငွေကို များစွာ ရရှိခဲ့၏။ **ဟင်္သာတမြို့မှ အရေးပိုင် ဦးဘိုးကြူး** ဆိုသော ပုဂ္ဂိုလ်ကား မဟာပရိနိဗ္ဗာနစေတီတော် ပြုပြင်တည်ဆောက်မှု တွင် အလှူငွေ ၃-သောင်းနီးပါးမျှ ပါဝင်ခဲ့လေသည်။ ဆရာတော်သည် မဟာပရိနိဗ္ဗာနစေတီတော် အနီးဝန်းကျင် သစ်ပင်,တောချုံများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ဘုရားဖူးများ တည်းခိုနားနေနိုင်ကြစေရန် ဇရပ်,တန်ဆောင်း များ ဆောက်လုပ်ခြင်း-စသော လုပ်ငန်းများအတွက်လည်း များစွာ အား ထုတ်ခဲ့လေသည်။

## ဒေသခံလူထုအကျိုးကို ဆောင်ရွက်ခြင်း

ကုသိနာရုံဒေသမှာ ဗုဒ္ဓလက်ထက်က စည်ကားသော မြို့ကြီး ၁-မြို့ ဖြစ်ခဲ့သော်လည်း ထိုဒေသသို့ အရှင်စန္ဒြမဏိ စတင် ရောက်ရှိသော အချိန်တွင်မူ ကျေးလက်ဇနပုဒ် အနေအထားမျှသာ ရှိလေသည်။

အနီးပတ်ဝန်းကျင်ရှိ တိုင်းရင်းသားများမှာ ဆင်းရဲနွမ်းပါး၍ ပညာရေး, ကျန်းမာရေး- စသည်အားဖြင့် နိမ့်ကျလျက် ရှိကြသည်။ ဘာသာရေး အယူသည်းမှုနှင့် ဇာတ်ခွဲခြားမှု စနစ်တို့၏ လွှမ်းမိုးမှုကိုလည်း ခံနေကြရလေသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် တိုင်းတပါးသား ဗုဒ္ဓဘာသာ ရဟန်း ၁-ပါးအနေဖြင့် အရှည်ရပ်တည်နိုင်ရေးမှာ အတော်ပင် ခက်ခဲလှပေသည်။ မြန်မာနိုင်ငံမှာလို ဆွမ်းခံ၍လည်း မရ။ ဆွမ်းပို့သူလည်း မရှိ။ ဆန်အိတ်တွေ, ဆီပုံးတွေ လှူမည့်သူလည်း မရှိ။ ထို့ကြောင့် ဆရာတော် အရှင်စန္ဒြမဏိသည် ကျောင်းတိုက် တည်တံ့ရေးနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းပိုင် ဝတ္တကမြေများ ဖြစ်ပေါ်လာစေရန် စီမံခဲ့ရသည်။

ယင်းသို့ စီမံရာတွင် ဘာသာရေးအရလည်းကောင်း လူမျိုးရေးအရလည်းကောင်း ဒေသခံတိုင်းရင်းသားတို့၏ နှောင့်ယှက်ကန့်ကွက်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် ဆရာတော်၏ ကြံ့ခိုင်သော ဇွဲလုံ့လကြောင့် နောက်ဆုံး ဝတ္တကမြေ ဧက ၈၀-ကျော်မျှ ဖြစ်ပေါ်ခဲ့ရာ ကျောင်းတိုက်အခြေအနေလည်း ခိုင်မြဲလာခဲ့လေသည်။

ဆရာတော် အရှင်စန္ဒြမဏိသည် ကုသိနာရုံ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးကိုသာ ကြိုးပမ်းဆောင်ရွက်ခဲ့သည် မဟုတ်။ ဒေသခံတိုင်းရင်းသားတို့၏ အကျိုးကိုလည်း သည်ပိုးဆောင်ရွက်ခဲ့၏။ ထိုဒေသရှိ ရွာသူ,ရွာသားများမှာ ဆင်းရဲနွမ်းပါးကြသည်ဖြစ်၍ မိမိတို့၏ သားသမီးများကို ကောင်းစွာ ပညာသင်ကြား မပေးနိုင်ကြချေ။

ဆရာတော်သည် ထိုကလေးငယ်များအတွက် အခမဲ့ စာသင်ကျောင်း ၁-ကျောင်းကို ဖွင့်လှစ်ပေးခဲ့၏။ အယူသည်းသော ရွာသူ,ရွာသား အချို့သည် မြန်မာဘုန်းကြီးကျောင်း ရေတွင်းမှ ရေကို သောက်သုံးမိလျှင် ဇာတ်ပျက်လိမ့်မည်-ဟု ဆို၍ မသုံးဘဲ နေခဲ့ကြသည်။

သို့သော် နောက်ပိုင်းတွင်မူ တည်ကြည်ဖြောင့်မတ်သော ဆရာတော်အပေါ်၌ ကြည်ညိုသူ များပြားလာသည်နှင့်အမျှ ကျောင်းမှာလည်း ပို၍,ပို၍ စည်ကားလာခဲ့လေသည်။ ဆရာတော်သည် ဒေသခံ လူငယ်များ ဆက်လက် ပညာသင်ကြားနိုင်ရေးအတွက် အလယ်တန်းကျောင်း, အထက်တန်းကျောင်းနှင့် ဒီဂရီကောလိပ်ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့လေသည်။

## တပည့်တပန်းများစွာ ပေါ်လာခြင်း

ဆရာတော် အရှင်စန္ဒြမဏိသည် ခံ့ညားသပ္ပါယ်သော ဥပမိရုပ်နှင့် ပြည့်စုံသည်။ သက္ကတဘာသာနှင့် ဟိန္ဒီဘာသာစကားကို အိန္ဒိယတိုင်းရင်းသားများပင် လက်ဖျားခါရအောင် ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။ ဆင်းရဲသားများကို သနားကြင်နာစွာဖြင့် ကူညီစောင့်ရှောက်တတ်သည်။ ထိုအရည်အချင်းများကြောင့် စောစောပိုင်းက တိုင်းတပါးသား ဘာသာခြားအဖြစ်ဖြင့် ဆရာတော်အား ဆန့်ကျင်ခဲ့ကြသူများသည်ပင် နောက်ပိုင်းတွင် ဆရာတော်အပေါ် ယုံကြည်အားထားလာကြသည်။

ထို့ပြင် ဆရာတော် ဖွင့်လှစ်ပေးသော ကျောင်းမှ ထွက်သွားသော တပည့်ဟောင်း များစွာတို့သည်လည်း အိန္ဒိယနိုင်ငံ၊ ဒေသအနှံ့အပြား၌ တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်လာကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ဆရာတော်နှင့် ပတ်သက်သည့်ကိစ္စများကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးကြသည်။ ဆရာတော်ကိုလည်း မကြာခဏ လာရောက်ဖူးမြင်ကြသည်။ ထို့ကြောင့် ဆရာတော်၏ ကျောင်းမှာ ဧည့်ပရိသတ် ၁၀၀၊ ၁၅၀-မျှ နေ့စဉ်လို ရှိနေခဲ့လေသည်။

ဆရာတော်သည် ဗုဒ္ဓတရားတော်များကို တိုင်းရင်းသားများ နားလည်အောင် ဟိန္ဒီဘာသာဖြင့် ဟောပြောနိုင်သည်။ ဆရာတော်၏ ဟောပြောမှုကြောင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ, ရဟန်းသာမဏေအဖြစ် ခံယူလာသူ တော်တော်များများ ရှိခဲ့သည်။ နောင်အခါတွင် မိဂဒါဝုန်မဟာဗောဓိအသင်း၏ ကျောင်းအုပ်ဖြစ်လာသူ **ဘိက္ခု ဓမ္မရက္ခိတ**သည် အယူအစွဲ ပြင်းထန်သော မိဘဆွေမျိုးများကို တော်လှန်၍ ဆရာတော်ထံ၌ ရဟန်းပြုခဲ့သော ကောယရီလူမျိုး ၁-ဦး ဖြစ်သည်။ ထို့အတူ ရာဟုလာသံကစ္စည်း, အာနန္ဒကောသလ္လ, အစ္စုတာနန္ဒ, ဇိနာနန္ဒ, ပညာဝံသ, သစ္စာနန္ဒ-စသော အိန္ဒိယတိုင်းရင်းသား များစွာတို့ကိုလည်း ဆရာတော်ပင် ရဟန်းခံပေးခဲ့ရသည်။

## အရှင်စန္ဒြမဏိနှင့် နီပေါသာသနာ

ဆရာတော်သည် အိန္ဒိယပြည်၌သာမက နီပေါနိုင်ငံ၌လည်း ဗုဒ္ဓဘာသာ ပြန့်ပွါးရေးကို ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် ၁၉၂၂-ခုနှစ်တွင် နီပေါသို့ ပထမဆုံးအကြိမ် ကြွရောက်ခဲ့သည်။ ထိုအချိန်မှစ၍ နီပေါလူမျိုး များစွာတို့သည် ကုသိနာရုံသို့ ဘုရားဖူး ရောက်လာကြပြီး တဖြည်းဖြည်း ထေရဝါဒ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက နီပေါရဟန်း, သာမဏေ, သီလရှင် ၂၀-ကျော်တို့သည် မိမိတို့နိုင်ငံမှ နှင်ထုတ်ခြင်း ခံရသဖြင့် ကုသိနာရုံသို့ ရောက်လာခဲ့ကြသည်။ အရှင်စန္ဒြမဏိသည် ထိုသူတို့၏ နေထိုင်စားသောက်ရေးကို လ-ပေါင်းများစွာ တာဝန်ယူ၍ ကူညီစောင့်ရှောက်ထားခဲ့သည်။ ထိုသူတို့အထဲမှ အချို့ကို မြန်မာနိုင်ငံနှင့် သီဟိုဠ်သို့ ပညာသင် လွှတ်ပေးပြီး ကျန်လူများကို နီပေါသို့ ပြန်ခွင့်ရစေရန် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ နီပေါနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာကို ဦးဆောင်နေသော ရဟန်းတော်များနှင့် ဥပါသကာ, ဥပါသိကာတို့သည် ဆရာတော်၏ တပည့်တပန်း အဆက်အနွယ်များသာ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များထဲမှ

ယခုနှစ် မြန်မာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည့် ကတ္တမန္ဒူမြို့၊ **သီရိသကျသီဟကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာနန္ဒ** သည်လည်း ၁-ပါးအပါအဝင် ဖြစ်၏။ ထိုဆရာတော်ကြီးမှာ ယခုအခါ သက်တော် ၉၁-နှစ်၊ ဝါတော် ၆၁-ဝါရှိပြီး နီပေါထေရဝါဒ ဗုဒ္ဓဘာသာ သံဃာလောက၌ သံဃရာဇာသာသနာပိုင်အဖြစ် အသိအမှတ်ပြုထားသော ပုဂ္ဂိုလ် ဖြစ်ပေသည်။ ယခုနှစ် မတ်လတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါပြီ။

## အရှင်စန္ဒြမဏိနှင့် ဒေါက်တာအမ္ဗေဒကာရ်

၁၉၅၆-ခုနှစ်က တစ်ကမ္ဘာလုံးနှင့် အထူးသဖြင့် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဘာသာသမိုင်း၌ မှတ်တမ်းတင်ရမည့် အဖြစ်အပျက်ကြီး ၁-ခု ဖြစ်ပျက်ခဲ့ရသည်။ ထိုအဖြစ်အပျက်မှာ အိန္ဒိယတရားရေးဝန်ကြီး ဒေါက်တာ အမ္ဗေဒကာရ် ခေါင်းဆောင်သည့် အိန္ဒိယ ဇာတ်နိမ့်လူမျိုး ၅-သိန်းကျော်တို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့ခြင်း ဖြစ်ပေသည်။ ထိုသူတို့သည် အိန္ဒိယ ပြည်အလယ်ပိုင်း၊ နာဂပူရ်မြို့၌ ကြီးကျယ်သော အခမ်းအနားကြီး ကျင်းပ၍ ကုသိနာရုံဆရာတော် အရှင်စန္ဒြမဏိ ရှေ့မှောက်၌ သရဏဂုံ ၃-ပါးကို ရွတ်ဆိုကာ ဗုဒ္ဓဘာသာဝင်များအဖြစ် ခံယူခဲ့ကြလေသည်။ ထို့ပြင် အာဂရာ, ကန်ပူရ်, လက္ခနော- စသော မြို့တို့မှ ထောင်ပေါင်းများစွာသော လူတို့ သည်လည်း ဆရာတော်ထံ၌ပင် ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့ကြလေသည်။

## နှစ်ပေါင်း ၇၀-ခန့် သာသနာပြုခဲ့

ဆရာတော်သည် ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းဂန်များနှင့်တကွ ပါဠိ, သက္ကတ, ဟိန္ဒီ, ဘင်္ဂါလီ ဘာသာစကားများကို ကောင်းစွာ တတ်ကျွမ်းတော်မူသည်။ သူသည် ၁၈၉၈-ခုနှစ်က **ဟိန္ဒီဘာသာဖြင့် ဓမ္မပဒဘာသာဋီကာ ကျမ်း**ကို ရေးသားထုတ်ဝေခဲ့၏။ ထို့ပြင် မင်္ဂလသုတ်, သိင်္ဂါလောဝါဒသုတ်,

သတိပဋ္ဌာနသုတ်, ဓမ္မစကြာသုတ်- စသည်တို့ကိုလည်း ဟိန္ဒီဘာသာဖြင့် ပြန်ဆိုပေးခဲ့၏။ စောစောပိုင်းက ဟိန္ဒီဘာသာဖြင့် ရေးသားသော ဗုဒ္ဓ-ဘာသာ ကျမ်းစာအုပ်များ အလွန်ရှားပါးခဲ့ရာ ဆရာတော်၏ စာအုပ်များမှာ အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အတွက် များစွာ အကျိုးရှိခဲ့လေသည်။

ဤသို့လျှင် အရှင်စန္ဒြမဏိသည် ဆယ်ကျော်သက်ရွယ် သာမဏေဘဝမှစ၍ မိဘဆွေမျိုးများနှင့် ခွဲခွါ၍ အိန္ဒိယသို့ သွားရောက် ပညာသင်ခဲ့သည်။ ရဟန်းဖြစ်သည်မှ ပျံလွန်တော်မူသည်အထိ နှစ်ပေါင်း ၇၀-ခန့်တိုင်အောင်လည်း အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဒေသ၌ အခြေချနေထိုင်လျက် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီးသည် သက်တော် ၉၇-နှစ်အထိ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူပြီး ၁၉၇၂-ခု၊ မေလ ၈-ရက်နေ့တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဒေသ၌ပင် ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော်ကြီး တည်ထောင်ပြုစုခဲ့သော ကုသိနာရုံကျောင်းတိုက်နှင့် သာသနာပြုလုပ်ငန်းများကို ယခုအခါ ဆရာတော်ကြီး၏တပည့် ဦးဉာဏိဿရ မထေရ်မြတ်က ဆက်ခံထိန်းသိမ်းလျက် ရှိပေသည်။

စစ်တွေခရိုင်၊ ကျေးရွာ ၁-ရွာတွင် မွေးဖွားသော ရခိုင်အမျိုးသားလေး သာပန်းဦး ဘဝမှသည် တိုင်းတပါး၌ မိမိဘဝတစ်ခုကို လုံးဝမြှုပ်နှံ၍ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်နိုင်သော ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိအဖြစ်သို့ ရောက်လာရခြင်းကား ဘာသာသွေးဓာတ်ခံ လွန်စွာကောင်းခဲ့ခြင်းကြောင့်သာ ဖြစ်သည်-ဟု ဆိုရပါတော့မည်။

**ဓမ္မာစရိယ-ဦးမောင်မောင်လေး၊ ၁၉၉၂-ခု၊ မတ်လ၊**

**ဘာသာသွေးမဂ္ဂဇင်း။**



၁၄-၂-၉၃ သာသနာပြုပွဲတော် အောင်မြင်သည့်အထိမ်းအမှတ်ဆုများ ပါရှိသော
မိုးပျံဘောလုံးများကို ဝန်ကြီးက လွှတ်တင်နေစဉ်

# ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရ၏
# သာသနာပြုလုပ်ငန်းများ

## ဆရာတော်ဦးစန္ဒိမဏိမှ စ၍

ဗုဒ္ဓရှင်တော်မြတ်သည် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၌ ပွင့်ပေါ်တော်မူခဲ့၏။ ထိုမဇ္ဈိမဒေသ၌ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အချိန်က ဗုဒ္ဓသာသနာ လွန်စွာ စည်ကားပြန့်ပွါးခဲ့၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ရာစုများစွာတိုင်အောင်လည်း ဗုဒ္ဓသာသနာသည် အိန္ဒိယ၌ တည်တံ့နေခဲ့သေး၏။ ထိုမှ နောက်ပိုင်းတွင်မူ ဘာသာတပါးတို့၏ လွှမ်းမိုးမှုကြောင့် အိန္ဒိယမှ ဗုဒ္ဓသာသနာ လုံးဝနီးပါး ပျောက်ကွယ်ခဲ့လေသည်။

ဗုဒ္ဓသာသနာသည် အိန္ဒိယ၌ နှစ်ပေါင်း ၁,၀၀၀-ခန့် တိမ်မြုပ်နေခဲ့ပြီး ၁၉-ရာစုနှစ်များအတွင်းသို့ ရောက်သောအခါ ပြန်လည်ပေါ်ထွန်းစပြုလာသည်။ ထိုသို့ ပေါ်ထွန်းစ ပြုလာခြင်းမှာ အိန္ဒိယအစိုးရ ရှေးဟောင်းကျောက်စာဌာနက ဗုဒ္ဓဂယာ, ရာဇဂြိုဟ်, မိဂဒါဝုန်- စသည့် ဗုဒ္ဓဝင်ဆိုင်ရာ

ဌာနများကို တူးဖော်လေ့လာမှုနှင့် ဆက်စပ်နေ၏။ ထိုဌာနများမှာ ဗုဒ္ဓနှင့် ပတ်သက်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အဦးတို့ကို တူးဖော်တွေ့ရှိသောအခါ သီရိလင်္ကာ, မြန်မာ, ထိုင်း, ဂျပန်- စသည့် ဗုဒ္ဓဘာသာနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များသည် ထိုဌာနများသို့ လာရောက်ဖူးမြင်ကြသည်။ အချို့သော ရဟန်းသံဃာတော်တို့သည် ထိုဌာနများ၌ အခြေချနေထိုင်လျက် ရှေးဟောင်း စေတီ,ပုထိုးများကို စောင့်ရှောက်ပူဇော်ခြင်း၊ တရားဘာဝနာ ပွဲများခြင်း- စသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံမှ မဇ္ဈိမဒေသ၌ အခြေချနေထိုင်လျက် သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များတွင် **ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိနှင့် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမတို့သည်** ရှေ့ဆုံးမှ ပါဝင်ခဲ့ကြ၏။ ထိုဆရာတော် ၂-ပါးလုံးသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သားများ ဖြစ်ကြ၏။ ဦးကိတ္တိမသည် ဆရာတော် ဦးစန္ဒြမဏိ၏ တူတော်သူ ဖြစ်၍ ဦးရီးတော်၏ ခေါ်ယူတာဝန်ပေးမှုအရ သာသနာပြုပုဂ္ဂိုလ် ၁-ပါး ဖြစ်လာရခြင်း ဖြစ်ပေသည်။

ဆရာတော် ဦးစန္ဒြမဏိသည် အိန္ဒိနိုင်ငံ၊ ယူပီခေါ် ဥတ္တရပဒေသ ပြည်နယ်၊ ဒေဝရိယာခရိုင်အတွင်းရှိ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဒေသ၌ နေထိုင်လျက် ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေး လုပ်ငန်းများကို နှစ်ပေါင်း ၇၀-နီးပါးမျှ ဆောင်ရွက်တော်မူခဲ့၏။ ဆောင်ရွက်တော်မူသည်နှင့်အမျှလည်း အောင်မြင်မှု များစွာရရှိခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသားတို့၏ ယုံကြည်လေးစားခြင်းကို အထူးခံယူခဲ့ရသည်။ ဆရာတော်ကြီးသည် သက်တော် ၉၇-နှစ်အထိ သာသနာ့တာဝန်ကို ဆောင်ရွက်တော်မူပြီး ၁၉၇၂-ခုနှစ်၊ မေလ ၈-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

## အသုဘမှ သုဘ ဖြစ်သွားခြင်း

ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ဒေသခံ တိုင်းရင်းသားများသည် ဆရာတော်ကြီးအပေါ် မည်မျှလောက်အထိ ကြည်ညိုလေးစားခြင်း ရှိခဲ့ကြသည်-ဟူသော အချက်မှာ ပို၍ ပေါ်လွင်လာ၏။ အများအားဖြင့် အိန္ဒိယနိုင်ငံသားတို့သည် သေလွန်သွားသူ၏ ရုပ်အလောင်းကို မင်္ဂလာမရှိသော 'အသုဘ'ဟု ယူဆကြသည်။ ထိုရုပ်အလောင်းကို မိမိတို့ အနီးပတ်ဝန်းကျင်၌ မတွေ့လို, မမြင်လိုကြချေ။ သို့သော် ဆရာတော် ဦးစန္ဒိမဏိ ပျံလွန်တော်မူသောအခါ၌ အနီးပတ်ဝန်းကျင်ရှိ မြို့,ရွာ,ရပ်ကွက်တို့မှ ဒေသခံတိုင်းရင်းသား များစွာတို့သည် ဆရာတော်၏အလောင်းကို လာရောက်ဖူးမြင်ကြ၏။ ထိုမျှမက ဆရာတော်၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ခြင်း မပြုမီ မိမိတို့ရပ်ကွက်, မိမိတို့အိမ် အသီးသီးသို့ လှည့်လည်ပင့်ဆောင်ပြီး အပူဇော်ခံရန်ပင် အလုအယက် တောင်းဆိုခဲ့ကြသည်။ ဈာပနကော်မတီမှာ တောင်းဆိုသူတိုင်း၏ဆန္ဒကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ဘဲ တောင်းတောင်းပန်ပန်ဖြင့် ဈာပနပွဲကို ကျင်းပခဲ့ရသည်။ ဆရာတော်ရုပ်အလောင်းကား ထိုဒေသခံ တိုင်းရင်းသားများအဖို့ 'အသုဘ' မဟုတ်ဘဲ 'သုဘ' ဖြစ်သွားခဲ့လေသည်။

## စစ်တွေသား မောင်အောင်ဇံဝေ

ဆရာတော် ဦးစန္ဒိမဏိသည် မိမိ၏ သာသနာပြုလုပ်ငန်းများကို မိမိ အသက်ထင်ရှားရှိနေစဉ်၌သာမက မိမိ မရှိတော့သည့်နောက်ပိုင်း၌လည်း ဆက်လက်တည်တံ့စေရန် မျှော်မှန်းတော်မူခဲ့၏။ ထိုမျှော်မှန်းချက်အရ မိမိ၏လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆက်ခံဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ် ၁-ပါးကိုလည်း ခပ်စောစောပိုင်းကပင် ကြိုတင်၍ ခေါ်ယူလေ့ကျင့်ပေးထားခဲ့၏။ ထိုပုဂ္ဂိုလ်ကား ယခုလက်ရှိ ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရပင် ဖြစ်လေသည်။

ဆရာတော် အရှင်ဉာဏိဿရသည်လည်း ရခိုင်ပြည်နယ်၊ စစ်တွေ သားပင် ဖြစ်၏။ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ **ဇီးပင်ကြီးရွာနေ ဦးမောင်ကျော်သူ, ဒေါ်ဝင်းမြဦးတို့မှ** မြန်မာသက္ကရာဇ် ၁၂၉၈-ခု၊ တန်ဆောင်မုန်း လဆုတ်၊ ၁၃-ရက် (၁၃-၁၁-၁၉၃၆)၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပြီး ငယ်မည် **မောင်အောင်ဇံဝေ**-ဟု ခေါ်တွင်ခဲ့၏။

မောင်အောင်ဇံဝေသည် အသက် ၅-နှစ်အရွယ်မှ စ၍ ဇီးပင်ကြီး ကျောင်းဆရာတော် **ဦးစန္ဒောဘာသ**ထံ၌ သင်ပုန်းကြီး မင်္ဂလသုတ်-စသည့် အခြေခံပညာများကို သင်ကြားခဲ့၏။ ၁၄-နှစ်အရွယ်တွင် ဦးစန္ဒောဘာသ ထံ၌ပင် ရှင်သာမဏေဘဝသို့ ရောက်ခဲ့ပြီး ရှင်ဉာဏိဿရ-ဟူသော ဘွဲ့ဖြင့် စစ်တွေမြို့၊ စက်ကဲတော်မင်းကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ ပိဋကတ် အခြေခံကျမ်းများကို လေ့လာခဲ့၏။ အသက် ၁၆-နှစ်အရွယ်သို့ ရောက်သောအခါတွင်မူ ရန်ကုန်မြို့၊ မင်္ဂလာရာမကျောင်းတိုက်သို့ ရောက်လာပြီး ပညာရေးကို ဆက်လက်အားထုတ်ခဲ့၏။ ရှင်ဉာဏိဿရသည် ထက်မြက်သော ပင်ကိုယ်ဉာဏ်နှင့် ခိုင်မြဲသော ဝီရိယတို့ကြောင့် ရှင်သာမဏေ စာပြန်ပွဲ ငယ်,လတ်,ကြီးတန်းများ၊ ဘုရားဖြူ ဝိနယာနုဂ္ဂဟစာပြန်ပွဲ အငယ်တန်းနှင့် အလယ်တန်း, အစိုးရ ပထမပြန်စာမေးပွဲ အငယ်တန်းနှင့် အလတ်တန်းတို့ကို သာမဏေဘဝဖြင့်ပင် အောင်မြင်ခဲ့လေသည်။

## သာမဏေ ရှင်ဉာဏိဿရ

ကိုရင် ရှင်ဉာဏိဿရသည် သက်တော် ၂၀-ပြည့်သောအခါ ရန်ကုန်မြို့၊ ၄၂-လမ်း၊ 'ဒေါ်ငွေကျင်နှင့် သားများကုမ္ပဏီ' ပိုင်ရှင် **ဦးဘဆိုင်၊ ဒေါ်ငွေကျင်**တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်္ဂလာရာမကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းဘဝသို့ တက်လှမ်းခဲ့သည်။ ဥပဇ္ဈာယ်ဆရာကား ငယ်ဆရာရင်းဖြစ်သော ဇီးပင်ကြီးကျောင်းဆရာတော် ဦးစန္ဒောဘာသပင် ဖြစ်ပေသည်။

ရဟန်းတော် အရှင်ဉာဏိဿရသည် မင်္ဂလာရာမကျောင်းတိုက်မှာပင် ဆက်လက်နေထိုင်လျက် အစိုးရပထမကြီးတန်းကို ဖြေဆိုအောင်မြင်ပြီး ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို ဆက်လက်သင်ယူနေခဲ့၏။ ထို့ပြင် တဖက်မှလည်း ပုဇွန်တောင်၊ ပေတောကုန်း၊ ဦးနန္ဒ အလွတ်ပညာသင်ကျောင်းသို့ တက်ရောက်ကာ အတန်းကျောင်း ပညာများကို လေ့လာဆည်းပူးနေခဲ့၏။

## အိန္ဒိယသို့ ရောက်ခဲ့ရပုံ

ထိုသို့လေ့လာဆည်းပူးနေစဉ် အိန္ဒိယမှ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိနှင့် ဗာရာဏသီဆရာတော် ဦးကိတ္တိမတို့က အရှင်ဉာဏိဿရကို အိန္ဒိယသို့ လာရန် ခေါ်ယူကြသည်။ သို့အားဖြင့် အရှင်ဉာဏိဿရသည် ၁၉၆၃-ခု၊ ဩဂုတ်လ ၁-ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ဆိုက်ရောက်လာခဲ့လေသည်။

ကုသိနာရုံဆရာတော်နှင့် ဗာရာဏသီဆရာတော်တို့သည် မိမိတို့ထံ ရောက်ရှိလာသည့် အရှင်ဉာဏိဿရအား အိန္ဒိယ၌ သာသနာပြုမည့် ပုဂ္ဂိုလ် ၁-ပါးအတွက် အထူးလိုအပ်သော ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန် စီစဉ်ညွှန်ကြားပေးတော်မူကြသည်။ ဆရာတော်များ၏ ညွှန်ကြားချက်ဖြင့် အရှင်ဉာဏိဿရသည် ဟိန္ဒီ, သက္ကတနှင့် အင်္ဂလိပ်ဘာသာစာပေတို့ကို ဆည်းပူးအားထုတ်ခဲ့သည်။ အထူးအားဖြင့် ဟိန္ဒီနှင့် သက္ကတတို့သည် ပိဋကတ်, ပါဠိစာပေနှင့် ဆက်နွယ်မှုရှိသော ဘာသာစကားများဖြစ်ပေရာ ထိုဘာသာများ၌ ကျွမ်းကျင်သည်နှင့်အမျှ အရှင်ဉာဏိဿရ၏ ပိဋကတ်ဉာဏ်အမြင်သည်လည်း ပို၍,ပို၍ ထက်မြက်ကျယ်ပြန့်လာခဲ့ပေသည်။

## ရရှိခဲ့သော ဘွဲ့ဒီဂရီများ

ခေတ်မီပညာရပ်များကို ထက်သန်သော ဆန္ဒဖြင့် လေ့လာဆည်းပူးခဲ့သော အရှင်ဉာဏိဿရသည်-

- ၁၉၆၈-ခုနှစ်တွင် ၁၀-တန်း
- ၁၉၇၀-ပြည့်နှစ်တွင် ၁၂-တန်း
- ၁၉၇၃-ခုနှစ်တွင် (B.A.) စာမေးပွဲများကို အသီးသီး အောင်မြင်ခဲ့၏။ ထို့နောက် အထူးပြု ဘာသာရပ်များဖြင့် ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်ခဲ့ရာ-
- ၁၉၇၅-ခုနှစ်တွင် M.A., History
- ၁၉၇၈-ခုနှစ်တွင် M.A., Pali -တို့ကို အောင်မြင်ခဲ့သည့်ပြင်
- ၁၉၇၅-ခုနှစ်တွင် တိဘက်ဘာသာ ဒီပလိုမာတန်းတွင် ဂေါရခ်ပူရ် တက္ကသိုလ်တစ်ခုလုံး၌ ပထမရ၍ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

အိန္ဒိယနိုင်ငံလို လူမျိုးခြား, ဘာသာခြား များစွာတို့အလယ်၌ သာသနာပြု ပုဂ္ဂိုလ် ၁-ပါးအဖြစ်ဖြင့် မားမားမတ်မတ် ရပ်တည်ရေးကား မလွယ်လှချေ။ အလွန်ပင် ရှုပ်ထွေးခက်ခဲလှပေ၏။ ဘာသာစုံ, ပညာရပ်စုံ တတ်မြောက်ထားပါမှ တော်ရုံကျ၏။ ထို့ကြောင့် အရှင်ဉာဏိဿရသည် အထက်ပါ ဘာသာရပ်များအပြင် အိန္ဒိယတိုင်းရင်းဆေးပညာကိုလည်း **အာယုဗ္ဗေဒဒီဂရီ** ရသည်အထိ သင်ယူခဲ့၏။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိသည် ၁၉၇၂-ခုနှစ်တွင် သက်တော် ၉၀-ကျော်အရွယ်သို့ ရောက်၍ ပျံလွန်တော်မူခဲ့၏။ ထိုအခါ နှစ်ပေါင်းများစွာမှ စ၍ ဆရာတော်ကြီး ပျိုးထောင်တည်ဆောက်ခဲ့သော ကုသိနာရုံကျောင်းနှင့် သာသနာပြုလုပ်ငန်းများကို ဆက်ခံထိန်းသိမ်းရန် တာဝန်သည် အရှင်ဉာဏိဿရ၏ ပခုံးပေါ်သို့ လုံးဝကျရောက်လာ၏။

သို့ရာတွင် ထိုတာဝန်ကို ဆက်ခံရေးတွင် အရှင်ဉာဏိဿရအဖို့ အလုံးစုံ လွယ်ကူချောမောခြင်း မရှိခဲ့။ ပြဿနာ အရှုပ်အထွေးများစွာတို့နှင့် ရင်ဆိုင်ခဲ့ရ၏။ တိုင်းရင်းသား ဘာသာခြားအချို့တို့သည် မိမိတို့ ဒေသသို့ လာရောက်၍ ထူးခြားအောင်မြင်စွာ သာသနာပြုနေသော ဗုဒ္ဓဘာသာ ရဟန်းတော် ၁-ပါးအား များစွာ မနာလိုမရှုစိမ့် ရှိနေခဲ့ကြသည်။ ထို့ကြောင့် အပြင်မှ နေ၍လည်းကောင်း အတွင်းသို့ စိမ့်ဝင်၍လည်းကောင်း ဆရာတော်၏ လုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးရန် ကြိုးစားအားထုတ်ခဲ့ကြသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသောအခါတွင်မူ ဆရာတော်ကြီး၏ အမွေအနှစ်ဖြစ်သော ကျောင်းကန်, ဝတ္တကမြေအရပ်ရပ်ကို အပိုင်စီးရန် ထိုသူတို့က နည်းအမျိုးမျိုးဖြင့် ကြိုးစားလာကြသည်။ အမွေဆက်ခံသူ တိုင်းတပါးသားဖြစ်သော အရှင်ဉာဏိဿရအား ဥပဒေပုဒ်မ အမျိုးမျိုး တပ်ကာ တရားစွဲဆိုကြသည်။

အရှင်ဉာဏိဿရသည် ထိုသူတို့၏ တရားစွဲဆိုမှုများကို ဖြေရှင်းရန် တရားရုံးများသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ရသည်။ မိမိကိုယ်တိုင်က သူတို့နိုင်ငံ၏ တရားဥပဒေနှင့် ကျင့်ထုံးများကို မကျွမ်းကျင်လှသေးသောကြောင့် ရှေ့နေ,ရှေ့ရပ်များ၊ တရားရုံး အမှုထမ်းများ၏ လှည့်ဖြားမှုတို့ကို များစွာ ခံခဲ့ရသည်။ ထို့ကြောင့် အရှင်ဉာဏိဿရသည် အိန္ဒိယ တရားဥပဒေများကို ကျွမ်းကျင်အောင် သင်ယူလေ့လာပြီး ဥပဒေစာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ရာ L.L.B, ဘွဲ့ကို ရရှိခဲ့လေသည်။

## သာသနာပြုလုပ်ငန်းများ


ဆရာတော် အရှင်ဉာဏိဿရသည် ဦးစန္ဒိမဏိ ဆရာတော်ကြီး ပျံလွန်တော်မူသွားသောအချိန်မှ စ၍ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့သည့် ဦးစန္ဒိမဏိ အခမဲ့မူလတန်းကျောင်း, မဟာဝီရ အလယ်တန်း

ကျောင်း, မာလတီပန်ဒေး မိန်းကလေး အထက်တန်းကျောင်း, ဗုဒ္ဓဒီဂရီ ကောလိပ်-စသည်တို့ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ အသက်မွေးပညာသင်ဌာနများဖြစ်သည့် **ဘဂျကရိုက်ယာရွာ**၊ ကော်ဇောရက် သင်တန်းကျောင်း, ကုသိနာရုံ၊ ကောဇောရက် သင်တန်းကျောင်းတို့ကိုလည်း ဆက်လက်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ဆရာတော်သည် ဗီဟာပြည်နယ်၊ ဆီဝန်းခရိုင်၌လည်း မူလတန်း ဆရာဖြစ်သင်ကျောင်း, (B.Ed.) ဆရာဖြစ်သင် ကောလိပ်များ ဖွင့်ပေးခဲ့ပြီး ဆင်းရဲနွမ်းပါးသော ကျောင်းသူ, ကျောင်းသားတို့အား တက္ကသိုလ်ထိ ဆက်လက်ပညာသင်နိုင်ရန် ထောက်ပံ့ကြေးများလည်း ချီးမြှင့်ခဲ့လေသည်။

## ဗုဒ္ဓဘာသာသို့ သိမ်းသွင်းနိုင်ခဲ့ပုံ

ဆရာတော် အရှင်ဉာဏိဿရသည် ဟိန္ဒီဘာသာကို ထူးချွန်စွာ တတ်မြောက်၍ မိခင်ဘာသာနှင့်မခြား ရေးသားပြောဆိုနိုင်၏။ ထို့ကြောင့် ဒေသခံတိုင်းရင်းသားတို့၏ လူမှုရေးပြဿနာများကိုပင် ဖြေရှင်းပေးနိုင်ခဲ့၏။ ထို့ပြင် ဒေသခံများစွာကို ဗုဒ္ဓဘာသာသို့ ဝင်လာအောင်လည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့၏။ ၁၉၆၅-ခုနှစ်တွင် ဂေါရခ်ပူရ်ခရိုင်မှ လူပေါင်း-၃၅၀၊ ၁၉၈၂-ခုနှစ်တွင် ကန်ပူရ်နယ်မှ လူပေါင်း ၂၀,၀၀၀-တို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့ကြရာ ထိုကူးပြောင်းမှုများတွင် အရှင်ဉာဏိဿရ၏ အားထုတ်မှု များစွာပါဝင်ခဲ့၏။ အလားတူ အခြားပြည်နယ်တို့မှ လူထောင်ပေါင်းများစွာတို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင်လည်း အရှင်ဉာဏိ-ဿရ-က ဦးစီးဆောင်ရွက်ပေးခဲ့၏။

အရှင်ဉာဏိဿရသည် ၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉-ရက်နေ့တွင် ကုသိနာရုံ၌ ဆရာတော်ဦးစန္ဒြမဏိ ကျောက်ရုပ်တုတော် ဖွင့်ပွဲနှင့် ၈-ပြည်နယ် သာသနာအစည်းအဝေးကြီးကို စည်းကားစွာ ကျင်းပခဲ့၏။ ၁၉၈၃-ခုနှစ်တွင် ‘အာဂရာ’မြို့၌ အရှင်ဉာဏိဿရ ကြီးမှူးလျက် ကုသိနာရုံ



ဘုရားပွဲတော်ကြီး ၁-ခု ကျင်းပခဲ့ရာ ထိုဘုရားပွဲတော်သို့ နယူးဒေလီမှ အိန္ဒိယအစိုးရ အဖွဲ့ဝင်များနှင့် နိုင်ငံခြား သံအမတ်များပါ တက်ရောက်ခဲ့ကြ၏။ ထို့ပြင် အရှင်ဉာဏိဿရသည် နီပေါနိုင်ငံ၌လည်း ဆရာတော်ဦးစန္ဒြမဏိ အထိမ်းအမှတ်အဖြစ်ဖြင့် မြန်မာကထိန်ပွဲကို ၁၉၇၉-ခုနှစ်က စည်ကားစွာ ကျင်းပပေးခဲ့၏။

## တိုးချဲ့မည့် အစီအစဉ်

ယခုအခါ သက်တော် ၅၇-နှစ်၊ ဝါတော် ၃၇-ဝါမျှသာ ရှိသေးသော ဆရာတော် အရှင်ဉာဏိဿရသည် ကုသိနာရုံကျောင်း၌ သီတင်းသုံးလျက် သာသနာပြုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေပါသည်။

ကုသိနာရုံ မြန်မာဘုန်းကြီးကျောင်းမှာ မြန်မာနိုင်ငံမှ သွားသော ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့တို့၏ တည်းခိုရာစခန်း ၁-ခု ဖြစ်ပါသည်။ ဆရာတော်သည် လာသမျှသော ဘုရားဖူးအဖွဲ့တို့အား လိုအပ်သမျှ အကူအညီပေးပြီး ချမ်းသာစွာ တည်းခိုခွင့် ပြုခဲ့ပါသည်။ သာသနာ ပြန့်ပွါးရေးအတွက် ဘုရားဖူး အဖွဲ့များက ပေးပို့လှူဒါန်းခဲ့သော ဘုရားရုပ်ပွါးတော်များကိုလည်း အိန္ဒိယ နိုင်ငံ၊ ပြည်နယ်အသီးသီးမှ ကိုးကွယ်ပူဇော်ရန် တောင်းဆိုသော မြို့များကို ထပ်ဆင့် လှူဒါန်းပေးခဲ့ပါသည်။

ဆရာတော်သည် ၁၉၉၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ ၁၅-ရက်နေ့ တွင် မြန်မာနိုင်ငံသို့ ခေတ္တကြွလာပြီး မေလ ၁-ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ပြန်ကြွသွားပါသည်။ ဆရာတော်သည် မြန်မာနိုင်ငံ၌ ရှိနေစဉ် ၂၈-နှစ်ကြာ မိမိ၏ အိန္ဒိယအတွေ့အကြုံများကိုလည်းကောင်း ရှေ့တွင် တိုးချဲ့ဆောင် ရွက်မည့် သာသနာပြုအစီအစဉ်များကိုလည်းကောင်း ဒါယကာ,ဒါယိကာမ တို့အား ထုတ်ဖော်မိန့်ကြားသွားပါသည်။

ဆရာတော် တိုးချဲ့ဆောင်ရွက်မည့် သာသနာပြု အစီအစဉ်များ တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဒေသ၌ ရွှေတိဂုံပုံတော် စေတီ ၁-ဆူနှင့် ယင်းစေတီ၏ လိုဏ်အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူဟန် လျောင်းတော်မူ ရုပ်ပွါးတော်ကြီး ၁-ဆူ တည်ထားပူဇော်ရန်, ကျားကူးဓမ္မ ဗိမာန်ပုံစံ ၂-ထပ်ကျောင်း ဓမ္မဗိမာန်ကြီး ၁-ဆောင် တည်ဆောက်ရန်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် စေတနာရှင်တို့သည် ကုသိနာရုံ ဆရာတော် အရှင်ဉာဏိဿရ၏ သာသနာပြုလုပ်ငန်းများ၌ သဒ္ဓါထက် သန်စွာ ကုသိုလ်ပါဝင်နိုင်ကြလိမ့်မည်-ဟု မျှော်လင့်ပါသည်။

**မောင်မင်းဝေ**

**၁၉၉၀-ခု၊ ဇူလိုင်၊**

**မြတ်ပန်းဝေမဂ္ဂဇင်း။**

# ကုသိနာရုံလမ်းညွှန်

မြတ်စွာဘုရား ပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံအတွင်းရှိ သံဝေဇနိယ ၄-ဌာနတို့တွင် ၁-ခုအပါအဝင်ဖြစ်သော ကုသိနာရုံ (Kushinagar) သို့ လာရောက်လိုသော ပုဂ္ဂိုလ်များသည်–

(၁) **ကလကတ္တားမြို့မှတဆင့် လာလိုပါက** ဟောင်ရာဘူတာမှ ကုသိနာရုံ၏ ခရိုင်မြို့ဖြစ်သော ဒေဝရိယာ (Deoria)သို့ တိုက်ရိုက်မီးရထား စီးရပါသည်။ ဒေဝရိယာဘူတာသို့ ရောက်သောအခါ ယင်းမှ ၃၄-ကီလိုမီတာ ဝေးသော ကုသိနာရုံသို့ ဘတ်စ်ကားဖြင့် ဖြစ်စေ, တက္ကစီကားဖြင့် ဖြစ်စေ ခရီးဆက်နိုင်ပါသည်။ ဘတ်စ်ကား စီးလိုလျှင် လမ်းမှဖြတ်၍လည်း စီးနိုင်သည်။ သို့မဟုတ် ရိချား (ဆိုက်ကားနှင့် တူသော သုံးဘီးယာဉ် တစ်မျိုး)ဖြင့် ဘတ်စ်ကားဆိပ်သို့ သွား၍လည်း စီးနိုင်ပါသည်။ ရိချားခ ၄-ရူပီး၊ ဘတ်စ်ကားခ ၇-ရူပီး ပေးရပါသည်။

ကလကတ္တားမှ ဒေဝရိယာသို့ နေ့စဉ် မီးရထား ၃-စင်းခန့် ရှိပါသည်။

(၂) **ဘုံဘေမှ ကုသိနာရုံသို့ လာလိုပါက** ဘုံဘေဘူတာကြီးမှ ကုဆိနဂရ် အမြန်ရထား (Kushinagar Express) ရထားကို စီးလာပြီး ဂေါရခ်ပူရ်ဘူတာ၌ ဆင်းရပါသည်။ ဘူတာမှ ၂-ရူပီး ပေး၍ ရိချားစီးကာ စတေရှင် ဘတ်စ်ကားဆိပ်သို့ သွားရပါသည်။ ဘတ်စ်ကားဆိပ်တွင် တောင်ဖက်ပေါက်မှ ဝင်သွားပါက ကုသိနာရုံသို့ သွားသော ဘတ်စ်ကား

များကို တွေ့ရပါလိမ့်မည်။ ကာဆီယား၊ ပဒရောက်နာ၊ တမ္ဗကူဟီ၊ ဆီဝပူရ် သို့သွားသော ဘတ်စ်ကားများကိုလည်း တွေ့ရပါလိမ့်မည်။ ထိုဘတ်စ်ကား များကို စီးလာပြီး ကုသိနာရုံ လမ်းဆုံအနီးရှိ ထိုင်တော်မူ ရုပ်ပွါးတော်ရှေ့၌ ဆင်းရပါမည်။ ထိုနေရာမှ တောင်ဖက်သို့ ၅-မိနစ်ခန့် လျှောက်လာလျှင် ကုသိနာရုံ မြန်မာကျောင်းသို့ ရောက်ပါလိမ့်မည်။ သယ်စရာ ပစ္စည်းများ ပါရှိပါမူ ရိချားကို ၂-ရူပီးပေး၍ စီးလာနိုင်ပါသည်။

(၃) **နယူးဒေလီမြို့မှ ကုသိနာရုံသို့ လာလိုလျှင်** နယူးဒေလီမှ ဂေါရခ်ပူရ်သို့ သွားသော မီးရထားကို စီးရပါသည်။ ထိုမီးရထားကို စီးရာ တွင် ပထမတန်းလက်မှတ်နှင့် ဒုတိယတန်းလက်မှတ်များကို ကြိုတင် ဝယ်ယူနိုင်ပါသည်။ သို့သော်လည်း ဒုတိယတန်းမှ စီးနင်းသူများအဖို့ တခါ တခါ အဆင်မပြေမှုများ ဖြစ်တတ်ပါသည်။ အကြောင်းမှာ လူဦးရေများ သော အိန္ဒိယနိုင်ငံ၌ ရိုးရိုးတန်းလက်မှတ် ဝယ်ယူထားသော ခရီးသည်များ ကလည်း ဒုတိယတန်းထိုင်ခုံများ၌ ဝင်ရောက်၍ ထိုင်တတ်ကြသော ကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ထိုခရီးသည်များသည် စောစောပိုင်းတွင် သာ ဒုတိယတန်းထိုင်ခုံများ၌ ထိုင်နေတတ်ကြပြီး ည ၉-နာရီကျော်၊ ၁၀- နာရီ အိပ်ချိန်သို့ ရောက်သောအခါ နေရာဖယ်ပေးလေ့ ရှိကြပါသည်။ ဂေါရခ်ပူရ်ဘူတာသို့ ရောက်သောအခါ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဘတ်စ်ကားဖြင့် ၅၁-ကီလိုမီတာဝေးသော ကုသိနာရုံသို့ လွယ်ကူစွာ ခရီး ဆက်နိုင်ပါသည်။

(၄) **နီပေါနိုင်ငံ၊ ကတ္တမန္ဒုမြို့မှ ကုသိနာရုံသို့ လာလိုလျှင်** အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ နယ်စပ်အနီးရှိ မြတ်စွာဘုရား မွေးဖွားတော် မူခဲ့ရာ လုမ္ဗိနီအရပ်ကို လေ့လာဖူးမြင်ပြီး ဘိုဟ်ရ်ဟဝါ (သိဒ္ဓတ္ထနဂရ်)မှ နယ်စပ်မြို့ ဆိုနောက်လီသို့ ဘတ်စ်ကား စီးရပါသည်။ ဆိုနောက်လီတွင် ပတ်စ်ပို့ စစ်ဆေးခံပြီး ဂေါရခ်ပူရ်သို့ ဘတ်စ်ကား ဆက်စီးရပါသည်။ ဂေါရခ်ပူရ်မှ ကုသိနာရုံသို့လည်း အထက်ဖော်ပြပါ နည်းအတိုင်း လွယ်ကူစွာ ခရီးဆက်နိုင်ပါသည်။

## ဆယ်စုနှစ် ၄-ပြန်အလွန် မွေးရပ်ဌာန်သို့ ပြန်ရောက်စဉ်

### ဇီးပင်ကြီးရွာလို့ ခေါ်သည်

"ဆရာတော် မနက်ဖြန် ဘယ်လိုအစီအစဉ် ရှိပါသလဲဘုရား?"

"မနက်ဖြန်မနက် ကျိန်းတောင်ရှင်ဘုရားကို တက်ဖူးမယ်၊ ဟိုက အပြန် ညနေ ၂-နာရီခန့် ဇီးပင်ကြီးဘက် ကူးမယ်,"

"ဆရာတော်ဘုရား၊ ဇီးပင်ကြီးကို သွားရန် အစီစဉ် မပါပါဘုရား!"

"ဟာ! ဘယ်လိုပြောလိုက်တာလဲ ဒကာရယ်၊ နှစ်ပေါင်း ၄၀-ကျော် က ခွဲခွါလာခဲ့တဲ့ မွေးရပ်ရွာကလေး ခုတစ်ခါ နှစ် ၄၀-ကျော်မှ ရောက်လာခဲ့ တာ၊ ကိုယ့်မိဘဆွေမျိုးများနှင့်တော့ တွေ့ချင်တာပေါ့!"

"မဖြစ်နိုင်လို့ပါဘုရား၊ နိုင်ငံတော်အစီအစဉ်မှာ ဇီးပင်ကြီးသွားဖို့ မပါလို့ပါဘုရား၊ သည်းခံတော်မူပါဘုရား!"

"သွားချင်တယ်၊ ဘာကြောင့် မသွားရတာလဲဟင်!"

"အို ဇီးပင်ကြီး၊ ဇီးပင်ကြီး" တစ်ချိန်က နယ်မြို့၊ စစ်တွေနှင့် မြန်မာပြည်တွင်မက တစ်ကမ္ဘာလုံးက ဒီရွာကလေးကို သိကြသည်။ ဒီရွာ ကလေးမှာ **ကျားကြီးမ**-ဆိုလျှင် လူတိုင်းက သိသည်။ ကျားကြီးမတွင် လယ် ဧက ၅၀၀-ကျော် ရှိခဲ့သည်။ အလှူဒါနက အမြဲလုပ်ခဲ့သည်။ ရွာတွင် ဆရာတော် သီတင်းသုံးသော ကျောင်း, သိမ်ကျောင်း, စကြံလျှောက်နိုင်ရန်

သွပ်မိုးစကြံကိုပါ လုပ်၍ လှူထားခဲ့သည်။ ပထမဆရာတော် ဦးစန္ဒော-ဘာသ (ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြင်းမကုန်းရွာသားဆရာတော်)ကို အိန္ဒိယတွင် ပညာသင်ကြားနိုင်ရန် ဒီရွာကလေးမှပင် စရိတ်စက ထောက်ပံ့ပေးပြီး အဆင်ပြေစွာ ပညာသင်ကြားစေခဲ့သည်။ ဆရာတော် အသက်ထက်ဆုံး မြန်မာပြည်မှ လာရောက်ပြီး ဤတောရွာကလေးတွင် နေထိုင်ကာ တရားဓမ္မ ဟောပြောပြသခဲ့ဖူးပါသည်။ ဆရာတော် ဦးစန္ဒောဘာသနှင့် ကမ္ဘာကျော် သာသနာပြုဆရာတော် ဦးစန္ဒြမဏိ ဆရာတော် သီတင်းသုံး နေထိုင်ရန် မိဂဒါဝုန်၊ ဗာရာဏသီမြို့၌ မြေဝယ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လှူဒါန်းခဲ့သည်။ ထိုကျောင်းမှ နေ၍ သာသနာပြုနိုင်အောင် အရည်အချင်းရှိအောင် ဟိန္ဒီ၊ သက္ကဋ-စသော ဘာသာခြားများကို သင်ကြားပေးနိုင်ခဲ့သည်။ ဤဇီးပင်ကြီးရွာကလေးမှ ပုဂ္ဂိုလ်အကျော်အမော် ရဟန်းတော်များနှင့် ဗေဒင်ဆရာ, သမားတော်ကောင်းများ ပေါ်ထွက်ဖူးခဲ့သည်။ အရာရှိ, အရာခံပုဂ္ဂိုလ်များ မွေးထုတ်နိုင်ခဲ့သည်။

ဆရာတော်ဦးဉာဏိဿရသည် ရခိုင်ခရီး ၈-ရက်တာမျှ ရခဲ့စဉ်က ဒကာတော် ဦးကျော်မင်း အစီစဉ်အရ စစ်တွေ ၁-ရက်, ကျောက်တော် ၂-ရက်, မြို့ဟောင်း ၂-ရက်, မင်းပြား ၁-ရက်, အပြန်တွင် စစ်တွေ ၂-ရက်။ အချိန်ဇယား ဆွဲစဉ်ကလည်း ဒကာတော် ဦးကျော်မင်းအား ပြောဖူးခဲ့သည်။

"ဒကာကြီး၊ မင်းပြားအစီအစဉ် ၁-ရက်ထဲတဲ့၊ ဇီးပင်ကြီး အစီအစဉ်လဲ မပါပါကလား?"

"ဆရာတော် အစီအစဉ်ဆိုတာ ကိုယ်လုပ်ရင် ရတာပါပဲ ဘုရား"ဟု အဖြေရရှိခဲ့သဖြင့် နှစ်သိမ့်ခဲ့မိသည်။ စစ်တွေမှ ထွက်၍ ကျောက်တော် ၁-ရက်နှင့် မြို့ဟောင်းတွင် ၁-ရက် တည်းခိုပြီး ထိုမှ မင်းပြားသို့ ခရီးဆက်ခဲ့သည်။ စိတ်တထိတ်ထိတ်နှင့် မင်းပြား ရောက်တော့မည် ရောက်တော့မည်-ဟု စိတ်စောနေခဲ့မိသည်။ မြောင်းဘွယ်ရောက်တော့ စီစဉ်သူများက ခရီး

ခဏရပ်ထားရန် ပြောကြသည်။ စာရေးသူမှာတော့ လူက နောက်က စိတ်က တော့ မင်းပြား ရောက်နေမိသည်။ **“ကျိန်းတောင်ရှင်ဘုရား** ဖူးမည်၊ **မျက်မှောင်တော်ဘုရား** ဖူးမည်၊ ကိုယ့်ဆွေမျိုးများနှင့် တွေ့ရတော့မည်”ဟု စိတ်ထဲမှာ တသသနှင့် နေမိသည်။ သို့သော် ထွက်ခွင့် မရခဲ့၊ မြောင်းဘွယ်တွင် ခဏတည်းခိုနေခဲ့ရသည်။ အကြောင်းကား မင်းပြားမြို့တွင် ပထမပြန် စာမေးပွဲ ကျင်းပနေမှုကြောင့် ဖြစ်သည်။ မင်းပြားနှင့် မြောင်းဘွယ်မှာ အလွန်ဆုံး ဝေးလျှင် 6-K.M.ခန့် ရှိမည် ထင်ရသည်။ လမ်းကောင်းရင် တော့ နာရီဝက်သာသာ ခရီးမျှသာ ဖြစ်သည်။

ထိုးပြီ၊ ထိုးပြီ၊ ၃-နာရီထိုးပြီ။ “ကဲ အဆင်သင့် လုပ်ကြပါဦး” တဖက်မှာလည်း အသံချဲ့စက်နှင့် အော်နေသည်။ မြောင်းဘွယ်မှ မင်းပြားသို့ သွားသော လမ်းခရီးတွင် မြစ်ကလေး ၁-မြစ်တွင် ထိုးထားသော တံတားမှာ ကျိုးနေပါသည်။ လှေဖြင့် ကူးရပါသည်။ ရန်ကုန်မှ လိုက်ပါလာခဲ့ကြသော ဒကာ, ဒကာမများနှင့် ဆရာတော်တို့ အဆင်သင့် ဖြစ်ကြပါပြီ။ လှေဖြင့် ကူးကြပါသည်။ မင်းပြားဘက်ကမ်းမှ ဂျစ်ကား ၇-စီး ကြိုနေပါသည်။ အားလုံး ကားပေါ်သို့ တက်ရောက်ကြပါသည်။ ပထမဆုံး အသံချဲ့စက်ဖြင့် အော်နေပါသည်။ ညနေ ၅-နာရီခန့် မင်းပြားနယ်ပယ်သို့ ရောက်ခဲ့ပါပြီ။ မင်းပြားအဝင်ဝတွင် ရဟန်းသံဃာ ၃၀၀-ကျော်ခန့်နှင့် လူပုဂ္ဂိုလ်ပေါင်း ၅,၀၀၀-တို့ စုဝေးနေကြသည်ကို တွေ့ရပါသည်။ ရှေ့ဆုံးမှ ကြေးစည်တီးသူ, နောက်မှ ရခိုင်အိုးစည်တီးသူများနှင့် တပြုန်းပြုန်း ဆူညံနေပါသည်။ စာရေးသူတို့အား ရောက်လျှင်ရောက်ချင်းပင် လူအုပ်ကြီးမှာ အုတ်အုတ်ရက်ရက် ဖြစ်သွားကြပါသည်။ ဒကာမများ လမ်း၏ဘယ်,ညာ ၂-ဖက်မှ မြေကြီးပေါ် ထိုင်လျက် ပုဝါများ ဖြန့်၍ ထိုင်နေကြပါသည်။

ပုဂ္ဂိုလ် ၁-ဦးက “ဆရာတော်ကို မဆင်းစေနှင့် ကားပေါ်က ဆရာတော် ပင်ပန်းနေပါမည်”ဟူသော အသံကျယ်ကို ကြားလိုက်ရသည်။ ထိုသူမှာ တခြားသူ မဟုတ်ပါ၊ အသက် ၆၀-ကျော်ကျော် ရှိမည်ထင်ရသော

အဘိုးကြီး ၁-ဦး ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် ရှေ့သို့ တိုးလာပြီး ဦးတင် ကန်တော့ပါသည်။ စာရေးသူ၏ ဘထွေး ဖြစ်ပါသည်။

"ဆရာတော်ဘုရား! တပည့်တော်ကို မှတ်မိပါယင့်လား?

"မှတ်မိရေ! အဘချေ မောင်စာ မဟုတ်လား?"

"ဟေးဟေး ကိုယ်တော်တော့ မှတ်မိရေ၊ နီကောင်းပါယင့်လား?

"နီကောင်းရေ အဘေချေ၊ အားလုံးအိမ်က လူတီက နီကောင်း ကပ်တေ မဟုတ်လား?"

"နီကောင်းပါရေ၊ ကိုယ်တော် ကားမှာ ထိုင်ပါ။ တပည့်တော်ရို့ ကုန်းကြောင်း လျှောက်ပါမယ်။"

"အဘချေရို့က အောက်က ငါက ကားထက်က မဖြစ်နိုင်စွာ၊ ငါလဲ ခြေကျင်လားမယ်"ဟု ဆိုပြီး စာရေးသူ ကားပေါ်မှ ဆင်းခဲ့ ပါသည်။

မင်းပြားအဝင်မှ သံဃနာယက ဆရာတော်ကြီး ကျောင်းရှိရာ တောင်ကျောင်းသို့ ၂-နာရီကျော် ၃-နာရီနီးပါး လျှောက်လာခဲ့ရပါသည်။

မင်းပြားမြို့အဝင်ဝတွင် လူပေါင်း ၅-ထောင်ကျော်မျှ ကြိုဆိုခဲ့ ကြပါသည်။ ကျောင်းရောက်လျှင်ရောက်ချင်း ဆရာတော် ဦးဉာဏိဿရ အား ထိုလူအုပ်ကြီးနှင့် **ပြည်နယ်သံဃနာယကအတွင်းရေးမှူး ဆရာတော် ဦးဇနိန္ဒ**က မိတ်ဆက်စကားများ ပြောကြားစေပါသည်။ လူအုပ်ကြီးကို ၅- ပါး သီလပေးကာ ၁-နာရီခန့် ဩဝါဒစကားများ ပြောကြားခဲ့ရာ ည ၉-နာရီ ကျော်ကျော်ခန့်တွင် ပြီးစီးသွားခဲ့သည်။ ထိုမှ ရတနာဗိမာန်ကျောင်းရှိရာသို့ ထွက်ခွါခဲ့ရပါသည်။ အကြောင်းကား စာရေးသူနှင့်အတူ ပါလာကြသော ဒကာတော် **ဦးအောင်သန်း**, ဒကာတော် **ဦးကျော်မင်း**နှင့် အဖွဲ့ဝင်များ **ရတနာ ဗိမာန်ကျောင်း**တွင် နေရာချထားခဲ့ကြရပါသည်။ ဒကာမကြီး **ဒေါ်တင်တင်** နှင့် **ဒေါ်ကျော့**မေတို့အဖွဲ့လည်း ပါပါသေးသည်။

ရတနာ့ဗိမာန်တွင် ရောက်ပြီး စစ်ဆေးကြည့်ရှုကာ ထိုမှ ပြန်လာခဲ့ပါသည်။ အချိန်မှာ ည ၁၀-နာရီ ထိုးနေပါပြီ။ ညမထွက်ရ အမိန့်ရှိသော်လည်း ထိုနေ့ညမှာကား လူအုပ်ကြီးမှာ တရုံးရုံးနှင့် အိန္ဒိယမှ ပါလာခဲ့သော ဓာတ်တော်ကို ဖူးမျှော်ရန် တန်းစီနေကြတုန်းပင် ဖြစ်ပါသည်။ စာရေးသူသည် ရတနာ့ဗိမာန်မှ လာပြီးနောက် ရေမိုးချိုးကာ အနားယူမည့်ဆဲဆဲ မင်းပြားမြို့နယ် သာသနာရေးအရာရှိက ပထမဆုံး လျှောက်ကြားရခြင်း ဖြစ်ပါသည်။

ဇီးပင်ကြီးရွာလို့ ခေါ်သည်။ ထိုတစ်ချိန်က ကမ္ဘာကျော်ခဲ့သည်။ ယခု ဒီရွာကလေးမှာ အရက်သမား, ဖဲသမား, လူပေ, လူတေ များသည်။ ပိုက်ဆံရှိသူများ တစ်ချိန်က ကိုယ့်နယ်,ကိုယ့်ရွာမှ ကျော်လွန်၍ မြို့ပေါ် ရောက်ခဲ့သည်။ မြို့နယ်သာမ ခရိုင်, ခရိုင်သာမက တိုင်း, တိုင်းသာမက ပြည်နယ်, နိုင်ငံကျော် ဖြစ်ခဲ့သည်။

ဟိုရှေးပဝေဏီအခါက ရပ်ရွာတွင် စည်းလုံးညီညာစွာ လုပ်တတ်ကြသည်။ မိန်းခလေးများအဖွဲ့၊ ယောကျာ်းကလေးများအဖွဲ့၊ ကျောင်းသားများအဖွဲ့၊ မုဆိုးဖို, မုဆိုးမများအဖွဲ့၊ လူပျို,အပျိုများအဖွဲ့မှ စ၍ အဖွားအို, အဖိုးအိုများအထိ အဖွဲ့ဖွဲ့၍ ဝါတွင်း ဝါလအတွင်းများတွင် ဆရာတော်ကြီးနှင့် ဥပုသ်သည်များကို တစ်ဖွဲ့က မုန့်တီဆွမ်း, တစ်ဖွဲ့က ယာဂုဆွမ်း-စသည်ဖြင့် ကျွေးမွေးတတ်ကြသည်။ ရွာတွင် လှေကြီး ၁-စင်း ရှိသည်။ **ရာမောင်ရှင်မအား** ပသပူဇော်ပြီး လှေပြိုင်ပွဲ ကျင်းပတတ်ကြသည်။ လူပျိုတီးဝိုင်းနှင့် အပျိုတို့ တီးဝိုင်း ရှိခဲ့ကြသည်။ ယခုတော့ ရွာမှ လုယက်သမား, တိုက်သမား, ဖဲသမား, အရက်သမား များကြသည်။ 'ရှက်စရာပါကလား?" ကိုယ့်ရွာအကြောင်း သိရတာ"

"ဒကာကြီး! ဘာပဲဖြစ်ဖြစ် မွေးသည့်မိခင် ကျေးဇူးရှင်နှင့် မွေးသည့် ရပ်မြေကိုတော့ သွားရမှာပါပဲလေ။ ငါ့ကိုတော့ သတ်ချင်လဲ သတ်ကြပါစေ၊ လုချင်လဲ လုကြပါစေ၊ ပါလာခဲ့တဲ့ လူတွေကို မခေါ်

ရင်လဲ ငါတစ်ယောက်ထဲကိုတော့ သွားခွင့်ပြုပါ ဒကာရယ်”ဟု စာရေးသူမှာ တောင်းတောင်းပန်ပန်နှင့် ပြောရသည်။ “မ-ဝ-တ ဒကာကြီးကိုလဲ ပြောပြပါ။ သွားခွင့်တော့ ပြုပါဦးလို့နော်”

ညနေ ၄-နာရီခန့် မင်းပြားမြို့၊ တောင်ကျောင်းမှ ဆင်းခဲ့ကြသည်။ လူအုပ်ကြီးသည် လမ်းတဖက်တချက် ဝိုင်းနေကြပါသည်။ ကျောင်းမှ မြစ်ဆိပ်သို့ ဆင်းခဲ့ကြသည်။ ပထမ ဘုတ်ကလေး ၃-စီး သွားနှင့်ပြီးပါပြီ။ စစ်တွေမှ လာခဲ့သော ဘုတ်ကြီးသည် စာရေးသူတို့အား ဆီးကြိုနေပါသည်။ အားလုံး ဘုတ်သို့ တက်လိုက်ကြပါသည်။ ရခိုင်ပြည်နယ် မြစ်ကြီး ၄-မြစ် အနက် လေးမြစ်ဖြစ်တဲ့ တဘက်ကမ်းပါးတွင် မင်းပြားမြို့ရှိ၍ တဖက် ကမ်းပါးတွင် ဇီးပင်ကြီး ရှိသည်။ သင်္ဘောစက် နှိုးလိုက်သည်။ သင်္ဘော စက်နှိုးသံနှင့်အတူ မိမိ၏စိတ်မှာလည်း တထိတ်ထိတ်နှင့် . . . “အရက် သမား များပြားသည်၊ ဖဲသမားများပြားသည်”ဟု ဆိုသော သာသနာရေး အရာရှိ၏ စကားသည် နားသို့ တဒေါင်ဒေါင်နှင့် ထုနေပါပြီ။ တကယ်လို့ များ “. . . အို မဖြစ်နိုင်ပါဘူး” စဉ်းစားရင်း,စဉ်းစားရင်း ဇီးပင်ကြီးရွာ ရောက်သွားခဲ့သည်။ “လှိုက်လှဲစွာ ကြိုဆိုပါ၏-တဲ့” ဆိုင်းဘုတ်ကြီးက ကြို နေသည်။ ဆိုင်းဘုတ်ကို မြင်လိုက်မှ အတွေးရပ်သွားသည်။

အသံချဲ့စက်ကြီးဖြင့် ကြိုနေပါသည်။ တစ်ရွာလုံး လမ်းတွင် မီးရှူး များဖြင့် အိမ်တိုင်း,အိမ်တိုင်း အိမ်ရှေ့တွင် ထွန်းထားကြပါသည်။ လူအုပ် ကြီးနှင့် တဖြည်းဖြည်း ဆက်လက်သွားခဲ့ရာ ဆိပ်မှ ၃-ဖာလုံခန့် အလွန်တွင် တံတားကလေး တွေ့ရသည်။ ကျောင်းသို့ ကူးသော တံတားဖြစ်သည်။ ထိုနေရာမှ မီးထွန်းထားသည်။ မီးစက်ဖြင့် ထွန်းထားခဲ့ကြသည်။ တဖြည်း ဖြည်း ကျောင်းသို့ ရောက်ခဲ့သည်။ ပထမ ငယ်ငယ်နေခဲ့စဉ်က အခြေအနေ နှင့် ယခုအခြေအနေမှာ မိုးနှင့် မြေကြီးကဲ့သို့ ကွာနေပါသည်။ ကျောင်းတွင် ရပ်နီး,ရပ်ဝေး အားလုံးမှ လူပေါင်း ၃-၄-ထောင်ခန့် စုဝေးနေကြပါသည်။

ရောက်ရောက်ချင်း မိတ်ဆက်စကားများ ပြောပြီး လာသမျှသော သူတို့၏ အမေးကို ဒိုင်ခံ၍ ဖြေနေရပါသည်။ ကိုယ့်မျိုးဆွေထဲမှ တစ်ယောက်ကိုမျှ မတွေ့ခဲ့ရ။ ပါလာသမျှသော ဧည့်သည်တော်များ စားသောက်ရန် စီစဉ်နေကြသည်-ဟု သိရသည်။ တစ်ညလုံး ဘာတွေမေး၍ ဘာတွေဖြေရသည်ကိုတော့ ကိုယ်လဲ မမှတ်မိတော့ပေ။ ကိုယ်တိုင် စာရေးသူမှာတော့ "**အမေကြီး ဒေါ်စောမဖြူ၊ အစ်ကိုလတ် စောထွန်း၊ အကိုလေး ငမဲချေ၊ ညီမ မစူစိန့်၊ ညီငယ် မောင်ထွန်းမြ၊ မောင်ဇီးဖြူတို့ ဘယ်မှာလဲ**"ဟုသာ စိတ်ထဲမှ ပြင်းပြနေသည်။ တူမငယ် မအေးငွေ-က အနားတွင် အမြဲတန်း ရှိရသည်။ "သွေးတိုး များနေသည်၊ ဆရာတော် အနားယူပါတော့-ဟု ခဏခဏ သတိပေးနေသည်။ ည ၃-နာရီရောက်မှ အနားယူခွင့် ရရှိပါသည်။

မနက် ၅-နာရီ ထ၍ ရေနွေးနှင့် ရေချိုးရသည်။ အရုဏ်ဆွမ်း စားရသည်။ ၇-နာရီကျော် မျက်မှောင်တော် ဓာတ်တော်ဖူးရန် သွားကြမည့် ရွှေကျိန်းတောင် စည်တော်အဖွဲ့လည်း ပါသည်။ ဘုတ်ကလေးနှင့် သွားကြရသည်။ ဘုတ်ကလေးဖြင့် သွင်းဘောင်းချောင်း ရွာကလေးကို ဖြတ်ပြီး ခွဆုံရွာသို့ ရောက်ခဲ့သည်။ အဆင့်ဆင့် မှတ်သားချက်အရ ၎င်းမှ ခြေလျင် မျက်မှောင်တော် ဓာတ်တော်သို့ ရောက်ခဲ့သည်။ "တစ်ခါတစ်ခါ မိုးရွာရေကြီးလာလျှင် မျက်မှောင်တော် ဓာတ်တော်နှင့် ကျိန်းတောင်ရှင် ဓာတ်တော်များ ကွန့်မြူးကြသည်။ ဓာတ်ကယ့် သမိုင်းဝင်ဘုရားများ ဖြစ်ကြပါသည်။ ရာမောင်ရှင်မက ဥပုသ်စောင့်သူများကို အဝတ်ပေးသည်-ဟု ကြားခဲ့ဘူးသည်။ ၁၀-နာရီ ဘုရားဖူးခဲ့ကြရသည်။ ဆွမ်းလဲ စားခဲ့ရပါသည်။ ညနေဘက် ပြန်ခဲ့ကြသည်။ ဇီးပင်ကြီးရွာတွင် လှေပြိုင်ပွဲ ကျင်းပနေကြပါသည်။ လှေပြိုင်ပွဲတဲ့။ တစ်ချိန်က လှေအစင်း ၄၀-၅၀။ ခုတော့ ၁၀-စင်းပင် မပြည့်။ ဟိုတစ်ချိန်က လှေ ၁-စင်းတွင် လူပေါင်း ၁၀၀-ကျော်စီး၍ ပြိုင်ကြသည်။ ယခုတော့ ၁၀-ဦးမျှပင် မပြည့်တော့ပါ။

ညနေ ၃-နာရီခန့်တွင် ကျောင်းသို့ ပြန်ရောက်ခဲ့သည်။ စာရေးသူမှာ တချက်မျှ (တစ်မိနစ်မျှ) အနားယူခွင့် မရခဲ့။ နပန်းလုံး ကျင်ကိုင်ပွဲ ကျင်းပခဲ့ကြသည်။ လှေပြိုင်ပွဲ ကျင်းပပြခဲ့ကြသည်။ ဆုပေးပြီးနောက် သံချပ်ထိုးကြသည်။ နောက်ဆုံးတွင် မ-ဝ-တ-အရာရှိက ဩဝါဒ ပေးသည်။ ဒေါက်တာ ဦးအောင်သန်းက ဆုံးမဩဝါဒ ပေးသည်။ ဆရာဦးကျော်မင်းကလဲ ဆုံးမဩဝါဒ ပေးသည်။ စာရေးသူ ပီတိဖြစ်ခဲ့ရသည်။ သို့သော် အရက်သမား, ဖဲသမားများကို ဘယ်လို ပြုလုပ်ရပါအံ့နည်း? နှလုံးသားမှ ဒုက္ခဝေဒနာ ခံစားခဲ့ရသည်။ ပုပ္ပရွှရ ပွဲသို့ လာရောက်ကြသူများမှာ အဝတ်အစားကောင်းပင် မရှိကြ။ အဝတ်သစ် မရှိကြ။ အို---"ဇီးပင်ကြီး၊ ဇီးပင်ကြီး၊ ငါ-မွေးရာ ဇီးပင်ကြီးကား တကယ့်ကို ဆင်းရဲကြသည်။ အနေဆင်းရဲ-အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အားလုံး ဆင်းရဲကြသည်"။

နောက်တစ်နေ့ မနက် ၇-နာရီတွင် ပြန်ရမည်။ ၂-ညတာ အိပ်ရခွင့် ရခဲ့သော်လည်း နှစ်ပေါင်းများစွာက ခွဲခွါခဲ့ရသော ဇီးပင်ကြီး၊ ကြေးစည် တညံညံ၊ သံချပ်သံ တညံညံနှင့် ပြန်ခဲ့ရသည်။ စက်လှေပေါ်သို့ တက်ခဲ့ရသည်။ သို့သော် နှလုံးသားမှ ခံစားရသော ဝေဒနာကိုကား ဘယ်သူမျှလည်း မသိခဲ့ကြ။ စက်လှေပေါ် ရောက်ချင်း ထိုင်မိသည်။ တစ်ခါတည်း အရုပ်လုံးလို ထိုင်ချမိသည်။

"ဆရာတော် ဘုရား၊ လူတွေ လက်လှုပ်ပြနေကြပါသည်။

ဆရာတော် ခဏ ထွက်၍ လက်လှုပ်ပြလိုက်ပါဘုရား-"

**ရွှေမှီပရိဘောဂမှ ဒကာမကြီး ဒေါ်တင်တင်က** ပြောလိုက်သည်။

သတိရ၍ ထွက်လိုက်သည်။ ခလေး, လူကြီးများ စက်လှေဘုတ်ကြီးနှင့်အတူ ကမ်းပါးမှ ပြေးသွားနေကြသည်။ တဖြည်းဖြည်း စက်လှေ မြန်လာသည်။ ခလေးများလည်း ကမ်းပါးမှ ပြေးလိုက်ကြသည်။

"အို ဇီးပင်ကြီး- ဇီးပင်ကြီး၊ တစ်ချိန်က ဤရွာကလေးမှ ကမ္ဘာ့ သာသနာပြုနိုင်အောင် ကျောင်းကန်,ဇရပ် လှူဒါန်းခဲ့သူ ဒကာ, ဒကာမ များ မွေးဖွားနိုင်ခဲ့သည်။ သာသနာပြုရဟန်း မွေးဖွားပေးနိုင်ခဲ့သည်။ နိုင်ငံ အကျော် ဗေဒင်ဆရာ၊ ဆေးသမားတော်များ မွေးထုတ်ပေးနိုင်ခဲ့သည်'"

ယခုတော့. . . . . . . . . . . .

စာရေးသူ သက်ပြင်းချမိပါတော့သတည်း။.

**တန်ခိုးကြီးတော်မူသော ကျိန်းတောင်ရှင် အရှင်ဘုရား။**

**တန်ခိုးကြီးတော်မူသော မျက်မှောင်တော် အရှင်ဘုရား။**

**ဇီးပင်ကြီးမှ သူဌေးကျော်တို့ကို သတိတရား ရကြပါစေ။**

ဟရိဗလ၊ ကုသိနာရုံ


မြန်မာ့အလင်း

# ကုသိနာရုံ စေတီတော် ဂုဏ်ပြုပူဇော် သာသနာအတွက် ကျပ် ၁၉သိန်းလှူ

ရန်ကုန် မေ ၂၃

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အဘိဓဇမဟာရဋ္ဌဂုရုနှင့်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံဒေသ မြန်မာဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥာဏိဿရ အားတော် ထွန်းကား ပြန့်ပွားရေး အသင်းမှဂုဏ်ပြုပူဇော်ပွဲနှင့်သာသနာတော်အတွက်အလှူငွေပေးအပ်ပွဲကိုယနေ့ညနေ ၃နာရီမိနစ်၅၀တွင် ကမ္ဘာအေး ကုန်း မြေ ဓမ္မဒီပ ကျောင်းဆောင် အစည်း အဝေးခန်းမ၌ကျင်းပသည်။


ဂုဏ်ပြု ပူဇော် ပွဲတွင် အခမ်းအနားမှူးအဖြစ် အသင်း ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ကြည် က ဆောင်ရွက်ပြီး အခမ်း အနားသို့ ရှိသည့်သာသနာပြု လုပ်ငန်းများအတွက်အလှူငွေကျပ်၁၉၁၇၅၀၀ (ကျပ် တစ်ဆယ့် ကိုးသိန်း တစ်သောင်းခုနစ်ထောင်ငါးရာ)ကိုသာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်အေး၊သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင် နှင့် သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး စန်းလွင်တို့အားပေးအပ်ကြပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြား ရေး မှူး ချုပ်ဦးအုံမောင်နှင့် ဗိုလ်မှူးကြီးစန်းလွင်တို့ကဂုဏ်ပြုလွှာများပြန်လည်ပေးအပ်လိုက်သည်။



(ငံ့စးဒ့ယလ)

ငံ့စးန့ၤဒၢလိၥ့အးဂၢ ဃုာ်စၢၤမၤၡၢးငွ်ၤပြၢ်န့ဝကမ့ၢ် နံၣ်ငၢ်းပြၢ်န့ဝ ၊ၡၢငန့လငလ ငံ့ၤန့လၤငံၤ ဂ့ၢ် ဒီၢ ၂လိအ ယလ့ၢ်နီၢ်ကြ၂ ဒ၀ ၢ်ငၢ်ၡ့ဒီးထိဂီၤ ၆ နံၣ် ပှလဂီၤ၀လၢ်ၤလ ငဟ၈ မိၤ ငံ့ငိဂ့အးဂၢ ဒီၢ ၂လိအ

(ဒ့စးဒ့ယလ) ငံ့လ ဒ့ၤဒ့ယလ ၊ဒ့ပြၢ်ခံၣ်န့ၤဒလိ(ယ ၊၂ဘ့ၤထၢဒ့ၤနံၣ် ၊ဒ့ငလၢဒ့ယၤန့လ ငံ့ယ.ကၢဧ့ယၤ) ၀၀၆၄ ဒ၆ ဂ့ၢ် ဒီ၄ ဂီၢ် အ



[illegible] ကုသိနာရုံ [illegible]
အလှူငွေ [illegible]
ငွေကျပ် [illegible] ငါးသောင်း)ကို ပေးအပ်လှူဒါန်း [illegible] (သတင်းဓာတ်ပုံ)

# ကုသိနာရုံ အလှူတော်စီမံကိန်း ဒုတိယအကြိမ် အလှူငွေပေးအပ်

ရန်ကုန် ဇန် ၂၀

အိန္ဒိယနိုင်ငံကုသိနာရုံကုသိနာရုံ အလှူတော်စီမံကိန်းအတွက်ဒုတိယ အကြိမ်အလှူငွေပေးအပ်ပွဲကိုယနေ့ မွန်းလွဲ၁နာရီတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၌ ကျင်းပရာ သာသနာရေးဝန်ကြီး ဌာနဒုတိယဝန်ကြီး ဦးကျော်အေး တက်ရောက်၍အလှူငွေများလက်ခံ သည်။

အခမ်းအနားသို့ သာသနာ တော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊အလှူ ရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်း အနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့် လှစ်ပြီးအလှူရှင်များက အလှူငွေ များကိုပေးအပ်လှူဒါန်းရာ ဦးစိန် လှိုင်-ဒေါ်မြညွန့် အမှတ်၂၃၊ ၁၅ လမ်း မော်လမြိုင်ကျွန်းမြို့က ငွေ ကျပ်၁၀၀၀၀၀ (ကျပ်တစ်သိန်း)၊ ဦးလှသိန်း-ဒေါ်ကျင်ထွေး အမှတ် ၂၂ကမ်းနားလမ်း(၅)ရပ်ကွက် ဘိုကလေးမြို့က ငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)၊မဝင်းမြင့် အမှတ် ၁၆၊အောင်ဆန်း ၉လမ်း၊ ၄ရပ် ကွက်၊ မော်လမြိုင်ကျွန်းမြို့က ငွေ ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း)၊ မခင်နီ အမှတ် ၆၃၊ မဟာဗန္ဓုလ လမ်း၊ ၄ရပ်ကွက်၊ မော်လမြိုင် ကျွန်းမြို့က ငွေ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)၊ ဦးဟင်လှိုင်- ဒေါ်စောရီ၊ သမီးမမြင့်မြင့်ကြည်၊ မတင်တင်ပို၊ အမှတ် ၈၁၊ ကိုင်း တန်းလမ်း၊ လမ်းမတော် မြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၁၅၀၀၀၀ (ကျပ်တစ်သိန်း ငါးသောင်း)၊ ဦးလွန်းဖေ ကပ်မော်ရွာ ကျွန်းစု မြို့နယ် တနင်္သာရီတိုင်းကငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း)၊ဒေါ် တင်ကြည်၂၆၇နောက်လယ်ဖလမ်း မြိတ်မြို့ကငွေကျပ်၅၀၀၀၀ (ကျပ် ငါးသောင်း)၊ ဒေါ်အုန်း ပန်း အမှတ် ၈၃၊ ၉၄လမ်း၊ကန်ဘော် ကလေး မင်္ဂလာတောင်ညွန့်မြို့ နယ်ကငွေကျပ်၅၀၀၀၀ (ကျပ်ငါး သောင်း)၊ ဒေါ်မြမြသန်း အမှတ် (၁၄) ဈေးကြီးလမ်း ကြည့်မြင် တိုင် မြို့နယ်ကငွေ ကျပ်၅၀၀၀၀ (ကျပ်ငါးသောင်း)၊ ဒေါ်ခင်ညွန့် အမှတ်(၅)၊ ပိန္နဲကုန်းလမ်း၊ ကန် ဘော် ကလေး၊ မင်္ဂလာ တောင် ညွန့်မြို့နယ်က ငွေကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)၊မမိုးမိုး အမှတ် (၅)၊ ပိန္နဲကုန်းလမ်း၊ ကန်တော် ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ် က ငွေကျပ်၅၀၀၀၀ (ကျပ်ငါး သောင်း)၊ ဒေါ်ခင်တင့် အမှတ် (၂၁)၊၁၅လမ်း၊မော်လမြိုင်ကျွန်း မြို့နယ်က ငွေကျပ် ၅၀၀၀၀(ကျပ် ငါးသောင်း)၊ ဒေါ်နုနုလွင်အမှတ် ၃၇ ဒုတိယထပ် စဉ့်အိုးတန်းလမ်း ဒဂုံမြို့က ငွေကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)နှင့် ကနေဒါ နိုင်ငံမှ ဗုဒ္ဓသာသနက ငွေကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)တို့ကို ပေးအပ် လှူဒါန်းကြရာ ဒုတိယ ဝန်ကြီးနှင့်တာဝန်ရှိသူများကလက် ခံရယူကြသည်။

ထို့နောက်လှူဒါန်းမှုအစုစု အ တွက် ရေစက်ချအမျှပေးဝေပြီး ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ် ဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဂုဏ်ပြုမှတ်တမ်းလွှာ

မြတ်ပန်းဝေ ဘာသာရေး မဂ္ဂဇင်းတွင် 'အိန္ဒိသာသနာပြု အတွေ့အကြုံများ အခန်းဆက် ဆောင်းပါးရှည်ကြီးကို (၂၂)လတိုင် ရေးသားခဲ့သည့် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းမှ **ဆရာတော် ဘဒ္ဒန္တဉာဏိဿရ (ဟရိဗလ-ကုသိနာရုံ)** အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်လှူဒါန်းအပ်သော '**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**'ကို အလှူခံရရှိတော်မူသည့်အတွက် ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ဂုဏ်ယူပူဇော်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့ဝင်များ**

**မြတ်ပန်းဝေဘာသာရေးမဂ္ဂဇင်း**

# မဇ္ဈိမဒေသ

# သာသနာပြုအတွေ့အကြုံများ

## ဟရိဗလ၊ ကုသိနာရုံ

ဒုတိယတွဲ ဆက်လက်ထွက်လာမည်။

×××××××××××××

## ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

ချစ်လှစွာသော စာဖတ်ပရိသတ်သို့

စာရေးသူကျွန်ုပ် ဟရိဗလ၏ စာမူများကို စာရေးဆရာ **ဦးမောင်မောင်လေး**နှင့် စာရေးသူ၏ ရဟန်းမယ်တော် **ရွှေရတု ဒေါ်သန်းတင်**တို့၏ ကြိုးပမ်းမှုကြောင့် မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ စာဖတ်သူတို့ ၃, ၄-လ အတွင်း မြန်မာပြည်နှင့် ကမ္ဘာအရပ်ရပ်မှ ရောက်လာကြသော မြန်မာစာဖတ်ပရိသတ်လ ်ထဲသို့ ရောက်သွားခဲ့သည့်အတွက် စာရေးသူအနေနှင့် အထူးကျေးဇူးတင်အပ်သည်။ တစ်ချို့က နောက် ဆက်ထွက်လာမည့်စာအုပ်ကို မျှော်နေကြကြောင်းကို သိရသည့်အတွက် ဝမ်းမြောက်မိသည်။ 'ဒုတိယစာအုပ် ဘယ်တော့ထွက်လာမလဲ'ဟုလည်း မေးမြန်းစာများ ခဏခဏ ရောက်လာခဲ့သည်။ စာရေးသူသည် စာမူများ အမြဲမပြတ် ဆက်လက်ရေးနေဆဲ ဖြစ်သည်။ မြန်မာပြည်သို့ မပို့နိုင်ခဲ့ပါ။ စာမူများမှာ ၁၀-မျက်နှာထက်မနည်း ဖြစ်နေခဲ့ရာ စာမူများရှည်သည်ဟု ပြန်လာတတ်သည့်အတွက် တစ်ခါတည်း စာအုပ်အဖြစ် ထုတ်ဝေရန် ရည်မှန်းခဲ့သည်။

တစ်ဖက်မှာလည်း ချမ်းသာကြီးစေတီ တည်ဆောက်ရေးကိစ္စများတွင် အနှောက်အယှက်များ ပေါ်ပေါက်လာခဲ့ရာ ထိုကိစ္စပြေလည်ရန် ကြိုးစားနေရသည်။ ဒေလီသို့သွား၍ ဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးရန် ရောက်လာခဲ့ရာမှ တပည့် ဆန်းတ်ဆွာရုပ်ဆန့်တ်နှင့် တွေ့ခဲ့ရာမှ နောက်ထပ် ထုတ်ဝေရန် အကြံဖြစ်ပေါ်လာခဲ့၍ ဒုတိယအကြိမ် စာအုပ်ထုတ်ဝေရန် ဖြစ်ပေါ်လာခဲ့ရသည်။ ဆန်းတ်ဆွာရုပ်ဆန့်တ်သည် ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်၍ စာအုပ်ဖြစ်မြောက်လာရန် ကူညီခဲ့၍ စာအုပ်စာရေးသူမှတဆင့် စာဖတ်သူများသို့ ဒုတိယအကြိမ် အပ်နှင်းရသည်ကို ဝမ်းမြောက်စွာ ဝန်ခံအပ်သည်။ ကျေးဇူးပြုပေးသော သီရိဆန်းတ်ဆွာရုပ်ဆန့်တ်ကိုလည်း အထူးကျေးဇူးတင်အပ်သည်။ ဒုတိယစာအုပ်ကိုလည်း ချမ်းသာကြီးဘုရားကြီး ထီးတင်ပွဲအမှီ ထွက်လာလိမ့်မည်ဟု ယုံကြည်သည်။ ဒုတိယစာအုပ်တွင် (၁၄-၁၀-၁၉၇၂)ခုနှစ် နာဂရ်ပူတွင် လူပေါင်း ၂၅-သိန်းရှေ့မှောက်တွင် ပြောခဲ့သော စာရေးသူ၏ မိန့်ခွန်း၊ (၉-၂-၁၉၈၂) ခုနှစ်တွင် အရုဏာကျုလ်ပြည်နယ်တွင် ဟောပြောခဲ့သော မိန့်ခွန်း၊ (၁၁-၂-၁၉၈၂)ခုနှစ်

တိန်ဆုကိယာ အာသံတွင် ဟောပြောခဲ့သော မိန့်ခွန်း၊ ၁၉၈၂-ခု၊ မတ်လတွင် ပြည်နယ်ရဟန်းတော်များ ဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဟောပြောခဲ့သော မိန့်ခွန်း (ကန်နပူရ်)၊ ၁၉၈၆-ခုနှစ် မိဂဒါဝုန်တွင် ဟောခဲ့သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်ဥက္ကဋ္ဌ ရွေးကောက်ခဲ့စဉ်က ဟောခဲ့သော မိန့်ခွန်း၊ (၁၄-၂-၁၉၉၃) ခုနှစ်၊ လူပေါင်း ၁-သိန်းကျော်ကို ဗုဒ္ဓဘာသာ သွတ်သွင်းခဲ့စဉ်က ပြောခဲ့သော မိန့်ခွန်း၊ (၆-၁၂-၁၉၉၃)ခုနှစ်က ပတ္တနားတွင် လူပေါင်း ၃-သိန်းကျော်ကို ဂန္ဒီမိုက်ဒန်းတွင် ဟောခဲ့သော မိန့်ခွန်း၊ (၂၉-၉-၁၉၈၉) အာဂရာတွင် လူပေါင်း ၅-သိန်းကျော်ကို ဗုဒ္ဓဘာသာလုပ်ပေးခဲ့စဉ် လက္ခနောင်းတိရိစ္ဆာန်ရုံ ရှေးဟောင်း သုတေသနပြတိုက်ဟောတွင် ဟောခဲ့သော မိန့်ခွန်း၊ (၂၆-၃-၉၉) ရက်နေ့ ပတ္တနား အစိုးရ ဂဝန္နာမှ ဆက်ကပ်သော ဝိဆွဗုဒ္ဓရတနာ (ကမ္ဘာ့ဗုဒ္ဓသားကောင်း)ဘွဲ့နှင့် ရွှေတံဆိပ်ကို ဆက်ကပ်ခံခဲ့စဉ်က အပ်နှင်းပွဲကြီးတွင် ဟောခဲ့သော မိန့်ခွန်းအပြင် ယခု လောလောဆယ် (၆-၂-၂၀၀၀)နေ့၊ ကမ္ဘာ့ဘာသာပေါင်းစုံ တွေ့ဆုံပွဲ မောင့်တ်အာဘူးတွင် ပထမနေ့ ဟောခဲ့သော မိန့်ခွန်းနှင့် (၇-၂-၂၀၀၀) ရက်နေ့ ဟောခဲ့သော မိန့်ခွန်းများကိုလည်း ထည့်သွင်းထားခဲ့ရာ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ သာသနာပြုရာတွင် ဘယ်လိုအခက်အခဲများနှင့် ရင်ဆိုင်ကြရသည်ကို သိနိုင် လိမ့်မည်။

ဟရိဗလ ကုသိနာရုံအနေနှင့် မြန်မာပြည်သူပြည်သားများ နိုင်ငံခြား ကဲ့သို့ ဘာသာပေါင်းစုံ သင်နိုင်ကြရန်နှင့် ကမ္ဘာ့အလယ်တွင် ရှင်တော်မြတ်ဘုရား ၏ နှုတ်ခပတ်တော် ပိဋကတ် ၃-ပုံကို မြန်မာနိုင်ငံတွင် ဟောပြောသလို ဟောပြော နိုင်ရန် ရဟန်းတော်မှန်သမျှ ဘာသာစုံတတ်မြောက်ရန် အာသီသဖြင့် မေတ္တာ ရပ်ခံရင်း နိဂုံးချုပ်လိုက်ရပါသည်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။

**इस पवित्र कार्य में सहयोग के लिए उपासक कुमारसेन बौद्ध और उनका धर्मपत्नि उपासिका सकुन्तला बौद्ध को भी धन्यवाद देते हैं।**

ဟရိဗလ၊ ကုသိနာရုံ

ခေတ္တ Mt

Rajsthan-India

၉-၉-၂၀၀၀

# စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ ၃၃၃
# ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁
၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၂
၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၃
၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(အပိုင်း- ၁) အတွဲ- ၄
၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၅
၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၆
၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၇
၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၈
၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၉
၁၀။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၀
၁၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၁
၁၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၂
၁၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၃
၁၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၄ (ပ-ပိုင်း)
၁၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၅
၁၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၆
၁၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(ရိုက်ပြီး၊ချုပ်ဆဲ) အတွဲ- ၁၇
၁၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၈
၁၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၉
၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၂၁။ မူလဓမ္မဝိသောဓနီကျမ်း
၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊ဒု-ကြိမ်)
၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊တ-ကြိမ်) ၂၄။ ပုစ္ဆာနယပကာသနီကျမ်း
၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-ဌာနဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)
သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

## ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဍိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠိ
၉။ သိရီမဟာမာယာဒေဝီဝတ္ထုနိဿျ
၁၀။ ဓာတုတ္တသင်္ဂဟပါဠိ+နိဿျ
၁၁။ ဆိဒ္ဒပိဓာနနီကျမ်း
၁၂။ လင်္ကာဒိမဂ္ဂဒီပနီ
၁၃။ ဝိစိတြဝဏ္ဏနာ စသည် (ပ-ကြိမ်၊ ဒု-ကြိမ်)
၁၄။ မနောဒွိဥဝဏ္ဏနာ
၁၅။ သတိသမ္ဗုဇ္ဈနိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၆။ မဟာဗောဓျောဒိမဂ္ဂဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ-ကြိမ်) (အရှင်စန္ဒောဘာသိ)
၂၀။ ဝိမိဿမဓုရရစနာ (ဒု-ကြိမ်)
၂၁။ မင်္ဂလာ့အမြုတေ
၂၂။ လူနှင့်တူသောလူ
၂၃။ တထာဂတဥဒါနဒီပနီ(ပ-တွဲ)

အမှတ် ၂၇.၂.၉၄
ရက်စွဲ........

## ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၂၄။ တထာဂတဥဒါနဒီပနီ(ဒု-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ)
၂၆။ ဗုဒ္ဓနိုင်ငံတော်(ဒု-တွဲ)
၂၇။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၈။ ဝိမတိစ္ဆေဒနီ (ကျိုးသဲ)
၂၉။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဍိကျမ်း
၃၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။ မဟာဗောဓိပက္ခိယကထာကျမ်း
၃၃။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၃၄။ ဘူမိစာလနိဒါန်းကျမ်း (ဒု-ကြိမ်)
၃၅။ ဘူမိစာလနိဒါန်းကျမ်း (တ-ကြိမ်)
၃၆။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၇။ တွံတေးပရိတ်ကြီးပါဠိနိဿယ
၃၈။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၀။ **မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ** (ဟာရိဗလ၊ ကုသိနာရုံ)
၄၁။ **စေတီယပင္ဂိုသင်္ဂဟဝိနိစ္ဆယကျမ်း** (ထိမ်တော)

*ဆက်လက်ထွက်မည် -*

- The Way to Nobility *(English, မြန်မာ)* ဘဒ္ဒန္တစန္ဒဇောတိ(မလှိုင်)


TIN HLAWIN THIN